# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၇

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၇

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၇ ခုနှစ်၊ အုပ်ရေ ၆၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ – ယာယီ) ဖြင့် ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ – ယာယီ) ဖြင့် ထုတ်ဝေသည်။

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မာတိကာ

## ဤကျမ်းကိုမရှုစားမီ


**အပိုင်း ၁**

၁၉၉၆ ခုနှစ် ဖြစ်ရပ်များ ........................................ ၁

**အပိုင်း ၂**

လူမှုရေး၊ ကျန်းမာရေး၊ တည်ဆောက်ပြုပြင်ရေး၊ယဉ်ကျေးမှုနှင့်အခြားနှစ်ချုပ်ဆောင်းပါးများ

- အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ).............................. ၃၄
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုသည့်လမ်းတံတားများ....... ၄၄
- ယဉ်ကျေးမှုတက္ကသိုလ်.................................................. ၅၄
- ခေတ်အဆက်ဆက်တိုးတက်လာသည့် ဆည်မြောင်းလုပ်ငန်းများ.................. ၆၂
- မြန်မာ့ရိုးရာယဉ်ကျေးမှုပန်း ၁၀ မျိုးပြပွဲပြိုင်ပွဲ................................ ၇၈
- မြန်မာနိုင်ငံဘိုးဘွားရိပ်သာများ............................................ ၈၆
- မြန်မာနိုင်ငံနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး.................................. ၉၆
- အာဟာရနှင့်ကျန်းမာရေး.................................................. ၁၀၈
- နှစ် (၅၀) ပြည့် ရွှေရတု စာပေဗိမာန်........................................ ၁၂၄

**အပိုင်း ၃**

၁၉၉၆ ခုနှစ် အကြောင်းရပ်များ .......................................... ၁၃၅

အက္ခရာစဉ်အညွှန်း .................................................. ၃၃၃

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၆ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၈ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၆ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် လူမှုရေး ၊ ကျန်းမာရေး၊ တည်ဆောက်ပြုပြင်ရေး၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၉ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၆ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။


အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၆) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။


စာပေဗိမာန်


# အပိုင်း – ၁

## ၁၉၉၆ – ခုနှစ် ဖြစ်ရပ်များ


၁၉၉၆ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။











# မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၉၇)

## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ







# ၁၉၉၆ ခုနှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၃ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် မှော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၁) သင် တန်း ဆင်း ပွဲ အ ခမ်း အ နား သို့ တက်ရောက်၍ သင်တန်းဆင်း သြဝါဒ စကား မြွက်ကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ နှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ဗုဒ္ဓ မြတ်စွယ်တော်သည် မြန်မာ နိုင်ငံသို့ ဒေသစာရီကြွချီတော်မူခဲ့ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားများ ဖူးမြော်ကန်တော့ရန် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ၄၅ ရက်ကြာ ကိန်းဝပ်စံပယ်ခဲ့စဉ် မြန်မာနိုင်ငံမှ စွယ်တော်မြတ် နှစ်ဆူသည်လည်း ဗုဒ္ဓ မြတ်စွယ်တော်နှင့်အတူ ကိန်းဝပ်စံပယ် အပူဇော်ခံခဲ့သည်။ ယင်းစွယ်တော်မြတ် နှစ်ဆူအနက် တစ်ဆူကိုဌာပနာ၍ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်တွင် ဝရဒါဌာဓာတု စေတိယ စွယ်တော်မြတ် စေတီတော် တည်ဆောက်လျက်ရှိရာ ယင်းစွယ်တော်မြတ်စေတီတော်၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို စေတီတော်၏ ပရဝုဏ် အတွင်း၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ် မ တော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်နတ်သားကို အောင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူဟန် ရုပ်တုတော်ကို ဌာပနာတော် ထည့်သွင်း ပူဇော်ပေးသည်။

၅ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်ရန်ကုန်မြို့ ရွှေတိဂုံဘုရား လမ်းရှိ မြန်မာ့ကုန်တိုက်သို့ သွားရောက်၍ ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး ကျင်းပသည့် မြန်မာ့ကုန်စည်ပြပွဲ ၉၆ အကြို ခင်းကျင်းပြထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

၆ ကုန်သွယ်ရေး ဝန်ကြီး ဌာနက ကြီးမှူးကျင်းပသည့် မြန်မာ့ကုန်စည်ပြပွဲ၉၆ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက်၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် အားပေးသည်။

၇–၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ဗိုလ်ချုပ် မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်




**မြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်နတ်သားကို အောင်တော်မူ၍ ဘုရား အဖြစ်သို့ ရောက်တော်မူဟန် ရုပ်တုတော်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဌာပနာတော် ထည့်သွင်းပူဇော်စဉ်**

တို့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံခေါင်းဆောင် များနှင့် အစိုးရ တို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ် သွားရောက်ရန် အထူးလေယာဉ်ဖြင့် ဇန်နဝါရီ ၇ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာ သွားကြသည်။ ဇန်နဝါရီ ၈ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအားတရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတကြီး မစ္စတာကျန်ဇီမင်းက ပီကင်း မြို့ ပြည်သူ့ ခန်းမဆောင်တွင် တွေ့ဆုံ နှုတ်ဆက်ပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပသည်။ ယင်းနေ့နံနက် ၉ နာရီ ၄၅မိနစ်တွင် ပီကင်းမြို့ ပြည်သူ့ခန်းမ ဆောင်အရှေ့ဘက် ခန်းမ၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သမ္မတကြီး ကျန်ဇီ မင်း နှင့် တွေ့ဆုံဆွေးနွေး သည်။ ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် နိုင်ငံတော် ဧည့်ဂေဟာ ဖန်ဖေးယွမ် အဆောင်သို့ သွားရောက်၍ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီဖုန်းနှင့်ဇနီးတို့အား တွေ့ဆုံ နှုတ်ဆက်ပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံတွင် ရှိနေစဉ်အတွင်း ရှန်ဟိုင်းမြို့နှင့် ယူနန် ပြည်နယ်ကူမင်းမြို့များသို့လည်း သွားရောက်လေ့လာကြည့်ရှု ကြသည်။ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

အမျိုးသား ညီလာခံ စုံညီအစည်း
၈ - အဝေးကိုရန်ကုန်မြို့၊ အလုံလမ်း
၁၂ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပသည်။

ပြင်သစ်နိုင်ငံ၏ ဆိုရှယ်လစ်
၈ သမ္မတ ဟောင်း ဖရန်ဆွာ မီးထရောင်း (၇၉ နှစ်) ကွယ်လွန်သည်။ မစ္စတာမီးထရောင်းသည် ဆီးကျိတ်ကင်ဆာရောဂါကို နှစ်နှင့်ချီ၍ ခံစားခဲ့ရပြီးနောက် အီဖဲမျှော်စင်အနီး ၎င်း၏ ချက်ဒီးမား ရုံးခန်းတွင် ကွယ်လွန်သွားခြင်း ဖြစ်သည်။

အမေရိကန်သမ္မတကလင်တန်အား
၉ ကာမဆိုင်ရာနှောင့်ယှက်မှုဖြင့် ရုံးတွင် စစ်ဆေးရန် ပြည်ထောင်စုအယူခံ တရားရုံးက ဆုံးဖြတ်လိုက်သည်။ အမှုမှာ မစ္စကာကလင်တန် ပြည်နယ်အုပ်ချုပ်ရေးမှူး ဘဝ၊ ၁၉၉၁ ခုနှစ်က သူမအား ကာမ ဆိုင်ရာ နှောင့်ယှက်မှု ပြုခဲ့သည်ဟု



ကွယ်လွန်သူ ပြင်သစ်နိုင်ငံ သမ္မတဟောင်း ဖရန်ဆွာမီးထရောင်း၏ ဈာပန အခမ်းအနား

အာကင်ဆပ်ပြည်နယ် အလုပ်သမဟောင်း တစ်ဦး ဖြစ်သူ ပေါ်လာဂျုန်းက စွဲချက်တင်သည့် အမှုဖြစ်သည်။

၁၁ ဂျပန် ပါလီမန်အမတ်များက ဂျပန်ဝန်ကြီးချုပ်အဖြစ် ရူတာရိုဟာရှီမိုတိုအား ရွေးချယ်တင်မြှောက်လိုက်သည်။ အသက် ၅၈ နှစ်ရှိ မစ္စတာ ဟာရှီမိုတိုသည် ခုနစ်နှစ်အတွင်း အဌမမြောက် ဂျပန် ဝန်ကြီးချုပ်ဖြစ်သည်။

၂၀. ၂၁ ၁၉၉၅–၉၆ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက် သီး ရိုက် ပြိုင် ပွဲ ကျင်း ပ သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဂေါက်သီးရိုက်ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ကစားသည်။

၂၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မြန်မာ့ခရီးသွားနှစ်အမီ တည်ဆောက်ခဲ့သော လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

၂၆ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ၁/၉၆ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေကြသော စင်ကာပူသမ္မတနိုင်ငံမှ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာ ဘိုတန်နှင့် အမျိုးသားဖွံ့ဖြိုးတိုး တက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လင်ဟန်ကင်းတို့အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက တာဝန်ယူ တည် ဆောက်လျက်ရှိသည့် ပန်းဆိုးတန်း ခုံးကျော် တံတားတည် ဆောက် ရေး လုပ် ငန်း များ ကို သွားရောက်ကြည့်ရှု စစ်ဆေး ပြီး လိုအပ်သည်များ မှာကြားသည်။

၂၇ ၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယား နိုင်ငံ ပထမ ဝန်ကြီးချုပ် မင်းသားကြီး ဆမ်ဒက်ချ်၊ ခရွှန်ပရီနီရိုဒွန်ရာနာရစ်ဒ်နှင့် ကြင်ယာတော် မင်းသမီး နိုရိုဒွန်မာရီ၊ ရာနာရစ်ဒ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ် စား လှယ် အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ် ကြည် ရေး ခ ရီး လာ ရောက်လည်ပတ်သည်။

၂၉ ၃၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့နှင့် ပြည်နယ်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့များ၏ ၁၉၉၅ ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေး ခန်းမ၌ ကျင်းသည်။

၂၉ လပေါင်းများစွာ သံတမန်ရေး မကျေမလည်ဖြစ်ပြီးနောက်ဖိအားပေးမှု အရပြင်သစ်သမ္မတ ဂျက်ရှီရက် သည် ပြင်သစ်၏ မြေအောက် နျူကလီးယား စမ်းသပ်မှုများကို အချိန်စော အဆုံးသတ်မည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

၃၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လက်ချ်မန်ကဒါဂါမားနှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံ သည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိ နေသော ဂျပန်နိုင်ငံမာရုဘီနီကော်ပိုရေးရှင်း ဥက္ကဋ္ဌမစ္စတာ ကာရူအိုဟာရူနာနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ပေါက်ကွဲစေတတ်သော ပစ္စည်းများ အပြည့်အသိပ် တင်ဆောင်ထားသည့် ထရပ်ကားတစ်စီးသည် သီရိလင်္ကာ ဗဟိုဘဏ် အဆောက်အအုံကို ဦးတည် တိုက်ခိုက်ဖောက်ခွဲခဲ့ရာ အထပ်များစွာရှိသည့် ရုံး အဆောက်အအုံများ မီးသင့်လောင်ကျွမ်းခဲ့သည်။ ယင်းဗုံးခွဲ တိုက်ခိုက်မှုတွင် လူ ၅၃ ဦးထက်မနည်း သေဆုံးပြီး ၁၄၀၀ ခန့်ဒဏ်ရာရသည်။ တမီးလ်ပြောက်ကျားတို့၏လက်ချက်ဖြစ်သည်ဟု အေပီက ဖော်ပြသည်။

## ဖေဖော်ဝါရီလ

၁ ရွှေကျင် ဂိုဏ်း လုံး ဆိုင် ရာ စုဒ္ဒသမ အကြိမ် သံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ သာသနာ့လင်္ကာရ မဟာဝမ္မဗိမာန်တော်ကြီး၌ စတင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး

ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဆရာတော်ကြီးများအား ပူဇော်ကြည်ညိုသည်။

၂-၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲ များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အထက်မြန်မာနိုင်ငံ ပုဂံ-ညောင်ဦး၊ ပေါက်၊ ပုလဲ၊ ပခုက္ကူ၊ ကလေး၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မန္တလေး မြို့နယ်များသို့ သွားရောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၅ အစုရေးဝန်ကြီးချုပ် ရှိမွန်ပီရက်စ်သည် ပါလက်စတိုင်း သမ္မတ ယာဆာအာရာဖတ်နှင့် တွေ့ဆုံပြီး နောက် အရှေ့ဂျေရုဆလင်ကို ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) က တောင်းဆိုခြင်းကို ပယ်ချလိုက်သည်။

၆ အလုပ်လက်မဲ့ဦးရေကြီးမား လာမည်ကို စိုးရိမ်သည့်အတွက် တရုတ်ပြည်၏ နိုင်ငံပိုင်လုပ်ငန်းများအား ပြုပြင်ပြောင်းလဲရာတွင် ဘက်ဒေဝါလီခံ ရမှုများ၊ အလုပ်မှ ယာယီထုတ်ပယ်မှုများ ရှိနေသော အရင်းရှင်ပုံစံမျိုးအတိုင်း လိုက်မလုပ်နိုင်ကြောင်း တရုတ်ဝန်ကြီးချုပ် လီပုန်းက ပြောကြားလိုက်သည်။

၇ ခုနှစ်နှစ်အတွင်း ခုနစ်ဆက် မြောက် ပိုလန်နိုင်ငံ အစိုးရအဖွဲ့ ဖြစ်သော ဝန်ကြီးချုပ် ဂလိုစီမီယာ စီမောစီဝစ် ဦးဆောင်သည့် ဝန်ကြီး ၂၀ ပါ ပိုလန်နိုင်ငံ အစိုးရအဖွဲ့သည် သမ္မတ အလက်ဇန္ဒား ကွာချူဝက်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရပြန်ကြားရေးဝန်ကြီးဌာနက ပြုလုပ်သော ၁၉၉၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို သုဝဏ္ဏအားကစားပြိုင်ပွဲ ရုံ (၁) တွင် ကျင်းပသည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော် တက်ရောက် အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ရွှေစင်ရုပ်ဆုများ ချီးမြှင့်သည်။ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို တပြည်သူ မရွှေထား ဇာတ်ကားတွင်ကျော်သူ က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို နော်ရင်မွှေး ဇာတ်ကား တွင် နိုးမြတ်သူဇာက လည်းကောင်း၊ တစ်ဖန် အကောင်းဆုံး အမျိုးသမီးဇာတ် ဆောင်ဆုကို မသုဝဏ္ဏစာရီ ဇာတ်ကားတွင် မို့မို့မြင့်အောင် က လည်းကောင်း၊ အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကို ဝေလည်းမွှေး ကြွေလည်းမွှေး ဇာတ်ကား တွင် ကျော်ဟိန်းက လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကို သရုပ္ပ ဇာတ်ကားတွင် နွဲ့နွဲ့စမ်းက လည်းကောင်း၊ အကောင်းဆုံး ဒါရိုက်တာဆုကို တပြည်သူ မရွှေထား ဇာတ်ကား ရိုက်ကူးသူ စင်ရော်မောင်မောင် က လည်းကောင်း၊ အကောင်းဆုံး တေးဂီတ ဆုကို တပြည်သူ မရွှေထားဇာတ်ကားဖြင့် စန္ဒရားလှထွတ်က လည်းကောင်း၊ အကောင်းဆုံး ဇာတ်ကား ဆုကို တပြည်သူမရွှေထား ဇာတ်ကား၊ အကောင်းဆုံးဓာတ်ပုံဆုကို မသုဝဏ္ဏစာရီ ဇာတ်ကားဖြင့် ကိုကိုဌေးနှင့် အကောင်းဆုံး အသံဆုကို သရုပ္ပဇာတ်ကားဖြင့် ဦးစင်ဦး တို့ကလည်းကောင်း အသီးသီးရရှိကြသည်။




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော်က ၁၉၉၄ ခုနှစ်၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုရ နိုးမြတ်သူဇာအား ဆုချီးမြှင့်စဉ်

၈-၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး

ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် ဝန်ကြီး များနှင့် တာဝန်ရှိသူများလိုက်ပါ လျက် ရှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်၊ ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းခတ်၊ လွယ်မွေမြို့များသို့ သွားရောက်၍ ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်သည်။

၉ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး ဗဟို အဖွဲ့က ကြီးမှူးပြုလုပ် သောဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဒုသမအကြိမ် ဖျက်ဆီးသည့် အခမ်းအနား ကို မရမ်းကုန်း မြို့နယ်၊ ကျိုက်ဝိုင်းဘုရား လမ်းရှိ ရဲရိပ်သာ တွင် ကျင်းပသည်။ နိုင်ငံ တော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ် ကြီးခင်ညွန့်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြား သံရုံးအသီးသီး မှ သံအမတ် ကြီးများနှင့် သံအရာရှိများ တက်ရောက် ကြသည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၁၉၉၆ ခုနှစ် (၄၉) နှစ်မြောက် ပြည်ထောင်စု နေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို သမ္မတ အိမ်တော်တွင် ကျင်းပသည်။

ပါလက်စတိုင်း သမ္မတရွေးကောက်ပွဲ တွင် အောင်မြင်မှုရရှိခဲ့ပြီးနောက် ရက် သတ္တ သုံးပတ်အကြာ ဤရက်နေ့၌ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာ အာရာဖတ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိ ထားသော ဂါဇာဒေသတွင် ပါလက်စတိုင်း သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၁၃ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တွင် ရောက်ရှိ နေသောဂျပန်နိုင်ငံမစ်ဆူဘီရှိ ကော်ပို ရေးရှင်း ဥက္ကဋ္ဌ မစ္စတာ မူနိုရှမာ ကိုဟာရာ နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် မွမ်းမံပြင်ဆင် ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဤလ ၁၅ ရက်တွင် ဖွင့်မည့် မြန်မာ့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် လီမိတက်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၁၅-၂၀ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ တပ်မတော် အရာရှိကြီး များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေး၊ ရွှေဘို၊မိုးကုတ်၊ စစ်ကိုင်း မြို့ များ သို့ သွားရောက် ကာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်း ပေးသည်။

၁၅ ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ အသံ၊ မြန်မာ့ ရုပ်မြင် သံကြားနှင့် အခမ်းအနားကို မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန စတူဒီယို(အေ)ခန်းမ၌ ကျင်းပ ရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည် ဆောက် ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုလက်ဆောင် များ ချီးမြှင့်သည်။

၁၆ အတိုက်အခံ ပါတီတို့၏ သပိတ် မှောက်မှုများနှင့် ဆန္ဒမဲ မသမာမှု များ အနှံ့အပြားရှိခဲ့သည်ဟူသော စွပ်စွဲ ချက်များ ရှိသည့် ကြားမှ အတည်ပြုခဲ့သည့် ဘင်္ဂလားဒေ့ရှ် ပါလီမန်ရွေးကောက်ပွဲ အပြီးသတ် အရှုံးအနိုင်စာရင်းကို ကြေညာ သည်။ ဝန်ကြီးချုပ် ခါလီဒါဇီယာ ၏ အာဏာရ ဘင်္ဂလားဒေ့ရှ် အမျိုးသား ပါတီ (ဘီအင်ပီ) က အမတ်နေရာ ၃၀၀ ရှိသည့် ပါလီမန်တွင် အမတ်နေရာ ၁၅၇ နေရာ၌ အနိုင်ရရှိ သည်။

၁၇ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး စိန်ရတုသဘင် အထိမ်းအမှတ် အဆောက်အအုံ ဖွင့်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ်၊ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး စိန်ရတုသဘင် အထိမ်းအမှတ် အဆောက်အအုံသစ် ရှေ့ တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။

၂၁ အိန္ဒိယနိုင်ငံရေး အဂတိလိုက်စား မှု အရှုပ်တော်ပုံကြောင့် သုံးရက် အတွင်း ဝန်ကြီးလေးဦး ရာထူးမှ နုတ်ထွက် သွားခဲ့သည်။ ဒေါ်လာ ၁၈ သန်း အဂတိ လိုက်စားမှုနှင့် ပတ်သက်၍ မြို့ပြရေးရာနှင့် အလုပ်အကိုင်ဝန်ကြီး အာရ်ကေ ဒါဝန်သည် ထပ်မံ နုတ်ထွက်သွားသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး ရေး တက္ကသိုလ် သင်တန်း အမှတ်စဉ် (၂၇) နောက်ဆုံးနှစ် သင်တန်း သား သင်တန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိမင်္ဂလာခန်းမတွင် တွေ့ဆုံ ဂါရဝပြုပြီး ဩဝါဒ ခံယူကြသည်။ ထို့နောက် ညနေ ခြောက်နာရီခွဲ၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သင်တန်းသား၊ သင်တန်းသူ များအား ပြည်သူ့လွှတ်တော် အဆောက် အအုံတွင် ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်း သည်။

၂၄ လွန်ခဲ့သည့်ခြောက်လက အီရတ် နိုင်ငံမှ ဂျော်ဒန်နိုင်ငံ သို့ ထွက်ပြေး ခိုလှုံခဲ့ပြီး ဘဂ္ဂဒက်သို့ ပြန်ရောက်လာသည့်

အိုရက်သမ္မတဆက်ဒမ်ဟူစိန်၏ သမက်နှစ်ဦးမှာ ဆွေမျိုးများ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရကြောင်း၊ ဆက်ဒမ်ဟူစိန်၏ သားဖြစ်သူ အူဒေးပိုင်သည့် ရုပ်မြင်သံကြားလွှင့်ဌာနက ထုတ်လွှင့်ကြေညာသည်။

၂၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဦးဝိစာရလမ်း တပ်မတော်ခန်းမအတွင်း ခင်းကျင်းစီစဉ်ပြသမည့် မြန်မာ့စွမ်းအင်နည်းပညာနှင့် လုပ်ငန်းပြပွဲ ၉၆ ( Myanmar Energy Expo'96 ) ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂/၉၆ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မတ်လ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော ၃၃ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆဋ္ဌမအကြိမ်မြောက်မြန်မာ့ကပ်မကော် ဆေးပညာရပ်ဆိုင်ရာ နံနေ့ ဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်ပြုပြင်ရေးဆေးရုံကြီးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၂ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ဝင်ဆရာတော်များ၊ နိုင်ငံတော် ဓမ္မာစရိယ ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ဘွဲ့ရဆရာတော်များအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုတို့က ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို တပ်မတော် ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ဆွမ်းနှင့် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဩစတြေးလျနိုင်ငံတွင်ပြုလုပ်သော အထွေထွေရွေးကောက်ပွဲတွင်ဂျွန်ဟောင်းဝပ် (၅၆ နှစ်) သည် ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခြင်းခံရသည်။ သူသည် လွန်ခဲ့သော ကိုးနှစ်ကရွေးကောက်ပွဲတွင်ရှုံးနိမ့်၍ နိုင်ငံရေးမှေးမှိန်နေခဲ့ရာမှ အသစ်တစ်ဖန် ဝန်းထလာခြင်း ဖြစ်သည်။

၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး အမှူးပြုသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ကျင်းပသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်၍ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်သည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အောက်မြန်မာပြည်စက်မှုလက်မှုပြပွဲသို့ တက်ရောက်ကာ ဗဟိုခန်းမဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြပွဲတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးသည် မြစ်ကြီးနားသို့ ထွက်ခွာပြီး ထားဝယ်-မြစ်ကြီးနား လမ်း၊ ကောင်းသော လမ်း တည်ဆောက်မည့် နေရာများကိုကြည့်ရှုစစ်ဆေးသည်။

၆-၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဘ၊ လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်အောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ် တင်အေး၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်တင်ငွေ၊ စစ်ရေးချုပ် ဗိုလ်ချုပ် ဝင်းမြင့်၊ စစ်ထောက်ချုပ် ဗိုလ်ချုပ် တင်လှနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ရခိုင်ပြည်နယ်သို့ ထွက်ခွာပြီး သံတွဲမြို့၊ ငှက်တောပြင် ရေလှောင်တမံ၊ ငွေ-ငါးသိုင်းချောင်း ကားလမ်း၊ ကမ်းသာယာ ရေလှောင်တမံစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု စသည်များကို စစ်ဆေးပြီး တောင်ကုတ်မြို့၌ ကျင်းပသည့် သန္တိသုခ ဝိဇယစေတီတော် ရွှေထီးတော်တင် မင်္ဂလာ အခမ်းအနားကို တက်ရောက်ကာ သံတွဲလေဆိပ်တိုးချဲ့ရေး လုပ်ငန်း၊ ငပလီကမ်းခြေ ဟိုတယ်သစ် တည်ဆောက်မှုများကိုကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် သံတွဲမြို့ အင်္ဂါဝါရိပ်သာ၌ သံတွဲခရိုင် အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံကာ သံတွဲခရိုင်အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံး၌ စိုက်ပျိုးရေးလုပ်ငန်းများ၊ လမ်းပန်း ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး အတွက် လမ်းညွှန် မှာကြားခဲ့ပြီး ရန်ကုန်မြို့ သို့ ပြန်လည် ထွက်ခွာခဲ့သည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်း



မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား ရွှေဖလား၊ ရွှေကလပ်၊ ရွှေသပိတ်တော်၊ ရွှေသပိတ်ခြေ၊ ရွှေလင်ပန်းနှင့် ရွှေဒန်ပူတို့ ရေစက်ချ မင်္ဂလာ အခမ်းအနားနှင့် ရေတော်ဆရာတော် (၆၁) နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက်ကြည်ညိုစဉ်

ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဝန်ကြီး များသည် မန္တလေးမြို့ရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကာ မဟာမြတ်မုနိ ရုပ်ရှင် တော်မြတ်အား နေ့စဉ် နိဗဒ္ဓဝတ်အဖြစ် မျက်နှာတော် သစ် ရာတွင် အသုံးပြုရန် ရွှေဖလား၊ ရွှေကလပ်၊ ရွှေသပိတ်တော်၊ ရွှေသပိတ်ခြေ၊ ရွှေလင်ပန်း၊ ရွှေဒန်ပူ စသည်တို့ကို ရေစက် ချ အလှူတော်မင်္ဂလာနှင့် ရေတော်ဆရာ တော် ဘန္ဒန္တပညာဝံသ ၆၁ နှစ်မြောက် ဝိဇာတ မင်္ဂလာအခမ်းအနားကို တက် ရောက် ကြည်ညိုကြသည်။

၇ ဂျပန်နိုင်ငံရှိ အသက် ၁၂ နှစ်အရွယ် အိုကီနာဝါ အမျိုးသမီးငယ်တစ်ဦးအား ဗလက္ကာရ ပြုကျင့်မှုဖြင့် စွဲ ချက်တင်ခံထားရသောအမေရိကန် စစ်မှုထမ်း သုံးဦးအား နာဟာခရိုင် တရားရုံးတွင် သုံးဦးပါတရားသူကြီးအဖွဲ့က အပြစ် ရှိကြောင်း ကြေညာ ပြီး ထောင်ဒဏ် ၆ နှစ် ခွဲမှ ၇ နှစ်အထိ ပြစ်ဒဏ် အသီးသီးပေး လိုက်သည်။

၉ တ ရုတ် ပြည် တောင်ပိုင်း ကွမ်တုန်ပြည်နယ် အာဏာပိုင်များသည် ဘဏ် တားပြမှု ကျူးလွန်ကြသူများအနက် ခြောက်ဦးကို သေဒဏ်ပေး ကွပ်မျက်ခဲ့ ပြီး ကျန်လေးဦးကို ထောင်ဒဏ်နှစ်နှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်အသီးသီး ချမှတ်လိုက်သည်။ ယင်း ဘဏ်တားပြ ဂိုဏ်းဝင်များသည် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်က ဘဏ်လုံခြုံရေးကားတစ်စီးကို ချုံခိုတိုက် ခိုက်ခဲ့ပြီး ဒေါ်လာ ၁ ဒသမ ၂ သန်း ခန့်တန်ဖိုးရှိငွေများကို လုယူခဲ့ခြင်း ဖြစ် သည်။

အာကာသယာဉ်မှူးခုနစ်ဦး လိုက်ပါသွားခဲ့သော အမေရိကန် ကိုလံဘီယာ အာကာသ လွန်းပျံယာဉ်သည် အာကာသအတွင်း ၁၆ ရက်ကြာနေထိုင်ခဲ့ပြီးနောက် မူလ သတ်မှတ်ချက်ထက် တစ်ရက်နောက်ကျကာ ဖလော်ရီဒါပြည်နယ်၊ ကနေဒီ အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။

၁၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ပြင်သစ်နိုင်ငံမှ တိုတယ်ရေနံကုမ္ပဏီ၏ ရှာဖွေရေးနှင့်ထုတ်လုပ်ရေးဥက္ကဋ္ဌ မစ္စတာ ဒီမားလိုနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဧယျာသီရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၂ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားသည်။

၁၃ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်သည် ၁၉၉၅ ခုနှစ် မြန်မာ့အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်သည့် အခမ်း အနား ကို တက် ရောက် ၍ ဂုဏ် ပြု အ မှာ စ ကားပြောကြားပြီး အကောင်းဆုံး အားကစားသမား (အမျိုးသား) ဆုရ ဗိုလ်မှူးမြင့်စိုး (သေနတ်ပစ်) နှင့် အကောင်းဆုံး အားကစားသမား (အမျိုးသမီး) ဆုရ ခင်ခင်ထွေး (ပြေးခုန် ပစ်) တို့ကို တစ်ဦးလျှင် ငွေသားဆု

ကျပ်သုံးသိန်းနှင့် အကောင်းဆုံး အားကစားသမား ရုပ်တုတို့ကို ချီးမြှင့်သည်။

၁၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရောဝတီတိုင်း၊ ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်တို့သို့ ရောက်ရှိကာ ရောဝတီတံတား (ညောင်တုန်း) တည်ဆောက်မည့် နေရာ၊ မအူပင်တံတား တည်ဆောက်ရေးစီမံကိန်း၊ ခတ္တိယတံတားတည်ဆောက်ရေး စီမံကိန်း၊ လှိုင်းတာရေတံခါးနှင့် ခတ္တိယ ရေထိန်းတံခါး တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် အထူးလေယာဉ်ဖြင့် ရောက်ရှိလာသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘန်ဟန်းဆီလ်ပါအာချာနှင့်ဇနီး ခွန်းရင်းဂျမ် ဆေးဆီလ်ပါအာချာတို့ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကာ ညပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၁၈ ဧည့်သည်တော် ထိုင်းဝန်ကြီးချုပ်၊ ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေး မြို့၊ ပုဂံ၊ ညောင်ဦးမြို့များသို့ သွားရောက်ကာ ဘုရားပုထိုး များ ဖူးမြော် ကြည်ညို ငွေလှူဒါန်းပြီး ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားကြသည်။

၂၁ နွားများတွင် ဖြစ်ပေါ်သော နွားရူးပြန်ရောဂါကြောင့် ဗြိတိန်နိုင်ငံမှ ထွက်ရှိသည့်နွားများ၊ သိုးများနှင့် ပတ်သက်သည့် အစားအစာများ တင်သွင်းမှုများ အားလုံးအပေါ် ပေါ်တူကီနိုင်ငံက ရုပ်ဆိုင်းထားလိုက်သည်။ အလားတူပင် ဩစတြီးယား၊ အီတလီ၊ ဘယ်ဂျီယံ၊ ဖင်လန်၊ပြင်သစ်၊ ဂျာမဏီ၊ နယ်သာလန်၊ ဆွီဒင်၊ နယူးဇီလန်၊ တောင်အာဖရိက၊ စင်ကာပူနှင့် ဆိုက်ပရပ်တို့သည်လည်း အမဲသားတင်သွင်းခြင်းကို ပိတ်ပင်ထားကြောင်း ကြေညာထားသည်။


၂၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၅၁ နှစ်မြောက် တပ်မတော်နေ့ ပြပွဲနှင့် ၅၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာ ပြိုင်ပွဲ ပြပွဲများ ခင်းကျင်းထားရှိ မှုများကို ကြည့်ရှု စစ်ဆေးသည်။

ကြယ်လေးပွင့်အဆင့်ရှိ ယုဇနဂါးဒင်းဟိုတယ် ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ်၊အလံပြဘုရားလမ်း အမှတ် (၄၄) ရှိ ယင်းဟိုတယ်သစ်ရှေ့၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဟိုတယ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် လှည်းကူးမြို့နယ်၊ ဗဟိုဝန်ထမ်း တက္ကသိုလ် အုန်းတောခန်းမ၌ ကျင်းပသော စည်ပင်သာယာရေး ဦးစီးဌာန၊ အရာရှိများ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၁) သင်တန်း ဆင်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားကာ စံပြဆုနှင့် အောင်လက်မှတ် များ ချီးမြှင့်သည်။

၂၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၅၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း၊ နတ်တလင်း မြို့နယ်၌ ကျင်းပသည့် တောင်ညိုရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

၁၉၉၅ ခုနှစ် အတွက် အမေရိကန် ရုပ်ရှင် အော်စကာဆုပေးပွဲကို ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်တွင် ကျင်းပရာ အကောင်းဆုံး ဇာတ်ကား ဆုကို (Braveheart)ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံး ဒါရိုက်တာဆုကို ယင်းဇာတ်ကားရိုက်ကူးသူ မဲလ်ဂျစ်ဆင် က လည်းကောင်း၊ အကောင်းဆုံး သရုပ်ဆောင် မင်းသားဆုကို (Leaving Las Vegas) ဇာတ်ကား မှ နီကိုလပ်စ် ကေ့ဂျ်က လည်းကောင်း၊ အကောင်းဆုံး သရုပ်ဆောင် မင်းသမီးဆုကို ( Dead Man Waking ) ဇာတ်ကားမှ ဆူဆန် ဆရန်ဒင်က လည်းကောင်း၊ အကောင်းဆုံး ဇာတ်ညွှန်းဆုကို ( Sense and Sensibility) ဇာတ်ကား အတွက် ဇာတ်ညွှန်း ရေးသူ အမ်မာသွန်မဆင်က လည်းကောင်း၊ အကောင်းဆုံး နိုင်ငံခြား ရုပ်ရှင်ဆုကို နယ်သာလန်နိုင်ငံမှ (Antonia's Line ) ဇာတ်ကားက လည်းကောင်း အသီးသီးရရှိသွားသည်။



**အစ္စရေးဝန်ကြီးချုပ်အား လုပ်ကြံသတ်ဖြတ်ခဲ့မှုအတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရသည့် ယီဂေါအမီယာ**

အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ် တို့သည် တောင်ပစိဖိတ်ဒေသအား နျူကလီးယား ကင်းလွတ်ရေးဇုန်အဖြစ် ကြေညာသည့် စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ရာ ထိုဒေသကို အင်အားကြီးနိုင်ငံတို့၏ အဏုမြူဖောက်ခွဲ စမ်းသပ်မှုအတွက် အသုံးပြုခဲ့မှုမှာ အဆုံးသတ်သွားပြီဖြစ်သည်။

၂၇ ၅၁ နှစ် မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေး ပန်းခြံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ညပိုင်းတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၅၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်တိုင်း စစ်ဌာနချုပ် ကန်းမြင့်သာရှိ ဖေယျာသိရိ ဗိမာန်တွင် ကျင်းပသည်။

၅၁ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ၅၁ နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ စစ်ဦးစီး အရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးတက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများကို ဆုများချီးမြှင့်သည်။

အ နွ ရေး ဝန် ကြီး ချုပ် ယစ် ဇတ်ရာဘင်အား လုပ်ကြံသတ်ဖြတ်မှုအတွက် အစ္စရေးလက်ယာဂိုဏ်းသား တစ်ယူသန် ဂျူး ဘာ သာ ဝင် ယိ ဂေါ အ မိ ယာ အား ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် အစ္စရေးတရားရုံးက ပြစ်ဒဏ်စီရင်ခဲ့သည်။


၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အင်းစိန်မြို့ ရွာမ သံမဏိစက်ရုံ၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၃၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ နှင့် ဇ နီး ဒေါ်ကြိုင်ကြိုင်တို့သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ခန်းမဆောင် သစ်ကြီး၌ ကျင်းပသော ကာကွယ်ရေး ဝန်ကြီးဌာန မိသားစု စုပေါင်း ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှဝေသည်။

## ဧပြီလ

၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်ကြီး မောင်အေး သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.K. Sareen နှင့် အဖွဲ့အား ရန်ကုန်မြို့ ကန်းမြင့်သာယာရှိ ဖေယျာသိရိဗိမာန် တပ်မတော် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃ အမေရိကန်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ရွန်ဘရောင်းနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များလိုက်ပါလာသည့်



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံစဉ်

အမေရိကန်လေတပ် ဘိုးအင်း ၇၃၇ ဂျက်လေယာဉ်ကြီးသည် ခရိုအေးရှားနိုင်ငံ တောင်ဘက်ကမ်းခြေ ဒူဘရိုနစ်မြို့လေဆိပ် အနီး တောတောင်ထူထပ်ရာ ဒေသ၌ ပျက်ကျသွားရာ အသက်ရှင်သူ တစ်ဦးသာ တွေ့ရှိရပြီး လေဆိပ်အနီးတွင် အလောင်းအများအပြား တွေ့ရှိရကြောင်း ဒေသခံ အရာရှိများက ပြောကြားသည်။

၄-၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သံလွင် အရှေ့ခြမ်းဒေသ၊ ပြင်ဦးလွင်မြို့၊ လားရှိုး မြို့၊ တန့်ယန်းမြို့၊ မြင်းခြံမြို့နှင့် ပုဂံ-ညောင်ဦး မြို့နယ်များသို့ သွားရောက်ကာ ဒေသ ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေး လုပ်ငန်း များ ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၄ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် သမ္မတအဖြစ် ပြန်လည် အရွေးခံရေး စည်းရုံးလှုံ့ဆော်ပွဲအဖြစ် အစဉ်အလာအရ ကွန်မြူနစ်များအား ကောင်းသည့် ပြည်နယ်မြို့ကြီး ဖြစ်သော ဘယ်ဂိုရော့ဒ်သို့ သွားရောက်ခဲ့ပြီး ငွေကြေးအထောက်အပံ့များ ပေးမည်ဟု ပဋိညာဉ်ပြုခဲ့သည်။


၅ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၃၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။ ညပိုင်းတွင် ကျောင်းဆင်း ညစာစားပွဲ အခမ်းအနားသို့လည်း တက်ရောက်သည်။

ရုရှားတစ်ယူသန် အမျိုးသား ရေးဝါဒီ ဗလာဒီမာဇီရင်နော့စကီးသည် ဇွန်လ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်း တစ်ဦးအဖြစ် တရားဝင် မှတ်ပုံတင်ခဲ့သည်။ ဇီရင်နော့စကီး (၄၉) နှစ်သည် ထောက်ခံသူ တစ်သန်း၏ လက်မှတ်များ ရရှိခဲ့သည်ဟု ဗဟိုရွေးကောက်ပွဲကော်မရှင်က အတည်ပြုသည်။

၆-၈ နီပေါနိုင်ငံ ဘုရားအလောင်းတော် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဦးဆောင်လျက် ဗုဒ္ဓဘာသာဝင် အများပြည်သူတို့၏ အလှူငွေဖြင့် တည်ထားသော လောကမဏိစူဠာစေတီတော် အထက်ဌာပနာတော် သွင်းပူဇော်ပွဲ၊ ထီးတော်တင်လှူပွဲ၊ မြသပိတ်တော်နှင့် ရွှေကြာသင်္ကန်း ကပ်လှူပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲများကို နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်တော်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



လေယာဉ်ပျက်ကျသဖြင့် ကွယ်လွန်ခဲ့သည့် ရွှန်ဘရောင်း (ယာ) နှင့် ပျက်ကျခဲ့သည့် လေယာဉ် (အောက်)



၉ ကမ္ဘာ့အဆိုးဝါးဆုံး ချူကလီးယားမတော်တဆမှုကြီး ဖြစ်သော ရှာနိဘိုင်း ချူကလီးယားတတ်အားပေး စက်ရုံကြီး ၁၉၈၆ ခုနှစ်က ပေါက်ကွဲမှု ဖြစ်ခဲ့ရာတွင် ဒုက္ခရောက်ခဲ့သူများ၊ လက်ရှိ ဒုက္ခရောက်နေသူများနှင့် နောင်တွင်ဒုက္ခ ရောက်မည့်သူများအတွက် တစ်မိနစ်ကြာမျှ ငြိမ်သက်လျက် ရှာနိဘိုင်းဘေးဒုက္ခ ရောက်မှုဆိုင်ရာ နိုင်ငံတကာညီလာခံ တစ်ရပ်ကို ဗီယင်နာမြို့တွင်ဖွင့်လှစ် လိုက်သည်။ အဆိုပါညီလာခံကိုနိုင်ငံတကာ အဏုမြူစွမ်းအင်အဖွဲ့နှင့် ဥရောပ သမဂ္ဂ ကော်မရှင်၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့တို့ ပူးတွဲကြီးမှူးလျက် ကျင်းပခြင်း ဖြစ်ပြီး ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများနှင့် ချူကလီးယားကျွမ်းကျင်သူများ ၇၀၀ ကျော်မျှတက်ရောက်ကြသည်။

၁၆ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယား အပြင် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်တို့ ပါဝင်မည့် ငြိမ်းချမ်းရေး လမ်းသွယ် လေးခု ဆွေးနွေးပွဲကိုကျင်းပသွားရန် သမ္မတကလင်တန်နှင့် တောင်ကိုရီးယားသမ္မတ ကင်မ်ယုံဆမ် တို့က အဆိုပြုတင်ပြလိုက်ကြသည်။ ကိုရီးယားကျွန်းဆွယ်ကို ထာဝရ ငြိမ်းချမ်းစေမည့် ယင်းအကြံအစည်ကို မြောက်ကိုရီးယားက လက်ခံမည်ဟု သမ္မတ ကလင်တန်နှင့် ကင်မ်တို့ နှစ်ဦးစလုံးက အကောင်းမြင် သုံးသပ်ကြသည်။

၁၇ အမေရိကန်သမ္မတကလင်တန်နှင့် ဂျပန်ဝန်ကြီးချုပ် ဟာရှိမိုတိုတို့သည် ပစိဖိတ် လုံခြုံရေးအတွက် စိတ်ခြောက်ခြားနေမှု ငြိမ်သက်သွားရေး ကြိုးပမ်းသည့်အနေဖြင့် ပူးတွဲကြေညာ ချက်တစ်ရပ်ကို လက်မှတ်ရေးထိုး လိုက်သည်။ အာရှ-ပစိဖိတ် ဒေသအတွင်းတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရန်နှင့် အမေရိကန်အကျိုးစီးပွားကာကွယ်ရန် အမေရိကန် တပ်သားတစ်သိန်း ဆက်လက်ထားရှိမည် ဖြစ်ကြောင်း သမ္မတကလင်တန်က အခိုင်အမာ ပြောကြားလိုက်သည်။ အဆိုပါ အာမခံပြောကြားချက်ကို ဂျပန်ဝန်ကြီးချုပ် ဟာရှိမိုတိုက လိုက်လိုက်လှဲလှဲ ကြိုဆိုလိုက်သည်။

၁၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒိုင်းမွန်း အချိုရည်စက်ရုံ၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

အစ္စရေးသည် လက်ဘနွန်တောင်ဘက်ပိုင်းရှိ ကုလသမဂ္ဂ အခြေစိုက် စခန်းတစ်ခုတွင် ခိုလှုံနေသော လစ်ဗျားဒုက္ခသည်များအား အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အနည်းဆုံးလူ ၄၃ ဦး သေဆုံးပြီး ၁၀၃ ဦးဒဏ်ရာရရှိကြောင်း ကုလသမဂ္ဂအရာရှိများက ပြောသည်။

၁၉-၂၀ ချူကလီးယား အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကမ္ဘာ့ခေါင်းဆောင်များ၏ ထိပ်သီး အစည်းအဝေးတစ်ရပ်ကို ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ ကျင်းပသည်။

၁၉ တောင်အာဖရိကနိုင်ငံသား ကမ္ဘာ့လှည့်ခရီးသည်တစ်ဦးအား သတ်ပြီးခန္ဓာကိုယ်အားအစိတ်အပိုင်းများအဖြစ် ဖြတ်တောက်ပစ်ခဲ့သည့် ဗြိတိန်နိုင်ငံသား ရာဇဝတ်မှုကျူးလွန်သူတစ်ဦးအား စင်ကာပူတွင် ကြိုးပေးကွပ်မျက် လိုက်သည်။ အနောက်နိုင်ငံသား တစ်ဦးအား စင်ကာပူတွင် လူသတ်မှုဖြင့် ထိုသို့ ကြိုးပေးကွပ်မျက်ခြင်းသည် ပထမဆုံး အကြိမ် ဖြစ်သည်။

၂၀ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်သစ်ဖွင့်ပွဲ အခမ်းအနားကို ဟိုတယ်သစ်တည်ရှိရာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲလမ်း၊ အမှတ်(၂၀)၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ မြရိပ်ညို ရှိုင်ရယ် ဟိုတယ်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးလိုက်သည်။

၂၂-၂၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၆ ခုနှစ် ပထမလေးလပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၄-၂၆ ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက် လည်ပတ် ကာ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး သဘောတူစာချုပ်များကိုလည်းလက်မှတ်ရေးထိုးသည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ချစ်ကြည်ရေး ခရီး အလည် အပတ် ရောက်ရှိနေသော တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ် ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး ကျန်ဝမ့် ညန်ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံကမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## မေလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ပြည်သူ့ဥပဒေအကျိုးဆောင်ချုပ်မစ္စတာ ကျောက်ဟောင်နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂ အခြေစိုက်စခန်းတစ်ခုတွင် အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက် မှုကြောင့် ဒုက္ခသည် ၉၁ ယောက် သေဆုံးရမှုနှင့် ပတ်သက်၍ အစ္စရေးအား အပြစ်မှ လွတ်စေရန် သမ္မတ ကလင်တန်က ကြိုးပမ်းခဲ့ကြောင်း ဟစ်ဘိုလာ ပြောက်ကျား များက စွပ်စွဲ ပြောကြားလိုက်သည်။

၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကင်ထွန်းအား စင်ကာပူနိုင်ငံ (Shing Kwan



**အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂ အခြေစိုက်စခန်းရှိ ဒုက္ခသည်များ ဤသို့သေဆုံးခဲ့ရသည်**

(Pte) Ltd ) မှ အမှုဆောင် ဒါရိုက်တာဖြစ်သူ Ms. Tao Ong သည် ဒုတိယ ဝန်ကြီးချုပ်၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီးနှင့်တပ်မတော်အကြီးအကဲများ၊ တာဝန်ရှိ ပုဂ္ဂိုလ် များသည်မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိခဲ့ပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟို စစ်ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်ဝမ့်ညန်နှင့်ဇနီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

၄ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန (ယခု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) ဆည်မြောင်းဦးစီးဌာနက တည်ဆောက် အကောင်အထည်ဖော်ခဲ့သည့် ရွှေနတ်တောင်ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားကို ရေလှောင်တမံရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

မလေးရှား ဝန်ကြီးချုပ် မဟာ သီယာ မိုဟာမက်အား ပါတီခေါင်းဆောင် အဖြစ် ၄င်း၏ပါတီက နောက်ထပ်သုံးနှစ် ရွေးချယ်ထားသည်ဟု ဘာနာမာ သတင်းဌာနက ရေးသား ဖော်ပြလိုက်သည်။

၅ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း၏ ၁၂ ထပ် အဆောက်အအုံသစ် မင်္ဂလာပန္နက် တင်အခမ်းအနားကို ရွှေတိဂုံဘုရားလမ်းရှိ အဆိုပါ အဆောက်အအုံ တည်ဆောက်မည့် မြေနေရာတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အမှူးပြု၍ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၆ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကမ္ဘာအေးလမ်းရှိ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန (ယခု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ဂျိုးစ်မာရီယာ အဇနာသည် ၁၃ နှစ်အတွင်း စပိန်နိုင်ငံ၏ ပထမဆုံး ကွန်ဆာဗေးတစ် အစိုးရအဖွဲ့၏ ဝန်ကြီးချုပ် အဖြစ် ဘုရင်ဝမ်ကာလို့စ်၏ရှေ့မှောက် တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၇ ဘုရင့်နောင်မင်းတရားကြီးရုပ်ကနှင့် ရင်ပြင်ဖွင့်ပွဲ အခမ်း အနားကို တာချီလိတ်မြို့ ဗိုလ်ချုပ် အောင်ဆန်း လမ်းရှိ အဆိုပါရင်ပြင်တွင်ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ် ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ သံအမတ်များ၊ စစ်သံမှူးများ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၉ ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ် ဘီအေ)အသင်း နှစ်၉၀ပြည့် နဝရတ် ရတုသဘင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရေကျော်လမ်းရှိ ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ်ဘီအေ) အသင်းအဆောက်အအုံတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် မိန့်ခွန်း ပြောသည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ် ချုပ် မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဒဂုံမြို့သစ် မြို့ဦး စေတီတော် ထီးတင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တို့ကို တင်လှူပူဇော်ကြသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ် ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ တွင် ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည် ဖော်ရေးအဖွဲ့၏ (၃/၉၆ ) ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည် များကို လမ်းညွှန် ဆွေးနွေး မှာကြားသည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် နိုရိုဒွန် ရာနာရစ်သည် ပြင်သစ်နိုင်ငံသို့ ဧပြီလ အတွင်း သွားရောက်ရာမှ ကမ္ဘောဒီးယား သို့ ပြန်လည်ရောက်ရှိသည်။

၁၄ နိုင် ငံ တော် ငြိမ်ဝပ်ပိ ပြား မှု တည် ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ကာကွယ်ရေး ဝန်ကြီး ဌာန အစည်းအဝေးခန်းမတွင် မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဖက်စပ် ကျောက်မျက် တူးဖော် လျက်ရှိသည့် မိုးကုတ်ရတနာမြေ ကင်းရှာ ဖက်စပ် လုပ်ကွက်(၁၄) မှ တူးဖော်ရရှိသည့် အလေးချိန် ၂၁၄၅၀ ကရက်ရှိ ကမ္ဘာ့အကြီးဆုံး ထူးခြားသော ပတ္တမြားကြီးကို ကြည့်ရှု စစ်ဆေးသည်။

၁၅ နိုင် ငံ တော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိ ယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ပြည် ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရစ်တစ် သမ္မတ နိုင်ငံ သံရုံးမှ စစ်သံမှူး အသစ်ဖြစ်သူ ဒုတိယ ဗိုလ်မှူးကြီး ကိန်ကီအိုဖိုဆာနာ အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံ ရိပ်သာ တွင် လက်ခံ တွေ့ဆုံသည်။

ဟိန္ဒူ ဘာရတ္တိယ ဂျာနာတာပါတီ (ဘီဂျေပီ) ခေါင်းဆောင် အတာလ်ဘီဟာ ရီ ဗာဂျ်ပါယီအား အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် သစ် အဖြစ် ခန့်အပ်လိုက်သည်။


၁၆ ရထား ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ၁၉၉၅ – ၉၆ ဘဏ္ဍာရေး နှစ် (၄၃/၉၆) ကြိမ်မြောက် နှစ် ချုပ် လုပ်ငန်း အစည်းအဝေးကို ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) ဆင့်ဂံ ခန်းမတွင် ကျင်းပသည်။ ရထား ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းစိန် တက်ရောက်၍ အမှာစကား ပြောကြားပြီး ဂုဏ် ပြုဆုများ ချီးမြှင့်သည်။

၁၇ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ် မတော် ကာကွယ်ရေး ဦးစီ ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်ပြည်ထောင်စု ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုး ရေးအသင်းအမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေးသင်တန်း အမှတ် စဉ် (၂) သင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက်၍ သင်တန်းဆင်း သြဝါဒ စကား မြွက်ကြားသည်။

၁၇-၂၁ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးမောင်အေး သည် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန် ရှိသူများ လိုက် ပါလျက် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ရှိ ချင်းတွင်း တံတား (ရေစကြို)တည်ဆောက်ရေး စီမံကိန်း လုပ်ငန်း၊ ချောင်းဦးမြို့ စစ်ကိုင်းတိုင်း မိဘမဲ့အမျိုးသမီး သင်တန်း ကျောင်း၊ ရန်ကုန်-မန္တလေး-ပုဂံ-ပြည်-ရန်ကုန် (ဂို့မ)ပတ်ရထားလမ်း မကြီး စီမံကိန်း များကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်း သစ် ဖောက်လုပ်ခြင်းစခန်းဖွင့်ပွဲသို့တက်ရောက် အမှာစကားပြောကြားသည်။ ပုံညာ တောင်တန်း ဥမင်လိုဏ်ခေါင်း ဖောက် လုပ်မည့် နေရာကိုသွားရောက် ကြည့်ရှု စစ်ဆေးသည်။

၁၈ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီး နောက်ပိုင်း အီတလီနိုင်ငံတွင် ၅၅ ဆက် မြောက်နှင့် ပထမဆုံးအကြိမ်အဖြစ် ကွန်မြူနစ် ပါတီဝင်များအား ဝန်ကြီးများ အဖြစ် ခန့်ထားသည့် အစိုးရသစ်ကို ဦးဆောင်ရန်ဗဟိုလက်ဝဲဓါဒီရိုမာနိုပရိုဒီသည် အီတလီနိုင်ငံဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၂၁ မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသော အမှတ် (၂) အရန်တမို့



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြန်မာ့စက်မှုလက်မှုပြပွဲ–၉၆ ခင်းကျင်းပြသမှုများကို ကြည့်ရှု စစ်ဆေးစဉ်

ရထားသည်ကညွတ်ကွင်းဘူတာမှ အထွက် သံတံတားနှင့်ကုန်းတဲရွာအကြားတွင် ကရင် အကြမ်းဖက်သောင်းကျန်းသူ အဖျက် သမား အချို့က မိုင်းဖောက်ခွဲသဖြင့် ခရီးသည် အမျိုးသားငါးဦး၊ အမျိုးသမီး သုံးဦး၊ ကလေး တစ်ဦး စုစုပေါင်းခရီးသည် ကိုးဦး သေဆုံး၍ အမျိုးသားသုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်းခုနစ်ဦး ဒဏ်ရာရရှိသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီးသန်းရွှေသည် မြို့မအားကစားကွင်း နှင့်တပ်မတော်ခန်းမတို့တွင် ဖွင့်လှစ်သည့် မြန်မာ့စက်မှုလက်မှုပြပွဲ ၉၆ ခင်းကျင်း ပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အား လမ်းညွှန် မှာကြားသည်။

၂၈ သီတင်းနှစ်ပတ်သက်တမ်းရှိဟိန္ဒူ အမျိုးသားရေးဝါဒီအစိုးရသည် ပါတီအဖွဲ့အစည်းများ၏ ထောက်ခံမှု မရသဖြင့်ပြိုကွဲသွားရာ အိန္ဒိယတောင်ပိုင်းမှ ဒေသခေါင်းဆောင် တစ်ဦး ဖြစ်သူ ယူနိုက်တက်ဖရန့် ပါတီခေါင်းဆောင် အိတ်ချ်ဒီဒေဗီဂိုဒါကို အိန္ဒိယသမ္မတက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်ပြီး နှစ်ပတ်အတွင်း အစိုးရဖွဲ့ရန် ညွှန်ကြားသည်။

၂၉ မန္တလေးတိုင်း မန္တလေး ခရိုင် အတွင်းမှ ပြည်သူလူထု၏တိုင်းကျိုး ပြည်ပြုဆောင်ရွက်ချက်များလူထု ထောက်ခံပွဲနှင့် အဖျက်သမား ရှုတ်ချပွဲ အခမ်း အနား ကို မန္တလေးမြို့ ဗထူး အားကစား ကွင်းတွင် ကျင်းပသည်။ မြို့နယ်ခုနစ်မြို့နယ်မှ ပြည်သူလူထု ၄၂၀၀၀ ကျော်တက်ရောက် သည်။

၃၀ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ တိုင်း ကျိုးပြည်ပြုဆောင်ရွက်ချက်များကို ထောက်ခံပွဲနှင့် ပြည်ပသြဇာခံ ပေါက်ဆိန် ရိုးအဖျက်သမားများ၏ အဖျက် လုပ်ရပ် များရှုတ်ချပွဲအခမ်းအနားကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အားကစားကွင်းတွင် ကျင်းပသည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်မှ ပြည်သူလူထု ၇၇၀၀၀ ကျော်တက်ရောက်၍ အဖျက်လုပ်ငန်း ဆောင်ရွက်နေသူများကို တည်ဆဲဥပဒေ များနှင့်အညီ ထိထိရောက်ရောက် အရေးယူ နှိပ်ကွပ်ပေးရန် တောင်းဆိုကြသည်။

## ဇွန်လ

၁ စည်ပင် သာယာ ရေး ဦးစီး ဌာန၊ အရာရှိများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းအခမ်း အနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်ခန်းမ၌ကျင်းပရာ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ် ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်း ရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍အမှာစကားပြောကြားသည်။



**အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တိုင်းရင်းသားခေါင်းဆောင်များအား တပ်မတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံစဉ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းမှ ပြည်သူလူထု၏ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက် ချက်များ လူထုထောက်ခံပွဲနှင့် အဖျက် သမားရှုတ်ချပွဲ အခမ်းအနားကို လားရှိုးမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ပြည်သူ လူထုအင်အား ၆၁၀၀၀ တက်ရောက် သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အ ဖွဲ့၏ တိုင်း ကျိုး ပြည်ပြု ဆောင်ရွက်ချက်များ ထောက်ခံပွဲ နှင့် အဖျက်သမား ရှုတ်ချပွဲ အခမ်းအနားကို သထုံမြို့၊ လေယာဉ်ကွင်း၌ ပြုလုပ်ရာ ပြည်သူလူထု ၅၆၀၀၀ ကျော် တက်ရောက် သည်။

ဝန်ကြီးချုပ် အိတ်(ချ) ဒီ ဒေဗီဂိုဒါ ဦးဆောင်သော ဝန်ကြီးအဖွဲ့ဝင် ၁၃ ဦး သည် အိန္ဒိယသမ္မတ ရှန်ကာဒါယာရှားမား ရှေ့မှောက်တွင် ကျမ်းကျိန်ဆိုသည်။ ထို ကျမ်းကျိန်ဆိုပွဲ၌ဒုတိယဝန်ကြီး ၈ ဦးသည် လည်း သမ္မတရှေ့မှောက်၌ ကျမ်းကျိန် ဆိုကြရာ ဝန်ကြီးများ ကောင်စီဝင် ၂၁ ဦး ဖြစ်လာသည်။ ဝန်ကြီးများ ကောင်စီ၌ မွတ်ဆလင်သုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် ဆစ်ခ်တစ်ဦး ပါဝင်သည်။

၂ တိုင်းကျိုး ပြည် ပြု ထောက် ခံ ပွဲ နှင့် အဖျက်သမား ရှုတ်ချပွဲ အခမ်းအနားကို ဘားအံမြို့ အောင်သံလွင် အားကစား ကွင်း၌ပြုလုပ်ရာ ပြည်သူလူထု ၅၃၅၀၀ ကျော် တက်ရောက်သည်။

၃ တိုင်း ကျိုး ပြည် ပြု ဆောင် ရွက်ချက်များ လူထုထောက်ခံပွဲနှင့် အဖျက်သမား ရှုတ်ချပွဲ အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့ ဓညဝတီ အားကစားကွင်း၌ ကျင်းပရာ ပြည်သူ လူထု ၃၀၀၀၀ ကျော် တက်ရောက်သည်။

ပြည်ခရိုင်အတွင်း ပြည်သူ လူထု၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက် ချက်များ ထောက်ခံပွဲနှင့် အဖျက်သမား ရှုတ်ချပွဲ အခမ်းအနားကို ပြည်မြို့နယ် အားကစား ကွင်း၌ ကျင်းပရာ ပြည်သူ လူထု ၃၇၀၀၀ ကျော် တက်ရောက်သည်။

၄ ပုသိမ်ခရိုင် အတွင်း ရှိ တိုင်း ကျိုး ပြည် ပြု ဆောင် ရွက် ချက် များ လူထုထောက်ခံပွဲနှင့် အဖျက်သမား ရှုတ်ချပွဲ အခမ်းအနားကို ပုသိမ်မြို့ ကိုးသိန်း တိုင်း အားကစားကွင်း၌ ကျင်းပရာ ပြည်သူ လူထုအင်အား ၅၈၀၀၀ ကျော် တက် ရောက်သည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရ အကြံပေး ပုဂ္ဂိုလ် မစ္စတာကောင်းရန်နှင့် အဖွဲ့အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံ တွေ့ဆုံ သည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေ အမှတ် ၅/၉၆ ဖြင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်း ပေး ရေး နှင့် အ မျိုး သား ညီ လာ ခံ

လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက် ရေး တို့ကို နှောင့်ယှက်ခြင်းမှကာကွယ် သည့် ဥပဒေကို ထုတ်ပြန်သည်။

၉ ပြည် သူ့ သ ဘော ထား မြေ စိုက် ပိုစတာ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်း အနားကို ရန်ကုန်မြို့ ကျောက်တံတား မြို့နယ် မဟာဗန္ဓုလ ပန်းခြံတွင် လည်းကောင်း၊ မရမ်းကုန်းမြို့နယ် မစိုးရိမ် ကျောင်းလမ်း ထောင့်တွင် လည်းကောင်း၊ ဒေါပုံမြို့နယ် ယမုံနာလမ်းနှင့် မင်းနန္ဒာ လမ်းဆုံတွင် လည်းကောင်း ကျင်းပရာ အလွှာစုံမှ ပြည်သူလူထု ၃၈၆၀၀ ကျော် တက်ရောက် ကြသည်။

၁၅ မြန် မာနိုင်ငံ စီး ပွား ရေးလုပ်ငန်းရှင် များ၏ဆန္ဒသဘောထားထုတ်ဖော် ပွဲ အခမ်းအနားကို သုဝဏ္ဏအမျိုးသား အားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာ မြန်မာနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀၀၀ ကျော် တက်ရောက်ကြသည်။

၁၆ ပြည်သူ့သ ဘော ထား မြေ စိုက် ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲအခမ်း အနားကို မန္တလေးခရိုင် အောင်မြေ သာစံ မြို့နယ်တွင်လည်းကောင်း၊ ချမ်းအေးသာစံ မြို့နယ်တွင် လည်းကောင်း၊ မဟာ အောင်မြေ မြို့နယ်တွင်လည်းကောင်း ကျင်းပရာ အလွှာ ပေါင်းစုံမှ ပြည်သူလူထုအင်အား ၃၇၅၀၀ ကျော် တက်ရောက်ကြသည်။

၂၃ နယ် စပ် ဒေသနှင့် တိုင်း ရင်း သား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး(၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန် မြို့ အင်း လျား လမ်း ရှိ တပ် မ တော် ဧည့်ဂေဟာ၌ ကချင်ပြည်နယ် အထူး ဒေသ (၁) မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန် တိန်ယိမ်း၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသား ခေါင်းဆောင် ဦးတာကလယ်၊ ကယားပြည်နယ် အထူးဒေသ (၂) မှ တိုင်းရင်းသား ခေါင်းဆောင် ဦးစန္ဒာနှင့် ကယားပြည်နယ် အ ထူး ဒေ သ (၃) မှ တိုင်း ရင်း သား ခေါင်းဆောင် ဦးသန်း စိုးနိုင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်အဖြစ် အရွေးချယ်ခံထားရသော ရှိတ်ဟာဆီနာ (၄၈နှစ်) သည် သမ္မတအဗ္ဗဒူဘီဆွာ၏ ရှေ့မှောက်၌ ဝန်ကြီးချုပ်သစ် အဖြစ် ကျမ်းကျိန်ဆိုသည်။ ဟာဆီနာသည် ဝန်ကြီးချုပ် ခါလီဒါဇီယာ၏ အစိုးရအဖွဲ့ ကိုလာဘ်စားကြောင်း စွပ်စွဲပြီး မတ်လ ၃၀ ရက်တွင် အစိုးရအဖွဲ့နုတ် ထွက်ပေးရန် အတင်းအကျပ် တောင်းဆိုခဲ့သည်။ အထွေ ထွေသပိတ်ကို နှစ်နှစ်ကြာ ဦးဆောင်ခဲ့ပြီး နောက် ဝန်ကြီးချုပ် အဖြစ်အရွေးခံရခြင်း ဖြစ်သည်။

၂၆ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်း ဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်း အနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်သည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်သစ် ဖြစ်လာ သည့် ရှိတ်ဟာဆီနာ (ဝဲမှ ဒုတိယ အမျိုး သမီး) အား ထောက်ခံသူများနှင့် အတူ တွေ့ရစဉ်



၂၉ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုဦးစီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြု တက္ကသိုလ်ခန်းမ၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်အမှာစကား ပြောကြားပြီး သက်ကြီး စာရေးဆရာကြီးများနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များကို ရင်းနှီး ခင်မင်စွာနှုတ်ဆက်သည်။

၃၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တို့သည် သာသနာ့ ဗေယျမင်္ဂလာ ကျောင်းတိုက်၊ သုံးထပ် ကျောင်းသစ် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားသို့တက်ရောက်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

# ဇူလိုင်လ

၁ ဗီယက်နမ် ကွန်မြူနစ် ပါတီ၏ ရှစ်ကြိမ်မြောက် ညီလာခံ ပြီးဆုံးသွားပြီဖြစ်ရာ အတွင်းရေးမှူးချုပ် ဒိုမွိုင်း (၇၉နှစ်)အား အာဏာရ ကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ်အဖြစ်ပြန်လည်ရွေးချယ်လိုက်ကြောင်း ပါတီအထက်တန်း အရာရှိတစ်ဦးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံအရှေ့မြောက်ပိုင်းတွင် အစိုးရတပ်များနှင့် ခွဲထွက်ရေးသူပုန်တို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားရာ စစ်သား ၃၂ ဦး အပါအဝင်အနည်းဆုံး ၇၂ ဦး သေဆုံးကြောင်း စစ်ဘက်အရာရှိများက ပြောဆိုသည်။

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့၊ ကန်သည်လမ်း၊ အမှတ် (၅၂၆-၅၃၂) ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန၏ စည်ပင် သာယာရေးဘက် လီမိတက်သို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို တာဝန်ရှိသူများအားလမ်းညွှန်မှာကြားသည်။

ရုရှားသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့အတွက် ရုရှားနိုင်ငံ အရှေ့ပိုင်းမှ မဲရုံများကို နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်လိုက်သဖြင့် မဲဆန္ဒရှင်များ လာရောက်မဲထည့်ကြသည်။ ဇွန်လ ၁၆ ရက်နေ့ ပထမအကျော့ ရွေးကောက်ပွဲတွင် ယဲ့လ်ဆင်က ဇူဂါနော့ဗ်ထက် သုံးမှတ်သာလျှင် ဖြတ်နိုင်သည်။

၄ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ စည်ပင်သာယာရေးဘက် လီမိတက်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ကျောက်

ပန်းဆိုးတန်း ခုံးကျော်တံတားဖွင့်ပွဲ အခမ်းအနား



တံတားမြို့နယ်၊ ကုန်သည်လမ်း၊ (၅၂၆-၅၃၂) ရှိအဆိုပါဘဏ်အဆောက်အအုံ ရှေ့၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ စည် ပင် သာ ယာ ရေး ဘဏ် လီ မိ တက် ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်ကာ ဖွင့်လှစ်ပေးလိုက်သည်။

ဒု တိ ယ အ ကျော့ ရု ရှား သ မ္မ တ ရွေးကောက်ပွဲတွင် သမ္မတယဲ့လ်ဆင်သည် အပြတ်အ သတ် အောင် ပွဲ ခံ သွား သည်။ ဆန္ဒမဲ ၉၂ ရာခိုင်နှုန်းကို ရေတွက်ပြီးစီး သွားရာတွင် သမ္မတယဲ့လ်ဆင်က ဆန္ဒမဲ ၅၄ ရာခိုင်နှုန်း ရရှိပြီး ဇူဂါနော့ဗ်က ၄၁ ရာခိုင်နှုန်း ရရှိသည်။ ရုရှားသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် ယတိပြတ် ထောက်ခံဆန္ဒမဲ ပေးလိုက်ပြီဟု ရွေး ကောက် ပွဲ တွင် အ နိုင် ရ ရှိ ပြီး နောက် သမ္မတယဲ့လ်ဆင်က ပြောဆိုလိုက်သည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၆ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့ မီးရထားက တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် ပန်းဆိုးတန်း ခုံးကျော်တံတားဖွင့်ပွဲ အခမ်းအနားကို အထက်ပန်းဆိုးတန်းလမ်းရှိ မင်္ဂလာ မုခ်ဦး ရှေ့၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ပါကစ္စတန် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြည်ပထွက်ခွာဆောင်၌ ကျင်းပ သည်။ ပါ က စ္စ တန် အ ပြည် ပြည် ဆိုင် ရာ လေကြောင်းလိုင်းသည် ကရာချိမှ ရန်ကုန်-ဗန်ကောက်ခရီးစဉ်ကို ခရီးသည် ၂၃၄ ဦးလိုက်ပါစီးနင်းနိုင်သည့် Air Bus A-300 အမျိုးအစား လေယာဉ်ဖြင့် ရက်သတ္တ တစ်ပတ်လျှင် တနင်္လာနေ့နှင့် စနေနေ့ နှစ်ကြိမ်ပျံသန်းပြေးဆွဲပေးမည် ဖြစ်ရာ ဇူလိုင် ၆ ရက်နေ့မှစ၍ စတင် ပျံသန်း ပြေးဆွဲပေးသည်။

၉ အ စ္စ ရေး ဝန် ကြီး ချုပ် ဘင် ဂျမင် နေတန်ယာဟုသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဖော်ဆောင်မှုတွင် ဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ရန် အမေရိကန် သမ္မတ ကလင်တန်နှင့် တွေ့ဆုံဆွေးနွေးသည်။

၁၁ ရုရှားစစ် တု ရင် အ ကျော် အ မော် တစ်ဦး ဖြစ်ပြီး ၁၉၈၅ ခုနှစ်အထိ



**တီဒဗလျူအေ လေကြောင်းပိုင် ခရီးသည်တင်လေယာဉ် ပျက်ကျ သဖြင့်ပူဆွေးသောက ရောက်နေသူ တစ်ဦးနှင့် သေဆုံးသူအလောင်းများ အား သယ်ယူနေစဉ်**

ဆယ်စုနှစ် တစ်ခုမျှ ပြိုင်ဘက်ကင်းသည့် ကမ္ဘာ့စစ်တုရင် ချန်ပီယံဖြစ်ခဲ့သူ အနာတိုလီကာပေါ့ဗ်သည် ဇီနိဝေါ်သူ ဂါတာကမ်းစကေး နှင့် ပွဲစဉ် ၁၈ ကစားပြီးနောက် သရေပွဲ ဖြစ်ခဲ့ရာ ရမှတ်ပေါင်း ၁၀ မှတ်ခွဲ ရသဖြင့် ကမ္ဘာ့စစ်တုရင် အဖွဲ့ချုပ် (အက်ဖ်အိုင်ဒီအီး)၏ ကမ္ဘာ့ စစ်တုရင် သရဖူကို ထပ်မံဆွတ်ခူး သွားသည်။ ကာပေါ့ဗ်သည် ချန်ပီယံ ဆုကြေး ဒေါ်လာ ၉,၃၇,၅၀၀ ရရှိပြီး ကမ်းစကေးက ခုနစ်မှတ်ခွဲ ရကာ ဆုကြေး ဒေါ်လာ ၅,၆၂,၅၀၀ ရရှိသည်။

၁၄ - ၁၇ ကိုရီးယား ကျွန်းဆွယ်နှင့် အရှေ့အာရှနိုင်ငံရေးအခြေအနေများကို တောင်ကိုရီးယားခေါင်းဆောင်များနှင့် ဆွေးနွေးရန် ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်သည် ဆိုးလ်မြို့သို့ သွားရောက် ခဲ့သည်။ ဟွန်ဆန်သည် ၁၉၇၅ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်အဆက်အသွယ်များ ပြတ်တောက်ပြီးချိန်မှစ၍ တောင်ကိုရီးယား သို့အလည်အပတ် လာရောက်သည့် ကမ္ဘောဒီးယား၏ ပထမဆုံး အဆင့်အမြင့်ဆုံးတာဝန်ရှိပုဂ္ဂိုလ် တစ်ဦးဖြစ်သည်။

၁၆ ရွှေတိဂုံစေတီတော် တောင်ဘက် ရွှေစောင်းတန်းတော်ကြီးရေစက်ချ လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက် စောင်းတန်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ရေး အဖွဲ့နာယက၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ သာသနာရေး ဆိုင်ရာများကို လျှောက် ထားပြီး လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

၁၇ ၁၉၉၆ ခုနှစ်၊ မြန်မာ့ ခရီးသွားနှစ်ကို ကြိုဆိုသော အားဖြင့် All Nippon Airways (ANA) လေကြောင်းလိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြည်ပထွက်ခွာဆောင်၌ ကျင်းပသည်။ အဆိုပါလေကြောင်း၉၉လိုင်းသစ် ဖွင့်လှစ်သည့်နေ့မှာပင် All Nippon Airways လေကြောင်းသည် အိုဆာကာမြို့ ကန်ဆိုင်း လေဆိပ်မှ ရန်ကုန်မြို့သို့ စတင်ပျံသန်းသည်။

၁၈ တိဘက်လျှုဘော လေကြောင်းပိုင် ၇၄၇ အမျိုးအစား ခရီးသည် တင်ဂျက်လေယာဉ်ကြီးတစ်စင်းသည် လေယာဉ်ကွင်းမှ ပျံသန်းထွက်ခွာ ပြီး နောက် မရှေးမနှောင်းမှာပင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း ပျက်ကျသွားရာ လေယာဉ်ပေါ်တွင် လိုက်ပါသွားသူ ၂၃၀ ဦးစလုံး အသက်ဆုံးရှုံးသွားပုံရသည်ဟု အေပီသတင်း တစ်ရပ်တွင် ဖော်ပြသည်။

၁၉ အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာ ပြည်နယ် အတ္တလန္တာ မြို့တွင် နှစ်(၁၀၀)ပြည့် အိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်လှစ်ပွဲကို ကျင်းပရာ ၁၉၇ နိုင်ငံမှ အားကစား သမားပေါင်း ၁၀,၀၀၀ ပါဝင်ဆင်နွှဲ သည်။ ရာပြည့်အိုလံပစ်ပြိုင်ပွဲကို အမေရိကန် သမ္မတ ကလင်တန်က ဖွင့်လှစ်ပေးပြီး ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ချန်ပီယံဟောင်း မိုဟာမက်အလီက အိုလံပစ်မီးရှူးတိုင်ကို နောက်ဆုံးလက် ဆင့်ကမ်းသယ်ယူကာ အိုလံပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ အထိ ထွန်းညှိထားမည့် မီးစလောင်းအတွင်း မီးညှိပေးခဲ့သည်။

၂၀ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ မြို့တော်တွင်ကျင်းပလျက်ရှိသော (၂၉)ကြိမ်မြောက် အာဆီယံဝန်ကြီး အဆင့် အစည်းအဝေးမှ မြန်မာနိုင်ငံ အား အာဆီယံ အဖွဲ့၏ လေ့လာသူအဖြစ် လက်ခံလိုက်သည်။ ဂျာကာတာ အစည်းအဝေးခန်းမ ဆောင်၌ ပြုလုပ်သော မြန်မာနိုင်ငံအား လေ့လာသူအဖြစ် လက်ခံသည့် အခမ်းအနားသို့ (၂၉) ကြိမ်မြောက် အာဆီယံ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ၊ အင်ဒိုနီးရှား နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီအလာတပ်စ် အမှူးပြုသော အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ၊ အာဆီယံ အဖွဲ့အတွင်းရေးမှူး ချုပ် ဒါတိုအာဂျစ်ဆင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော်နှင့် မြန်မာ ကိုယ်စားလှယ် အဖွဲ့ဝင် များ စုံစုံညီညီ တက်ရောက် ခဲ့ကြ သည်။

၂၀ - ၂၁ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နိုင်ငံခြားရေး ဝန်ကြီးများ၏ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျင်းပသည်။

၂၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ယခင် သတင်းထုတ်ပြန်ရေးအဖွဲ့အား သတင်းပြန်ကြားရေးကော်မတီအဖြစ် ပြန်လည်ဖွဲ့စည်းသည့် အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားလမ်းရှိတပ်မတော်ဧည့်ဂေဟာ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့နိုင်ငံ တကာလေဆိပ် အဆောက်အအုံ တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာလူခြောက်ဦး ထက် မနည်း သေဆုံးပြီး လူ ၂၀ ဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။

၂၃ ဘင်္ဂလားဒေ့ရှ်သမ္မတသစ်အဖြစ် တရားသူကြီးချုပ်ဟောင်း ရှာဟာဘက်ဒင်အာမက်အား ဆန့်ကျင်ကန့်ကွက်သူမရှိဘဲ ရွေးချယ် တင်မြှောက် လိုက်သည်။ ၎င်းသည်အောက်တိုဘာ ၈ ရက်နေ့တွင် သမ္မတသက်တမ်း ငါးနှစ်ကုန်ဆုံးမည့် လက်ရှိသမ္မတ ရာမန် ဘီစဝက်စ်၏ နေရာတွင် အစားထိုး တာဝန်ထမ်းဆောင်မည် ဖြစ်သည်။

၂၆ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းဗိုလ်လောင်း သင်တန်း အမှတ် စဉ်(၉၄) သင်တန်း ဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြ ကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊တပ်မတော်
၂၇ ထောက်လှမ်းရေးမိသားစု ဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိတပ်မတော်ဓမ္မာရုံ၌ ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရာပြည့်အိုလံပစ်အားကစားပွဲတော်ကျင်းပလျက်ရှိသော အမေရိကန် ပြည်ထောင်စု၊ ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့တွင်ပွဲတော်အထိမ်းအမှတ် ဖျော်ဖြေရေးအစီအစဉ်အရ စင်တင် တေးဂီတပွဲ ကျင်းပရာ ပန်းခြံတွင် ဗုံး တစ်လုံး ပေါက်ကွဲ သဖြင့် လူ ၁၅၀ မှ ၂၀၀ အတွင်း ထိခိုက်ဒဏ်ရာရရှိသွားပြီး အသက် (၄၄) နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ သေဆုံးသွားကြောင်း တာဝန်ခံအရာရှိများက ပြောကြားကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၂၈ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ သင်ကြားစီမံနှင့် စာသင်သား သံဃာတော် ၄၅၀ တို့အား တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

အိုလံပစ်ပြိုင်ပွဲတွင် ဗုံးပေါက်ကွဲ
၃၀ မှုနှင့် ဗုံးဖောက်ခွဲမှုကြောင့် ဖြစ်ပုံရသည့် တီဒဗလျူအေ လေယာဉ်ပျက်ကျမှုတို့ ကြုံတွေ့ခဲ့ရပြီးနောက် အနောက်အုပ်စုနိုင်ငံများမှ ဝန်ကြီးများသည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ညီလာခံ တစ်ရပ်ကို ပါရီမြို့၌ စတင်ကျင်းပသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ
၃၁ ဆောက်လုပ်လှူဒါန်းသော ငွေကျပ် ၁၈၆ သိန်းကျော်တန် "သုကမာရမဂ္ဂဒီပနီ" သုံးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်း အနားကိုအဆိုပါ သုကမာရမဂ္ဂဒီပနီ ကျောင်းဆောင်သစ်ကြီး မြေညီထပ်၌ ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်၍ဆရာတော်ကြီးများအား ဝါဆို သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သုကမာရမဂ္ဂဒီပနီကျောင်းဆောင်သစ်ကြီး လှူဒါန်းခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို နာဂလိုဏ်ဂူ ကလေးဝ တောရ စာသင်တိုက် ပဓာန နာယက ဆရာတော်အား လွှဲပြောင်း ဆက်ကပ်လှူဒါန်းသည်။

## ဩဂုတ်လ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၁ တည်ဆောက်ရေးအဖွဲ့ သတင်းဖြန့်ချိရေး ကော်မတီ၏ ပထမအကြိမ် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ပြည်လမ်း၊ မြန်မာ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန စတူဒီယို အေ ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ သတင်းဖြန့်ချိရေး ကော်မတီ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းတင်၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်သူ့ ဆက်ဆံရေး နှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အကြံပေးအရာရှိ ဦးကျော်ဆန်းနှင့် သတင်းဖြန့်ချိရေး ကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် သံရုံးများမှ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ သတင်းဖြန့်ချိရေး ကော်မတီ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ် အေးကျော်က ပဏာမ အမှာစကား ပြောကြားသည်။

ချီချင်ယာပြည်နယ် ခေါင်းဆောင်ဟောင်း ဗိုခါဒူဒါယဲဗ် အသက်ရှင်နေသည်ဆိုသည့်သတင်း မမှန်ကန်ကြောင်း ရုရှားဗဟိုထောက်လှမ်းရေး ဌာနက ပြောကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၂ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စွယ်တော်မြတ် စေတီတော် တွင် ကပ်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက် မြတ်နားတော် ပြုလုပ်ထားမှုနှင့် စွယ်တော်မြတ် ကိန်းဝပ်စံပယ်မည့် ကြုတ်တော်ပတ် လည်ရှိ ကျောက်စိမ်းဆင်းတုတော်ကိုးဆူ ထုလုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြိုင်ပွဲ ပေါင်း ၂၇၁ ပွဲကို ၁၆ ရက်
၄ ကြာ ကျင်းပခဲ့ပြီးနောက် အနှစ် ၁၀၀ ပြည့် အတ္တလန္တာ နွေရာသီ အိုလံပစ်အားကစားပွဲတော် ပြီးဆုံးသည်။

ပြည်ထောင်စု မြန်မာ နိုင်ငံတော်
၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိသော ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အမ်နွေ ဗီရာဗန်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ လွှတ်တော် အဆောက်အအုံရှိ သံတမန် ခန်းမတွင် လက်ခံတွေ့ဆုံသည်။

မန္တလေး အပြည်ပြည် ဆိုင်ရာ
၉ လေဆိပ် အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မန္တလေးတိုင်း၊ တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည် ဆိုင်ရာ လေဆိပ် တည်ဆောက်ရေး လုပ်ငန်းခွင်ရှိ ယာယီ မဏ္ဍပ်တွင် ကျင်းပ သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့




**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ သတင်းဖြန့်ချိရေးကော်မတီ၏ ပထမအကြိမ်သတင်းစာရှင်းလင်းပွဲတွင် သတင်းဖြန့်ချိရေးကော်မတီခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အေးကျော် အမှာစကားပြောကြားစဉ်**

အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသူ ကျောင်းသားများ၊ အသင်း အဖွဲ့များမှ အဖွဲ့ဝင်အသင်းဝင်များ၊ ဒေသခံ ပြည်သူများ စုစုပေါင်း ၃၀,၀၀၀ ကျော်တက်ရောက်ကြသည်။

ရာပြည့် အိုလံပစ်တွင် ရွှေ ၁၆၊ ငွေ ၂၂ နှင့် ကြေး ၁၂ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထချိတ်သည့် တရုတ် ပြည်က ဆုတံဆိပ်ရ အားကစားသမားများအား သူရဲကောင်းများအဖြစ် သဘောထားကာ ရွှေတံဆိပ်ရှင် တစ်ဦးလျှင် ယွမ် တစ်သန်း (ဒေါ်လာ ၁,၂၀,၀၀၀) ချီးမြှင့်ရန် စီစဉ်လိုက်သည်။

၁၀ ခမာနီ ပြောက်ကျား တပ်ရင်း တစ်ရင်းက လက်နက်ချရန် သဘောတူ ထားပြီး ဖြစ်ကြောင်း သတင်းများပေါ်ထွက်နေ ချိန်၌ ခမာနီ ပြောက်ကျား ခေါင်းဆောင်အချို့ အပြား တို့အား အစိုးရဘက်သို့ ကူးပြောင်းလာ ကြရန် ကမ္ဘောဒီးယား အစိုးရက တိုက်တွန်း ပြောကြား လိုက်သည်။

၁၂-၁၆ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မလေးရှားနိုင်ငံ ဘုရင်မင်းမြတ်တွန်ကူဂျဖာအိ(ဘ်)နီ၊ အယ်လ်မာဟွမ်း၊တွန်ကူအဗ္ဗဒူလ် ရာမန်နှင့် မိဖုရားတွန်ကူနဂျိ ဟပ်ဘင် တီအယ်လ်မာဟွမ်း၊ တွန်ကူဘီဆာဘားဟာချူဒင်တို့၏ ဖိတ်ကြား ချက် အရ မလေးရှားနိုင်ငံသို့ ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာ သွားကြသည်။ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အေဘယ်လ်၊ နိုင်ငံ ခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်နှင်ဇနီး၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော်၊ ဆောက်လုပ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း၊ တနင်္သာရီတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သူရသီဟသူရ စစ်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ အတူတကွ လိုက်ပါ သွားကြ သည်။

၁၅ ပါကစ္စတန် နိုင်ငံ ကာရာချိမြို့တော်တွင်နိုင်ငံ၏လွတ်လပ်ရေး အောင်ပွဲနေ့သို့ တက်ရောက်လာကြပြီး ဝတ်ပြု ဆုတောင်းနေ ကြသူ ဆွန်နီ မွတ်ဆလင်ဝတ်ပြုဆုတောင်း သူများအား သေနတ်သမားများက ပစ်ခတ်ခဲ့သဖြင့် လူ ၁၁ ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရသည်။

၁၆ တိုင်းပြည်၏ လက်ရှိ ရှိနေ သော နိုင်ငံ ရေး ဖွဲ့စည်း တည်ဆောက်ပုံသည် တိုင်းပြည်ကို ကောင်းစွာ အကျိုးပြုခဲ့ကြောင်း အင်ဒိုနီးရှား သမ္မတ ဆူဟာတိုက ပြောကြားပြီး နိုင်ငံရေး ပြုပြင် ပြောင်းလဲမှုကို လက်မခံဘဲ ငြင်းပယ် လိုက်သည်။

၁၇ အမေရိကန်တွင် ကျင်းပ ပြီး စီးသွားခဲ့ သည့် အတ္တလန္တာ အိုလံပစ်

တွင် အောင်မြင်မှုအရနည်းခဲ့သည့် ဂျပန်နိုင်ငံသည်အားကစားသမား ကောင်း များကို လတ်တလောဖော်ထုတ်နိုင်ဖွယ် မရှိသော်လည်း အနာဂတ် တွင် ထူးချွန်သော အားကစားသမား ကောင်း များမွေးထုတ်ရန်အတွက် ခေတ်မီနည်းပညာအထောက်အကူပြု အားကစားသုတေသန ဗဟိုဌာနတစ်ခုကို ထူထောင်ရန် စီစဉ်လိုက် သည်။

တောင်အာဖရိကသမ္မတနယ်လ်ဆင်
၂၀ မင်ဒဲလားသည် ၁၉၉၉ ခုနှစ်၌
နိုင်ငံအကြီးအကဲ အဖြစ်မှ အနားယူရန် စီစဉ်ထားသည်ထက် စော၍ လာမည့်နှစ် ၌ အာဏာရအာဖရိကအမျိုးသားကွန်ကရက် အကြီးအကဲအဖြစ်မှ နုတ်ထွက် မည်ဖြစ်ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်
၂၁ မလေးရှားနိုင်ငံတို့ အကြား
စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သော အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ဆွေးနွေးမှာကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၂၂ - တည်ဆောက် ရေး အဖွဲ့ ဒုတိယ
၂၃ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်
ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး သည် ဇူလ ၂၂ ရက်၌ တောင်ကြီးမြို့ ဘူတာရှေ့မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည့် တောင်ကြီး-ရွှေညောင် ရထားလမ်းသစ် ဖောက်လုပ်ခြင်း စခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။ ထို့နောက် ထိုနေ့ နံနက် ၉ နာရီ၌ တောင်ကြီးမှ ကယားပြည်နယ်သို့ သွားရောက်ပြီး ဘောလခဲ မြို့ရှိ ဒေါတချရေလှောင်တမံကို ကြည့်ရှုစစ် ဆေးသည်။ ထိုမှ ရှမ်းပြည်နယ် ဖယ်ခုံမြို့၊ ဗထူး တပ်မြို့များသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ၂၃ ရက် နေ့၌ ဗိုလ်ချုပ်ကြီး မောင်အေး သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၅) သင်တန်း ဆင်းပွဲတွင် တက်ရောက် မိန့်ခွန်း ပြောကြားသည်။ ၂၄ နှင့် ၂၅ ရက်နေ့များ၌ ဗိုလ်ချုပ်ကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့၊ မိုင်းဆတ်မြို့၊ မိုင်းတုံမြို့နှင့် ကျိုင်းတုံမြို့များတွင် လည်းကောင်း၊ ၂၅ ရက် နှင့် ၂၇ ရက်နေ့များ၌ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့များတွင် လည်းကောင်း ဒေသ ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများကို စစ်ဆေးပြီး ဒေသခံ တိုင်းရင်းသားများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



ဆီးနှင်းမှန်တိုင်းမိ၍ အတိဒုက္ခရောက်ရသည့် ဟိမဝန္တာ
တောင်တန်းရောက် ဟိန္ဒူဘုရား ဖူးများ

ဟိမဝန္တာတောင်တန်းရှိရေးဟောင်း
၂၄ ဂူတစ်ခုသို့ ဘုရားဖူးသွားရောက်
ရာမှ ဆီးနှင်းမုန်တိုင်းမိပြီး အတိဒုက္ခရောက်ခဲ့သည့် ဟိန္ဒူဘုရားဖူး ၈၀,၀၀၀ ခန့်အား အိန္ဒိယတပ်များက ရဟတ်ယာဉ်များဖြင့် ကယ်တင်ရန် အစီအစဉ်ကို ရုတ်တရက် ကျရောက်လာပြန်သော ဆီးနှင်းမုန်တိုင်းနှင့် သည်းထန်စွာ ရွာသွန်းသည့် မိုးက ဟန့်တားလိုက်သည်။

ကွန်ဂိုသမ္မတ ပါစတယ်လစ်
၂၇ ဆိုဘီက နိုင်ငံခြားရေးဝန်ကြီး
ချားလ် ဒေးဗစ်ဂါနာအို (၆၈) နှစ်အား လာမည့် သမ္မတရွေးကောက်ပွဲ ပြီးဆုံး ချိန်အထိ တာဝန်ယူ ဆောင်ရွက်သွားရမည့် ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်လိုက် သည်။ ဝန်ကြီးချုပ်ဟောင်း ဂျက်ကွီဂျို အာရှစ်ဟွန်ဘီအို ပန်ဂိုအစိုးရသည် လွန်ခဲ့သည့်အပတ်က နုတ်ထွက်သွားခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၂၈ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊
တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်တည်ဆောက်ပြီးစီးသွား သည့် အမျိုးသားပြတိုက်သစ် နှင့် ပြတိုက်တွင် ခင်းကျင်း ပြသထားသော ရှေးဟောင်း အမွေအနှစ် လက်ရာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဝမ္မပါလကုန်းတော် တွင်
၃၀ တည်ထားလျက်ရှိသည့် စွယ်တော်
မြတ်စေတီတော် အလယ်ဌာပနာတော်

သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားကို စွယ်တော်မြတ် စေတီတော် ပရိဝုဏ် အတွင်း ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုပြီး သံဃာတော် အရှင်မြတ်များအား ငွေဖောဓိပင်နှင့် သက်န်း အစရှိသော လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

# စက်တင်ဘာလ

၁ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘဒ္ဒန္တ ခမာဝဒ လယ်တီဆရာတော်ကြီး၏ သက်တော် ၈၅ နှစ်ပြည့် မဟာဝိဇာတ ပူဇာသဘင်နှင့် သိက္ခာတော်တင် မင်္ဂလာ အခမ်းအနားကို ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း မဟာဗောဓိလမ်း ဓမ္မိကာရာမ (ကျိုက်ပိ) ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ကြည်ညိုပြီး သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။

၂ ဖိလစ်ပိုင်အစိုးရနှင့် မွတ်ဆလင် သူပုန်တို့ ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးလိုက်ကြရာ ဖိလစ်ပိုင်နိုင်ငံ၏ အဆိုးရွားဆုံး သောင်းကျန်းမှု အဆုံးသတ်သွားပြီ ဖြစ်သည်။ ၂၆ နှစ်တာ ဆူပူ သောင်းကျန်းမှုကာလအတွင်း လူပေါင်း ၁၂၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။

၄ - ၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါ လျက် မန္တလေး မြို့ အနီးရှိ ရဲရွာရေအား လျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေ လေ့လာခြင်း၊ ကျောက်ဆည်မြို့နယ်၊ ကျောက်ဆောက်ကုန်း ကျေးရွာ အနန္တသုခစေတီ ထီးတော်တင် မင်္ဂလာအခမ်း အနား တက်ရောက်ကာ ငှက်မြတ်နားတော်နှင့် ထီးတော်ကို မင်္ဂလာ ပန်းရထားဖြင့် ပင့်ဆောင် တင်လှူခြင်း၊ အမရပူရမြို့နယ်ရှိ မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ တပ်ကုန်းမြို့နယ် အတွင်းရှိ ဆင်သေရေလှောင်တမံ စီမံကိန်း၊ ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁ မိုင်အကွာရှိ ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးခြင်း၊ မန္တလေး စွယ်တော်မြတ်စေတီ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ မန္တလေး မြို့ပတ်လမ်း တည်ဆောက်မှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကာ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်နှင့် စေတီပုထိုးများ ဖူးမြော်ခြင်း၊ မန္တလေးမြို့ သဖန်းဆိပ် ရေလှောင်တမံစီမံကိန်း ရေပိုလွှဲအူကြောင်း တူးဖော်မှု၊ ချင်းတွင်းတံတား

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ လှိုင်ရတနာအိမ်ရာစခန်း





**ငြိမ်းချမ်းရေး လက်မှတ် ရေးထိုးပြီးနောက် ဖိလစ်ပိုင်သမ္မတ ရာမို့စ် (ဝဲ) နှင့် မွတ်စလင် သူပုန်ခေါင်းဆောင်(ယာ)တို့အား တွေ့ရစဉ်**

(ရေစကြို) စီမံကိန်းနှင့် ကန့်ဘလူမြို့နယ်ရှိ ကင်းတပ်ရေလွှဲတမံတို့ကို စစ်ဆေး၍ မုံရွာမြို့နယ်မှ မဟာဗောဓိ တစ်ထောင် ဆရာတော်အား ဖူးမြော်ခြင်း၊ မုံရွာမြို့ မင်းဒေါင့် ချင်းတွင်းမြစ် ရေတင် စီမံကိန်း လုပ်ငန်းခွင်၊နန္ဒဝန် ရပ်ကွက်သစ်ရှိ စက်မှုလက်မှုဇုန်၊ မကွေးတိုင်း၊ မြိုင်မြို့နယ်ရှိ ကျောက်ခွက် လက်ပံတို ရေနံနှင့် သဘာဝ ဓာတ်ငွေ့ နယ်မြေသို့ သွားရောက်၍ လေ့လာ စစ်ဆေးခြင်း၊ ပခုက္ကူမြို့ သိဟိုဠ်ရှင် မြတ်စွာဘုရားကြီး၌ ကျင်းပသည့် ဗုဒ္ဓါဘိသေက မဟာမင်္ဂလာ အနေကဇာတင် လှူပွဲ အခမ်းအနား တက်ရောက်၍ စေတုတ္တရာ မြို့နယ်အတွင်း ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံ စီမံကိန်း၊ ရောဝတီတံတား (ချောက်) တည်ဆောက် ရေး စီမံကိန်းနှင့် ပုဂံတည်ဆောက်ရေး လုပ်ငန်းများအား စစ်ဆေးပြီး ရိုးမပတ် ရထားလမ်း ဖောက်လုပ်နေသော တပ် မတော် သားများ အား ကြည့်ရှုအားပေး လမ်းညွှန်ခဲ့၍ ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၊ စေတီ ပုထိုးများ မွမ်းမံ ထိန်း သိမ်းမှု ကြည့်ရှု စစ်ဆေးခြင်း စသည်များ ဆောင်ရွက်သည်။

၁၂ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း၊နှစ်ပတ်လည်သင်း လုံးကျွတ် အစည်းအဝေး(၁၉၉၆) ကို ရန်ကုန်တိုင်း၊ မှော်ဘီမြို့ရှိ ဗဟို ပြည်သူ့ ဆက် ဆံ ရေး တပ်၊ ပြည် ထောင် စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းကျောင်း၊ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပသည်။

၁၅ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေး အသင်း၊ နှစ်ပတ်လည် သင်းလုံး ကျွတ်အစည်းအဝေး (၁၉၉၆) ကြီးသို့ ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယက၊ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ၊တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ သြဝါဒစကား မြွက်ကြား သည်။

မြန်မာနိုင်ငံမြောက်ဖျား ကချင် ပြည်နယ် ပူတာအိုခရိုင်ရှိ မြန်မာနိုင်ငံ၏ အမြင့်ဆုံး တောင်ထိပ်ဖြစ်သော ခါကာ ဘိုရာဇီ တောင်ထိပ်သို့ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် ဂျပန်နိုင်ငံမှ မစ္စတာ တာ ကာ ရှိ အို ဇာ ကီ တို့ ပူးပေါင်း၍ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စတင်၍ တက်ရောက်ကြရာ စက်တင်ဘာလ ၁၅ ရက် ညနေ ၃ နာရီ ၁၂ မိနစ်တွင် တောင်ထိပ်သို့ ရောက်ရှိပြီး မြန်မာတောင်တက်အဖွဲ့ဝင် ဦးနမားဂျွန်ဆင်က မြန်မာနိုင်ငံတော် အလံအား စိုက်ထူခဲ့သည်။

၁၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နှစ်ပတ် လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ဆောက်လုပ် ရေး အဖွဲ့အစည်းများ အကျိုးတူ ပူးပေါင်း ဆောင် ရွက် ရေး အ စီအ စဉ် အ ရ တည်ဆောက် အကောင်အထည်ဖော်ခဲ့ကြ သော မရမ်းကုန်း မြို့နယ် ရှိ သီရိမွန် မြို့ပြ ဖွံ့ဖြိုးရေး စီမံကိန်း၊ သီရိမွန်ပလာဇာ၊ နှင်းဆီ၊ ကံ့ကော်၊ စပယ်ဆောင်၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုံပလာဇာအိမ်ရာစီမံကိန်း အဆောက် အအုံ၊ ပုဇွန်တောင်မြို့နယ်ရှိ ဗိုလ်မြတ်ထွန်း အိမ် ရာ စီ မံ ကိန်း အ ဆောက်အ အုံ၊ လမ်းမတော်မြို့နယ်ရှိ ဝင်းရွှေဝါ အဆောက် အအုံ အိမ်ရာစီမံကိန်း၊ ကမာရွတ်မြို့နယ်ရှိ အောင်မြေသာစည် စီမံကိန်း၊လှိုင်မြို့နယ်ရှိ အေးရိပ်မွန် အိမ်ရာစီမံကိန်း အဆောက် အအုံ၊ မရမ်းကုန်းမြို့နယ်ရှိ မြိုင်ဟေဝန် ဥယျာဉ် အိမ်ရာစီမံကိန်း အဆောက်အအုံ တို့ကို ဖွင့်လှစ်ခဲ့သည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နှစ်ပတ် လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) က ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ကြီးမှူးဆောက်လုပ်ခဲ့သော လှိုင်မြို့နယ် အဆင့်(၁) လှိုင်ရတနာ အိမ်ရာစခန်း ဖွင့်ပွဲ နှင့် အဆင့် (၂) လှိုင်မြင်းမိုရ် အိမ်ရာ စခန်းကို ဖွင့်လှစ်ပေးသည်။

၁၈ ရွှေတိဂုံစေတီတော် တောင်ဘက် မုခ်ဦး၊ ရွှေစောင်းတန်းတော် ကြီး ဖွင့်ပွဲ မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ၍ ကိုးဘုံဆင့် တန်ဆောင်း၌ ရွှေတိဂုံ စေတီတော် တောင်ဘက်မုခ်ဦး ရွှေ စောင်းတန်းတော်ကြီးကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နှစ်ပတ် လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန၊ အမျိုးသားပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့နယ်၊ ပြည်လမ်းရှိ အဆိုပါပြတိုက် မုခ်ဦးနှင့်ပရဝဏ်အတွင်း ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောပြီး အမျိုးသား ပြတိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၁၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နှစ်ပတ် လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင် ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန် ကြား ရေး ဦး စီး ဌာ န၊ ရန် ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးသည်။

၂၀ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း အလုပ်သင် ဗိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၂၄ သင်တန်းဆင်းပွဲ အခမ်းအနားကို ဗထူးတပ်မြို့ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

၂၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးသည် ဝန်ကြီးများ၊ ဌာနအကြီးအကဲများ လိုက်ပါလျက် ရှာင်မြို့နယ်ရှိ ပြဒါး လင်းဂူသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကာ နံရံပန်းချီလက်ရာများ ထိန်းသိမ်း စောင့်ရှောက်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အိန္ဒိယတရားရုံးတစ်ရုံးက လိမ်လည်မှုတစ်မှုနှင့်ပတ်သက်၍ စွဲချက် တင်ရန် ဆင့်ခေါ်ခံရသည့်အတွက် အိန္ဒိယ ဝန်ကြီးချုပ်ဟောင်း နာရာဆင်ဟာရောင်းသည် အိန္ဒိယကွန်ဂရက်ပါတီ ဥက္ကဋ္ဌမှ နုတ်ထွက်သည်။ နာရာဆင်ဟာရောင်းက စွပ်စွဲချက်ကို ငြင်းဆိုလိုက်ရင်း မိမိရာထူးမှ နုတ်ထွက်ခြင်းမှာ မိမိတို့ပါတီ အကျိုးစီးပွားအတွက် ဖြစ်ကြောင်း ပြောဆိုသည်။

၂၆ မန္တလေးတိုင်း၊ အမရပူရ မြို့နယ် မဟာဝမ္မရံသီကုန်းတော်မြတ်တွင် တည်ထားကိုးကွယ်လျက်ရှိသောစွယ်တော်မြတ် စေတီတော် (မန္တလေး) အလယ်ဌာပနာ တော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း၊ မဟာမင်္ဂလာ အခမ်းအနားကို စေတီတော် ပရဝဏ် အတွင်းရှိဗဟိုမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညိုပြီး ခက်မငါးဖြာနှင့် ပြည့်စုံသည့် ငွေဗောဓိပင်နှင့် မဟာမုနိ ရုပ်ပွားဆင်းတုတော်ကို အလယ်ဌာပနာ တိုက်တော်သို့ ပင့်ဆောင် တင်လှူ ပူဇော်သည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး သန်းရွှေသည် ဒုတိယ ဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူပုဂ္ဂိုလ်များ လိုက်ပါကာ တောင်ကြီး ခရိုင် ရှာင်မြို့နယ်ရှိ ပြဒါး လင်းဂူသို့ ရဟတ်ယာဉ်များဖြင့် သွား ရောက်ကာ ကျောက်ခေတ်လူသားတို့၏ နံရံဆေးရေးပန်းချီ လက်ရာများကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

## အောက်တိုဘာလ

၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်/ တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၆ ခုနှစ် ဒုတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၆ ခုနှစ် ဒုတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ နိဂုံးချုပ် အမှာစကား ပြောကြားသည်။

စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုမြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေညာချက်အမှတ် ၁/၉၆ ကို ယနေ့ ထုတ်ပြန်သည်။ ယင်းကြေညာချက်တွင် ကောင်းမွန်တိုးတက်လာသည့် နိုင်ငံတော် အခြေအနေများအတွက် တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး မရှိမဖြစ် လိုအပ် ကြောင်း၊ မြန်မာနိုင်ငံ၌ တရားဥပဒေ ချိုးဖောက်မှုကြောင့် အရေးယူမှုသာရှိကြောင်း၊ နိုင်ငံရေး အကျဉ်းသမား မရှိကြောင်း၊ အမေရိကန် သမ္မတ ကြေညာချက်သည် ပြည်တွင်းရေး စွက်ဖက်ရန် ကြိုးပမ်းချက်ဖြစ်ပြီး နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှု များကို လျစ်လျူရှုထားကြောင်း၊ ထို့ကြောင့် ကြေညာချက် တစ်ခုလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် လက်မခံဘဲ ပယ်ချကြောင်း၊ မြန်မာ့ပြည်တွင်းရေး စွက်ဖက်သူ အမေရိကန်နိုင်ငံသားများအား ပြည်ဝင်ဗီဇာ ထုတ်ပေးခြင်း ရပ်ဆိုင်းကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်သည့်ကြေညာချက်အမှတ် ၁/၉၆ နှင့် ပတ်သက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြုလုပ်သည့် အထူး သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ အင်းလျားလမ်းရှိတပ်မတော်ညဉ့်ဂေဟာ ခန်းမ၌ ကျင်းပသည်။

၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဦးစီး ဗိုလ်မှူးကြီး (စီမံရေးနှင့် စစ်ဆင်ရေး) ရုံးခန်း၌ စွယ်တော်မြတ် စေတီတော်

(မန္တလေး) တွင် ကပ်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြုလုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၉ - ၁၁ ကာကွယ်ရေးဝန်ကြီးဌာနစစ်မဟာဗျူဟာလေ့လာရေးရုံးက ကြီးမှူးကျင်းပသည့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုမည့် လူမှုစီးပွားရေးအကြောင်း အချက်များဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

၁၀ အမေရိကန် ရီပတ်ဘလီကင် သမ္မတလောင်း ဘော့ပ်ဒိုးလ်သည် ဒုတိယသမ္မတလောင်း ဂျက်ကင့် နှင့် ပင်လယ်ကွေ့သူရဲကောင်း ကော်လင်းပါဝယ်တို့ ခြံရံလျက် အမေရိကန်သမ္မတကလင်တန်အား အကြောက်တရားနှင့် မယုံသင်္ကာဖြစ်မှု မျိုးစေ့ချပေးနေသူအဖြစ် စွပ်စွဲခဲ့သည်။ အိုဟိုင်းယိုးပြည်နယ်ဖြတ်၍ နှစ်ရက်ကြာ ဘတ်စ်ကားခရီးစဉ်စတင်ရာတွင် ဘော့ပ်ဒိုးလ်က မိမိသည် ယုံကြည်ကိုးစားထိုက်သူဖြစ်ပြီး ကလင်တန်မှာယုံကြည်ကိုးစားထိုက်သူမဟုတ်ဟု ပြောဆိုသည်။

**ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသည့်အယ်ဒီပီပါတီခေါင်းဆောင် ဝန်ကြီးချုပ် ရူတာရို ဟာရှိမိုတို**



၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ရန်ကုန်တောင်ပိုင်း ခရိုင် သန်လျင်မြို့နယ်သို့ သွားရောက်ကာ သန်လျင်–ကျောက်တန်း ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသောနှစ်လယ် မြန်မာ့ကျောက် မျက်ရတနာပြပွဲ အကြို ခင်းကျင်းပြသမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၁၆ - ၁၉ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရေဘတ်ဆမ္မဒေး ပရေနိုရိုဒွန် သီဟာနု ဗာမန် နှင့် ကြင်ရာတော် မိဖုရား ဆမ္မဒေး ပရေရိုချ်အကက်မိုဟေစီနိုရိုဒွန်မိုနီ နိစ်သ် သီဟာနုတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေး ခရီး သွားရောက်လည်ပတ်သည်။

၁၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မှော်ဘီမြို့၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ဗဟို စပါးစိုက်ပျိုးရေး စံပြခြံ၌ ၁၉၉၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းစီစဉ် ပြသထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး နှင့်အဖွဲ့ဝင်များ သည် ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ခင်းကျင်းစီစဉ်ပြသထားသည့် ၁၉၉၆ ခုနှစ် ဒုတိယအကြိမ်မြန်မာ့ဆေးနှင့် ဆေးပစ္စည်းများပြပွဲကို သွားရောက် ကြည့်ရှု စစ်ဆေးသည်။

၂၀ စတုတ္ထအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဝန်ကြီးချုပ်ရူတာရိုဟာရှိမိုတို၏ လစ်ဘရယ် ဒီမိုကရက်တစ် ပါတီသည် ဂျပန် ပါလီမန် အောက်လွှတ်တော် ရွေးပွဲတွင် အမတ်နေရာ ၅၀၀ အနက် ၂၃၉ နေရာ အနိုင် ရရှိလိုက်ရာ အစိုးရအဖွဲ့ အတွင်း၌ ကြီးစိုးနိုင် သော နေရာအတွက် သေချာမှုရသွားပြီ ဖြစ်သည်။

၂၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှား နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတို အဗ္ဗဒူလာဘင် ဟာဂျီအာမက်ဘာ ဒါဝိနှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၆ ၁၉၉၆ မြန်မာနိုင်ငံ အော့ပ်တစ်မစ် ဖိတ်ခေါ်ဖလားနှင့် (၉) ကြိမ်မြောက် အာဆီယံ တံခွန်စိုက် အော့ပ်တစ်

မစ် ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ အင်းလျားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အဆောက်အအုံရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ၁၉၉၆ မြန်မာနိုင်ငံ အောပ်တစ်မစ် ဖိတ်ခေါ်ပလားနှင့် (၉) ကြိမ်မြောက် အာဆီယံ တံခွန်စိုက် အောပ်တစ်မစ် ရွက်လှေပြိုင်ပွဲ ကျင်းပရေး နာယက အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍အဖွင့် မိန့်ခွန်း ပြောကြားသည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့၊ မြို့မ အားကစားကွင်း၌ နိုဝင်ဘာ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည့် မြန်မာ့ ခရီးသွားနှစ် ဈေးပွဲတော်ပြင်ဆင် ပြီးစီးမှု အခြေအနေများကို သွားရောက် ကြည့်ရှု စစ်ဆေး သည်။

၃၁ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိ နေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတ နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှု လက်မှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ တိုဖေးလ် အာ မက် နှင့် အဖွဲ့ အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

၁၉၉၆ မြန်မာနိုင်ငံ အောပ်တစ်မစ် ဖိတ်ခေါ်ပလားနှင့် (၉) ကြိမ်မြောက် အာဆီယံ တံခွန်စိုက် အောပ်တစ်မစ် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ အင်းလျားကန်ရှိ ရန်ကုန် ရွက်လှေအသင်း အဆောက် အအုံရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက် ရောက်၍ မိန့်ခွန်းပြောကြား ပြီး ဆုများ ချီးမြှင့်ပေးအပ်သည်။

# နိုဝင်ဘာလ

၁ မြန်မာ့ ခရီးသွား နှစ် ဈေး ပွဲ တော်ဖွင့်ပွဲအခမ်းအနားကို မြို့မ အားကစားကွင်းရှိ ဈေးပွဲတော်အဝင် မုခ်ဦး တွင်ကျင်းပ သည်။ ကမ္ဘာ့ လှည့်ခရီးသည် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့် ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ် ချုပ်ကြီး ခင်ညွန့် တက် ရောက် ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအ ခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အ ဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး နှင့် တာဝန် ရှိ သူ များ တက်ရောက် ကြသည်။

သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်း စစ်စတင်ဖြစ်ပွားချိန်ကာလ၌ သမ္မတ အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ ဂျူးနီးယပ်စ် ရစ် ချတ် ဂျာ ယေ ဝါ ဒီ နေ (၉၀နှစ်) သည် ကွယ် လွန် အ နိ စ္စ ရောက်သည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ် ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အာဆီယံ အတွင်းရေးမှူးချုပ် ဒါတိုအာဂျစ်ဆင်းနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံ ရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၅ နိုင်ငံတော်ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး၏ ဖိတ်ကြား ချက်အရ ထိုင်းဘုရင့် (ကြည်း) တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချက် တားသန် နာဂျာရှိနှင့် အဖွဲ့သည် ရန်ကုန် မြို့သို့ ရောက်ရှိသည်။ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောင်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသည့်
သမ္မတ ဘီလ် ကလင်တန်



ဗိုလ်ချုပ်ကြီး မောင်အေး အမှူးပြု၍ တပ်မတော်အရာရှိကြီးများက ထိုင်းဘုရင့် (ကြည်း) တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ကြိုဆို နှုတ်ဆက်သည်။

ပါကစ္စတန် သမ္မတ ဖာရွတ် အာမက် လီဂါရီသည် ဝန်ကြီးချုပ်ဘနာ ဇီယာဘူတို နှင့် ၎င်း၏ အစိုးရအဖွဲ့ကို ရာထူးမှ ဖယ်ရှား လိုက်ပြီး ပါလီမန် ကိုလည်း ဖျက်သိမ်း လိုက်ပြီဖြစ်ကြောင်း အေပီပီသတင်းဌာနက ဖော်ပြလိုက်သည်။

အမေရိကန် ပြည်ထောင်စုတွင် ရွေးကောက်ပွဲများ စတင်ကျင်းပသည်။ သမ္မတ ကလင်တန်သည် ရီပတ် ဘလီကင် တို့၏ ခြေကုပ် မဲဆန္ဒနယ် ဖြစ်သော ဖလော် ရီဒါ ပြည်နယ်နှင့် အိုဟိုင်းယိုး ပြည်နယ်တို့ တွင် အနိုင်ရရှိကြောင်း အေပီသတင်း တစ်ရပ်က ဖော်ပြသည်။

၆ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် တွင် ချစ်ကြည်ရေး ခရီးအလည်အပတ် ရောက်ရှိနေသော ထိုင်း ဘုရင့် (ကြည်း) တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချက်တားသန်နာ ဂျာရှိနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၇ ဂျပန် ပါလီမန်က ရူတာရိုဟာ ရှိမိုတိုအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်လိုက်သည်။

၈ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံသို့ ရောက်ရှိ သော အာဆီယံအတွင်းရေးမှူးချုပ် ဒါတို အာဂျစ်ဆင်းနှင့်အဖွဲ့အား ပြည်သူ့လွှတ် တော် အဆောက်အအုံရှိ သံတမန်ခန်းမတွင် လက်ခံ တွေ့ဆုံသည်။



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးက ထိုင်းဘုရင့် (ကြည်း) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချက်တားသန်နာ ဂျာရှိအား ကြိုဆိုစဉ်

၉ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက်၏ (၃၃) ကြိမ်မြောက် ဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို အဆိုပါစာသင် တိုက်တွင်ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မ တော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက် ရောက်ကြပြီး ဆရာတော် သံဃာ တော်များ အား ကထိန်သင်္ကန်း အစရှိသောလှူ ဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်း ကြသည်။

၁၀ တာမွေမြို့နယ်၊ သာသနာ့ ဇေယျ မင်္ဂလာ ပရိယတ္တိစာသင်တိုက်၏ ပထမအကြိမ် ဘုံကထိန်အလှူတော် မင်္ဂလာ အခမ်းအနားကို တာမွေ၊ နတ်ချောင်း ရပ်ကွက်ရှိ အဆိုပါ စာသင်တိုက်တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဆရာတော် သံဃာတော် များအား ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

၁၁ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေး အသင်း နာယက၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့၊ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စု ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် ဩဝါဒစကား မြွက်ကြားသည်။

၁၁ - ၁၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီးသန်းရွှေသည် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်တကွတာဝန်ရှိသူများ လိုက်ပါလျက်

ဤ လ ၁၁ ရက်၌ တနင်္သာရီတိုင်း၊ ကော့သောင်း မြို့သို့ တပ်မတော် လေယာဉ်ဖြင့် ထွက်ခွာရာ ကော့သောင်း လေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်မှူးချုပ် သူရ သီဟသူရ စစ်မောင်နှင့် ယာယီ စစ်ဗျူဟာ မှူးတို့က ကော့သောင်းမြို့ စီးပွားရေး လုပ်ငန်းများ၊ ဝင်ငွေရရှိမှု၊ မြို့တွင်းလမ်းနှင့် လေယာဉ်ကွင်း ဆက်သွယ် လမ်းကောင်းမွန်ရေး၊ ကော့သောင်း လေဆိပ် အဆောက်အအုံ သစ် ဆောက်လုပ်ရေး လုပ်ငန်း၊ ဒီပါအောင်မြေစိန်ရောင် ခြည် စေတီတော်ကြီးပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။ ဗိုလ်ချုပ်မှူးကြီးသည် ဤ လ (၁၂) ရက်၌ ကော့သောင်း တပ်နယ် အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ အရာခံ အကြပ်စစ်သည်များနှင့် တွေ့ဆုံ၍ လိုအပ် သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီး နှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းနှင့် မြိတ်မြို့များသို့ သွားရောက်ပြီး မြို့ဖွံ့ဖြိုးရေး လုပ်ငန်း များကို စစ်ဆေးကြည့်ရှုသည်။ ဤလ (၁၃) ရက်နေ့၌ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မြိတ်မှ ကျွန်းစုမြို့သို့ သွားရောက် စစ်ဆေးကြည့်ရှုသည်။ နံနက် ၁၀ နာရီ၌ မြိတ်မြို့သို့ ပြန်လည် ထွက်ခွာ ကြသည်။ မြိတ်မြို့တွင် စစ်ဆေးကြည့်ရှု မှာကြားပြီး ထားဝယ်မြို့သို့ ထွက်ခွာ ကြသည်။ ဤလ (၁၄) ရက်၌ ထားဝယ်မှ ရေဖြူမြို့သို့ သွားရောက် စစ်ဆေး ကြည့် ရှုသည်။ ဤလ (၁၅) ရက်၌ မော်လမြိုင်မြို့သို့ ဆက်လက် ထွက်ခွာ ကြသည်။ ထို့နောက် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်သို့ သွားရောက်ဖူးမြော်ကြပြီး စေတီတော် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဤလ (၁၁) ရက်မှ (၁၅) ရက်အထိ တနင်္သာရီတိုင်း၊ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုး ရေးလုပ်ငန်း များကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်တွင် စွယ်တော် မြတ်စေတီတော် (ရန်ကုန်) အား ကပ်လှူ ပူဇော်မည့်စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြုတ်တော်နှင့် စွယ်တော် မြတ်စေတီတော် (မန္တလေး) အား ကပ်လှူပူဇော်မည့် ရွှေကြုတ်တော် ပြုလုပ်ထားမှုကို ကြည့်ရှု စစ်ဆေးသည်။

၁၈ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့တွင် ရောက်ရှိ နေသောဖိလစ်ပိုင်နိုင်ငံသမ္မတ၏ အကြံပေး ပုဂ္ဂိုလ်မစ္စတာ ဟိုဆေးတီ အယ်လ်မွန် တေးနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော် အဆောက် အအုံရှိ သံတမန် ခန်းမတွင် လက်ခံတွေ့ဆုံ သည်။

၁၉ တပ် မ တော် ထောက် လှမ်း ရေး မိသားစု သတ္တမအကြိမ် မဟာ ဘုံကထိန် အလှူတော် မင်္ဂလာ အခမ်း အနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော် ဓမ္မာရုံတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ သံဃာတော် အရှင်မြတ်များအား ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

၂၀ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး လိုက်ပါလျက် ကန်တော်ကြီးရှိ လှေသဘင် ပွဲတော် ဗဟိုမဏ္ဍပ်သို့ ရောက်ရှိပြီး သတ္တမ အကြိမ်မြောက် မြန်မာ့ ရိုးရာ ယဉ်ကျေးမှု လှေသဘင်ပွဲတော်ကို ကြည့်ရှုအားပေး သည်။

၂၁ နိုင်ငံတော် ငြိမ် ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မင်္ဂလာ တောင်ညွန့်မြို့နယ်၊ အထက် ပုဇွန်တောင် လမ်း၊ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန အဆောက် အအုံတွင် ခင်းကျင်းပြသ လျက်ရှိသော ၁၉၉၆ ခု မြန်မာ့ ခရီးသွားနှစ် ကုန်စည်ပြပွဲသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

၂၂ ဝါရဒါဌာတုစေတီယ စွယ်တော် မြတ် စေတီ တော် (ရန် ကုန်) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော် ပရိဝုဏ် အတွင်းတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ အထက် ဌာပနာတော်တိုက်သို့ သွင်းလှူ ပူဇော်မည့် ဌာပနာပစ္စည်းများကို ပင့်ဆောင်ကာ တပ်မတော်(လေ) မြလေယာဉ် ထီးတော် တင်အဖွဲ့ မင်္ဂလာရထားဖြင့် တင်လှူပူဇော်ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဌာပနာပစ္စည်းများကို အထက်ဌာပနာတိုက် အတွင်း ထည့်သွင်း ပူဇော်ပေးသည်။

၂၃ နိုင် ငံတော် ငြိမ်ဝပ် ပိ ပြား မှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလားသတ္တမ အကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု လှေသဘင် ပွဲတော် ပိတ်ပွဲနှင့်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အောင်ပွဲရ အသင်းများအား တံခွန် စိုက် ဆု ဖလား များကို ချီးမြှင့် ပေးအပ်သည်။

၂၄ အိန္ဒိယနိုင်ငံ ဘင်္ဂလိုတွင် ကျင်းပ သည့် ၁၉၉၆ မယ်ကမ္ဘာရွေးပွဲတွင် ဂရိနိုင်ငံမှ အိုင်ရင်းဆလီဗာက မယ်ကမ္ဘာ ဘွဲ့ ဆွတ်ခူးသွားသည်။

၂၅ ဓါရဒါဌာတတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်) ရွှေကြာသင်္ကန်း၊ မြသပိတ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ဝမ္ဗပါလ ကုန်းမြေရှိ စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်းတွင်ကျင်းပသည်။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့ တက်ရောက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အားယပ်တောင်တော်နှင့် ရွှေကြာသင်္ကန်း တို့ကို ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေသည်။

နိုင်ငံတော် ငြိမ် ဝပ်ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် ( ကြည်း) ဗိုလ် ချုပ် ကြီး မောင် အေး သည် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်ရှိ အေးသာယာဂေါက်ကလပ်အဆောက်အအုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထိုင်းစစ်တပ် အကြီးအကဲဟောင်း ချာဗာလစ် ယောင်ချိုင်ယုဒ်သည် ထိုင်းဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုကြောင်း အေပီ သတင်းတစ်ရပ် တွင် ဖော်ပြသည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဆူဟာတို ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် အာစီယံအဖွဲ့ဝင်နိုင်ငံ အစိုးရအကြီးအကဲများနှင့်ကမ္ဘောဒီးယား၊လာအို၊ မြန်မာနိုင်ငံတို့မှ အစိုးရအကြီးအကဲများ ၏ အလွတ်သဘော တွေ့ဆုံဆွေး နွေး သည့် အစည်းအဝေးသို့ တက် ရောက် ရန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

## ဒီဇင်ဘာလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတဆူဟာတို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် နိုဝင်ဘာ ၃၀ ရက်၌ ကျင်းပသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံ အကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို မြန်မာနိုင်ငံတို့မှ အစိုးရအကြီးအကဲ များ၏ အလွတ်သဘော တွေ့ဆုံ ဆွေးနွေး သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၆ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်(အထက်လက်ဝဲစွယ်တော်) သည် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီတော်မူလာရာ ရန်ကုန်အပြည်ပြည် ဆိုင် ရာ လေဆိပ်မှ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ ၊ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂ မဟာ ပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဦးဆောင်သော ရဟန်းတော်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော ပြည်သူလူထုအပေါင်းက လေယာဉ်ကွင်း ပြည့် သောင်းသောင်းဖြဖြ ဆီးကြိုပူဇော်ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် တစ်ကြိမ်၊ ယခု ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်ကြွချီပြီးဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ဦးဝိစာရ လမ်းရှိ တပ်မတော်ခန်းမ၌အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ပြုလုပ်သည့် မြန်မာ့စက်မှုပြပွဲ ၉၆ ( Myanmar Machinery Expo 96 ) ခင်းကျင်း ပြသထားမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို လမ်းညွှန်မှာကြားသည်။

၇ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်းရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမရှေ့မျက်နှာစာ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၏ ကမ္ပည်းစာတန်းကို စက်ခလုတ်နှိပ်၍လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကို ဖဲကြိုးဖြတ်၍ လည်းကောင်း ဖွင့်လှစ်ပေးသည်။

ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကိုရန်ကုန်မြို့သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ၍ မိန့်ခွန်းပြောကြားသည်။

၈ စင်ကာပူ ပီနန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသနှင့် စင်ကာပူ ကျောင်းထိုင်ဆရာတော် ဦးတိလောကသိရီတို့အား အမှူးထား၍ တိစနဝိဟာရ စင်ကာပူကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အဆိုပါကျောင်းသစ်ရှေ့၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

၉ မန္တလေးတိုင်း၊ အမရပူရ မြို့နယ်၊ မဟာဝမ္မရံသီကုန်းတော်မြတ်တွင် တည်ထားကိုးကွယ်သည့်ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)၏အထက်ဌာ ပနာ



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က သက်ကြီးစာပေပညာရှင်များအား ကန်တော့ပစ္စည်းပေးအပ်စဉ်

တော်သွင်း မဟာမင်္ဂလာ အခမ်း အနားကို စေတီတော်ပရဝဏ်၌ ရေးထုံး စဉ်လာများနှင့်အညီကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ တောင်ဘက်ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ကကုသန္ဓဗုဒ္ဓရုပ်ပွားတော်နှင့် ဌာပနာပစ္စည်းများကို အထက် ဌာပနာတိုက်သို့ ပင့်ဆောင်တင်လှူပူဇော်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင်ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စုနိုင်ငံအောက်လွှတ်တော်အမတ် မစ္စတာဂျေ၊ ဒင်းနစ် အတ်စတက်ဦးဆောင်သော အောက်လွှတ်တော် အမတ်များအဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန်၌ ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၁၀ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ ပြည်ထောင်စု ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၇)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်း ဆင်း ဩဝါဒစကား မြွက်ကြားသည်။

၁၁ ၁၉၉၆ခုနှစ်၊ သတ္တမ အကြိမ် အမျိုးသားရေး ဆောင်ပုဒ်များ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၊ ၁၉၉၅ ခုနှစ် အတွက် အမျိုးသား စာပေ ဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်း သဘင် အခမ်းအနား ကို ရန်ကုန်မြို့၊ မြို့မ ကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်း ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိသူများကို ဆုများချီးမြှင့်သည်။

နှစ်ပေါင်းများစွာကပင် နှစ်နိုင်ငံဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ရသည့် ဂင်္ဂါမြစ်ရေခွဲဝေသုံးစွဲရေးနှင့် ပတ်သက်၍ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ သဘောတူညီမှု ရရှိခဲ့ကြသည်။ အဆိုပါ သဘောတူညီမှုသည် နှစ်နိုင်ငံဆက်ဆံရေးတင်းမာစေသည့် အခြားပြဿနာများ အဖြေရှာရန် ပထမခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု မျှော်လင့်ကြောင်း ဘင်္ဂလားဒေ့ရှ် ဝန်ကြီး ချုပ် ရှိတ်ဟာဆီနာက ပြောကြား သည်။

၁၂ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၅၈ ခုနှစ် (၁၉၉၆) မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင် ၆၆ ဦး ကန်တော့ပွဲအခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အဖွဲ့

အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ သက်ကြီးစာပေပညာရှင်များအား ကန်တော့ပြီး ကန်တော့ပစ္စည်းများပေးအပ်သည်။

ဂါနာနိုင်ငံသား အသက် ၅၈ နှစ်ရှိ
၁၃ ကုလသမဂ္ဂအတွင်းလူကိုဖီအန်နန်အား သတ္တမမြောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ်ခန့်အပ်ရန် အဖွဲ့ဝင်၁၅ နိုင်ငံပါဝင်သည့်ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူညီအတည်ပြု လိုက်သည်။ လုံခြုံရေးကောင်စီက သဘော တူအတည်ပြုလိုက်သည်နှင့် နောက်ထပ်အတည်ပြုချက်ရယူရေး အတွက် အဖွဲ့ဝင် ၁၈၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်း ရန်ဖြစ်သည်။ အန်နန်၏ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ငါးနှစ် သက်တမ်းမှာ ဇန်န ဝါရီလ ၁ ရက် နေ့တွင် စတင်မည် ဖြစ် သည်။

မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊
၁၄ မဟာဝမ္မရံသီ ကုန်းတော်မြတ် တွင်တည်ထား ကိုးကွယ်သည့် ရတနာ ပုဏ္ဏဝရဒါဋ္ဌာတတုစေတီယ စွယ်တော် မြတ်စေတီတော်(မန္တလေး)၏ ရွှေထီး တော်တင် မဟာမင်္ဂလာအခမ်းအနားကို စေတီတော်ပရဝဏ်၌ ကျင်းပရာ နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ရွှေ ထီးတော်ဘုံအဆင့်များနှင့်ငှက်မြတ်နား တော်၊ စိန်ဖူးတော်တို့ကို မင်္ဂလာ ရထားမျှ ဖြင့် တင်လှူပူဇော်ပေးသည်။

မန္တလေးမြို့ မဟာ အတုလ ဝေ ယံ
၁၅ (အတုမရှိ)ကျောင်းတိုက်ကြီးရှိ ဗုဒ္ဓရုပ်ပွား တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို အတု မရှိကျောင်းတိုက်ကြီးအပေါ်ထပ်၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ပရိတ်တရား တော်နာယူကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် ရွှေစာရံစေတီပရဝဏ်အတွင်းရှိ ဖိုးပေါ် ဘုရားပြန်လည်မွမ်းမံထိန်းသိမ်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရန်ကင်းတောင်သို့ သွားရောက်ကာသဘာဝ ငါးရံ့မင်းလိုဏ်ဂူဘုရားကို ဖူးမြော် ကြည်ညိုသည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု
၁၆ တည် ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က မန္တလေး တိုင်း၊ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်မှ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်း သည်။

၁၉၉၆ ခုနှစ် သတ္တမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်း သားအားကစားပွဲတော် ဖွင့်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်း၊ ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း ရင်ပြင်၌ ကျင်းပရာ ကျောင်းသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယက၊ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အားကစားပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပ ထမအ ကြိမ် မြန် မာ့ ရိုးရာ
၂၀ ယဉ်ကျေးမှု ရိုးရာပန်း ၁၀ မျိုး ပြပွဲပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ဆင်ဖြူကန်ကွင်း၌ ကျင်းပရာ ပြပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက် ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
၂၅ သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန် / မန္တလေး) တတိယအကြိမ် သာသန တက္ကသိလ ဓမ္မာစရိယ ဘွဲ့နှင်းသဘင်အခမ်းအနားကို သိရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပင့်ဆောင်လာပြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော် အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ မြတ်စွယ်တော်ကို ဆက်ကပ် ပူဇော်ထားသော ဘုရားပန်းအိုးတစ်ခုအတွင်းမှ မသမာသူ အဖျက်သမားအုပ်စု၏ ချိန်ကိုက် ဗုံးကြောင့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် နှစ်ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦး စုစုပေါင်း ငါးဦး သေဆုံးကာ ၁၈ ဦး ဒဏ်ရာ ရရှိခဲ့သည်။

၁၉၉၆ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်
၂၉ ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံ တပ်မတော် ဂေါက်ကွင်း၌ စတင်ကျင်းပ ရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၊ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တာဝန်ရှိသူများ တက်ရောက်၍ ပါဝင်ယှဉ်ပြိုင် ကစားကြသည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု
၃၀ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ၏ အထူးသတင်းစာရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီးဌာန အစည်းဝေး ခန်းမ၌ ကျင်းပသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား
သမ္မတကြီး မစ္စတာ ကျန်ဇီမင်းက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်စဉ်



အစ္စတာ နာဂါရာနန်းတော်၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာသော
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးတို့အား
မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် တွန်ကူဂျဖာအိ (ဘ်)နီ အယ်လ်မာဟွမ်း တွန်ကူအဗ္ဗဒူလ်ရာမန်နှင့် မိဖုရားတို့က
ကြိုဆိုနှုတ်ဆက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်စဉ်



ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရေဘတ် ဆမ္ဘဒေးပရေနိုရိုဒွန်သီဟာနုဗာမန်နှင့် ကြင်ရာတော်
မိဖုရားတို့ တည်ခင်းသော ဂုဏ်ပြုညစာစားပွဲတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ခွန်းပြောကြားစဉ်



အာဆီယံအဖွဲ့ဝင် နိုင်ငံအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ
အလွတ်သဘော တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ သမ္မတကြီး ဆူဟာတိုက အစ္စတာနာမာဒေးကားနန်းတော်၌
ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်

သစ်သားပန်းပုရုပ်ကို စိတ်ဝင်တစား
ထုလုပ်နေသော မြန်မာ့ ရိုးရာ
ပန်းပညာရှင်တစ်ဦး



အံ့မခန်း မြန်မာ့အနုပညာ
လက်ရာဆန်းများ





ကင်းတားရေလှောင်တမံ၏ ကြည်နူးဖွယ်မြင်ကွင်း



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် တည်ဆောက်ခဲ့သော တံတားကြီးများအနက်
တစ်ခုဖြစ်သော ဘုရင့်နောင်တံတား

## အပိုင်း – ၂

# လူမှုရေး၊ကျန်းမာရေး၊ တည်ဆောက်ပြုပြင်ရေး၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ).....ဦးရဲတင့်..................... ၃၄
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်...........ဦးစိုးအောင်..................၄၄
အကူပြုသည့်လမ်းတံတားများ
ယဉ်ကျေးမှုတက္ကသိုလ်..............................ဦးစိုးညွန့်..................... ၅၄
(ယဉ်ကျေးမှုတက္ကသိုလ်)
ခေတ်အဆက်ဆက်တိုးတက်လာသည့်................ဦးရဲမြင့်၊ ဦးလှဝင်း...........၆၂
ဆည်မြောင်းလုပ်ငန်းများ
မြန်မာ့ရိုးရာယဉ်ကျေးမှု ပန်း ၁၀ မျိုး ပြပွဲ ပြိုင်ပွဲ......ဦးမင်းနိုင်.......................၇၈
မြန်မာနိုင်ငံ ဘိုးဘွားရိပ်သာများ......................မောင်ငွေဒွေး.................. ၈၆
(လူမှုဝန်ထမ်း)
မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး..........ရင်ရင်လေး....................၉၆

အာဟာရနှင့်ကျန်းမာရေး...........................ဒေါက်တာမောင်မောင်ညို.....၁၀၈

နှစ်(၅၀)ပြည့် ရွှေရတုစာပေဗိမာန်.................မုံရွာဝင်းဖေ.................၁၂၄







# အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)

## နိဒါန်း

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ စတင်ဖွဲ့စည်းချိန်က အသင်းဝင်နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ လွတ်လပ်ရေးရရှိပြီး အာဆီယံသို့ အဖွဲ့ဝင်အဖြစ်ပါဝင်လာခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်တွင် ဗီယမ်နမ်နိုင်ငံသည် သတ္တမမြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

အာဆီယံကိုအဓိကအားဖြင့် အောက်ပါရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

(၁) ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတိုးတက် ဖြစ်ပေါ်မှုကို မြှင့်တင်ရန်၊

(၂) အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှု၊ ကြီးစိုးမှုများ ဒေသတွင်း စိမ့်ဝင်ပျံ့နှံ့မလာစေရေးအတွက် ဒေသ အတွင်း နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်း ကာကွယ်ရန်၊

(၃) ဒေသအတွင်းနိုင်ငံအချင်းချင်းအကြား ဖြစ်ပေါ်လာသော သဘောထားကွဲလွဲမှုများကို ညှိနှိုင်းဖြေရှင်းပေးသွားရန်။

## ထိပ်သီးအစည်းအဝေးများ

အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော်လည်း ယနေ့ကာလကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ပုံမှန်ပြုလုပ်နိုင်ခဲ့ခြင်းမရှိပေ။ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာဆီယံနိုင်ငံများမှ အကြီးအကဲများ၏ ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ၊ ဘာလီကျွန်းတွင် ပထမဆုံးအကြိမ်ကျင်းပခဲ့သည်။

ဘာလီထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံငြိမ်းချမ်းရေး ကြေညာစာတမ်း ( Declaration of ASEAN Concord ) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အာဆီယံအသင်းဝင် နိုင်ငံအားလုံးစုစည်းပေးရာ ရောက်သည့် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး စာချုပ်( Treaty of Amity and Cooperation )ကိုလည်း လက်မှတ်ရေးထိုး ခဲ့ကြသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် တည်ထောင်ဖွင့်လှစ်ရန်လည်း ဆုံးဖြတ်ခဲ့သည်။

ဒုတိယထိပ်သီးအစည်းအဝေးကို ၁၉၇၇ ခုနှစ်၊ ဩဂုတ်လတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၌ အာဆီယံဖွဲ့စည်းမှု (၁၀) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည်။ သက်တမ်း ၃၀ နှစ်ရှိပြီဖြစ်သောအာဆီယံသည် ထိပ်သီးအစည်းအဝေး ငါးကြိမ်ကျင်းပခဲ့သည်။ တတိယထိပ်သီးအစည်းအဝေးကို ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ဒေသတွင်းနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

စတုတ္ထထိပ်သီးအစည်းအဝေးကို ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံဒေသအတွင်းလွတ်လပ်သောကုန်သွယ်မှုနယ်မြေ ( Asean Free Trade Area- AFTA ) ဖော်ဆောင်နိုင်ရေးကို ဦးတည်ရည်မှန်းသည့် "အများအကျိုးရှိမည့် အကောက်အခွန်ဆိုင်ရာ သဘောတူညီချက် ( Common Effective Preferential Tariff Scheme- CEPT)" ကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင် ကွန်မြူနစ်နိုင်ငံဖြစ်သော ဗီယက်နမ်နှင့်လာအိုတို့သည် အာဆီယံလေ့လာသူများ ဖြစ်လာသည်။



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်သော
မြန်မာကိုယ်စားလှယ်အဖွဲ့အား စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်က ၂၈–၁၁–၉၆ နေ့တွင်
တိုနာမတ်(ချ)ကန်းထရီးကလပ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်

၁၉၇၇ ခုနှစ်တွင် အာဆီယံနိုင်ငံများအကြား ဦးစားပေးကုန်သွယ်မှုအစီအစဉ် ( ASEAN Preferential Trade Arrangement )ကိုစတင်ဆောင်ရွက်ခဲ့သော်လည်း (AFTA)ခေါ် အာဆီယံဒေသတွင်းလွတ်လပ်သော ကုန်သွယ်မှုနယ်ထူထောင်ရေးလုပ်ငန်းကဲ့သို့ကျယ်ပြန့်ခြင်း မရှိပေ။ အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုနယ်မြေကို သက္ကရာဇ် ၂၀၀၈ ခုနှစ်တွင် အပြီး တည်ထောင်ရန် အာဆီယံနိုင်ငံများက ဆုံးဖြတ်ချက်ချမှတ် ထားသည်။ စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားသော အာဆီယံနိုင်ငံများသည် သက္ကရာဇ် ၂၀၀၈ ခုနှစ်ထက် စောပြီး ရည်မှန်းချက်ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ကြမည်ဟု မျှော်မှန်းထားကြသည်။

အာဆီယံဒေသအတွင်း လွတ်လပ်သောကုန်သွယ်မှုနယ်မြေဖော်ဆောင်ရေး ( AFTA)၏ အဓိကရည်မှန်းချက်မှာဒေသတွင်း နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရန်နှင့် အာဆီယံနိုင်ငံအချင်းချင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင် အာဆီယံနိုင်ငံများအနေဖြင့် ကုန်ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ပြီးကမ္ဘာ့ဈေးကွက်တွင် ပါဝင်နေရာယူရန်လည်း မျှော်မှန်းထားသည်။ အာဆီယံနိုင်ငံများသည် "အများအကျိုးရှိမည့် အကောက်ခွန်ဆိုင်ရာ သဘောတူညီချက် ( CEPT ) "အရ အဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန်နှုန်းထားများ လျှော့ချရန်နှင့် အကောက်ခွန်ဆိုင်ရာ လုပ်နည်း၊ စနစ်၊ ဇယားများကို တစ်ပုံစံတည်း ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိကြသည်။

အာဆီယံပဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ အရှေ့တောင်အာရှ (၁၀) နိုင်ငံစလုံးမှခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ပဋ္ဌမအကြိမ်ထိပ်သီးအစည်းအဝေးတွင် **အရှေ့တောင်အာရှ နျူကလီးယား လက်နက်မဲ့ဒေသပေါ်ထွန်းရေးစာချုပ်**( South East Asia Nuclear Weapons Free Zone ) ( SEANWFZ )ကို အာဆီယံအဖွဲ့ဝင်

ခုနစ်နိုင်ငံနှင့် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများမှ အကြီးအကဲများ လက်မှတ်ရေးထိုးခဲ့ကြသည်။

လာအိုနိုင်ငံသည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၆ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း အာဆီယံ၏ လေ့လာသူနိုင်ငံများအသီးသီးဖြစ်လာသည်။ မြန်မာအပါအဝင် ယင်းနိုင်ငံသုံးနိုင်ငံအား အာဆီယံအဖွဲ့ကြီး၏ တင်းပြည့်အဖွဲ့ဝင်များအဖြစ် တစ်ပြိုင်တည်း၊တစ်ချိန်တည်းလက်ခံရန် အာဆီယံခေါင်းဆောင်များက ရည်ရွယ်ထားကြသည်။

## အာဆီယံဒေသဆိုင်ရာအဖွဲ့အစည်း (အေအာရ်အက်ဖ်)

အာဆီယံဒေသဆိုင်ရာ အဖွဲ့အစည်း (ASEAN Regional Forum- ARF) ကို ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ သံတမန်နည်းအရ ကြိုတင်ကာကွယ်ခြင်း ( Preventive Diplomacy ) နှင့် နိုင်ငံများအကြား ယုံကြည်မှုတည်ဆောက်ခြင်း ( Confidence Building ) တို့အတွက် နိုင်ငံအချင်းချင်း ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆွေးနွေးနိုင်မည့် စုညီအဖွဲ့အစည်း ဖြစ်ဟန်ဟူသော ရည်မှန်းချက်ဖြင့် အာဆီယံဒေသဆိုင်ရာ အဖွဲ့အစည်းကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့တွင် အာဆီယံအဖွဲ့ဝင် ခုနစ်နိုင်ငံအပြင် ဆွေးနွေးဖက်နိုင်ငံများအဖြစ် အောက်ပါနိုင်ငံများ ပါဝင်သည်။

၁။ ဩစတြေးလျ
၂။ ကနေဒါ
၃။ ဥရောပသမဂ္ဂနိုင်ငံများ( ဥရောပသမဂ္ဂ ဥက္ကဋ္ဌနိုင်ငံက တာဝန်ယူဆွေးနွေးသည်။)
၄။ ဂျပန်
၅။ နယူးဇီလန်
၆။ ကိုရီးယားသမ္မတနိုင်ငံ
၇။ အမေရိကန် ပြည်ထောင်စု

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာခမ်တေးဆီဖန်ဒုံအား (၂၉-၁၁-၉၆) နေ့က ဝန်ကြီးချုပ်၏ ညှိခန်းမတွင် တွေ့ဆုံနှုတ်ဆက်စဉ်





နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်မလေးရှားနိုင်ငံဝန်ကြီးချုပ်
ဒါတိုဆရီဒေါက်တာမဟာသီ မိုဟာမက်တို့(၂၉.၁၁.၉၆) နေ့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်

၈။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်( UNDP )
၉။ အိန္ဒိယ
၁၀။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

အာဆီယံသည် ပါကစ္စတန်နိုင်ငံနှင့်လည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများ စတင်နေပြီဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံသို့မဟုတ် နှစ်နိုင်ငံကို ဆွေးနွေးဖက်အဖြစ် အလှည့်ကျတာဝန်ယူ ရသည်။ အာဆီယံတွင် ဒေသတွင်း နိုင်ငံ (၁၀) နိုင်ငံလုံး အဖွဲ့ဝင်ဖြစ်လာခဲ့သည့်အခါတွင် အဖွဲ့ဝင်တစ်နိုင်ငံကို ဆွေးနွေးဖက်တစ်နိုင်ငံစီ တာဝန်ယူနိုင်မည်ဟုမျှော်မှန်းထားသည်။

အာဆီယံသည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းကော်မတီအသီးသီး ဖွဲ့စည်းပြီး ပုံမှန်ဆွေးနွေးမှုများပြုလုပ်လျက် ရှိသည်။

- သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေး
  ( Committee on Science and Technology - COST )
- ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး
  ( ASEAN Senior Officials on the Environment - ASOE )
- ယဉ်ကျေးမှုနှင့်ပြန်ကြားရေး
  (Committee on Culture and Information - COCI )
- လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး
  (Committee on Social Development- COSD)
- မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး
  (ASEAN Senior Officials on Drug - ASOD)
- အစိုးရဝန်ထမ်းများဆိုင်ရာ ကိစ္စရပ်များ
  (ASEAN Committee on Civil Service Matters- ACCSM )

## အာဆီယံ၏ ရေရှည်ရည်မှန်းချက်များ

မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသရှိ (၁၀) နိုင်ငံလုံးအာဆီယံအဖွဲ့ကြီးတွင်ပါဝင်ခွင့် ရရှိသည့်အခါတွင် အရှေ့တောင်အာရှဒေသမှ နယ်မြေအကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁ ဒသမ ၇ သန်းကျော်ရှိ ပြည်သူ သန်းပေါင်း ၅၀၀ နီးပါးတို့သည် အာဆီယံကို ကိုယ်စားပြု နိုင်တော့မည် ဖြစ်သည်။ ( ဇယား- က ရှုပါ )အာဆီယံ၏ မွန်မြတ်သောနိုင်ငံရေး၊ လုံခြုံရေးရည်ရွယ်ချက်များနှင့် စီးပွားရေးရည်ရွယ်ချက်များ၊ ယဉ်ကျေးမှုနှင့်လူမှုရေး ရည်ရွယ်ချက်များသည် ဒေသအတွင်းရှိပြည်သူသန်းပေါင်း ၅၀၀ ခန့်၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် တည်ငြိမ်အေးချမ်းသာယာသောဒေသကြီးဖြစ်ပေါ်လာရေး ကို ဦးတည်ထားပေသည်။

**အာဆီယံ၏နိုင်ငံရေးနှင့် လုံခြုံရေး ရည်ရွယ်ချက်များ–**

၁။ အရှေ့တောင်အာရှနိုင်ငံအားလုံး သက္ကရာဇ် ၂၀၀၀ တွင် အာဆီယံအသင်းဝင်ဖြစ်ရေး၊

၂။ လုံခြုံရေးဆိုင်ရာ အာဆီယံဒေသ စုပေါင်းဆွေးနွေးပွဲ ဖွံ့ဖြိုးတိုးတက်ရေး၊

၃။ တောင်တရုတ်ပင်လယ် အငြင်းပွားမှုဖြေရှင်းရေး၊

၄။ ချစ်ကြည်ရင်းနှီးရေးစာချုပ်တွင် အာဆီယံအသင်းဝင် မဟုတ်သောနိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးရန် အားပေးတိုက်တွန်းရေး၊

၅။ နျူကလီးယားလက်နက်မဲ့ဇုန် ထူထောင်ရေး၊

၆။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်ဖြစ်မှု မျှတရေး၊

**စီးပွားရေးရည်ရွယ်ချက်များ–**

၁။ သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် လွတ်လပ်သော အာဆီယံ ကုန်သွယ်ရေးနယ်မြေ ထူထောင်ရေး၊

၂။ ဒေသခွဲဆိုင်ရာ အစီအစဉ်များကို အားပေး ထောက်ခံ ရေး၊

၃။ ဝန်ဆောင်မှုလုပ်ငန်းများ၊ အတတ်ပညာရှင်များ၏ မူပိုင်ခွင့်ကိစ္စရပ်များ စေ့စပ်ဆွေးနွေးရေး၊

၄။ ပူးတွဲရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊

၅။ ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး၊

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက်အား ၂၉.၁၁.၉၆ နေ့က ဝန်ကြီးချုပ်၏ညေ့်ခန်းတွင် တွေ့ဆုံနှုတ်ဆက်စဉ်**





နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖီဒယ်လ်ဗွီရာမို့စ်အား ၃၀.၁၁.၉၆ နေ့က ဂါးဒင်းလောင်း(ချ)တွင် တွေ့ဆုံနှုတ်ဆက်စဉ်


နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဟတ်ဆန်နာဘိုကီးယားအား (၃၀.၁၁.၉၆) နေ့က ဘုရင်၏ ဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်စဉ်






နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအာဆီယံအဖွဲ့ဝင်နိုင်ငံ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ အစိုးရအကြီးအကဲများ၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးသည့်အစည်းအဝေးသို့ (၃၀-၁၁-၉၆)နေ့ကတက်ရောက်စဉ်

## အာဆီယံဖွဲ့စည်းပုံ






**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံတို့မှ အစိုးရအကြီးအကဲများ၊ အာဆီယံအဖွဲ့အတွင်းရေးမှူးဒါတိုအာဂျစ်ဆင်းတို့နှင့်အတူ (၃၀-၁၁-၉၆)နေ့က အာဆီယံဌာနချုပ်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

၆။ အငြင်းပွားမှုများ ဖြေရှင်းရေးစနစ်တစ်ရပ် ရေးဆွဲရေး၊

၇။ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ကိစ္စရပ် များတွင် အာဆီယံက ပို၍တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး။

**ယဉ်ကျေးမှုနှင့် လူမှုရေး ရည်ရွယ်ချက်များ -**

၁။ ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့် ရှောက်ရေးနှင့် ခေတ်ပြိုင်အနုပညာရပ်များကို တိုးမြှင့် အားပေးရေး၊

၂။ ပညာရေးနှင့်လေ့ကျင့်သင်တန်းပို့ချမှုများ တိုးမြှင့်ရေး၊

၃။ လူမှုရေးမျှတမှုနှင့် လူမှုရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေး၊

၄။ အမျိုးသမီးများအတွက် အခွင့်အလမ်းများ တိုးတက်ရရှိရေးနှင့် မိသားစုဘဝကျစ်လျစ်ခိုင်မာရေး၊

၅။ အေအိုင်ဒီအက်စ်ရောဂါနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်မှုများကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ရေး၊

၆။ အကျိုးဖြစ်ထွန်းမည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အားပေးရေး၊

အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် ဒေါ်လာသန်းပေါင်း ၄၉,၈၀၀ ရှိရာ ဥရောပနိုင်ငံများ၏ ကုန်သွယ်မှုထက်ကျော်လွန်လျက်ရှိသည်။ လွန်ခဲ့သော ငါးနှစ်က ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်းသည် နှစ်စဉ်ပျမ်းမျှ ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့ချိန်တွင် အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ပျမ်းမျှ ၇ ရာခိုင်နှုန်းရှိသည်။ (အာဆီယံနိုင်ငံခုနစ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသ ရှိ နိုင်ငံ ၁၀ နိုင်ငံ၏ စီးပွားရေးအခြေအနေကို ဇယား -ခ တွင် ရှုပါ။)

# အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)

အရှေ့တောင်အာရှနိုင်ငံများ၏ လူဦးရေနှင့် နိုင်ငံအကျယ်အဝန်း

ဇယား (က)

| နိုင်ငံ | လူဦးရေ (သန်း) | အကျယ်အဝန်း (စတုရန်းမိုင်) |
|---|---|---|
| အင်ဒိုနီးရှား | ၂၀၃.၅ | ၇၄၁,၀၅၂ |
| ဖိလစ်ပိုင် | ၇၃.၂ | ၁၁၅,၈၆၀ |
| မလေးရှား | ၁၉.၇ | ၁၂၇,၃၈၄ |
| စင်ကာပူ | ၂.၈ | ၂၄၇ |
| ထိုင်း | ၆၀.၂၇ | ၁၉၈,၁၁၅ |
| ဗီယက်နမ် | ၇၄.၃ | ၁၂၇,၂၄၆ |
| ဘရူနိုင်း | ၀.၂၉ | ၂၂၂၆ |
| မြန်မာ | ၄၇.၂ | ၂၆၁,၂၂၀ |
| ကမ္ဘောဒီးယား | ၁၀.၅၆ | ၇၀,၂၃၈ |
| လာအို | ၄.၈၃ | ၉၁,၄၂၉ |
| စုစုပေါင်း | ၄၉၆.၆၅ | ၁၇၃၅,၂၁၇ |

ရည်ညွှန်း = The World Almanac and Book of Facts 1996.

အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးအခြေအနေ

ဇယား (ခ) အမေရိကန်ဒေါ်လာ



| နိုင်ငံ | ပို့ကုန်တန်ဖိုး (၁၂ လ – ဘီလျံ) | တစ်ဦးချင်း ထုတ်လုပ်မှု တန်ဖိုး | တစ်ဦးချင်း ဝင်ငွေ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၉.၈ | ၃၇၀၅ | ၁၀၈၆ |
| ဖိလစ်ပိုင် | ၂၁.၃ | ၂၉၃၅ | ၁၂၆၅ |
| ထိုင်း | ၅၆.၉ | ၇၅၃၅ | ၂၉၇၀ |
| မလေးရှား | ၇၈.၂ | ၉၄၇၀ | ၄၄၆၆ |
| စင်ကာပူ | ၁၂၅ | ၂၃,၅၆၅ | ၃၀,၅၀၀ |
| ဘရူနိုင်း | ၂.၃ | ၁၈,၉၀၀ | ၂၀,၄၀၀ |
| ဗီယက်နမ် | ၆.၈ | ၁၃၁၀ | ၂၇၀ |
| မြန်မာ | ၁.၀ | ၇၅၃ | ၈၉၀ |
| ကမ္ဘောဒီးယား | ၀.၆ | ၁၂၆၆ | ၂၁၅ |
| လာအို | ၀.၃ | ၁၆၇၀ | ၃၇၀ |

* ရည်ညွှန်း = အေရှားဝိခ် ၂၃ – ၅ – ၉၇

## နိဂုံး

အရှေ့တောင်အာရှဒေသရှိ ၁၀ နိုင်ငံစလုံး အာဆီယံအဖွဲ့ဝင်ဖြစ်လာချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများသည် ပိုမိုကြီးထွားလာနိုင်သည်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများတွင် သဘာဝသယံဇာတအရင်းအမြစ်များ၊ လူ့လုပ်အားအရင်းအမြစ်များ ပေါကြွယ်ဝခြင်းနှင့် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးယားစသည့် အာဆီယံဝင်နိုင်ငံများ၏ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုစွမ်းပကားတို့ကို ပေါင်းစပ်လိုက်လျှင် အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံး အနေအထားကို ရရှိလာနိုင်ပေသည်။ အာဆီယံအဖွဲ့ကြီး၏နှစ် (၃၀) ပြည့်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ယခုနှစ်အတွင်း ကျင်းပရန်ရှိပေသည်။ ။

ဦးရဲတင့်



# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုသည့် လမ်းတံတားများ

## နိဒါန်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိက ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မြစ်ချောင်း၊ တောင်တန်း များသည် သဘာဝပထဝီဝင် အနေအထားအရ တောင်နှင့်မြောက် သွယ်တန်းနေခြင်းကြောင့် လမ်းများ ဖောက်လုပ်ခြင်းကို ယခင်ကတောင်နှင့် မြောက်အဓိက ထား၍ ဖောက်လုပ်ခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့(တပ်မတော်အစိုးရ) လက်ထက်တွင် တောင်နှင့်မြောက်သာမက အရှေ့နှင့်အနောက် ဆက်သွယ်သွားလာ နိုင်မည့် လမ်းများဆောက်လုပ်ခြင်း၊လမ်းများနှင့် အတူလိုအပ်သည့်နေရာများတွင် တံတားများ တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် လမ်း နှင့်တံတားများ တိုးတက်ပြုပြင်ခြင်းလုပ်ငန်း၊ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် တံတားသစ် များတည်ဆောက်ရေးလုပ်ငန်းတို့ကို စီမံချက်များချမှတ်ကာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ အင်တိုက် အားတိုက်ဆောင်ရွက်ခဲ့သည်။

## အဆင့်ငါးဆင့် ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၈၈ ခုနှစ် မတိုင်မီက ပြည်ထောင်စု လမ်းမကြီး ၁၁ လမ်း ၊ လမ်းမိုင်အရှည် ၂,၄၅၂ မိုင် ရှိခဲ့ရာမှ ယခုအခါ တောင်နှင့်မြောက်ဖောက်လုပ်ထားသော အလျားလိုက် လမ်းမကြီး ၃၅ လမ်း၊ လမ်းမိုင်အရှည်မိုင် ၉, ၄၅၀ နှင့် အရှေ့နှင့်အနောက်ဖောက်လုပ်ထားသော ကန့်လန့်ဖြတ်လမ်းမကြီး ၄၅ လမ်း၊ လမ်းမိုင်အရှည် ၅, ၆၉၂ မိုင် စုစုပေါင်း လမ်းမကြီး ၈၀ လမ်းမိုင်အရှည် ၁၅,၁၄၂ မိုင်ကို ပြည်ထောင်စု လမ်းမကြီးများအဖြစ် သတ်မှတ်ထားပြီး ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းများကို ဆက်သွယ်သော အဓိကလမ်းမကြီးများဖြစ်သည့် ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့်တိုင်းအဆင့်လမ်းများ၊ ခရိုင်အဆင့်လမ်းများ၊ မြို့နယ်အဆင့်လမ်းများ၊ ကျေးရွာအဆင့်လမ်းများဟူ၍ နိုင်ငံတော်အတွင်းရှိ လမ်းများကို အဆင့် ငါးဆင့်ခွဲ၍ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ကောင်းမွန်အောင် နည်းစနစ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

## လမ်းများတိုးတက်ပြုပြင်

လမ်းများတိုးတက်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် မြေလမ်းအဆင့်မှ ကျောက်စရစ်အမာခံလမ်းအဆင့်၊ ကျောက်လမ်းအဆင့်၊ ကတ္တရာလမ်းအဆင့်သို့လည်းကောင်း၊ ကတ္တရာလမ်းများအား တစ်လမ်းမောင်းအဆင့်မှ နှစ်လမ်းမောင်းအဆင့် ၊ လေးလမ်းမောင်းအဆင့် ခြောက်လမ်းမောင်းအဆင့်သို့ လည်းကောင်း တိုးတက်ပြုပြင်ခဲ့သည်။


ရန်ကုန်–မန္တလေးလမ်းမကြီး၏ ထောက်ကြံ့–ပဲခူးအပိုင်းတွင် ၃၁ မိုင် ၆ ဖာလုံကိုနှစ်လမ်းမောင်းအဆင့်မှ ခြောက်လမ်းမောင်းအဆင့်သို့ အလယ်ကျွန်းနှင့် ကတ္တရာလမ်းတိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ငယ်–ထုံးဘို–ပြင်ဦးလွင်ဖြတ်လမ်း ၉ မိုင်ကို ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်ခြင်း၊ ရန်ကုန်–ပုသိမ်ကားလမ်း၏ လှိုင်သာယာ–ညောင်တုန်းအပိုင်းတွင် ၂၃ မိုင်ကို အမာခံကျောက်ခင်းလမ်းအဆင့်မှ နှစ်လမ်းမောင်းကတ္တရာလမ်းအဆင့်သို့ တိုးတက်ပြုပြင်ခြင်း၊ တောင်ငူ–လိပ်သို–ယာဒို–လွိုင်ကော် ကားလမ်းတွင် မိုင် ၄၀ ကို ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်ခြင်း၊ ပုဂံ–ညောင်ဦး–တောင်ဇင်–ပုပ္ပားဖြတ်လမ်း (ဗျူတ္တာပန်းဆက်လမ်း) ၁၄ မိုင် ၇ ဖာလုံကိုကတ္တရာခင်းခြင်း၊ ရွှေဘို–မြစ်ကြီးနား ကားလမ်းတွင် ကချင်ပြည်နယ်၌ ၁၂၁ မိုင်နှင့် စစ်ကိုင်းတိုင်း၌ ၁၆၈ မိုင်၊ စုစုပေါင်း ၂၈၉ မိုင်ကို ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်ခြင်း၊ ပျဉ်းမနား–ပင်လောင်းကားလမ်း၏ မန္တလေးတိုင်းအတွင်း ၂၂ မိုင် ၆ ဖာလုံကိုကတ္တရာခင်းခြင်း၊

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လမ်းတံတားများ



ရထားလမ်း၊ ကားလမ်းပြိုင်လျက် ရန်ကုန်မြစ်ကို
ဖြတ်သန်းနိုင်သော ရန်ကုန်သံလျင် တံတားကြီး

ကျိုက္ကလိတံတားကိုဖွင့်လှစ်ခဲ့စဉ်က



မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းကားလမ်းတွင် မြေလမ်း ၁၆၁ မိုင်၊ အမာခံလမ်း ၁၁ မိုင်၊ ကျောက်လမ်း ၉၅ မိုင် ၅ ဖာလုံ၊ ကတ္တရာလမ်း ၃၅ မိုင် ဆောင်ရွက်ခြင်း၊ တာကော–မိုင်းပျဉ်း–ကျိုင်းတုံကားလမ်းတွင် ကျောက်စရစ် အမာခံလမ်း ၃၉ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၂၉ မိုင်၊ ကတ္တရာလမ်း ၄၅ မိုင် ၃ ဖာလုံ ဆောင်ရွက်ခြင်း၊ တောင်တွင်းကြီး– တောင်ညို– ပျဉ်းမနားကားလမ်းတွင် ကျောက်လမ်း ၃၃ မိုင်၊ ကတ္တရာလမ်း ၃၃ မိုင် ဆောင်ရွက်ခြင်း၊ မအူပင်–ဆားမလောက်ကားလမ်း ၂၃ မိုင်ကို က တ္တ ရာ လမ်း အ ဖြစ် ဆောင် ရွက် ခြင်း၊ သက္ကယ်ကျင်း– ဖောင်းပြင်– ဟုမ္မလင်း–ခန္တီးကားလမ်းတွင် ၂၈ မိုင် ၄ ဖာလုံကို ဂဝံခင်း အမာခံလမ်းအဆင့် ဆောင်ရွက်ခြင်း၊ ကလေး– ဖလမ်း–ဟားခါးကားလမ်းတွင် ကျောက်လမ်း ၄၅ မိုင်၊ ကတ္တရာလမ်း ၅၄ မိုင် ဆောင်ရွက်ခြင်း၊ ဂန့်ဂေါ–ဟားခါးကားလမ်းတွင် ကျောက်လမ်း ၃၄ မိုင်၊ ကတ္တရာလမ်း ၃ ဖာလုံဆောင်ရွက်ခြင်း၊ ဟားခါး–ထန်တလန် ကားလမ်း တွင် မြေလမ်း ၃ မိုင်၊ ကျောက်လမ်း ၂၂ မိုင် ဆောင်ရွက်ခြင်း၊ ရန်ကုန်–ကျောက်ဖြူကားလမ်း၏ တောင်ကုတ်–ကျောက်ဖြူအပိုင်းတွင် ၄မြေလမ်းအဆင့် ဖောက်လုပ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မန္တလေးမြို့အဝင်လမ်း ၅ မိုင်နှင့် ကလောမြို့တွင်းလမ်း ၆ ဖာလုံတို့ကို ခြောက်လမ်း မောင်းကတ္တရာလမ်းအဖြစ်လည်းကောင်း၊ မိတ္ထီလာမြို့ဝင်လမ်း ၃ မိုင် ၂ ဖာလုံ၊ ကလောမြို့တွင်းလမ်း ၁ မိုင် ၇ ဖာလုံ၊ လားရှိုးမြို့တွင်းလမ်း ၂ မိုင် ၂ ဖာလုံနှင့် တောင်ငူမြို့တွင်းလမ်း ၄ မိုင် ၂ ဖာလုံတို့ကို လေးလမ်းမောင်း ကတ္တရာလမ်းအဖြစ် လည်းကောင်း အသီးသီး တိုးချဲ့ပြုပြင်ဆောင်ရွက်ခဲ့သည်။

## ဖောက်လုပ်ဆဲလမ်းများ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေဆဲ လမ်းလုပ်ငန်းစီမံကိန်းများမှာ ကချင်ပြည်နယ်တွင် ၆ လမ်း၊ ချင်းပြည်နယ် တွင် ၄ လမ်း၊ တနင်္သာရီတိုင်းတွင် ၁ လမ်း၊ မကွေးတိုင်းတွင် ၂လမ်း၊ ရခိုင်ပြည်နယ်တွင် ၅ လမ်း၊ ရန်ကုန်တိုင်းတွင် ၁ လမ်း၊ ရှမ်းပြည်နယ်တွင် ၆ လမ်းနှင့် ဧရာဝတီတိုင်းတွင် ၂ လမ်းတို့ဖြစ်သည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား–ထိန်နန်း–ပူတာအိုလမ်း ၅၃ မိုင် ၇ ဖာလုံ၊ ပူတာအို–မချမ်းဘော–ဇရှခ– နောင်မွန်လမ်း ၇၆ မိုင်၊ မြစ်ကြီးနား–နမ္မတီး–တနိုင်း– ရှင်ဗွေရန်– ပန်ဆောက်– လီဒိုလမ်း ၂၂၈ မိုင်၊ မြစ်ကြီးနား–နမ္မတီး– မိုးကောင်း– ကာမိုင်း– ဖားကန့်–ဖားလမ့်– ခန္တီးလမ်း ၁၁၇ မိုင်၊ မြစ်ကြီးနား – ဗန်းမော်–မန်သာ–စီဦး–မဘိန်း – မိုးမိတ်–မိုးကုတ်လမ်း ၅၆ မိုင်၊ ရွှေဘို – မြစ်ကြီးနားလမ်း ၁၂၁ မိုင်စသည့် လမ်းခြောက်လမ်းကို ဖောက်လုပ်လျက်ရှိသည်။

ချင်းပြည်နယ်တွင် ဖောက်လုပ်လျက်ရှိသော လမ်းလေးလမ်းမှာ ကလေး–ဖလမ်း– ဟားခါးလမ်း ၁၁၅ မိုင်၊ ဂန့်ဂေါ–ဟားခါးလမ်း မိုင် ၇၀၊ ၄ ဖာလုံ၊ မင်းတပ်– မတူပီလမ်း ၁၀၂ မိုင်နှင့် ဟားခါး–မတူပီလမ်း ၁၇၂ မိုင်တို့ဖြစ်သည်။

တနင်္သာရီတိုင်းတွင် မြိတ်– တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းလမ်း ၃၀၂ မိုင် ၅ ဖာလုံ၊ မကွေးတိုင်းတွင် မကွေး–နတ်မောက်– ပျော်ဘွယ်လမ်း ၆၂ မိုင် ၁ ဖာလုံနှင့် တောင်တွင်းကြီး–တောင်ညို– ပျဉ်းမနားလမ်း ၆၆ မိုင်တို့ကို ဖောက်လုပ်လျက်ရှိသည်။


ရခိုင်ပြည်နယ်တွင် ဖောက်လုပ်လျက်ရှိသော လမ်း ၅ လမ်းမှာ မင်းဘူး–အမ်း–တပ်တောင်လမ်း၏ နတ်ရေကန် ရှောင်အပိုင်း ၂၂ မိုင် ၅ ဖာလုံ၊ အမ်း–မင်းပြားလမ်း ၈၈ မိုင်၊ သံတွဲ–ဂွ– ငသိုင်းချောင်းလမ်း၏ ဂွ–ငသိုင်းချောင်းအပိုင်း ၂၈ မိုင်နှင့် ဂွ–သံတွဲအပိုင်း ၈၃ မိုင်၊ ကျောက်တော်–ဘူးသီးတောင်လမ်း ၅၆ မိုင်နှင့် ရန်ကုန်–စစ်တွေလမ်း၏ အမ်း–စစ်တွေအပိုင်း ၂၀၂ မိုင်တို့ဖြစ်သည်။

ရန်ကုန်တိုင်းတွင် သန်လျင်–သီလဝါလမ်း ၉ မိုင် ၆ ဖာလုံနှင့် ရှမ်းပြည်နယ်တွင် တာကော–မိုင်းပျဉ်း–ကျိုင်းတုံလမ်း ၁၁၄ မိုင်၊ မိုင်းဖြတ်–မိုင်းယောင်းလမ်း ၄၇ မိုင်၊မိုင်းဖြတ်–မိုင်းဆတ်လမ်း ၉၄ မိုင်၊ လင်းခေး–မိုင်းပန်–တာဆန်လမ်း ၇၆ မိုင်၊ ပျဉ်းမနား–ပင်လောင်းလမ်း မိုင် ၇၀ ၂ ဖာလုံနှင့် ဟန်မြင့်မိုရ်–မြို့ကြီး–အောင်ပန်းလမ်း ၇၅ မိုင် ၆ ဖာလုံ စသည့် လမ်းခြောက်လမ်းတို့ကို ဖောက်လုပ်လျက်ရှိသည်။

## လျာထားသောလမ်းလုပ်ငန်းများ

ဦးစားပေးဆက်လက်ဆောင်ရွက်ရန် လျာထားသောလမ်းလုပ်ငန်းများမှာ ကချင်ပြည်နယ်တွင် ၆ လမ်း၊ ကယားပြည်နယ်တွင် ၁ လမ်း၊ ကရင်ပြည်နယ်တွင် ၁ လမ်း၊ ချင်းပြည်နယ်တွင် ၄ လမ်း၊ စစ်ကိုင်းတိုင်းတွင် ၄ လမ်း၊ တနင်္သာရီတိုင်းတွင် ၂ လမ်း၊ ပဲခူးတိုင်းတွင် ၁ လမ်း၊ မကွေးတိုင်းတွင် ၁ လမ်း၊ မွန်ပြည်နယ်တွင် ၁ လမ်း၊

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုသည့် လမ်းတံတားများ



ဧရာဝတီတိုင်းကို အလှဆင်နေသော
မြောင်းမြကြီးတံတား

နတ်ချောင်းတံတားမြင်ကွင်း



ရခိုင်ပြည်နယ်တွင် ၂ လမ်း၊ ရန်ကုန်တိုင်းတွင် ၂ လမ်း၊ ရှမ်းပြည်နယ်တွင် ၁ လမ်းနှင့် ဧရာဝတီတိုင်းတွင် ၂ လမ်းတို့ ဖြစ်သည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား- အင်ဂျန်ရန်-ထိန်နန်-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း ၌ အမာခံလမ်း ၁၀ မိုင်၊ မြစ်ကြီးနား-နမ္မတီ-တနိုင်း-ရှင်ဘွေရန်- ပန်ဆောက်လမ်း၌ နန်းယွန်းမြို့အဝင် အမာခံလမ်း ၃ မိုင်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း၌ ကတ္တရာလမ်း ၂ မိုင်၊ မြစ်ကြီးနား-မိုးကောင်း- ကာမိုင်း-ဖားကန့်-ဖားလမုံး-ခန္တီးလမ်း၌ မိုးကောင်း- ကာမိုင်း-ဖားကန့်အပိုင်း ၅၃ မိုင်၊ ပူတာအို-မချမ်းဘော- နောင်မွန်းလမ်း၌ အမာခံလမ်း နှစ်မိုင်နှင့် ဗန်းမော်-မန်သာ- ဗိကော်- စီဦး- မဘိန်း-မိုးမိတ်-မိုးကုတ်လမ်း၌ ကျောက်လမ်း ၁၀ မိုင်ခင်း ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်တွင် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်း၌ ကျောက်လမ်း၄ မိုင်ခင်းရန်နှင့် ကရင်ပြည်နယ်တွင်ပသီချောင်း-သံတောင်ကြီးလမ်း၌ ၁၂ ပေမှ ၁၈ ပေအကျယ်လမ်းချဲ့ခြင်း ၅ မိုင်ဆောင်ရွက်ရန် လျာထားပြီးဖြစ်သည်။

ချင်းပြည်နယ်တွင် ဟားခါး-မတူပီလမ်း၌ အမာခံလမ်း ၂ မိုင်၊ မင်းတပ်-မတူပီ-ပလက်ဝလမ်း၌ အမာခံလမ်း၁၅ မိုင်၊ ကလေး-ဖလမ်း-ဟားခါးလမ်း၌ အမာခံလမ်း ၆ မိုင် နှစ်ဖာလုံနှင့် မန္တလေး-စစ်ကိုင်း-မုံရွာ-ဂန့်ဂေါ-ဟားခါး လမ်း (ဂန့်ဂေါ-ဟားခါးအပိုင်း)၌ ၉၅ မိုင်လမ်းချဲ့၍ အမာခံ လမ်း ၁၂ မိုင်ခင်းရန် လျာထားဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းတွင် ခန္တီး-လဟယ်လမ်း၌ အမာခံလမ်း ၈ မိုင်၊ ထမန်သီ-လေရှီးလမ်း၌ အမာခံလမ်း ၁ မိုင်၊ ရေဦး-ဟုမ္မလင်း-ခန္တီးလမ်း(သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးအပိုင်း)၌ ၃၅ မိုင်မြေလမ်းချဲ့၍ အမာခံလမ်း ၁၀ မိုင်နှင့် ဂန့်ဂေါ-ကလောလမ်း (စိုင်ဒူး-ဟံသာဝတီ- နတ်ချောင်း အပိုင်း) ၌ အမာခံလမ်း ၆ မိုင်ခင်းရန် လျာထားပြီးဖြစ်သည်။

တနင်္သာရီတိုင်းတွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း (ထားဝယ်-ပလောက်-ပလော-မြိတ်လမ်း) ၌ အမာခံလမ်း ၈ မိုင်၊ ကျောက်လမ်း ၅ မိုင်၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၌ ကျောက်လမ်း ၁၃၆ မိုင် ၂ ဖာလုံခင်းရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းတွင် လက်ပံတန်း-ဟင်္သာတလမ်း၌ ကျောက်လမ်း ၁၆ မိုင်၊ မကွေးတိုင်းတွင် ပျဉ်းမနား-တောင်တွင်းကြီး-တောင်ညိုလမ်း၌ ကတ္တရာလမ်း ၂ မိုင်၊ မွန်ပြည်နယ်တွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း (သံဖြူဇရပ်-ရေးအပိုင်း) ၌ ကတ္တရာလမ်း ၄ မိုင် ၆ ဖာလုံခင်းရန် လျာထားပြီးဖြစ်သည်။

ရခိုင်ပြည်နယ်တွင်ရန်ကုန်-စစ်တွေလမ်း(အမ်း-စစ်တွေအပိုင်း) ၌ ကတ္တရာလမ်း ၇ မိုင်၊ ကျောက်ချောလမ်း မိုင် ၃၀ နှင့် ရေကြည်-သိုင်းချောင်း-ဂွလမ်း၌ ကတ္တရာ လမ်း ၅ မိုင်ခင်းရန် လျာထားဆောင်ရွက် လျက်ရှိသည်။

ရန်ကုန်တိုင်းတွင် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင် လမ်း၌ ၁၂ ပေမှ ၂၂ ပေအထိကတ္တရာလမ်း ၁ မိုင်၊ ၁၂ ပေမှ ၁၈ ပေအထိ ကတ္တရာလမ်း ၁ မိုင်ချဲ့ရန်၊ ထောက်ကြံ့-လှော်ကားလမ်း၌ ကတ္တရာလမ်း ၄ မိုင် ၄ ဖာလုံခင်းရန်နှင့် ရှမ်းပြည်နယ်တွင် တာကော- မိုင်းပျဉ်း-ကျိုင်းတုံလမ်း၌ ကတ္တရာလမ်း ၁၁၄ မိုင် ခင်းရန် လျာထားပြီး ဖြစ်သည်။


ဧရာဝတီတိုင်းတွင် ရန်ကုန်- ပုသိမ် လမ်း (ညောင်တုန်း -သုံးခွအပိုင်း) ၌ ၁၂ ပေမှ ၁၈ ပေအထိ ကတ္တရာလမ်း ၃ မိုင် ၃ ဖာလုံနှင့် ဟင်္သာတ-ဇလွန်-ဓနုဖြူလမ်း၌ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံခင်းရန် လျာထားဆောင်ရွက်လျက်ရှိသည်။

## လမ်းသစ် ၂,၇၂၇ မိုင်ဖောက်လုပ်ပြီး

နိုင်ငံတော်တွင် နယ်စပ်ဒေသများ အပါအဝင် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် လမ်းများ တိုးတက် ပြုပြင်ခြင်းလုပ်ငန်းနှင့် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို တိုးချဲ့ဆောင်ရွက်ခဲ့ရာ ၁၉၉၄-၉၅ ခုနှစ်တွင် လမ်းသစ်မိုင်အရှည် ၅၈၁ မိုင်၊ ၁၉၉၅ -၉၆ ခုနှစ်တွင် လမ်းသစ်မိုင်အရှည် ၄၅၂ ဒသမ ၂၅ မိုင်နှင့် ၁၉၉၆-၉၇ ခုနှစ်တွင် ၁၉၉၆ ခုနှစ်ကုန်အထိ လမ်းအသစ် မိုင်အရှည် ၇၀၆ မိုင်တို့ကို ကတ္တရာလမ်း ခင်းနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် လမ်းသစ်မိုင်အရှည် ၂,၇၂၇ မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ခြင်းကြောင့် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင်အရှည်စုစုပေါင်း ၁၄,၅၇၃ မိုင်ရှိခဲ့ရာမှ ၁၉၉၆ ခုနှစ် နှစ်ကုန်အထိ လမ်းမိုင်အရှည်စုစုပေါင်း၁၇,၃၀၀ မိုင်ရှိနေပြီ ဖြစ်သည်။


## တံတားအသစ် ၁၄၆ ခု တည်ဆောက်

လမ်းသစ်များတိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းနှင့်အတူ တံတားအသစ်များ တည်ဆောက်ခြင်း လုပ်ငန်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။ ခန်းဖွင့်ကျယ် မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် အချိန်တို အတွင်း မြန်မြန်ဆန်ဆန်ပြီးစီးနိုင်ရေးအတွက် ခေတ်မီ



ရော၀တီတံတား (ပြည်) ရေလည်တိုင် အမှတ်(၁)
ကွန်ကရစ်လောင်းရန်ပြင်ဆင်ခဲ့စဉ်က

ရှမ်းပြည်နယ်တန့်ယန်းမြို့နယ်ရှိ
တာကောအက်တံတားအပေါ်စီးမြင်ကွင်း



တံတားတည်ဆောက်မှုနည်းပညာနှင့် ခေတ်မီ စက်ကိရိယာများကို အသုံးပြုပြီး မြန်မာ အင်ဂျင်နီယာများကိုယ်တိုင် ပုံစံထုတ်၊ ကြီးကြပ်ကာ အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်တွင် ၁၉၈၈ ခုနှစ်မတိုင်မီက ကွန်ကရစ်တံတား ၁၈၅ ခု၊ သံပေါင်တံတား ၂,၆၄၅ ခု၊ သစ်သားတံတား ၁,၈၄၄ ခုနှင့် ဘေလီတံတား ၂၅၈ ခု စုစုပေါင်းတံတား ၄,၉၃၂ ခု ရှိခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ကွန်ကရစ်တံတား ၇၀ ၊ သံပေါင်တံတား ၂၃ ခု၊ သစ်သားတံတား ၃၆ ခုနှင့် ဘေလီတံတား ၁၇ ခု စုစုပေါင်း တံတားအသစ် ၁၄၆ ခု တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ၁၉၉၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကွန်ကရစ်တံတား ၂၅၅ ခု၊ သံပေါင်တံတား ၂,၆၆၈ ခု၊ သစ်သားတံတား ၁,၈၈၀ နှင့် ဘေလီတံတား ၂၇၅ ခု စုစုပေါင်း တံတား ၅,၀၇၈ ခု ရှိနေပြီ ဖြစ်သည်။


## တည်ဆောက်ပြီး တံတားကြီးများ

တည်ဆောက်ပြီးစီးခဲ့သော တံတားအသစ် ၁၄၆ ခု အနက် ကချင်ပြည်နယ်တွင် နန့်ဒဘက်ချောင်းတံတား (ပေ ၄၅၀ ဘေလီတံတား)၊ ကရင်ပြည်နယ်တွင် လှိုင်ဝ တံတား (ပေ ၂၄၀ သံကူကွန်ကရစ်တံတား)၊ စစ်ကိုင်း တိုင်းတွင် ညောင်ပင်ဝန်းတံတား (ပေ ၆၀၀ ကြိုတင်အားဖြည့်ကွန်ကရစ်တံတား)၊ မဏိပူရမြစ်ကူးကမ္ဘာ့နီတံတား(၅၉၅ ပေ ကားနှင့်ရထား နှစ်မျိုးသုံးကွန်ကရစ်တံတား)၊ နန့်သလက် တံတား(၁၆၈ ပေ ဘေလီတံတား)၊ ယုချောင်းတံတား(ပေ ၃၂၀ ဘေလီတံတား)၊သမရိုးတံတား (၇၄၀ ပေ ဘေလီသစ်သားတံတား)၊ ဖိုင်လင်းတံတား (ပေ ၂၅၀ ဘေလီသစ်သားတံတား)၊ ပဲခူးတိုင်းတွင် ပဲခူးမြို့တွင် တံတား (ပေ ၃၀၀ သံပေါင်တံတား)၊ မကွေးတိုင်းတွင် မြစ်သာမြစ်ကူးစိုင်ဒူးတံတား (ပေ ၆၀၀ ဘေလီတံတား)၊ ယောချောင်းတံတား (ပေ ၅၃၀ ဘေလီတံတား)၊ မန္တလေးတိုင်းတွင် တံခွန်တိုင်တံတား (ပေ ၁၀၀ သံကူကွန်ကရစ်တံတား)၊ ပန်းလောင်တံတား (၁၂၆ ပေ သံကူကွန်ကရစ်တံတား)၊ ရခိုင်ပြည်နယ်တွင် ရွှေလေ့ တံတား (ပေ ၆၀၀ ကြိုတင်အားဖြည့် ကွန်ကရစ်တံတား)၊ ကျိန္တလီတံတား (ပေ ၇၀၀ ကြိုတင်အားဖြည့်ကွန်ကရစ် တံတား)၊ ပုစွန်ဖြေတံတား (ပေ ၃၀၀ ကြိုတင်အားဖြည့်ကွန်ကရစ်တံတား)၊ ရန်ကုန်တိုင်းတွင် လှိုင်မြစ်ကူး ဘုရင့်နောင်တံတား (ပေ ၁,၆၄၀ သံပေါင်တံတား)၊ လှိုင်မြစ်ကူး ဥတို–ချောင်းသုံးခွတံတား (ပေ ၇၈၀ ဘေလီတံတား)၊ တော်ပုလဲတံတား (၁၈၆ ပေ ကြိုတင်အားဖြည့်ကွန်ကရစ်တံတား)၊ ရှမ်းပြည်နယ်တွင် လီလုတံတား (ပေ ၃၀၀ ဘေလီတံတား) နှင့် ဧရာဝတီတိုင်းတွင် အိမ်မဲတံတား (၂၇၆ ပေ ဘေလီတံတား)၊ အသုတ်တံတား (ပေ ၁၅၀ ကြိုတင်အားဖြည့်ကွန် ကရစ် တံတား)၊ မြောင်းမြတံတား (ပေ ၁,၂၇၀ သံပေါင်ကြိုး တံတား)၊ ဘိတ်ကလေးတံတား (၁၇၆ ပေသံကူ ကွန်ကရစ် တံတား) ၊ ကိုးဆူတံတား ၈၈ ပေ သံကူကွန်ကရစ် တံတား)၊ ကြိမ်ချောင်းတံတား (ပေ ၁၀၀ သံကူ ကွန်ကရစ်တံတား)၊ နတ်ချောင်းတံတား(ပေ ၃၀၀ ဘေလီတံတား) စသည့်တံတားကြီး ၂၇ ခုပါဝင်သည်။

## တည်ဆောက်နေဆဲ တံတားများ

တည်ဆောက်နေဆဲတံတားများမှာ ကချင်ပြည်နယ်တွင် ဧရာဝတီတံတား (မြစ်ကြီးနား) မိုလာရှိဒ်တံတား၊ မိုးလဲ(နားလုံ)တံတား၊ နန်းဆန်ယန်တံတား၊ ကရင်ပြည်နယ်တွင် သံလွင်တံတား (ဘားအံ)၊ လှိုင်မြစ်ကူးတံတား (ဇာသပြင်)၊ ချင်းပြည်နယ်တွင် ဗားရိတံတား (ဖလမ်းမြို့နယ်)၊ တနင်္သာရီတိုင်းတွင် ဝင်းဝတံတား (ထားဝယ်မြို့နယ်)၊ ပလောက်တံတား၊ ပုလောတံတား၊ သမုတ်လွတ်လွတ်တံတား၊ ကျွဲကူး ကျောက်ဖြာတံတား၊ ပသောင်းတံတား၊ မမသောင်တံတား၊ ညောင်ပင်ကွင်း တံတား၊ လေညာ (မဏ္ဍိုင်) တံတား၊ ပဲခူးတိုင်း တွင် ဧရာဝတီ တံတား(ပြည်)၊ မြစ်မခတံတား (လက်ပံတန်းမြို့နယ်)၊ မကွေးတိုင်းတွင် ဧရာဝတီတံတား (ချောက်)၊ ချင်းတွင်း တံတား (ရေစကြို)၊ နွယ်တမယ်တံတား (စလင်းမြို့နယ်)၊ မန်းချောင်းတံတား၊ မန္တလေးတိုင်းတွင် ဒဂ္ဂဝတီတံတား (တံတားဦးမြို့နယ်)၊ မွန်ပြည်နယ်တွင် အတ္တရံမြစ်ကူးတံတား၊ ရခိုင်ပြည်နယ်တွင် အုန်းတည်တံတား (အမ်းမြို့နယ်)၊ မြောင်းဘွေတံတား၊ အံတော်တံတား (သံတွဲမြို့နယ်)၊ ဒလက်ချောင်းတံတား (အမ်းမြို့နယ်)၊ ယောချောင်းတံတား (အမ်းမြို့နယ်)၊ ရာမောင်းတံတား၊ ကစ္ဆပနဒီတံတား (ကျောက်တော်မြို့နယ်)၊ ယိုးချောင်း တံတား၊ ကင်းချောင်းတံတား၊ မင်းကြောင်းတံတား၊ ရန်ကုန်တိုင်းတွင်ခတ္တိယတံတား (တွံတေးမြို့နယ်)၊ပါရမီတံတား၊ လှိုင်မြစ်တံတား(အင်းစိန်)၊ ရှမ်းပြည်နယ်တွင် သံလွင်တံတား (တာကောအက်၊ တန့်ယန်းမြို့နယ်)၊ သံလွင်တံတား (တာဆန်း၊ မိုင်းပန်မြို့နယ်)၊ ဧရာဝတီတိုင်းတွင် ဧရာဝတီတံတား (ညောင်တုန်း)၊ မအူပင်တံတား (မအူပင်)၊ ဆိတ်မချောင်းတံတား(ဖျာပုံ မြို့နယ်)၊ ဒေးဒရဲတံတား (ဖျာပုံမြို့နယ်)၊ ဥယျာဉ်ချောင်းတံတား(ကျိုက်လတ်မြို့နယ်) ပန်းတနော်တံတား (ပန်းတနော် မြို့နယ်) လပွတ္တာ (ပင်လယ်လေး) တံတား ၊ စုစုပေါင်း တံတား ၄၆ ခု ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုသည့် လမ်းတံတားများ




ရန်ကုန်–မအူပင်လမ်း၏ ဆားမလောက်–မအူပင်လမ်းဆုံ

ရန်ကုန်–မန္တလေး မြောက်လမ်းသွား လမ်းကိုဖောက်လုပ်နေစဉ်ကာလ






ရန်ကုန်–မန္တလေး မြောက်လမ်းသွား လမ်း၏ တစ်စိတ်တစ်ဒေသ


ထို့ပြင် စစ်ကိုင်းတိုင်းတွင် ချင်းတွင်းတံတား (ကလေးဝ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် မအီချောင်းတံတား၊ လမူးချောင်းတံတား၊ တန်းလွဲချောင်းတံတား၊ ကျောက်ဖြူ မြို့နယ်တွင် စနဲချောင်းတံတား၊ လုံးတော် ပေါက်ချောင်းတံတား၊ ဒီးနတ်ချောင်းတံတား၊ သံသမ ချေချောင်းတံတား၊ဝန် ဖိုက်ချောင်းတံတား၊ ရန်ကုန်တိုင်းတွင် လှိုင်မြစ်ကူးတံတား (ရွှေပြည်သာ)၊ ငမိုးရိပ်တံတား (သင်္ဃန်းကျွန်း)၊ ငမိုးရိပ်တံတား (ကြာနီကန်) နှင့် ဧရာဝတီတိုင်းတွင် ဂုံညင်းတန်းတံတား (ဖျာပုံမြို့နယ်) စသည့် တံတားကြီးများကို ဆက်လက်တည်ဆောက်ရန် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိသည်။

## နိဂုံး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ထိုနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေခြင်းသည် အဓိကဖြစ်သည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်မှသာလျှင် နိုင်ငံတော်၏ စီးပွားရေး၊လူမှုရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ မလွဲမသွေ အထောက်အကူရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရ လက်ထက်တွင် လမ်း သစ်များ ဖောက်လုပ်တည်ဆောက်ခြင်း၊ လမ်းဟောင်းများ တိုးတက်ပြုပြင်ထိန်းသိမ်းခြင်းစသော လမ်းလုပ်ငန်းကို တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသများ အပါအဝင် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွေးစည်းညီညွတ်ရေးကို ရှေ့ရှုလျက် ကျယ်ပြန့်သော လမ်းကွန်ရက်စနစ်ကို ချမှတ်ကာ တောင်နှင့်မြောက် သာမက အရှေ့နှင့်အနောက်ပါလွယ်ကူချောမွေ့စွာ ဖြတ်သန်းဆက်သွယ်ရန် လမ်းများတံတားများ တည်ဆောက်လျက်ရှိနေသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော ပြည်သူတစ်ဦးအနေနှင့် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်မိကြောင်း တင်ပြလိုက်ရပေသည်။

ဦးစိုးအောင်


ယဉ်ကျေးမှု တက္ကသိုလ်




UNIVERSITY OF CULTURE



# ယဉ်ကျေးမှု တက္ကသိုလ်

## နိဒါန်း

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်၊ ထိန်းသိမ်း၊ တိုးတက်၊ ပြန့်ပွား စေခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ကမ္ဘာ့ အလယ်တွင် မြန်မာ့ယဉ်ကျေးမှုဂုဏ်သတင်း ဝင့်ထည် နိုင်ရေးကို ဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်ဟု ခံယူသည်။ အနုပညာဦးစီးဌာနအနေဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ မူဝါဒဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်အတိုင်း မြန်မာ့ သုခုမအနုပညာများ၊ မြန်မာ့ရိုးရာပန်းချီပန်းပုများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ပေးရသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ၄င်းပြင် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးသေးသည့် "ယဉ်ကျေးမှု တက္ကသိုလ်တစ်ခု"တည်ထောင်ဖွင့်လှစ်ရန်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သဘောတူ ခွင့်ပြုချက်အရ၊ ယဉ်ကျေးမှုတက္ကသိုလ်ကို ဖွဲ့စည်း တည်ထောင်ကာ မြန်မာ့ယဉ်ကျေးမှု ပညာရပ်များကို စနစ်တကျ သင်ကြားပေးပြီး ပြည်တွင်းသာမက ပြည်ပ အထိ မြန်မာ့ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

## သမိုင်းအကျဉ်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မြန်မာ့ယဉ်ကျေးမှုလုပ်ငန်းများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ ပြန့်ပွားအောင်ဆောင်ရွက်သည့် လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် ယဉ်ကျေးမှု တက္ကသိုလ်၏ဖွဲ့စည်းပုံအား ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစည်း အဝေးအမှတ်စဉ် (၃၇/၉၁) မှ အနုပညာဦးစီး ဌာနကို ဦးစီးဌာန အဆင့်(၂)မှ အဆင့်(၁)သို့ တိုးမြှင့်ပေးသည့် ဖွဲ့စည်းပုံတွင် ထည့်သွင်း ဖွဲ့စည်းပေးခဲ့ပါသည်။

## ဖွဲ့စည်းပုံ

ယဉ်ကျေးမှု တက္ကသိုလ်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရှိ ဌာနခွဲ(၄) ခုအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဖွဲ့စည်းပုံတွင်အရာထမ်းရာထူး(၇၈) နေရာနှင့် အမှုထမ်းရာထူး(၂၃၄)နေရာ၊ စုစုပေါင်းရာထူး(၃၁၂) နေရာ ပါဝင်ပြီး၊ စီမံ/ဘဏ္ဍာဌာန၊ သင်တန်းရေးရာဌာနနှင့် သင်ကြားရေးဌာနဟူ၍ ဌာန(၃)ခုပါဝင်ဖွဲ့စည်း ထားပါ သည်။ သင်ကြားရေးဌာနတွင်ကထိက(၃၅) ရာထူးနေရာ၊ လက်ထောက်ကထိကရာထူး (၃၅) နေရာနှင့် နည်းပြ သရုပ်ပြရာထူး(၃၈) နေရာ စုစုပေါင်း ဆရာ၊ ဆရာမရာထူး (၁၀၈) နေရာပါဝင်ပါသည်။ ယခုအခါသင်ကြားရသည့် ဘာသာရပ်တစ်ခုချင်းကို စိစစ်၍ အမှန်လိုအပ်သည့် အင်အားဖြင့် ဆောင်ရွက်နိုင်ရန် လက်ရှိဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

## ဦးတည်ချက်

ယဉ်ကျေးမှုတက္ကသိုလ်ကို အောက်ဖော်ပြပါ ဦးတည် ချက် သုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါ သည်။

(က)မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
(ခ)တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊
(ဂ)မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေး၊

## ရည်မှန်းချက်

ထို့ပြင် ယဉ်ကျေးမှု တက္ကသိုလ်အနေဖြင့် အောက် ဖော်ပြပါ ရည်မှန်းချက်ငါးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပါသည် -

(က) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း ရေးနှင့် တိုးတက်ပြန့်ပွားရေးတို့ကိုဆောင်ရွက်ရန်၊
(ခ) မြန်မာ့သုခုမအနုပညာတိုးတက်ရေးနှင့် ထူးချွန် သော အနုပညာရှင်များ ပေါ်ထွန်းရေးတို့



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်
ယဉ်ကျေးမှုတက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားနေ့တွင် ဂီတပညာဌာနကို ကြည့်ရှုစစ်ဆေးစဉ်

ယဉ်ကျေးမှုတက္ကသိုလ်မှခ်ဦးရှေ့မှကျောင်းသူလေးများ



အတွက် သုတေသနနှင့်လေ့ကျင့်ပျိုးထောင်ရေး လုပ်ငန်းဆောင်ရွက်ရန်၊

(ဂ) ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တက္ကသိုလ် ကောလိပ်၊ သိပ္ပံနှင့် အထက်တန်း၊ အလယ်တန်း ကျောင်းများတွင် သင်ကြားပို့ချနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(ဃ) ပြည်ထောင်စု စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို အထောက်အကူပြုရန်၊

(င) အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော အနုပညာရှင်ကောင်းများမွေးထုတ်ပေးရန်၊

## ဥပဒေပြဋ္ဌာန်း ထုတ်ပြန်ခြင်း

ယဉ်ကျေးမှုတက္ကသိုလ်အဖြစ် တည်ထောင်ဖွဲ့စည်းဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ယဉ်ကျေးမှုတက္ကသိုလ် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် (၇/၉၃)ကို ၁၉၉၃ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာခဲ့ပါသည်။

## ယဉ်ကျေးမှုတက္ကသိုလ် ကောင်စီဖွဲ့စည်းခြင်း

ယဉ်ကျေးမှုတက္ကသိုလ် ကောင်စီကို ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

(က) ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ

- (၁) ညွှန်ကြားရေးမှူးချုပ် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန — အဖွဲ့ဝင်
- (၂) ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနဦးစီးဌာန — ,,
- (၃) ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန — ,,
- (၄) ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန — ,,
- (၅) ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ — ,,
- (၆) ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန — ,,
- (၇) ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် — ,,
- (၈) ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး ယဉ်ကျေးမှုတက္ကသိုလ် — အဖွဲ့ဝင်
- (၉) ညွှန်ကြားရေးမှူးချုပ် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန — ,,
- (၁၀) ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — ,,

(ဃ) ဝန်ကြီးမှ ရွေးချယ်ပေးသော ဘာသာရပ်ဆိုင်ရာ ပညာရှင် (၄)ဦး

- (၁) ဦးဟန်တင် (ပန်းပုပညာရှင်) — အဖွဲ့ဝင်
- (၂) ဦးရွှေဒေါင်းညို (အကပညာရှင်) — ,,
- (၃) ဦးမင်းနိုင် (ပန်းချီပညာရှင်) — ,,
- (၄) ဦးစိန်မိုလ်တင်(ဂီတပညာရှင်)(ကွယ်လွန်) ,,

(င) သင့်လျော်သောနိုင်ငံသားများ

- (၁) ဦးသိန်းစိန် — အဖွဲ့ဝင်
- (၂) ဒေါက်တာခင်မောင်ညွန့် — ,,
- (၃) ဦးမျိုးသန့် (မောင်ဆုရှင်) — ,,

(စ) ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန — အတွင်းရေးမှူး

## တက္ကသိုလ်ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

ယဉ်ကျေးမှုတက္ကသိုလ် ဥပဒေအရ တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ပညာရေးအဖွဲ့ကို အဖွဲ့ဝင် (၂၇) ဦးဖြင့် လည်းကောင်း၊ စီမံခန့်ခွဲရေးအဖွဲ့အား အဖွဲ့ဝင် (၆) ဦးဖြင့်လည်းကောင်း ဖွဲ့စည်းထားရှိပါသည်။ တက္ကသိုလ် ပညာရေးအဖွဲ့တွင် စာပေပညာရှင်၊ ဂီတပညာရှင်၊ ဇာတ်သဘင်ပညာရှင်၊ ပန်းချီပညာရှင်နှင့် ပန်းပုပညာရှင် များ ပါဝင်ဖွဲ့စည်းထားပါသည်။ ထို့ပြင် တက္ကသိုလ်ပညာရေးအဖွဲ့အောက်တွင် အဖွဲ့ခွဲ (၃) ခု ထပ်မံ ဖွဲ့စည်းထားရာ စာပေပညာရပ်ဆိုင်ရာ ပညာအဖွဲ့ခွဲတွင် အဖွဲ့ဝင်



ဂီတပညာဌာနတွင် ပြင်ပပညာရှင်ကြီးများ၏
သင်ကြားပို့ချမှုများအနက် ဂီတလုလင်ဦးကိုကို၏
ဟောပြောပို့ချချက်

ဇာတ်သဘင်ပညာဌာန၊ အကလေ့ကျင့်မှုများကို
နယ်စပ်ဒေသတိုင်းရင်းသားများ
လာရောက်ကြည့်ရှုလေ့လာကြသည်





(၈) ဦး၊ ဂီတ၊ သဘင်ပညာရပ်ဆိုင်ရာ ပညာရေးအဖွဲ့ခွဲတွင် အဖွဲ့ဝင် (၉) ဦး၊ ပန်းချီပန်းပုပညာရပ်ဆိုင်ရာ အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၇) ဦးပါဝင်ပါသည်။

## ယဉ်ကျေးမှုတက္ကသိုလ် ဖွင့်လှစ်ခြင်း

ယဉ်ကျေးမှုတက္ကသိုလ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၁၃၁) ရှိ ကမ္ဘာ့ဇ အဆောက်အအုံဝင်းအတွင်း၌ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့ နံနက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးကဖွင့်လှစ်ပေးခဲ့ပါသည်။ ဖွင့်လှစ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဗဟို အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ဌာနအကြီးအကဲများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ ကြပါသည်။

ကမ္ဘာ့ဇရိပ်သာတွင် အနုပညာဦးစီးဌာနပိုင် နှစ်ထပ်ဆောင် (၇) ခုတွင် ယာယီအစီအစဉ်အနေဖြင့် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လအထိ ဖွင့်လှစ်သင်ကြားခဲ့ပြီးနောက် ဒဂုံမြို့သစ်(တောင်ပိုင်း)(၂၆) ရပ်ကွက်ရှိ မြေဧရိယာ ၅၂. ၀၇၂ ကေကျယ် ဝန်းသော နေရာတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ခဲ့ရာ သုံးထပ် စာသင်ဆောင်တစ်ခုနှင့် သုံးထပ် အနုပညာစာသင်ဆောင်တစ်ခုတို့ ပြီးစီးသဖြင့် ယဉ်ကျေးမှုတက္ကသိုလ် တစ်ခုလုံးကို ပြောင်းရွှေ့ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၈) နှစ် မြောက် နှစ်ပတ်လည်နေ့ (၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်) နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပါသည်။

ယခုအခါ အဆိုပါနေရာသစ်တွင် သင်ကြားရေးဆိုင်ရာနှင့် ဘော်ဒါဆောင် အဆောက်အအုံများ ဆောက်လုပ်လျက် ရှိပြီး ဆက်လက်၍ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ ပြတိုက်နှင့်စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရန်စီမံထားရှိပါသည်။

## သင်တန်းဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်

ယဉ်ကျေးမှုတက္ကသိုလ်သို့ဝင်ရောက်ခွင့်ရရှိရေးအတွက် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံရန်လိုအပ်ပါသည်။

(က) အခြေခံပညာအထက်တန်းစာမေးပွဲကို (က) စာရင်းဖြင့် အောင်မြင်ခဲ့သူဖြစ်ရမည်။
(ခ) လျှောက်ထားသည့် ပညာသင်နှစ်တွင် အသက် (၂၀) ထက်မကျော်လွန်စေရ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှု မရှိစေရ။
(ဃ) အကျင့်စာရိတ္တကောင်းမွန်ရမည်။
(င) ပါတီနိုင်ငံရေး ကင်းရှင်းရမည်။
(စ) အနုပညာဝါသနာပါသူဖြစ်ရမည်။

## အထူးပြုဘာသာရပ်အလိုက်ဦးရေကန့်သတ်ချက်

ယဉ်ကျေးမှုတက္ကသိုလ်တွင် အထူးပြုအနုပညာဘာသာရပ် (၄) ခု သင်ကြားပို့ချပါ သည်။ ၎င်းတို့မှာ ဂီတပညာ၊ ဇာတ်သဘင်ပညာ၊ ပန်းချီပညာနှင့် ပန်းပုပညာတို့ ဖြစ်ပါသည်။ ပညာသင်နှစ် တစ်နှစ်လျှင် အထူးပြုဘာသာ ရပ်တစ်ခုအတွက် ကျောင်းသူ၊ ကျောင်းသား ဦးရေ (၅၀) ဦး ကန့်သတ်လက်ခံပါသည်။ အထူးပြုဘာသာရပ် (၄) ခု အတွက်တစ်နှစ်လျှင် စုစုပေါင်းကျောင်းသူ၊ ကျောင်းသား (၂၀၀) ဦးလက်ခံပါသည်။ ထို့အပြင် တစ်ချိန်တည်းမှာပင် စာပေပညာရပ်များကိုလည်း အခြားပညာရေး တက္ကသိုလ်များကဲ့သို့ သင်ကြားပို့ချပေးပါသည်။

## ရွေးချယ်မှုစနစ်

နှစ်စဉ် ကျောင်းသားသစ်များကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ကြေညာလျက် လျှောက်လွှာခေါ်ယူပါသည်။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများအား စိစစ်ရွေးချယ်ရေး အဖွဲ့နှစ်ဖွဲ့က တစ်ဦးချင်းစီ လူတွေ့စစ်ဆေးပါသည်။ ဂီတနှင့်ဇာတ်သဘင်ပညာဆိုင်ရာ စိစစ်ရေးအဖွဲ့နှင့် ပန်းချီနှင့် ပန်းပုပညာဆိုင်ရာ စိစစ်ရေးအဖွဲ့တို့က လျှောက်ထားသူများ၏ ပင်ကိုအရည်အသွေး၊ အနုပညာဗီဇ၊ ဝါသနာနှင့် ကိုယ်လက်အင်္ဂါတို့ကို စစ်ဆေးပါသည်။ သက်ဆိုင်ရာ အနုပညာဘာသာရပ်အတွက် အခြေခံရှိသင့်သည့်လိုအပ်မှုနှင့် ပြည့်စုံမှု အနည်းအများအလိုက် အမှတ်ပေး၍ စိစစ်ရွေးချယ်ပါသည်။

## သင်ကြားမှုစနစ်

ယဉ်ကျေးမှုတက္ကသိုလ်တွင် စာပေဘာသာရပ်နှင့် မိမိယူလိုသည့် အထူးပြုအနုပညာရပ်တစ်ခုကို ပူးတွဲသင်ယူ ရပါ

သည်။ စာပေပညာရပ်ဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ပထဝီဝင်နှင့် ပေါင်းစပ်သိပ္ပံတို့မသင်မနေရ ဘာသာရပ်များအဖြစ် သတ်မှတ်ထားပါသည်။ ပေါင်းစပ်သိပ္ပံ ဘာသာရပ်သည် အနုပညာဘာသာရပ်များနှင့် သက်ဆိုင်သည့် ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ များကို ရွေးချယ်၍ ပေါင်းစပ်ထားသည့် ဘာသာရပ် ဖြစ်ပါသည်။

အနုပညာဘာသာရပ်များဖြစ်သည့် ဂီတပညာ၊ ဇာတ်သဘင်ပညာ၊ ပန်းချီပညာနှင့် ပန်းပုပညာများကို မိမိဝါသနာပါရာ တစ်ဘာသာရွေးချယ်သင်ယူရပါသည်။ အဆိုပါအထူးပြုဘာသာရပ်များတွင်လည်းအောက်ပါအတိုင်း ဘာသာရပ်များပါဝင်သင်ကြားပေးပါသည်။



ဇာတ်သဘင်ပညာဌာန၊ စတုတ္ထနှစ်ကျောင်းသူများ မြန်မာ့ရုပ်သေးကြိုးဆွဲလေ့ကျင့် နေဟန်

**(က)ဂီတပညာဘာသာရပ်များ**

(၁) ဂီတတည်ဆောက်မှုသဘောတရား
(၂) မြန်မာ့ဂီတဆင့်ကဲဖြစ်စဉ်
(၃) မြန်မာ့ဂီတအဆိုပညာ
(၄) ကမ္ဘာ့ဂီတအခြေခံ
(၅) တူရိယာပစ္စည်းများ လက်တွေ့ တီးခတ်ခြင်းနှင့် တူရိယာပစ္စည်းများ သမိုင်း

**(ခ)ဇာတ်သဘင်ပညာဘာသာရပ်**

(၁) မြန်မာဇာတ်ကြီး
(၂) မြန်မာမှုအက
(၃) ဇာတ်သဘင်ဆိုင်ရာဂီတ

ပန်းပုပညာဌာနတွင် ခြင်္သေ့ရုပ်ထုလုပ်နေသူများ နှင့်ကြည့်ရှုလေ့လာကြသူပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ



(၄) ရုပ်စုံပညာ
(၅) ဇာတ်ညွှန်းရေးပညာ
(၆) ဇာတ်စင်ညွှန်ကြားမှုပညာ

(ဂ)ပန်းချီပညာဘာသာရပ်များ
(၁) အခြေခံပုံဆွဲ
(၂) ပန်းချီနည်းပညာ
(၃) ဒီဇိုင်းပညာ
(၄) အရောင်သဘောတရား
(၅) မြန်မာ့ရိုးရာပန်းချီ
(၆) မြန်မာပန်းချီ၊ ပန်းပုသမိုင်း
(၇) ခန္ဓာဗေဒ

(ဃ)ပန်းပုဘာသာပညာရပ်များ
(၁) ပန်းပုနည်းပညာ
(၂) မြန်မာ့ရိုးရာပန်းပု
(၃) ခန္ဓာဗေဒ
(၄) အခြေခံပုံဆွဲ
(၅) ပန်းချီ၊ ပန်းပုသမိုင်း

အထက်တွင်ဖော်ပြခဲ့သည့် အနုပညာ ဘာသာရပ်များနှင့်စာပေပညာဘာသာရပ်များကို သင်ကြားပို့ချရာတွင်ပထမနှစ်မှစတုတ္ထနှစ်အထိ အောက်ပါအချိုးအစားအတိုင်းသင်ကြားပါသည်။

| စဉ် | ဘာသာရပ် | သင်ကြားကာလ | | | |
|---|---|---|---|---|---|
| | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် |
| ၁ | စာပေပညာ | ၆၀% | ၄၀% | ၃၀% | ၂၀% |
| ၂ | အနုပညာ | ၄၀% | ၆၀% | ၇၀% | ၈၀% |

## တံဆိပ်

ယဉ်ကျေးမှုတက္ကသိုလ်၏တံဆိပ်သည် ဒိုင်းပုံသဏ္ဍာန်အတွင်း အပေါ်ပိုင်းအပြာရောင်အောက်ခံ၌ ဖြန့်ထားသည့် စာအုပ်တွင်"စိတ္တံဒန္တံ၊ သုခါဝဟံ"ဟူသော ယဉ်ကျေးမှုတက္ကသိုလ်၏ ဆောင်ပုဒ်ကိုရေးသားထားပါသည်။ "ယဉ်ကျေးသော စိတ်သည် ချမ်းသာခြင်းကိုဆောင်၏" ဟု အဓိပ္ပာယ်ရပါသည်။ ဒိုင်း၏အောက်ပိုင်းအဝါခံ ၏ အလယ်၌ ကနေသည့်ကိန္နရီပုံနှင့် ယဉ်ကျေးမှုတက္ကသိုလ်တွင် သင်ကြားသော အထူးပြုဘာသာရပ်လေးခု၏ အမှတ်တံဆိပ်များ ပါရှိပါသည်။ ၄င်းတို့မှာ လောကနတ်ပုံ၊ စောင်းပုံ၊ ကနေသည့်လက်နှစ်ဘက်ပုံ၊ ပန်းချီဆေးစပ်ပြားပုံ တို့ဖြစ်ပါသည်။အဆိုပါတံဆိပ်ကိုဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ ရင်ထိုးတံဆိပ်အဖြစ်လည်း တပ်ဆင်အသုံးပြုပါသည်။

## စာမေးပွဲစနစ်

နှစ်စဉ်စာမေးပွဲနှစ်ကြိမ်ကျင်းပပါသည်။ ပထမနှစ်ဝက်စာမေးပွဲနှင့် ဒုတိယနှစ်ဝက်စာမေးပွဲတို့ဖြစ်ပါသည်။ ပထမနှစ်ဝက် စာမေးပွဲကို စာသင်နှစ်၏နှစ်ဝက်ဖြစ်သည့် မတ်လ၊ ဧပြီလတွင် လည်းကောင်း၊ ဒုတိယနှစ်ဝက်စာမေးပွဲကို ဩဂုတ်လနှင့်စက်တင်ဘာလများတွင်လည်းကောင်း ကျင်းပပါသည်။ စာမေးပွဲနှစ်ကြိမ်စလုံးမှ ရရှိသည့်ဘာသာရပ်အလိုက်အမှတ်များမှာပျမ်းမျှယူ၍ အောင် /ရှုံး စာရင်းထုတ်ပြန်ပေးပါသည်။ နှစ်ဝက်စာမေးပွဲနှစ်ခုစလုံးဖြေဆိုရပါသည်။ စာမေးပွဲနှစ်ခုစလုံးတွင် စာပေဘာသာရပ်များနှင့်မိမိတက်ရောက်ခွင့်ရရှိသည့် အထူးပြုအနုပညာဘာသာရပ်များကိုစာတွေ့၊ လက်တွေ့ဖြေဆိုရပါသည်။



## သင်တန်းကာလနှင့် ပေးအပ်မည့်ဘွဲ့များ

တက္ကသိုလ်၏ ပညာသင်နှစ်ကို (၄)နှစ်သတ်မှတ်ပါသည်။ ပညာသင်နှစ်(၄) နှစ်ပြီးဆုံးအောင်မြင်ပါက ဘာသာရပ်အလိုက် ဝိဇ္ဇာ(ဂီတ)၊ ဝိဇ္ဇာ(ဇာတ်သဘင်)၊ ဝိဇ္ဇာ(ပန်းချီ)၊ ဝိဇ္ဇာ(ပန်းပု)စသည်ဖြင့် ဘွဲ့များချီးမြှင့်အပ်နှင်းမည်ဖြစ်ပါသည်။

## နိဂုံး

ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာ ဦးစီးဌာန လက်အောက် ရှိ ယဉ်ကျေးမှုတက္ကသိုလ်သည် နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ကမ္ဘာ့အလယ်တွင် မြန်မာ့ယဉ်ကျေးမှုဂုဏ်သတင်းဝင့်ထည်နိုင်ရေးလမ်းစဉ်ကို ဦးထိပ်ပန်ဆင်၍ ခေတ်ပညာတတ်၊ မြန်မာ့သုခုမအနုပညာရှင်များ၊ မြန်မာ့ရိုးရာပန်းချီ၊ ပန်းပုပညာရှင်များကိုမွေးထုတ်ပေးလျက်ရှိနေပါကြောင်း တင်ပြလိုက်ရပေသည်။

**ဦးစိုးညွန့်**
**(ယဉ်ကျေးမှုတက္ကသိုလ်)**


# ခေတ်အဆက်ဆက်တိုးတက်လာသည့် ဆည်မြောင်းလုပ်ငန်းများ

## နိဒါန်း

ဆည်မြောင်းလုပ်ငန်းဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေကို လိုအပ်သည့်အချိန် တွင် လယ်ယာမြေများအတွင်းသို့ စနစ်တကျပေးသွင်းနိုင် ရန်နှင့် စိုက်ပျိုးရေးအတွက် မလိုလားအပ်သည့် ရေကိုတား ဆီးကာကွယ်ထုတ်နုတ်ရန် ဆောင်ရွက်ပေးသည့် လုပ်ငန်း ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စိုက်ပျိုးရေးအတွက် သဘာဝအတိုင်းမဟုတ်ဘဲ လူတို့ဖန်တီးသည့်နည်းလမ်းဖြင့် ရေရရှိရန် စီမံခန့်ခွဲမှုကို ဆည်မြောင်းလုပ်ငန်းများဟု ခေါ်ဆိုနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးနှင့် ခြုံငုံပြောဆိုရမည်ဆိုပါက ဆည်မြောင်းလုပ်ငန်းသည် အမြဲတစေတိုးတက်နေသော လူဦးရေအတွက် စားနပ်ရိက္ခာပြည့်ဝဖူလုံရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို ဆောင်ရွက်ပေးနေသော လုပ်ငန်းကြီးဖြစ်ပါသည်။

## မြန်မာ့ ဆည်မြောင်းသမိုင်း


မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်ရှုမည်ဆိုပါက အောင်မြင်ဖြစ်ထွန်းသော စိုက်ပျိုးရေးကို ဖော်ဆောင်ရာ၌ ရေရရှိရေးသည် အဓိကကျကြောင်း ရှေးခေတ်ကာလများကတည်းကပင် သိရှိနားလည်ခဲ့ကြသည့်အလျောက် လယ်ယာမြေ ရေသွင်းစိုက်ပျိုးရေးစနစ်ကို ရှေးကတည်းကပင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ထင်ရှားသော ရှေးမြန်မာဘုရင်များသည် ဆည်မြောင်းလုပ်ငန်းများကို စွမ်းစွမ်းတမံ အကောင်အထည်ဖော်ခဲ့ကြပြီး အောင်မြင်မှုများ ရရှိခဲ့သည့်သက်သေသာဓကများမှာ ယနေ့ထက်တိုင် တည်ရှိနေပါသေးသည်။

စိုက်ပျိုးရေးအတွက် ဆည်မြောင်း ချောင်းကန်များ တည်ဆောက်ခဲ့သည့် ထင်ရှားသည့် ရှေးမြန်မာဘုရင်များထဲတွင် ဘုရင်အနော်ရထာသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ပုဂံခေတ်တွင် အနော်ရထာမင်းကြီးသည် ပန်းလှိုင်မြစ်ကို အမှီပြု၍ ကင်းတားဆည်၊ ငနိုင်သေဆည်၊ ပြောင်းပြာဆည်နှင့် ကျီးမည်းဆည်များကိုလည်းကောင်း၊ ဇော်ဂျီမြစ်ကို အမှီပြု၍ နွားတက်ဆည်၊ ငပြောင်ဆည်နှင့် ကွမ်းဆေးဆည်များကို လည်းကောင်း တည်ဆောက်ခဲ့ရာ ယင်းဆည်များ၏ အကျိုးကျေးဇူးကို ယနေ့တိုင်ခံစားနေကြရပါသည်။ ကုန်းဘောင်ခေတ်တွင်လည်း အလောင်းမင်းတရားကြီးသည် ခရစ်သက္ကရာဇ် ၁၇၅၃ ခုနှစ်နှင့် ၁၇၅၉ ခုနှစ်များတွင် ရွှေဘိုနယ်အတွင်း၌ မဟာနန္ဒာကန်တော်ကြီးနှင့် မူးဆည်ဟောင်းများကို တည်ဆောက်အကောင်အထည်ဖော် ခဲ့ကြပါသည်။

မိတ္ထီလာကန်မှာလည်း အနော်ရထာ မင်းလက်ထက်တွင် ပြန်လည်ပြုပြင်သည်ဟု အဆိုရှိရာ မိတ္ထီလာကန်ကို ပုဂံခေတ်မတိုင်မီကပင် တည်ဆောက်ခဲ့ကြောင်း ထောက်ရှုနိုင်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဆည်မြောင်းလုပ်ငန်းများကို ပုဂံခေတ်မတိုင်မီကပင် စတင်ခဲ့သည်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံသို့ ဗြိတိသျှတို့ ဝင်ရောက်လာသည့် ကိုလိုနီခေတ်တွင် ၁၈၆၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံအောက်ပိုင်းဒေသ၌ အဆောက်အအုံများ ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ပြည်သူ့လုပ်ငန်းဌာနကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုစဉ်က ဆည်မြောင်းလုပ်ငန်း များကို ပြည်သူ့လုပ်ငန်းဌာနကသာ ဆောင်ရွက်ခဲ့သည်။ လမ်းအဆောက်အအုံ လုပ်ငန်းများနှင့် ဆည်မြောင်းလုပ်ငန်းများမှာ တဖြည်းဖြည်းနှင့် တိုးတက်ကျယ်ပြန့်လာခဲ့ရာ ရွှေဘိုတူးမြောင်း၊ မန္တလေး တူးမြောင်း၊ မုန်း၊ မန်း၊ စလင်းတူးမြောင်းများကဲ့သို့သော ဆည်မြောင်းလုပ်ငန်းကြီးများနှင့် ဧရာဝတီ မြစ်ဝ ကျွန်းပေါ်ဒေသရှိ ကြံခင်းတာ၊ မြန်အောင်တာ၊ ဝေန်တာ စသည့် ရေကာတာ တမံလုပ်ငန်းများသည် ၁၈၈၁ ခုနှစ်မှ ၁၉၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား ပေါ်ပေါက်ခဲ့သည်။ ယင်းအပြင်

ခေတ်အဆက်ဆက်တိုးတက်လာသည့် ဆည်မြောင်း လုပ်ငန်းများ



ငမိုးရိပ် ဆည်တော်ဦးစေတီ

တောင်ညိုရေလှောင်တမံဖွင့်ပွဲတွင်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ခွန်းပြောကြားစဉ်



ရေကြောင်းသွားလာရေး လွယ်ကူချောမွေ့ပြီး၊ သစ်ဝါးများနှင့် စားသောက်ကုန်များကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်ကာ ပဲခူးစစ်တောင်းတူးမြောင်းနှင့် တွံတေးတူးမြောင်းတို့ကိုလည်း ဖောက်လုပ်ခဲ့ပါသည်။

၁၉၁၇ ခုနှစ်ခန့်တွင် ပြည်သူ့လုပ်ငန်းဌာနကို အဆောက်အအုံနှင့် လမ်းဌာနခွဲ၊ ဆည်မြောင်းဌာနခွဲဟူ၍ သီးခြားဌာနခွဲများအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် အဆိုပါဌာနခွဲ ၂ ခုတို့သည် သီးခြားရုံးများ ဖွင့်လှစ်ကြသဖြင့် ဆည်မြောင်းဌာနအနေဖြင့် ထိုအချိန်မှစ၍ သီးသန့်ဌာနအဖြစ် ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ပထမကမ္ဘာစစ်ကြီးပြီးစအချိန်ကာလတွင် လုပ်ငန်းထုထည်ပမာဏနှင့် လိုက်လျောညီစွာ ဆည်မြောင်းဌာနသည် အထက်မြန်မာနိုင်ငံ ဆည်မြောင်းတိုင်း ၂ တိုင်းနှင့် အောက်မြန်မာနိုင်ငံ ဆည်မြောင်းတိုင်း ၂ တိုင်း၊ စုစုပေါင်းတိုင်း ၄ တိုင်းအထိ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ သို့ရာတွင် ၁၉၃၀–၃၁ ခုနှစ်၊ ကမ္ဘာ့သမိုင်း အရ စီးပွားရေးကပ်ဆိုးကြီး ဆိုက်ရောက်ချိန် ကိုလိုနီစနစ်အုပ်ချုပ်မှုယန္တရားအောက်တွင် ဆည်မြောင်းတိုင်း ၄ တိုင်းကို အထက်မြန်မာနိုင်ငံအတွက် ဆည်မြောင်းတိုင်းဟူ၍လည်းကောင်း၊ အောက်မြန်မာနိုင်ငံအတွက် မြစ်ဝကျွန်းပေါ်တိုင်းဟူ၍ လည်းကောင်း တိုင်း ၂ တိုင်းအထိ လျှော့ချပြီး စုစုပေါင်း ဆည်မြောင်းခရိုင် ၉ ခရိုင်ဖြင့် ဆည်မြောင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်စေ ခဲ့ပါသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားသဖြင့် ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားပြီး မြန်မာနိုင်ငံအစိုးရကို အိန္ဒိယတွင်ထားရှိချိန်၌ ဆည်မြောင်းဌာနခွဲကို လယ်ယာနှင့် ကျေးလက်စီးပွားရေးဌာနခွဲအောက်တွင် ထားရှိခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိပြီးသည့်နောက် ၁၉၆၆ ခုနှစ်မှစ၍ လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆည်မြောင်းတာတမံ များကို ပြုပြင်ထိန်းသိမ်းခြင်း သာမက စီမံကိန်းလုပ်ငန်း သစ်များကိုလည်း မြန်မာနိုင်ငံတစ်ဝန်းတွင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် ကော်ပိုရေးရှင်းများကို ပြန်လည်ဖွဲ့စည်းရာ၌ မြေယာကျေးလက် တိုးတက်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းနှင့် လယ်ယာမြေ တိုးချဲ့ရေးဌာနစုတို့ကို ဆည်မြောင်း ဌာနခွဲနှင့် ပူးပေါင်းစေပြီး၊ ဆည်မြောင်းဦးစီးဌာနဟု အမည်ပေးကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းများကို ဆောင်ရွက်စေခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူခဲ့ပြီးနောက်ပိုင်း ၁၉၉၂ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် နိုင်ငံတော်၏ စီးပွားရေးတည်ဆောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက် နိုင်ရန် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနကို လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနဟူ၍ ခွဲခြား ဖွင့်လှစ်ခဲ့ရာ ဆည်မြောင်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်လာပါသည်။

၇–၈–၉၆ နေ့တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟု အမည်ပြောင်းလဲသတ်မှတ်ပြန်သဖြင့်ဆည်မြောင်းဦးစီးဌာနသည်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက် လျက်ရှိသည်။

## မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်အခြေအနေ

မြန်မာနိုင်ငံအတွင်းတစ်နှစ်ပတ်လုံးရွာသွန်းသောမိုးရေချိန်၏ ၉၀ ရာခိုင်နှုန်းကိုမိုးရာသီတွင် ရရှိပါသည်။ မိုးရွာသွန်းမှုမှာလည်း ဒေသအလိုက်ကွဲပြားခြားနားပါသည်။ မြန်မာနိုင်ငံကမ်းရိုးတန်း ဒေသများတွင် နှစ်စဉ်မိုးရေချိန် လက်မ ၂၀၀ အထိလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် လက်မ ၈၀ မှ ၁၂၀ အထိလည်းကောင်း၊ တောင်တန်းဒေသများ တွင် လက်မ ၅၀ မှ ၁၂၀ အထိလည်းကောင်း မိုးရွာသွန်းပါသည်။သို့သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် တစ်နှစ်လျှင် မိုးရေချိန် လက်မ ၃၀ ခန့်သာ ရွာသွန်းပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ အချို့ဒေသ၌ မိုးရာသီတွင် စိုက်ပျိုးရေးလုပ်ကိုင်ရန် အစိုဓာတ် လုံလောက်မှု မရှိကြောင်းနှင့် နွေရာသီတွင်မူတစ်ပြည်လုံးလိုလို၌ စိုက်ပျိုး ရေးအခက်အခဲရှိသည့်အတွက် လိုအပ်သော အစိုဓာတ် ရရှိစေရန်၊ မြစ်ချောင်းအင်းအိုင်တို့မှရေကို



ပြည်မြို့နယ်အတွင်းရှိ မြောက်နဝင်းရေလှောင်တမံ
ရေထိန်းမျှော်စင်

သိုလှောင်၍ သုံးစွဲမှသာ အောင်မြင် ဖြစ်ထွန်းမည် ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။

မြန်မာနိုင်ငံတွင်အဓိကအားဖြင့် ထင်ရှားသည့် ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ဘီးလင်းမြစ်စသည့် မြစ်ကြီးငါးသွယ်နှင့်ထိုမြစ်များအတွင်း စီးဝင်သော ချင်းတွင်းမြစ်၊မြစ်သာမြစ်၊ မူးမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ်၊ မြစ်ငယ်မြစ်၊မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ မင်းတုန်းချောင်း စသည့်မြစ်ချောင်းများ အပါအဝင် မြစ်ငယ်ချောင်းငယ်များ အလွန်ပေါများသည်။ မြစ်ကြီးငါးသွယ်တွင် သံလွင်မြစ်မှ အပ ကျန်သည့်မြစ်ကြီးများ အားလုံးသည် မြန်မာနိုင်ငံ အတွင်းမှာပင် ရှိနေကြသဖြင့် နိုင်ငံပိုင်ရေသယံဇာတ အရင်း အမြစ်များဟု ခံယူနိုင်ပါသည်။

မြန်မာနိုင်ငံရှိ မြစ်ချောင်းများမှ နှစ်စဉ်ပျမ်းမျှ ရေစီး ဆင်းမှုပမာဏကို ဆန်းစစ်လေ့လာကြည့်ရာ ကေပေ သန်းပေါင်း ၈၇၆ ကျော်ရှိကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ရေသွင်းစိုက်ပျိုးရန် အလားအလာရှိသော မြေဧရိယာမှာ ဧက ၂၆ သန်း ခန့် ရှိသော ကြောင့် ယင်းဧရိယာ အားလုံးကိုစိုက်ပျိုးရေအပြည့်အဝ ပေးသွင်း မည်ဆိုလျှင်ပင် ကေပေသန်း ၂၀၀ ခန့်သာ လိုအပ် မည်ဖြစ်ရာ ရေအရင်းအမြစ်၏ ၂၅ ရာခိုင်နှုန်းခန့်သာ အသုံးချရန် လိုအပ်ပါသည်။ အဆိုပါအခြေအနေကို သုံးသပ် ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ရေအရင်းအမြစ် ပေါ်ကြွယ်ဝလျက်ရှိကြောင်း တွေ့ရှိရပါသည်။

## ဒေသအလိုက် ရေရရှိရေးအတွက် စူးစမ်းလေ့လာမှုနှင့် ဆောင်ရွက်သင့်သည့် နည်းလမ်းများ

စိုက်ပျိုးရေရရှိရေးအတွက် မြေပေါ်မြေအောက် ရေ သယံဇာတများမှ ရေရရှိရေးကို ဆောင်ရွက် ရာတွင်–

(က) ရေလွှဲဆည်များတည်ဆောက်ခြင်း၊

(ခ) ရေလှောင်တမံများ တည်ဆောက်ခြင်း၊

(ဂ) ရေစုပ်စက်ဖြင့် ရေပေးဝေခြင်း၊ မြေအောက် ရေဖြင့် ရေပေးဝေခြင်း၊

(ဃ) ရေဘေးအန္တရာယ်ကို ရေကာတာတမံများ တည်ဆောက်၍ တားဆီးကာကွယ်ခြင်း၊

(င) ရေနစ်မြုပ်ခြင်းအန္တရာယ်ကို ရေနုတ်မြောင်းများ တူးဖော်ဖောက်လုပ်၍ကာကွယ်ခြင်း၊

(စ) မြစ်ကမ်းတိုက်စားခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းတို့ကြောင့်စိုက်ပျိုးမြေများပျက်စီး ဆုံးရှုံးခြင်းမှ ကာကွယ်ရန် မြစ်ကြောင်း ထိန်းသိမ်းခြင်း၊

(ဆ) ရေကိုလိုအပ်သလို အထုတ်အသွင်းပြုလုပ်ရန် ရေတံခါးများတည်ဆောက်ခြင်း၊

စသည့်အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းလမ်းများအနက် သင့်လျော်သည့်နည်းလမ်းများကို အသုံးချဆောင်ရွက်ကြရပါသည်။ အမှတ်စဉ် (က) နှင့် (ခ) တွင်ပါရှိသည့် လုပ်ငန်းများကို ရွာသွန်းသည့်မိုးရေချိန် ပမာဏ နည်းပါးသော ဒေသများနှင့် မိုးရာသီတွင် ရေပေါများသော်လည်း နွေရာသီ တွင်ရေပြတ်လေ့ရှိသည့် မြစ်ချောင်းများ တည်ရှိရာဒေသများတွင်အများအားဖြင့် တည်ဆောက်လေ့ ရှိကြ ပါသည်။

အမှတ်စဉ် (ဂ) ပါလုပ်ငန်းများကိုမူတစ်နှစ်ပတ်လုံးရေအ လုံအ လောက် ရှိ ရာ ဒေသများနှင့် မြေအောက်ရေ တူးဖော်ရန်လွယ်ကူသည့်ဒေသများတွင် အကောင်အထည်ဖော် အသုံးပြုကြပါသည်။

အမှတ်စဉ် (ဃ)၊ (င)၊ (စ) နှင့် (ဆ) ပါလုပ်ငန်းများကို မြစ်ဝကျွန်းပေါ်ဒေသများနှင့် မိုးရာသီတွင် မြစ်ရေလျှံတက်တတ်သည့် ဒေသများတွင် တည်ဆောက်အသုံးပြုကြပါ သည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းလုပ်ငန်းများအား အကောင်အထည်ဖော်တည်ဆောက်ခြင်းမပြုမီ နေရာဒေသတစ်ခုတွင် ဆည်မြောင်းလုပ်ငန်းတစ်ခု တည်ဆောက်ရန် သင့်မသင့် ဆိုသည်ကို တစ်လက်မ တစ်မိုင်မြေပုံပေါ်တွင် ရှေးဦးစွာ လေ့လာကြည့်ကြရပါသည်။ ထို့နောက်ဖြစ်နိုင်ခြေ ရှိ သည်ဟု ယူဆပါက ကွင်းဆင်း စစ်ဆေးရပါသည်။ သို့သော်လည်း၎င်းကဲ့သို့ ကွင်းဆင်းစစ်ဆေးရုံဖြင့် ဖြစ်နိုင်မဖြစ်နိုင်ကိုတပ်အပ်ပြော၍မရနိုင်သေးသည့်အတွက် ဆည်မြောင်းလုပ်ငန်း

ပျဉ်းမနားမြို့နယ်အတွင်း တည်ဆောက်ခဲ့သော ရေဆင်းရေလှောင်တမံနှင့် လုပသောရေပြင်ရှုခင်း





ဝမ်းတွင်းမြို့နယ်အတွင်းရှိ တောင်ပုလု ရေလှောင်ကန်

အကောင်အထည်ဖော်လိုသည့်နေရာများအတွင်း မြေပြင်အနိမ့်အမြင့်တိုင်းတာခြင်း၊ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်မှု အခြေအနေနှင့် ယင်းတို့ကို စူးစမ်းလေ့လာစမ်းသပ်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်စာရင်းဇယားကောက်ယူရေးလုပ်ငန်းများဆောင်ရွက်စေရပါသည်။ ယင်းကဲ့သို့ လေ့လာစူးစမ်းရာမှ ရရှိလာသော မြေပြင်အနေအထား၊ ရေစီးရေလာနှင့် မိုးရွာသွန်းမှု၊ ဆည်မြောင်းလုပ်ငန်းတည်ဆောက်မည့်နေရာ၏မြေအမျိုးအစား၊ ခံနိုင်ဝန်အား၊ ရရှိနိုင်မည့် ဆောက်လုပ်ရေးပစ္စည်းများ စသည်တို့ကို အခြေခံလေ့လာတွက်ချက်ပြီး ဖြစ်နိုင်ခြေရှိကြောင်း မြင်တွေ့ရသည့်အခါတွင်လိုအပ်သည့်ဒီဇိုင်းပုံစံများကို မူကွဲပုံစံအမျိုးမျိုးထုတ်လုပ်ကာခန့်မှန်းကုန်ကျစရိတ်အနည်းဆုံးဖြင့် စိုက်ပျိုးရေအများဆုံးပေးဝေနိုင်ရန် အသေးစိတ်တွက်ချက်ရပါသည်။ ထို့နောက်တွင်မှတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြရပါသည်။ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း လအလိုက်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကြိုတင်ရေးဆွဲပြီးမှ အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များ၏ လိုအပ်ချက်နှင့် အညီ သတ်မှတ် စံချိန်စံညွှန်းပြည့်ဝအောင် ဆောင်ရွက်ကြ ရပါသည်။

## ခေတ်အလိုက် ဆည်မြောင်းလုပ်ငန်းများ

ရှေးမြန်မာမင်းများ လက်ထက်မှစ၍ ယနေ့အထိ အဆင့်ဆင့်တိုးချဲ့တည်ဆောက်လာခဲ့သည့် ဆည်မြောင်းလုပ်ငန်းများကို (၁) ရှေးမြန်မာမင်းများလက်ထက်မှ လွတ်လပ်ရေးရခါနီးကာလအထိ၊ (၂) လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၁ – ၆၂ ခုနှစ်အထိ၊ (၃) ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှင့် (၄) ၁၉၈၈ ခုနှစ်မှ မျက်မှောက် ကာလအထိ အပိုင်းလေးပိုင်း ခွဲခြားကြည့်ရှုနိုင်ပါသည်။


ပုဂံခေတ်မတိုင်မီကပင် စတင်ခဲ့သည့် ဆည်မြောင်းလုပ်ငန်းများကို ၁၉၀၂ ခုနှစ်မှ ၁၉၀၆ ခုနှစ်အတွင်း ဗြိတိသျှ


ကိုလိုနီအစိုးရက ကွန်ကရစ်ရေလွှဲဆည်များဖြင့် အခိုင်အမာ အစားထိုး တည်ဆောက်ခဲ့ပါသည်။ ရှေးမြန်မာမင်းများ လက်ထက်ကဆည်များ တည်ဆောက်ရာတွင်တိုင်လုံးကြီးများကို မြေ တွင် အ ကွက် ချ ရိုက် သွင်း ကာ ကျောက်သား များ ဖြည့်၍ တည်ဆောက်ခဲ့ကြသည်ဟု အဆိုရှိ ပါ သည်။ ရှေးမြန်မာ မင်း များ လက်ထက်မှစ၍ လွတ်လပ်ရေး မရမီကာလအထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်ကန်များမှာ စုစုပေါင်း ၂၃ ခုရှိသည့်အနက် ထင်ရှားသည့် ဆည်မြောင်းလုပ်ငန်းများမှာ ကာဘိုးဆည်၊ ကင်းတားဆည်၊ ငပြောင်ဆည်၊ မဲဇာလီရေလွှဲဆည်၊ အိုင်းမရေလွှဲဆည်၊ လင်းဇင်း ရေလွှဲဆည်၊ မဟာနန္ဒာကန်၊ မိတ္ထီလာကန်တို့ ဖြစ်ကြပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင် ဆည်မြောင်းလုပ်ငန်းများကို ဆက်လက်တည်ဆောက် အကောင်အထည်ဖော် ခဲ့ကြပါသည်။ လွတ်လပ်ရေးရရှိပြီးချိန်မှ ၁၉၆၁ – ၆၂ ခုနှစ် ကာလအတွင်းဆည်ကန် ၅၀ တည်ဆောက်နိုင်ခဲ့သည့်အနက် အဓိကကျသည့်ဆည်မြောင်းလုပ်ငန်းများမှာ သစ်ဆုံဆည်၊ တောင်ပုလု ကန်၊ ပုလင်းဆည်၊ ကင်းပွန်းတောင်ဆည်တို့ ဖြစ်ကြ ပါသည်။

၁၉၆၂ ခုနှစ်မှ ၁၉၆၈ ခုနှစ်ကာလအတွင်း ပိုမိုကြီးမားသည့် ဆည်မြောင်းလုပ်ငန်းများကို တစ်စတစ်စ ပို၍ အကောင်အထည်ဖော်လာခဲ့ကြပါသည်။ ဤကာလအတွင်းတွင် ရေစုပ်စက်ဖြင့် ရေပေးဝေရေးစီမံကိန်း၊မြေအောက်ရေဖြင့်ရေပေးဝေရေးစီမံကိန်း စသည့် ဆည်မြောင်းလုပ်ငန်းပုံစံသစ်များကို စတင်အကောင် အထည် ဖော်ခဲ့ကြပါသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဆည်ကန် ၉၅ ခုနှင့် ရေစုပ်စက်လုပ်ငန်း ၃ ခုတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြ ပါသည်။ ထင်ရှားသည့်ဆည်ကန်များမှာ ဝါရောင်ဆည်၊ ဟိုပုံးချိုင့်ဝှမ်း ဆည်မြောင်း၊ ငွေတောင်ရေလှောင်တမံ၊ မုန်တိုင်ရေလှောင်တမံ၊ ကြက်မောက်တောင်ရေလှောင်တမံ၊ ငလိုက်ရေလှောင်တမံ၊ ဆည်တော်ကြီး ရေလှောင်တမံ၊ ချောင်းမကြီး ရေလှောင်တမံ၊ ပြောင်းပြာရေလှောင်တမံ၊ ရေဆင်းရေလှောင်တမံ၊ မြောက်နဝင်း ရေလှောင်တမံ၊ ပျဉ်ပုံကြီးရေလှောင်တမံ

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပုပ္ပါးတောင်နောက်ခံနှင့် ကြက်မောက်တောင်ဆည်အလှ





စမုံရေထိန်းတမံမှ ရေတံခါး

တို့ဖြစ်ကြပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်ရေစုပ်စက် လုပ်ငန်း ၃ ခုမှာ ဆီမီးခုံရေစုပ်စက်လုပ်ငန်း၊ လက်ပံချိုပေါ် ရေစုပ်စက်လုပ်ငန်း၊ ကမ်းနီ ရေစုပ်စက် လုပ်ငန်းတို့ ဖြစ်ကြပါသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ တာဝန်ယူထမ်းဆောင်ခဲ့ချိန်တွင် ဆည်မြောင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးရေးသည် လယ်ယာလုပ်ငန်းဖြစ်သည်။ မြို့ပြများသည် ကျေးလက်ထွက်ကုန်များကို အားထားနေရသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးချမ်းသာမှ မြို့ပြဒေသဖွံ့ဖြိုးချမ်းသာနိုင်မည်ဖြစ်သည်။ မြို့ပြဒေသချမ်းသာမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ချမ်းသာကြွယ်ဝနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် လယ်ယာကဏ္ဍ စီးပွားရေးဖွံ့ဖြိုးမှု ရရှိရေးကို ဦးတည်ကာအစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် လေးရပ်တွင်လည်း ပထမဆုံးဦးတည်ချက်အဖြစ် **"စိုက်ပျိုးရေးကို အခြေခံ၍၊ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"** မှုကို ချမှတ်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကလည်း နိုင်ငံတော်၏ လူများစုဖြစ်သောကျေးလက်နေ တောင်သူဦးကြီးများ တစ်ဦးချင်းဝင်ငွေတိုးတက်ရေး၊ လူနေမှု အဆင့်အတန်းမြင့်မားရေး၊ တစ်ကျေအထွက်တိုး ရေး၊ ဒေသဆန်ဖူလုံရေးတို့အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်ရန် လမ်းညွှန် မှာကြားခဲ့ပါသည်။ ၁၉၉၂ – ၉၃ ခုနှစ်မှစ၍ စပါးသီးနှံကို နိုင်ငံတော်သီးနှံအဖြစ် စီမံကိန်းချမှတ် ဆောင်ရွက်သွားရန်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း လယ်ယာကဏ္ဍစိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှု ငါးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှု ငါးရပ်မှာ –


(၁) စိုက်ပျိုးမြေ သယံဇာတ ဖော်ထုတ်တိုးချဲ့ စိုက်ပျိုးရေး၊
(၂) စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊
(၃) လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများ တပ်ဆင်အသုံးပြုရေး၊
(၄) နည်းပညာ ပြုပြင်ပြောင်းလဲရေး၊
(၅) မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်အသုံးပြုရေး တို့ ဖြစ်ကြသည်။

ပြုပြင်ပြောင်းလဲမှု ငါးရပ်အနက် ဒုတိယဖြစ်သော စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် ရေရရှိရေးနည်းလမ်းခြောက်သွယ်ဖြစ်သော –

(က) ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ခြင်း၊
(ခ) ရေဝေရေလဲဧရိယာမှ စီးဝင်သည့် ရေများအား အပြည့်အဝသိုလှောင်အသုံးချရေး စီမံဆောင်ရွက်ခြင်း၊
(ဂ) တည်ဆောက်ပြီး ဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာပေးသွင်းနိုင်ရန်နှင့် ရေပိုမို သိုလှောင်နိုင်ရန် ပြုပြင်ခြင်း၊
(ဃ) မြစ်ချောင်းများ ရေလျှံချိန်တွင် အင်းအိုင် ချိုင့်ဝှမ်းများ အတွင်းသို့ ရေသွင်းသိုလှောင်ထားရှိခြင်း၊
(င) မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်း၊
(စ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်း၊

စသည့်နည်းလမ်းများကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မိန့်ကြားမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး



တောင်ပတ်လည်ဝိုင်းရံထားသော
မုံချောင်းရေလှောင်တမံ ရှုခင်း



**ပျော်ဘွယ်မြို့နယ်အတွင်း ၉.၉.၉၅ နေ့တွင် ဖွင့်လှစ်ခဲ့သော ချောင်းကောက်ရေလှောင်တမံ**

ဌာန၏ ကြီးကြပ်ပံ့ပိုးကူညီမှုများကို ခံယူ၍ ဆည်မြောင်းလုပ်ငန်းများကို နေ့ရောညပါ မနားမနေဆောင်ရွက်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှစ၍ ၁၉၉၆ – ၉၇ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် မတ်လ ( ၃၁) ရက်နေ့အထိ ဆည်မြောင်းလုပ်ငန်း ၇၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လယ်မြေဧက ၁၁ သိန်းကျော်ကို အကျိုးပြုလျက် ရှိနေသည်ကို ဝမ်းသာပီတိဖြစ်ဖွယ် မြင်တွေ့နေရပါသည်။

ဤကဲ့သို့ ဆည်မြောင်းစီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နေခိုက်မှာပင် စိုက်ပျိုးမြေအလုံအလောက်ရှိသော်လည်း နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်နည်းပါးသောကြောင့် ခြောက်သွေ့နေခဲ့သည့်မြန်မာပြည်အလယ်ပိုင်းတွင် စစ်ကိုင်းတိုင်းမှ စစ်ကိုင်းနှင့်မုံရွာခရိုင်၊ မန္တလေးတိုင်းမှ ရမည်းသင်း၊ မိတ္ထီလာနှင့်မြင်းခြံခရိုင်၊ မကွေးတိုင်းမှ ပခုက္ကူ၊ မင်းဘူး၊ သရက်နှင့်မကွေးခရိုင်စသည့် ကိုးခရိုင်ကို ရွေးချယ်ကာ မြန်မာပြည်အလယ်ပိုင်း ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မိုးရာသီတွင်ရေလွှမ်းတတ်ခြင်းကြောင့် စိုက်ပျိုးရေးအတွက်အခက်အခဲ ရှိသောမြန်မာပြည် အောက်ပိုင်းဒေသများတွင်လည်း အောက်မြန်မာပြည်လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။


ရေလှောင်တမံများ၊ ရေလွှဲဆည်များသည် စိုက်ပျိုးရေရရှိရေးအတွက် အရေးပါသောဆည်မြောင်း လုပ်ငန်းများဖြစ်သကဲ့သို့ မိုးရာသီစပါးစိုက်ပျိုးချိန်တွင် မြစ်ချောင်းများရေလျှံမှုကြောင့်လယ်မြေများ၊ အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုဘေးမှ ကာကွယ်ပေးရသည့် ရေကာတာတမံ လုပ်ငန်းများမှာလည်း လယ်ယာစိုက်ပျိုးရေးတွင် အလွန်ပင် အရေးကြီးသည့် ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်၍ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများနှင့် စစ်တောင်းမြစ်ရိုးတစ်လျှောက်တွင် ရေကာတာတမံများကို အများအပြားမြင်တွေ့နိုင်ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ယခင်ရှိခဲ့ပြီးသား

ရေကာတာတမံများကို ထိန်းသိမ်းရေးလုပ်ငန်းများအပြင် ရောဝတီတိုင်းအတွင်း ရေကာတာတမံများ တောင့်တင်းခိုင်မာစေရန် ပြုပြင်ရေးစီမံကိန်း၊ မန္တလေးတိုင်းတွင် စွန်ကာရေကာတာ အပိုင်း ၂ စသည့်စီမံကိန်းသစ်များကိုလည်း အကောင်အထည်ဖော် တည်ဆောက်ပေးလျက် ရှိပါသည်။

လက်ရှိဆည်မြောင်းဦးစီးဌာနတွင် တည်ဆောက်ဆဲလုပ်ငန်းများအဖြစ်စစ်ကိုင်းတိုင်းတွင် သဖန်းဆိပ်ရေလှောင်တမံနှင့် ယမားရေလှောင်တမံ စီမံကိန်းများ၊ ပဲခူးတိုင်းတွင် ဘောနီရေလှောင်တမံ၊ ဘိုင်းဒါးရေလှောင်တမံနှင့် ဝဲကြီးရေလှောင်တမံစီမံကိန်းများ၊ မကွေးတိုင်းတွင် မင်းတုန်းရေလွှဲဆည်၊ ဆဒ္ဒန်ရေလှောင်တမံ၊ ငမင်ရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံနှင့် ယောချောင်းရေလွှဲဆည် အဆင့်ဆင့်စီမံကိန်းများ၊ မန္တလေးတိုင်းတွင်ဆင်သေရေလှောင်တမံ၊ တောင်သာ ရေလှောင်တမံ၊ ပင်းချောင်းရေလှောင်တမံနှင့် ဆည်တော်ကြီး တူးမြောင်း စနစ် ခေတ်မီပြန်လည်ပြုပြင်ရေး စီမံကိန်းများ၊ ရှမ်းပြည်နယ်တွင်ဇော်ဂျီရေလှောင်တမံ စီမံကိန်း၊ ရောဝတီတိုင်းတွင် နန်ကသူရေလှောင်တမံနှင့် အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းအပိုင်း ၁ နှင့် ၂ တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ဆည်မြောင်းဦးစီးဌာနသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အဓိကဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသော ရေအရင်းအမြစ်များကို အကျိုးရှိစွာသုံးစွဲ၍ စိုက်ပျိုးရေရရှိရေး တစ်ခုတည်း ကိုသာမက သောက်သုံးရေဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရရှိရေးတို့ကိုပါ ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါသည်။ လှည်းကူးမြို့နယ် အတွင်းရှိ တည်ဆောက်ပြီးဖြစ်သည့် ငမိုးရိပ်ရေလှောင်တမံမှာ စိုက်ပျိုးရေအပြင် မဟာရန်ကုန် နယ်မြေအတွင်းရှိ မြို့နယ်များသို့ နေ့စဉ်ဂါလန်သန်း ၉၀ သောက်သုံးရေပါ ဖြန့်ဝေပေးမည့် ရေလှောင်တမံ ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့က တောင်ငူမြို့နယ်အတွင်း

**ကင်းတားရေလှောင်တမံ၏ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်ရုံ အဆောက်အဦးများပုံ**





တိုက်ကြီးမြို့နယ် ဥက္ကံချောင်းပေါ်တွင် တည်ဆောက်ခဲ့သော တဘူးလှ (ဥက္ကံ) ရေလှောင်ကန်၊ ရေထိန်းမျှော်စင်နှင့် တံတား

ဖွင့်လှစ်ခဲ့သည့် ပသိရေလှောင်တမံမှာ စိုက်ပျိုးရေအပြင် လျှပ်စစ်ဓာတ်အား ၂ မဂ္ဂါဝပ်ထုတ်လုပ်ပေးမည့် ရေလှောင်တမံ ဖြစ်ပါသည်။ လက်ရှိတည်ဆောက်ဆဲဖြစ်သည့် မုန်းချောင်းရေလှောင် တမံ၊ သဖန်းဆိပ်ရေလှောင်တမံတို့မှာလည်း စိုက်ပျိုးရေအပြင် လျှပ်စစ်ဓာတ်အားပါ ထုတ်လုပ်ပေးမည့် စီမံကိန်းများ ဖြစ်ကြပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဆည်မြောင်းလုပ်ငန်းများ၏ အရေးပါပုံကို ကောင်းစွာသိမြင်သောကြောင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဖြစ်နိုင်သည့်နေရာများတွင် ဆည်မြောင်းလုပ်ငန်းများကို ငွေကြေးကျပ်သန်းပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက် ရှိပါသည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်ကန်အငယ်စားများကိုလည်း အကောင်ထည်ဖော်ပေးလျက် ရှိပါသည်။

## နိဂုံး

ကမ္ဘာပေါ်တွင်လူဦးရေမှာ နေ့စဉ်နှင့်အမျှ တိုးပွားလျက်ရှိရာမြန်မာနိုင်ငံတွင်လည်း လူဦးရေမှာ နှစ်စဉ်တိုးတက်လျက်ရှိပါသည်။ လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ စားဝတ်နေရေးလိုအပ်ချက်မှာလည်း တိုးတက်များပြားလာပါသည်။ အထူးသဖြင့် စားနပ်ရိက္ခာများကို တိုး၍လိုအပ်လာပါသည်။ စားနပ်ရိက္ခာပြည့်စုံဖူလုံရေးအတွက် စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန်ရေသည် မရှိမဖြစ်လိုအပ်ပါသည်။ စိုက်ပျိုးရေအလုံအလောက်ရရှိရေးအတွက် သဘာဝနည်းလမ်းများအပြင် **“ဆည်မြောင်းနည်းပညာများ”** ဖြင့်လည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆည်မြောင်းစီမံကိန်းများကို တိုးတက်အကောင်အထည် ဖော်ပေးကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်ကလည်း စဉ်ဆက်မပြတ်အကောင်အထည် ဖော်ပေးနေပါသည်။ သို့ဖြစ်၍ ဆည်မြောင်းစီမံကိန်းများ၏ အကျိုးတရားကို ရရှိခံစားနေကြရသော ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ အနေဖြင့် ဆည်မြောင်းလုပ်ငန်းများကို ငွေကုန်ကြေးကျ အမြောက်အမြား ကျခံဆောင်ရွက်ပေးနေသော နိုင်ငံတော်၏ စေတနာကို နားလည် သဘောပေါက်ကြရမည်ဖြစ်သလို ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယနေ့အထိသားစဉ်မြေးဆက် အကျိုးပြုနေသော ဆည်မြောင်းလုပ်ငန်းများကို အစွန့်ရှည်စွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်းတင်ပြလိုက်ရပါသည်။

**ဦးရဲမြင့်၊ ဦးလှဝင်း**

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တာဝန်ယူသည့် ကာလတွင် တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းစီမံကိန်းများ

| စဉ် | လုပ်ငန်းအမည် | တည်နေရာ | | အကျိုးပြု |
|---|---|---|---|---|
| | | ပြည်နယ်/တိုင်း | မြို့နယ် | ဧရိယာ(ဧက) |
| ၁ | နတ်မှော်ရေစုပ်စက် | ပဲခူး | ရွှေတောင် | ၈၀၀၀ |
| ၂ | စလေပခန်းငယ်ရေစုပ်စက် | မကွေး | ချောက် | ၅၄၀၀ |
| ၃ | ဒုရင်ဗိုလ်ရေစုပ်စက် | မကွေး | အောင်လံ | ၁၀၄၀၀ |
| ၄ | စဉ့်ကူးချောင်းဝေါင်းရေလှောင်တမံ | ပဲခူး | အုတ်ဖို | ၁၅၀၀ |
| ၅ | ကင်ပွန်းတောင်ရေလှောင်တမံ | မကွေး | တောင်တွင်းကြီး | ၅၀၀၀ |
| ၆ | ကင်းတားရေလှောင်တမံ | မန္တလေး | ကျောက်ဆည်<br>တံတားဦး<br>မြစ်သား<br>ဝမ်းတွင်း | ၂၀၁၅၀၀ |
| ၇ | သဖန်းချောင်းရေလှောင်တမံ | မန္တလေး | ပျော်ဘွယ် | ၁၂၀၀ |
| ၈ | အဇင်းရေလှောင်တမံ | မွန် | မုဒုံ | ၃၀၀၀ |
| ၉ | အောက်မြန်မာပြည်စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း (၂) | ဧရာဝတီ | ဘိုကလေး<br>လပွတ္တာ<br>မအူပင်<br>ကျိုက်လတ် | ၁၈၃၄၂၁ |
| | | ရန်ကုန် | သန်လျင်<br>သုံးခွ<br>ခရမ်း | |
| ၁၀ | လက်ယက်မရေလှောင်တမံ | စစ်ကိုင်း | မြောင် | ၇၅၀ |
| ၁၁ | စေတီရေလွှဲဆည် | စစ်ကိုင်း | တမူး | ၈၄၅ |
| ၁၂ | ဝက်ရူရေလွှဲဆည် | စစ်ကိုင်း | တမူး | ၇၀၂ |
| ၁၃ | မြေအောက်ရေဖြင့်စိုက်ပျိုးရေး စီမံကိန်း (၁) | စစ်ကိုင်း | မုံရွာ<br>ချောင်းဦး<br>ဘုတလင် | ၂၂၉၃၅ |
| ၁၄ | ရွှေတောင်ရေလှောင်တမံ | ပဲခူး | ရွှေတောင် | ၁၂၀၀ |
| ၁၅ | ဘုတ်ချောင်းရေလှောင်တမံ | မကွေး | မြို့သစ် | ၅၀၀ |
| ၁၆ | ပွဲသာရေလှောင်တမံ | မကွေး | အောင်လံ | ၁၀၀၀ |
| ၁၇ | သီးခြောက်ရေလွှဲဆည် | မကွေး | ပေါက် | ၁၂၅၀ |
| ၁၈ | မြိုင်ချောင်းရေလှောင်တမံ | မကွေး | မြိုင် | ၁၀၀၀ |


## ခေတ်အဆက်ဆက်တိုးတက်လာသည့် ဆည်မြောင်း လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | တည်နေရာ | | အကျိုးပြု ဧရိယာ(ဧက) |
|---|---|---|---|---|
| | | ပြည်နယ်/တိုင်း | မြို့နယ် | |
| ၁၉ | ကျောက်တစ်လုံးရေလှောင်တမံ | မန္တလေး | တောင်သာ | ၁၅၀၀ |
| ၂၀ | နွယ်ခွေရေလှောင်တမံ | စစ်ကိုင်း | ချောင်းဦး | ၁၂၅၀ |
| ၂၁ | တောင်မောက်ရေလှောင်တမံ | ပဲခူး | ပန်းတောင်း | ရေပေးရေး |
| ၂၂ | ကဗွန်းမ (ဝန်ချောင်း)ရေလှောင်တမံ | မကွေး | ဆိပ်ဖြူ | ၆၇၅ |
| ၂၃ | တုန်းကျော်ရေလွှဲဆည် | စစ်ကိုင်း | တမူး | ၄၆၂ |
| ၂၄ | တောင်လုံးမြောင်ရေလှောင်တမံ | ရန်ကုန် | လှည်းကူး | ၃၀၀ |
| ၂၅ | တောင်ခရမ်းရေလှောင်တမံ | မကွေး | ဂန့်ဂေါ | ၅၀၀၀ |
| ၂၆ | စမုံရေထိန်းတမံ | မန္တလေး | သာစည် | ၁၂၀၀၀ |
| ၂၇ | ကိုကိုးကျွန်းရေလှောင်တမံ | ရန်ကုန် | ကိုကိုးကျွန်း | ရေပေးရေး |
| ၂၈ | စွန်းလွန်းရေလှောင်တမံ | မန္တလေး | မြင်းခြံ | ၂၅၀၀ |
| ၂၉ | ကင်းသာရေလှောင်တမံ | မန္တလေး | တပ်ကုန်း | ၂၀၀၀ |
| ၃၀ | ဝါးပါးရေလှောင်တမံ | မွန် | သထုံ | ၂၄၀၀ |
| ၃၁ | ဆင်ချောင်းရေလှောင်တမံ | မကွေး | ရေစကြို | ၁၀၀၀ |
| ၃၂ | တောင်နဝင်းရေထိန်းတမံ | ပဲခူး | ပေါက်ခေါင်း | (၄၅၀၀)* |
| ၃၃ | ရေဦးဆည်မြောင်းများခေတ်မီ ပြန်လည်ထူထောင်ရေးစီမံကိန်း | စစ်ကိုင်း | ရေဦး အရာတော် ဒီပဲယင်း | ၁၂၁၀၀၀ |
| ၃၄ | မတောင့်တရေလွှဲဆည် | ပဲခူး | ပြည် | ၁၀၅၂၀ |
| ၃၅ | ဆိတ်ဖူးတောင်ရေလွှဲဆည် | ပဲခူး | တောင်ငူ | ၂၀၀၀ |
| ၃၆ | တောင်ပင်လယ်ရေလှောင်တမံ | မန္တလေး | မြင်းခြံ | ၂၃၀၀ |
| ၃၇ | လိုင်းဗားရေလှောင်တမံ | ချင်း | ဖလမ်း | ၅၀၀ |
| ၃၈ | မင်းရဲရေလှောင်တမံ | ပဲခူး | အုတ်တွင်း | ၂၀၀၀ |
| ၃၉ | ဘန့်ဘွေးကုန်း ရေလှောင်တမံ | ရန်ကုန် | ကျောက်တန်း | ၃၀၀ |
| ၄၀ | ကျီးပင်ရေလှောင်တမံ | ပဲခူး | ပန်းတောင်း | ရေပေးရေး |
| ၄၁ | ချောင်းကောက်ရေလွှဲဆည် | မန္တလေး | ပျော်ဘွယ် | (၃၅၀၀)* |
| ၄၂ | ကြိုးကြာကွင်းရေလှောင်တမံ | ရခိုင် | တောင်ကုတ် | ၂၀၀ |
| ၄၃ | ဒိုးကွင်းရေလှောင်တမံ | မန္တလေး | ပြင်ဦးလွင် | ၃၀၀ |
| ၄၄ | တဘူးလှရေလွှဲဆည် | ရန်ကုန် | တိုက်ကြီး | (၄၀၀၀)* |
| ၄၅ | သက်တော်ရေလှောင်တမံ | မန္တလေး | သာစည် | ၂၅၀၀ |
| ၄၆ | နတ်မောက်ရေလွှဲဆည် | မကွေး | နတ်မောက် | (၅၀၀)* |
| ၄၇ | ကမ်းနီရေလွှဲဆည် | ပဲခူး | တောင်ငူ | ၂၀၀၀ |
| ၄၈ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန် | လှည်းကူး | ၇၀၀၀၀ |

## ခေတ်အဆက်ဆက်တိုးတက်လာသည့် ဆည်မြောင်း လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | တည်နေရာ | | အကျိုးပြု |
|---|---|---|---|---|
| | | ပြည်နယ်/တိုင်း | မြို့နယ် | ဧရိယာ(ဧက) |
| ၄၉ | ဘီးလင်းကျောက်ဖြည့်ရေလွှဲဆည် | မွန် | ဘီးလင်း | ၃၀၀၀ |
| ၅၀ | တောင်နဝင်းရေလှောင်တမံ | ပဲခူး | ပေါက်ခေါင်း | ၆၂၅၀၀ |
| ၅၁ | တဘူးလှရေလှောင်တမံ | ရန်ကုန် | တိုက်ကြီး | ၅၂၀၀၀ |
| ၅၂ | ယင်းဝါရေလှောင်တမံ | တနင်္သာရီ | ကော့သောင်း | ရေပေးရေး |
| ၅၃ | မုန်ချောင်းရေထိန်းတမံ | မန္တလေး | တပ်ကုန်း | ၄၈၅၀ |
| ၅၄ | သာစည်ရေလှောင်တမံ | စစ်ကိုင်း | မုံရွာ | ၁၅၀၀ |
| ၅၅ | ချောင်းကောက်ရေလှောင်တမံ | မန္တလေး | ပျော်ဘွယ် | ၁၁၅၀၀ |
| ၅၆ | နတ်မောက်ရေလှောင်တမံ | မကွေး | နတ်မောက် | ၃၆၀၀၀ |
| ၅၇ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် | သန်လျင် | ၁၀၀၀ |
| ၅၈ | စစ်တောင်းမြစ်ရေတင်စိုက်ပျိုးရေး | ပဲခူး | အုတ်တွင်း | ၇၀၀၀ |
| ၅၉ | ရေနီရေလွှဲဆည် | မန္တလေး | လယ်ဝေး | ၄၂၀၀ |
| ၆၀ | ပန်းလှိုင်ရေထိန်းတံခါး | ဧရာဝတီ | ညောင်တုန်း | ၂၀၀၀၀ |
| ၆၁ | ယင်းမာပင်၊ ရွာသာယာ၊ရေလျှံတွင်း (၉၉)ကန် | စစ်ကိုင်း | ယင်းမာပင် | ၉၉၀၀ |
| ၆၂ | လဲဖြူရေထိန်းတမံ | မန္တလေး | ရမည်းသင်း | ၆၂၀၇ |
| ၆၃ | ရေဘုတ်ချောင်းရေလှောင်တမံ | မန္တလေး | ရမည်းသင်း | ၄၅၀ |
| ၆၄ | တောင်ညိုရေလှောင်တမံ | ပဲခူး | နတ္တလင်း | ၅၀၀၀၀ |
| ၆၅ | မြောက်ပင်လယ်ရေလှောင်တမံ | မန္တလေး | မြင်းခြံ | ၃၀၀၀ |
| ၆၆ | ရွှေနတ်တောင်ရေလှောင်တမံ | မွန် | မော်လမြိုင် | ၄၀၀ |
| ၆၇ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး | ပဲခူး | ၁၂၅၀ |
| ၆၈ | ထန်းဇလုတ်ရေလှောင်တမံ | စစ်ကိုင်း | မုံရွာ | ၂၀၀၀ |
| ၆၉ | မြကန်ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း | မန္တလေး | ပုဂံ၊ညောင်ဦး | ၂၀၀ |
| ၇၀ | ဆင်တဲဝ (သမက္ကူ)ရေလှောင်တမံ | မန္တလေး | တောင်သာ | ၃၈၀၀ |
| ၇၁ | ကမ်းသာယာရေလှောင်တမံ | ရခိုင် | ဂွ | ၁၁၀ |
| ၇၂ | ဇောင်းတူရေလွှဲဆည် | ပဲခူး | ပဲခူး | ၃၆၂၅၀ |
| ၇၃ | ဘန်းကုန်းရေလှောင်တမံ | မကွေး | တောင်တွင်းကြီး | ၂၀၀၀ |
| ၇၄ | ပသိရေလှောင်တမံ | ပဲခူး | တောင်ငူ | ၄၀၀၀ |
| ၇၅ | ကင်းတပ်ရေလွှဲတမံ | စစ်ကိုင်း | ကျွန်းလှ | ၁၅၀၀၀၀ |
| ၇၆ | စွန်ကန်ရေကာတာ | မန္တလေး | တောင်သာ | ၄၇၀၃ |

*ပင်မရေလှောင်တမံ၏အကျိုးပြုဧကတွင် ပါဝင်ပြီးဖြစ်ပါသည်။



# "မြန်မာ့ရိုးရာယဉ်ကျေးမှု ပန်း ၁၀ မျိုးပြပွဲပြိုင်ပွဲ"

## နိဒါန်း

"ဘု ရား မ တင် နတ် မ ဝင် လူ တွင် ဆယ် ပွင့် ပန်း" ဟူသောဆိုရိုးစကားနှင့်အညီ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ပန်းတမော့၊ ပန်းရံ၊ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း ဟူသည့် ပန်း ၁၀ မျိုးကို အတိုကောက်အနေဖြင့် "ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ မော့၊ ရံ၊ ပု၊ ပွတ်၊ ချီ၊ ယွန်း၊"ဟူ၍ ခေါ်ဆိုကြသည်။

ရှင်မဟာရဋ္ဌသာရစပ်ဆိုသည့် ကိုယ်ရည်သွေးပိုဒ်စုံရတုနှင့် ညောင်ရမ်းဆယ်ဆက်တွင် နှစ်ဆက်မြောက်ဖြစ်သော အနောက်ဘက်လွန်မင်းတရား လက်ထက် ရှင်ကုမာရကဿဖ စပ်ဆိုသည့် ဓမ္မရာသီပျို့ တို့သည် အထောက်အထား ကောင်းများဖြစ်ကြသည်။ ပန်း၁၀ မျိုးကား လက်မှုနှင့်အနုပညာရပ်များကို ပေါင်းစပ်ထားသည့် ရိုးရာယဉ်ကျေးမှု ပညာရပ်များပင်ဖြစ်သည်။

ယင်းပညာရပ်တို့ကား ပျူခေတ်ကတည်းကပင် ရှိခဲ့ပေသည်။ ပုဂံခေတ်တွင် ထွန်းကားလာခဲ့ပြီး အင်းဝနှင့် ကုန်းဘောင်ခေတ်တွင် အဘက်ဘက်မှ ကြွယ်ဝပြည့်စုံလာခဲ့သည်ဟု ဆိုရပေမည်။ နယ်ချဲ့လက်အောက်တွင် ယင်းပညာရပ်များသည် မှေးမှိန်လာခဲ့ပြီး လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်မှ တစ်စတစ်စ ပြန်လည်ဆန်းသစ်ထွန်းကားလာသည့်သဘော ရှိပေသည်။

## ပန်း ၁၀ မျိုး ပြပွဲပြိုင်ပွဲ

ယဉ်ကျေးမှုပြပွဲ၊ ပြိုင်ပွဲများ အထိုက်အလျောက် ပေါ်ထွန်းခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ပန်း ၁၀ မျိုးစလုံးကို စုံလင်အောင် ခင်းကျင်း မပြနိုင်ခဲ့ပေ။ မြန်မာနိုင်ငံတွင် လက်မှုအနုပညာနှင့် ပတ်သက်သည့် ပြပွဲ ပြိုင်ပွဲများ ပေါ်ထွန်းလာခဲ့သည်မှာ နှစ်ပေါင်း ၉၀ ခန့် ရှိပေပြီ။ ပြပွဲပြိုင်ပွဲကြီး၊ ငယ်များကိုစစ်တမ်းကောက်လိုက်ပါက ၂၀၀ ကျော် ၃၀၀ နီးပါးခန့် ရှိပေမည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျင်းပသည့် ပန်း ၁၀ မျိုး ပြပွဲပြိုင်ပွဲကြီး မျိုးမှာမူ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မန္တလေးမြို့ ဆင်ဖြူကန်ကွင်းကြီး အတွင်းတွင် ခင်းကျင်းပြသခဲ့သည့် ပြပွဲ ပြိုင်ပွဲကြီး တစ်ခုသာလျှင် ရှိပေသေးသည်။

တစ်နိုင်ငံလုံး အတိုင်းအတာနှင့်အညီ တိုင်းနှင့်ပြည်နယ် ၁၄ ခုမှ မြို့နယ်အလိုက်၊ တိုင်းအလိုက် အဆင့်ဆင့် ယှဉ်ပြိုင်ရွေးချယ်ပြီး အဆင့်ဆင့်စိစစ်ပြီးမှ ဆန်ခါတင်ကို ထပ်မံရွေးချယ်သည့် နည်းမျိုးဖြစ်သည်။ ထို့အပြင် လုပ်ပြီးသား ပစ္စည်းကိုပြပွဲတင်ပြီး ယှဉ်ပြိုင်ရခြင်းမျိုး မဟုတ်မူဘဲ လက်တွေ့ရေးဆွဲ ထုလုပ်သွန်းလောင်းပြီး လူပုံအလယ်တွင် ယှဉ်ပြိုင်ရသည့်ပွဲမျိုးဖြစ်သဖြင့် ပြပွဲပြိုင်ပွဲအနေဖြင့် ထူးလည်းထူးခြားသည်။ ရှင်းလည်းရှင်းသည်။ အများအတွက်လည်း ပညာဗဟုသုတရစေသည့် ပွဲမျိုး ဖြစ်ပေသည်။

ပြိုင်ပွဲကြီးအတွက် မြို့နယ်နှင့်ခရိုင်များသည် အောက်တိုဘာလအတွင်း ပြိုင်ပွဲကျင်းပရွေးချယ်ပြီး ဆုရရှိသူများသည် နိုဝင်ဘာလအတွင်း ကျင်းပသည့် တိုင်းနှင့်ပြည်နယ် အဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရပေသည်။ တိုင်းနှင့်ပြည်နယ်အဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယ ဆွတ်ခူးနိုင်ပါမှဗဟိုအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရကြပေသည်။ တိုင်းနှင့်ပြည်နယ်များမှ လက်ရွေးစင်များ ဗဟိုသို့တက်လာသည့် သဘောမျိုး ဖြစ်ပေသည်။

ဧရာဝတီတိုင်းအနေဖြင့် တိုင်းအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်နေ့အထိ ကျင်းပကာ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းပဲ၊ ပန်းတော့၊ ပန်းပွတ်စသည့် ပညာရပ်များကို ယှဉ်ပြိုင်စေပြီး ပန်း ၁၀ မျိုးဆိုင်ရာ ရှေးဟောင်းပစ္စည်းများကိုပါ ခင်းကျင်းပြသထားပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ပန်း ၁၀ မျိုးပြပွဲပြိုင်ပွဲ



မြန်မာ့ရိုးရာယဉ်ကျေးမှုပန်း ၁၀ မျိုးပြပွဲပြိုင်ပွဲတွင် ပြသထားသော စစ်ကိုင်းတိုင်း၏ ပြကွက်

ရွှံ့ပန်းပုပုံတူ လက်တွေ့ယှဉ်ပြိုင်နေကြစဉ်



ရန်ကုန်တိုင်းအနေဖြင့် နိဝင်ဘာလအတွင်း အလုံမြို့နယ်ခန်းမတွင် ပြပွဲပြိုင်ပွဲ ခင်းကျင်းပြသခဲ့ပြီး မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ မွန်၊ တနင်္သာရီ၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်းစသည့် ပြည်နယ်နှင့် တိုင်းများကလည်း ပြည်နယ်အလိုက်၊ တိုင်းအလိုက် ခင်းကျင်းပြသကြကြောင်း သိရသည်။

## ပြပွဲနှင့်အရောင်းပြခန်းများ

ပြပွဲပြိုင်ပွဲများအပြင် သီးခြားပြပွဲအခန်းနှင့် အရောင်းပြခန်းများလည်း ရှိပေသည်။

ဗဟိုပြပွဲပြိုင်ပွဲကြီးတွင် ပြည်နယ်အလိုက်၊ တိုင်းအလိုက် ပြခန်းနှင့်ပြိုင်ပွဲအခန်းများ ဆောက်လုပ် ထားသလို ပြည်နယ်ထွက်ကုန် အရောင်းပြခန်းများကိုလည်း သီးခြား ဆောက်လုပ်ပြသထားပေသည်။ မန္တလေးတိုင်း၏ သင်္ကေတ "နန်းမြင့်" သည် ထူးခြားသလို စစ်ကိုင်းတိုင်း သရုပ်ဖော် မင်းကွန်းခေါင်းလောင်းကြီးနှင့် ပုထိုးတော်ကြီးသည်လည်း ထူးထူးခြားခြား ပေါ်လွင်လျက် ရှိပေသည်။ မင်းကွန်းခေါင်းလောင်းကြီးကို အသံမြည်အောင် ထိုးလို့ရအောင်သုံး နေရာ သတ်မှတ်ထားသဖြင့် ပညာသားပါသည်ဟု ဆိုရပေမည်။

ရှမ်းပြည်နယ်ပြခန်း၏ ခေါင်မိုးပေါ် မှ ကိန္နရီ၊ ကိန္နရာ၊ ဝဲယာရံထားသည့် ရှမ်းအိုးစည်တီးနေပုံ ရုပ်တုသည်လည်း စိတ်ဝင်စားဖွယ်ရာ ကောင်းပေသည်။ ရန်ကုန်တိုင်းသည် ရွှေတိဂုံပုံတော် ကားချပ်ကြီးဖြင့် ကျက်သရေမင်္ဂလာရှိသလို ကချင်ပြခန်း၏ မျက်နှာစာမှ ကချင်မနောတိုင်ကြီးများကလည်း ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးနေပေသည်။

ရေဝတီ၊ ပဲခူး၊ မကွေး၊ တနင်္သာရီတိုင်းများ ကလည်း သူ့သင်္ကေတနှင့်သူ သရုပ်ဖော်ထားသလို ချင်း၊ ကရင်၊ ကယား၊ ရခိုင်၊ မွန်စသည့် ပြည်နယ်များကလည်း ရိုးရာသင်္ကေတ အစုံအလင်ဖြင့် သရုပ်ဖော်ထား ကြသည့် အတွက် ဆင်ဖြူကန်ကွင်းကြီး တစ်ခုလုံးသည် ရောင်စုံတောက်ပ၍ နေပေသည်။

တိုင်းနှင့်ပြည်နယ်များသည် အားကြိုးမာန်တက် ပြကြပြိုင်ကြသည့်အတွက် ခင်းကျင်းပြင်ဆင်ထားပုံများမှာ အားရကြည်နူးဖွယ် ကောင်းပေသည်။ မန္တလေးတိုင်းသည် နေရာအကျယ်ဆုံးနှင့် ပစ္စည်းအစုံလင်ဆုံးခင်းကျင်းထားပြီး ဒုတိယနေရာအကျယ်ဆုံးနှင့် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းအား အကောင်းဆုံးမှာ စစ်ကိုင်းတိုင်းဖြစ်ပေသည်။ မကွေးတိုင်း သည်လည်း ရှေးဟောင်း ပစ္စည်းများကို ခက်ခက်ခဲခဲ ရှာဖွေ စုဆောင်း ပြသထားသည်။

ရှမ်းပြည်နယ်ပြခန်းသည် ပန်း ၁၀ မျိုးကို နောက်ခံ ပန်းချီကား ၁၀ ချပ်ဖြင့် သရုပ်ဖော်ပြီး ရနိုင်သရွေ့ ပန်း ၁၀ မျိုးဆိုင်ရာပစ္စည်းများကို ခင်းကျင်းပြသထားသဖြင့် ဦးတည်ချက်ကို မိအောင် လိုက်နိုင်သည့် သဘောရှိပေသည်။ မွမ်းမံဆင်ယင်သည့် နေရာတွင် ပန်းချီ လက်ရာ အမြောက်ဆုံးနှင့် ပန်းချီကားအရွယ်အစား အကြီးဆုံးကို ရန်ကုန်တိုင်းပြခန်းတွင် မြင်ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ ပြဒါးလင်းဂူအတွင်း ရှေးဟောင်းကျောက်လက်နက်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးနေပုံကို ပန်းချီကျော်ဦးနိုင်လေးက ဆီဆေးဖြင့် ခြယ်မှုန်းထားသည့် ပန်းချီဖြစ်သည်။


မန္တလေးတိုင်းပြကွက်မှ ရှင်စောပုဘုရင်မကြီး ပုံတော်ပါဝင်သည့် ဆီဆေးပန်းချီကားသည်လည်း မန္တလေးပန်းချီကျော် ဦးတိုင်းကျော်၏လက်ရာဖြစ်သဖြင့် အတုယူဖွယ်ဖြစ်သည်။ စစ်ကိုင်းတိုင်းပြခန်းမှ ယွန်းဆွမ်းအုပ်ကြီးသည်လည်း တစ်မူထူးခြားပေသည်။ ခန်းမအပြည့် အချင်း ၁၀ ပေ ရှိသဖြင့် တွေ့ဖူးသမျှဆွမ်းအုပ်များအနက် အကြီးဆုံးဖြစ်ပြီး တန်ဖိုး ကျပ် ၁၀ သိန်း သတ်မှတ်ထားပေသည်။

ရှမ်းပြည်နယ်ပြခန်းမှ ဆင်စွယ်ယပ်တောင်သည် ရှားပါးပြီး လက်ရာမြောက်သည်နှင့်အမျှ နှစ်ပေါင်း ၄၀၀ ခန့်က ပစ္စည်းဖြစ်သဖြင့် သမိုင်း တန်ဖိုးကြီးလှပေသည်။ ကွယ်လွန်သူ ရှမ်းပန်းချီကျော် ဦးခန်းလွန်း၏ လက်ရာများမှာလည်း ရှားပါးလက်ရာများဖြစ်သဖြင့် ထိန်းသိမ်းထားသင့်ပေသည်။ ညောင်ရွှေမှ ပန်းပုဆရာကြီး ဦးထွန်းမောင် (ကွယ်လွန်) ၏ တိုင်းရင်းသားပုံတူ ပန်းပုများသည်လည်း တစ်မူထူးခြားသဖြင့် ရှမ်းပြည်နယ်ပြခန်းကို ဂုဏ်တက်စေသည်။



ကရင်ပြည်နယ်ပြခန်းမှ
ပြကွက်တစ်စိတ်တစ်ဒေသ

ရာဇဝတီတိုင်း ပြကွက်မှ
လက်တွေ့ ပြသနေပုံ





ရန်ကုန်တိုင်းအဆင့် ပန်းချီပြိုင်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသူတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်

စစ်ကိုင်းတိုင်းပြခန်းတွင် ပန်း ၁၀ မျိုး ပညာရပ်များကို ရှင်းလင်းချက်နှင့်တကွ ပစ္စည်းများ ခင်းကျင်းပြသထားပုံမှာ အကွက်စေ့လှပေသည်။ ရေးဟောင်းပြခန်းနှင့် မျက်မှောက်ခေတ် ပြခန်းဟူ၍ နှစ်ခန်း ခွဲခြားပြသထား သဖြင့် လေ့လာကြည့်ရှုရသည်မှာ လွယ်ကူပေသည်။ မျိုးဆက်သစ်တို့၏ လက်ရာများကို မျက်မှောက်ခေတ်ပြခန်းတွင် သီးခြား လေ့လာကြည့်ရှုနိုင်သည့်အတွက် အနာဂတ်အနုပညာ အခြေအနေကို အကဲခတ်ခွင့်ရပေသည်။

ရေဝတီတိုင်း ပြခန်းတွင် ရိုးရာပစ္စည်းများကိုသာမက ကောက်ရိုးကပ်ပန်းချီ တစ်မူဆန်းသစ်လာသည်ကို တွေ့မြင်ရပေသည်။ လူနှင့်ရွှယ်တူ အပိုင်းပုံ (ပုံတူ) ကို ကောက်ရိုးရောင်စုံဖြင့် အသေးစိတ် အနုအရင့်ခွဲပြီး ကပ်ထားရာ ပညာသားပါလှပေသည်။ ၈ ပေအကွာ လောက်မှကြည့်လျှင် ဆီဆေး ပုံတူပန်းချီကားမျိုးနှင့် မှားလောက်ပေသည်။ တန်ဖိုးလည်း မနည်းလှပေ။ ကျပ် ၅၀၀၀၀ ခန့်ရှိပေသည်။ ထို့အတူ ကရင်ပြည်နယ် ပြခန်း တွင်လည်း ကျောက်ရောင်စုံစီ ပန်းချီကို တွေ့ရပေသည်။ ကျောက်ဖြူ အကြီးအသေးနှင့် ရောင်စုံ ကျောက်မှုန့် ကလေးများကို ကော်ဖြင့်ကပ်ပြီး သရုပ်ဖော် ထားရာ အသက်ဝင်လှပေသည်။ ယင်းလက် ရာမျိုးကို ရန်ကုန်တွင် များများစားစား မတွေ့ရသေးသော်လည်း ထိုင်းနိုင်ငံဘက်သို့ တင်ပို့ရောင်းချနေသည်မှာ ၅ နှစ် လောက် ရှိပေပြီ။

ပြည်နယ်နှင့်တိုင်းအလိုက် ထွက်ကုန် အနုပညာ ပစ္စည်းများကို ပြသရာ၌ ရှမ်းပြည်နယ်ပြခန်းသည် လူအစည်ဆုံး၊ အရောင်းရဆုံး ဖြစ်ပေသည်။ ပန်းချီ၊ ပန်းပု၊ ရုပ်လုံး၊ ရုပ်ကြွ၊ ရွှေချည်ထိုး၊ ကြေးထည်၊ ငွေထည်နှင့် စားပွဲတင်ပစ္စည်း၊ နံရံကပ်ပစ္စည်း၊ အလှဆင် ပစ္စည်း ရောင်းချသည့်ဆိုင်များ၊ ပြခန်းများ လည်းရှိရာ သူ့ပရိသတ် နှင့်သူ စည်ကားလျက်ရှိပေသည်။ "ထန်းရိပ်ညို" လို ပန်းချီလက်ရာသန့်သန့် ပြသရောင်းချသည့် ဆိုင်များလည်း ရှိစေသည်။

ပြပွဲပြိုင်ပွဲ ကော်မတီအနေဖြင့် ပထမဦးစွာ တိုင်းနှင့် ပြည်နယ် ပြခန်း၊မဏ္ဍပ်များကို စဉ်းစားကြရပေသည်။ ထိုသို့ စဉ်းစားရာ၌ –

(၁) ဦးတည်ချက်နှင့်ကိုက်ညီမှု ရှိမရှိ။

(၂) ရိုး ရာ ယဉ် ကျေး မှု ပစ္စည်း ရှား ပါး ပြီး အနုပညာ မြောက်သည့် ပစ္စည်းများ စုံလင်မှုရှိမရှိ။

(၃) ပြည်သူကို ပညာပေးသည့်နေရာတွင် ထိရောက်မှုရှိမရှိ။

(၄) မွမ်းမံ ဆင်ယင်မှု စသည့် အချက်များကို ဦးစားပေးပြီး စဉ်း စား ကြ ရာ စစ် ကိုင်း တိုင်း ပ ထ မ၊ မ န္တ လေး တိုင်း ဒု တိ ယ နှင့် ရှမ်းပြည်နယ်အား တတိယ ဆုများ ချီးမြှင့်ရန် အားလုံးက သဘောတူညီကြပေသည်။

ပန်း ၁၀ မျိုး ပြပွဲပြိုင်ပွဲကြီးကို ၂၀–၁၂–၉၆ နံနက် ၈ နာရီတွင် ဖွင့်လှစ်ပြီးနောက် ပြိုင်ပွဲများကို ၉ နာရီတွင် စတင်ကျင်းပပေးသည်။ ပြိုင်ပွဲ ၁၀ မျိုးတွင် ယှဉ်ပြိုင်ကြသူ ပညာရှင်ပေါင်း ၈၀၀ ကျော်ပါဝင်ပြီး ဆုအရေအတွက်မှာ ၁၀၅ ခုဖြစ်သည်။

ပန်းပဲတွင် ကာကွယ်ရေးသုံးပစ္စည်းနှင့် လယ်ယာသုံးပစ္စည်း နှစ်မျိုးခွဲ၍ ယှဉ်ပြိုင်ကြရပြီး ပန်းထိမ်တွင် ရွှေထည်တစ်ဦးချင်း၊ ငွေထည်တစ်ဦးချင်း ရွှေချည်ထိုး အဖွဲ့ဟူ၍ သုံးမျိုးခွဲထားသည်။ ပန်းတဉ်းတွင် ကြေးသွန်းအဖွဲ့နှင့် ကြေးခတ်အဖွဲ့ နှစ် မျိုးရှိသလို ပန်းတော့တွင် ဗိသုကာမုခ်တံကဲ နှင့် ရိုးရာရုပ်လုံးအဖွဲ့ဟူ၍ ခွဲခြား ထားသည်။ ပန်းရံတွင် ပုံစံဒီဇိုင်းတစ်ဦးချင်းနှင့် တည်ဆောက်မှု (အဖွဲ့လိုက်) ခွဲခြားထားပြီး ပန်းပုတွင် လူပုံတူတစ်ဦးချင်း၊ လူတစ်ကိုယ်လုံး (သစ်သား)၊ လူ တစ်ကိုယ်လုံး (ရွှံ့စေး) ရိုးရာရုပ်လုံး တစ်ဦးချင်းနှင့် ကနုတ်ပန်းတစ်ဦးချင်းဟူ၍ ခွဲခြားထားသည်

ပန်းတမော့တွင် ရုပ်ပွားတော်နှင့် ရုပ်လုံးမျိုးစုံ တစ်ဦးချင်းစီ သတ်မှတ်ထားပြီး ပန်းပွတ်တွင် အတွင်းပွတ်နှင့် အတွင်းအပြင်ပွတ်နှစ်မျိုးခွဲထားသည်။ ပန်းချီတွင် ရှုမျှော်ခင်း၊ဆီဆေး၊ ရေဆေး၊လူပုံတူ၊ဆီဆေး၊ ရေဆေး၊ ရိုးရာပန်းချီ၊ ပိုစတာတို့ကို တစ်ဦးချင်း ယှဉ်ပြိုင်ကြရသည်။ ကျောင်းသား(ကလေးပန်းချီ) ကိုလည်း ယှဉ်ပြိုင်ခွင့်ပြုပေသည်။ ပန်းယွန်းတွင် အဖြူထည်၊ ကညစ်ယွန်း(ရိုးရာ)၊

မြန်မာ့ပန်းပုအနုပညာကို နိုင်ငံခြားသားများကလည်း စိတ်ဝင်တစားလေ့လာကြသည်





**မန္တလေးမြို့ရှိ ရွှေကျောင်းကြီး၏ မြန်မာ့အနုပညာလက်ရာကားတန်ဖိုးဖြတ်နိုင်ဖွယ်မရှိ**

ကညစ်ယွန်း (ခေတ်မီ)၊ ရွှေဇဝါယွန်း (ရိုးရာ)၊ ရွှေဇဝါယွန်း (ခေတ်မီ)၊ နှင့် သရုပ်ပန်းကြွပြိုင်ပွဲဟူ၍ ခြောက်မျိုး ခွဲခြားထားပေသည်။

ပန်းချီ၊ ပန်းပုတွင် ရန်ကုန်တိုင်းမှ အများဆုံးဆွတ်ခူးပြီး တံခွန်စိုက်ဒိုင်းဆုကို မန္တလေးတိုင်းမှ ဆွတ်ခူးရရှိသည်။ ၃၀-၁၂-၉၆ ရက်နေ့ ညနေပိုင်းတွင် ပြိုင်ပွဲများပြီးဆုံးပြီး ၃၁-၁၂-၉၆ ရက် ည ၇ နာရီတွင် ဆုချီးမြှင့်ပွဲကျင်းပသည်။

## နိဂုံး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဦးတည်ချက် ငါး ရပ်ဖြစ်သော -

(၁) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အဆင့်အတန်း ပိုမိုမြင့်မားလာစေရန်။

(၂) ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့ပန်း ၁၀ မျိုး ရေရှည်ထွန်းကား တည်တံ့စေရန်။

(၃) နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် ၄ ရပ်အနက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဦးတည်ချက်ကို ရိုးရာပန်းပညာရှင်များမှထိန်းသိမ်း အကောင်အထည်ဖော်သွားရန်။

(၄) မြန်မာ့ပန်း ၁၀ မျိုး ပညာရပ်များအား နိုင်ငံတကာနယ်ပယ်တွင် ထင်ရှားပေါ်လွင်မှုရှိလာစေရန်။

(၅) ရိုးရာပန်းပညာရှင်များ၏ ဘဝမြှင့်တင်ရန်နှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်

တို့ကို အကောင်အထည်ဖော်ရာ၌ ပထမအကြိမ်ဖြစ်သဖြင့် နေရာထိုင်ခင်း၊ငွေရေးကြေးရေး၊ ဆုကြေး၊ ဆက်သွယ်ရေး၊ စည်းရုံးရေး စသည့် အခက်အခဲ အနည်းငယ်ရှိသော်လည်း ပညာရှင်တို့၏ စိတ်ဓာတ်အားမာန်အပြည့်အဝဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည့်အတွက် အောင်မြင်သော ပြပွဲပြိုင်ပွဲကြီးတစ်ခု ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသတည်း။

**ဦးမင်းနိုင်**


ရွာတောင်ဘိုးဘွားရိပ်သာ
HOME FOR THE AGED, YWATAUNG







# မြန်မာနိုင်ငံ ဘိုးဘွားရိပ်သာများ

## နိဒါန်း

"ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ
သော ဂိလာန ဥပဋ္ဌဟေယျ"

ယော၊အကြင်ရဟန်းသည်။ မံ၊ ငါဘုရားကို။ ဥပဋ္ဌဟေယျ၊ လုပ်ကျွေးပြုစုငြားအံ့။ သော၊ ထိုရဟန်းသည်။ ဂိလာန၊ သူအိုသူနာကို။ ဥပဋ္ဌဟေယျ၊ လုပ်ကျွေးပြုစုရာ၏–

ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားရှင် မိန့်ကြားတော်မူခဲ့သည့် တရားဒေသနာကို မဟာဝါပါဠိတော်၊ စီဝရက္ခန္ဓက၊ ဂိလာနဝတ္ထုတွင် ကြည့်ညိုဖွယ်နာယူနိုင်ပါသည်။ ဝမ်းရောဂါဖြစ်နေသော ရဟန်းတော်တစ်ပါးအား ဘုရားကိုယ်တော်တိုင် ထူပင့်၍ ရှင်အာနန္ဒာက ရေလောင်း၊ ဘုရားရှင်ကိုယ်တိုင်က တစ်ကိုယ်လုံးပွတ်တိုက် ရေမိုးချိုး၊ သန့်စင်ကာ ပြုစုပေးတော်မူ၍ ရဟန်းတော်များအား သူအိုသူနာတို့ကို လုပ်ကျွေးပြုစုပေးရန် မိန့်တော်မူခဲ့သည်။

ဤလောကလူ့ဘောင်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတို့သည် အရာရာတွင်ရှေ့ဆောင်နေကြသည်။ "မမြဲသောတရားသည်သာ မြဲ၏" ဟူသော လောကသစ္စာအတိုင်း လူသည်လည်းကောင်း၊ ရုပ်ခန္ဓာသည် လည်းကောင်း၊ ပစ္စည်းဥစ္စာတို့သည် လည်းကောင်း မမြဲသောသဘောသာ ရှိကြကုန်လေသည်။

လူသည် အသက် ၆၀ အရွယ်ရောက်လာလျှင်ဖြင့် ဇရာဖိစီး၊ အိုကြီး အိုမဘဝသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ဤအရွယ်သည် ယေဘုယျအားဖြင့် အိုမင်းမစွမ်း ဖြစ်လာစအချိန်။ "အိုမင်းမစွမ်း" ဟူသော စကားလုံး အဓိပ္ပာယ်အတိုင်း အိုမင်းခြင်းနှင့်အတူ မစွမ်းဆောင်နိုင်မှုသည်လည်း ယှဉ်တွဲရှိနေတတ်သည်။ ဘဝဆည်းဆာချိန် ရောက်လာပြီဖြစ်သည့်အတွက် ကိုယ့်ကိုယ်ကိုအားကိုးနိုင်စွမ်းသည် ဆည်းဆာချိန် အလင်းပမာ မှိန်ဖျော့အားနည်းခဲ့ရပြီ ဖြစ်သည်။

ယင်းသို့သော အိုမင်းချိန်ရောက်ခါမှ ဥစ္စာပစ္စည်း ပျက်စီးဆုံးရှုံးခြင်း၊ သားသမီး ဆွေမျိုးဉာတိ ပျက်စီးဆုံးရှုံးခြင်း၊ သားသမီး ဆွေမျိုး ကျောထောက်နောက်ခံ မရှိခြင်းစသည့် ဗျသနတရား၊ ဒုက္ခတရားတို့နှင့် ရင်ဆိုင်ကြုံတွေ့ရလေသော ခိုကိုးရာမဲ့ သက်ကြီးရွယ်အို ဘိုးဘွားများသည် မည်သို့ရင်ဆိုင်နေထိုင်ရပါမည်နည်း။ ကျန်ရှိသည့် အချိန်များကို မည်သို့ဆက်လက်ရှင်သန်ရပါမည်နည်း။ ရှင်သန်မည့် အချိန်တွေကို မည်သို့အသုံးချရပါမည်နည်း။

ဤသို့သော မေးခွန်းများကို ဘိုးဘွားရိပ်သာများက အဖြေပေးနေခဲ့ပြီဖြစ်ပါသည်။ ခိုကိုးရာမဲ့ ဘိုးဘွားများ၏ ကွန်းခိုရာဘိုးဘွားရိပ်သာများသည် ခိုကိုးရာမဲ့ ဘိုးအို ဘွားအိုများအတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ စိတ်နှလုံးရွှင်လန်းချမ်းမြေ့ရေး၊ ကျန်ရှိသည့်အချိန်များကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးတို့အတွက် စွမ်းဆောင် ဆောင်ကြဉ်းပေးလျက် ရှိနေပါသည်။

## ခိုကိုးရာမဲ့ ဘိုးဘွားများ စောင့်ရှောက်ရေးလုပ်ငန်း

ခိုကိုးရာမဲ့ ဘိုးဘွားများအား စောင့်ရှောက်ကူညီပေးသည့်လုပ်ငန်းသည် လူမှုဝန်ထမ်းလုပ်ငန်းရပ် ဖြစ်သည်နှင့်အညီ ဘိုးဘွားစောင့်ရှောက်ရေး လုပ်ငန်းရပ်ကို ဆောင်ရွက်နေမှုအား နိုင်ငံတကာတွင် အမျိုးအစား (၃) မျိုး ခွဲခြား၍ မြင်တွေ့နိုင်ပါသည်။

(၁) အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခြင်း
(၂) အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်ခြင်း
(၃) အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း

နိုင်ငံတကာတွင် ခိုကိုးရာမဲ့ဘိုးဘွားများအတွက် **Home, Centre, Club** များ ဖွင့်လှစ်၍ ခိုကိုးရာမဲ့ ဘိုးဘွား



ဘိုးဘွားရိပ်သာများနှင့် မြန်မာ့ လူမှုဝန်ထမ်း မိခင်ကြီး ဒေါ်ဦးဖွန်း

များ စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက် ရှိနေပြီး ဘိုးဘွားများကို သတ်မှတ်ရာတွင်လည်း Aged, Senior, Citizen များဖြင့် သတ်မှတ်ကြကာ ဘိုးဘွား၊ သက်ကြီး ဆိုသည့် အသက်အရွယ်သတ်မှတ်ချက်မှာ ယေဘုယျအား ဖြင့် အသက် ၆၀ နှင့် အထက်သာဖြစ်ပါသည်။ နိုင်ငံရှိ လူ့သက်တမ်း (Life Expectancy ) အနည်းအများပေါ် မူတည်၍ အသက်သတ်မှတ်ချက် ပြောင်းလဲမှု မှုရှိနေမည် ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် အစိုးရအဖွဲ့ အစည်းမှ ဆောင်ရွက်ခြင်းအမျိုးအစားတွင် သက်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနသည် "သက်ကြီးရွယ်လွန် စောင့်ရှောက်ရေးလုပ်ငန်း" ရပ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက် ရှိနေပြီး၊ လူမှု ဝန်ထမ်းဦးစီးဌာနသို့ ထောက်ပံ့ကြေးပေးရန် လျှောက်ထား သည့် ဘိုးဘွားရိပ်သာများသို့ ဆန်၊ ငွေကြေး၊ ပစ္စည်းနှင့် နည်းပညာအကူအညီများကို နှစ်စဉ်ပုံမှန် ထောက်ပံ့ ပေးအပ်လျက် ရှိပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆောင်ရွက်မှု အမျိုးအစားတွင် စေတနာရှင်ပြည်သူများ၊ စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်း များမှ တည်ထောင် ဖွင့်လှစ်ထားမှုများ ပါဝင်မည်ဖြစ်ပြီး ယင်းသို့ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာတိုင်း၌ သက်ဆိုင်ရာဘိုးဘွားရိပ်သာ ကြီးကြပ်မှုအမှုဆောင် ကော်မတီများကို ထားရှိကာ စီမံကွပ်ကဲဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါ ဘိုးဘွားရိပ်သာများအနေဖြင့် လူမှုဝန်ထမ်း ဦးစီးဌာနသို့ ထောက်ပံ့ကြေးပေးရန် လျှောက်ထားနိုင်ကြ ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သည့်ရိပ်သာများသို့ လူမှု ဝန်ထမ်းဦးစီးဌာနသည် ဆန်၊ ငွေကြေး၊ ပစ္စည်းများကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်များ သတ်မှတ်၍ ထောက်ပံ့ကြေးများ ပေးအပ်ဆောင်ရွက်လျက် ရှိပါသည်။ ၁၉၉၅ – ၉၆ ဘဏ္ဍာရေးနှစ်အထိ ထောက်ပံ့ ကြေးပေးထားသည့် ဘိုးဘွားရိပ်သာမှာ (၂၇) ခု ရှိနေပြီး၊ ၁၉၉၆ – ၉၇ ဘဏ္ဍာရေးနှစ်တွင် ရိပ်သာ (၂၈) ခု ဖြစ်မည် ဖြစ်ပါသည်။

ပထမဆင့်။ ။ရိပ်သာရှိ ဘိုးဘွားဦးရေအတိုင်း ဆန်ထောက်ပံ့ခြင်း။

ဒုတိယဆင့်။ ။ရိပ်သာရှိ ဘိုးဘွားဦးရေအတိုင်း ဆန် ထောက်ပံ့ခြင်းအပြင် စားစရိတ်၊ ဝတ်စရိတ်များ ထောက်ပံ့ ခြင်း။

တတိယဆင့်။ ။ရိပ်သာရှိ ဘိုးဘွားဦးရေအတိုင်း ဆန်၊ စားစရိတ်၊ ဝတ်စရိတ်များအပြင် ရိပ်သာရှိ ဂေဟာမှူးအတွက် လစာ ငွေ ထောက်ပံ့ခြင်း။

## မြန်မာနိုင်ငံ ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်း ဖြစ်ပေါ်မှုအဆင့်ဆင့်

အိုမင်းမစွမ်းသော၊ နာမကျန်းသော ဘိုးအို ဘွားအို များကို ပြုစုစောင့်ရှောက်မှုသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး

များအဖို့ ဝေယျာဝစ္စကုသိုလ်အဖြစ် ရှေးမင်းအဆက်ဆက်တို့ ဆောင်ရွက်ခဲ့ကြပါသည်။ စာဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်မှာမူ ကုန်းဘောင်ခေတ်နှောင်း ပဉ္စမသင်္ဂါယနာတင်မင်းတုန်းမင်းလက်ထက်ဖြစ်ပြီး သူအို၊ သူနာတို့အား ပြုစုစောင့်ရှောက်ပေးမှုများကို ကုန်းဘောင်ဆက် မဟာရာဇဝင်၌ ဖော်ပြထားပါသည်။

ဤနောက်ပိုင်းတွင် မြန်မာ့လူမှုဝန်ထမ်းသမိုင်း၌ ထင်ရှားသောသမိုင်းမှတ်တိုင်ကို ပိုင်ပိုင်နိုင်နိုင်စိုက်ထူနိုင်ခဲ့သည့် ဒေါ်ဦးဗွန်း၏ ဘိုးဘွားစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာဘိုးဘွား ရိပ်သာများ၏ မိခင်ကြီး၊ မြန်မာ့လူမှုဝန်ထမ်း မိခင်ကြီးအဖြစ် မော်ကွန်းတင်ရမည့် ဒေါ်ဦးဗွန်းကို မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း (၅) ရက် သောကြာနေ့တွင် အဖ အိုးကုန်သည်ကြီး ဦးအိ၊ အမိ ဒေါ်မြင့်တို့မှ တစ်ဦးတည်းသော သမီးအဖြစ် မွေးဖွားခဲ့ပါသည်။ ဒေါ်ဦးဗွန်းအား ဖွားမြင်သည့်အချိန်သည် မင်းတုန်းမင်း ထီးနန်းစိုးစံချိန်ခါပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာတရားကို ငယ်စဉ်ကတည်းက ရိုသေကိုင်းရှိုင်းခဲ့သောဒေါ်ဦးဗွန်းသည် အသက်(၃၀) အရွယ်တွင် ပတ္တမြားဆရာတော်ဘုရားကြီးအားအုတ်ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ကျောင်းအမကြီးဒေါ်ဦးဗွန်းအဖြစ်ထင်ရှားခဲ့သူ ဖြစ်ပါသည်။


မိဘနှစ်ပါးကိုလုပ်ကျွေးပြုစုနေစဉ် ဒေါ်ဦးဗွန်း၏ ဖခင်သည်လည်းကောင်း၊ များမကြာမီ မိခင်သည်လည်းကောင်းကွယ်လွန်ခဲ့ရာတွင် ဒေါ်ဦးဗွန်းသည် လူ့လောကအလယ် တစ်ဦးတည်းကျန်ရစ်ခဲ့ရှာသည်။ မိဘနှစ်ပါးကိုလုပ်ကျွေးပြုစု၍ အားမရမီ၊ မိဘနှစ်ပါးကွယ်လွန်သွားခဲ့ကြသဖြင့် အခြားသော သက်ကြီးရွယ်အိုဘိုးဘွားများအပေါ် ပြုစုစောင့်ရှောက်လိုစိတ် ပြင်းပြလာခြင်း ဖြစ်ပေလိမ့်မည်။

မိဘနှစ်ပါးကွယ်လွန်ပြီးနောက် အသက်(၄၀) အရွယ်တွင် ရန်ကုန်မြို့သို့အလည်အပတ်လာရင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်း ( ယခင်စတော့ကိတ်လမ်း) ရှိခရစ်ယာန်သီလရှင်များဖွင့်လှစ်ထား သော လူအိုရုံတစ်ခုသို့ ဒေါ်ဦးဗွန်း ရောက်ရှိလေ့လာမိသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာလူအိုရုံ ဆောက်လုပ်လှူဒါန်းရန် စိတ်သန္နိဋ္ဌာန်ကိန်းအောင်းခဲ့သည်။ ဤစိတ်သန္နိဋ္ဌာန်ကိုလည်း မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် မင်းကွန်း၌ အကောင်အထည်ဖော်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် မြန်မာအမျိုးသားတို့၏ ဘိုးဘွား စောင့်ရှောက်မှုလုပ်ငန်းသည် မင်းကွန်းမြေတွင် ပထမဦးစွာ ပေါ်ပေါက်ခဲ့ကာ ဤမင်းကွန်းလူအိုရုံသည် မြန်မာနိုင်ငံ ဘိုးဘွားရိပ်သာများ၏ နိဒါန်းအစအဖြစ် တည်ရှိနိုင်ခဲ့သည်။

ဒေါ်ဦးဗွန်းအနေဖြင့် မင်းကွန်းပြီး နောက်ပိုင်း၌လည်း ၁၂၈၉ ခုနှစ်တွင်သထုံမြို့ မြသပိတ်တောင်ခြေ၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်မြို့။ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့များတွင် မိမိပိုင်ပစ္စည်းဥစ္စာတို့ဖြင့် ရက်ရက်ရောရော မတည်ကာ ခိုကိုးရာမဲ့

ရှာ ထောင် ဘိုး ဘွား ရိပ် သာ ၌ နေ့လယ်စာ မစားသုံးမီ အလှူရှင်များကို ဆုတောင်းမေတ္တာ ပို့သနေကြသော အဘွားများ





နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အဘိုးများ ဘုရားဆောင်တွင် တရား ရှုမှတ် နေစဉ်

ဘိုးဘွားများအတွက်ဘိုးဘွားရိပ်သာ (လူအိုရုံ ) များကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဗုဒ္ဓ၏ချစ်သမီးစစ်စစ် ပီသခဲ့သော ဒေါ်ဦးဖွန်းသည် အသက် (၆၀) အရွယ်တွင် ပေါင်းတည်လူအိုရုံ၌ ဘွားသုမာလာဘွဲ့အမည်ဖြင့်သီလရှင်ဝတ်ခဲ့ပြီးဘိုးဘွားရိပ်သာ လုပ်ငန်း များကို ဆောင်ရွက်မြဲ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ အသက် (၇၆) နှစ်အရွယ်တွင်ဒေါ်ဦးဖွန်းသည် မင်းကွန်းလူအိုရုံ၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဒေါ်ဦးဖွန်းကွယ်လွန်ခဲ့သော်လည်း ဒေါ်ဦးဖွန်းမျိုးစေ့ချ ပျိုးထောင်ခဲ့သည့် ဘိုးဘွားရိပ်သာများနှင့် ခိုကိုးရာမဲ့ ဘိုးဘွား စောင့်ရှောက်ရေးလုပ်ငန်းသည် စေတနာရှင် အဆက်ဆက်တို့၏ ကြိုးပမ်းမှုဖြင့် ရှင်သန်မြဲ ရှင်သန်နိုင်ခဲ့သည်။ ဘိုးဘွားရိပ်သာများသည်လည်း နိုင်ငံအနှံ့တစ်ခုပြီး တစ်ခု ပေါ်ပေါက်လျက်ရှိနေသည်။ အဆိုပါဘိုးဘွားရိပ်သာများ၌လည်း စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင် ကူညီပေးမှုတို့ဖြင့် တိုးတက်စည်ပင်နေကာခိုလှုံသူ ခိုကိုးရာမဲ့ ဘိုးဘွားများအား ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း ပြည့်စုံစွာဖြင့်စောင့်ရှောက်ပေးထားနေနိုင်ပြီ ဖြစ်ပါသည်။

## ထောက်ပံ့ကြေး ရရှိသည့် ဘိုးဘွားရိပ်သာများ

၁၉၉၅– ၉၆ ဘဏ္ဍာရေးနှစ်အထိ လူမှုဝန်ထမ်းဦးစီး ဌာနမှထောက်ပံ့ကြေး ပေးအပ်လျက်ရှိသည့်ဘိုးဘွားရိပ်သာ များမှာ ၂၇ ခုရှိနေပြီး၊

- ပထမအဆင့်ထောက်ပံ့မှု (၁၀) ရိပ်သာ
- ဒုတိယအဆင့်ထောက်ပံ့မှု ( ၆) ရိပ်သာ
- တတိယအဆင့်ထောက်ပံ့မှု( ၁၁ ) ရိပ်သာ တို့

ဖြစ်ကြပါသည်။

ပြည်နယ်နှင့်တိုင်းအလိုက် စာရင်းများအရ–

ကချင်ပြည်နယ်တွင်

( ၁ ) ဘိုးဘွားရိပ်သာ၊ ဗန်းမော်မြို့ (ပထမဆင့်)

စစ်ကိုင်းတိုင်းတွင်

( ၂ ) ရွာထောင်ဘိုးဘွားရိပ်သာ၊ ရွာထောင်၊ စစ်ကိုင်းမြို့( ပထမဆင့်)

ပဲခူးတိုင်းတွင်

(၃) ဗုဒ္ဓဘာသာ လူအိုရုံ၊ ပေါင်းတည်မြို့ (တတိယဆင့်)

(၄) ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်း၊ ဖြူးမြို့ (တတိယ ဆင့်)

(၅) သပြေကုန်းဘိုးဘွားရိပ်သာ၊ ပဲခူးမြို့ (ဒုတိယဆင့်)

(၆) ခေတ္တရာဘိုးဘွားရိပ်သာ၊ ပြည်မြို့ (ဒုတိယ ဆင့်)

(၇) ကေတုမတီဘိုးဘွားရိပ်သာ၊ တောင်ငူမြို့ (ပထမ ဆင့်)

(၈) ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာ၊ သာယာဝတီမြို့ (ပထမဆင့်)

(၉) ဇီးကုန်းဘိုးဘွားရိပ်သာ၊ဇီးကုန်းမြို့၊ (ပထမဆင့်)

မကွေးတိုင်းတွင်

(၁၀) ဒေါ်ဦးဇွန် ဘိုးဘွားရိပ်သာ၊ ပခုက္ကူမြို့ (တတိယဆင့်)

(၁၁) ဖန်ခါးမြေ ဘိုးဘွားရိပ်သာ၊ မကွေးမြို့ (ပထမ ဆင့်)

မန္တလေးတိုင်းတွင်

(၁၂) တောင်ခြေ ဘိုးဘွားရိပ်သာ၊ မန္တလေး အနောက်မြောက်မြို့နယ် (တတိယဆင့်)

(၁၃) ဝန်ဇင်းဘိုးဘွားရိပ်သာ၊မိတ္ထီလာမြို့ (တတိယ ဆင့်)

(၁၄) မင်းကွန်း( ကြီးကြပ်မှု အမှုဆောင်ကော်မတီအနေဖြင့် မန္တလေးအရှေ့မြောက်မြို့နယ်တွင် ရှိနေ၍ မန္တလေးတိုင်း စာရင်းတွင် ဖော်ပြခြင်းဖြစ်ပါသည်။) (ဒုတိယဆင့်)

(၁၅) မြင်းခြံ ဘိုးဘွားရိပ်သာ၊ မြင်းခြံမြို့၊ (ဒုတိယဆင့်)

(၁၆) ပျဉ်းမနား ဘိုးဘွားရိပ်သာ၊ ပျဉ်းမနား (ပထမဆင့်)

မွန်ပြည်နယ်တွင်

(၁၇) ဘိုးဘွားရိပ်သာ၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့ (တတိယဆင့်)

(၁၈) ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ၊ ရွှေချောင်းရပ်၊ သထုံမြို့ (တတိယဆင့်)

ရခိုင်ပြည်နယ်တွင်

(၁၉) စစ်တွေ ဘိုးဘွားရိပ်သာ၊ စစ်တွေမြို့ (တတိယဆင့်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ မြတ်ကထိန် အလှူဒါန





ဘိုးဘွားများနေ့ဖြစ်သော နိဝင်ဘာလ (၁) ရက်နေ့တွင် သံဃာတော်များအား
ဆွမ်းဆန်စိမ်း လောင်းလှူခြင်းကို စဉ်လာမပျက် ကျင်းပလျက်

ရန်ကုန်တိုင်းတွင်

(၂၀) သီလရှင် ကလေးများ ဘိုးဘွား ရိပ်သာ၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒုတိယဆင့်)

(၂၁) ခရမ်းဘိုးဘွားရိပ်သာ၊ ခရမ်းမြို့နယ် (ပထမဆင့်)

(၂၂) နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ် (တတိယဆင့်)

ရှမ်းပြည်နယ်တွင်

(၂၃) လားရှိုးဘိုးဘွားရိပ်သာ၊ လားရှိုးမြို့ (ဒုတိယဆင့်)

ဧရာဝတီတိုင်းတွင်

(၂၄) မြောင်းမြဘိုးဘွားရိပ်သာ၊ မြောင်းမြမြို့(တတိယဆင့်)

(၂၅) ပုသိမ် ဘိုးဘွားရိပ်သာ၊ ပုသိမ်မြို့ (တတိယဆင့်)

(၂၆) ဟင်္သာတဘိုးဘွားရိပ်သာ၊ ဟင်္သာတမြို့ (ဒုတိယ ဆင့်)

(၂၇) ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ၊ ဖျာပုံမြို့ (ပထမဆင့်) တို့ဖြစ်ပါသည်။

## ထောက်ပံ့ကြေးပေးအပ်နိုင်ရန်အတွက် သတ်မှတ်စည်းမျဉ်း

လူမှုဝန်ထမ်းဦးစီးဌာနသည် ထောက်ပံ့ကြေးပေးအပ်နိုင်ရန် အတွက်ဘိုးဘွားရိပ်သာများမှ ထောက်ပံ့ကြေး လျှောက်ထားနိုင်ကြရန် အောက်ပါအတိုင်း စည်းမျဉ်း သတ်မှတ်ထားပါသည်။

(က) ရိပ်သာတွင် လူလက်ခံခြင်း

(၁) ရိပ်သာတွင် အနည်းဆုံးလူဦးရေ ၂၀ ရှိရမည်။

(၂) ဘိုးဘွားများကို အမှုဆောင်အဖွဲ့မှ လက်ခံရပါမည်။

(၃) ဘိုးဘွားများကို ရိပ်သာတွင် လက်ခံရန် စဉ်းစားသောအခါ၌အောက်ပါတို့သည် အကြောင်းရင်းများဖြစ်ရပါမည်။

(ကက) အသက်(၆၀)နှစ်နှင့် အထက်ဖြစ်၍ သားသမီးဆွေမျိုးဉာတိ မရှိခြင်း၊

(ခခ) ပစ္စည်းဥစ္စာ၊ မြေအိမ်မပိုင်ဆိုင်ခြင်း၊

(ဂဂ) သားသမီးများ၊ ဆွေမျိုးများရှိလင့်ကစား ပြန်၍မကြည့်ရှုနိုင်သောအခြေအနေကြောင့် ခိုကိုးရာမဲ့ဖြစ်ခြင်း၊

(ခ) မြေဧရိယာနှင့်အဆောက်အအုံများ

(၁) ရိပ်သာပိုင်မြေဧရိယာသည် ကျယ်ဝန်း၍ ဆိတ်ငြိမ်သော အရပ်တွင် တည်ရှိရမည့်အပြင်၊ လုံခြုံ၍ သန့်ရှင်းရမည်။ သာယာကြည်နူး လန်းဆန်းမှုရှိစေရန်နှင့် လွတ်လပ်စွာ သွားလာနိုင်ရန်အတွက် ပန်းဥယျာဉ်များ ထားရှိရမည်။

(၂) အဆောက်အအုံများ

(ကက)အိပ်ဆောင်။ ။ လူဦးရေနှင့် ညီမျှသော အိပ်ဆောင်များ ထားရှိ၍ ကျန်းမာရေးနှင့် ညီညွတ်သော အဆောက်အအုံများ ဖြစ်ရမည်။

(ခခ) စားဆောင်။ ။ ကျန်းမာ သန့်ရှင်း ရေး နှင့် ညီညွတ်သော စားဆောင် ရှိရမည်။

(ဂဂ) မီးဖို။ ။ သန့်ရှင်းသော မီးဖိုဆောင် ရှိရမည်။

(ဃဃ)ဘုရားဆောင်။ ။ဘာသာအလိုက် ဘုရားခန်းဆောင်ရှိရမည်။

(ငင) ဆေးခန်း။ ။ ဆေးဝါး အစုံအလင်ရှိရမည်။

(စစ) ရိပ်သာ အမှုထမ်းများအတွက် နေအိမ်များ အလုံအလောက် ရှိသင့်ပါသည်။

(ဂ) သီးသန့်ရန်ပုံငွေရှိရပါမည်။

(ဃ) အသင်းဝင်။ ။၅၀ ဦးထက်မနည်းရှိရပါမည်။

(င) အမှုထမ်းအဖွဲ့။ ။ ခိုင်မာသောအမှုဆောင်အဖွဲ့ရှိရမည်။ ယင်းအဖွဲ့တွင် ပြည်သူ့ဝန်ထမ်းများနှင့် အမှန်လုပ်အားပေးနိုင်မည့် လုပ်သားပြည်သူများပါဝင်ရမည်။

(စ)အမှုထမ်းအဖွဲ့

(၁) ဂေဟာမှူး ၁ (အချိန်ပြည့်) အနည်းဆုံးလိုအပ်သောအရေအတွက်ဖြစ်ပါသည်။

(၂) အကူဂေဟာမှူး ၁ (အချိန်ပိုင်း)

(၃) သူနာပြုဆရာမ ၁ (အချိန်ပိုင်း)

(ဆ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ။ ။ ပရိဘောဂများ၊အဝတ်အထည်များ၊ အိပ်ရာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည် အိပ်ခန်းပစ္စည်းများ၊

(ဇ) ရိပ်သာပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ရေမီးလုံလုံလောက်လောက် စုံလင်စွာ ရှိရမည့်အပြင်၊ ကျင်းလွှဲအိမ်သာများ



ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ၊ ဗုဒ္ဓဘာသာအသင်း၏ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘွားများအား ဝေယျာဝစ္စကုသိုလ်ကောင်းမှုပြုစဉ် မြင်ကွင်း

ထားရှိ၍၊ ဂေဟာအတွင်းအပြင် ပတ်ဝန်းကျင်တို့မှာ သန့်ရှင်းရပါမည်။

(ဈ) စားသောက်ရေး။ ။ အာဟာရပြည့်ဝသော အစားအစာများကို ပြည့်စုံလုံလောက်စွာ ကျွေးမွေးရပါမည်။

(ည) ဝတ်ရေး။ ။ သန့်ရှင်းသော၊ ရာသီဥတုနှင့် ညီသောဝတ်စုံ လုံလောက်စွာ ပေးရပါမည်။

(ဋ) ကျန်းမာရေး။ ။ ကျန်းမာရေးကို ၄င်းဒေသရှိ၊ ကျန်းမာရေးကိုယ်စားလှယ် တစ်ဦးဦးကို တာဝန်ပေး ကြည့်ရှုစေရမည်။ ၄င်းကျန်းမာရေးကိုယ်စားလှယ်သည် အနည်းဆုံး ကျန်းမာရေးမှူးအဆင့်အတန်းရှိရမည်။

(ဌ) ဖြေဖျော်ရေး။ ။ လိုအပ်သော ဖြေဖျော်ရေးများ ထားရှိရမည်။

## ၁၉၉၆ခုနှစ်အတွင်း ဖွင့်လှစ်သည့် ဘိုးဘွားရိပ်သာ

စစ်ကိုင်းတောင်(ရွှေမင်းဝံ)တောင်ခြေရှိ ရွာထောင်တွင် ၉-၄-၉၆ နေ့၌ ဘိုးဘွားရိပ်သာအသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကမကထပြုပြီးရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စေတနာရှင်များ၏ ငွေအား၊လူအားတို့ဖြင့်တည်ဆောက် လှူဒါန်းခဲ့သည့် ဘိုးဘွားရိပ်သာအဆောက်အအုံမှာ ကျပ်သိန်း (၁၅၀) တန်ဖိုးရှိပြီး၊ ဤရိပ်သာတွင် ထာဝရငွေ ပဒေသာပင်သည် စတင်သည့်နေ့မှာပင် ကျပ်သိန်း (၅၀) ရှိခဲ့သည်။

ရွှာထောင် ဘိုးဘွားရိပ်သာအနေဖြင့် ထူးခြားချက်မှာ ရိပ်သာဖွင့်လှစ်ပြီးနောက်၊ ရိပ်သာ၏ဘေးတွင် နေ့ကလေးထိန်းကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။ နေ့ကလေးထိန်းကျောင်းမှာ မူလတန်းကျောင်းများသို့ မတက်ရောက်မီ အသက် (၃) နှစ်မှ (၅) နှစ်အရွယ်အထိရှိသည့်ကလေးငယ်များကို မူလတန်းကြိုပညာများ သင်ကြားပေးမည့်ကျောင်းဖြစ်ပါသည်။

မြန်မာ့ဆိုရိုး၏ "သားအချစ်၊ မြေးအနှစ်"၊ "ပုတီးကိုချ၊ မြေးကိုမ" အဆိုများကဲ့သို့ ဘိုးဘွားအရွယ်များနှင့်မြေးအရွယ် ကလေးငယ်များကို လိုက်ဖက်ညီညွတ်စွာ တွဲစပ်ထားခြင်းဖြစ်ပြီး၊ ဘိုးဘွားများအနေဖြင့်ကလေးငယ်တို့အား ပုံပြောနိုင်ခြင်း၊ ချစ်ခင်ရင်းနှီးစွာထွေးပွေ့ဆက်ဆံနိုင်ခြင်း၊ ဘိုးဘွားများနှင့် ကလေးငယ်တို့ လိုက်ဖက်ညီစွာ သံယောဇဉ်ဖန်တီးနိုင်ခြင်း တို့ကို ရရှိစေမည်ဖြစ်ပါသည်။ ဘိုးဘွားရိပ်သာနှင့် မူလတန်းကြို နေ့ကလေးထိန်းကျောင်း၊ ဘိုးဘွားများနှင့် မြေးအရွယ် ကလေးငယ်များ ယှဉ်တွဲထားရှိခြင်းသည် လိုက်ဖက် ညီညွတ် သင့်လျော်လှပါသည်။ ဤသို့ထားရှိမှုများကို ဂျပန်နိုင်ငံရှိ အချို့သောဘိုးဘွားဂေဟာများတွင်လည်း တွေ့မြင်ရပါသည်။

## ဘိုးဘွားများနေ့

နှင်းဆီကုန်း ဘိုးဘွားရိပ်သာအနေဖြင့် နိုဝင်ဘာလ (၁) ရက်နေ့ကို ဘိုးဘွားများနေ့အဖြစ် သတ်မှတ်၍ ဘိုးဘွားများ နေ့ အခမ်းအနားကို စဉ်လာမပျက် ကျင်းပနိုင်ခဲ့သည်မှာ ၁၉၉၆ ခုနှစ်တွင် (၄၆) ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ဤဘိုးဘွားများနေ့ အခမ်းအနားနေ့ရက်တွင် ရိပ်သာရှိဘိုးဘွားများအနေဖြင့် သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ဒါနကောင်းမှုကို မပျက်မကွက် ဆောင်ရွက်ပြုလုပ် ပေးနိုင်ခဲ့ပါသည်။

ယင်းသို့ နိုဝင်ဘာလ (၁) ရက်နေ့ကို ဘိုးဘွားများနေ့ ကျင်းပခြင်းသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာတစ်ခုတည်းသာ ကျင်းပခြင်းဖြစ်ပြီး အခြားသောရိပ်သာများ မစုစည်း၊ မပါဝင်၊ ထပ်တူညီမျှ မဆောင်ရွက်နိုင်မှုကို ဝမ်းနည်းဖွယ်မြင်တွေ့ရပါသည်။ နိုင်ငံရှိ ရိပ်သာအားလုံးတွင် နိုဝင်ဘာလ (၁) ရက် သို့မဟုတ် အခြားသင့်လျော်မည့်နေ့ရက်တစ်ရက်ကို ဘိုးဘွားများနေ့အဖြစ် သတ်မှတ်၍ အတူတကွ စုစည်းကျင်းပဆောင်ရွက်နိုင်ခဲ့လျှင် ကောင်းမွန်သင့်မြတ်မည်ဟု ယူဆမိပါသည်။

## နိဂုံး

ခိုကိုးရာမဲ့ဘိုးဘွားများအား စောင့်ရှောက်ကူညီခြင်းသည် ဘာသာတရားအဆုံးအမများနှင့် ညီညွတ်ပြီး၊ လူမှုရေးရှုထောင့်မှကြည့်လျှင် မွန်မြတ်လှသည့်လုပ်ငန်းရပ်တစ်ခုဖြစ်ပါသည်။

စေတနာရှင်ပြည်သူများ၏ ကြစည်စိတ်ကူးမှု၊ ငွေကြေး၊ လုပ်အားများ ရင်းနှီး စိုက်ထုတ်မှုတို့ဖြင့် ပေါ်ပေါက်တည်ရှိနေသည့် ခိုကိုးရာမဲ့ဘိုးဘွားများ ကွန်ခိုရာ ဘိုးဘွား ရိပ်သာများတွင် ခိုလှုံသူဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု စသည်တို့အတွက် စေတနာရှင်ပြည်သူများက ငွေပဒေသာပင် စိုက်ထူခြင်း၊ ငွေကြေး၊ဆေးဝါး၊ အဝတ်အထည်များ လှူဒါန်းခြင်း၊ ဝေယျာဝစ္စကုသိုလ်အမှုပြုကြခြင်းတို့ကြောင့် ဘိုးဘွားရိပ်သာတိုင်းအနေဖြင့် တိုးတက်စည်ပင်မှုများကို ရရှိလာလျက် ရှိပါသည်။ အိုကြီးအိုမ အရွယ်ရောက်မှ ခိုကိုးရာမဲ့ကြသည့် ဘိုးအို ဘွားအိုများကို ကရုဏာဆက်၊ မေတ္တာဖက်ကာ ကူညီလှူဒါန်းကြသည့် စေတနာရှင် ပြည်သူတိုင်းသည် ခိုကိုးရာမဲ့ ဘိုးဘွားစောင့်ရှောက်ရေး လုပ်ငန်းနှင့် ဘိုးဘွားရိပ်သာများ၏ ရှင်သန်မှု၊တိုးတက် စည်ပင်မှုများအတွက် မေတ္တာရေသွန်းလောင်းနေကြသူများသာ ဖြစ်ပါသည်။

လူမှုဝန်ထမ်းလုပ်ငန်းရပ်ဟူသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့်သာ အောင်မြင်တိုးတက်နိုင်သည်ဖြစ်ရာ စေတနာရှင်ပြည်သူတို့၏ မေတ္တာရေအစွမ်းကြောင့် ခိုကိုးရာမဲ့ ဘိုးဘွားတို့သည် သောက ကင်းကာ၊ ချမ်းသာစွာ နေထိုင်နိုင်ကြ၍၊ ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်း ဟူသည့် မွန်မြတ်သည့်လုပ်ငန်းရပ်ကြီးသည်လည်း တိုးတက်စည်ပင်နေမည်သာ ဖြစ်ပါကြောင်း။ ။

**မောင်ငွေဒွေး (လူမှုဝန်ထမ်း)**






ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
၁၉၉၆ ခုနှစ် ဇွန်လ ၅ ရက်
WORLD ENVIRONMENT DAY
JUNE 5, 1996





# မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

## နိဒါန်း

ကမ္ဘာ့ပတ်ဝန်းကျင် အခြေအနေသည် ဒုတိယကမ္ဘာစစ်ကြီးပြီးနောက်ပိုင်း တဖြည်းဖြည်းယိုယွင်းပျက်စီးလာခဲ့သည်။ အကြောင်းရင်းခံ အမျိုးမျိုးတို့ကြောင့် ကမ္ဘာမြေအနှံ့အပြား ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ အရပ်ရပ်နှင့် ရင်ဆိုင်လာကြရသည်။ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံကြီးများ၏ မြို့ကြီးပြကြီးများ၌ ကောင်းကင်ထိလုခမန်း မြင့်မားသည့် အဆောက်အအုံကြီးများနှင့်စက်ရုံများ၊ အလုပ်ရုံများ၊ လမ်းနှင့် အပြည့် မော်တော်ယာဉ်များကို မြင်တွေ့နိုင်သည်။ ယင်းမြင်ကွင်းတို့သည် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်လျက်ရှိသည်။ သို့ရာတွင် ယင်းစက်ရုံ အလုပ်ရုံနှင့် မော်တော်ယာဉ်တို့မှ လေထုအတွင်းသို့ ထုတ်လွှတ်သည့် အန္တရာယ်ဖြစ်စေမည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၊ နိုက်ထရိုက်အောက်ဆိုဒ်ဓာတ်ငွေ့၊ ဆာလဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့၊ ကလိုရိုဖလိုရိုကာဗွန် (စီအက်ဖ်စီ ) ဓာတ်ငွေ့များ၊ မီးခိုးကြပ်ခိုးများသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ ၁၉၅၀ ပြည့်နှစ်များနောက်ပိုင်း စက်မှုနိုင်ငံကြီး အများအပြားဝယ် လေထုညစ်ညမ်းမှုအန္တရာယ်များနှင့် ရင်ဆိုင်လာကြရသည်။ ဤဓာတ်ငွေ့များသည် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်သာမက ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ အက်ဆစ်မိုးရွာသွန်းမှု၊ အိုဇုန်းလွှာပါးလာမှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် စက်ရုံအလုပ်ရုံများ၊ လူနေအိမ်များ၊ ဟိုတယ်ကြီးများ၊ ဆေးရုံ၊ ဈေး အစရှိသည်များတို့မှ စွန့်ပစ်လိုက်သည့် အမှိုက်သရိုက်အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းအမျိုးမျိုး၊ ဗူးခွံ၊ ပုလင်းခွံ၊ ပလတ်စတစ်အိတ်များသည် ရေပြင်၊ မြေပြင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့်လည်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းခြင်း၊ ဖျက်ချေပစ်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးချခြင်းများကို တီထွင် ဆောင်ရွက်လာကြရသည်။ အညစ်အကြေး၊ အမှိုက်သရိုက်အမျိုးမျိုးတို့မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်များသို့ရောက်ရှိမှု၊ ပင်လယ်များအတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှု၊ ပင်လယ်ကူးရေနံတင်သင်္ဘောကြီးများမှ ရေနံများ မကြာခဏ ယိုဖိတ်မှုတို့ကြောင့်လည်း ပင်လယ်ပြင်ညစ်ညမ်းမှုများ ပေါ်ပေါက်လျက်ရှိသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများသည် စက်မှုထွန်းကားပြီး ချမ်းသာကြွယ်ဝခြင်းနှင့် လွန်ကဲသည့် စားသုံးမှုပုံစံတို့၏ ရလဒ်များ ဖြစ်ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌လည်း ဖွံ့ဖြိုးမှုနိမ့်ကျပြီး လူဦးရေ များလွန်းခြင်း၊ ဆင်းရဲကြပ်တည်းခြင်းများကို အခြေခံသည့် ပတ်ဝန်းကျင် ပြဿနာများနှင့် ရင်ဆိုင် ကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံးကြုံတွေ့ရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများမှာ သစ်တော ပြုန်းတီးမှု၊ မြေဆီလွှာ ပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံ မျိုးသုဉ်း ပျောက်ကွယ်လာမှု၊ ပတ်ဝန်းကျင် မသန့်ရှင်းမှု၊ သောက်ရေသုံးရေ မသန့်ရှင်းမှု စသည်တို့ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နေရာဒေသ တစ်ခုခုတွင် ပေါ်ပေါက်လာသည့် ပတ်ဝန်းကျင်ပြဿနာသည် ယင်းနေရာဒေသ တစ်ခုတည်းကိုသာ ထိခိုက်စေသည် မဟုတ်ဘဲ အခြားနိုင်ငံ အခြားဒေသများသို့ပါ ပျံ့နှံ့ထိခိုက်စေသည်။ ဥပမာအားဖြင့် စက်မှုနိုင်ငံကြီးများမှ ထုတ်လွှတ်လျက်ရှိ ဓာတ်ငွေ့များသည် ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်ပြီး နိုင်ငံအားလုံး ထိခိုက်စေနိုင်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သစ်တော ပြုန်းတီးမှု၊ သစ်ပင်ပန်းမန်နှင့် ကျေးငှက်တိရစ္ဆာန်များ မျိုးသုန်းပျောက်ကွယ်လာမှု၊ သဘာဝဂေဟစနစ်များ ပျက်စီးလာမှု၊ ပတ်ဝန်းကျင် မသန့်ရှင်းမှု၊ ရောဂါဘယ



ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ ဦးအုံးကျော် မိန့်ခွန်းပြောကြားစဉ်

နိုင်ငံတကာ စီးပွားရေးဗဟိုဌာနတွင် ကျင်းပပြုလုပ်သည့် ဂျာမန်၊ မြန်မာ ပူးပေါင်းအစီအစဉ်ဖြစ်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ညီလာခံကို တက်ရောက်ကြသူများ



အမျိုးမျိုး ပေါ်ပေါက်ပြန့်ပွားမှုများသည်လည်း နိုင်ငံအများကို ထိခိုက်မှု ဖြစ်ပေါ်စေနိုင်သည်။

## လူသားနှင့်ပတ်ဝန်းကျင်

ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို မျက်မြင်ထင်ရှား တွေ့မြင်ခံစားလာကြရသည့်အလျောက် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းကာလများ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသင်းအဖွဲ့များ တိုးတက်ပေါ်ပေါက်လာသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လှုပ်ရှား လှုံ့ဆော်မှုများလည်း တိုးတက်များပြားလာခဲ့သည်။ ဥပမာအားဖြင့် ဂရင်းပိစ်( **Green Peace** ) အဖွဲ့၊ ၄င်းအပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများ အကြားတွင်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များအတွက် စိုးရိမ်ပူပန်မှုများလည်း တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ်လာခဲ့ရသည်။

ဤသို့ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ တစ်နေ့ထက်တစ်နေ့ ပိုမိုကြီးထွားလာမှုကို ကာကွယ်ရန် ပူးပေါင်းထိန်းသိမ်းကြရန်အတွက် ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီးမှ ကြီးမှူး၍ "လူသားနှင့်ပတ်ဝန်းကျင်" ညီလာခံကြီးကို ၁၉၇၂ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများ၊ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသင်းအဖွဲ့အမျိုးမျိုးတို့ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို လူသားများသိရှိ သဘောပေါက်လာရေး၊ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ဦးစီး ဆောင်ရွက်မည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် ( **United Nations Environment Programme-UNEP**) သည်လည်း ယင်းညီလာခံကြီးမှ ပေါက်ဖွားလာ ခဲ့သည်။ **UNEP**၏ ရုံးချုပ်ကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ဖွင့်လှစ်ထားရှိခဲ့သည်။ ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင် တိုးပွားစေရန်၊ လူသားနှင့်ပတ်ဝန်းကျင် ညီလာခံကြီးက စတင်တွန်းအားပေးခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားနိုင်ရန်အတွက် စတော့ဟုမ်းညီလာခံကြီး ကျင်းပပြီးနောက် (၁၀) နှစ်အကြာ ၁၉၈၂ ခုနှစ်၊ မေလတွင် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် လည်းကောင်း၊ အနှစ် (၂၀) အကြာ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေရိုမြို့တွင် လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံကြီးများကို ကျင်းပပြုလုပ်ခဲ့သည်။

၁၉၇၂ ခုနှစ် နောက်ပိုင်းကာလများအတွင်း ပတ်ဝန်းကျင်အသိပညာ ပြန့်ပွားမှုများ တိုးပွားလာသည့်အလျောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ တည်ထောင် ဖွဲ့စည်းခဲ့ကြသည်။ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များစွာတို့ကိုလည်း ချုပ်ဆိုနိုင်ခဲ့ ကြပေသည်။ ၁၉၉၂ ခုနှစ်၌ ရီယိုဒီဂျနေရိုမြို့၌ ကျင်းပခဲ့သည့် မြေကမ္ဘာထိပ်သီးညီလာခံကြီး (**Earth Summit**) မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် (၂၁) ရာစုအစီအစဉ် (**Agenda 21**) ကိုလည်း ချမှတ် ပေးနိုင်ခဲ့သည်။

ယခုအခါ နိုင်ငံအများအပြားသည် စီးပွားရေး ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်သာမက ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဒွန်တွဲဆောင်ရွက်ရန် လိုအပ်ကြောင်းကို သိရှိသဘောပေါက် လာကြသည်။ ဤကမ္ဘာကြီး အရှည်သဖြင့် တည်တံ့ရေးနှင့် လူသားတို့ဘဝ ရေရှည် ကောင်းမွန်ရေးတို့အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်မှာ လူသားအားလုံး၏ တာဝန်ဖြစ်ကြောင်းကိုလည်း သိရှိလာကြသည်။ လူဦးရေတိုးပွားမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ ဟန်ချက်ညီမှသာလျှင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု(**Sustainable**




ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲတွင် ဆုရရှိသော ဆောင်းပါး၊
ကဗျာနှင့် ကာတွန်းများကို ပြသထားခြင်း

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆုရဓာတ်ပုံများကို စိတ်ဝင်တစား
ကြည့်ရှုလေ့လာနေသော ကျောင်းသူကျောင်းသားများ



Development)ကို ရရှိနိုင်မည် ဖြစ်ကြောင်းကိုလည်း တဖြည်းဖြည်း သဘောပေါက် နားလည်လာခဲ့ကြသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အဓိက အားဖြင့် အပိုင်းနှစ်ရပ်ပါဝင်သည်။ ၎င်းတို့မှာ ပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ရေးအပိုင်းနှင့် သဘာဝသယံဇာတ များကို ရေရှည်အသုံးပြုနိုင်ရေးအတွက် စီမံထိန်းသိမ်းသည့် အပိုင်းတို့ ဖြစ်သည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ရေးအပိုင်း၌ လေထုညစ်ညမ်းမှု ကာကွယ် တားဆီးရေး၊ ရေပြင်မြေပြင်ညစ်ညမ်းမှု အမျိုးမျိုး ကာကွယ်တားဆီးရေးတို့ ပါဝင်ပြီး သဘာဝသယံဇာတများ စီမံထိန်းသိမ်းရေးအပိုင်း၌ ကျေးငှက်သတ္တဝါ တောရိုင်း တိရစ္ဆာန် သစ်ပင်ပန်းမန် အပါအဝင် ဇီဝမျိုးစုံ မျိုးကွဲများ၊ သစ်တောသယံဇာတ၊ မြေသယံဇာတ၊ တွင်းထွက်သယံ ဇာတ၊ အဏ္ဏဝါတွင်းရှိ သက်ရှိသက်မဲ့ သဘာဝ သယံဇာတ များအားလုံးကို ရေရှည်အသုံးပြုနိုင်ရေး၊ ပြုန်းတီး ပျောက်ကွယ်သွားမှုကို ကာကွယ်ရန်အတွက် စီမံ ထိန်းသိမ်းရေးတို့ ပါဝင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး လုပ်ငန်းကို ယေဘုယျအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြောရလျှင် ကမ္ဘာကြီးနှင့် သက်ရှိလူသားတို့ အစွန့်ရှည် ရေးအတွက် ကမ္ဘာ့ဂေဟစနစ်များ(Earth's Ecosystems) များကို မပျက်စီးမပျောက်ပျက်စေရန် ကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းဟူ၍ ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံသည် စိမ်းလန်းသောသစ်တောကြီးများ၊ မြင့်မားသော တောင်တန်းကြီးများ၊ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများ၊ မျိုးစုံလှသည့် ကျေးငှက်သတ္တဝါ၊ တောရိုင်းတိရစ္ဆာန်များ၊ ပန်းပေါင်းစုံဖူးပွင့်ပြီး သာယာ လှပသော သဘာဝပတ်ဝန်းကျင်တို့ဖြင့် ပြီးပြည့်စုံ သည်သာမက မြေပေါ်မြေအောက် ရေပေါ် ရေအောက် သယံဇာတပစ္စည်းများဖြင့် ပေါများကြွယ်ဝသည့် နိုင်ငံ ဖြစ်ပေသည်။ မြန်မာနိုင်ငံ ဧရိယာ၏ ၅၀% မှာ သစ်တောများ ဖုံးလွှမ်းနေပြီး မြန်မာနိုင်ငံတွင် သစ်ပင်မျိုးပေါင်း (၂၃၀၀) ကျော်၊ သစ်ခွမျိုးပေါင်း (၈၅၀) ကျော်၊ ဝါးမျိုးပေါင်း (၁၀၈) မျိုး၊ နွယ်မျိုးပေါင်း (၉၀၀)၊ မြက်မျိုးပေါင်း (၄၄၅)၊ ကြိမ်မျိုးပေါင်း (၂၇) မျိုးတို့ရှိပြီး ၎င်းတို့အထဲတွင် အဖိုးတန် သစ်မျိုးပေါင်း (၈၅) မျိုးနှင့် လူသိနည်းသေးသော သစ်မျိုးပေါင်း (၁၀၀) ခန့် ပါဝင်ပါသည်။ ၎င်းအပြင် တရားဝင်စာရင်းများအရ နို့တိုက်သတ္တဝါအမျိုး (၃၀၀) ကျော်၊ ငှက်မျိုးပေါင်း (၁၀၀၀) နှင့် တွားသွား သတ္တဝါ အမျိုးပေါင်း (၃၆၀) ကျော် နေထိုင်ကျက်စားလျက် ရှိပါသည်။ ပင်လယ်ကမ်းရိုးတန်း အရှည် ၂၈၃၂ ကီလိုမီတာ ရှည်လျားပြီး မြန်မာ့ ပင်လယ်ပြင်နှင့်မြစ်များချောင်း များအတွင်း ငါးပုစွန်များစွာ ပေါများကြွယ်ဝပါသည်။ အမြင့်ပေ သုံးထောင်မှ နှစ်သောင်းခန့်အထိ မြင့်မားသောတောင်များ၊ တောင်တန်း များလည်း ရှိသည်။ တွင်းထွက်သတ္တု အမျိုးမျိုး၊ ကျောက်မျက်ရတနာ များစွာအပြင် မြန်မာ့ပင်လယ်ပြင်မှ အဖိုးတန် ပုလဲများလည်း ထွက်ရှိသည်။ ဤကဲ့သို့ သဘာဝပတ်ဝန်းကျင် (Natural Environment) အနေအထား ဖြင့် ပြည့်စုံသည့်အပြင် ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့ တည်ဆောက် ခဲ့သည့် ဘုရားပုထိုး၊ ဂူကျောင်း၊ စသည့် လူတို့ဖန်တီးခဲ့သည့် ပတ်ဝန်းကျင် ( Manmade Environment ) နှင့် ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်( Cultural Environment ) တို့ဖြင့်လည်း ပြည့်စုံသည့်နိုင်ငံ တစ်နိုင်ငံဖြစ်ပေသည်။ ဤသို့ အဘက်ဘက်မှ ပြည့်စုံသည့် ပတ်ဝန်းကျင်ကို ရေရှည် တည်တံ့ရေးအတွက် ထိန်းသိမ်း သွားရေးမှာ အထူး အရေးကြီးသည့် လုပ်ငန်းပင်ဖြစ်သည်။ မြန်မာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း အားထုတ် ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်း များကို ဒွန်တွဲပေါင်းစပ်ဆောင်ရွက်သွားခြင်းဖြင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရရှိရန် အထူးဂရုပြု ဆောင်ရွက်ရန်လိုအပ်သည်။


## ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဦးစီး ဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတော် အစိုးရသည် ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင်



မြို့တော်အင်္ဂါနှင့်အညီ သာယာလှပသန့်ရှင်းစေရန် မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက နောက်ဖေးလမ်းကြားရှိ အမှိုက်သရိုက်များကို ရှင်းလင်းကြသည်

ညောင်ရွှေမြို့နယ်၊ လယ်သစ်ကျေးရွာတွင် သောက်သုံးရေ သန့်  ရရှိရေးအတွက် ကုလသမဂ္ဂမှ အကူအညီပေးထားသည့် သောက်ရေသန့်တွင်းမှ တစ်ဆင့် သောက်သုံးရေကို ခံယူနေစဉ်



နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့် “ပတ်ဝန်းကျင် ထိန်းသိမ်းရေးအမျိုးသား ကော်မရှင်” ( National Commission for Environmental Affairs-NCEA) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်အား အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ပေးအပ်ထားပါသည်။

(က) ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တော၊ ရေ၊ မြေ၊ တွင်းထွက်ပစ္စည်းများနှင့် အခြား သဘာဝ အရင်းအမြစ်များအား ထုတ်ဖော်အသုံးပြုရေးနှင့် စပ်လျဉ်းသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ ပြုစုတင်ပြရန်၊

(ခ) ဘေးဖြစ်စေတတ်သော စွန့်ပစ်ပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများ စွန့်ပစ်ခြင်း၊ ဆူညံမှု၊ ရေထုနှင့်လေထု ညစ်ညမ်းမှုတို့အား ထိန်းချုပ်ရေးအတွက် စည်းမျဉ်း ဥပဒေများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းပေးရန်၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားမည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများ၊ မူဝါဒများနှင့် မဟာဗျူဟာများ ချမှတ်ရန်၊

(ဃ) ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကြိုးပမ်းမှုများတွင် ပြည်သူတို့ကိုယ်တိုင် ပါဝင်လာစေရေးအတွက် ပြန်ကြားရေး နှင့် ပညာပေးရေးလုပ်ငန်းများ မှတစ်ဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိအမြင် ပိုမိုကျယ်ဝန်းလာအောင် ဆောင်ရွက်ပေးရန်၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ရုံးကို ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် အလွန်ကျယ်ပြန့်သော လုပ်ငန်းရပ်ဖြစ်ပြီး ကဏ္ဍအသီးသီးနှင့်လည်း သက်ဆိုင်လျက်ရှိသည်။ ဥပမာ လေထု ညစ်ညမ်းမှုသည် စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ စသည်တို့နှင့် တိုက်ရိုက်ဆက်စပ်နေပြီး ကျန်းမာရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စည်ပင် သာယာရေးလုပ်ငန်း စသည်တို့နှင့်လည်း ဆက်နွယ်လျက်ရှိသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို ကဏ္ဍအသီးသီးမှ သက်ဆိုင်သည့် အခန်းကဏ္ဍအလိုက် ဆောင်ရွက်သွားရန် လိုအပ်ပြီး ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည့် လုပ်ငန်း တာဝန်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ပင်မ ဗဟိုအဖွဲ့အစည်းမှ ဆောင်ရွက်ပေးရန် လိုအပ်သည်။ မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ဗဟိုချက် ( Focal Point) အဖြစ် လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည့် အဖွဲ့အစည်း ( Coordinating Agency)အနေဖြင့်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဟူ၍ အမည်နာမ သီးခြားမသတ်မှတ်သော်လည်း မြန်မာနိုင်ငံ၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများကို ဝန်ကြီးဌာနအလိုက် အထိုက်အလျောက် ဆောင်ရွက်ခဲ့ပါသည်။ ဥပမာအားဖြင့် သစ်တော ဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသား ဥယျာဉ်များ ထိန်းသိမ်းထား ရှိရေးလုပ်ငန်းများ အပါအဝင် သစ်တောများအား ရေရှည် တည်တံ့အောင် စီမံခန့်ခွဲသည့် လုပ်ငန်းများကိုလည်းကောင်း၊ စက်မှု ဝန်ကြီးဌာနများသည် စက်မှုလုပ်ငန်းကြောင့် ဖြစ်ပေါ် ရသော ညစ်ညမ်းမှု ကာကွယ်ရေး စည်းမျဉ်း ဥပဒေများ ချမှတ် ထိန်းချုပ်ခြင်းကိုလည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် ဆက်နွယ်နေသည့် ကျန်းမာရေးကိစ္စရပ်များကို လည်းကောင်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသည် ပိုးသတ်ဆေးများကို

စနစ်တကျ အသုံးပြုရေးဆိုင်ရာ ဥပဒေများ ချမှတ်၍လည်းကောင်း အသီးသီးတာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်။

## ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုများ

၁၉၉၀ ပြည့်နှစ်များအကွင်း မြန်မာနိုင်ငံ၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို တိုးတက်ဆောင်ရွက်လာကြသည်။ ဝန်ကြီးဌာနအလိုက် ကြိုးပမ်းဆောင်ရွက်မှုများလည်း ကျယ်ပြန့်လာခဲ့သည်။ ဥပမာ သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောသယံဇာတများ ရေရှည်ဖွံ့ဖြိုးမှုကို ရည်ရွယ်၍ ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် သစ်တောရေးရာမူဝါဒကို လည်းကောင်း ချမှတ်ပြဌာန်းခဲ့သည်။ ဤမူဝါဒ ဥပဒေများသည် သစ်တောကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်မှုများပင် ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းကြီးမြန် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒီရေတောများ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကိုးခရိုင် စိမ်းလန်းရေး စီမံချက်များ၊ အမျိုးသား သဘာဝဥယျာဉ်များ၊ ကာကွယ်တောများ၊ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ စသည်တို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း၏ အရေးကြီးသောလုပ်ဆောင်ချက်များ ဖြစ်ပေသည်။ ဆင်းရဲနွမ်းပါးမှုသည် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည့်အလျောက် ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အစိုးရအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးနှင့် တိုးတက်ရေးလုပ်ငန်းများကို စီမံချက်ချမှတ် ဆောင်ရွက်လျက် ရှိသည်။ ယင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးသည့် အခြေခံတစ်ရပ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးပင် ဖြစ်သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာကို ပြည်သူလူထုအကြား စိမ့်ဝင်ပျံ့နှံ့ရေးကို အဓိကလုပ်ငန်းရပ် တစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပတ်ဝန်းကျင် အသိပညာ ပြန့်ပွားရေး ရည်ရွယ်ချက်ဖြင့် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်နေ့ကိုလည်း စနစ်တကျ တစ်နှစ်ထက်တစ်နှစ် တစ်မူထူးခြားစွာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပပြုလုပ်ပေးခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာ ဦးစီးဌာနများနှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံပြိုင်ပွဲများ ကျင်းပခြင်း၊ စကားပြောပွဲများ ကျင်းပခြင်း၊ သတင်းစာများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ၊ ပညာပေးကာတွန်းများ ရေးသားဖော်ပြခြင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ဆွေးနွေးပွဲများ၊ ဇာတ်လမ်း၊ သီချင်း၊ ဆောင်ပုဒ်၊ ရုပ်ပုံကားချပ်များ ထုတ်လွှင့်ပြသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောချက်များကို ကျောင်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးခွဲများ၌ ပြုလုပ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ မှတ်စုများကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့် နစ်စဉ်ဖြန့်ဝေပေးလျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာအသီးသီးတို့၌ အသိအမြင် ပြန့်ပွားနိုင်စေရန် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးအလုပ်ရုံ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ စာတမ်းဖတ်ပွဲများကို ပြည်ပအဖွဲ့အစည်းများ ၊ အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ကျင်းပပေးလျက်ရှိ



**ပတ်ဝန်းကျင်ကို လှပစေသည့် သစ်ပင်များ ဆက်လက်ဝေဆာမှု မရှိပါက သာယာကြည်နူးဖွယ်ကောင်းသော နံနက်ခင်းကို အကျည်းတန်စေသည်**

ပါသည်။ ၁၉၉၃ ခုနှစ်၊ ဇွန်လအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့ ပူးပေါင်း၍ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (**Workshop on Environmental Management and Sustainable Development**) ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ပူးပေါင်း၍ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ (**Workshop on Environmental Policy Development**)ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျင်းပပေးခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်း၍ ပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် သဘာဝ သယံဇာတနှင့် စာရင်းအင်းအလုပ်ရုံဆွေးနွေးပွဲ ( **Workshop on Natural Resource and Environmental Accounting** ) ကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် သစ်တောရေးရာဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဒေသ၊ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်တို့နှင့် ပူးပေါင်း၍ အာရှနှင့် ပစိဖိတ်ဒေသအတွင်း ဒီရေတောများ ပြန်လည်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရေးဆိုင်ရာ ဒေသအဆင့် ဆွေးနွေးပွဲ (**ESCAP / UNEP Regional Seminar on People's Participation in Mangrove Rehabilitation and Management** ) ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်တို့ ပူးပေါင်း၍ အာရှနှင့် ပစိဖိတ်ဒေသ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ ဒေသအဆင့် အစည်းအဝေး (**Regional Meeting on the State of the Environ-**

**ment in Asia and the Pacific** ) ကိုလည်း ၁၉၉၄ ခုနှစ်၊ ဇူလိုင်လအတွင်းက ရန်ကုန်မြို့တွင် ကျင်းပပေးခဲ့သည်။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့၌လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီး ကမ္ဘာမြေသန့်ရှင်းရေးနေ့ (**Clean up the World** ) အထိမ်းအမှတ် သန့်ရှင်းရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်တွင် ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင်တို့ ပူးပေါင်း၍ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအဆင့် အစည်းအဝေး (**Asia - Pacific Meeting on the Follow - up to the International Convention to Combat Desertification** ) ကို ရန်ကုန်မြို့တွင် ကျင်းပပေးခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် စင်ကာပူနိုင်ငံတွင် အခြေစိုက်သည့် ဂျာမနီနိုင်ငံ **Hanns Seidel Foundation (HSF )** နှင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။ ပထမအကြိမ် ပူးပေါင်းဆောင်ရွက်မှုဖြစ်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ညီလာခံကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ပူးပေါင်းဆောင်ရွက်မှုဖြစ်သော ပတ်ဝန်းကျင်ယဉ်ကျေးမှု အမွေအနှစ်များနှင့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ၁၉၉၆ ခုနှစ်၊ ဧပြီလတွင် ကျင်းပပြုလုပ်ပြီး ပြည်တွင်းပြည်ပမှ ပညာရှင်များက စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ၁၉၉၇ ခုနှစ်တွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် HSF တို့ ပူးပေါင်း၍ ပတ်ဝန်းကျင်သိပ္ပံနှင့် နည်းပညာဆိုင်ရာ အစည်းအဝေးကိုလည်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ကြီးမှူး၍ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၏ ပူးတွဲဆောင်ရွက်မှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (**National Workshop on Environment Law**) ကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသည် နိုင်ငံအသီးသီး ပူးပေါင်း၍ ကမ္ဘာနှင့်အဝန်း ဆောင်ရွက် ရမည့် လုပ်ငန်းဖြစ်သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံ သို့မဟုတ် မြေကမ္ဘာထိပ်သီးညီလာခံကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ဦးဆောင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီရင်ခံစာကို တင်ပြခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များတွင်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်း ( **Convention on Biodiversity** ) နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း ( **Framework Convention on Climate Change** ) ကို လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကွန်ဗင်းရှင်းများအား အပြီးသတ်အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးမှုဖြစ်စေတတ်သော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် ယင်းစာချုပ်ပြင်ဆင်ချက်တို့ကို သဘောတူ ပါဝင်ခဲ့သည်။ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ်၏ အဖွဲ့ဝင်နိုင်ငံအဖြစ်လည်း ၁၉၉၄ ခုနှစ်တွင် ပါဝင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ၌ သဲကန္တာရ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၌လည်း ပါဝင်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားနိုင်ရေးကို ရည်သန်၍ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၆/၉၄ ဖြင့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းမူဝါဒ၏ အဓိကအချက်မှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထည့်သွင်း ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင် နှင့် သဟဇာတဖြစ်စေရန် ဟန်ချက်ညီမှုဖြစ်စေရန် ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင်ဆိုင်ရာစီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များနှင့် သုတေသနလုပ်ငန်းများအတွက် အထူးလိုအပ်နေသော ပတ်ဝန်းကျင်ဆိုင်ရာ စာရင်း အချက် အလက်များ စုစည်းကောက်ယူပြီး ကွန်ပျူတာ များဖြင့် စနစ်တကျ ထိန်းသိမ်း အသုံးချရေးအတွက် ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် အောက်ရှိကမ္ဘာ့ သယံဇာတပစ္စည်းများ၊ သတင်းအချက်အလက် စုစည်းရေးအဖွဲ့ (UNEP-GRID-Global Resources Information Database ) ၏ အကူအညီဖြင့် ၁၉၉၄ ခုနှစ်မှစတင်ကာ ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအချက်အလက် စုဆောင်းရေးယူနစ်တစ်ခု တည်ထောင်၍ ပထဝီမြေပြင်ဆိုင်ရာ သတင်းအချက် အလက်စနစ် ( Geographic Information System GIS) ဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် ထုထောင်ရေးလုပ်ငန်းများ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အာရှနှင့်ပစိဖိတ် ဒေသနှင့် မဲခေါင်ဒေသခွဲအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေအား စဉ်ဆက်မပြတ် လေ့လာသုံးသပ်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် ခွဲဝေသုံးစွဲရေးလုပ်ငန်းအားဒေသတွင်းရှိ နိုင်ငံများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လွယ်ကူစွာ ဆက်သွယ် ဆောင်ရွက်နိုင်ရေး စတင်ကြိုးပမ်းလျက်ရှိနေပြီးဖြစ်သည်။ မြန်မာနိုင်ငံ၌ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ ၂၁-ရာစုအစီအစဉ် (Myanmar Agenda 21 ) ကိုလည်း ၁၉၉၇ ခုနှစ် ဇွန်လတွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ အထူးအစည်းအဝေးတွင် တင်ပြနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ခန့်မှန်းချက် (Environmental Impact Assessment - EIA)ကို ဦးစွာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိမှသာ သို့တည်းမဟုတ် ပေါ်ပေါက်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်တားဆီးပေးနိုင်မှသာ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် ခွင့်ပြုချက်ကို ရရှိနိုင်ပေသည်။

## နိဂုံး

ယနေ့ မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင် အနေအထားမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ပိုမိုကောင်းမွန်သည့် အခြေအနေတွင် ရှိပါသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်အပေါ် အခြေခံလျက် ခေတ်မီတိုးတက်သည့် စက်မှုနိုင်ငံတစ်နိုင်ငံဖြစ်လာရန် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် စတင်ဦးတည် လျှောက်လှမ်းလျက် ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုတစ်ခု တည်းကိုသာ အာရုံစိုက် အလေးပေးခဲ့သောကြောင့် ပတ်ဝန်းကျင်ယိုယွင်းမှုပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံကြီးများနှင့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံကို သင်ခန်းစာယူ၍ မြန်မာနိုင်ငံသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပေါင်းစည်းဆောင်ရွက်ခြင်းကို ဆတက်ထမ်းပိုးတိုးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြပါသည်။

ရင်ရင်လေး


ASK YOUR DOCTO
Mazo
100% PURE
CORN OI

# အာဟာရနှင့်ကျန်းမာရေး

## နိဒါန်း

သက်ရှိ သတ္တဝါတိုင်းသည် အသက်ရှင်နေထိုင်နိုင်ရန် အတွက် အစာအာဟာရလိုအပ်သည်။ ယင်းအာဟာရကို အမြဲတမ်းမှန်မှန် ရနေမှသာလျှင် သက်ရှိလုပ်ငန်းများကို လုပ်ကိုင်နိုင်၍ ကြီးထွားခြင်း၊ မျိုးပွားခြင်း၊ ဒဏ်ရာအနာ တရများကို ကုသခြင်း၊ ရောဂါပိုးမွှားများကို ကာကွယ်ကုသ ခြင်းနှင့် အသက်ရှည်စွာနေထိုင်လုပ်ကိုင်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ လူဟူသည့်သတ္တဝါသည် နို့တိုက်မွေးမြူ သည့် သတ္တဝါတစ်ဦးဖြစ်ရာ အမိဝမ်းတွင်းမှ မကျွတ်မီ၌ မိခင်ထံမှ အချင်းကိုဖြတ်၍ အစာအာဟာရများကို ရရှိ သည်။ အမိဝမ်းမှကျွတ်ပြီး ချက်ကြိုးဖြတ်ပြီးသည်နှင့် လူ သည် အာဟာရကို မိခင်နို့မှဖြစ်စေ၊ အခြားအပြင်မှ အစား ထိုးအစားအစာ၊ နို့ ၊ ဥ၊ အသားငါး၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများမှဖြစ်စေ ရရှိသည်။ မိမိဘာသာ အသက်ရှင် ရပ်တည်နိုင်သောအခါ မိမိဘာသာ အစာရရှိအောင် ဆောင် ရွက်စားသုံးရသည်။

အပြင်မှဝင်လာသော အစားအစာ (ဝါ) စားသုံး လိုက်သော အစားအစာများသည် လူ၏ခန္ဓာကိုယ်ထဲ ရောက်ပြီးနောက် သည်အတိုင်းအသုံးဝင်သည်မဟုတ်ချေ။ များသောအားဖြင့် ပါးစပ်မှဝါး၍ မျိုချလိုက်သော အစား အစာများသည် အစာအိမ်နှင့်အူသိမ်ပထမပိုင်းတွင် ချေဖျက်ခံရပြီးနောက် အူသိမ်၊ အူမသွေးကြောများမှ တစ်ဆင့် အသည်းထဲသို့ရောက် ရှိသည်။ အသည်းထဲ၌ တစ်ဖန် ဓာတ်ပြောင်းပြီး ခန္ဓာကိုယ် ကလာပ်စည်းများက အသုံးပြုနိုင်သည့် မော်လီကျူးအခြေအနေတွင် သွေးလှည့် စနစ်တစ်လျှောက် ဖြန့်ဝေကာ လိုအပ်သော ခန္ဓာကိုယ် အစိတ် အပိုင်းအားလုံး၊ အင်္ဂါများ၊ တစ်သျှူးများ၊ ဆဲလ်များ အားလုံးသို့ ရောက်ရှိသည်။ ထိုသို့ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးက အသုံးပြုပြီးကျန်သောရေနှင့်ဓာတ်ငွေ့များ၊ အကြွင်း အကျန် များ သည် အစာ လမ်း ကြောင်း၊ ကျောက်ကပ်၊ အရေပြားနှင့် အဆုတ်မှတစ်ဆင့် ခန္ဓာကိုယ် ပြင်ပသို့ စွန့်ပစ်ခြင်းခံရသည်။ သို့ဖြစ်၍ လူတို့ စားသုံးလိုက်သော အစားအစာအားလုံးသည် စားမျိုခြင်း (**Ingestion**)၊ အစာချေခြင်း (**Digestion**)၊ စုပ်ယူခြင်း (**Absorption**)၊ အသုံးပြုခံရခြင်း (**Utilization**) နှင့် စွန့်ထုတ်ခြင်း (**Excretion**) လုပ်ငန်းများကို အဆင့်ဆင့် ဖြတ်သန်းသွားရပေသည်။

## ရှေးက လေ့လာပုံ

ရှေးအခါကမူ အစာအာဟာရများကို လေ့လာရာ၌ လူတွင်ချို့တဲ့သည့်အစာ (ဝါ) ဓာတ်နှင့် ယင်းတို့ချို့တဲ့လျှင် ဖြစ်ပေါ်လာသော ရောဂါဝေဒနာတို့ကိုမှတ်သားပြီး မည်သည့်အစာ သို့မဟုတ် ဓာတ်ကိုပေးလျှင် ထိုရောဂါ ဝေဒနာပျောက်သည်ဆိုသည်ကိုသာ အဓိကထား လေ့လာ ခဲ့ကြသည်။ သို့ဖြစ်၍ သံဓာတ်ချို့တဲ့လျှင် သွေးအားနည်း ရောဂါရသည်။ သံဓာတ် လုံလောက်အောင်ပြန်ပေးလျှင် သွေးအားနည်းရောဂါပျောက်သွားသည် ဆိုသည်တို့ကို သိခဲ့ကြသည်။ သို့ရာတွင် ယခုအခါသွေးအားနည်းရောဂါမှာ သံဓာတ် ချို့တဲ့၍သာမက အသားဓာတ်ချို့တဲ့မှု၊ဖောလစ် အက်စစ် ဓာတ်ချို့တဲ့မှုနှင့် အခြားဗိုက်တာမင် ဘီကွန် ပလက်ဓာတ် များနှင့်ကြေးနီ၊ သွပ်စသောအနည်းငယ်သာ လိုအပ်သည့် ဓာတ်များ (**Trace Elements**) ချို့တဲ့၍လည်း ဖြစ်ကြောင်း သိလာရသည်။ သို့ဖြစ်၍ အစာအာဟာရ အကြောင်းများကို လေ့လာရာ၌ လူတွင် ယင်းဓာတ်များ ချို့တဲ့ ၍ဖြစ်သော ရောဂါဝေဒနာများ (**Nutritional Deficiencies or Malnutrition**) အကြောင်းသာမက ပို၍ ဖြစ်သောရောဂါဝေဒနာ၊ ခန္ဓာကိုယ်တွင်းမှာ ဓာတ်ပြုမှုနှင့် သဘာဝတို့ကိုလည်း လူတွင်မက တိရစ္ဆာန်များတွင်ပါ ဓာတ်ခွဲခန်းအတွင်းအပြင် သိပ္ပံနည်းကျ လေ့လာနိုင်ခဲ့ကြ သည်။ ဤနည်းဖြင့်အာဟာရ ဓာတ်တစ်ခု၏ ကျန်းမာရေး အတွက် အသုံးဝင်ပုံကို ရှုထောင့်စုံမှ လေ့လာတင်ပြ နိုင်ကြသည်။

## ယခု သိလာကြသည်မှာ

ဤသို့လေ့လာကြရာ၌ သုတေသီတို့သိလာသည်မှာ အာဟာရဓာတ်တစ်ခုကိုလူ၏ ခန္ဓာကိုယ်က လိုအပ်ရာ၌ ထိုလူ၏အသက်အရွယ်၊ အလုပ်အကိုင်၊ အမျိုးအအို ဖြစ်မှု၊ ကိုယ်ဝန်ရှိ မရှိနှင့် ကလေးကိုနို့တိုက် မတိုက်၊ ဖျားနေမနေ စသည်တို့ပေါ်တွင် မူတည်၍ ကွဲပြားကြောင်း သိလာရသည်။ ပုံစံအားဖြင့် အားကစားသမားလူကြီးတစ်ဦး၏ အာဟာရဓာတ် ကယ်လိုရီအင်အား လိုအပ်ချက်မှာ အားကစားမလုပ်သည့် ရုံးဝန်ထမ်းတစ်ဦးထက် ပို လိုအပ်ပြီး နို့တိုက်မိခင်တစ်ဦး၏ သံဓာတ်နှင့် ကယ်လ်စီယမ် လိုအပ်ချက်မှာ အပျိုတစ်ဦးထက် ပိုလိုအပ်ကြောင်းသိလာရခြင်းပင် ဖြစ်သည်။ နာတာရှည်ရောဂါ ခံစားနေရသူတစ်ဦးသည် ရိုးရိုး ကျန်းမာသောလူတစ်ယောက်ထက် ကယ်လိုရီအင်အား(ကစီ၊ ဆီနှင့်အသားဓာတ်)၊ ဗိုက်တာမင်နှင့် သတ္တုဓာတ်များ၊ ဥပမာ – သံနှင့်ကယ်လ်စီယမ် ပိုမို၍ လိုအပ် သကဲ့သို့ပင် ဖြစ်သည်။

## အာဟာရချို့တဲ့မှုဒဏ် အများကခံ

များသောအားဖြင့်လူအများခံစားရသည်မှာ အာဟာရဓာတ် ချို့တဲ့မှုဖြစ်၍ အာဟာရဓာတ်ပိုမိုမှုမှာ အနည်းငယ်သာရှိသည်။ ဥပမာ – ဒုတိယကမ္ဘာစစ် အတွင်းက စစ်ဘေးဒဏ်ကြောင့်ဥရောပနှင့်အရှေ့ အာရှနိုင်ငံမှလူများမှာ အာဟာရဓာတ်ချို့တဲ့မှုဒဏ်ကို အကြီးအကျယ်ခံခဲ့ကြရသည်။ နာဇီဂျာမနီတို့၏အကျဉ်း စခန်းများ၌ ဂျူးလူမျိုးများနှင့် ဖက်ဆစ် ဆန့်ကျင်ရေး တပ်သားပေါင်းများစွာမှာ အာဟာရချို့တဲ့၍ သေဆုံးခဲ့ကြရသလို မသေဘဲ ကျန်ရစ်သူများမှာလည်း လူစဉ်မမီ ဖြစ်ကာ ကျန်ရစ်ခဲ့ကြသည်။ ထိုသူများမှ ကလေးလည်းမမွေး ၊ မွေးလာပါကလည်း သက်ဆိုးမရှည်ခဲ့ပေ။ ထို့အတူ ဂျပန်တို့၏ချွေးတပ်စခန်းများ၊ အကျဉ်းစခန်းများ၌လည်း ထိုသို့ပင် လူအများခံစားခဲ့ကြရသည်။ ယခု ဒုတိယကမ္ဘာစစ် ပြီးသောအခါမှသာလျှင် အာရှတိုက်သားများမှာ ပြန်စားနိုင်၊ပြန်အသက်ရှင်နိုင်၊ ပြန်ဝလာနိုင်ကြသည်။ သို့တိုင် ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲခံခဲ့ရသော ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှာ အာဟာရချို့တဲ့မှုဒဏ်မှ လုံးဝ မလွတ်သေးပေ။

## အာဟာရတန်ခိုး တစ်မျိုးသားလုံးတိုး

ဤအာဟာရချို့တဲ့မှုသည် လူမျိုးတစ်မျိုး သို့မဟုတ် လူဦးရေ အစုအဝေးတစ်ခု၏ တည်တံ့မှုနှင့်တိုးတက်မှု သို့မဟုတ် ထုတ်လုပ်မှုကိုဖန်တီးနိုင်သည်ဆိုသည်မှာကား အမှန်ပင် ဖြစ်သည်။ အကြောင်းမူ ဒုတိယကမ္ဘာစစ် မတိုင်မီက "လူပုကလေးများ"၊"ဂျပုတွေ" ဟုအခေါ်ခံခဲ့ရသော ဂျပန်လူမျိုးတို့မှာ အာဟာရပြည့်ဝစွာ စားသုံးမှုနှင့် လေ့ကျင့်မှုတို့ကြောင့် ယခုလူရှည်များဖြစ်ကာ လူရာဝင်လာပြီး ကမ္ဘာ့အားကစားလောက၌ နေရာရလာသည်။ ၁၉၆၀ ပြည့်လွန်နှစ်များထိ အရှေ့တောင်အာရှ အားကစားလောကအထူးသဖြင့် ဘောလုံး၌ ဗိုလ်လုပ် ခဲ့သောမြန်မာတို့မှာမူ ယခုအခါ လူလုံးလူဖန် သေးသွား၊ ပုသွားပြီး ဘောလုံးအားကစား၌ အောင်ပွဲမခံနိုင်တော့ပေ။ ထို့အတူ အာဟာရချို့တဲ့စွာ စားသုံးရပြီးမိမိတို့အမျိုးချင်းသာ ပြန်လက်ဆက်သော ကချင်ပြည်နယ်မှ တရုန်လူမျိုးအုပ်စု **(Tarongs)** မှာမူ ပို၍ပုသွား၊ သေးသွားပြီး အမျိုးပျောက်သလောက် ဖြစ်သွားပေပြီ။

## နေ့စဉ်အာဟာရ လိုအပ်ချက်များ

မည်သည့်လူသားမဆို အသက်ရှင်နေထိုင်နိုင်ရန်နှင့် သဘာဝလုပ်ငန်း၊ ပြင်ပလုပ်ငန်းတို့ကို လုပ်ကိုင်နိုင်ရန် ကယ်လိုရီအင်အားနှင့် အာဟာရပြည့်ဝသော အစားအစာများကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ ယင်းသို့ လိုအပ်သော အစားအစာများမှာ (၁) ကာဗိုဟိုက်ဒြိတ်ခေါ် ကစီဓာတ် (၂) အသားဓာတ် (၃) အဆီဓာတ် (၄) ဗိုက်တာမင်များ (၅) သတ္တုဓာတ်များနှင့် (၆) ရေတို့ဖြစ်သည်။ ထို့အပြင်သက်ရှိလုပ်ငန်းများအတွက် (၇) အနည်းငယ်သာ လိုအပ်သော ဓာတ်များ ( **Trace Element**) နှင့် (၈) အမျှင်ဓာတ်( **Fibre**) တို့ကိုလည်း အနည်းအကျဉ်း ရံဖန်ရန်ခါ စားသုံးပေး ရသည်။

အထက်ပါ အာဟာရဓာတ်များကို လူတို့သည် (၁) ဆန်၊ဂျုံ၊ မုယောစသောကောက်နှံများမှလည်းကောင်း၊

# မြန်မာနိုင်ငံနှင့် အိုင်အိုဒင်းဓါတ်ချို့တဲ့မှု




အိုင်အိုဒင်းဓာတ်ချို့တဲ့လျှင် ကလေးများဉာဏ်ရည်နိမ့်တတ်ခြင်း၊ လည်ပင်းကြီး ရောဂါရတတ်ခြင်းကို ဖော်ပြသော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ထုတ်ဝေသည့် စာစောင်

(၂) အခြားအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များမှလည်းကောင်း (၃)အသား၊ ငါးနှင့်ကြက်ဥ၊ဘဲဥ၊ ဥအမျိုးမျိုးမှလည်းကောင်း၊ (၄) နွားနို့၊ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ်တို့မှလည်းကောင်း၊(၅) ဆီ၊ အဆီနှင့်ထောပတ်၊ မာဂျရင်း( **Margarine**) တို့မှလည်းကောင်း၊ (၆)သကြားအမျိုးမျိုးမှလည်းကောင်း ရရှိသည်။

ဤသို့ရရှိရာ၌ သဘာဝအတိုင်းရရှိသော လတ်လတ်ဆတ်ဆတ် အစားအစာများသည် ပြုပြင်ထား၊စိမ်ထား၊ ဘူးသွပ်ထားသည့်အစားအစာများထက်ပို၍အရသာရှိပြီး ပို၍အာဟာရဓာတ်နှင့် ပြည့်စုံကာပို၍ ကျန်းမာရေးနှင့်ညီညွတ်သည်။ ထို့အတူ ရောင်းတမ်းပြင်ထားသော အစားအသောက်များနှင့် လှအောင်ကြော်ပြာရောင်းသော စားရန်အသင့်ပြုပြင်ပြီး အစားအသောက်များ ( **Fast Foods** )ထက် လတ်လတ်ဆတ်ဆတ် အိမ်မှာ ချက်ပြုတ်ကြော်လှော်စားသောက်ခြင်းက ပိုမိုကောင်းမွန်ပြီး ပိုမိုအာဟာရပြည့်ဝသည်ကိုလည်းကောင်း စားသုံးသူတိုင်း သိအပ်ပေသည်။

ယခု နေ့စဉ်လိုအပ်သော အစားအစာခြောက်မျိုးနှင့် တစ်ခါတစ်ရံလိုအပ်သော အာဟာရဓာတ်နှစ်မျိုးတို့အကြောင်းကို အောက်တွင် အမြွက်မျှ ဖော်ပြလိုက်ပါသည်။

## (၁) ကာဗိုဟိုက်ဒြိတ်ခေါ် ကစီဓာတ်

ဤဓာတ်သည် ကမ္ဘာပေါ်ရှိ လူအားလုံးလိုလိုအတွက် လိုအပ်သော ကယ်လိုရီအင်အားကိုပေးသည့် အဓိက အစားအစာဖြစ်သည်။ များသောအားဖြင့်ဆန်နှင့် ဂျုံအဖြစ်စိုက်ပျိုးစားသုံးကြ၏။ အချို့လူမျိုးတို့ကမူ ပြောင်း၊ မုယောနှင့်အာလူး (ဥရောပနိုင်ငံများ)၊ ကန်စွန်းဥ (အာဖရိက) တို့ကိုလည်း စားသုံးကြသည်။ ဂျုံကိုပေါင်မုန့်၊ ခေါက်ဆွဲ၊ ချာပါတီ၊ ပလာတာ၊ နံပြား၊ တော်တီလာမုန့်ပြားတို့အဖြစ် ပြင်ဆင်စားသလို ဆန်ကိုထမင်း၊ ဆန်ပြုတ်၊ ကောက်ညှင်းပေါင်း၊ ဆန်ခေါက်ဆွဲစသည်တို့အဖြစ်လည်း ချက်ပြုတ်စားသုံးကြသည်။ နေ့စဉ်လိုအပ်သော ကယ်လိုရီအင်အား (စုစုပေါင်း ၂၀၀၀မှ ၃၀၀၀ ကယ်လိုရီ )၏ ၄၀ ရာခိုင်နှုန်းကို ဤကာဗိုဟိုက်ဒြိတ်ဓာတ်များက ပေးအပ်သည်။ ရုတ်တရက်ချက်ချင်း ကယ်လိုရီအင်အား လိုအပ်လျှင်လည်း ဤကာဗိုဟိုက်ဒြိတ်ဓာတ်ကိုပင် ပေးရသည်။ ဥပမာ–သကြား၊ ချိုချဉ်၊ ချောကလက်၊ ဂလူးကို့စ် ဖျော်ရည်စသည်များဖြစ်သည် ။

## (၂) အသားဓာတ်

အသားဓာတ်သည် ခန္ဓာကိုယ် တည်ဆောက်မှု၊ ကြီးထွားမှုနှင့်ရောဂါဘယ ကာကွယ်မှုတို့အတွက် မရှိမဖြစ်လိုအပ် သည်။ ပထမတန်းစားအသားဓာတ်မှာ ခန္ဓာကိုယ်ကလိုအပ် သော မရှိမဖြစ်အမိုင်နိုအက်စစ်ဓာတ်အားလုံးကိုပေးသည်။ ဥပမာ–ဥအမျိုးမျိုးနှင့်နို့ထွက်ပစ္စည်းများ၊ ယင်းအမိုင်နို အက်ဆစ်အချို့လိုအပ်သော်လည်း ကျန်အမိုင်နိုအက်စစ် များစွာကို ပေးသောအသားဓာတ်များမှာ အသား၊ ငါးများဖြစ် သည်။ဟင်းသီးဟင်းရွက်များက ပေးသောအသားဓာတ် များမှာမူ ဒုတိယတန်းစား အသားဓာတ်များ ဖြစ်ပေသည်။ အသားဓာတ် ကို နေ့စဉ်စားသုံးသော ကယ်လိုရီ အင်အား၏ ၅ ပုံ ၁ပုံနှင့် ၅ပုံ ၂ပုံတွင်း ပေးရ စားရမည်။

## (၃) အဆီဓာတ်

အဆီဓာတ်သည် ခန္ဓာကိုယ်က လိုအပ်သော ကယ်လိုရီအင်အားကို ပေးရုံမက အစားအသောက်များကို အရသာလည်း ပိုရှိစေသည်။ "ဆီနှင့်ကြော်စားလျှင် လွှစာမုန့်တောင် စားလို့ကောင်းသည် " ဟူ၍ မြန်မာတို့၌ ဆိုရိုးစကားရှိသည်။ ထို့အပြင် ခန္ဓာကိုယ်က လိုအပ်သောအဆီ၌ ပျော်ဝင်သည့် ဗိုက်တာမင်ဓာတ် အေ၊ ဒီ၊ အီး၊ ကေနှင့် အင်အား သိုလှောင်မှု၊ အဆီအက်ဆစ်ဓာတ်သယ်ဆောင်မှုနှင့် အာရုံကြောလုပ်ငန်း စတီရွိုက်ဟော်မုန်း ထုတ်လုပ်မှု၊ လုပ်ငန်းတို့အတွက်လည်း မရှိမဖြစ်လိုအပ်သည့် နေ့စဉ်လိုအပ်သော ကယ်လိုရီအင်အား၏ ၃၀ ရာခိုင်နှုန်းကို အဆီမှရလျှင် ကောင်းသည်။ အနည်းဆုံး ၂၀ ရာခိုင်နှုန်း (၅ ပုံ ၁ ပုံ ) ရနိုင်ရမည်။ မပြည့်ဝဆီ (ဥပမာ နေကြာစေ့ဆီ ) မှာ လူ၏ကျန်းမာရေးအတွက် သင့်တော်ပြီးပြည့်ဝဆီ (ဥပမာ – စားအုန်းဆီနှင့် ဝက်ဆီ ) တို့မှာ လူ၏ကျန်းမာရေးအတွက် မကောင်းပေ။ အလွယ်ဆုံးမှတ်သားနည်းမှာ အေးသောရာသီတွင် ခဲတတ်သည့်အဆီများသည် လူ၏ကျန်းမာရေးအတွက်မကောင်း၊ နှလုံးသွေးကြောကျဉ်းစေ

သည်။ သွေးတွင်းကိုလက်စထရောဓာတ်ကိုတက်စေသည်ဟူ၍ သိရန်ပင် ဖြစ်သည်။

### (၄) ဗိုက်တာမင်များ

ဗိုက်တာမင်များသည် မရှိမဖြစ် လိုအပ်သော သက်စောင့်ဓာတ်များဖြစ်သည်။ အချို့ဗိုက်တာမင်များမှာ ရေတွင်ပျော်ဝင်၍ ( ဥပမာ – ဘီကွန်ပလက်နှင့်စီ ) အချို့ဗိုက်တာမင်များမှာ ဆီတွင်ပျော်ဝင်သည်။ ( ဥပမာ – အေ၊ဒီ၊အီး၊ကေ ) ဗိုက်တာမင်များစွာကို အသီးအရွက်များမှ ရရှိပြီး ဗိုက်တာမင်ဒီကို ငါးကြီးဆီမှ ရရှိသည်။ နံနက်ပိုင်း နေရောင်ခံလျှင် မိမိ၏အရေပြားမှလည်း ရရှိသည်။ ဗိုက်တာမင်အချို့သည် အလွန်အကျွံစားပါက (ပိုလျှံပါက) ကျန်းမာရေးအတွက် မကောင်းပေ။ ဥပမာ ဗိုက်တာမင် အေ၊ဒီ၊ ကေနှင့် နိုင်ယာစင်။

### (၅) သတ္တုဓာတ်များ

ခန္ဓာကိုယ်၌ သတ္တုဓာတ်များစွာ လိုအပ်သည်။ သံဓာတ်သည် သွေးအတွက် လိုအပ်ပြီး ကယ်လ်စီယမ်၊ မီးစုန်းနှင့် မဂ္ဂနီစီယမ် ( Magnesium ) တို့သည် အရိုးအတွက် လိုအပ်သည်။ အခြားသော သတ္တုဓာတ်များ မှာမူ အနည်းငယ်သာ လိုအပ်၏။ ဥပမာ – သွပ်ဓာတ်၊ ကြေးနီဓာတ်။

(သတ္တုဓာတ်လိုအပ်ချက်များကို ဇယား ၄ တွင် ဖော်ပြ ထားပါသည်။ )

### (၆) ရေ

ရေသည် မရှိမဖြစ်လိုအပ်သော အစာဖြစ်၏။ ရေရှိမှအသက်ရှင်နိုင်သည်။ ရေမရှိက အသက်မရှင်နိုင်။ ရောဂါ ပိုး ကင်းစင်၍ သန့်ရှင်းသော သုံးရေသောက်ရေကို လူ အများ အမြဲတမ်းရဖို့ လိုအပ်သည်။ အနည်းဆုံးလူ တစ်ယောက် လိုအပ်သော သုံးရေသောက်ရေမှာ တစ်ရက် လျှင် ၄၄ ဂါလန်အထက် ရှိသည်။

### (၇) အနည်းငယ်သာ လိုအပ်သော ဓာတ်များ

သွပ်ဓာတ်သည် အသက်ရှည်ရန်၊ ဆံပင်မဖြူရန်နှင့် အရေပြား လှပကျန်းမာရန်အတွက် လိုအပ်၏။



ဗိုက်တာမင် အေဓာတ်ချို့တဲ့သဖြင့် မျက်စိကန်းနေသော ကလေးငယ်၏ပုံ

ကြေးနီဓာတ်သည် သွေးနီဥဖြစ်ပေါ်ရန် လိုအပ်၏။ ထို့အတူ မင်းဂနီး(စ်)နှင့် ခရိုမီယမ်တို့မှာလည်း မရှိမဖြစ် လိုအပ်သည်။ ဆယ်လီနီယမ်ဓာတ်မှာ မအိုဆေးဖြစ်သည်။ အိုင်အိုဒင်းမှာ လည်ပင်းသိုင်းရွိုက်အကျိတ်အတွက် လိုအပ်ပြီး ယင်းဓာတ်ချို့တဲ့ပါက လည်ပင်းကြီးရောဂါ (Goitre) ရရှိသည်။ လူကြီးတွင်နှေးကွေး၍အရေပြားထူသောရောဂါ (Myxoedema ) ရရှိတတ်ပြီး ၎င်းတို့မှ ကလေးမွေးပါက ဉာဏ်ရည်နိမ့်သော ကလေးများ (Cretins) ရရှိတတ် သည်။ မြန်မာနိုင်ငံ၌ တောင်ပေါ်မြေပြန့် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုရှိလာရာ လူမျိုးညံ့လာ၊ ပုလာ၊ ပြုန်းလာနိုင်၏။ ထိုသို့မဖြစ်ရန် အိုင်အိုဒင်းဆားနှင့် ပင်လယ်စာများကို စားသုံးပေးကြရန် လိုသည်။

### (၈) အမျှင်ဓာတ်

အမျှင်ဓာတ်သည် ဟင်းသီးဟင်းရွက်များနှင့် အခွံမာအသီးများ (Nuts) ၏ အစေ့တို့တွင် ပါရှိ၏။ စားလိုက်သော အစာတွင် အမျှင်ဓာတ် လုံလောက်စွာပါမှ ဝမ်းမှန်၏။ အူမကင်ဆာမှ ကာကွယ်ပေး၏။ အမျှင်ဓာတ်မပါက ဝမ်းပျက်ပြီး အူမကြီးကင်ဆာ ဖြစ်တတ်လေသည်။

ယခု အထက်ပါ အာဟာရများအကြောင်းကို အောက်တွင် ဇယားပြုစု ဖော်ပြလိုက်ပါသည်။

## ဇယား – ၁ ။ အစားအစာအမျိုးအစားများ


| အမှတ်စဉ် | အစားအသောက် | ပါဝင်သော အာဟာရဓာတ် | နေ့စဉ်လိုအပ်ချက် |
|---|---|---|---|
| ၁။ | ဆန်၊ ဂျုံ၊ မုယောတို့မှ ရသော အစားအစာများ (ကောက်နှံ အစာများ) | ကာဗိုဟိုက်ဒြိတ်၊အသားဓာတ်၊ ဗိုက်တာမင် ဘီကွန်ပလက် | ပေါင်မုန့် ၁ ချပ်၊ ဆန် ၁ လုံး မုန့်ဟင်းခါး ၁ ခွက် |
| ၂။ | သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ | ကာဗိုဟိုက်ဒြိတ်၊ အသားဓာတ်၊ ဗိုက်တာမင် အေ၊ ဘီ၊ စီ သတ္တုဓာတ်များ (သံ၊ ကယ်လ်စီယမ်၊ မီးစုန်း၊ ဆိုဒီယမ်၊ ပိုတက်စီယမ် အနည်းအကျဉ်း လိုအပ်သောဓာတ်များ) | ဟင်းခွက် တစ်ဝက်စာ ခရမ်းချဉ်သီး ၁ လုံး၊ ဖျော်ရည် ၁/၂ ခွက် |
| ၃။ | အသား၊ ငါး၊ ဥများ၊ ပဲအမျိုးမျိုး | အသားဓာတ်၊ အဆီဓာတ်၊ သံဓာတ်၊ ဗိုက်တာမင် ဘီ၊ အနည်းအကျဉ်း လိုဓာတ် | အသား ၃ အောင်စ၊ ကြက်ဥ ၂ လုံး၊ ပဲ ၁ ခွက်၊ ဒိန်ခဲ ၁/၂ ခွက် |
| ၄။ | နို့နှင့် နို့ထွက်အစာများ ဥပမာ – ဒိန်ခဲ၊ အိုက်စ်ကရင် စသည် | အသား၊ အဆီ၊ ကာဗိုဟိုက်ဒြိတ်၊ ကယ်လ်စီယမ်၊ ရိုင်ဗိုဖလာဗင်၊ ဗိုက်တာမင်အေ။ | လူကြီး နို့ ၁ – ၂ ခွက်၊ ဒိန်ခဲ ၁ အောင်စ၊ အိုက်စကရင် ၁/၂ ခွက်၊ |
| ၅။ | ဆီ၊ အဆီနှင့် ထောပတ်၊ မာဂျရင်း၊ ထောပတ်သီး၊ အခွံမာသီးအစေ့၏ အဆံ | အဆီဓာတ်နှင့် ဗိုက်တာမင်အေ၊ ဒီ နှင့်အီး | ဆီလက်ဖက်ရည်ဇွန်း ၆–၁၂ ဇွန်း မာဂျရင်း၊ ထောပတ် လက်ဖက်ရည်ဇွန်း ၁ ထောပတ်သီး ၁/၈၊ အစေ့ဆံ ၆ ခု |
| ၆။ | သကြား၊ သကာရည်၊ ပျားရည်၊ ဂျယ်လီ | ကာဗိုဟိုက်ဒြိတ် | လိုအပ်သည့်အခါ စားသုံးရန် |

## ဇယား – ၂။ နေ့စဉ်စားသုံးသော အစာတွင် ပါဝင်သည့်အာဟာရဓာတ်များ

| အမှတ်စဉ် | အစာအမည် | အချင်အတွယ် | အလေးချိန် | ကာဗို ဟိုက်ဒြိတ် | အသား | အဆီ | ကယ်လိုရီ အင်အား |
|---|---|---|---|---|---|---|---|
| | | | ဂရမ် | ဂရမ် | ဂရမ် | ဂရမ် | |
| ၁။ | နို့အစစ် | ၁ ခွက် | ၂၄၀ | ၁၂ | ၈ | ၁၀ | ၁၇၀ |
| ၂။ | အဆီထုတ်ပြီးနို့ | ၁ ခွက် | ၂၄၀ | ၁၂ | ၈ | – | ၈၀ |
| ၃။ | ဒိန်ချဉ် | ၁ ခွက် | ၂၄၀ | ၁၃ | ၈ | ၄ | ၁၂၅ |
| ၄။ | အိုက်စ်ကရင် | ၁/၂ ခွက် | ၇၅ | ၁၄ | ၃ | ၇ | ၁၃၀ |
| ၅။ | အဆီမပါအသား (ဝက်၊အမဲ၊ဆိတ်) | ၃ ၁/၂ အောင်စ | ၁၀၀ | – | ၃၁ | ၁၇ | ၂၇၇ |
| ၆။ | ကြက်သား | ၃ ၁/၂ အောင်စ | ၁၀၀ | – | ၃၁ | ၃–၄ | ၁၆၆ |
| ၇။ | ငါး | ၃ ၁/၂ အောင်စ | ၁၀၀ | – | ၃၀ | ၈ | ၂၀၂ |
| ၈။ | ကြက်ဥ/ဘဲဥ | ၁လုံး | ၅၀ | – | ၆ | ၆ | ၇၈ |
| ၉။ | ထောပတ်/ မာဂျရင်း | ၁ဇွန်း | ၅ | – | – | ၄ | ၃၆ |
| ၁၀။ | ဟင်းကြော်ဆီ | ၁ ဇွန်း | ၅ | – | – | ၄ | ၃၆ |
| ၁၁။ | ဟင်းချက်ဆီ | ၁ ဇွန်း | ၅ | – | – | ၅ | ၄၅ |
| ၁၂။ | ပေါင်မုန့် | ၁ ချပ် | ၂၀ | ၁၅ | ၂ | – | ၆၈ |
| ၁၃။ | ဂျုံ၊မုယောဖလိပ် (FLAKE) | ၁/၂ ခွက် | ၁၂၀ | ၁၃ | ၂ | – | ၆၀ |
| ၁၄။ | ဟင်းရွက်များ | ၁/၂ ခွက် | ၁၀၀ | ၃ | ၁ | – | ၁၆ |
| ၁၅။ | ပဲနှင့် ဟင်းသီး ဟင်းရွက် ဥများ | ၁/၂ ခွက် | ၁၀၀ | ၇ | ၂ | – | ၃၆ |
| ၁၆။ | အာလူးနှင့်ထမင်း | ၁/၂ ခွက် | ၁၀၀ | ၁၆–၂၀ | ၃ | – | ၇၆–၉၂ |
| ၁၇။ | ပြောင်းဖူးနှင့်ပဲများ | ၁/၂ ခွက် | ၁၀၀ | ၁၅ | ၃ | ၀.၄– ၁ | ၇၂ |
| ၁၈။ | ဒိန်ခဲ (အိမ်လုပ်) | ၁/၂ ခွက် | ၁၀၀ | ၃ | ၁၄ | ၄ | ၁၀၆ |

## ဇယား – ၃။ ဗိုက်တာမင်ပါသော အစားအစာများ

| အမှတ်စဉ် | ဗိုက်တာမင် | နေ့စဉ်လိုအပ်ချက် | ပါဝင်သောအစားများ |
|---|---|---|---|
| ၁။ | အေ | လူကြီး ၁၀၀၀ ယူနစ်<br>မိန်းမ ၈၀၀ ယူနစ်<br>ကိုယ်ဝန်ဆောင် ၁၀၀၀ – ၁၂၀၀ | နွားနို့၊ ထောပတ်၊ မာဂျရင်း၊<br>မုန်လာဥဝါ၊<br>အဝါရောင်အသီးများ |
| ၂။ | ဘီ ၁ | လူကြီး ၁.၂ – ၁.၄ မီလီဂရမ်<br>မိန်းမ ၁ – ၁.၁ မီလီဂရမ်<br>ကိုယ်ဝန်ဆောင် ၁.၄–၁.၅ မီလီဂရမ် | အသည်း၊ ဥအနှစ်၊ ယိစ်၊ ပဲ၊<br>အခွံမာသီး၏အစေ့ |
| ၃။ | ဘီ ၂ | လူကြီး ၁.၄ – ၁.၇ မီလီဂရမ်<br>မိန်းမ ၁.၂ – ၁.၃ မီလီဂရမ်<br>ကိုယ်ဝန်ဆောင် ၁.၅ – ၁.၇ မီလီဂရမ် | နို့၊ အသည်း၊ ဥ၊<br>ကောက်နှံများ<br>ယိစ် |
| ၄။ | နိုင်ယာစင် | လူကြီး ၁၆ – ၁၉ မီလီဂရမ်<br>မိန်းမ ၁၃ – ၁၅ မီလီဂရမ်<br>ကိုယ်ဝန်ဆောင် ၁၅ – ၁၈ မီလီဂရမ် | အသည်း၊ အသား၊ ဖွဲ၊ ယိစ်၊<br>ကောက်နှံများ |
| ၅။ | ဘီ ၆ | လူကြီး ၁.၈ – ၂.၂ မီလီဂရမ်<br>မိန်းမ ၁.၈ – ၂.၀ မီလီဂရမ်<br>ကိုယ်ဝန်ဆောင် ၂.၃ – ၂.၄ မီလီဂရမ် | ကြက်၊ကြက်ဥ၊ ငှက်ပျောသီး၊<br>ကောက်နှံ၊ အသား၊ ငါး၊<br>ထောပတ်၊ ဟင်းရွက်စိမ်းများ |
| ၆။ | ဘီ ၁၂ | ယောက်ျား ၃ မိုက်ခရိုဂရမ်<br>မိန်းမ ၃ မိုက်ခရိုဂရမ်<br>ကိုယ်ဝန်ဆောင် ၄ မိုက်ခရိုဂရမ် | အသည်း၊ ကျောက်ကပ်၊အသား၊<br>ငါး၊ နို့၊ ဒိန်ခဲ ၊ ပုစွန်<br>ကြက်ဥ |
| ၇။ | ဖောလစ်အက်ဆစ် | ယောက်ျား ၄၀၀ မိုက်ခရိုဂရမ်<br>မိန်းမ ၄၀၀ မိုက်ခရိုဂရမ်<br>ကိုယ်ဝန်ဆောင်၅၀၀–၈၀၀ မိုက်ခရိုဂရမ် | အသည်း၊ အသား၊ နို့၊ မြေပဲ၊<br>ဟင်းရွက်စိမ်းများ<br>ပဲအမျိုးမျိုး၊ ပဲပင်ပေါက်၊ |
| ၈။ | ပင်တိုသဲနစ် အက်ဆစ် | ကျား ၄ –၇ မီလီဂရမ်<br>မ ၄ – ၇ မီလီဂရမ် | အသည်း၊ ဥ၊ မြေပဲ၊ ပဲအမျိုးမျိုး၊<br>ငါးသေတ္တာ၊ ငါး၊ အချဉ်သီးများ |
| ၉။ | ဗိုက်တာမင် စီ | ကျား ၅၀ – ၆၀ မီလီဂရမ်<br>မ ၅၀ – ၆၀ မီလီဂရမ် | ရှောက်၊ လိမ္မော်၊ သံပရာ၊ ခရမ်း<br>ချဉ်သီး၊ မုန်လာဥ၊ ဟင်းရွက်<br>စိမ်းများ၊ငရုတ်သီးခြမ်း |
| ၁၀။ | ဗိုက်တာမင် ဒီ | ကျား ၅ – ၁၀ မိုက်ခရိုဂရမ်<br>မ ၅ – ၁၀ မိုက်ခရိုဂရမ်<br>ကိုယ်ဝန် ဆောင် ၁၀ – ၁၅ မိုက်ခရိုဂရမ် | နွားနို့ ၊ ထောပတ်၊ မာဂျရင်း၊<br>ငါးကြီးဆီ၊ ဥအနှစ်၊ အသည်း |
| ၁၁။ | ဗိုက်တာမင် အီး | ကျား – ၅ – ၁၀ မိုက်ခရိုဂရမ်<br>မ – ၅ – ၁၀ မိုက်ခရိုဂရမ်<br>ကိုယ်ဝန်ဆောင်၁၀–၁၁ မိုက်ခရိုဂရမ် | ဟင်းရွက်ဆီ၊ မာဂျရင်း၊ မြေပဲ၊<br>အခွံမာအသီး၊ အစေ့ဆန် |
| ၁၂။ | ဗိုက်တာမင် ကေ | ကျား၇၀ – ၁၄၀ မိုက်ခရိုဂရမ်<br>မ ၇၀ – ၁၄၀ မိုက်ခရိုဂရမ် | မုန်လာထုပ်၊ ပန်းမုန်လာ၊<br>ဟင်းနုနွယ်၊ ဟင်းရွက်စိမ်းများ၊<br>ယင်း၏ဆီများ၊အသည်း၊ဝက်သား |



သက်ရှည်ကျန်းမာ၍ငယ်မူပြန်စေသည်ဆိုသော လူဝံ၏လက်ဖဝါးနှင့်လက်သည်းတို့ကို တရုတ်လူမျိုးတို့ ကြေးကြီးပေး၍ စားသုံးကြသည်။

## ဇယား – ၄။ သတ္တုဓာတ်ပါဝင်သော အစားအစာများ

| အမှတ်စဉ် | သတ္တုအမည် | နေ့စဉ်လိုအပ်ချက် | ပါဝင်သောအစာများ |
|---|---|---|---|
| ၁။ | ကယ်လ်စီယမ် | လူကြီး ၀.၈ ဂရမ်<br>လူငယ် ၁.၂ ဂရမ်<br>ကိုယ်ဝန်ဆောင် ၁.၂ ဂရမ် | နွားနို့၊ ဒိန်ခဲ<br>ဟင်းရွက်စိမ်းများ |
| ၂။ | မီးစုန်းဓာတ် | အထက်ပါအတိုင်း | နွားနို့၊ ဒိန်ခဲ၊ ကြက်ဥ၊<br>ဟင်းရွက်စိမ်း၊ အသည်း၊<br>ပင်ထောင်ပဲ၊ အခွံမာစေ့၊ |
| ၃။ | သံဓာတ် | ၁၈ မီလီဂရမ် | အသည်း၊ အသား၊ ပဲ၊ ဥအနှစ်၊<br>ဟင်းရွက်စိမ်း၊<br>သစ်သီးခြောက်များ |
| ၄။ | ကြေးနီ | ၁–၂ မီလီဂရမ် | အသည်း၊ ကြက်ဥ၊ အနှစ်၊ ပဲ၊<br>ဗာဒံသီး၊ မုယော |
| ၅။ | မဂ္ဂနီစီယမ် | ၃၀၀ – ၄၅၀ မီလီဂရမ် | ငှက်ပျောသီး၊ ပဲသီး၊နွားနို့၊<br>မြေပဲ၊ ဟင်းရွက်စိမ်း |
| ၆။ | သွပ် | ၁၅ မီလီဂရမ် | အစာများစွာတွင်ပါဝင်၏ |
| ၇။ | အနည်းအကျဉ်းသာ<br>လိုအပ်သောသတ္တုများ<br>ဥပမာ–ကိုဘော့၊<br>မင်းဂနိစ်၊<br>ဆယ်လီနီယမ် စသည် | ရှိသည်ဆိုရုံ | ဟင်းရွက်စိမ်းများ၊<br>ပဲသီးများ၊ သစ်သီး၊<br>သီးနှံများ၊ အသားများ၊<br>ပင်လယ်စာများ |

## ဇယား – ၅။ မြန်မာလူမျိုးများအတွက် နေ့စဉ်လိုအပ်ချက် အစားအစာနှင့် အာဟာရ

| အသက် | ကိုယ်အလေးချိန် (ကီလိုဂရမ်) | စွမ်းအင် (ကယ်လိုရီ) | ပရိုတင်း (ဂရမ်) | ဗိုက်တာမင်ဘီ – ၁ (မီလီဂရမ်) | ဘီ – ၂ (မီလီဂရမ်) | နိုင်ယာဆင် (မီလီဂရမ်) |
|---|---|---|---|---|---|---|
| မွေးစ | | | | | | |
| (၃ လအောက်) | ၄.၆ | ၅၅၀ | ၁၁ – ၁၆ | – | – | – |
| ၃ – ၅ လ | ၆.၇ | ၇၇၀ | ၁၂ – ၁၇ | – | – | – |
| ၆ – ၈ လ | ၈.၃ | ၉၀၀ | ၁၃ – ၁၉ | ၀.၃၆ | ၀.၅၀ | ၆.၂ |
| ၉ – ၁၁ လ | ၉.၅ | ၁၀၀၀ | ၁၄ – ၂၀ | ၀.၄၀ | ၀.၅၅ | ၆၆.၆ |
| ကလေး | | | | | | |
| ၀ – ၁ နှစ် | ၇.၃ | ၈၅၀ | ၁၁ – ၁၆ | ၀.၃၄ | ၀.၄၇ | ၅.၆ |
| ၁ – ၃ နှစ် | ၁၂.၅ | ၁၂၆၀ | ၁၅ – ၂၁ | ၀.၅၀ | ၀.၆၉ | ၈.၃ |
| ၄ – ၆ နှစ် | ၁၈.၄ | ၁၆၇၀ | ၁၉ – ၂၇ | ၀.၆၆ | ၀.၉၂ | ၁၁.၀ |
| ၇ – ၉ နှစ် | ၂၅.၀ | ၁၈၀၀ | ၂၂ – ၃၁ | ၀.၈၂ | ၁.၁၂ | ၁၃.၅ |
| လူငယ် (ကျား) | | | | | | |
| ၁၀ – ၁၂နှစ် | ၃၃.၆ | ၂၄၀၀ | ၂၇ – ၃၉ | ၀.၉၆ | ၁.၃၂ | ၁၅.၅ |
| ၁၃ – ၁၅ ထိ | ၄၈.၈ | ၂၅၀၀ | ၃၅ – ၅၀ | ၁.၀၀ | ၁.၃၈ | ၁၆.၅ |
| ၁၆ – ၁၉ နှစ် | ၆၁.၉ | ၃၀၀၀ | ၃၇ – ၅၃ | ၁.၂၀ | ၁.၆၅ | ၁၉.၅ |
| လူငယ် (မ) | | | | | | |
| ၁၀ – ၁၂ နှစ် | ၃၅.၂ | ၂၂၀၀ | ၂၇ – ၃၉ | ၀.၈၈ | ၁.၂၁ | ၁၄.၅ |
| ၁၃ – ၁၅ နှစ် | ၅၁.၀ | ၂၆၀၀ | ၃၂ – ၄၆ | ၁.၁၄ | ၁.၄၃ | ၁၇.၂ |
| ၁၆ – ၁၉ နှစ် | ၅၆.၄ | ၂၅၀၀ | ၃၁ – ၄၄ | ၁.၀၀ | ၁.၃၈ | ၁၆.၅ |
| လူကြီး (ကျား) | | | | | | |
| ၂၀ – ၃၉ နှစ် | ၆၀.၀ | ၂၈၀၀ | ၃၄ – ၄၉ | ၁.၁၂ | ၁.၅၄ | ၁၈.၅ |
| ၄၀ – ၄၉ နှစ် | | ၂၆၀၀ | ၄၆ | ၁.၁၄ | ၁.၄၃ | ၁၇.၂ |
| ၅၀ – ၅၉ နှစ် | | ၂၅၀၀ | ၄၃ | ၁.၀၀ | ၁.၃၇ | ၁၆.၅ |
| ၆၀ – ၆၉ နှစ် | | ၂၂၈၀ | ၃၈ | ၀.၈၈ | ၁.၂၁ | ၁၄.၅ |



အာဖရိကတိုက်၊ ဆိုမာလီပြည်တွင်းစစ်ကြောင့် အာဟာရချို့တဲ့မှုဒဏ်ကို ခံနေရသောကလေးငယ်

| အသက် | ကိုယ်အလေးချိန် (ကီလိုဂရမ်) | စွမ်းအင် (ကယ်လိုရီ) | ပရိုတင်း (ဂရမ်) | ဗိုက်တာမင်ဘီ – ၁ (မီလီဂရမ်) | ဘီ – ၂ (မီလီဂရမ်) | နိုင်ယာဆင် (မီလီဂရမ်) |
|---|---|---|---|---|---|---|
| လူကြီး (မ) | ၅၀.၀ | ၂၀၀၀ | ၂၆ – ၃၇ | ၀.၈၀ | ၁.၁၀ | ၁၃.၂ |
| ၂၀ – ၃၉ နှစ် | ၅၀.၀ | ၂၀၀၀ | ၂၆ – ၃၇ | ၀.၈၀ | ၁.၁၀ | ၁၃.၂ |
| ၄၀ – ၄၉ နှစ် | | ၁၉၀၀ | ၃၄ | ၀.၇၆ | ၁.၀၄ | ၁၂.၅ |
| ၅၀ – ၅၉ နှစ် | | ၁၈၀၀ | ၃၂ | ၀.၇၂ | ၀.၉၉ | ၁၁.၅ |
| ၆၀ – ၆၉ နှစ် | | ၁၆၀၀ | ၂၉ | ၀.၆၄ | ၁.၈၈ | ၁၀.၅ |
| ကိုယ်ဝန်ဆောင် | | ၂၂၀၀ | ၃၅ – ၅၀ | ၀.၈၈ | ၁.၂၁ | ၁၄.၅ |
| | | ၂၄၀၀ | | ၀.၉၆ | ၁.၃၂ | ၁၅.၄ |
| နို့တိုက်မိခင် | | ၂၈၀၀ | ၆၁ | ၁.၁၂ | ၁.၅၄ | ၁၈.၅ |
| | | ၂၅၅၀ | | ၁.၀၂ | ၁.၄၀ | ၁၆.၄ |

မှတ်ချက်။ ။ဤအစာလိုအပ်ချက်နှင့်ပါဝင်သော အစား အစာများမှာ စာအုပ်တစ်အုပ်နှင့်တစ်အုပ် မတူညီပါ။

ယခုအာဟာရနှင့်ပတ်သက်၍ သီးသန့်စိတ်ဝင်စားဖွယ် ကိစ္စများကို ဖော်ပြပါမည်။

## ပြိုင်ပွဲဝင်အားကစားသမားများအတွက် လိုအပ်သော အာဟာရ

အားကစားတစ်ခုခုတွင် ပြိုင်ပွဲဝင်တော့မည်ဆိုလျှင် အားကစားသမားတိုင်းသည် ကျန်းမာသန်စွမ်းမှုနှင့် ပြည့်စုံနေရမည်။ နိုင်ချင်စိတ်ရှိပြီး မိမိကိုယ်ကို မိမိယုံကြည်သလိုမိမိ၏အသင်းသားများကိုလည်း ယုံကြည်မှုရှိရမည်။ တစ်ဖက်အားကစားသမားများကို အထင်မသေးသင့်သလိုအထင်လည်းမကြီးသင့်ပေ။ အရေးကြီးဆုံးမှာ မိမိ၏ ခန္ဓာကိုယ်သည် အကောင်းဆုံးအားကစားမှုကို ပြုနိုင်ရန် ပင်ဖြစ်သည်။

### ခန္ဓာကိုယ် သန်စွမ်းမှု

ပြိုင်ပွဲမစတင်မီ၌ အားကစားသမား၏ခန္ဓာကိုယ်သည် အပြေးပြိုင်တော့မည့် မြင်းတစ်ကောင်လို သန်စွမ်းသွက်လက်နေရမည်။ မိမိလုပ်ရမည့်အလုပ်ကို ကျွမ်းကျင်စွာ လုပ်နိုင်ကြောင်း ပြသနိုင်ရမည်။အပြေးသမားသည် အပြေးသန်သည်ကိုပြနိုင်သလို ဘောလုံးနှင့် ကစားသူများသည်လည်း နိုင်နင်းကျင်လည်စွာ ဘောလုံးကိုကန်နိုင်၊ သယ်နိုင်၊ ပေးနိုင်၊ ဂိုးသွင်းနိုင်ကြောင်း ပြသနိုင်ရမည်။ ဘော်လီဘောနှင့် ဘတ်စကက်ဘော ကစားသမားများသည်လည်း မိမိတို့၏ကစားနည်းများကို ကျွမ်းကျင်စွာ ရိုက်နိုင်၊သယ်နိုင် သို့မဟုတ် ဂိုးသွင်းနိုင်ကြောင်း ပြသနိုင်ရပေမည်။

### စိတ်ဓာတ် ကြံ့ခိုင်မှု

ထို့အပြင် ပြိုင်ပွဲဝင်အားကစားသမားများသည် ဤပြိုင်ပွဲကိုနိုင်ရန် စိတ်စောနေကြသလို မိမိတို့နိုင်မည်၊ တရားမျှတစွာ ယှဉ်ပြိုင်ကစားခြင်းဖြင့် နိုင်မည်ဖြစ်သည်ကို ယုံကြည်နေရမည်။ ထို့ကြောင့်သူတို့သည်ပြုံးရွှင်စွာ၊ အားတက်စွာ သွားလာပြောဆို၊ သွေးပူလေ့ကျင့်နေနိုင်ကြရမည်။ စိတ်ဓာတ်ကျခြင်း၊ အိမ်အတွက် နောက်ဆံတင်းခြင်း၊ တစ်ခုခုကို စိုးရိမ်နေခြင်းများ မရှိစေရ။

### ရောဂါဝေဒနာ ကင်းရှင်းခြင်း

ပြိုင်ပွဲဝင်အားကစားသမားများသည် အိပ်ရေးဝစွာအိပ်၊ တင်းတိမ်ရောင့်ရဲစွာစားသောက်ပြီး ကိုယ်လက်မအီမသာဖြစ်မှု၊ ခေါင်းခဲ၊ခေါင်းကိုက်မှု၊ ဝမ်းလျှောဝမ်းကိုက်မှုများမှလည်းကင်းဝေးနေရမည်။ ဗိုက်နာခြင်း၊ဗိုက်လေးခြင်း၊ ခြေလက်ကြွက်သားများနာကျင်ခြင်း စသည်တို့မှလည်း ကင်းဝေးနေစေရမည်။ အားကစားပြိုင်ပွဲမဝင်မီ စားသင့်တာစား၊သောက်သင့်တာသောက်ပြီးလန်းဆန်းအောင် ရေမိုးချိုးထားနိုင်က ကောင်းပေသည်။

### ရေသောက်သုံးမှု

ရေးအခါက အားကစားသမားများကို ပြိုင်ပွဲမဝင်မီ တစ်နာရီ၊ နှစ်နာရီအတွင်းနှင့်ပြိုင်နေစဉ်ရေပေးမသောက်ပေ။ ဗိုက်လေးခြင်းနှင့် ကိုယ်တွင်းရေများမှာစိုး၍ဖြစ်သည်။ ယခုအခါ ရေကိုအားကစားပြိုင်သူ ဆာတိုင်းသောက်ခွင့်ပြုသည်။ ပူသောအရပ်ဒေသများ၌ ကိုယ်တွင်းရေခန်းခြင်း မဖြစ်စေရန် ဓာတ်ဆားများထည့်၍ပင် သောက်စေ၏။ အလွန်ပူသောရာသီတွင် အားကစားသမားများသည် ကိုယ်တွင်းရေ ခန်းသဖြင့်ကြွက်တက်ခြင်း **(Heat or Muscle Cramps )**၊အပူရိုက်၍မောပန်းခြင်း **(Heat Fatigue)** ၊ အပူကြောင့် အားအင်ကုန်ခန်းခြင်း **(Heat Exhaustion)** နှင့် အပူရိုက်၍သတိမေ့မျောခြင်း **( Heat Stroke)** တို့ဖြစ်နိုင်သည်။

ကိုယ်အလေးချိန်ပေါင် ၂၀၀ ရှိလူတစ်ယောက်သည် ရေ ၁၀ပေါင် ကုန်ခန်းသွားပါက အန္တရာယ်ပင်ဖြစ်သည်။ သွေးထုထည်လျော့ကျခြင်း၊ သွေးပျစ်ခြင်း၊ နှလုံးဒဏ်ပိခြင်း၊ ချွေးထွက်ရပ်ခြင်း၊အပူရိုက်၍ သတိမေ့မြောခြင်းများ ဖြစ်နိုင်သည်။ ထို့ကြောင့်ရေနှင့် ဓာတ်ဆားကို ချက်ချင်း ပြန်ဖြည့်ပေးရန်လိုသည်။

လျော့သွားသော ကိုယ်တွင်းရေနှင့်ဓာတ်ဆားကို ပြန်လည်ဖြည့်ရန်ဂလူးကို့စ်နှင့် ဓာတ်ဆားများပါဝင်သည့် ဆေးရည်များကိုအလွယ်တကူဝယ်၍ရသည်။ ဥပမာ– **(Gatorade ,Sunkist)** စသည်။ သို့ရာတွင်ယင်းတို့ကို

ကယ်လိုရီအင်အားချက်ချင်း ရသည့် အဖျော်ရည်များအဖြစ် အားမကိုးသင့်ပေ။ အကြောင်းမှာ (Gatorade )တစ်အောင်စ လျှင် ၅ ကယ်လိုရီသာပါဝင်၍လိမ္မော်ရည် ၁ အောင်စတွင် ၁၂ ကယ်လိုရီ၊ ရောက်ပန်းသီး (ဝါ) ကျွဲကောသီးရည် ၁ အောင်စလျှင် ၁၄ ကယ်လိုရီနှင့် ဟဝိုင်ယီသီးစုံ ဖျော်ရည် (Hawaii Punch ) နှင့်ပန်းသီးရည်တစ်အောင်စစီ လျှင် ၁၅ ကယ်လိုရီရသောကြောင့် ဖြစ်သည်။

ဤသို့ ကယ်လိုရီအင်အားများ ပါသော်လည်း သောက်ပြီးပြီးချင်း အင်အားရရှိခြင်းကား မရှိပါ။ ထို့အတူ သကြားရည်၊ ကြံရည်များ သောက်ခြင်းမှာလည်း သောက်ပြီးပြီးချင်း အင်အားမရရှိပါ။စင်စစ်သကြားရည် (ရေ ၁၀၀ စီစီတွင် ၅ ဂရမ်)သောက်ပါက ဗိုက်လေးပြီး အစာအိမ်စွန့်ထုတ်မှု (Gastric Emptying ) နှေးသဖြင့်ချွေးထွက်နည်းစေသည်။ သို့ဖြစ်၍ လေ့ကျင့်ခန်းလုပ်လျှင် ၁၉ ရာခိုင်နှုန်းမျှ လုပ်ဆောင်မှု ညံ့သွားနိုင်ပါသည်။

ထို့အတူပြိုင်ပွဲဝင်ခါနီးဖြစ်စေ၊ ပြိုင်နေစဉ်ဖြစ်စေ ဗိုက်တာမင်များကိုစားစေ၊ သောက်စေခြင်းမှာလုပ်ဆောင်မှုအတွက် အကျိုးမရှိပါ။ ဗိုက်တာမင်အေ၊ ဒီ၊အီး၊ကေနှင့် ဘီကွန်ပလက်ဗိုက်တာမင်များကို နေ့စဉ်စားသည့်အစာထဲတွင် လုံလောက်စွာပါပါက နောက်ထပ်အပိုစားရန်၊ ထိုးရန် မလိုပါ။ ရေတွင်ပျော်ဝင်သောဗိုက်တာမင်ဘီ၊ စီနှင့်အခြား ဗိုက်တာမင်များကို အပိုစားပါက ဆီးထဲတွင် ပျော်ဝင်၍ အလဟဿ ဖြစ်သွားပါသည်။ အဆီတွင် ပျော်ဝင်သော ဗိုက်တာမင်အေနှင့် ဒီတို့မှာ လိုသည်ထက် ပိုစားပါက အန္တရာယ်ရှိနိုင်သည်။

## အသားဓာတ်နှင့်ကြွက်သားသန်မာထွားကျိုင်းမှု

အချို့က ပြိုင်ပွဲဝင် အားကစားသမားများ၏ လုပ်ဆောင်မှုကောင်းရန် အမဲသားစတိတ်၊ဆိတ်သားစတိတ်၊ ကြက်ရင်အုံ ၊ ကြက်ဆင်သားစသည်ဖြင့်အသားအကောင်းစားများ အလွန်အမင်းကျွေးကြသည်။ သိပ္ပံပညာရှင်တို့၏ အလိုအရ ယင်းအသားများမှာ လိုသည်ထက် ပိုစားပါက အကျိုးမရှိပါ။ အမြဲတမ်း နေ့စဉ်မှန်မှန် စားလာသော အစာထဲ၌ အသားဓာတ်လုံလောက်စွာ ပါပါက သင့်တင့် ကောင်းမွန်လှပါပြီ။

ကြွက်သားများသန်မာရန်အတွက် အကောင်းဆုံးနည်းမှာ ပုံမှန်အချိန်ကာလကြာမြင့်စွာလေ့ကျင့်မှုပြုခြင်းဖြစ်ပါသည်။ ဤအတွက်ခြေလက်ကြွက်သား၊ ကိုယ်ကြွက်သား၊ ခါးနှင့် ဗိုက်ကြွက်သားတစ်ခုစီကို လိုအပ်သလိုတိကျစွာ လေ့ကျင့်ကြရပါမည်။ ဤအတွက်ကာယဆရာနှင့် အားကစား ဆရာဝန်တို့က တာဝန်ယူသင်ကြားပေးရပါမည်။

## ပြိုင်ပွဲမဝင်မီ ထမင်းစားခြင်း

အားကစားပြိုင်ပွဲတစ်ခုသို့ ပါဝင်မယှဉ်ပြိုင်မီ ဗိုက်ပြည့်အောင်၊ အဆာပြေအောင်နှင့် လိုအပ်သောအင်အား ရရှိအောင် ထမင်း (ဝါ)အစာတစ်ခုခုကို အားကစားမပြိုင်မီ ၃ နာရီမှ ၄ နာရီကြိုတင်၍ စားထားရမည်ဟု အားကစားပညာရှင်များက ညွှန်ကြားကြပါသည်။

စားထားသောအစာသည် ကာဗိုဟိုက်ဒြိတ်၊ အဆီနှင့် အသားဓာတ်များ အချိုးကျစွာ ပါဝင်ရမည်။ ၅၀ – ၅၅ ရာခိုင်နှုန်း ကာဗိုဟိုက်ဒြိတ်၊ ၃၀ – ၃၅ ရာခိုင်နှုန်း အဆီနှင့် ၁၀ – ၁၅ ရာခိုင်နှုန်း အသားမှာ အများလက်ခံထားသောအချိုးအစားဖြစ်၏။ အပူအစပ်မများစေရ။ ဝမ်းလျှောဗိုက်နာစေသည့်အစာများမပါစေရ။ ကြေလွယ်သောအစာလည်း ဖြစ်ရမည်။

## ထာဝရနုပျိုလှပရန် လိုအပ်သော အာဟာရဓာတ်များ

သတ္တဝါဟူသမျှသည် ထာဝစဉ်နုပျို၍ အသက်ရှည်ချင်ကြသည်သာ ဖြစ်သည်။ ဤအထဲ၌ လူဟူသောသတ္တဝါသည် အသက်လည်းရှည်ချင်၍ အမြဲလည်းနုပျိုနေချင်သည်။ “အသက် ၁၂၀– ရှည်စေသော်”ဟူသည့် ဆုတောင်းသည် မြန်မာတို့၏ ဇာတာ၌အမြဲပါနေသည်။

ထာဝစဉ်နုပျို၍ အသက်ရှည်စေသောနည်းလမ်းများ၊ ဆေးစွမ်းကောင်းများနှင့်သစ်မြစ်သစ်ဖု သစ်ဥများကိုကား ခေတ်အဆက်ဆက်လူတို့ရှာကြံခဲ့ကြသည်။ သို့ဖြင့် ကိုးရီးယားမှ ဂျင်ဆင်းကဲ့သို့သောသစ်ဥများသည် အသက်ရှည်စေသကဲ့သို့အနောက်တိုင်းမှမစ်စတယ်တိုးကျီးပေါင်းပင် (Mistle- Toe) နှင့်အနောက်တိုင်းမှသူယောင်ဂမုန်း( Man-drake ) တို့သည်အသက်ရှည်စေသောဆေးဖက်ဝင်အပင်များအဖြစ် လူသိများခဲ့သည်။ သို့သော် သိပ္ပံနည်းကျ သုသေသနပြုကြည့်သောအခါ ထိုအရာများသည် ထင်သလို မဟုတ်ကြောင်း တွေ့ကြရသည်။

ယခုမူ ဆေးသိပ္ပံပညာရှင်နှင့် အာဟာရဗေဒပညာရှင်များ၏ ကြိုးပမ်းသုတေသနပြုချက်အရ ထာဝစဉ်နုပျိုစေသော သို့မဟုတ်အသက်ရှည်စေ နိုင်သော နည်းများကို တွေ့လာကြသည်။ ယင်းတို့ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

အမေရိကန်ပြည်ထောင်စု၌ ၁၉၀၀ ပြည့်နှစ်က လူ၏သက်တမ်းမှာ ၄၇ နှစ်သာရှိရာ၊ ယခု ၁၉၉၀ ပြည့်နှစ်ကာလ၌ လူ၏သက်တမ်းသည် ၇၅ နှစ်ကျော်လာသည်။ အချို့ပုဂ္ဂိုလ်များသည်အသက် ၉၀ – ၁၀၀ အထိကျန်းကျန်းမာမာနုပျိုလှပစွာနေနိုင်သွားကြသည်။ ဥပမာ – အသက် ၉၈ နှစ်အထိ လှပနုပျိုစွာနေသွားသောပန်းချီဆရာနှင့် အနုပညာရှင်ဂျော်ဂျီယာအိုကိဖ်ဖီ: (Georgia O' keeffe ) နှင့် သိပ္ပံပညာရှင် နိုဗယ်ဆုရ ဒေါက်တာလင်းနပ်စ်ပေါလင်း (Dr. Linus Pauling ) စသူတို့ဖြစ်သည်။

ယင်းတို့ကိုကြည့်၍ သိပ္ပံပညာရှင်များက လေ့လာကြရာတွင် အိုမင်းရင့်ရော်ခြင်းဆိုသည်မှာ လူ၏ကလာပ်စည်းများထဲတွင်ရှိသော ဒီအင်(န်)အေ ( D N A ) ပေါ်တွင်မူတည်နေသည်။ ယင်း (DNA)က လူ၏သက်တမ်းကို သတ်မှတ်၍ ကလာပ်စည်းများအတွက်အာရ်အင်(န်)အေ (RNA) နှင့်ပရိုတိန်းများကိုထုတ်ပေးရာ ထိုသို့ထုတ်ပေးမှု မှန်လျှင် သက်တမ်းပြည့်နေရသည်။ ထုတ်ပေးမှုမမှန်လျှင် သက်တမ်းတိုသွားသည်။

အကယ်၍ ဒီအင်(န်)အေကို ကောင်းစွာပြုပြင်နိုင်လျှင် သက်တမ်းထက်ပိုရှည်အောင်နေနိုင်ပြီး ထာဝစဉ်နုပျိုအောင် ပြုလုပ်၍ရသည်ဟု တွေ့ကြရသည်။ ဆိုလိုသည်မှာ ဗီဇမျိုးစေ့ကို ပြုပြင်ပေးခြင်းဖြင့် ထာဝစဉ်နုပျိုအောင် ပြုလုပ်၍ရသည်ဆိုခြင်းပင်။

အခြားတစ်ဖက်တွင်မူ သိပ္ပံပညာရှင်များအနေဖြင့် လူတို့၏ဗီဇနှင့်မျိုးစေ့နှင့် DNA ကိုပြုပြင်၍မရဘဲလူတို့စားသောက် သော အာဟာရဓာတ်များကို ကောင်းအောင် ပြုလုပ်ပေး ခြင်းဖြင့်သာအသက်ရှည်အောင်၊ ထာဝစဉ်နုပျိုအောင် ပြုလုပ်၍ ရသည်ဟု ယုံကြည်ပြောဆိုကြသည်။ အကြောင်းမှာ ဒီအင်(န်)အေနှင့်အာရ်အင်(န်)အေတို့ကို လူတွေစားရန် သို့မဟုတ်အသားထဲ၊ သွေးထဲထိုးပေးလိုက်ပါက ယင်းဓာတ်များမှာ လူ့ကလာပ်စည်းများထဲသို့ မဝင်နိုင်ဘဲ အာနိသင်ပျက်ပြားသွားသောကြောင့် ဖြစ်သည်။ ထို့အတူ လူ၏အသက်ရှင်စေသော ဗီဇမျိုးစေ့များကိုလည်း သေချာစွာရှာမတွေ့သေး။ အသုံးမပြုနိုင်သေး၍ ဖြစ်သည်။ သေချာသည်ကား ဟိုမုန်းနှင့် အာဟာရဓာတ်များကို ပေးခြင်း ဖြင့် ထာဝစဉ်နုပျိုစေခြင်းပင် ဖြစ်သည်။

ပထမအစွမ်းထက်သော ဟိုမုန်းမှာ ဒီအိတ်ချ်အီးအေ (DHEA;Dehydroepiandrosterone )ဟိုမုန်းဖြစ်သည်။ ယင်းဟိုမုန်းကို ထိုးပေးပါကလူတို့သည် ကင်ဆာ၊နှလုံးရောဂါ၊ ဆီးချိုနှင့်အဝလွန်ခြင်းကို ကာကွယ်နိုင်သည်။ တိရစ္ဆာန်များတွင်သက်တမ်း၏ ၂၀ ရာခိုင်နှုန်းအထိပို၍ အသက်ရှည်စေနိုင်သည်။ အသက် ၇၀ ကျော် ၈၀ အရွယ် အဘိုးကြီးများ၌ DHEA သို့မဟုတ် ဆက်နွှယ်နေသော ဖိုဟိုမုန်းကို ထိုးပေးခြင်းဖြင့် ယင်းပုဂ္ဂိုလ်များမှာသွက်လက်ဖျက်လတ်ပြီး ပိုမိုကျန်းမာလာသည်ကို တွေ့ကြရသည်။

အခြားဓာတ်တစ်ခုမှာဓာတ်ကူပစ္စည်းတစ်ခုဖြစ်သော ကိုအင်ဇိုင်း (Co- Enzyme Q 10 ) ဖြစ်သည်။ ယင်းအင်ဇိုင်းကိုပေးခြင်းဖြင့် တိရစ္ဆာန်များတွင် ခုခံအား (ဝါ) ကိုယ်ခံစွမ်းအားတိုးမြင့်လာပြီး ရောဂါများကို ခံနိုင်ရည်ရှိကာ အသက်ရှည်လာနိုင်သည်ဟုသိရသည်။ လူတို့တွင်လည်း ယင်းအင်ဇိုင်းသည် ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး သွေး

ဒ်အား ကျစေသည်။ အလေးချိန် လျော့စေသည်။ သွားဖုံး ရောဂါများ ပျောက်စေသည်။ အသက်ရှည်စေသည်ဟု ယုံကြည်ကြသည်။

တတိယ အသက်ရှည်စေသောဓာတ်များမှာ ခန္ဓာကိုယ် မှ မလိုအပ်သောဓာတ်များကို ဖျက်ပစ်သည့် ဓာတ်ဖျက် ပစ္စည်းများ (Free - Radical Scavengers) များ ဖြစ်သည်။ ယင်းတို့သည် ကင်ဆာ၊ ပါကင်ဆန်ရောဂါ၊ အယ်လ်ဇိုင်းမား ရောဂါနှင့် မျက်စိအတွင်း တိမ်ကွယ်ခြင်း တို့ကို ပျောက်စေ၍ အသက်ရှည်စေသည်ဟု သိရသည်။ ဤဓာတ်ကို နယူးယောက်ကုမ္ပဏီတစ်ခုက ရောင်းချရန် စီစဉ်လျက် ရှိသည်။

နောက် အသက်ရှည်စေသော အာဟာရဓာတ်များမှာ ဗိုက်တာမင် စီ၊ ဗိုက်တာမင် အီးနှင့် ဗိုက်တာမင်အေ၏ အကြိုပစ္စည်းဖြစ်သော ဘီတာကရိုတင်း (Beta -Carotene) ဓာတ်များ ဖြစ်သည်။ ဗိုက်တာမင်စီကို တစ်နေ့ အနည်းဆုံး ၅၀၀ မီလီဂရမ်စားပေးခြင်းဖြင့် နှာစေးခြင်း၊ ကင်ဆာဖြစ် ခြင်း၊ သွေးထွက်ခြင်း စသည်တို့ကို ကာကွယ်နိုင်၍ အသက်ရှည်စေနိုင်သည်ဟု ယုံကြည်ပြောဆိုလျက် ရှိကြ သည်။

ဗိုက်တာမင်အီးကို တစ်နေ့လျှင် ၄၀၀ – ယူနစ် သို့မဟုတ် ၁၀၀ မီလီဂရမ်မျှ စားပေးခြင်းဖြင့် အသားအရေ လှပခြင်း၊ စိတ်ပျိုကိုယ်နုခြင်း၊ ဟိုမုန်းဓာတ်များ ညီမျှခြင်း၊ ဖိုမသဘာဝသန်စွမ်းခြင်းနှင့် နှလုံးရောဂါ၊ သွေးကြောကျဉ်း ရောဂါများကိုကာကွယ်နိုင်သည်။ သို့ဖြင့်အသက်ပိုရှည် စေသည်ဟု လေ့လာပြောဆိုကြပါသည်။

မုန်လာဥဝါနှင့် ဖရုံသီးစသောအဝါရောင်အသီးများထဲ ပါသောဘီတာကရိုတင်းဓာတ်သည် ကင်ဆာရောဂါကို ကာကွယ်နိုင်၍ အသက်ရှည်စေသည်ဟု ပြောဆိုနေ ကြသည်။ အသက်ကြီးရင့်လျှင်ကင်ဆာဖြစ်ပွားမှုများရာ ကင်ဆာမဖြစ်အောင် ကာကွယ်နိုင်သော ဆေးများသည် စိတ်ပျိုကိုယ်နု၍အသက်ရှည်စေလိမ့်မည်ဟု ကောက်ချက် ချ ပြောဆိုနေကြခြင်းဖြစ်သည်။ ဤအထဲ၌ နေ့စဉ် လိုအပ်ချက်ပြောပလောက်အောင်မရှိသည့် ဆယ်လီနီယမ် (Selenium) ဓာတ်သတ္တုလည်း ပါဝင်သည်။



အသက်ကြီးလျှင်အရိုးအဆစ်များ တောင့်တင်း၍ ခန္ဓာကိုယ်မှာမလှုပ်ရှားနိုင်ဖြစ်ရာ ထိုအချက်ကြောင့် သွေးကြောများကျဉ်းခြင်း၊ မာခြင်းနှင့်သွေးတိုးရောဂါများ ရနိုင်သည်။ သို့ဖြစ်၍အရိုးအဆက်များကို လှုပ်ရှား စေနိုင်သည့် ဆေးတစ်မျိုးအမိုင်နိုကွာနီဒင်း (Aminoguandine) ကိုပေးခြင်းဖြင့် သက်ကြီးရွယ်အိုများမှာ လှုပ်ရှားမှုပိုလာက ကျန်းမာလာကြသည်ဟု တွေ့ကြရ သည်။ ထို့အတူအရေပြားကို ညိုစေသော ရောင်ခြယ် ပစ္စည်းများကို ဖယ်ရှားပေးခြင်းဖြင့်သက်ကြီးရွယ်အိုမှုကို ဟန့်တားပေးသောဆေးပေါ်လာသည်။ ထိုဆေးကိုစီရာမီ (Cerami) ဟု ခေါ်သည်။

## နိဂုံး

သိပ္ပံနည်းကျသေချာပေါက်နုပျိုလှပစေသော အသက်ရှည်စေသောနည်းက ယခုအခါနှစ်နည်းသာ ရှိသည်။ ပထမနည်းမှာလူကို မဝစေဘဲအာဟာရပြည့်သော အစားကောင်းကောင်းမှန်မှန် စားခြင်းဖြစ်သည်။ ဒုတိယ နည်းမှာနေ့စဉ်သို့မဟုတ် ရက်ခြားအခါအားလျော်စွာ ကိုယ်လက်လှုပ်ရှား အားကစားပေးခြင်းပင်ဖြစ်သည်။ အသက် ၈၀ ကျော် ၉၀ အရွယ်ရှိသက်ကြီးရွယ်အိုများကို ရှစ်ပတ်ကြာမျှ ကိုယ်လက်လှုပ်ရှားအားကစားစေခြင်းဖြင့် ယင်း တို့၏သန်မာမှုမှာ ၆၀ ရာခိုင်နှုန်းမျှတိုးတက်လာပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့်အရိုးပျော့ ရောဂါတို့ကိုကာကွယ်နိုင်သည်။ ကင်ဆာရောဂါကိုလည်း ကာကွယ်နိုင်သည်ဟု လေ့လာတွေ့ရှိထားကြသည်။ အသက်ကိုသေစေသောရောဂါများကို ဟန့်တားကာကွယ် ထားခြင်းပင်လျှင် အစားကောင်းနှင့် ကာယလေ့ကျင့်မှု တို့သည် ထာဝရစိတ်ပျိုကိုယ်နု၍ အသက်ရှည်ခြင်း ဖြစ်စေသည်မှာ ယုံမှားဖွယ် မရှိချေ။ ။

**ဒေါက်တာမောင်မောင်ညို**





# နှစ်(၅၀)ပြည့် ရွှေရတု စာပေဗိမာန်

စာပေဗိမာန်သည် ယခုအခါ နှစ် (၅၀) ပြည့် ရွှေရတုသက်တမ်းသို့ ရောက်ရှိလာပြီ ဖြစ်သည်။ စာပေဗိမာန်ကို အင်္ဂလိပ်ဘာသာဖြင့် (Palace of Literature ) ဟူ၍ ပြန်ဆိုသည်။ နိုင်ငံတွင် စာပေနှင့်ပတ်သက်သော အဓိကဌာနဖြစ်သကဲ့သို့ နိုင်ငံတော်၏ စာအုပ်ထုတ်ဝေရေး ဌာနလည်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာပေဗိမာန်ကဲ့သို့သောဌာနများ ရှိကြသည်။ ဥပမာအားဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ပြည်သူ့စာအုပ်ထုတ်ဝေရေးဌာန၊ မလေးရှားနိုင်ငံတွင် နိုင်ငံတော် စာအုပ် ထုတ်ဝေရေးဌာန၊ အိန္ဒိယနိုင်ငံတွင် ဆာဟိတယ အကယ်ဒမီ၊ ဂျပန်နိုင်ငံတွင် ယူနက်စကို ဆိုင်ရာ အာရှယဉ်ကျေးမှုဌာန စသည်တို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် စာပေဗိမာန် သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံတွင် ယနေ့ထင်ရှားလျက်ရှိသော စာပေဗိမာန်၏ မူလဘူတသည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းဖြစ်သည်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုသားတိုင်း အသိပညာတိုးပွားစေမည့် ဘာသာခြားဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို ဘာသာပြန်ရန်၊ ပြည်ထောင်စုတိုင်းရင်းသား ဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများအား နိုင်ငံခြားဘာသာသို့ ပြန်ဆိုရန်၊ မြန်မာမှုအရပ်ရပ်ကို စူးစမ်းရှာဖွေရန်၊ စာအုပ်စာတမ်းအရပ်ရပ်ကို ပုံနှိပ်ဖြန့်ချိရန် စသောရည်ရွယ်ချက်များ ပါဝင်သည်။ အသင်းဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲခဲ့သည်။ အုပ်ချုပ်မှုကောင်စီတစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်၊ ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုတွင် အသင်း၏တည်နေရာဌာနကို ယာယီဖွင့်လှစ်ခဲ့သည်။ လုပ်ငန်းစတင်ချိန်တွင် ဒုတိယစာတည်းမှူးတစ်ဦး၊ လက်ထောက်စာတည်း ခြောက်ဦးနှင့် စာပြု ၂၄ ဦးတို့ကို စာတည်းလုပ်ငန်းအရပ်ရပ်အတွက် ခန့်အပ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကြီးမှူး၍ ပြန်လည်ထူထောင်ရေးစီမံကိန်းများ ရေးဆွဲခဲ့သည့် ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၃၆၁ ရှိ ဆိုရန်တိုဗီလာ အဆောက်အအုံသို့ ၁၉၄၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း ရွှေ့ပြောင်းခဲ့သည်။

ထို့နောက် ဆိုရန်တိုဗီလာ အဆောက်အအုံကို စာပေဗိမာန်ဟု အမည်ပြောင်းလိုက်ရာ ထိုမှစ၍ စာပေဗိမာန်ဟု အမည်တွင်ခဲ့သည်။ စာပေဗိမာန်၏ အမှတ်တံဆိပ်သည် ထိပ်တွင်လင်းရောင်ခြည် ယှက်သန်းနေသော စာအုပ်ပုံစံဖြစ်ပြီး စာအုပ်၏ တစ်ဖက်ခြမ်းသည် အမှောင် (အနက်ရောင်) ဖြစ်ကာ စာအုပ်၏တစ်ဖက်ခြမ်းသည် အလင်း (အဖြူရောင်) ဖြစ်သည်။ စာအုပ်၏အလယ်တွင် ကလောင်တစ်ချောင်းက အမှောင်ကိုခွင်း၍ အလင်းဘက်သို့ ထိုးဖောက်ဝင်ရောက်နေပုံကို သရုပ်ဖော်ထားသည်။ ဆောင်ပုဒ်မှာ “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဖြစ်သည်။

ထိုစဉ်အခါက မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတွင် ပြုစုတည်းဖြတ်မှု လုပ်ငန်းအနေဖြင့် လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင် စာစဉ်နှင့် လူထုတက္ကသိုလ်စာစဉ်ဟူသော လုပ်ငန်းသုံးရပ်ရှိသည်။

လူထုအလင်း စာစဉ်လုပ်ငန်းမှာ ကမ္ဘာ့ယဉ်ကျေးမှုအရပ်ရပ် ၊ကမ္ဘာ့စာပေဗဟုတုတ အဖုံဖုံကို မြန်မာစာဖတ်တတ်သူတိုင်း ရယူနိုင်ရန် လွယ်ကူရှင်းလင်းစွာ မြန်မာပြန်ဆိုပြုစုရေးသားရသည့် လုပ်ငန်းဖြစ်သည်။ လူထုအိတ်ဆောင် စာစဉ်လုပ်ငန်းမှာ လတ်တလောဖြစ်ပေါ်နေသည့်မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေကို စာဖတ်သူများ ဆင်ခြင်သုံးသပ်နိုင်ရန် ထုတ်ဝေဖြန့်ချိ



**ဆိုရှန်တိုဗီလာကို အမည်ပြောင်းလိုက်သော ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၃၆၁ ရှိ စာပေဗိမာန်အဆောက်အအုံ**

ရသည့် လုပ်ငန်းဖြစ်သည်။ လူထုတက္ကသိုလ် စာစဉ်လုပ်ငန်းမှာ အခြေခံပညာရှိပြီးသူတိုင်း တက္ကသိုလ်ပညာအရပ်ရပ်ကို အလုပ်မပျက်၊ အိုးမကွာ အိမ်မကွာ ဖတ်ရှုလေ့လာနိုင်စေရန် ပြုစုထုတ်ဝေရသည့် လုပ်ငန်းဖြစ်သည်။

အဆိုပါလုပ်ငန်းများအပြင် လူထုအား သိပ္ပံအသိဉာဏ်ပေးရန် အလို့ငှာ သိပ္ပံစာစဉ်လုပ်ငန်းလည်း ရှိခဲ့သည်။ ကျောင်းများ၊ တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်များကို မြန်မာဘာသာဖြင့် သင်ကြားပို့ချနိုင်ရန် ကျောင်းသုံးစာအုပ် ဘာသာပြန်ဆိုပြုစု ထုတ်ဝေရေးလုပ်ငန်းလည်း ရှိခဲ့သည်။

စာပေဗိမာန်သည် ၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ၁၀ နှစ်တာ ကာလအတွင်းတွင် လုံးချင်းစာအုပ်အမျိုးပေါင်း ၂၉၂ မျိုး၊ မဂ္ဂဇင်း ၆၃ မျိုး၊ လူထုသိပ္ပံကျမ်းခြောက်တွဲ၊ နှစ်ငါးဆယ် ကျမ်းရှစ်တွဲ၊ မြန်မာ့စွယ်စုံကျမ်း သုံးတွဲနှင့် ပြည်သူ့လက်စွဲ စာစဉ်သုံးမျိုး၊ စုစုပေါင်းအမျိုး ၃၇၀ ကျော်၊ စောင်ရေအားဖြင့် သိန်း ၁၄၀ ကျော်ကို ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်။ စာပေဗိမာန် မဂ္ဂဇင်းကို ၁၉၅၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် ရပ်နားခဲ့သည်။

ထိုအခါက စာပေဗိမာန်တွင် ကမ္ဘာ့ဂန္ထဝင်စာစဉ်ဆိုသည့် အစီအစဉ်တစ်ရပ်လည်း ရှိခဲ့သည်။ ကမ္ဘာ့ဂန္ထဝင် စာစဉ်ဆိုသည်မှာ ကမ္ဘာ့စာကြီးပေကြီး သမိုင်းဝင်ဟု ပြဋ္ဌာန်းထားသည့် စာအုပ်များကို ဖြတ်တောက်ခြင်း၊ ဖြည့်စွက်ခြင်း အလျဉ်းမရှိစေဘဲ မူရင်းစာရေးဆရာ၏ အာဘော်အတိုင်း မြန်မာဘာသာသို့ တိကျမှန်ကန် ရသမြောက်စွာ ပြန်ဆိုထားသည့် စာမူများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိပေးခြင်းပင် ဖြစ်သည်။ ထို ကမ္ဘာ့ဂန္ထဝင်စာစဉ်မှ "ဂါလီဗာ၏ ခရီးစဉ်"၊ "ဒေးဗစ်ကောပါးဖီး"၊ "ယူဂျင်နီဂရန်ဒီ" စသော ဝတ္ထုကြီးများကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့သည်။

## နှစ် (၅၀) ပြည့်ရွှေရတုစာပေဗိမာန်

စာပေဗိမာန်၏ နှစ်ငါးဆယ် စာစဉ်မှ နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ၊ နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာ ၊ နှစ်ငါးဆယ် လူမှုရေးရာစသောကျမ်းများကိုလည်း သမိုင်းဝင် ဓာတ်ပုံ၊ ရုပ်ပုံများ ဝေဝေဆာဆာဖြင့် ထုတ်ဝေခဲ့သည်။ လူထုသိပ္ပံကျမ်းများကိုလည်း ထုတ်ဝေခဲ့သည်။

စာပေဗိမာန်သည် ထိုအခါက ခေတ်မှူလတန်း မြန်မာဖတ်စာ၊ လက်တွေ့မြန်မာစာစီစာကုံး၊ ရှေးခေတ် ခရီးစဉ် နှင့် သဘာဝစူးစမ်းမှု၊ မြန်မာတစ်ခွင် ခရီးစဉ်၊ အထွေထွေ သိပ္ပံ၊ ဂဏန်းသင်္ချာ၊ စိုက်ပျိုးရေး၊ တန်းမြင့် ကဗျာဖွဲ့နည်း၊ ပြည်သူ့နီတိ၊ မြန်မာဝါကျ ဖွဲ့ထုံးကျမ်း၊ ပထဝီဝင် စသော ကျောင်းသုံးစာအုပ်များကိုလည်း ပုံနှိပ်ထုတ်ဝေကာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိ ရောင်းချပေးခဲ့သည်။

စာပေဗိမာန်၏ စာတည်းဌာန၊ အရောင်းဌာန၊ ပြည်သူ့စာကြည့်တိုက်နှင့် အခြား အုပ်ချုပ်မှု၊ ငွေစာရင်း အစရှိသော ၁ စိမံခန့်ခွဲမှုဌာနများအားလုံးသည် ၁၉၅၆ ခုနှစ်တွင် ယခုလက်ရှိ အမှတ် ၅၂၉–၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အဆောက်အအုံသို့ ပြောင်းရွှေ့လာခဲ့သည်။




ရန်ကုန်မြို့ကုန်သည်လမ်း
အမှတ် ၅၂၉ – ၅၃၁ တွင်
တည်ရှိသော စာပေဗိမာန်ရုံး
အဆောက်အအုံ


စာပေဗိမာန်ပုံနှိပ်တိုက်သာလျှင်အမှတ်၃၆၁၊ ပြည်လမ်းတွင် ကျန်ရစ်ခဲ့သည်။

စာပေဗိမာန် ပုံနှိပ်တိုက်သည် စာပေဗိမာန်အုပ်ချုပ်ရေးမှူး ၏အောက်တွင် တည်ရှိပြီး ပုံနှိပ်တိုက်ထုတ်လုပ်မှုမန်နေဂျာက ပုံနှိပ်လည်ပတ်မှုကို တာဝန်ယူရသည်။ အုပ်ချုပ်ရေးမှူး၏ အစီအမံဖြင့်သာ ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ရသည်။

စာပေဗိမာန်သည် မူလက အဖွဲ့အစည်းတစ်ခုမျှသာဖြစ်ရာ တော်လှန်ရေးကောင်စီ တာဝန်ယူပြီးနောက် ၁၉၆၃ ခုနှစ်တွင် စာပေဗိမာန်ကို ပြည်သူပိုင်သိမ်းလိုက်ပြီး ဒုတိယဗိုလ်မှူးကြီးတင်ထွန်း၊ဗိုလ်မှူးကိုလေး၊ ဦးထင်ကြီးတို့ပါဝင်သော စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ အုပ်ချုပ်ရေးကိစ္စအဝဝကိုတာဝန်ယူစေသည်။ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေကိုလည်း ပြဌာန်းပေးသည်။ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးသည် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပြီး စာပေဗိမာန်အုပ်ချုပ်ရေးမှူးသည် အဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ကို နောင်တွင် စာပေဗိမာန်အဖွဲ့ဟု ပြောင်းလဲခေါ်တွင်သည်။ စာပေဗိမာန်အဖွဲ့ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် ပယ်ဖျက်ခဲ့သည်။

စာပေဗိမာန်၏ အုပ်ချုပ်ရေးမှူးရာထူးကို ဒုတိယအထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး (စာပေ) စသည်ဖြင့် ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ယခုအခါ စာတည်းမှူးချုပ်ဟု သတ်မှတ်ခေါ်ဝေါ်သည်။

၁၉၇၂ ခုနှစ် တွင် စနစ်သစ်အုပ်ချုပ်ရေး စတင် သောအခါ စာပေဗိမာန်သည် ဗဟိုပုံနှိပ်တိုက်နှင့် ပူးပေါင်းကာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ကော်ပိုရေးရှင်းဟူ၍ ဖြစ်လာသည်။ နောင်တွင် လုပ်ငန်းမပါရှိတော့ဘဲ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းဟု ခေါ်တွင်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လက်ထက်တွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းဖြစ်လာသည်။



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
အတွင်းရေးမှူး (၁)ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်
ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားတွင်
အဖွင့်မိန့်ခွန်းပြောကြားစဉ်

## စာပေဗိမာန်လုပ်ငန်းဆောင်တာများ

စာပေဗိမာန်တွင် စာတည်းမှူးချုပ်၊ စာတည်းမှူး၊ စာတည်း (တာဝန်ခံ) များ၊ စာတည်းများ နှင့် စာပေလက်ထောက်များပါဝင်သော စာတည်းဌာန၊ မန်နေဂျာဦးဆောင်သော အရောင်းဌာန၊ စာကြည့်တိုက် မှူးဦးစီးသော ပြည်သူ့စာကြည့်တိုက်နှင့် ဌာနခွဲမှူး (စီမံ) တာဝန်ခံကြီးကြပ်သော စီမံရေးရာဌာနဟူ၍ ရှိသည်။

အရောင်းဌာနက အရောင်းဆိုင်ခန်းဖွင့်ကာ စာအုပ်များရောင်းချပေးသည်။ ကိုယ်စားလှယ်များမှ တစ်ဆင့် စာအုပ်များကို အနယ်နယ် အရပ်ရပ် သို့ ဖြန့်ချိပေးသည်။ ပြည်သူ့စာကြည့်တိုက်က စာအုပ်များ ဝယ်ယူစင်တင်ပြီး စာဖတ်ပရိသတ်များသို့ ငှားရမ်း ပေးသည်။ သုတေသီများအတွက် ရည်ညွှန်းကျမ်းများ ရှာဖွေပေးသည်။ စီမံရေးရာဌာနက စီမံခန့်ခွဲရေးလုပ်ငန်း များကို ဆောင်ရွက်ပေးသည်။

အဓိကဖြစ်သော စာတည်းဌာနအနေဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို ဆောင်ရွက်ပါသည်။

## မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး

စာပေဗိမာန်သည် ၁၉၄၈ ခုနှစ်မှစ၍ စာပေဗိမာန်ဆုများကိုချီးမြှင့်ခဲ့ပါသည်။ ပထမတွင် စာပေဗိမာန်ဝတ္ထုရှည်ဆုကိုသာ ချီးမြှင့်ခဲ့ရာမှ နောင်တွင် တစ်စထက်တစ်စတိုးမြှင့်ပြီးကဗျာပေါင်းချုပ်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ဘာသာပြန်ဆု သုတပဒေသာဆု စသည်တို့ကိုပါ ချီးမြှင့်ခဲ့ပါသည်။

စာပေဗိမာန်ဆုကို ၁၉၆၃ ခုနှစ်တွင် အနုပညာဆိုင်ရာ စာပေဆုဟု အမည်ပြောင်းခဲ့ပြီး ၁၉၆၅ ခုနှစ်မှစ၍ အမျိုးသား စာပေဆုဟု အမည်ပြောင်းခဲ့ရာ ယခုတိုင်အောင်ဖြစ်သည်။ ၁၉၆၉ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆု အမည်ရှိပြိုင်ပွဲတစ်ရပ်ကိုလည်း နှစ်စဉ်ကျင်းပပေးခဲ့ပါသည်။ အမျိုးသားစာပေဆုတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ပြဇာတ်၊ နိုင်ငံရေးစာပေ၊ ဘာသာပြန်(ရသ)စာပေ၊ ဘာသာပြန်(သုတ) စာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ) ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ စာပဒေသာ၊ ကလေးစာပေနှင့် လူငယ်စာပေဟူ၍ ဘာသာရပ် ၁၄ မျိုးရှိပြီး စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင်မူ ဘာသာပြန်နှင့် သုတပဒေသာ (သိပ္ပံ) ဘာသာရပ်များတွင် တစ်မျိုးစီသာရှိသဖြင့် ဘာသာရပ် ၁၂ မျိုးသာ ရှိပေသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုကို ၁၉၉၃ ခုနှစ်မှစ၍ ချီးမြှင့်ခဲ့ရာ ဆုရွေးချယ်ရေးနှင့် ဆုနှင်းသဘင်ကျင်းပရေးကိစ္စများကို စာပေဗိမာန်ကပင် တာဝန်ယူ၍ ဆောင်ရွက်ပေးခဲ့ပါသည်။ ပခုက္ကူဦးအုံးဖေ စာပေဆုတွင် တစ်သက်တာစာပေဆုနှင့် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတေသနစာပေ၊ ကျမ်းစာပေဟူသော ဘာသာရပ်များပါရှိပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်ပခုက္ကူ ဦးအုံးဖေ စာပေဆုပေးပွဲ အခမ်းအနားတွင် တစ်သက်တာ စာပေဆုရရှိသူ ဆရာကြီးဖေမြင့်မောင်အားဆုချီးမြှင့်စဉ်



စာပေဗိမာန် စာတည်းအဖွဲ့ဝင်များသည် တပ်မတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အမျိုးသားရေးဆောင်ပုဒ်များ အကောင်အထည် ဖော်ရေး စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ၊ မူခင်းကျဆင်းရေး စာပေနှင့် ကာတွန်းပြိုင်ပွဲစသည်တို့တွင်လည်း ပါဝင် ဆောင်ရွက်ကြရပါသည်။

စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေနီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ရာ ယခုအထိ ကလေးစာပေနီးနှောဖလှယ်ပွဲ၊ ဘာသာပြန်စာပေနီးနှောဖလှယ်ပွဲ၊ ပြဇာတ်စာပေနီးနှောဖလှယ်ပွဲ၊ သုတစာပေစာတမ်းဖတ်ပွဲ၊ ဂန္ထဝင်စာပေစာတမ်းဖတ်ပွဲ၊ ဇာတိမာန်စာပေ စာတမ်းဖတ်ပွဲစသော စာပေနီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲပေါင်း (၂၈) ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ တင်သွင်းခဲ့ကြသော စာတမ်းရှင်တို့၏ စာတမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့ရာ သုတေသီတို့ အကိုးအထောက်ပြုကြရသော ကျမ်းများဖြစ်နေပါသည်။

စာပေဗိမာန်သည် ၁၉၇၂ ခုနှစ် နိုင်ငံတကာ စာအုပ်နှစ် အထိမ်းအမှတ် စာအုပ်ပြပွဲ ၊ ၁၉၇၅ ခုနှစ် စာနယ်ဇင်းတိုင်းခေတ်သမိုင်းပြပွဲ၊ ၁၉၈၅ ခုနှစ် စာနယ်ဇင်း စုံခေတ်ကြေးမုံပြပွဲစသော စာအုပ်စာပေနှင့် စာနယ်ဇင်းပြပွဲကြီးများကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ထည်ဝါခမ်းနား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထို့ပြင် စာအုပ်ထုတ်ဝေရေးဆိုင်ရာနှင့် စာနယ်ဇင်းထုတ်ဝေရေးဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။

## စာအုပ်ထုတ်ဝေရေး

စာအုပ်ထုတ်ဝေရေးအနေဖြင့် စာပေဗိမာန်သည် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပါသည်။



ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်အေးကျော်
အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုနှင်းသဘင်
အခမ်းအနားတွင် အမျိုးသားစာပေဆု
ရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်

### မြန်မာ့စွယ်စုံကျမ်းနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်

အဆင့်မြင့်သော နိုင်ငံများ၏ နိုင်ငံပိုင်စာပေထုတ်ဝေရေးဌာနများသည် စွယ်စုံကျမ်းများကို ထုတ်ဝေကြမြဲဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း စာပေဗိမာန်သည် အကြောင်းရပ် (က) မှ (ကံ) အထိ ပါဝင်သော မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) ကို ၁၉၅၄ ခုနှစ်တွင် စတင်ထုတ်ဝေနိုင်ခဲ့ပြီး

အကြောင်းရပ် (အ) မှ (အွန်) အထိ ပါဝင်သော နောက်ဆုံးအတွဲဖြစ်သည့်မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့သည်။ ထို့နောက် ခေတ်နှင့်အညီ ဖြစ်ပေါ်လာသော အကြောင်းရပ်များကို ဖြည့်စွက်ဖော်ပြသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို ၁၉၇၈ ခုနှစ်စ၍ နှစ်စဉ် ထုတ်ဝေခဲ့သည်။ သုတေသီများ ကိုးကားရသော စာအုပ်ဖြစ်သည်။

## ပြည်သူ့လက်စွဲစာစဉ်

စာပေဗိမာန်ကို စတင်တည်ထောင်စဉ်ကပင်လျှင် လုံးချင်းစာအုပ်များကို ထုတ်ဝေခဲ့သည်။ သို့သော် ထိုစဉ်က ပြည်သူ့လက်စွဲစာစဉ်ဟု မခေါ်ဝေါ်ခဲ့ပေ။ ၁၉၆၀ ပြည့်နှစ်တွင် စာတတ်မြောက်ခါစ ပုဂ္ဂိုလ်များ ဖတ်ရှုနိုင်ရန် ပုံနှိပ်စာလုံးကြီးကြီး မည်းမည်းနှင့် ရိုက်နှိပ်ထားသော စာအုပ်ကလေးများကို စာပေဗိမာန်က ထုတ်ဝေပြီး ပြည်သူ့လက်စွဲ စာစဉ်ဟူ၍ အမည်ပေးခဲ့သည်။

ထိုအခါမှစ၍ စာပေဗိမာန်စာအုပ်အသင်းလည်း ပေါ်ပေါက်လာခဲ့သည်။ စာပေဗိမာန်စာအုပ်အသင်းသို့ ဝင်ရောက်လိုသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်သွင်းပြီး နှစ်စဉ်ကြေး ပေးသွင်းပါက အသင်းဝင် ဖြစ်လာပြီး တစ်လလျှင်စာအုပ်တစ်အုပ် အခမဲ့ရရှိသည်ဖြစ်သည်။ ယခုအခါ စာပေဗိမာန် စာအုပ်အသင်းဝင်ဦးရေ ၁၅၀၀၀ ခန့် ရှိသည်။


စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်မှလစဉ် စာအုပ်ငါးမျိုးပုံနှိပ် ထုတ်ဝေလျက်ရှိပြီး တစ်မျိုးကို စာအုပ်အသင်းဝင်များသို့ ဖြန့်ဝေကာ အခြားလေးမျိုးကို စာပေဗိမာန်စာအုပ်ဆိုင်တွင်တင်၍ ရောင်းချသည့်အပြင် နယ်ကိုယ်စားလှယ်များထံသို့လည်း ဖြန့်ချိပေးသည်။ ပြည်သူ့လက်စွဲ စာအုပ်များသည် များသောအားဖြင့် စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အမျိုးသားရေး ဆောင်ပုဒ်များ အကောင်အထည်ဖော်ရေး စာပေပြိုင်ပွဲတို့မှ ဆုရရှိကြသော စာမူများကို ပုံနှိပ်ထားခြင်းဖြစ်သည်။

## ရွှေသွေးစာစောင်


ကလေးများဖတ်ရှုနိုင်ရန် အပတ်စဉ် ရုပ်ပြစာစောင် တစ်ခုထုတ်ဝေသင့်ကြောင်း ၁၉၆၈ ခုနှစ်တွင် နိုင်ငံတော် အကြီးအကဲက စာပေဗိမာန်သို့လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုနှင်းသဘင်အခမ်းအနားတွင် စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်






၁၉၅၃ ခုနှစ်တွင် လူထုအလင်းစာစဉ်အဖြစ် ထုတ်ဝေခဲ့သော "မြန်မာနိုင်ငံသစ်တောများ" စာအုပ်မျက်နှာဖုံး




“ရောမပုံပြင်” ကျောင်းသုံးစာအုပ် မျက်နှာဖုံး



**စာပေဗိမာန်က ကျင်းပပြုလုပ်သော စာတမ်းဖတ်ပွဲတစ်ခုတွင် သဘာပတိအဖြစ် ဆောင်ရွက်သူ ဦးသိန်းဟန် ( ဆရာဇော်ဂျီ) အမှာစကားပြောကြားနေစဉ်**

ယင်းလမ်းညွှန်ချက်အရ စာပေဗိမာန်က ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ ရွှေသွေးစာစောင်ကို အပတ်စဉ်ထုတ်ဝေခဲ့သည်။ ယခုအခါ ၂၉ နှစ်သက်တမ်းရှိပြီ ဖြစ်သည်။ ရွှေသွေးအထူးထုတ် စာစောင်ကိုလည်း နှစ်စဉ်ထုတ်ဝေလျက်ရှိသည်။

**သုတပဒေသာစာစောင်**

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော နိုင်ငံတကာ စာနယ်ဇင်းများတွင် ဖော်ပြပါရှိသည့် ဆောင်းပါးများထဲမှ ကောင်းနိုးရာရာများကို ကောက်နုတ်စုစည်း၍ အင်္ဂလိပ်ဘာသာဖြင့်ပင် OM အမည်ရှိစာစောင်ကို ယခင်က ထုတ်ဝေခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ထိုစာစောင်ကို Spectrum အမည်ပြောင်း၍ ထုတ်ဝေခဲ့သည်။ Spectrum တွင် ပါရှိသော အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများကို အင်္ဂလိပ်စာမကျွမ်းကျင်သူများပါ ဖတ်ရှုနိုင်အောင်မြန်မာဘာသာသို့ပြန်ဆို၍ထုတ်ဝေသင့်ကြောင်း တာဝန်ရှိသူများက အကြံပြုကြသဖြင့် သုတပဒေသာ စာစောင်ပေါ်ထွက်လာခြင်းဖြစ်သည်။ သုတပဒေသာသည် ဘာသာပြန်စာစောင် ဖြစ်သည်။ ၁၉၇၄ ခုနှစ်မှစတင်၍ ဇန်နဝါရီ၊ ဧပြီလ၊ ဇူလိုင်၊ အောက်တိုဘာလ များတွင် နှစ်စဉ်လေးအုပ်ထုတ်ဝေသည်။

## အမှောင်ခွင်း၍ အလင်းဆောင်အံ့

၁၉၄၇ ခုနှစ်မှစ၍ ပေါ်ပေါက်ခဲ့သော စာပေဗိမာန်သည် ယခု ၁၉၉၇ ခုနှစ်တွင် နှစ် (၅၀) ပြည့် ရွှေရတုသို့ တိုင်ခဲ့ပြီဖြစ်သည်။ စာပေဗိမာန်သည် နိုင်ငံ၏ ပမာဏအကြီးဆုံးသော နိုင်ငံပိုင်စာအုပ်ထုတ်ဝေရေးဌာနဖြစ်သည်။ ကလေးစာပေအပါအဝင် သုတ၊ ရသစာပေများကို အစဉ်မပြတ်ထုတ်ဝေပေးနေသည်။ နှစ်စဉ်အမျိုးသား စာပေဆုများ ချီးမြှင့်ခြင်းဖြင့် စာပေပညာရှင်များကို ဂုဏ်ပြုလျက်ရှိသည်။ စာမူပြိုင်ပွဲများ ကျင်းပပေး ခြင်းဖြင့်လည်း မျိုးဆက်သစ် ကလောင်ရှင်များကို စင်တင်လျက်ရှိသည်။

စာပေသည် စိတ်၏အစာ၊ ဦးနှောက်အတွက် အာဟာရ ဖြစ်သည်။ စာမဖတ်လျှင် မသိ၊ မသိလျှင် အမှောင်ဖြစ်သည်။ ယင်းအမှောင်ကို ခွင်း၍ အလင်းကို ဆောင်ရန် စာပေဗိမာန်သည် စာပေစေတနာ၊ စာပေသစ္စာ၊ စာပေသိက္ခာဖြင့် နှစ်(၅၀ )မှသည် မိုင်ပေါင်းများစွာ သောင်းသိန်းချီ၍ ရှည်လျားသော စာပေခရီးကို ဆက်၍ဆက်၍ လျှောက်မည်သာဖြစ်ပေသည်။

**မုံရွာဝင်းဖေ**

# အပိုင်း – ၃

## ၁၉၉၆ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၆ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကုလသမဂ္ဂ။** ။ ၁၉၉၅ ခုနှစ်သည်အစုအစဉ်အားဖြင့် လန်ဒန်ကွန်ဖရင့် (ဇွန်၁၉၄၁) မှအစဆန်ဖရန်စစ္စကို ကွန်ဖရင့် (၁၉၄၅၊ ဧပြီ ၂၅–ဇွန် ၂၅ )အဆုံးနိုင်ငံတကာ မျက်နှာစုံညီ အစည်းအဝေးများမှ သီးပွင့်လာသော အပိုဒ် ၁၁၁ ခုပါ ပဋိညာဉ်စာချုပ်ကြီးကို ၁၉၄၅၊ အောက်တိုဘာ ၂၄ရက်နေ့၌ လုံခြုံရေးကောင်စီ၏ အမြဲတမ်း အဖွဲ့ဝင် ငါးနိုင်ငံနှင့်လက်မှတ်ရေးထိုးခဲ့သော အခြားနိုင်ငံအများစုက အတည်ပြုကြသည့် အခါ၌ ငွားငွားစွင့်စွင့် မားမားမတ်မတ် ပေါ်ထွန်းလာခဲ့သော ကုလသမဂ္ဂကြီးအဖို့ သက်တမ်းအား ဖြင့် နှစ်ပေါင်း၅၀ ပြည့်မြောက်သည့်ရွှေရတုသဘင် မင်္ဂလာ အခါသမယကြီး ဖြစ်ပေရာ၊ အဖွဲ့ကြီးအား ကမ္ဘာတစ်ဝန်း လုံးမှ ချီးကျူးသြဘာထောမနာပြုကြသည်။ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့တွင်စတင်ကျင်းပသည့် အကြိမ် (၅၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ သဘာပတိအဖြစ်တင်မြှောက်ခြင်းခံရသူပေါ်တူဂီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် ပါမောက္ခဒိုင်အိုဂိုဖရိတ်တပ်ဒိုအန် မာရယ်က ကုလသမဂ္ဂသည် ၄င်း၏ အဓိကပန်းတိုင် ဖြစ်သည့် တတိယကမ္ဘာစစ်ပွဲကြီးတစ်ခုအား တားဆီး ပိတ်ပင်ရေးကို စွမ်းဆောင်အောင်မြင်ခဲ့ပေပြီဟူ၍ ကုလသမဂ္ဂ စင်မြင့်ထက်မှ ကြွေးကြော်ခဲ့ပေသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၆ – စာ၊ ၁၆၃ – ရှု။ )

**နှစ် (၅၀) ပြည့်အထိမ်းအမှတ်အထူးအစည်းအဝေး –** အကြိမ် (၅၀) မြောက် အထွေထွေညီလာခံကြီးကို ဖွင့်လှစ် ပြီးနောက်ကုလသမဂ္ဂနှစ် (၅၀)ပြည့် အထိမ်းအမှတ် အထူး အစည်းအဝေးတစ်ရပ်ကို ၁၉၉၅၊ အောက်တိုဘာ ၂၂ မှ ၂၄ ရက်နေ့အထိ သုံးရက်တိုင်၊ နယူးယောက်မြို့၊ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပခဲ့ရာ ဤအခမ်းအနားမှာ ကမ္ဘာပေါ်တွင် ကမ္ဘာ့ခေါင်းဆောင်များ အများဆုံး ပေါင်းဆုံစုဝေးမိကြသော အခါသမယပင် ဖြစ်ခဲ့သည်။ ထိုအစည်းအဝေးသို့ နိုင်ငံ အကြီး အကဲ ၉၁ ဦး၊ ဒုတိယသမ္မတ ၈ဦး၊ အိမ်ရှေ့မင်းသား တစ်ဦး၊ ဝန်ကြီးချုပ် ၃၇ ဦး၊ ဒုတိယဝန်ကြီးချုပ် ၁၀ ဦး၊ နိုင်ငံရေးခြားဝန်ကြီး ၂၁ ဦး၊ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ ၉ ဦးနှင့် အကဲခတ်ပုဂ္ဂိုလ်၂၃ဦး (စုစုပေါင်း၂၀၀ဦး) တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**နှစ်(၅၀) ပြည့်အထိမ်းအမှတ် ကြေညာချက် –** ဤအချိန် တွင် နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲ ၁၂၈ ဦးတို့က အဖွဲ့ဝင်နိုင်ငံများ၏ အခြားအဆင့်မြင့်ကိုယ်စားလှယ် တော်များ၊ အမြဲတမ်းအကဲခတ်ပုဂ္ဂိုလ်များ ပါဝင်၍ ကုလသမဂ္ဂနှစ် ( ၅၀) ပြည့် အထိမ်းအမှတ်ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ကြပြီးလျှင် ၂၁ ရာစုနှစ်တွင် ကမ္ဘာ့ ပြည်သူများအတွက် ထိရောက်စွာဖြည့်ဆီးထားပြီး ငွေကြေး အင်အား ပြည့်စုံခိုင်မာ၍ ဖွဲ့စည်းတည်ဆောက်မှုအားဖြင့် တောင့်တင်းသော ကုလသမဂ္ဂ အဖွဲ့တစ်ဖွဲ့ကို ဖန်တီးမည် ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုခဲ့ကြပေသည်။ အထူးအစည်း အဝေး၏နောက်ဆုံးနေ့တွင် တညီတညွတ်တည်း အတည် ပြုခဲ့ကြသော ဖော်ပြပါကြေညာချက်တွင် အနာဂတ် ပြဿနာ အခက်အခဲများကို ထိရောက်စွာ ဖြေရှင်းနိုင် ရေးနှင့် ကမ္ဘာ့ပြည်သူများ၏ မျှော်လင့်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းနိုင်ရေးအတွက် ကုလသမဂ္ဂ အဖွဲ့ကြီးအား ခေတ်မီအောင် ပြန်လည်ပြုပြင်ဖွဲ့စည်းရေး အတွက် တောင်းဆိုထားပေသည်။

နှစ် (၅၀) ပြည့် အထိမ်းအမှတ် အထူးအစည်းအဝေး မကျင်းပမီ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၅ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်က ကုလသမဂ္ဂအထွေထွေညီလာခံအား အထူးမိန့်ခွန်းတစ်ရပ် မြွက်ကြားခဲ့ရာတွင် (နိုင်ငံများအနေဖြင့်) ကမ္ဘာတစ်ဝန်း လုံးနှင့် အကျုံးဝင်သည့် ငြိမ်းချမ်းရေး၊ သွေးစည်းညီညွတ် ရေး၊ တရားမျှတရေးမှု တန်ဖိုးများအပေါ် အခြေခံသည့် ချစ်ကြည်ရေးမေတ္တာယဉ်ကျေးမှုတစ်ရပ် တည်ဆောက် ကြရန် ဆော်သြတိုက်တွန်းခဲ့ပေသည်။

**အကြိမ် (၅၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ –** ဤညီလာခံကို ၁၉၉၅ ခုနှစ် ၊ စက်တင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဤညီလာခံ၏ အစည်းအဝေး အစီအစဉ်၌ ဆွေးနွေးဆုံးဖြတ်ရန် အကြောင်းအရာ ၁၆၉ ခု ပါဝင်ခဲ့ရာ ၁၉၉၄– ၉၅ ခုနှစ် ၄၉ ကြိမ်မြောက် ညီလာခံအစည်းအဝေး အစီအစဉ်ထက် အကြောင်းအရာငါးခုပိုမိုခဲ့ပေသည်။ ၁၉၉၆ ခုနှစ် ၊ ဇူလိုင် ၃၁ ရက်နေ့တွင် ဤညီလာခံကဆုံးဖြတ်ချက် ၃၂၁ ခုကို

အတည်ပြုခဲ့ပြီးဖြစ်ရာ ၄င်းတို့အနက် ၂၅၁ ခု သို့မဟုတ် ၇၈ ရာခိုင်နှုန်းမှာ မဲမခွဲဘဲ သို့မဟုတ် တူညီဆန္ဒဖြင့် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အကြိမ် (၅၀) မြောက် အထွေထွေ ညီလာခံကြီးသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော အထွေထွေမူဝါဒဆွေးနွေးပွဲကို ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁၁ ရက်နေ့အထိ ပြုလုပ်ရာ ဆွေးနွေးပွဲ (၁၇) ရက်အတွင်း ပါဝင်ဆွေးနွေးသူ ကိုယ်စားလှယ်တော် ၁၇၂ ဦးတို့က ဘော့စနီးယား–ဟာဇီဂိုဗီးနားအခြေအနေ၊ ကြွေးမြီပြဿနာ၊ ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကြီးထွားလာသော စီးပွားရေးကွာဟမှု၊ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးမှုတို့ အထူးအရေးကြီးပုံ၊ လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်ကိုယ်စားလှယ်ဦးရေကို မျှတစွာ ဖြစ်စေရေး အပါအဝင် ၁၈၅ နိုင်ငံပါဝင်သော ကုလသမဂ္ဂအဖွဲ့ကြီးအား ပြုပြင်ပြောင်းလဲဖွဲ့စည်းရေး၊ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး စီမံဆောင်ရွက်မှုများအား ဆက်လက်ထောက်ခံ အားပေးရန်လိုအပ်ပုံ၊ ပြီးပြည့်စုံသော နျူးကလီးယား စမ်းသပ်မှုပိတ်ပင်ရေးစာချုပ်တစ်ရပ် ဆောလျင်စွာ ချုပ်ဆိုရေးနှင့် အနုမြူလက်နက်များ ဖျက်သိမ်းရေး၊ သမားရိုးကျလက်နက်များ ပြန့်ပွားမှုနှင့် ဖောက်ကား ရောင်းဝယ်ခြင်းတို့ကို ဒလဟော လျှော့ချရေးနှင့် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် တင်းကျပ်စွာအဖြစ်အညှစ်ခံနေရသော ပြင်းထန်သည့် ဘဏ္ဍာရေးအကျပ်အတည်းစသည့် အဓိကပြဿနာကြီးများနှင့် ပတ်သက်၍ ဝေဖန်တင်ပြဆွေးနွေး ပြောကြားသွားခဲ့ကြသည်။ မိန့်ခွန်းပြောသူအများ အပြားကပင် ကိုင်ရို၊ ကိုပင်ဟေဂင်၊ ရီယိုဒီဂျာ နေရိုနှင့် ပီကင်းမြို့တော်ကြီးများ၌ ကျင်းပခဲ့ကြသော ကမ္ဘာ့အစည်းအဝေးကြီးများ၏ ဆုံးဖြတ်ချက် ကြေညာချက်များကို ထောက်ခံပြောကြားပြီး ယင်းတို့အား အကောင်အထည်ဖော်ရေး နည်းလမ်းများ ချမှတ်ကြရန် တောင်းခံပန်ကြားခဲ့ကြသည်။

## အနာဂတ်တွင် ကျင်းပမည့် နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေးများ

**ကုလသမဂ္ဂအထူးအစည်းအဝေး** – ၁၉၉၅ ၊ မတ်လ ၆ မှ ၁၂ ရက်နေ့အထိ ကိုပင်ဟေဂင်မြို့၌ ကျင်းပခဲ့သော လူမှုဖွံ့ဖြိုးရေး ကမ္ဘာ့ထိပ်သီးညီလာခံ၏ဆုံးဖြတ်ချက်များအား ဖော်ဆောင်မှုကို ပြန်လည်သုံးသပ်ရေးအတွက် သက္ကရာဇ် ၂၀၀၀ တွင် ကုလသမဂ္ဂ အထူးအစည်းအဝေး တစ်ရပ် ကျင်းပမည်ဖြစ်သည်။

**လက်နက်ဖျက်သိမ်းရေးဆိုင်ရာ စတုတ္ထမြောက် အထူးအစည်းအဝေး** – ဤအစည်းအဝေးကို ဖြစ်နိုင်လျှင် ၁၉၉၇ ခုနှစ်တွင် ကျင်းပရန် အကြိမ် (၅၀) မြောက် အထွေထွေ ညီလာခံက ဆုံးဖြတ်ခဲ့သည်။

**"အစီအစဉ် ၂၁" ဆိုင်ရာအထူးအစည်းအဝေး** – ၁၉၉၂ ခုနှစ်တွင် ကျင်းပခဲ့သော ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂ မျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သော ဤလုပ်ငန်း အစီအစဉ် ဖော်ဆောင်မှုကို ပြန်လည်သုံးသပ်ရန် ရက်သတ္တတစ်ပတ်ကြာမြင့်မည့် အထွေထွေညီလာခံ အထူးအစည်းအဝေး တစ်ရပ်ကို ၁၉၉၇၊ ဇွန်လတွင် ကျင်းပမည်ဖြစ်သည်။

**ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးအစည်းအဝေး** – ဤအစည်းအဝေးကို ၁၉၉၆၊ နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်နေ့အထိ ရောမမြို့၌ ကျင်းပရန် ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ကြီး (အက်ဖ်အေအို) ၏ ဆုံးဖြတ်ချက်ကို အကြိမ် (၅၀) မြောက် ညီလာခံကြီးက ထောက်ခံကြိုဆိုခဲ့သည်။

ပနားမား တူးမြောင်းဆိုင်ရာ **ကမ္ဘာ့ကွန်ဂရက် အစည်းအဝေး** – ဤတူးမြောင်းကြီးအနေဖြင့် ၂၁ ရာစုနှစ်တွင် မည်သည့် အခန်းကဏ္ဍမှ မည်သို့ဆောင်ရွက်မည်ကို စိစစ်ရေးအတွက် ဤကွန်ဂရက်အစည်းအဝေးကြီးကို ၁၉၉၇၊ စက်တင်ဘာလတွင် ကျင်းပရန် ပနားမားနိုင်ငံက ၄င်းဘာသာဆုံးဖြတ်စီစဉ်ခြင်းကို အကြိမ် (၅၀) မြောက် ညီလာခံက ထောက်ခံအားပေးခဲ့သည်။

**လူနေရပ်ကွက်များဆိုင်ရာ ကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေး (အိုးအိမ်ဂေဟာ –၂ )** – တူရကီနိုင်ငံ၊ အစ္စတန်ဘူမြို့၌ ၁၉၉၆၊ ဇွန် ၃ မှ ၁၄ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားသော ဤအစည်းအဝေးကြီးအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီ အစည်းအဝေးကို ၁၉၉၆၊ ဖေဖော်ဝါရီ ၅ မှ ၁၆ ရက်နေ့အထိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပရန် အကြိမ် (၅၀)မြောက် ညီလာခံက ဆုံးဖြတ်ခဲ့သည်။

## အကြိမ် (၅၀) မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆောင်ရွက်မှုများ

**ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးလုပ်ငန်း** – ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက လုံခြုံရေးကောင်စီအား ပြုပြင်ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးအတွက်အစီအစဉ်၊ ဖွံ့ဖြိုးရေးအတွက်အစီအစဉ်၊ ကုလသမဂ္ဂ၏ ဘဏ္ဍာရေးအခြေအနေနှင့်ကုလသမဂ္ဂစနစ်အား အားဖြည့်ရေး ကိစ္စများအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း တည်ထောင်ထားရာ ထိုလုပ်ငန်းအဖွဲ့များသည် ကုလသမဂ္ဂ၏ ထိရောက်မှုကို တိုးတက်မြင့်တင်ရေးအတွက် ဤနှစ် (၁၉၉၅– ၉၆) အတွင်း အပတ်တကုတ်ကြိုးပမ်းအားထုတ် လုပ်ဆောင် ခဲ့ကြကြောင်း၊ ဤလုပ်ငန်း အဖွဲ့များသည် အကြိမ် (၅၀) မြောက် ညီလာခံသို့ အစီရင်ခံစာများ တင်ပြရေးအတွက် တရားဝင်အစည်းအဝေးပေါင်း မြောက်မြားစွာကို လည်းကောင်း၊ အလွတ်သဘော ဆွေးနွေးမှုပေါင်း များစွာကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ ကြကြောင်းဟူ၍ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက သူ၏ ၁၉၉၆ ခုနှစ်၊ ကုလသမဂ္ဂနှစ် (၅၀) ပြည့် အထိမ်းအမှတ် နှစ်ပတ်လည်အစီရင်ခံစာတွင် တင်ပြခဲ့ပေသည်။

**ဆင်းရဲမွဲတေမှု ပပျောက်ရေး ဆယ်စုနှစ်ပြဋ္ဌာန်း ကြေညာခြင်း** – အထက်ပါ ညီလာခံကြီးက ရှေးဦးပိုင်း အစည်းအဝေးများ၌ အောက်တိုဘာ ၁၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဆင်းရဲမွဲတေမှုပပျောက်ရေးနေ့အဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ဆင်းရဲမွဲတေမှု ပပျောက်ရေးနှစ်အဖြစ် လည်းကောင်း သတ်မှတ် ကြေညာခဲ့ပြီးနောက် ဆုံးဖြတ်ချက်အမှတ် ၅၀ / ၁၀၇ ကို ချမှတ်ပြီးလျှင် သက္ကရာဇ် ၁၉၉၇ – ၂၀၀၆ ကို ကုလသမဂ္ဂ၏ ပထမဆုံး "ဆင်းရဲမွဲတေမှုပပျောက်ရေး ဆယ်စုနှစ်" အဖြစ် ပြဋ္ဌာန်းကြေညာလိုက်သည်။ လမ်းညွှန်မှုများကိုလည်း ဖော်ပြခဲ့သည်။ ၁၉၉၆ ခုနှစ်ကို ဆင်းရဲမွဲတေမှုပပျောက်ရေး နှစ်အဖြစ် ၁၉၉၅၊ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ကျင်းပ သော အခမ်းအနားတစ်ရပ်၌ ကြေညာရာ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ယခုအချိန်၌ လူပေါင်း ၁ ဒသမ ၃ ဘီလီယံ (သန်း ၁၃၀၀) သည် တစ်နေ့လျှင် တစ်ဒေါ်လာမျှသာရှိသော ဝင်ငွေဖြင့် အသက်ရှင်ရန် ရုန်းကန်အားထုတ်နေကြရကြောင်း၊ ကမ္ဘာ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေး ရရှိရန် ဆောင်ရွက်မှုမှန်သမျှ လူအပေါင်းတို့၏ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်များ ပြည့်စုံအောင် ဖြည့်ဆီးပေးခြင်း မပြုလျှင် အချည်းနှီးသာ ဖြစ်မည် ဟူသောအချက်ကို ကုလသမဂ္ဂညီလာခံ နှစ် (၅၀) ပြည့် အထိမ်းအမှတ် အထူးအစည်းအဝေးတွင် နိုင်ငံနှင့် အစိုးရခေါင်းဆောင်များက တညီတညွတ်တည်း အသိအမှတ်ပြုသွားခဲ့ကြောင်း စသည်ဖြင့် တင်ပြခဲ့ပေသည်။

**တောင်အာဖရိကနိုင်ငံ၏ကြွေးမြီကိုလျှော်ပစ်ခြင်း** – ကုလသမဂ္ဂအဖွဲ့ကြီး၏ သမိုင်းကြောင်း၌ ပထမဆုံးအကြိမ်အဖြစ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ပေးရန်ပျက်ကွက်ခဲ့သော အခကြေးငွေများကို အကြိမ် (၅၀) မြောက် အထွေထွေ ညီလာခံကြီးက စာရင်းပယ်ဖျက်ခဲ့သည်။ ဤသည်မှာ တောင်အာဖရိကနိုင်ငံ၏ လူမျိုးအသားအရောင်ခွဲခြားရေး ဝါဒ ကျင့်သုံးသောအစိုးရအား ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ ပါဝင်ဆောင်ရွက်မှုကို ၁၉၇၄ ခုနှစ်၊ စက်တင်ဘာ ၃၀ မှ ၁၉၉၄ ခုနှစ်၊ ဇွန် ၂၃ ရက်နေ့အထိ ရပ်ဆိုင်းထားစဉ် ယင်းနိုင်ငံမှပေးရန် တင်ရှိလာသော ကြွေးမြီဒေါ်လာ ၉၄ ဒသမ ၈ သန်းကို လျှော်ပစ်ခဲ့ခြင်း ဖြစ်သည်။

**အမေရိက အလယ်ပိုင်းဒေသ အဖွဲ့အစည်းအား ပြုပြင်ဖွဲ့စည်းခြင်းကိစ္စ** – အမေရိကအလယ်ပိုင်းဒေသဝင် နိုင်ငံများ၏ သမ္မတများက အမေရိကအလယ်ပိုင်းဒေသအား ငြိမ်းချမ်းသော၊ လွတ်လပ်သော၊ ဒီမိုကရေစီစနစ် ကျင့်သုံးသော ဖွံ့ဖြိုးသောဒေသတစ်ခုအဖြစ် ကြေညာခဲ့ခြင်းကို အကြိမ် (၅၀) မြောက် အထွေထွေညီလာခံက ထောက်ခံခဲ့ပေသည်။ အမေရိကအလယ်ပိုင်းဒေသတွင် ယခင်က အမေရိက အလယ်ပိုင်းနိုင်ငံများအဖွဲ့ဟူ၍ ရှိခဲ့ရာ တေဂူစီပါလ်ဂါ အခြေပြုစာချုပ်သည် ယခင်ကရှိခဲ့သော ဖော်ပြပါအဖွဲ့၏ ဖွဲ့စည်းပုံနှင့်တကွ ၎င်း၏ရည်ရွယ်ချက်နှင့် မူဝါဒများကိုပါ ပြင်ဆင်ပြောင်းလဲပြီးလျှင် အမေရိက အလယ်ပိုင်းဒေသပေါင်းစည်းရေးစနစ်ဟူသောအဖွဲ့အစည်းအား ဖွဲ့စည်းတည်ထောင်ခဲ့သည်ကို ညီလာခံ

အစည်းအဝေးကြီးက သတိပြုမှတ်သားကာ ယင်းအဖွဲ့ အစည်းအား ကုလသမဂ္ဂညီလာခံ၏ လုပ်ငန်းတွင်အကဲခတ် လေ့လာသူတစ်ဦးအဖြစ်ဖြင့် ပါဝင်ရန်ဖိတ်ကြားခဲ့ပေသည်။

**ကျူးဘားနိုင်ငံအား အမေရိကန်၏ ပိတ်ဆို့မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှု** – ကျူးဘားနိုင်ငံအပေါ် အမေရိကန် ပြည်ထောင်စုက စီးပွားရေး ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးပိတ်ဆို့မှုများပြုခဲ့ခြင်းနှင့်ပတ်သက်၍ အကြိမ် (၅၀) မြောက်အထွေထွေညီလာခံကြီးက နိုင်ငံများအနေဖြင့် အခြားတစ်ပါးသောနိုင်ငံတို့၏ အချုပ်အခြာအာဏာကို လည်းကောင်း၊ မိမိတို့ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်းရှိ အဖွဲ့အစည်းသို့မဟုတ်လူပုဂ္ဂိုလ်များ၏ တရားဥပဒေအရ ခံစားခွင့်ရှိသောအကျိုးစီးပွားကိုလည်းကောင်း၊ ကုန်သွယ်ရေးနှင့်ရေကြောင်းသွားလာမှု လွတ်လပ်ရေးကို လည်းကောင်း ထိခိုက်စေသည့်ဥပဒေများနှင့်စီမံချက်များကို ပြဋ္ဌာန်းခြင်းနှင့် ၄င်းတို့အရကျင့်သုံးဆောင်ရွက်ခြင်း မပြုကြဟူ၍ ရှောင်ကြဉ်ကြရန် နိုင်ငံများအား တောင်းဆိုခြင်းကို ထပ်လောင်းပြုလုပ်ခဲ့ပေသည်။ ယင်းဥပဒေများနှင့် စီမံချက်များအရ ကျင့်သုံးဆောင်ရွက်ခဲ့သော၊ ဆက်လက်ကျင့်သုံး ဆောင်ရွက်ဆဲဖြစ်သော နိုင်ငံများအား ထိုဥပဒေနှင့် စီမံချက်များအား ဖြစ်နိုင်သမျှ အမြန်ဆုံး ဖျက်သိမ်းခြင်း သို့မဟုတ် အာဏာရုပ်သိမ်းခြင်းပြုကြရန် ဆော်ဩတိုက်တွန်း ခဲ့ပေသည်။

**ကမ္ဘာ့အမျိုးသမီးများအရေး အထွေထွေညီလာခံမှ တောင်းဆိုခြင်း** – အကြိမ် (၅၀) မြောက် ညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ်– ၅၀/ ၁၀၄ ကိုချမှတ်ပြီးလျှင် အမျိုးသမီးများအနေဖြင့် ပညာရေးနှင့် လေ့ကျင့်မှု၊ နည်းပညာနှင့်ထုတ်လုပ်ရေး လုပ်ငန်းလုပ်ကွက်များသို့ တန်းတူရည်တူ ဝင်ရောက်ခွင့် မရဘဲရှိသေးခြင်းကို အလေးအနက် ဖော်ပြခဲ့ပေသည်။ ဤအရေးတွင် အထွေထွေ ညီလာခံကြီးက ၁၉၅၅ ခုနှစ်တွင် ကျင်းပခဲ့သော စတုတ္ထမြောက် ကမ္ဘာ့အမျိုးသမီးများ မျက်နှာစုံညီ အစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သော ပီကင်းကြေညာချက်နှင့် လုပ်ငန်းအစီအစဉ်တို့အား အကောင်အထည်ဖော်ကြရန် အထက်ပါဆုံးဖြတ်ချက်တွင် တောင်းဆိုခဲ့ပေသည်။

**လူဦးရေ ရေးရာဆုံးဖြတ်ချက်** – လူဦးရေနှင့် ဖွံ့ဖြိုးရေးကော်မရှင်၏အဖွဲ့ဝင်ဦးရေကို ၂၇ နိုင်ငံမှ ၄၇ နိုင်ငံသို့တိုးချဲ့ရန် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (အီကိုဆော့ခ်)၏ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂညီလာခံက ဆုံးဖြတ်ချက်အမှတ် – ၅၀/ ၁၂၄ ဖြင့် ထောက်ခံအတည်ပြုခဲ့ပေသည်။ ဤတွင်အထွေထွေညီလာခံက ၁၉၉၄ ခုနှစ်တွင်ကျင်းပခဲ့သော လူဦးရေနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိုင်ရိုမျက်နှာစုံညီ အစည်းအဝေးကြီး၏ ရလဒ်များကို ဆက်လက်ဆောင်ရွက်ရာ၌ လူဦးရေရေးရာ၊ကျန်းမာရေးရာ၊ ပညာရေးရာ၊ ဆင်းရဲမွဲတေမှုရေးရာ၊ ထုတ်လုပ်မှုနှင့်စားသုံးမှုပုံစံများရေးရာ၊ အမျိုးသမီးများ အခွင့်အရေးရရှိရေး– ရေးရာနှင့် ပတ်ဝန်းကျင်ရေးရာများကို ထည့်သွင်း စဉ်းစားဆောင်ရွက်ကြရန် ပြောကြားခဲ့ပေသည်။

အထက်ပါဆုံးဖြတ်ချက်ကို မချမှတ်မီ အထွေထွေညီလာခံကဆုံးဖြတ်ချက်အမှတ် –၅၀/၁၂၃ ကိုချမှတ်ကာ လူဦးရေနှင့် ဖွံ့ဖြိုးရေးကော်မရှင်အား ၁၉၉၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ (တစ်နိုင်ငံမှတစ်နိုင်ငံသို့ )လူများပြောင်းရွှေ့သွားရောက်ဝင်ထွက်မှုနှင့် ဖွံ့ဖြိုးရေးတို့မည်သို့ဆက်စပ်မှုရှိပုံကို စဉ်းစားသုံးသပ်ရန် ပြောကြားပြီး စီးပွားရေးနှင့်လူမှုရေးကောင်စီကိုလည်း ဤကိစ္စကို ၁၉၉၇ ခုနှစ်တွင် ၄င်း၏အစီအစဉ်၌ ရည်ရွယ်ချက် အကြောင်းအရာ တစ်ရပ်အဖြစ် ထားရှိစဉ်းစားရန် ဖိတ်ကြားခဲ့ပေသည်။

**မူးယစ်ဆေးဝါးထိန်းချုပ်ရေး** – ၁၉၉၅၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင်အကြိမ် (၅၀) မြောက်အထွေထွေညီလာခံက မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအပါအဝင် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာပြဿနာအများအပြားနှင့်ပတ်သက်၍ ဆွေးနွေး ဆောင်ရွက် ခဲ့သည်။ မူးယစ်ဆေးဝါးများ တရားမဝင် သုံးစွဲမှုနှင့်မှောင်ခိုထုတ်လုပ်သယ်ယူပို့ဆောင်မှုတို့ကို နိုင်ငံတကာအရေးယူ တိုက်ဖျက်ရေးအတွက် အပိုင်း(၇) ပိုင်းပါဝင်သည့် ဆုံးဖြတ်ချက်အမှတ် –၅၀/ ၁၄၈ ကို ချမှတ်ပြီးလျှင် ညီလာခံကြီးက မူးယစ်ဆေးဝါးများ တရားမဝင်သုံးစွဲမှုနှင့် မှောင်ခိုသယ်ယူပို့ဆောင်မှုများကို

ထိန်းချုပ်ရန် ကြိုးပမ်းမှုများ၌ နိုင်ငံအချင်းချင်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေးအတွက် တိုးတက်ဆောင်ရွက်ကြရန် နိုင်ငံများအား တောင်းဆိုခဲ့သည်။ ထို့မှတစ်ပါး မိမိတို့နိုင်ငံ၌ နိုင်ငံတော်တရားရေးစနစ်များ ခိုင်မာတောင့်တင်းစေရန်ဥပဒေနှင့်နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများ ချမှတ်ကြရန်အတွက်လည်း တောင်းဆိုခဲ့ပေသည်။ ထို့အပြင် မူးယစ်ဆေးဝါးများကို တရားမဝင်မှောင်ခိုထုတ်လုပ်မှု လျော့ပါးပပျောက်ရေး ရည်ရွယ်ချက်များပါရှိသည့် မူးယစ်ဆေးပစ္စည်း ထုတ်လုပ်မှုကို အစားထိုးကာ အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲမည့် အစီအစဉ်များအတွက် စီးပွားရေးနှင့်နည်းပညာ အကူအညီများ တောင်းခံသော အစိုးရများအား ယင်းအကူအညီများ တိုးတက်ပေးကမ်းကြရန်လည်း နိုင်ငံအားလုံးအား တောင်းဆိုခဲ့ပေသည်။ ဤကိစ္စတွင် သက်ဆိုင်ရာနိုင်ငံသားများ၏ ယဉ်ကျေးမှုအစဉ်အလာများကို အလုံးစုံထည့်သွင်းစဉ်းစားထောက်ထားပြုမူကြရန်လည်း သတိပေးပြောကြားလိုက်သည်။

**စာတတ်မြောက်ရေး** – အကြိမ် (၅၀)မြောက် ညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် – ၅၀/၁၄၃ ကို ချမှတ်ပြီးလျှင် နိုင်ငံတော်အစိုးရများနှင့် စီးပွားရေးနှင့်ငွေကြေးအဖွဲ့အစည်းများအား စာတတ်မြောက်ရေးနှင့် လူတိုင်းပညာတတ်စေရန် ကြိုးပမ်းအားထုတ်မှုများအတွက် ငွေကြေးပစ္စည်းပစ္စယတို့ကို တိုးတက်ပေးကမ်း ထောက်ပံ့ကြရန် မေတ္တာရပ်ခံ ပန်ကြားခဲ့ပေသည်။ ထို့မှတစ်ပါး ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး (ယူနက်စ်ကို )အား ၁၉၉၀ ပြည့်နှစ်တွင် ဆင်ယင်ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနှစ်ကို မှချမသွေထိရောက်စွာ ထပ်လောင်း ပြုလုပ်သွားရေးတွင် ဦးဆောင်မှုအပိုင်းကို ခံယူ၍ အားလုံးအတွက် ပညာရေး ကမ္ဘာ့ကြေညာချက် ဖော်ဆောင်ရေးကို ဆက်လက်ပြုလုပ်သွားရန် တောင်းဆိုပြောကြားလိုက်ပေသည်။

**ရာဇဝတ်ပြစ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေး–** ဤအရေးနှင့်ပတ်သက်၍ စာမူသုံးခုရှိသည့်အနက် ရာဇဝတ်ပြစ်မှုနှိမ်နင်းရေးနှင့် ရာဇဝတ်မှုများဆိုင်ရာ တရားစီရင်ရေးနှင့် သက်ဆိုင်သည့်စာမူအပေါ် အရေးယူဆောင်ရွက်ရာ၌ ကုလသမဂ္ဂညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၅၀/၁၄၅ ကို ချမှတ်ပြီးလျှင် ၁၉၉၅၊ ဧပြီ ၂၉ မှ မေ ၈ ရက်နေ့အထိ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့ ၌ ကျင်းပခဲ့သည့် ရာဇဝတ်ပြစ်မှုတားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုကျူးလွန်သူများအား စီရင်ရေးဆိုင်ရာ (၉) ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးကြီးမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ထောက်ခံအတည်ပြုခဲ့ပေသည်။ ဤဆုံးဖြတ်ချက်များကို ဖော်ဆောင်ရာတွင် ဥပဒေနှင့်မူဝါဒများ ပြုစုဖန်တီးရာ၌ ဖော်ပြပါ ကွန်ဂရက်အစည်းအဝေးကြီး၏ဆုံးဖြတ်ချက်နှင့် ထောက်ခံချက်များ၏ လမ်းညွှန်မှုကိုခံယူကြရန် အစိုးရများအားဖိတ်ခေါ် ပြောကြားခဲ့သည်။

ထို့အပြင်ညီလာခံကြီးက ဆုံးဖြတ်အမှတ်– ၅၀/၁၄၆ ကိုချမှတ်ကာအထူးအားဖြင့် ဖွံ့ဖြိုးဆဲနှင့် အသွင်ကူးပြောင်းဆဲနိုင်ငံများ၌ ကုလသမဂ္ဂရာဇဝတ်ပြစ်မှုများ တားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာ တရားဥပဒေ အစီအစဉ်များအား ဖော်ဆောင်ရေး စီမံဆောင်ရွက်မှုများ တိုးတက်မြင့်မားဖြစ်ထွန်းရန် အရေးကြီးပုံကို အလေးအနက်ပြုဖော်ပြခဲ့သည်။ ယင်းစီမံဆောင်ရွက် မှုများအတွက် ထိရောက်သော ငွေကြေးထောက်ပံ့ ကူညီမှုများပေးကြ ရန်လည်း နိုင်ငံများနှင့် ရန်ပုံငွေထောက်ပံ့ရေးအဖွဲ့အစည်း များအား တောင်းဆိုလိုက်သည်။

မူးယစ်ဆေးဝါးကော်မရှင် (စီအင်ဒီ) သည် ၄င်း၏ ၃၉ ကြိမ်မြောက် အစည်းအဝေးကို ဗီယင်နာမြို့တော်၌ ၁၉၉၆၊ ဧပြီလ ၁၆ မှ ၂၅ ရက်နေ့အထိ ကျင်းပပြီးလျှင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ပစ္စည်းများ မှောင်ခိုထုတ်လုပ်ရောင်းဝယ် ပို့ဆောင်ဖြန့်ဖြူးမှုနှင့် ဝယ်ယူစားသုံးလိုအားတို့နှင့် ပတ်သက်၍ မဟာဗျူဟာ အသစ်များ ဖန်တီးရေးအတွက် သုံးရက်ကြာ ကုလသမဂ္ဂ အထူးညီလာခံတစ်ရပ်ကို ၁၉၉၈ ခုနှစ်တွင် ကျင်းပရန် ထောက်ခံတင်ပြခဲ့ပေသည်။

**အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး** – အကြိမ် (၅၀) မြောက် ကုလသမဂ္ဂညီလာခံကြီး ကျင်းပစဉ် မှတ်သားဖွယ်ဖြစ်ရပ်တစ်ခုမှာ ညီလာခံကြီးက ၁၉၉၅၊ ဒီဇင်ဘာ ၁၁ ရက်

နေ့တွင် ချမှတ်သည့် ဆုံးဖြတ်ချက်အမှတ် ၅၀/၄၆ ဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးတစ်ရုံးကို တည်ထောင်ရေးအတွက် ပြင်ဆင်ရေးကော်မတီအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းပင် ဖြစ်သည်။ ဤရုံးမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အထူးအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံများအတွက် ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး တစ်ရုံး တည်ထောင်ရေးအတွက် ဥပဒေမူကြမ်း တစ်ရပ်ကို လွန်ခဲ့သည့် (၂) နှစ်က အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်က ပြုစုရေးသားခဲ့ပြီးဖြစ်သည်။ အထက်ပါ ပြင်ဆင်ရေးကော်မတီ၏ တာဝန်မှာဥပဒေကော်မရှင်၏ ဥပဒေမူကြမ်းမှ ပေါ်ပေါက်လာသည့် အဓိကကျ၍ စီမံခန့်ခွဲရေးနှင့်ဆိုင်သော ပြဿနာအခက်ခဲများကို ဆွေးနွေးပြီးလျှင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး တစ်ရုံး တည်ထောင်ရေးအတွက် နိုင်ငံအများအပြားမှ လက်ခံနိုင်မည့်သဘောတူ စာချုပ်မူကြမ်းတစ်ရပ်ကို ရေးဆွဲရန်ဖြစ်သည်။ ထိုမူကြမ်းကို နိုင်ငံတကာမှ အာဏာကုန် လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်တော်များ၏ မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်က စဉ်းစားဆွေးနွေး သုံးသပ်မည်ဖြစ်သည်။

ပြင်ဆင်ရေးကော်မတီသည် ၁၉၉၆ခုနှစ်၊ မတ်လနှင့် ဧပြီလများတွင် နယူးယောက်မြို့၌ အစည်းအဝေးများ ကျင်းပပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်မူကြမ်း ပြုစုဖွဲ့စည်းရန် အလို့ငှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး၏ စီရင်ပိုင်ခွင့်၊ ရာဇဝတ်မှုများ ဟူသောစကားရပ် ဖွင့်ဆိုချက်၊ ကျူးကျော်တိုက်ခိုက်မှု၊ လက်နက်ဖြင့် တိုက်ခိုက်မှုအရေးအခင်းများနှင့် အကျုံးဝင်သော ဥပဒေနှင့် ဓလေ့ထုံးတမ်းများအား ပြင်းထန်စွာ ကျူးလွန်ဖောက်ဖျက်မှုနှင့် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ စသည့်အကြောင်းအရာများနှင့် ပတ်သက်သည့် စာတမ်းမူကြမ်းတစ်စောင်ကို အတည်ပြုခဲ့သည်။ ၁၉၉၆၊ ဩဂုတ်လတွင်လည်း အစည်းအဝေးများ ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။

**နိုင်ငံတကာ ခွင့်လွှတ်သည်းခံခြင်း နှစ်ဆိုင်ရာ အထူးအစည်းအဝေး –** ကုလသမဂ္ဂအထွေထွေညီလာခံ ကြီးက ၁၉၉၃ ခုနှစ်တွင် ၁၉၉၅ ခုနှစ်အားနိုင်ငံတကာ ခွင့်လွှတ်သည်းခံရေးနှစ်အဖြစ် ကျင်းပရန် သတ်မှတ်ပြဋ္ဌာန်းပြီးလျှင်ယူနက်စကိုအဖွဲ့ကြီးအားဦးဆောင်ရန် တာဝန်အပ်နှင်းခဲ့ပေသည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် အကြိမ် (၅၀)မြောက်ညီလာခံကြီးက အထူးအစည်းဝေးတစ်ရပ်ကျင်းပကာ "ခွင့်လွှတ်သည်းခံခြင်းနှစ်" နိဂုံးကမ္ပတ်အပြီးသတ်ခြင်းကိုအခမ်းအနားတစ်ရပ်ဖြင့် အထိမ်းအမှတ်ပြုခဲ့သည်။ ယင်းအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားရာ၌ အထွေထွေညီလာခံသဘာပတိက နိုင်ငံအားလုံးတို့အနေဖြင့် စိတ်ဝမ်းကွဲပြားမှုများကို ကျော်လွှားကာ ငြိမ်းချမ်း၍ အကြမ်းဖက်မှုကင်းမဲ့သော ကမ္ဘာတစ်ခုဖြစ်ရန် ပဏာမ လိုအပ်ချက်အနေဖြင့် ခွင့်လွှတ်သည်းခံခြင်းတရားကို ဆက်လက်ကျင့်သုံးသွားကြရန် ထပ်လောင်းအဓိဋ္ဌာန်ပြုသင့်ကြောင်း တိုက်တွန်း ပြောကြားသွားခဲ့ပေသည်။

**နိုင်ငံတကာလူငယ်နှစ် –** အကြိမ် (၅၀) မြောက်ညီလာခံကြီးက ၁၀ နှစ်မြောက် နိုင်ငံတကာ လူငယ်နှစ်ကို ဆင်ယင်ကျင်းပကာ ဆုံးဖြတ်ချက်အမှတ် – ၅၀/ ၈၁ ကို ချမှတ်၍ လူငယ်များအတွက်သက္ကရာဇ် ၂၀၀၀ နှင့်ထိုမှအလွန်ကာလအထိ ကမ္ဘာလုံး လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်ကို အတည်ပြုခဲ့သည်။ ယင်း၏ရည်ရွယ်ချက်မှာ နိုင်ငံတကာလူငယ်နှစ်၏ရည်မှန်းချက်များအောင်မြင်ရေးနှင့် လူငယ်များ၏သက်မွေးနေထိုင်မှုနှင့်ဘဝချမ်းသာရေး တိုးတက်မြင့်မားစေရန်အခြေအနေနှင့်အစီအမံများ ပြုလုပ်ဖန်တီးပေးရန် ဖြစ်သည်။ လူငယ်များအတွက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍ ၁၀ မျိုးတွင် ပညာရေး၊ အလုပ်ရရှိရေး၊ကျန်းမာရေး၊ ပတ်ဝန်းကျင်၊ မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲမှု၊ လူငယ်များ တရားဥပဒေကျူးလွန်မှု၊ အားလပ်ချိန်လှုပ်ရှားမှုများနှင့် လူ့ဘောင်အဖွဲ့အစည်း၏ ဘဝနှင့် ဆုံးဖြတ်ပြဋ္ဌာန်းမှု များတွင်လူငယ်များအပြည့်အဝ ထိရောက်ထက်မြက်စွာ ပါဝင်ဆောင်ရွက်ရေး စသည်တို့ ပါဝင်သည်။ အားကစားလှုပ်ရှားမှု ဘက်ပေါင်းစုံတွင်

အမျိုးသမီးများ ပါဝင်မှုကို တိုးတက် မြှင့်တင်ပေးရန် အကြံပြုချက် တစ်ရပ်ကိုလည်း ညီလာခံကြီးက ဖော်ပြခဲ့သည်။

**ချာနိုဘိုင်အနုမြူမတော်တဆပေါက်ကွဲမှုအထိမ်းအမှတ်–** အကြိမ်(၅၀) မြောက်ကုလသမဂ္ဂညီလာခံက ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့တွင်ဆုံးဖြတ်ချက်အမှတ် – ၅၀/၁၃၄ ဖြင့် ချမှတ်ပြဋ္ဌာန်းခဲ့သည့်အတိုင်း ၁၉၈၆ ခုနှစ်က ယူကရိန်းပြည်နယ် ၊ ချာနိုဘိုင်မြို့၌ အနုမြူစက်ရုံ မတော်တဆ ပေါက်ကွဲမှု ၁၀နှစ်မြောက်အပြည်ပြည်ဆိုင်ရာနေ့ကို အထိမ်းအမှတ်ပြုလုပ်သောအားဖြင့် ၁၉၉၆ ခုနှစ်၊ ဧပြီ ၂၅ နှင့်၂၆ ရက်နေ့များတွင် ကုလသမဂ္ဂဌာနချုပ်၌ အထူးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ အထွေထွေညီလာခံသဘာပတိက ချာနိုဘိုင်စက်ရုံ၏ မတော်တဆပေါက်ကွဲမှုသည် နိုင်ငံတကာနှင့် သက်ဆိုင်သောအမွေအနှစ်တစ်ခုအဖြစ်မျိုး ထင်လင်းစွာရှိကြောင်း၊ ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်သန်း၅၀ ကျူရီ ( CURIE )ကို ပတ်ဝန်းကျင်သို့ ထုတ်လွှင့်ခဲ့သည့် ဤပေါက်ကွဲမှုမှအလွန်ပြင်းထန်သော ပျက်ဆီးဆုံးရှုံးမှုဒဏ်ကို ဘီလာရုစ်၊ ရုရှားဖယ်ဒရေးရှင်းနှင့် ယူကရိန်းနိုင်ငံများရှိ ရာပေါင်းထောင်ပေါင်းများစွာသော ပြည်သူများက ယခုအထိပြင်းပြစွာ ခံစားလျက်ရှိနေကြရသေးကြောင်း ညွှန်ပြခဲ့ပေသည်။

**ပင်လယ်၊ သမုဒ္ဒရာငါးဖမ်းမှုများ စည်းကမ်းထိန်းသိမ်းရေး စာချုပ်ဖွင့်လှစ်ခြင်း –** ၁၉၉၂ ခုနှစ်တွင်ကျင်းပခဲ့သောပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေးကြီး၏ ထောက်ခံချက်အရ ကုလသမဂ္ဂညီလာခံက စုဝေးနေသောငါးအုပ်များနှင့် ရပ်နယ်ဒေသအလွန်ပြောင်းရွှေ့တတ်သော ငါးအုပ်များဆိုင်ရာကုလသမဂ္ဂမျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကျင်းပစေခဲ့ရာ၊ယင်းအစည်းအဝေးမှသုံးနှစ်နီးပါး ဆွေးနွေးစေ့စပ်ပြီးနောက် ၁၉၉၅၊ ဩဂုတ် ၄ ရက်နေ့တွင်အတည်ပြုထွက်ပေါ်လာသော ပင်လယ်သမုဒ္ဒရာများအတွင်း ငါးဖမ်းမှုများအား စည်းကမ်းတကျ ဖြစ်စေမည့် ပထမဆုံးကမ္ဘာ့စာချုပ်ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်နေ့တွင် ကုလသမဂ္ဂဌာနချုပ်၌ နိုင်ငံများ လက်မှတ်ရေးထိုးကြရန် ဖွင့်လှစ်ခဲ့ပေသည်။ ဤသို့ဖွင့်လှစ်ခြင်းကို အကြိမ် (၅၀) မြောက်အထွေထွေညီလာခံက ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ်– ၅၀/၂၄ ဖြင့်ကြိုဆိုထောက်ခံပြီးနိုင်ငံအားလုံးအား ပါဝင်လက်မှတ်ရေးထိုးအတည်ပြုကြရန် ဆော်သြခဲ့ပေသည်။

**ကမ္ဘာ့ဖွံ့ဖြိုးရေး“အစီအစဉ်–၂၁” ဆိုင်ရာ ကုလသမဂ္ဂညီလာခံအထူးအစည်းအဝေးကျင်းပရေး –** ၁၉၉၂ ခုနှစ်တွင်ကျင်းပခဲ့သောကုလသမဂ္ဂပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာမျက်နှာစုံညီအစည်းအဝေးကြီးမှထွက်ပေါ်လာခဲ့သည့်“အစီအစဉ်–၂၁”ခေါ် ကမ္ဘာတစ်ဝန်းလုံးအရေးယူဆောင်ရွက်ရေးစီမံကိန်းကြီး၏ ငါးနှစ်အတွင်းတိုးတက်ဖြစ်ထွန်းမှုကိုသုံးသပ်ရေးအတွက် ကုလသမဂ္ဂညီလာခံ၏ အထူးအစည်းအဝေးတစ်ရပ်ကို ၁၉၉၇ ခုနှစ်၊ ဇွန်လတွင် ကျင်းပရန် သတ်မှတ်ထားရာ ၁၉၉၆ ခုနှစ်၊ ဧပြီ ၁၈ မှ မေ ၃ ရက်နေ့ အထိ ရက်သတ္တပတ် နှစ်ပတ်ကြာ ကျင်းပခဲ့သည်။ အစွန့်ရှည်တည်တံ့သော ဖွံ့ဖြိုးရေးဆိုင်ရာ ကော်မရှင်၏ စတုတ္ထမြောက် အစည်းအဝေးက ဖော်ပြပါညီလာခံအထူးအစည်းအဝေးအတွက် ထောက်ခံချက် အများအပြားကို ထုတ်ပြန်တင်ပြခဲ့ပေသည်။ ဖော်ပြပါ ကုလသမဂ္ဂညီလာခံ အထူးအစည်းအဝေးသည် အစွန့်ရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာ ကတိပြုချက်များကို ထပ်ပေါင်းအားဖြည့်သင့်သည့်အပြင် အစီအစဉ် ၂၁ ၏ ရည်မှန်းချက်များအနက် ဖြည့်ဆည်းရွက်ဆောင်နိုင်ခြင်းမရှိသော ရည်မှန်းချက်များကိုလည်းကောင်း၊ ယင်းသို့ပျက်ကွက်ရခြင်း၏ အကြောင်းရင်းများအား အကဲဖြတ်သုံးသပ်ခြင်းကိုလည်းကောင်း ပြုလုပ်သင့်ကြောင်း တင်ပြခဲ့သည်။ အထက်ပါကော်မရှင် အစည်းအဝေးက ပြဿနာအမြောက်အမြားနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ၂၄ ရပ်ကို ချမှတ်ခဲ့ပေသည်။

**၂၁ ရာစုအတွက် ကုလသမဂ္ဂ စွမ်းအင်ရေးရာ မျက်နှာစုံညီအစည်းအဝေး ကျင်းပရေး –** စွမ်းအင်အရင်းအမြစ်အသစ်များနှင့် ပြန်လည်သစ်လွင် စေနိုင်သော အရင်းအမြစ်များဆိုင်ရာကော်မတီက ၄င်း၏ ဒုတိယ

မြောက် အစည်းအဝေးကို ၁၉၉၆၊ ဖေဖော်ဝါရီ ၁၂ မှ ၂၃ ရက်နေ့အထိ နယူးယောက်မြို့၌ ကျင်းပကာ စွမ်းအင်ရေးရာနှင့် အဓွန့်ရှည်ကြာ တည်တံ့သော ဖွံ့ဖြိုးရေးတို့ကို အထူးစူးစိုက် ဆွေးနွေးပြီးလျှင် သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် ၂၁ ရာစု အတွက် စွမ်းအင်ဆိုင်ရာ ကုလသမဂ္ဂမျက်နှာစုံညီ အစည်းအဝေးတစ်ရပ် စီစဉ်ကျင်းပရေးအတွက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ကြားရန် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (အီးကိုဆော့ခ်) အား တောင်းဆိုသည့် ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို အတည်ပြုခဲ့ပေသည်။ ဖော်ပြပါ မျက်နှာစုံညီ အစည်းအဝေးမှာ စွမ်းအင်အရင်းအမြစ်အသစ်များနှင့် ပြန်လည်သစ်လွင်စေနိုင်သော အရင်းအမြစ်များဆိုင်ရာ ကုလသမဂ္ဂ မျက်နှာစုံညီ အစည်းအဝေး၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အခါသမယ၌ ကျင်းပရန်ဖြစ်၍ စွမ်းအင်နှင့် အဓွန့်ရှည်ကြာ တည်တံ့သော ဖွံ့ဖြိုးရေးတို့နှင့် ပတ်သက်၍ ကမ္ဘာ့ ထင်မြင်ယူဆချက်များကို စုဆောင်းရယူမည် ဖြစ်သည်။

## ကမ္ဘာ့ရေးရာ ပြဿနာများနှင့် ကုလသမဂ္ဂ

**ပီအယ်အို–အစ္စရေးငြိမ်းချမ်းရေးပြဿနာ** – ဂျေရုဆလင်မြို့ ပြဿနာသည် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) နှင့် အစ္စရေးအစိုးရတို့၏ ဆက်ဆံရေးကို ကာလကြာမြင့်စွာကပင် တင်းမာနေစေခဲ့သည်။ ထိုမြို့ကို အစ္စရေးက သိမ်းပိုက် ထားသည်။ ၁၉၉၅ ခုနှစ်၊ မေ ၁၇ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဂျေရုဆလင်မြို့ အရှေ့ပိုင်း၌ မြေ ၅၃ ဟက်တာအား အစ္စရေးတို့က သိမ်းယူသည့်အမိန့်အား ဖျက်သိမ်းရန် တောင်းဆိုသည့် အဆိုမူကြမ်းတစ်ရပ်ကို မဲခွဲရာ ကောင်စီဝင် ၁၄ ဦးက ထောက်ခံမဲ ပေးကြသော်လည်း အမေရိကန်ပြည်ထောင်စုက ကန့်ကွက်မဲပေးကာ ဗီတိုလုပ်ခဲ့သဖြင့် အတည်ဖြစ်ခြင်း မရှိခဲ့ပေ။ ဂျေရုဆလင် ပြဿနာကို နိုင်ငံတကာစွက်ဖက်မှု ကင်းရှင်းသော်လည်း နိုင်ငံတကာ ထောက်ခံအားပေးမှုဖြင့် သက်ဆိုင်ရာ နှစ်ဦး နှစ်ဖက်တို့ အချင်းချင်း ဖြေရှင်းရမည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားခဲ့သည်။

၁၉၉၅ ခုနှစ်၊ မေ ၁၃ မှ ၂၃ ရက်နေ့အထိ အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားနိုင်ငံများသို့ကွင်းဆင်း၍ အစ္စရေးတို့ သိမ်းပိုက်ထားသော နယ်မြေများ၌ ပါလက်စတိုင်းအမျိုးသားများနှင့် အခြားအာရပ်အမျိုးသားများ၏ လူ့အခွင့်အရေးများနှင့် ပတ်သက်၍ အစ္စရေးတို့၏ ကျင့်သုံးလုပ်ဆောင်မှုများကို စုံစမ်းလေ့လာခဲ့သော အထူးကော်မတီက ၎င်း၏ တွေ့ရှိချက်များကို တင်ပြရာ၌ ပါလက်စတိုင်းနှင့် အစ္စရေးတို့စပ်ကြား တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေခြင်းမှာ အစ္စရေးတို့ အခြေချနေထိုင်သော ရပ်ကွက်များတည်ရှိနေခြင်း၊ တိုးချဲ့နေခြင်းနှင့် အခြေချနေထိုင်သူများက အကြမ်းဖက်မှုများ ပြုလုပ်ကြခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဤသို့ ဆက်ဆံရေးတင်းမာသည့် အခြေအနေအတွင်းမှာပင် ပီအယ်အိုနှင့်အစ္စရေးတို့ အချင်းချင်း ငြိမ်းချမ်းရေးပြဿနာ ဖြေရှင်းရေးအတွက် ဆွေးနွေးခဲ့ကြရာ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ကြားဖြတ် သဘောတူညီချက်တစ်ရပ် ရရှိ၍ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြ၏။ ဤသဘောတူညီချက်တွင် အစ္စရေးတို့က ၎င်းတို့၏ တပ်များကို ရုပ်သိမ်းပေးရန်၊ ပါလက်စတိုင်းအကျဉ်းသားများအား လွှတ်ပေးရန်နှင့် အနောက်ဘက်ကမ်းဒေသတွင် အရပ်ဘက်အုပ်ချုပ်ရေးကို ရွေးကောက်တင်မြှောက်သော ပါလက်စတိုင်းကောင်စီ အဖွဲ့တစ်ဖွဲ့သို့ လွှဲပြောင်းပေးရန် ပြဋ္ဌာန်းချက်များ ပါရှိသည်။

ပီအယ်အိုနှင့် အစ္စရေးတို့စပ်ကြား အထက်ပါ သဘောတူညီချက် ရရှိ၍ ငြိမ်းချမ်းရေးအတွက် တိုးတက်မှု ရရှိလာခြင်းကို ၎င်းတို့နှစ်ဖက်စလုံး၌ လိုလားသူများ ရှိသကဲ့သို့ မလိုလားသူများလည်း ရှိခဲ့သည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ် ရစ်ဇတ်ရာဘင်သည် တယ်လ်အဗီးမြို့ ငြိမ်းချမ်းရေးအစည်းအဝေးတစ်ရပ်၌ လုပ်ကြံခံရ၍ ကွယ်လွန်သွားခဲ့၏။ ထိုအချိန်က အကြိမ် (၅၀) မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ

ကျင်းပဆဲ အချိန်ဖြစ်ရာ၊ ညီလာခံကြီးက ကွယ်လွန်သူ အစ္စရေးဝန်ကြီးချုပ်အတွက် ဝမ်းနည်းဂုဏ်ပြုသောအားဖြင့် တစ်ခဏမျှ ငြိမ်သက်စွာ ရပ်နားနေခဲ့၏။

အကြိမ်(၅၀) မြောက် ညီလာခံကြီးသည် ပါလက်စတိုင်းပြဿနာနှင့် အရှေ့အလယ်ပိုင်းဒေသအခြေအနေကို ဆွေးနွေးခဲ့ရာ ငြိမ်းချမ်းရေးအတွက် နှစ်ဦးနှစ်ဖက်ဆွေးနွေးစေ့စပ်မှုများကို ကြိုဆိုထောက်ခံပြီး အစ္စရေးအား ၁၉၆၇ ခုနှစ်မှစ၍ သိမ်းယူခဲ့သော ပါလက်စတိုင်းနယ်မြေမှ ဆုတ်ခွာပေးရန်နှင့် အနောက်ဘက်ကမ်း ဒေသသို့ ကိုယ်ပိုင်အုပ်ချုပ်ရေးအစီအစဉ်များ တိုးချဲ့စီစဉ်နေစဉ် ပါလက်စတိုင်းအမျိုးသားများ၏ မွေးရာပါလွတ်လပ်ခွင့်များကို အလုံးစုံလေးစားရန် တောင်းဆိုခဲ့ပေသည်။

ထို့အပြင် အထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် ၅၀/၁၂၉ ကို ထောက်ခံမဲ ၁၂၆ မဲ၊ ကန့်ကွက်မဲ ၂ မဲ (အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စု)၊ ကြားနေမဲ ၂၈ မဲ ဖြင့် အတည်ပြုချမှတ်ပြီးလျှင် အစ္စရေးတို့က ၁၉၆၇ ခုနှစ်မှစ၍ သိမ်းပိုက်ထားသော ဂျေရုဆလင်မြို့ အပါအဝင် ပါလက်စတိုင်းနယ်မြေနှင့် အခြားအာရပ်နယ်မြေများ၌ ရှိနေသော အစ္စရေး အခြေချရပ်ကွက်များသည် တရားဥပဒေနှင့် မညီညွတ်ဘဲ ဖွံ့ဖြိုးရေးအတွက် အတားအဆီးအနှောင့်အယှက်တစ်ခုဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ပေသည်။

၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်နေ့တွင် ပီအယ်အို နှင့်အစ္စရေးတို့ ကြားဖြတ်သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် နိုဝင်ဘာလတွင် အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းခြင်းကို စတင်ပြုလုပ်ခဲ့ရာ အနောက်ဘက်ကမ်း ဒေသရှိ မြို့ကြီးအများနှင့် မြို့ငယ်ကျေးရွာ အမြောက်အမြားတို့မှ ရုပ်သိမ်းမှုများ ပြီးစီးသွားခဲ့သည်။ ပါလက်စတိုင်းအမျိုးသားများသို့ အတိုင်းအတာအမျိုးမျိုးဖြင့် အာဏာလွှဲပြောင်းပေးရာ၌ ဒေသန္တရအုပ်ချုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး စသည့်ဘက်တို့တွင်လည်း လွှဲပြောင်းပေးခဲ့သည်။ ထူးခြားသည့် ဖြစ်ပေါ်မှုတစ်ရပ်မှာ ၁၉၉၆၊ ဇန်နဝါရီ ၂၀ ရက်နေ့တွင် ပထမဆုံးပါလက်စတိုင်း ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။ ဤရွေးကောက်ပွဲ၌ ပီအယ်အို ခေါင်းဆောင် အာရာဖတ်မှာ ထောက်ခံမဲ ၈၅ ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရခဲ့၏။

ထိုအချိန် ၁၉၉၆ ခုနှစ်ဦးပိုင်းတွင် အစ္စရေးနိုင်ငံတွင်းအခြေအနေမှာအရပ်သူအရပ်သားများအကြမ်းဖက်တိုက်ခိုက်မှုခံရပြီး များစွာမတည်မငြိမ် ဖြစ်လာခဲ့သည်။ ၁၉၉၆၊ ဖေဖော်ဝါရီ ၂၅ နှင့်မတ်လ ၃ရက်နေ့များတွင် ဂျေရုစလင်မြို့တွင်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် အက်ရှ်ကီလွန်မြို့၌လည်းကောင်း၊ မတ်လ ၄ ရက်နေ့၌ တယ်လ်အဗီးမြို့၌လည်းကောင်း ဗုံးခွဲမှုများ ပြုလုပ်ခဲ့ကြသည်။ ဤတိုက်ခိုက်မှုများကို အစ္စရေးနိုင်ငံအား ဆန့်ကျင်၍ ဟားမတ်စ်အုပ်စုက ပြုလုပ်ကြောင်းဝန်ခံပြောဆိုခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့်အတွင်းရေးမှူးချုပ်တို့အပြင် နိုင်ငံတကာမှ ပြင်းထန်စွာ ရှုတ်ချခဲ့ကြသည်။

**အစ္စရေး – လက်ဗနွန်ပဋိပက္ခ** – ၁၉၉၅ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် အစ္စရေး–လက်ဗနွန်နယ်ခြားတွင် တင်းမာလာသောအခြေအနေကိုရည်ညွှန်း၍ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီက နယ်ခြားတစ်လျှောက် တိုးတက်ပြင်းထန်လာသော ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သူအရပ်သားများ ထိခိုက်သေဆုံး ဒဏ်ရာရကြသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍အထူး စိုးရိမ်မကင်းကြောင်း ဖော်ပြပြီးလျှင် နှစ်ဦးနှစ်ဖက်လုံးအား ထိန်းချုပ်လုပ်ဆောင်ကြရန်နှင့် အရပ်သူအရပ်သားများအား တိုက်ခိုက်ခြင်း မပြုကြရန် တိုက်တွန်း ပြောကြားလိုက်သည်။

၁၉၉၆ ခုနှစ်၊ မတ်လအတွင်း၌ နှစ်နိုင်ငံနယ်ခြား၌ အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခြင်းခံရပြီး သေဆုံးဒဏ်ရာရမှုများရှိရာ နယ်ခြားအခြေအနေ ပြန်လည်တင်းမာလာခဲ့သည်။ မတ် ၃၀နှင့်ဧပြီ ၉ ရက်နေ့များတွင် လက်ဗနွန်နိုင်ငံတွင်းရှိ လက်နက်ကိုင်အဖွဲ့ဝင်များက အစ္စရေးနိုင်ငံဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ ထို့နောက် ၁၉၉၆၊ ဧပြီ ၁၁ မှ ၂၆ ရက်နေ့များအတွင်း တိုက်ခိုက်မှုများ စိုးရိမ်ဖွယ် အထူးတိုးပွား မြင့်မားလာခဲ့လေသည်။ အစ္စရေးကာကွယ်ရေးတပ်များက လက်ဗနွန်တောင်ပိုင်းကို အဝေးပစ်အမြောက်ကြီးများဖြင့် အားတိုက်အင်တိုက် ပစ်ခတ်ပြီး ဘေရွတ်မြို့နှင့် ဘီကာချိုင့်ဝှမ်းအပါအဝင် လက်ဗနွန်နိုင်ငံအတွင်းရှိနေရာဒေသများကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး

တပ်ဖွဲ့(ယူနီဖီးလ်)စခန်းချထားသည့်နေရာ ပတ်ဝန်းကျင်ရှိ ကျေးရွာများလည်း လေကြောင်းမှ တိုက်ခိုက်ခြင်းများ ခံခဲ့ကြရသည်။ အပြန်အလှန် အားဖြင့် လက်ဗနွန်နိုင်ငံတွင်းမှ လက်နက်ကိုင်အဖွဲ့ဝင်များက အစ္စရေးနိုင်ငံအတွင်းရှိ ပစ်မှတ်များနှင့် လက်ဗနွန်နိုင်ငံအတွင်းရှိ အစ္စရေးစခန်းများအား ဒုံးကျည် ၁၀၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဤသို့ ပစ်ခတ်တိုက်ခိုက်မှုများ ကြောင့် လက်ဗနွန်နိုင်ငံတွင်း၌ အရပ်သူအရပ်သား ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ကြပြီး ကျေးရွာအများအပြား ကျေမွ ပျက်စီးခဲ့ကြသည်။ ဧပြီလ ၁၈ ရက်နေ့တွင် အစ္စရေး အမြောက်ဆံများသည် ကာနာရွာအတွင်း လူပေါင်း ၅၀၀၀ ကျော် ခိုလှုံနေသည့် ကုလသမဂ္ဂ (ယူနီဖီးလ်) စခန်းအား ထိမှန်ခဲ့ရာ လူပေါင်း ၁၀၀ ကျော်သေဆုံး၍ ရာပေါင်းများစွာ ဒဏ်ရာရခဲ့ကြသည်။

ထိုနေ့မှာပင် အတွင်းရေးမှူးချုပ်က အပြင်းထန်ဆုံး စကားများသုံး၍ ထိုဖြစ်ရပ်ကိုရှုတ်ချခဲ့သည်။ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် – ၁၀၅၂ (၁၉၉၆) ကို ချမှတ်ပြီးလျှင် နှစ်ဦးနှစ်ဖက်အားလုံးကိုပင် တိုက်ခိုက်မှု များ ရပ်စဲကြရန် တောင်းဆိုလိုက်သည်။ ထိုနည်းတူ အကြိမ် (၅၀) မြောက် အထွေထွေညီလာခံအစည်းအဝေး က ဧပြီ ၂၅ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၅၀/၂၂(စီ) ကို ချမှတ်ပြီးလျှင် အစ္စရေးတို့၏တိုက်ခိုက်မှုကို ရှုတ်ချပြီး အစ္စရေးအား လက်ဗနွန်နယ်မြေအားလုံးမှ ဆုတ်ခွာရန် တောင်းဆိုခဲ့သည်။ ထိုနောက်တွင်ကား ပြင်သစ်နှင့် အမေရိကန်သံတမန်များ၏ အားထုတ်မှုများကြောင့် ဧပြီ ၂၆ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်တို့စပ်ကြား အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြသည်။ ဧပြီလကုန်မှစ၍ လက်ဗနွန်တောင်ပိုင်း အခြေအနေမှာ ယေဘုယျအားဖြင့် ငြိမ်သက်နေသော်လည်း နှစ်ဖက်လက်နက်ကိုင် အဖွဲ့များအကြား တိုက်ခိုက်မှုများကား ရှေးနည်းတူ ဆက်လက်ဖြစ်ပွားလျက် ရှိခဲ့ပေသည်။

**ယခင်ယူဂိုဆလားဗီးယားနိုင်ငံ ပြည်တွင်းစစ်များ အခြေအနေ–** ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ခရိုအေးရှား၊ ဆားဗီးယားနှင့် မွန်တီနီဂရို ၊ မက်ဆီဒိုးနီးယား စသည်တို့ ပါဝင်သော ယခင်ယူဂိုစလားဗီးယားဒေသတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်များအခြေအနေမှာ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာစစ်ရပ်စဲရေးသဘောတူညီချက် သက်တမ်းကုန်ဆုံးပြီးနောက် ၁၉၉၅ခုနှစ် နွေရာသီအနှောင်းပိုင်းနှင့် ဆောင်းရာသီတို့၌ သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပွားကာ ယိုယွင်းဆိုးရွားလာခဲ့၍ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များအဖို့ အန္တရာယ်များလှသော စစ်အခြေအနေမျိုး ဆိုက်နေစဉ်၊ နေတိုးလေယာဉ်များက ၁၉၉၅ ခုနှစ်၊ မေ ၂၄ နှင့် ၂၅ ရက်နေ့များတွင် ပါလီမြို့အနီး၊ ဘော့စနီးယားဆာ့ဘ်တို့၏ လက်နက်သိုလှောင်ထားရာနေရာများကို တိုက်ခိုက်ခဲ့ရသည်။ ယင်းဖြစ်ရပ်မတိုင်မီမေလ ၁၇ ရက်နေ့တွင်လုံခြုံရေးကောင်စီကဆုံးဖြတ်ချက်အမှတ်– ၉၉၄ (၁၉၉၅ ) ကိုချမှတ်ကာ စစ်ဗျူဟာကျင်းနေကြသော အုပ်စုများအား ၎င်းတို့၏တပ်ဖွဲ့များအားလုံးကို ခွဲခြားရေးဇုန်နယ်များမှ ဆုတ်ခွာခြင်းကို မဆိုင်းမတွ ပြီးစီးအောင် ပြုလုပ် ကြရန်တောင်းဆိုလိုက်သည်။ ထို့နောက် ၁၉၉၅၊ ဇွန် ၁၆ ရက်နေ့တွင်ဆုံးဖြတ်ချက်အမှတ် – ၉၉၈ (၁၉၉၅ ) ကို ချမှတ်ပြီးလျှင် ဘော့စနီးယားရှိ ကုလသမဂ္ဂ ကာကွယ်ရေးတပ် (အန်ပရိုဖိုး)အား“ အဆောတလျင် တန်ပြန်နိုင်စွမ်း” ရှိစေရန် စစ်သည် အင်အား ၁၂၅၀၀ မျှ ဆောင်းပေးလိုက်ပြီး “အရေးအခင်းကို စစ်ဗျူဟာနည်းဖြင့် မဖြေရှင်းနိုင်ကြောင်း ”ညွှန်ပြလျက် ဘော့စနီးယားဆာ့ဘ်တို့အား ပြင်သစ်၊ ဂျာမနီ၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိသျှနှင့် အမေရိကန်တို့ပါဝင်သော ဆက်သွယ်ရေးအဖွဲ့၏ ငြိမ်းချမ်းရေးပုံစံကို လက်ခံရန် တောင်းဆိုလိုက်သည်။

၁၉၉၅ ခုနှစ်၊ ဧပြီ၊မေနှင့်ဇွန်လများအတွင်း၌ လုံခြုံရေးကောင်စီသည် ယခင်ယူဂိုစလပ်နိုင်ငံအရေးနှင့်ပတ်သက်၍ တရားဝင်အစည်းအဝေး ၁၂ ကြိမ်ကျင်းပ၍ ဆုံးဖြတ်ချက် ခြောက်ခုနှင့် ထုတ်ပြန်ချက် ခုနစ်ခုပြုလုပ်ခဲ့သည်။

အန်ပရိုဖိုးတပ်ဖွဲ့များကဆာရာယေဗိုမြို့တစ်ဝိုက်ရှိ ဘော့စနီးယားဆာ့ဘ် ပစ်မှတ်များအား တိုက်ခိုက်ပြီးနေတိုးက ဘော့စနီးယားအရှေ့ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ဘော့စနီးယား ခရိုအက်တပ်များ နိုင်ငံအနောက်ပိုင်းတွင် စစ်ရေးသာ၍ ဘော့စနီးယား ဆာ့ဘ်ဒေသများကို သိမ်းပိုက်နိုင်ခဲ့ရာ ဘော့စနီးယား – ဟာဇီဂိုဗီးနားနိုင်ငံ၌ ဘော့စနီးယား–

ခရိုအက် မူစလင်သမ္မတ နိုင်ငံ၏ပိုင်နက်နယ်မြေမှာ ရာခိုင်နှုန်း ၃၀ ရှိခဲ့ရာမှ ၅၀ ကျော်အထိတိုးပွားလာခဲ့သည်။ တစ်ဖက်တွင် ဘော့စနီးယား ဆာ့ဘ်တို့မှာ စစ်ရေးကျဆင်းလာခဲ့ကြသည်။

ဤအချိန် ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၅ရက်နေ့တွင် ဘော့စနီးယားရှိ စစ်ပြိုင်အုပ်စုများကဘော့စနီးယားဒေသတစ်ဝန်းလုံးတွင် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြလေသည်။ ယင်းမတိုင်မီအောက်တိုဘာ ၃ ရက်နေ့တွင်လည်း ခရိုအေးရှားနှင့်ဆလိုဗေးနီးယားအရှေ့ပိုင်းဒေသရှိ ခရိုအေးရှားဆာ့ဘ်အာဏာပိုင်တို့က စေ့စပ်ဆွေးနွေးရေးအခြေခံလမ်းညွှန်မှုများပါဝင်သော သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ လုံခြုံရေးကောင်စီက ယင်းသဘောတူညီချက်နှစ်ရပ်လုံးကို အောက်တိုဘာ ၁၂ ရက်နေ့တွင် ကြိုဆိုခဲ့ပေသည်။

ထိုမှနောက်တွင် ဘောလကန်ဒေသ (ယူဂိုစလဗ်) ဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အမေရိကန်က ကမကထပြု၍ အထက်ပါစစ်ပြိုင်အုပ်စုများက အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်းအိုပြည်နယ်၊ ဒေတန်မြို့၌ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၂၁ ရက်နေ့အထိ ပြုလုပ်ခဲ့ကြရာ သဘောတူညီချက်များ ရရှိခဲ့ကြသည်။ ( ယင်းတို့ကို "ဒေတန်သဘောတူညီချက်များ"ဟုခေါ်ဝေါ်ခဲ့ကြသည်။ ရရှိသော သဘောတူညီချက်များအနက် အဓိကသဘောတူညီချက်ကို "ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားတွင် ငြိမ်းချမ်းရေးဆိုင်ရာ ယေဘုယျမူဘောင်သဘောတူညီချက်" ဟု ခေါင်းစဉ်ထိုးခဲ့ကြသည်။) ထို့နောက် ဆက်လက်၍ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေး မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကို လန်ဒန်မြို့၌ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ ၈နှင့် ၉ ရက်များတွင် ကျင်းပကာ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရေး ကောင်စီအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုမှနောက်တွင် ဘောလကန်သုံးနိုင်ငံ (ဘော့စနီးယား၊ ဟာဇီဂိုဗီးနား၊ ခရိုအေးရှားနှင့်ဆားဗီးယားနှင့် မွန်တီနီဂရိုတို့ပါဝင်သော ယူဂိုစလဗ် ဖယ်ဒရယ်ပြည်ထောင်စု) တို့၏သမ္မတများက ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ၊ ပါရီမြို့၌ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြလေသည်။

ဒီဇင်ဘာ ၁၄ ရက်နေ့ သဘောတူစာချုပ်တွင် အခြားပြဋ္ဌာန်းချက်များနှင့်အတူ စာချုပ်ဝင်နိုင်ငံများအနေဖြင့် "အချုပ်အခြာအာဏာပိုင်မှုနှင့် တန်းတူညီမျှမှုတို့ကို အပြန်အလှန်" အပြည့်အဝရိုသေလေးစားကြရန် ပြဋ္ဌာန်းချက်တစ်ရပ်ပါဝင်ပေရာ ၄င်းအရယူဂိုစလဗ်ဖယ်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံနှင့် ဘော့စနီးယား–ဟာဇီဂိုဗီးနားသမ္မတနိုင်ငံတို့က အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံများအဖြစ် အပြန်အလှန် အသိအမှတ်ပြုခဲ့ကြသည်။

အခြားတိုးတက်ဖြစ်ထွန်းသည့်ဖြစ်ရပ်များမှာ ဂရိနိုင်ငံနှင့်ယခင်ယူဂိုဆလဗ် မက်ဆီဒိုးနီးယား သမ္မတနိုင်ငံတို့က ၁၉၉၅၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ကြားဖြတ်သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းနှင့် စလိုဗေးနီးယားအရှေ့ပိုင်းဒေသ၊ ဘာရင်ဂျာနှင့် ဆီမီယမ်အနောက်ပိုင်းတို့နှင့် ပတ်သက်သည့် အခြေခံသဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ ဒုတိယစာချုပ်မှာ ယခင်ကဆာ့ဘ်တို့သိမ်းပိုက်ထားသော ထိုဒေသကို ခရိုအေးရှားသမ္မတနိုင်ငံအတွင်းသို့ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်း ထည့်သွင်းရန်အတွက်ဖြစ်ပေသည်။

အထက်ပါငြိမ်းချမ်းရေးစာချုပ်များ ချုပ်ဆိုပြီးနောက် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယခင်ယူဂိုဆလားဗီးယားဒေသတွင် ၄င်း၏မူလရှိခဲ့သော ကိုယ်စားလှယ်အဖွဲ့အစားကြီးကြပ်ရေး၊ ကွပ်ကဲရေး၊ စောင့်ရှောက်ရေး၊ လေ့လာရေးကိစ္စများအတွက် ကိုယ်စားလှယ်အဖွဲ့ လေးဖွဲ့ကိုသီးခြားဖွဲ့စည်းကာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပေသည်။

**အီရတ်၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ပြဿနာ** – အီရတ်– ကူဝိတ်စစ်ပွဲ ပြီးဆုံးသည့်နောက်တွင် ကုလသမဂ္ဂ၏ အီရတ်နိုင်ငံအပေါ်ချမှတ်ခဲ့သည့် ပိတ်ဆို့ရေးဆုံးဖြတ်ချက်များကြောင့် အီရတ်ပြည်သူများ၏လူမှုရေး အကျပ်အတည်းများ တိုးပွားလာခဲ့ခြင်းကို ထောက်ထားကာ ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့တွင်လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၈၆ ( ၁၉၉၅ ) ကို ချမှတ် ကာ "စားနပ်ရိက္ခာအတွက်ရေနံ"ဟု အမည်တပ်သည့် ပုံသေနည်းကို

ဖော်ထုတ် ခဲ့သည်။ ထိုနည်းမှာ အီရတ်နိုင်ငံက ရက် ၉၀ လျှင် တစ်ကြိမ်ကျဒေါ်လာ (၁) ဘီလီယံတန်ဖိုးရှိ ရေနံများကို တင်ပို့ရောင်းချရန် ဖြစ်သည်။ ဤဆုံးဖြတ်ချက်ကို အီရတ်က လက်ခံဖော်ဆောင်ရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အီရတ်အစိုးရအား တိုက်တွန်းကာ ၁၉၉၅ ခုနှစ် ဇွန်လအတွင်း၌ အီရတ်အစိုးရနှင့် ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ရာ ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင်မှ ဆုံးဖြတ်ချက်အမှတ် ၉၈၆ ( ၁၉၉၅ ) ကို ဖော်ဆောင်ရေး အတွက် တရားဝင်ဆွေးနွေးစေ့စပ်မှုများ ပြုလုပ်ရန် အီရတ်အစိုးရ၏ သဘောတူညီချက်ကို ရရှိ ခဲ့ပေသည်။

ထို့နောက် ကုလသမဂ္ဂနှင့် အီရတ်အစိုးရအရာရှိများ၏ ဆွေးနွေးမှုများကို နယူးယောက်မြို့၌ ၁၉၉၆ ဖေဖော်ဝါရီ ၆ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့ကြရာ အထက်ပါ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အား ဖော်ဆောင်ရေး အတွက် နားလည်မှုသဘောတူစာချွန်လွှာတစ်ရပ်ကို မေလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးနှင့် အီရတ်အစိုးရတို့လက်မှတ် ရေးထိုးခဲ့ကြသည်။ ဆက်လက်၍ ဇူလိုင် ၁၅ ရက်နေ့တွင် အီရတ်အစိုးရက လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်အရ လိုအပ်သည့် ဝယ်ယူတင်သွင်းသော လူသုံးကုန်ပစ္စည်းများ ဖြန့်ချိရေးအစီအစဉ် တစ်ရပ်ကိုတင်ပြခဲ့ရာ ၎င်းကို အတွင်းရေးမှူးချုပ်က ဇူလိုင် ၁၈ ရက်နေ့တွင် အတည်ပြု ခဲ့ပေသည်။

ဤပြဿနာတွင် ပြေလည်မှုရရှိခဲ့သော်လည်း အီရတ်နိုင်ငံအား လက်နက်ဖြုတ်သိမ်းရေး အထူးကော်မရှင် (အန်စကုမ်း )၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်ကား ပြဿနာအခက်အခဲများစွာ ဆက်လက်ရင်ဆိုင် ကြုံတွေ့ခဲ့ရလေသည်။ အထူးကော်မရှင်မှ တိုင်ကြားတင်ပြချက်များအရ လုံခြုံရေးကောင်စီက ၁၉၉၆ခု၊ မတ်လ ၁၉ ရက်နေ့တွင် အီရတ်အစိုးရအား အထူးကော်မရှင်က စစ်ဆေးလိုသော နေရာဌာနအားလုံးသို့ ကော်မရှင်၏ စစ်ဆေးရေးအဖွဲ့များအား ဝင်ရောက်ခွင့်ပြုရန် တောင်းဆိုလိုက်သည်။ အီရတ်အစိုးရသည် ၁၉၉၆ခု ၊ မတ်လ ၉ ၊ ၁၁၊ ၁၄ နှင့် ၁၅ ရက်နေ့များတွင် စစ်ဆေးရေးအဖွဲ့များအား လုပ်ငန်းနှောင့်နှေးစေရန် ပြုလုပ်ခဲ့ကြောင်း လုံခြုံရေး ကောင်စီဥက္ကဋ္ဌက ပြောဆိုဖော်ပြခဲ့သည်။ သို့ဖြစ်စေကာမူ အထူးကော်မရှင်က စစ်ဆေးရေးအဖွဲ့များအနေဖြင့် စစ်ဆေးရန် အစီအစဉ် ၁၄၃ ခုအနက် နေရာပေါင်း သုံးပုံ တစ်ပုံတွင် ကြီးမားသောနှောင့်နှေးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ဧပြီလ ၁၁ ရက်နေ့တွင် ထပ်မံတင်ပြခဲ့ပြန်သည်။ ဤတွင် လုံခြုံရေးကောင်စီက ဇွန် ၁၂ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၁၀၆၀ (၁၉၉၆) ကို ချမှတ်သည့်အပြင် ဇွန်၁၄ ရက်နေ့တွင် ကောင်စီဥက္ကဋ္ဌ၏ ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ပြီး အီရတ်၏လုပ်ရပ်မှာ ကောင်စီ၏ ဆုံးဖြတ်ချက်များကို ပြောင်ပြောင်တင်းတင်း ရှင်းလင်း ပြတ်သားစွာ ဖောက်ဖျက်ခြင်းဖြစ်ကြောင်းဖော်ပြခဲ့သည်။

ထို့နောက်တွင် ကော်မရှင်ဥက္ကဋ္ဌသည် ကောင်စီ၏ မေတ္တာရပ်ခံချက်အရ ဘဂ္ဂဒက်မြို့သို့ သွားရောက်ကာ အီရတ်အစိုးရအာဏာပိုင်များနှင့် ဆွေးနွေးခဲ့ရာ သဘောတူညီမှုများရရှိ၍ အီရတ်ဒုတိယဝန်ကြီးချုပ် တာရစ် အဇစ္စနှင့်ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုး ခဲ့သည်။ ယင်းသဘောတူညီချက်အရ အီရတ်က ကော်မရှင်အနေဖြင့် စစ်ဆေးလိုသောနေရာဌာန အားလုံးသို့ ချို့ယွင်းချက်မရှိ၊အတားအဆီးမရှိ ချက်ချင်း ဝင်ရောက်ခွင့်ပြုရန် ကတိပေး၍ ကော်မရှင်ဘက်မှ စစ်ဆေးမှုများပြုရာ၌ အီရတ်၏တရားဝင်လုံခြုံရေး စိုးရိမ်ကြောင့်ကြမှုများကို အပြည့်အဝရိုသေလေးစား ဂရုထားရန် တာဝန်ယူခဲ့ပေ သည်။သို့ဖြင့်လင့်ကစား ကော်မရှင် အနေဖြင့် ဇူလိုင်လ၌ စစ်ဆေးမှုများတွင် အခက်ခဲများ ထပ်မံကြုံတွေ့ခဲ့ရပြန်သည်။ တွေ့ဆုံမေးမြန်းလိုသူ အချို့အား တွေ့ခွင့်မပေးသည့် အခက်အခဲများ ဖြစ်ပေါ်လာခဲ့သည်။

တစ်ဘက်တွင်ကားဘဂ္ဂဒက်မြို့တွင် အခြေစိုက်သည့် စောင့်ကြည့်ရေးနှင့် စိစစ်ရေးဌာနအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ဆက်လက် အောင်မြင်ခဲ့ပေသည်။ ဓာတုဗေဒဓာတ်ခွဲခန်းနှင့်ဇီဝဗေဒ အခန်းများထားရှိကာနည်းပညာပိုင်း၌ တိုးတက်လာခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်း အရည်အသွေး

မြင့်မားသော ကူညီထောက်ပံ့မှုများ အဆက်မပြတ်ပေးခဲ့ကြရာ ၁၉၉၆ မတ်လ ၂၇ ရက်နေ့တွင်လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၀၅၁ ( ၁၉၉၆) ကိုတညီတညွတ်တည်းချမှတ်ကာ အီရတ်နိုင်ငံက တားမြစ်ပိတ်ပင်ထားသော ပစ္စည်းနှင့် စွမ်းအားများ ပြန်လည်ရယူစုဆောင်းခြင်း မပြုနိုင်ရေးအတွက် အဆက်မပြတ်စောင့်ကြည့်စစ်ဆေးသွားမည့် သွင်းကုန် / ပို့ကုန်စောင့်ကြည့်ရေး ယန္တရား– စနစ်တစ်ခု သေချာစွာအပြည့်အဝရရှိရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို လှမ်းချီနိုင်ခဲ့ပေသည်။

**အာဖဂန်နစ္စတန် ပြည်တွင်းစစ်ပြဿနာ** – ၁၉၉၅– ၉၆ ခုနှစ်အတွင်း၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အာဖဂန်နိုင်ငံ အခြေအနေနှင့် စပ်လျဉ်း၍ ပွင့်လင်းသော အစည်းအဝေးများ ကျင်းပဆွေးနွေးခဲ့၏။ ကုလသမဂ္ဂ အဖွဲ့အစည်းများ ယူအင်ဒီပီနှင့် ယူနီဆက်တို့ကလည်း လူမှုသက်သာ ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့၏။ သို့သော် ပြည်တွင်းစစ်အခြေအနေကား တိုးတက်ပြေလျော့ ကောင်းမွန်လာခြင်း မရှိခဲ့ပေ။

အာဖဂန်နစ္စတန်ကို အဓိကကျသော စစ်အင်အားရှိ အုပ်စု သုံးစုက ပိုင်နိုင်စွာထိန်းချုပ်ထားကြ၏။ ယင်းတို့မှာ (၁)သမ္မတဘာဟာနူဒင်ရာဘာနီနှင့်၄င်း၏စစ်ဦးစီးချုပ် အာမက်ရှားမာဆွတ်၊ (၂) အဓိကအားဖြင့် နိုင်ငံ၏ မြောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီး ရာရှစ်ဒိုစတမ်နှင့် (၃) တောင်ဘက်နှင့်အရှေ့တောင်ပြည်နယ်များတွင် တာလီဘန် အုပ်စုတို့ဖြစ်၏ ။ သမ္မတရာဘာနီ၏ သက်တမ်းမှာ ၁၉၉၄ ဒီဇင်ဘာ ၂၈တွင် ကုန်ဆုံးခဲ့သော်လည်း ၁၉၉၅ နို ဝင်ဘာ ၆ ရက်နေ့တွင်မှ သမ္မတရာဘာနီက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သို့ဖြစ်စေ၊ ကော်မရှင်အဖွဲ့တစ်ဖွဲ့သို့ဖြစ်စေ အာဏာလွှဲပြောင်းပေးရန် ဆန္ဒရှိကြောင်း ကြေညာခဲ့ပြီး စစ် ခင်းနေကြသော အုပ်စုများနှင့် အခြားကြားနေအုပ်စုများအနေဖြင့် ကုလသမဂ္ဂ ဖျန်ဖြေမှုအောက်တွင် ဆွေးနွေးကြပြီး အာဏာလွှဲပြောင်းပေးရန်သင့်လျော်သော ယန္တရားတစ်ခုနှင့် နေ့ရက်အချိန်အခါတို့ကို သဘောတူညီကြရန် အကြံပြုကာ ၁၉၉၅ ၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ထိုယန္တရား၌ ပါဝင်ရန် ပုဂ္ဂိုလ်များ၏ စာရင်းတစ်စောင်ကို တင်ပြခဲ့၏။ သူ၏အဆိုပြုချက်များကို ဗိုလ်ချုပ်ကြီး ဒိုစတမ်က ကြိုဆိုခဲ့၏။ သို့ရာတွင် ကဘူးမြို့ဝန်းကျင်၌ အစိုးရနှင့် တာလီဘန်တပ်များအချင်းချင်း အပြင်းအထန် တိုက်ခိုက်မှုများ ဖြစ်ပွားပေါ်ပေါက်လာခဲ့၏။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင် အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အာဖဂန်ပြည်သူများသည် သူတို့၏ ပြည်တွင်းရေးများ၌ နိုင်ငံခြားစွက်ဖက်မှုများကို ပြင်းထန်စွာ ဆန့်ကျင် လျက်ပင်ရှိကြကြောင်း ထုတ်ဖော်အစီရင်ခံခဲ့ကြသည်။ အကြိမ် ၅၀ မြောက်ကုလသမဂ္ဂ ညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ချက် ၅၀ / ၈၈ ကို မဲမခွဲဘဲချမှတ်ပြီး အာဖဂန်ခေါင်းဆောင်များအား "အင်အားသုံးစွဲမှုကို စွန့်လွှတ်ကာ ၄င်းတို့၏ စိတ်ဝမ်းကွဲမှုများကို ငြိမ်းချမ်းသောနည်းများဖြင့် ဖြေရှင်းကြရန်" တိုက်တွန်းလိုက်သည့်အပြင် အာဖဂန်တို့အဖို့ အခွန့်ရှည်သော ဖြေရှင်းမှုတစ်ရပ်ရရှိရေးအတွက် ငြိမ်းချမ်းစွာ ဆွေးနွေးပြောဆိုကြပြီး ကိုယ်စားလှယ်ဘက်စုံ အပြည့်အဝ ပါဝင်၍ ကျယ်ပြန့်သောအခြေခံဖြင့် အာဏာရကောင်စီ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထူထောင်ရန် ထောက်ခံပြောကြားလိုက်သည်။

ထို့နောက် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက အာဖဂန်နိုင်ငံ၌ လက်နက်ကိုင် တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေကြခြင်းကို အလေးအနက်ရှုတ်ချကာ ပါဝင်တိုက်ခိုက်နေသော အုပ်စု များအား တိုက်ခိုက်မှုများကို ချက်ချင်းရပ်စဲကြရန် တောင်းခံလိုက်သည်။ လုံခြုံရေးကောင်စီက ကဘူးမြို့တွင်း မြို့ပြင်၌ အဝေးပစ်အမြောက်များဖြင့် ပစ်ခတ်မှုများနှင့် လေကြောင်း တိုက်ခိုက်မှုများ ဖိဖိစီးစီး တိုးပွားလုပ်ဆောင်ကာ မြို့တော်အား ဝိုင်းဝန်းပိတ်ဆို့ထားကြောင်း၊ ဤသို့အားဖြင့် အာဖဂန် နိုင်ငံရှိ ဒုက္ခသည် ၁ ဒသမ ၅ သန်းတို့အတွက် လူမှုအထောက်အပံ့များ မရနိုင်အောင် တားဆီးပိတ်ဆို့နေကြခြင်းကို အထူးစိုးရိမ်ကြောင်း ဖော်ပြခဲ့ပေသည်။

**ဆိုမားလီးယားပြည်တွင်းစစ်အခြေအနေ** – ဆိုမားလီးယား နိုင်ငံ၌ ၁၉၉၅ ခုနှစ်မတ်လ – လဦးပိုင်းတွင် ကုလသမဂ္ဂ တပ်ဖွဲ့ ရုပ်သိမ်းပြီးနောက် ပြည်တွင်းအခြေအနေမှာ နိုင်ငံအနောက်မြောက်ပိုင်းတွင် မငြိမ်မသက် ဖြစ်နေခဲ့သည်။ အီးဂဲအုပ်ချုပ်ရေးနှင့် ဆန့်ကျင်ဘက်အုပ်စုများ၏

တပ်ဖွဲ့များ မကြာခဏတိုက်ခိုက်ခဲ့ကြသည်။ အခြေအနေကို အိမ်နီးချင်း ကင် ညာ နိုင်ငံရှိ ကုလသမဂ္ဂနိုင်ငံရေးရုံး တစ်ရုံးက လေ့လာစောင့်ကြည့်နေခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် ဗိုလ်ချုပ်ကြီးမိုဟာမက် အိုင်ဒစ်နှင့် မိုဟာမက်အီးဂဲ ထောက်ခံသူများမှတစ်ပါး ဆိုမာလီအုပ်စု အများအပြားတို့ တွေ့ဆုံဆွေးနွေးပြီး အမျိုးသား ပြန်လည်သွေးစည်းညီညွတ်ရေးအစည်းအဝေး တစ်ရပ် ကျင်းပရေးအတွက် အခြေခံနိုင်ငံရေးအစီအစဉ် တစ်ရပ်ဖန်တီးရန် သဘောတူခဲ့ကြသည်။ စက်တင်ဘာလ အတွင်း၌လည်း နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်ကြသေးသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးအိုင်ဒစ်က ၄င်းအနေဖြင့် အစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဆွေးနွေးရန် ဖိတ်ခေါ်မှု အားလုံးကို ပယ်ချခဲ့သည်။ မည်သို့မဆို သူ၏ အစိုးရကို မည်သည့်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံကမျှ အသိအမှတ် မပြုခဲ့ပေ။ ၁၉၉၅၊ ဩဂုတ်လတွင်အိုင်ဒစ် အစိုးရ ၏ လက်နက်ဖျက် သိမ်းရေး လုပ်ရပ်ကြောင့် သူ၏ပြည်သူ့စစ်များနှင့် ဆိုမာလီကယ်တင်ရေး မဟာမိတ်အဖွဲ့ (အက်စ်အက်စ်အေ)၏ ပြည်သူ့စစ်များ စပ်ကြား ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၁၉၉၅ စက်တင်ဘာလတွင် ဗိုလ်ချုပ်ကြီးအိုင်ဒစ်သည် ဘိုင်ဒိုအာ မြို့ကို ဦးစွာသိမ်းပိုက်ပြီး ဟော့ဒါးမြို့ကို နောက်ထပ်သိမ်းယူခဲ့သည်။

၁၉၉၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က ဆိုမာလီအုပ်စုခေါင်းဆောင်များအနေဖြင့် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ထုတ် နိုင်ရိုဘီကြေညာချက်ပါ ကတိပြုချက်များအတိုင်း ဆောင်ရွက်ခြင်း မပြုကြသဖြင့် အခြေအနေမှာ မတိုးတက်ဘဲရှိနေကြောင်း လုံခြုံရေး ကောင်စီသို့ အစီရင်ခံတင်ပြခဲ့သည်။ ထို့နောက် ဆိုမာလီ ခေါင်းဆောင်အများအပြားတို့က ၄င်းတို့၏ငြိမ်းချမ်းရေး ဦးဆောင် လှုပ်ရှားမှုများအတွက် ကုလသမဂ္ဂမှ အားပေး ကူညီရန် အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့ကြသည်။ ဇန်နဝါရီ ၂၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဥက္ကဋ္ဌမိန့်ကြားချက် တစ်ရပ်ထုတ်ပြန်ကာ အခြေခံကျယ်ပြန့်သောအမျိုးသား အစိုးရအဖွဲ့တစ်ဖွဲ့တည်ထောင်နိုင်မည့်အမျိုးသားပြန်လည် သင့်မြတ်ပေါင်းစည်းမှု ရရှိရေးအတွက် ဆွေးနွေးကြရန် ဆိုမာလီ နိုင်ငံရေးခေါင်းဆောင်နှင့် ပါတီများအားလုံးသို့ တောင်းဆို လိုက်သည်။ အက်စ်အက်စ်အေအဖွဲ့များနှင့် ဥစမန်အက် တို ခေါင်းဆောင်သော ညီညွတ်သော ဆိုမာလီ ကွန်ဂရက် ဆိုမာလီအမျိုးသား မဟာမိတ်အဖွဲ့ (ယူအက်စ်စီ / အက်စ်အင်အေ) တို့က အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနှင့် လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက် တို့ကို ကြိုဆိုခဲ့ကြသော်လည်း ဗိုလ်ချုပ်ကြီး အိုင်ဒစ်က ၄င်းအား အစိုးရအကြီးအကဲအဖြစ် ဖိတ်ကြားမှ ၄င်း၏ အစိုးရ က ပါဝင်ဆွေးနွေးမည်ဟု ပြောကြားခဲ့ရာ ဆိုမာလီ ခေါင်းဆောင်များက ပယ်ချခဲ့ကြသည်။

မတ်လ – လဝက်ပိုင်းတွင် မစ္စတာဥစမန်အက်တိုနှင့် ဗိုလ်ချုပ်ကြီးအိုင်ဒစ်တို့၏ တပ်များမာကာဒေသတွင်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဧပြီလတွင် မိုဂါဒစ်ရှူးတောင်ပိုင်း၌ ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြသည်။ ဤအတောအတွင်း အတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီသည် ဧပြီ ၃၀ ရက်နေ့တွင် နိုင်ရိုဘီမြို့သို့ သွားရောက်ကာ ဗိုလ်ချုပ်ကြီး အိုင်ဒစ်နှင့် မစ္စတာအီးဂဲတို့မှတစ်ပါး အခြားဆိုမာလီခေါင်းဆောင် အများအပြားနှင့် တွေ့ဆုံပြီး ကုလသမဂ္ဂအနေဖြင့် အမိန့်ရှာန် ပြုထားသည့်အတိုင်း ဆိုမာလီပြဿနာကို ဖြေရှင်းပေးရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။ ထိုနောက် မကြာမီ ဇွန်လနှင့် ဇူလိုင်လများတွင် ဗိုလ်ချုပ်ကြီးအိုင်ဒစ်သည် မိုဂါဒစ်ရှူးဒေသရှိ မေဒီနာခရိုင်တွင် အဗ္ဗဂယ်ပြည်သူ့စစ်များ၏ တပ်မှူးမှုဆယ်ဆူဒီနှင့်လည်းကောင်း၊ မိုဂါဒစ်ရှူး တောင်ပိုင်းတွင် မစ္စတာအက်တိုနှင့်လည်းကောင်း ၊ မိုဂါဒစ်ရှူးအား တောင်နှင့်မြောက် ပိုင်းခြားထားသောနေရာ၌ မစ္စတာ မာဒီနှင့်လည်းကောင်း ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ဇူလိုင်လအကုန်ပိုင်းတွင် ဗိုလ်ချုပ်ကြီး အိုင်ဒစ်သည် တိုက်ပွဲတစ်ခု၌ ထိခိုက်ဒဏ်ရာရရှိပြီး ယင်းဒဏ်ရာဖြင့် သေဆုံးသွားခဲ့လေသည်။

ဗိုလ်ချုပ်ကြီး အိုင်ဒစ်သေဆုံးသည်နှင့်တစ်ပြိုင်နက် မစ္စတာ မာဒီနှင့် မစ္စတာ အက်တိုတို့က ချက်ချင်းတစ်ဘက်သတ် အပစ်အခတ်ရပ်စဲမှုတစ်ရပ် ကြေညာပြီး ဆိုမာလီ မျိုးနွယ်စုအားလုံးအား ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်း

ဦးတည်လျှောက်လှမ်းကြရန် တိုက်တွန်းတောင်းခံခဲ့ကြပေသည်။ သူတို့က ဗိုလ်ချုပ်အိုင်ဒစ်အား ထောက်ခံသူများအား "အစိုးရ" ဖွဲ့စည်းလုပ်ဆောင်မှု ရပ်တည်ချက်ကို စွန့်လွှတ်၍ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးတွင် ပါဝင်ရန်ပန်ကြားခဲ့ကြသော်လည်း သူ၏ဖခင်၏ အရိုက်အရာကို ကျမ်းကျိန်ကာဆက်ခံခဲ့သည်ဆိုသော ဗိုလ်ချုပ်အိုင်ဒစ်၏ သားတစ်ဦးဖြစ်သူ ဟူစိန်မိုဟာမက်အိုင်ဒစ်က ဗိုလ်ချုပ်ကြီး အိုင်ဒစ်၏ မူဝါဒများကို လိုက်နာကျင့်သုံး၍ ပြည်တွင်းပြည်ပ ရန်သူများအား ချေမှုန်းသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပေသည်။

ဆိုမာလီးယား၏ အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆိုမာလီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂနိုင်ငံရေးရုံးအဖွဲ့အား အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)၊ အာရပ်နိုင်ငံများအဖွဲ့ချုပ် (အယ်အေအက်စ်)၊ အစ္စလမ်ကွန်ဖရင့်အဖွဲ့ (အိုအိုင်စီ)နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့နှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြား ခဲ့ပေသည်။

**ရဝမ်ဒါပြည်တွင်းရေးနှင့် ဒုက္ခသည်များပြဿနာ –** အာဖရိကတိုက် အရှေ့အလယ်ပိုင်း၌ ဇိုင်ယာ၊ ဘူရွန်ဒီနှင့် ယူဂန္ဒာနိုင်ငံတို့ ဝန်းရံတည်ရှိသော ရဝမ်ဒါနိုင်ငံ၌ ၁၉၉၄ ဧပြီလတွင် မျိုးတုံး မျိုးသုဉ်းသတ်ဖြတ်မှုများ ဖြစ်ပွားကာ ပြည်တွင်းစစ်ပြီးဆုံးခဲ့ပြီးနောက် ၁၉၉၅ – ၉၆ ခုနှစ်အတွင်း ပြည်တွင်းအခြေအနေမှာ ယေဘုယျအားဖြင့် ငြိမ်သက်တည်တံ့ခဲ့သည်။ ရဝမ်ဒါအစိုးရ၏ မေတ္တာရပ်ခံချက်နှင့် လုံခြုံရေးကောင်စီ၏ ၁၉၉၅ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၁၀၂၉ (၁၉၉၅) အရ ရဝမ်ဒါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီထောက်ပံ့ရေးအဖွဲ့ (မူနာမီ) ကို ၁၉၉၆ မတ် ၈ ရက်နေ့တွင် ရဝမ်ဒါနိုင်ငံမှ ရုပ်သိမ်းခဲ့သည်။ ထို့နောက် ၁၉၉၅ ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ချမှတ်သော ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၀/၅၈(အယ်လ်)အရ အတွင်းရေးမှူးချုပ်က ရဝမ်ဒါအစိုးရနှင့် ဆွေးနွေးပြီး ရဝမ်ဒါအစိုးရ၏ သဘောတူလက်ခံချက်နှင့် မတ်လ ၈ ရက်နေ့တွင် ချမှတ်သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် – ၁၀၅၀ (၁၉၉၆) တို့အရ ရဝမ်ဒါနိုင်ငံ၌ ကုလသမဂ္ဂရုံးတစ်ရုံးကို ဦးစွာပထမ ခြောက်လတာကာလအတွက် ဖွင့်လှစ်တည်ထောင် ခဲ့ပေသည်။

သို့သော်လည်း ယခင် ရဝမ်ဒါအစိုးရ၏ တပ်ဖွဲ့များနှင့် အင်တီရာဟမ်ဝေ ပြည်သူ့စစ်များ၏ ပြောက်ကျားလှုပ်ရှားမှုများကြောင့် ရဝမ်ဒါအစိုးရ၏ ပြည်တွင်းနိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးများကို ပုံမှန်ဖြစ်စေရန် ကြိုးပမ်းအားထုတ်မှုများမှာ များစွာ ခရီးမရောက်ဖြစ်ခဲ့ရသည်။ ပြောက်ကျားများ၏ လှုပ်ရှားမှုများနှင့် အစိုးရဘက်မှ တန်ပြန်တိုက်ခိုက်မှုများမှာ ဇိုင်ယာနိုင်ငံနှင့် ဆက်စပ်ရာ နယ်ခြားဒေသများ၌ အများဆုံးဖြစ်ပွားခဲ့သည်။ ထိုဒေသများတွင် လူပေါင်းများစွာ ခိုဝင်ကြပြီး မိုင်းဗုံးများသုံးကာ ဖျက်လိုဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသဖြင့် အခြေအနေတင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်ဟု အစိုးရကဆိုသည်။ ၁၉၉၆ ပထမပိုင်းတွင်မျိုးတုံးမျိုးသုဉ်းသတ်ဖြတ်မှုများ၌ အသက်မသေ ကျန်နေသူများအား တိုက်ခိုက်မှုများ ( အနည်းဆုံး ၉၈ ကြိမ်နှင့် သေဆုံးသူ အနည်းဆုံး ၈၅ ဦး) ရှိခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဧပြီ ၁၈ ရက်နေ့တွင်ရဝမ်ဒါအစိုးရက ပြည်တွင်းရှိဂီကွန်ဂိုရိုဒေသတွင် ရပ်ပြေး ရွာပြေးဒုက္ခသည်များစုဝေးနေထိုင်ရာ စခန်းရှစ်ခုကို ပိတ်သိမ်းရန် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်ခဲ့ရာ စခန်းခုနစ်ခုမှာ အခက်အခဲမရှိသလောက် ချောမောစွာ ပိတ်သိမ်းပြီးစီးသွားခဲ့သည်။ လူပေါင်း ၈၀၀၀၀ခန့်ရှိ ကီဘီဟိုအရပ်တွင်မူကား ဧပြီ ၂၂ ရက်နေ့တွင် အစိုးရတပ်များ၏ ပစ်ခတ်မှုများ၊ စခန်းမှထွက်ခွာလိုသူများအား မထွက်ခွာစေလိုသူများက တိုက်ခိုက်မှုများ၊ ပြေးလွှားသူများအချင်းချင်း နင်းမိမှုများကြောင့် လူပေါင်း ၂၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရာ ဧပြီလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထိုဖြစ်ရပ်ကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချ၍ ရဝမ်ဒါအစိုးရက စုံစမ်းရေးပြုလုပ်ပြီး တာဝန်ရှိသူများအား အရေးယူရန် စီမံဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇွန် ၅ ရက်နေ့တွင် ရဝမ်ဒါ ပြည်တွင်းအခြေအနေမှာ ထူးထူးခြားခြား ပြောင်းလဲသွားပြီ

ဖြစ်ကြောင်း၊ သို့ရာတွင်အမျိုးသား ပြန်လည်ပေါင်းစည်း ညီညွတ်မှုတွင်ကား သိသိသာသာတိုးတက်ခြင်းမရှိသေးဘဲ တင်းမာနေဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ယခင်အစိုးရ ဘက်သားများက ရဝမ်ဒါနိုင်ငံအတွင်းသို့ပိုမို ထိုးဖောက် ဝင်ရောက်ကာ စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည့် သတင်းများကြောင့်"ကြီးစွာစိုးရိမ်မကင်း ဖြစ်ရကြောင်း" လုံခြုံရေးကောင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်တွင်းစစ်ပြီးဆုံးပြီးသည့်နောက် ၁၉၉၄ ဇူလိုင် ၁၉ ရက်မှ စ၍ ရဝမ်ဒါအစိုးရ၏ အဓိက ပြဿနာကြီးတစ်ရပ်မှာ နိုင်ငံ ပြင်ပရောက် ရဝမ်ဒါဒုက္ခသည် ၂,၀၀၀,၀၀၀ (နှစ်သန်း)နှင့် ပြည်တွင်း၌ ရပ်ပစ်ရွာပစ်ထွက်ပြေး တိမ်းရှောင်ခဲ့သူ ဒုက္ခသည် ၂၀၀,၀၀၀ (နှစ်သိန်း) တို့ အနေဖြင့် သူတို့၏နေရင်း ရပ်ရွာများသို့အန္တရာယ်ကင်းရှင်းစွာ ပြန်လာနိုင်ရေးပင် ဖြစ်သည်။ ၁၉၉၅ ဩဂုတ်လတွင် ဇိုင်ယာနိုင်ငံက ရဝမ်ဒါ ဒုက္ခသည် ၁၃,၀၀၀ ခန့်ကို အတင်းနှင်ထုတ်ခဲ့ရာ ရဝမ်ဒါ အစိုးရက ကောင်းစွာလက်ခံ၍ ပြန်လည် နေရာချထားပေးခဲ့သည်။ ၁၉၉၆ ဇူလိုင်လတွင်လည်း ဘူရွန်ဒီနိုင်ငံမှ ဒုက္ခသည် ၁၅,၀၀၀ခန့် နှင်ထုတ်ခဲ့သည်။ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်စသည့်အဖွဲ့အစည်းများက ရဝမ်ဒါ၏အိမ်နီးချင်း အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ရဝမ်ဒါဒုက္ခသည်များ အရေအတွက်မှာ ဇိုင်ယာနိုင်ငံတွင် ၁ ဒသမ ၁ သန်းခန့်၊ တန်ဇားနီးယား နိုင်ငံတွင် ၅၅၁,၀၀၀ ခန့်နှင့် ဘူရွန်ဒီနိုင်ငံတွင် ၉၇,၀၀၀ ခန့်ရှိနေသေးသည်။

၁၉၉၅ ခုနှစ်စက်တင်ဘာ ၇ ရက်နေ့တွင် ချမှတ်ခဲ့သည့်လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၀၁၃ (၁၉၉၅) အရ ယခင်ရဝမ်ဒါအစိုးရ၏ တပ်ဖွဲ့များအား စစ်ဘက်လေ့ကျင့်မှုများနှင့် လက်နက်များလွှဲပြောင်း ပေးခြင်း ပြုနေသည်ဟူသောသတင်းများကို ကုလသမဂ္ဂမှ စုံစမ်းခဲ့ရာ ၁၉၉၆ ဇန်နဝါရီ ၂၉ ရက်နေ့တွင် တင်ပြသည့် စုံစမ်းရေးအဖွဲ့အစီရင်ခံစာအရ ရဝမ်ဒါနိုင်ငံသားများသည် ရဝမ်ဒါ နိုင်ငံတွင်းသို့ ချင်းနင်းဝင်ရောက် နှောင့်ယှက် တိုက်ခိုက်ရေးအတွက် စစ်ရေးလေ့ကျင့်ပေးမှုများ ရရှိနေကြောင်း သိရှိခဲ့ရပြီး မတ်လ ၁၄ ရက်နေ့အစီရင်ခံစာ၌ ကုလသမဂ္ဂ၏ လက်နက်ပိတ်ဆို့မှုကို ကျူးလွန်၍ ၁၉၉၄ ဇွန် ၁၇ နှင့် ၁၉ ရက်နေ့များတွင် ဇိုင်ယာနိုင်ငံ၏ ဂိုမာလေဆိပ်သို့ သွင်းယူခဲ့သောတန်ချိန် ၈၀ ကျော်ရှိသည့် ရိုင်ဖယ်သေနတ်၊ လက်ပစ်ဗုံးနှင့်ကျည်ဆန်များကို ထိုစဉ်က ရဝမ်ဒါနိုင်ငံ ဂီဆင်ယီအရပ်ရှိ ရဝမ်ဒါအစိုးရတပ်များသို့ လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။

ရဝမ်ဒါနိုင်ငံ၌ အခြေအနေ တိုးတက်တည်ငြိမ်လာသော်လည်း ရေအိုင်ကြီးများဒေသတွင် တင်းမာမှုနှင့် မတည်ငြိမ်မှုများ ပိုမိုလွှမ်းမိုးလာခဲ့သည်။ ရဝမ်ဒါနှင့် ဇိုင်ယာနှင့် ကင်းယားနိုင်ငံများ၏ ဆက်ဆံမှုများ ယိုယွင်းကျဆင်းလာခဲ့သည်။ အတွင်းရေးမှူးချုပ်၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ဒေသဆိုင်ရာ မျက်နှာစုံညီ အစည်းဝေးတစ်ရပ် ကျင်းပရန် စီစဉ်အားထုတ်ဆောင်ရွက်မှုမှာ မအောင်မြင်ခဲ့ပေ။ ၁၉၉၅ နိုဝင်ဘာ ၂၈ ရက်တွင်မူ ယခင်အမေရိကန်သမ္မတဂျင်မီကာတာ၏ စည်းရုံးမှုဖြင့်ဘူရွန်ဒီ၊ ရဝမ်ဒါ၊ ယူဂန်ဒါနှင့် ဇိုင်ယာတို့၏ နိုင်ငံခေါင်းဆောင်များနှင့်တန်ဇားနီးယား၏ကိုယ်စားလှယ် တစ်ဦးတို့ကိုင်ရိုမြို့၌တွေ့ဆုံဆွေးနွေးကြပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ပြန်လည်ပေါင်းစည်း ညီညွတ်ရေး၊တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးရေးတို့အတွက် ခိုင်မာသောစီမံဆောင်ရွက်မှုများ ပြုလုပ်ကြရန် ကတိကဝတ် ပြုခဲ့ကြသည်။ အလားတူ ဒုတိယမြောက် မျက်နှာစုံညီ အစည်းအဝေးကို တူးနစ်မြို့၌ ၁၉၉၆ မတ်လ ၁၆ မှ ၁၈ ရက်နေ့အထိ ကျင်းပခဲ့ကြသည်။

## လက်နက်ဖျက်သိမ်းရေး

**ပထမကော်မတီ** – အကြိမ် (၅၀)မြောက် အထွေထွေ ညီလာခံ၌ ပထမကော်မတီက စစ်အေးလွန်ကာလဆိုင်ရာ လက်နက်ဖျက်သိမ်းရေးနှင့် လုံခြုံရေးကိစ္စများကို ဆွေးနွေးသုံးသပ်ရာ၌ ဆုံးဖြတ်ချက် ၄၆ ခုနှင့်အတည်ပြုချက် ၃ ခုကို ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်၄၆ ခု အနက် ၂၂ ခုမှာ မဲမခွဲဘဲ ချမှတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

**အင်တီဘီစာချုပ်** – ၁၉၉၅ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် အကြိမ် (၅၀)မြောက် ညီလာခံကြီးကဆုံးဖြတ်ချက် ၅၀/၆၅

ကို ချမှတ်၍ ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ နိုင်ငံတကာ အချင်းချင်းအပြန်အလှန် ထိရောက်စွာ စိစစ်နိုင်သည့် ပြီးပြည့်စုံသော နျူးကလီးယားစမ်းသပ်မှု ပိတ်ပင်ရေးစာချုပ် ( အင်တီဘီ) ချုပ်ဆိုရေးသည် အမြင့်ဆုံးဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ကြောင်း ကြေညာပြီးလျှင် ၅၁ ကြိမ်မြောက် အထွေထွေညီလာခံ စတင်ကျင်းပချိန်၌ လက်မှတ်ရေးထိုးနိုင်ကြရန် နိုင်ငံအားလုံး အထူးသဖြင့် နျူးကလီးယားလက်နက်ပိုင် နိုင်ငံများက ယင်းစာချုပ်ကို ချုပ်ဆိုကြရန်တောင်းခံလိုက်သည်။ ထို့အပြင်ညီလာခံ ကြီးက လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် ( စီအိုဒီ) အားလည်း ၁၉၉၆ ခုနှစ်တွင် ဖြစ်နိုင်သမျှအမြန်ဆုံး အင်တီဘီ စာချုပ်တစ်ခု ချုပ်ဆိုရန်တောင်းခံလိုက်သည်။

**နျူးကလီးယားလက်နက် စမ်းသပ်မှုနှင့်ထုတ်လုပ်မှု** – အထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် ၅၀/၇၀ (အေ) ကိုချမှတ်ပြီးလျှင်လက်ရှိ "နျူးကလီးယားစမ်းသပ်မှု အားလုံး"ကို ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ ယင်းစမ်းသပ်မှု များကို ချက်ချင်းရပ်ဆိုင်းကြရန် ပြင်းထန်စွာ တိုက်တွန်း ခဲ့သည်။ ထို့အပြင် ထိုနျူးကလီးယားလက်နက်များအား သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း ဖျက်သိမ်း ပစ်ရေးကိုအန္တိမ ရည်ရွယ်ချက်ထားကာ နျူးကလီးယား လက်နက်ပိုင်နိုင်ငံများက ကမ္ဘာတစ်ဝန်းလုံးတွင် ၄င်း လက်နက်များကို လျှော့ချရေးအတွက် စနစ်တကျတိုးတက် အားထုတ်လုပ်ဆောင်ကြရန် တောင်းခံလိုက်သည်။ နျူးကလီးယားလက်နက်ထိပ်ဖူးများနှင့် သယ်ပို့ရေးစနစ် များအား တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ ဖန်တီး ခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်လုပ်ခြင်းများကို ချက်ချင်း ရပ်စဲကြရန် ၄င်းနိုင်ငံများအား တောင်းခံလိုက်သည်။

**နျူးကလီယားမဲ့နိုင်ငံများ နျူးကလီးယားလက်နက်ဒဏ် မခံစားရရေး** – အထွေထွေညီလာခံက ၄င်း၏ဆုံးဖြတ်ချက် အမှတ် ၅၀/ ၆၈ တွင် လက်နက်ဖျက်သိမ်းရေးကွန်ဖရင့် ( စီအိုဒီ ) ၌ နျူးကလီးယား လက်နက်မဲ့နိုင်ငံများအပေါ် ၄င်းလက်နက်များအသုံးပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရေး နိုင်ငံတကာ ကွန်ဗင်းရှင်းသဘောတူ စာချုပ် ချုပ် ဆိုရန် အကြံအစည်ကို မူအားဖြင့် ကန့်ကွက်မှုမရှိဟူသော အချက်ကို ကျေနပ်အားရစွာ မှတ်သားပြီးလျှင် ဤအရေးကို တရားဥပဒေ သဘောအရ တာဝန်ခံယူမှု ရှိစေမည့် အပြည်ပြည်ဆိုင်ရာ ဟချုပ်စာတမ်းတစ်ရပ်၌ ထည့်သွင်း နိုင်မည့်အားလုံးနှင့် သက်ဆိုင်သော နည်းလမ်းတစ်ရပ်နှင့် ပတ်သက်၍ သဘောတူညီချက် ဆောလျင်စွာရရှိကြရန် မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

**နျူးကလီးယားမဲ့ဒေသများ ဖန်တီးဖြစ်ပေါ်မှု** – နျူး ကလီးယားမဲ့ ဒေသများ ဖန်တီးကြခြင်းသည် နျူး ကလီးယားမဲ့ ကမ္ဘာဖြစ်ပေါ်ရေး ပန်းတိုင်သို့တိုးတက် လှမ်းချီသော ခြေလှမ်းများပင်ဖြစ်ကြသည်။ (က) ၁၉၉၅ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အရှေ့တောင်အာရှ နျူး ကလီးယားမဲ့ဒေသစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ (ခ) ၁၉၉၆ ဧပြီလ ၁၁ ရက်နေ့တွင် အာဖရိကတိုက် နျူးကလီးယားမဲ့ဒေသစာချုပ် ( ပေလင်ဒါဘာစာချုပ်) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ (ဂ) ၁၉၉၆ မတ်လ ၂၅ ရက်နေ့တွင် ၁၉၈၆ တောင်ပစိဖိတ်သမုဒ္ဒရာ နျူးကလီးယား မဲ့ ဒေသစာချုပ် (ရာရိုတွန်ဂါစာချုပ်) ဆိုင်ရာ အခြေပြု သဘောတူစာချုပ်အား ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤတွင် နျူးကလီးယားလက်နက်ပိုင် အားလုံးသောငါးနိုင်ငံတို့သည် ယင်းစာချုပ်ဝင် နိုင်ငံများ ဖြစ်လာခဲ့ကြသည်။

အကြိမ် (၅၀) မြောက် အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၅၀/ ၇၈ ကို ချမှတ်ကာ ၁၉၉၅ ခုနှစ်၊ ဇွန်လတွင် အက်ဒစ္စအဘာဘာမြို့၌ကျင်းပသော အာဖရိက ညီညွတ်ရေးအဖွဲ့ကြီးက အတည်ပြုခဲ့သည့် အာဖရိကတိုက် နျူးကလီးယားမဲ့ဒေသစာချုပ် ( ပေလင်ဒါဘာစာချုပ်) အား သမိုင်းရေးရာမှတ်သားဖွယ် အရေးကြီးသောဖြစ်ရပ် အဖြစ် ချီးကျူးဖော်ပြခဲ့သည်။ သို့သော်လည်း ညီလာခံကြီး က အာဖရိကနိုင်ငံများအနေဖြင့် နျူးကလီးယားစွမ်းအင်ကို ငြိမ်းချမ်းရေးကိစ္စများအတွက် အသုံးပြုပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုခဲ့သည်။

ထိုမှတစ်ပါး ညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၅၀/ ၆၆ ကို ချမှတ်ကာ အရှေ့အလယ်ပိုင်း ဒေသကို လည်းကောင်း၊ ဆုံးဖြတ်ချက်အမှတ် ၅၀/ ၆၇ ဖြင့် တောင်အာရှဒေသကိုလည်းကောင်း နျူးကလီးယားမဲ့ဒေသ များအဖြစ် ဖန်တီးကြရန် တိုက်တွန်း ဆော်ဩလိုက်သည်။

၁၉၆၇ ခုနှစ်တွင်ချုပ်ဆိုခဲ့သော လက်တင်အမေရိက နှင့် ကာရီဘီယန်ဒေသတွင် နျူးကလီးယားလက်နက်များအား တားမြစ်ပိတ်ပင်သည့်စာချုပ် ( တလာတီလိုကို စာချုပ်) သို့ စင်တာလူစီယာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခြင်းနှင့် ၁၉၉၅ ဧပြီ ၁၈ ရက်နေ့တွင် စိန့်ကစ်နှင့်နေးဗစ်နိုင်ငံက ၄င်းစာချုပ်အား အတည်ပြုခြင်းတို့ကို ညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၅၀/၇၇ ဖြင့် ကျေနပ်ဝမ်းမြောက်ကြောင်း မှတ်သားဖော်ပြခဲ့သည်။

**လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်** – ဂျီနီဗာမြို့၌ အခြေစိုက်သည့်ဤကွန်ဖရင့်သည် ၁၉၉၅ ခုနှစ်အတွက် ၄င်း၏ အစည်းအဝေးများကို ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ မှ ဧပြီ ၇ အထိ တစ်ကြိမ်၊ မေ ၂၉ မှ ဇူလိုင် ၇ အထိတစ်ကြိမ်၊ ဇူလိုင် ၃၁ မှစက်တင်ဘာ ၂၂ အထိ တစ်ကြိမ် သုံးကြိမ် ကျင်းပခဲ့သည်။

ဂျီနီဗာမြို့၌ ဇန်နဝါရီလတွင် စတင်ကျင်းပသည့် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီသည် မတ်လ ၁၉ ရက်နေ့တွင် တက်ရောက်ပြီးလျှင် ပြီးပြည့်စုံသော နျူးကလီးယား စမ်းသပ်မှု ပိတ်ပင်ရေးစာချုပ်ကို အကြိမ် (၅၀) မြောက် ညီလာခံကြီး၏ လိုလားချက်အတိုင်း ၅၁ ကြိမ်မြောက် ညီလာခံကြီး အစပိုင်းတွင် လက်မှတ်ရေးထိုးနိုင်ကြစေရန် ၁၉၉၆ ခုနှစ် ဇွန်လတွင် မပျက်မကွက် အပြီးသတ်ပြုလုပ်ကြရန် အဖွဲ့ဝင်များအား တိုက်တွန်းနှိုးဆော်ခဲ့ပေသည်။ ဤစာချုပ်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၊ရုရှားဖယ်ဒရေးရှင်း၊ ပြင်သစ် ၊တရုတ်နှင့် ယူကရိန်းနိုင်ငံတို့က ထောက်ခံ ပြောဆိုခဲ့ကြသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံက လိုလားသော သဘောမရှိခဲ့ပေ။ နျူးကလီးယားပိတ်ပင်မှုသည် နျူးကလီးယားလက်နက်များအား အရည်အချင်း တိုးတက်မြင့်မားအောင် ပြုလုပ်ခြင်းအား ရပ်ဆိုင်းပစ်မှု ဖြစ်လာစေရမည် ဖြစ်ကြောင်း၊ ထို့အပြင် သတ်မှတ်ထားသော အချိန်ကာလ အပိုင်းအခြားတစ်ခုအတွင်း နျူးကလီးယားလက်နက်များ အမှန်တကယ် ဖျက်သိမ်းပစ်ကြရန် တောင်းခံမှုရှိစေရမည် ဖြစ်ကြောင်း အိန္ဒိယက အဆိုပြုတင်ပြခဲ့သည်။ မည်သို့မဆို မတ်လ ၂၈ ရက်နေ့တွင် နျူးကလီးယား စမ်းသပ်မှု ပိတ်ပင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ သဘာပတိက ပြီးပြည့်စုံသော စမ်းသပ်မှုပိတ်ပင်ရေး စာချုပ်မူကြမ်း တစ်စောင်အတွက် အကြမ်းထည်ကို ကော်မတီအစည်းအဝေးသို့ တင်ပြခဲ့သည်။

**ပြီးပြည့်စုံသော နျူးကလီးယားစမ်းသပ်မှု ပိတ်ပင်ရေးစာချုပ်အတည်ပြုခြင်း** – ၁၉၉၆ စက်တင်ဘာ ၁၀ ရက်နေ့တွင် အကြိမ် ( ၅၀ ) မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက ပြီးပြည့်စုံသော နျူးကလီးယားစမ်းသပ်မှု ပိတ်ပင်ရေးစာချုပ်ကို ထောက်ခံမဲ ၁၅၈ မဲ၊ ကန့်ကွက်မဲ ၃ မဲ (အိန္ဒိယ၊ ဘူတန်၊ လစ်ဗျား) နှင့် မဲမပေးသူ ၅ နိုင်ငံ (ကျူးဘား၊ လက်ဗနွန်၊ဆီးရီးယား၊ တန်ဇားနီးယား၊ မောရိရှ) ဖြင့် အတည်ပြုလိုက်သည်။ တစ်ချိန်တည်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ထိုစာချုပ်ကို ထိန်းသိမ်းသူအဖြစ် တာဝန်ပေးအပ်၍ စာချုပ်ကိုလက်မှတ် ရေးထိုးရေးအတွက် ကုလသမဂ္ဂဌာနချုပ်တွင် ဖြစ်နိုင်သမျှ အစောဆုံး ဖွင့်လှစ်ထားရှိရန် မေတ္တာရပ်ခံလိုက်သည်။ ဤစာချုပ်သည် နျူးကလီးယားလက်နက် ဖျက်သိမ်းရေးနှင့်တကွ အနာဂတ်တွင် ကမ္ဘာ့မြေပြင်မှ နျူးကလီးယား လက်နက်အားလုံး ဖယ်ရှားရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ဖော်ပြကာ နျူးကလီးယားလက်နက်ပိုင် နိုင်ငံများနှင့် လက်နက်မဲ့ နိုင်ငံများအားလုံးအား ဤစာချုပ်ကို လက်မှတ်ရေးထိုးကြရန်နှင့် ဤစာချုပ် အလျင်အမြန် အာဏာသက်ဝင် အတည်ဖြစ်လာရေးအတွက် ဖြစ်နိုင်သမျှ အစောဆုံး လိုအပ်သကဲ့သို့ အတည်ပြုဆောင်ရွက်ကြရန် တိုက်တွန်းပန်ကြားလိုက်သည်။

ဤစာချုပ်ကို အမေရိကန်၊ တရုတ်၊ ပြင်သစ်၊ရုရှားဖယ်ဒရေးရှင်းနှင့် ဗြိတိန်တို့က ၁၉၉၆ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုး ခဲ့ကြသည်။

## ကုလသမဂ္ဂ ဘဏ္ဍာရေးပြဿနာ

**ပြဿနာပုံစံနှင့် အဝန်းအတာ** – အကြိမ် (၅၀) မြောက် အထွေထွေညီလာခံ အစည်းအဝေးကာလတစ်လျှောက်လုံးကို လွှမ်းမိုးခဲ့သော ရေးရာများမှာ ကုလသမဂ္ဂအဖွဲ့

ကြီးအား ပြုပြင်ပြောင်းလဲဖွဲ့စည်းရေးနှင့် အဖွဲ့ကြီး၏ ဘဏ္ဍာရေး အခြေအနေတို့ပင် ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အစီရင်ခံတင်ပြခဲ့ပေသည်။ များမကြာသေးသော နှစ်များအတွင်းက ကုလသမဂ္ဂ၏ ပြိုလုတဲတဲ ဘဏ္ဍာရေးအခြေအနေသည် ၎င်း၏ အခြေခံ လုပ်ငန်း၊ ပြုပြင်ပြောင်းလဲရေးနှင့် အားသစ်လောင်းရေး တို့အတွက် အတားအဆီး အနှောင့်အယှက်တစ်ခု ဖြစ်နေခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့သည်။

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ လညီးပိုင်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီနှင့် ဒုတိယ အတွင်းရေးမှူးချုပ် (စီမံခန့်ခွဲရေး) ဂျိုးဇက်အီးကွန်နောတို့က ကုလသမဂ္ဂ၏ ဘဏ္ဍာရေး အခက်အခဲများကို ထုတ်ဖော် တင်ပြကာ ကုလသမဂ္ဂသည် ဒေဝါလီခံရလုနီးနီး ရှိနေ ကြောင်း ပြောကြားခဲ့ကြ၏။ အတွင်းရေးမှူးချုပ်က "ကုလသမဂ္ဂ၏ ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်း ခြင်း မပြုကြလျှင် ကုလသမဂ္ဂ၏ကံကြမ္မာသည် အန္တရာယ် ရှိနေသည်" ဟူ၍ ဖော်ပြပြီးလျှင် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဘဏ္ဍာရေးအခြေ အနေ ပြန်လည်တောင့်တင်း ကောင်းမွန်လာရေးအတွက် ဘက်စုံစီမံချက်တစ်ရပ် ချမှတ်ရန် ၁၉၉၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ နောက်ဆက်တွဲ အစည်းအဝေး သို့မဟုတ် အစည်းအဝေးတစ်ရပ် ကျင်းပရန် တောင်းဆိုခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် ဇန်နဝါရီလ အကုန်တွင် ၎င်းတို့၏ နှစ်စဉ်ထည့်ဝင်ကြေးများကို ထည့်ဝင်ကြရမည် ဖြစ်သည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ အကုန်တွင် အဖွဲ့ဝင် ၁၈၅ နိုင်ငံအနက် ၁၀ နိုင်ငံမျှသာ လွှန်ခဲ့သည့် ကာလများအတွက် အပြေအကျေပေးကြပြီး ဖြစ်သည်။ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် မစ္စတာ ဂျိုးဇက်အီးကွန်နောက ဘဏ္ဍာရေးပြဿနာဆိုင်ရာ အလုပ်အဖွဲ့ကို တင်ပြရာ၌ ကုလသမဂ္ဂသည် "ဒေဝါလီခံ ရမည့် အခြေအနေသို့ လျှောကျသက်ဆင်းနေကြောင်း၊ အဖွဲ့ဝင်များက ကုလသမဂ္ဂအား ရစရာထက်ပေးစရာက ပိုမိုအောင် ပြုလုပ်နေကြကြောင်း၊ ၁၉၉၆ ခုနှစ် ဇွန်၃၀ ရက်တွင် ကုလသမဂ္ဂ အဖွဲ့ကြီး၏ လက်ရှိငွေကြေးသည် တစ်ဆက်တည်း ဖောက်ထိုးကျဆင်းစ ပြုမည်ဖြစ်ရာ ကုလသမဂ္ဂဝန်ထမ်း ဦးရေ (အားလုံးစုစုပေါင်း ၁၄၁၈၈ ဦး) တွင် ၁၀ ရာခိုင်နှုန်းမျှ အထိပင် စတင်လျှော့ချရဖို့ရှိကြောင်း ပြောကြားခဲ့၏။ ထို့နောက် မစ္စတာကွန်နောက ၁၉၉၆ ခုနှစ်၊ ဧပြီ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ငွေပြတ်နေကြောင်း ပြောကြားရာ၌ အခက်ကြုံရသည်မှာ အမေရိကန် ပြည်ထောင်စုက ကြွေးကျန်ဒေါ်လာသန်း ၁၅၀၀ မပေးခြင်းကြောင့် ဖြစ်ကြောင်းဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် အတွင်းရေးမှူးချုပ် ဘူထရို့စ် ဂါလီက ဘဏ္ဍာရေးအကျပ်အတည်း ဆိုက်နေပုံကို အလေး အနက် တင်ပြရာ၌ ပြဿနာ ဖြေရှင်းရေးအတွက် လတ်တလောချင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံ အားလုံးအနေဖြင့် လက်ငင်း ပေးရန်ရှိသော ထည့်ဝင်ငွေနှင့် ယခင်နှစ်များ အတွက် ကြွေးကျန်အားလုံးကို တာဝန်ရှိသည့်အတိုင်း ပေးကြပြီး ရေရှည်အတွက်မူ အဖွဲ့ဝင်နိုင်ငံအားလုံးက ယုံကြည်စိတ်ချမှုရှိသည့် ထည့်ဝင်ကြေးများ နှုန်းသစ် တစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ကြောင်း တင်ပြခဲ့ပေသည်။

ထိုအချိန်မတိုင်မီ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့ တွင် ဥရောပသမဂ္ဂက ကုလသမဂ္ဂဘဏ္ဍာရေး အကျပ် အတည်းကို ဝေဖန်ပြောကြားရာ၌ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ၏ စီးပွားရေး ပကတိအခြေအနေများနှင့်အညီ အဖွဲ့ဝင်ကြေးများကို ပြန်လည်သတ်မှတ်သင့်ကြောင်း၊ ထည့်ဝင်ကြေး ကြွေးကျန်ရှိသည့် နိုင်ငံများအား တာဝန် မကျေသည့်အတွက် အပြစ်ပေးအရေးယူသင့်ကြောင်း ပြောကြားခဲ့သည်။

အခြေအနေမှာ ၁၉၉၆ ခုနှစ်၊ ဇူလိုင် ၃၁ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံများမှ ပေးရန်ကြွေးကျန်မှာ ဒေါ်လာသန်း ၃၀၀၀ ကျော်ရှိသည်။ ထိုအနက် ဒေါ်လာသန်း ၈၀၀ မှာ ပုံမှန်ဘတ်ဂျက်အတွက်ဖြစ်၍ ဒေါ်လာသန်း ၂၂၀၀ မှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှု ဘတ်ဂျက်အတွက်ဖြစ်သည်။ ထိုအချိန်၌ ၈၃ နိုင်ငံတို့ကသာလျှင် ပုံမှန်ဘတ်ဂျက် အတွက် အပြည့်အဝ တာဝန်ကျေ ပေးသွင်းခဲ့ကြပြီး ဖြစ်သည်။ ကုလသမဂ္ဂသည် ၁၉၉၅ ခုနှစ်အကုန်ပိုင်းတွင် ပုံမှန်ဘတ်ဂျက်အတွက် အရေးတကြီး မရမနေလိုအပ်ချက် အရ ငြိမ်းချမ်းမှုထိန်းသိမ်းရေးဘတ်ဂျက်မှ ဒေါ်လာ ၁၇၆

သန်း ချေးယူခဲ့ရသည်။ ၁၉၉၆ ခုနှစ်တွင်လည်း မေလအကုန်နှင့် ဇူလိုင်လအကုန်ပိုင်းတို့တွင် နောက်ထပ်နှစ်ကြိမ်မျှ ငွေပြတ်လပ်မှုကြုံတွေ့ရသဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးဘတ်ဂျက်မှ ချေးယူခဲ့ရပြန်ရာ ၁၉၉၆ ခုနှစ်ကုန်ဆုံးချိန်တွင် တပ်သားနှင့်ပစ္စည်းကိရိယာများအတွက် အဖွဲ့ဝင်နိုင်ငံများသို့ ပေးချေရန် အကြွေးဒေါ်လာ ၆၇၅ သန်း တင်ရှိလာခဲ့သည်။ ထို့ကြောင့် ၁၉၉၆ ခုနှစ်မကုန်မီ အဖွဲ့ဝင်နိုင်ငံများက အင်တိုက်အားတိုက် ထည့်ဝင်ငွေများ ဖြည့်ဆည်းပေးကြရန် ဖိဖိစီးစီးတိုက်တွန်းတင်ပြခဲ့ပေသည်။

**၁၉၉၆–၉၇ ရသုံးငွေဘတ်ဂျက်** – ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် အကြိမ် (၅၀) မြောက် အထွေထွေညီလာခံက ဆုံးဖြတ်ချက်တစ်ရပ်ကို မဲမခွဲဘဲချမှတ်ပြီး လျှင် ကုလသမဂ္ဂ၏ ၁၉၉၆ – ၁၉၉၇ ခုနှစ် ပုံမှန်ရသုံးငွေဘတ်ဂျက်အတွက် ဒေါ်လာ ၂ ဒသမ ၆၁ ဘီလီယံ (သန်း ၂၆၁၀) အောက် အနည်းငယ်မျှသာ လျှော့သည့် ရန်ပုံငွေကို သတ်မှတ်ခဲ့ပေသည်။ ထိုကာလပိုင်းအတွက် ဝင်ငွေမှာ ဒေါ်လာ ၄၇၁ ဒသမ ၄ သန်းရှိမည်ဟု ခန့်မှန်းဖော်ပြခဲ့ပေသည်။ ဤအချိန်၌ ကုလသမဂ္ဂ လက်တွင်ရှိသည့် လက်ကျန်ဆောင်ငွေမှာ ဒေါ်လာ ၁၉ ဒသမ ၄ သန်းမျှသာ ရှိခဲ့ပေသည်။

## ၅၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ

**သဘာပတိအသစ် ရွေးချယ်တင်မြှောက်ခြင်း** – ၅၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးကို ၁၉၉၆ ခုနှစ်၊ စက်တင်ဘာ (၁၇) ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ စတင်ဖွင့်လှစ်ကျင်းပခဲ့ပေသည်။ ဤတွင် သက်တမ်းကုန်ဆုံး၍ နုတ်ထွက်သည့် အကြိမ် (၅၀) မြောက် အထွေထွေညီလာခံသဘာပတိ ပေါ်တူဂီနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် ပါမောက္ခ ဒိုင်အိုဂိုဖရိတ်တပ်ဒိုအန်မာရယ်၏ နေရာတွင် ညီလာခံသဘာပတိအဖြစ် ကုလသမဂ္ဂဆိုင်ရာ မလေးရှားနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေလ်အား ညီလာခံအစည်းအဝေးမှ တင်မြှောက်ခဲ့ပေသည်။

**အစည်းအဝေးအစီအစဉ်နှင့် အထွေထွေဆွေးနွေးပွဲ** – ၅၁ ကြိမ်မြောက် ညီလာခံသို့ ကုလသမဂ္ဂအဖွဲ့ဝင် ၁၈၅ နိုင်ငံမှ ကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြသည်။ ဤညီလာခံမှ ဆွေးနွေးဆောင်ရွက်မည့် ယာယီအစည်းအဝေးအစီအစဉ်၌ အကြောင်းအရာပေါင်း ၁၅၉ ခု ပါဝင်ပေသည်။

ဤညီလာခံ၏ အစီအစဉ် (၉) အရ အထွေထွေညီလာခံများ၌ ကျင်းပမြဲအစဉ်အလာအတိုင်း အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့ရေးရာများနှင့် စပ်လျဉ်း၍ ဝေဖန်သုံးသပ်ကာ ထင်မြင်ယူဆသဘောထား ရပ်တည်ချက်များ ထုတ်ဖော် တင်ပြကြသည့် အထွေထွေဆွေးနွေးပွဲကို ၁၉၉၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် စတင်ကျင်းပရာ နိုင်ငံ အကြီးအကဲ (၁၂) ဦး၊ အိမ်ရှေ့မင်းသား (၁) ဦး၊ ဝန်ကြီးချုပ် (၁၇) ဦး၊ ဒုတိယဝန်ကြီးချုပ် / နိုင်ငံခြားရေးဝန်ကြီး (၁၇) ဦး၊ နိုင်ငံခြားရေးဝန်ကြီး (၁၀၆) ဦး၊ အခြားဝန်ကြီးများ ( ၆) ဦးနှင့် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ( ၂၂ ) ဦး၊ စုစုပေါင်း ( ၁၈၁) ဦးတို့ ပါဝင်ပြောကြားခဲ့ကြပြီး နိုင်ငံလေးနိုင်ငံက ပါဝင်ဆွေးနွေးခြင်း မပြုခဲ့ပေ။

**လုံခြုံရေးကောင်စီဝင်များ အစားထိုးဖြည့်တင်းခြင်း** – ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင် ၁၅ ဦးတွင် အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ၁၀ ဦးအနက် (၂) နှစ်သက်တမ်းပြည့်၍ နုတ်ထွက်မည့်အဖွဲ့ ၅ ဦးနေရာတွင် အဖွဲ့ဝင်အသစ် ၅ ဦးကို နှစ်စဉ်ရွေးချယ်တင်မြှောက်သည့် အစဉ်အလာအရ ကော်စတာရီကာ၊ ဂျပန်၊ ကင်းယား၊ ပေါ်တူဂီနှင့် ဆွီဒင်နိုင်ငံ တို့အား ၁၉၉၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့ပေသည်။

အထက်ပါ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ငါးနိုင်ငံသည် ၂ နှစ်သက်တမ်းပြည့်မြောက် ကုန်ဆုံးသည့် ဘော့ဆွာနာ၊ ဂျာမနီ၊ အီတလီ ဟွန်ဒူးရပ်နှင့် အင်ဒိုနီးရှားနိုင်ငံများ၏ နေရာများတွင် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အစားထိုးပါဝင်ကြမည်ဖြစ်သည်။ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များအဖြစ် နောက်ထပ်တစ်နှစ်တာ ဆက်လက် တာဝန်ဆောင်ရွက်သွားမည့် ငါးနိုင်ငံမှာ ချီလီ၊ အီဂျစ်၊ ဂီနီ ဘီဆော၊ ပိုလန်နှင့် ကိုရီးယားသမ္မတ (တောင်ကိုရီးယား) နိုင်ငံတို့ ဖြစ်သည်။

**မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း** – ၅၁ ကြိမ်မြောက် ကုသမဂ္ဂ အထွေထွေညီလာခံသို့ ပြည်ထောင်စု

မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးအုံးဂျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဝန်ကြီး ဦးအုံးဂျော်သည် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့တွင် ညီလာခံ၏အထွေထွေ ဆွေးနွေးပွဲတွင် ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏သဘောထားရပ်တည်ချက်နှင့် မြန်မာနိုင်ငံအနေဖြင့် မိမိနှင့် ကမ္ဘာ့အကျိုးစီးပွားအတွက် အားထုတ်မှုများကို တင်ပြရာ၌ ပြည်တွင်းညီညွတ်ငြိမ်းချမ်းရေး တိုးတက်နိုင်မှု အခြေအနေ၊ စီးပွားရေးတိုးတက်အောင်မြင်မှုအခြေအနေ၊ မူးယစ်ဆေးဝါးများ ချုပ်ငြိမ်းရေးအတွက် အမျိုးသားမဟာဗျူဟာဖြင့် ဆောင်ရွက်နေပုံတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြကာ အပြည်ပြည်ဆက်ဆံရေး၌ လူ့အခွင့်အရေးကို ပြည်တွင်းရေးစွက်ဖက်နိုင်သည့် လက်နက်သဖွယ် အသုံးပြုရန်ကြိုးပမ်းလာမှုကို အထူးစိုးရိမ်မိကြောင်း တင်ပြခဲ့ပေသည်။

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးကိစ္စ** – ၁၉၉၁ ခုနှစ် ၄၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် ဆဋ္ဌမမြောက် အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်ထားခြင်းခံခဲ့ရပြီး ၁၉၉၂ ခုနှစ်ဇန်နဝါရီ ၂ ရက် နေ့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သော အီဂျစ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် ဘူထရိုစ်ဘူထရို့စ်ဂါလီ (ထိုစဉ်က အသက် ၆၉) ၏ ငါးနှစ်ရာထူးသက်တမ်းမှာ ၁၉၉၆ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးခန့်ထားရေးအတွက် ပုဂ္ဂိုလ်တစ်ဦးရွေးချယ်ရေးကိစ္စ ပေါ်ပေါက်လာခဲ့သည်။ ပြဿနာမှာ တာဝန်ထမ်းဆောင်ဆဲ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီအားရှေးက တာဝန်ထမ်းဆောင်ခဲ့ကြသော အတွင်းရေးမှူးချုပ်များနည်းတူ ဒုတိယငါးနှစ်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်စေရန်၊ သို့မဟုတ် အခြားပုဂ္ဂိုလ်အသစ်တစ်ဦးကို ရွေးချယ်ခန့်ထားရန်ဖြစ်ပေသည်။

အတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီက ဒုတိယအကြိမ်ရာထူးသက်တမ်းအတွက်ပြန်လည်အရွေးခံ၍ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်မစ္စတာဘူထရို့စ်ဂါလီသည် ကုလသမဂ္ဂအား ပြုပြင်ပြောင်းလဲမှုကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ခြင်း မရှိဟုအကြောင်းပြကာ အတွင်းရေးမှူးချုပ်ရာထူးအတွက်၎င်းအားပြန်လည်ပေးအပ်ခန့်ထားခြင်းကို အမေရိကန်ပြည်ထောင်စုက ကန့်ကွက်ခဲ့သည်။ အာရပ်နှင့် အာဖရိကနိုင်ငံများကမူ ညီလာခံမိန့်ခွန်းများ၌ အသက် ၇၄နှစ် အရွယ်ရှိ ဘူထရို့စ်ဂါလီအား ထောက်ခံမည်ဟု ထုတ်ဖော်ကြေညာခဲ့ရာ၊ အမေရိကန်ပြည်ထောင်စုက ဘူထရို့စ်ဂါလီအား ခန့်ထားရေးကို ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချမည်ဟု သတိပေးပြောကြားခဲ့လေသည်။

ဆိုသည့်အတိုင်းပင် အတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီအား ဒုတိယသက်တမ်းဆက်ခံရေး ကိစ္စကို ပထမဆုံးအကြိမ်အဖြစ်လုံခြုံရေးကောင်စီ၌ ၁၉၉၆ ခုနှစ်နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ အဖွဲ့ဝင် ၁၄ ဦးကထောက်ခံမဲပေးကြသော်လည်း အမေရိကန်က ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ရာ ဤကိစ္စမှာ အချိန်အတန်ကြာမျှ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့သည်။ နောက်ဆုံးတွင် အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အတွင်းရေးမှူးချုပ်ရာထူးအတွက် နောက်ထပ် ပြန်လည်အရွေးခံရေးကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်လိုက်သည်။ဤသို့ဆုံးဖြတ်ခြင်းကို အမေရိကန် ပြည်ထောင်စုက ဒီဇင်ဘာ ၄ ရက်နေ့တွင် ကြိုဆို၍ အတွင်းရေးမှူးချုပ်ရာထူးအတွက် အာဖရိကတိုက်မှ အခြား အရည်အချင်းပြည့်ဝသူများအား စာရင်းတင်သွင်း၍ လုံခြုံရေးကောင်စီက စဉ်းစားနိုင်ကြောင်း ပြောကြားခဲ့သည်။

ထိုနောက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက်ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူ အာဖရိကတိုက်မှ ဂါနာနိုင်ငံသား မစ္စတာကိုဖီအန်နန် အပါအဝင် အာဖရိကတိုက်မှ ပုဂ္ဂိုလ် (၄) ဦးအား ၁၉၉၆ ခုနှစ်ဒီဇင်ဘာ ၁၁ ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မဲခွဲရွေးချယ်ရာသဘောတူညီမှုမရဘဲ တစ်ဆို့နေခဲ့သည်။ ဤတွင်ဆက်လက်ညှိနှိုင်းခဲ့ကြရာ နောက်ဆုံး၌ လုံခြုံရေးကောင်စီက ၁၉၉၆ ခုနှစ်ဒီဇင်ဘာ ၁၃ ရက်နေ့ အစည်းအဝေးတွင် မစ္စတာကိုဖီအန်နန်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အဖြစ်ခန့်အပ်ရန် သဘောတူလိုက်

သည်။ အတွင်းရေးမှူးချုပ်ဘူထရိုစ်ဂါလီက ကိုဖီအန်နန် အား ရွေးချယ်ခြင်းခံရသဖြင့် ဝမ်းမြောက်ဂုဏ်ယူ ကြောင်း သဝဏ်လွှာတစ်စောင်ကို ဒီဇင်ဘာ ၁၃ ရက် နေ့တွင် ပေးပို့ခဲ့သည်။

မစ္စတာကိုဖီအန်နန်သည် ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အဖြစ်စတင် တာဝန်ထမ်းဆောင်ခဲ့ပေသည်။

တက္ကသိုလ် သက်ပန်



အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုသလသာမိ

**ကုသလသာမိ၊ ဘဒ္ဒန္တ ( အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ) (မြန်မာ ၁၂၈၁- ၁၃၅၈)။** ။ ဆရာတော် ဘဒ္ဒန္တကုသလသာမိ ကို ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်း မြို့နယ်၊ ကျားချောင်းကျေးရွာတွင် ခမည်းတော်လယ် ပိုင်ရှင်ဦးချစ်၊ မယ်တော် ဒေါ်ပိုက်တို့က ၁၂၈၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၌ ဖွားမြင်သည်။ မွေးချင်း သုံးယောက်အနက် အငယ်ဆုံးဖြစ်ပြီး ငယ်နာမည် မောင်ကြာညွန့်ခေါ် မောင်ချို ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ငါးနှစ်အရွယ်၌ စတင် ကျောင်းနေပြီး ရှစ်နှစ်အရွယ်၌ ဘကြီးတော်လယ်ပိုင်ရှင် ဦးဉာဏ်- ဒေါ်တုတ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍တစ်ကြိမ်၊ ရှစ်နှစ်သားအရွယ်တွင်ပင် မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ တစ်ကြိမ် မဟာဝတ္ထုကံကျောင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့အမည်မှာ ရှင်ကုသလသာမိ ဖြစ်သည်။

၁၃၀၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက် တွင် မဟာဝတ္ထုကံကျောင်း ခဏ္ဍသိမ်၌ မဟာဝတ္ထုကံ ကျောင်းဆရာတော် ဘဒ္ဒန္တပုညဗုဒ္ဓိကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်ကျွန်းမြို့၊ မင်းလမ်းနေ ကုန်သည် ဦးစံရွှေ - ဒေါ်နှင်းကြွယ်၊ နှမ မသဲအေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် ငါးနှစ်အရွယ်တွင် မိခင်၏မောင်အရင်းဖြစ်သော ဘုန်းကြီး ဦးပဏ္ဍိစ္စထံ၌ အရေးအဖတ်နှင့် ကိုးကြောင်းဂဏန်းတွက်နည်းများကို သင်ယူခဲ့သည်။ ရှစ်နှစ်အရွယ်တွင် မော်လမြိုင်ကျွန်းမြို့၊ မဟာဝတ္ထုကံကျောင်း ဆရာတော်ထံ၌ပညာရည်နို့ သောက်စို့လျက် နံနက်ပိုင်းနှင့်ညပိုင်းတွင် ဝိနည်းကျင့်ဝတ်၊ ဆုံးမစာ၊ ဆယ်စောင်တွဲ၊ သဒ္ဒါနှင့် သင်္ဂြိုဟ်တို့ကို သင်ယူပြီး နေ့လယ်ပိုင်းတွင် ကျောင်းအတွင်း ဖွင့်လှစ်ထားသော အစိုးရစာသင်ကျောင်းသို့တက်၍ အလယ်တန်း ပညာအထိ သင်ယူခဲ့သည်။ ဆက်လက်၍ ဥပဇ္ဈာယ်ဆရာတော်ထံ၌ ဇာတာဖွဲ့နည်းခေါ် မကာရန္တလက်ရိုးလင်္ကာကျမ်း၊ သံဒိဋ္ဌစကားပြေကျမ်း၊ ဘာသုတိလက်ရိုးကျမ်း၊ သက်ဖြတ် ဇာတာတွက်နည်းခေါ် အာယုဒါယစကားပြေကျမ်း၊ နေကြတ်လကြတ်တွက်နည်းခေါ် သရကျမ်းသစ်စကားပြေ ကျမ်း၊ သင်္ကြန်လက်ရိုး ကျမ်းများနှင့် ကျုံယုနက္ခတ်ကျမ်း တို့ကို သင်ယူခဲ့သည်။

ထို့နောက် လောကီရေးရာ ပညာသင်ယူမှုများကို ရပ်စဲကာ မဟာဝတ္ထုကံဆရာတော်နှင့် စာချဆရာတော်များ အထံ၌ နေ့ဝါ ညဝါ သင်ရိုးပိဋကတ်အဖြာဖြာတို့ကို အဋ္ဌကထာနှင့် ဋီကာများပါ တွဲဖက်လျက် ဆိုဝါဖြင့် သင်ယူ ခဲ့သည်။ ထို့ပြင် မဟာဝတ္ထုကံဆရာတော်ကြီး နှစ် နှစ်အတွင်းအပြီးတိုင်ပို့ချတော်မူသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကိုလည်း အဆုံးတိုင်သင်ယူခဲ့ပြီး အဋ္ဌ ကထာနှင့် ဋီကာ တွဲဖက်ပို့ချသည်ကိုလည်း လိုက်နာသင်ယူ ခဲ့သည်။

ဆရာတော်သည် ငယ်စဉ်ကပင် စာသင်ပေးရခြင်း၊ စာပြပေးရခြင်း ပြုခဲ့ရသည့်အပြင် ရဟန်းခုနစ်ဝါမှအစပြု၍ စာချဘုန်းကြီး အဖြစ်ဖြင့် ဂန္ထဓုရ သာသနာ့ တာဝန်များကို ဆောင်ရွက်ခဲ့သည်။ ဝါတော် ၂၂ - ဝါအရတွင် ကျေးဇူးရှင်

ဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် မဟာဝတ္ထုကံကျောင်းကို မဟာသတိပဋ္ဌာန် ရိပ်သာကျောင်းပြု၍ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဝိပဿနာဓုရ သာသနာ့တာဝန်ကိုပါ ပူးတွဲတာဝန် ထမ်းဆောင်ခဲ့သည်မှာ ပျံလွန်တော်မူချိန်ထိ ဖြစ်သည်။

ဆရာတော်သည် အစိုးရ ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊သြဝါဒါစရိယ တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည့်အပြင် လောကသကျမာရဇိန်ကြေးဆင်းတုဘုရားကြီး၏ ဂေါပကအဖွဲ့ သြဝါဒါစရိယ အဖြစ်ဆောင်ရွက်ခဲ့သည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင်လည်း ပထမ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ စတုတ္ထအကြိမ်နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် မိဘဆရာများ၏ဆိုဆုံးမမှု၊ လမ်းညွှန်မှုကို ရိုသေစွာနာယူတတ်သည့် အလေ့ရှိသဖြင့် မိမိအလိုဆန္ဒကို ရှေ့တန်းမတင်ဘဲ မိဘဆရာသမားများ၏ အလိုအတိုင်းသာ နေလေ့ရှိခြင်း၊ မြော်မြင်ဉာဏ်ဖြင့် အများသံဃာချမ်းသာရေးအတွက် ရှေးရှုဆောင်ရွက်ခြင်း၊ ထောင်လွှားတက်ကြွသော မာန်မာနမရှိခြင်း၊ နိမ့်ချတတ်သော နိဝါတတရား ရှိသေတတ်သော ဂါရဝတရား၊ သည်းခံတတ်သော ခန္တီတရား၊ ချစ်ခင်တတ်သော မေတ္တာတရားများ ကြီးမားစွာ ထားလေ့ရှိခြင်း၊ ဘုန်းကံအလျောက် တစ်နှစ်တာအတွင်း ရရှိသော ပုဂ္ဂလိကကိုယ်ပိုင်လာဘ်လာဘများကိုလည်း နှစ်စဉ်မွေးနေ့အခါတွင် တိုက်သံဃာနှင့် ပင့်သံဃာများအား ဆွမ်းကျွေးပြုစုခြင်းနှင့်အတူ စာ ရေးတန်မဲချ၍ လှူဒါန်းခြင်း၊ ဝါဆိုရာနေ့၌လည်း တိုက်သံဃာများအား အခြံအရံနှင့်တကွ သင်္ကန်းဒွိစုံ လှူဒါန်းလေ့ရှိခြင်း၊ အခွင့်သင့်တိုင်း အဖန်ဖန်လှူဒါန်း ပေးကမ်းစွန့်ကြဲခြင်း စသည်များကို ပြုလေ့ရှိသည်မှာ ဆရာတော်၏ ထူးခြားသော ဂုဏ်ရည်များ ဖြစ်သည်။

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် မော်လမြိုင်ကျွန်းမြို့၊ မဟာဝတ္ထုကံကျောင်းတိုက် ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဘဒ္ဒန္တကုသလသာမိသည် ၁၃၅၃ (၁၉၉၁) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

ဆရာတော်သည် ၁၉၉၃ ခုနှစ်တွင် ဂျပန်နိုင်ငံ သာသနာပြုခရီးစဉ်တွင် အဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့် ကြွရောက် သာသနာပြုခဲ့သည်။ အပြန်ခရီးတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မြဘုရားကိုဝင်ရောက် ဖူးမြော်ကြည်ညိုခဲ့သည်။ ဂျပန်နိုင်ငံ၊ ဖူကူအိုကာခရိုင်၊ ဖူကူအိုကာမြို့ရှိ နန်ဇွမ်းဘုရားကျောင်းမှ လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော် အနေကဇာတင် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ၁၉၉၅ – ခုနှစ်၊ အောက်တိုဘာလ (၇) ရက် (၈) ရက်များတွင် ကျင်းပရာမြန်မာနိုင်ငံမှတက်ရောက်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြု သော ဆရာတော်ကြီး အပါး ၅၀ ပါဝင်သည့် မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့တွင် ဆရာတော်သည် တစ်ပါးအပါ အဝင် ဖြစ်သည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်တော်မူသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ကြီးမားတော်မူသည့် ဆရာတော် ဘဒ္ဒန္တကုသလသာမိသည် ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁) ရက် (၁၃– ၁၀ – ၉၆ ) တနင်္ဂနွေနေ့ နံနက် (၁၀) နာရီ (၁၅) မိနစ် အချိန်တွင် တရား ဓမ္မချီးမြှင့်တော်မူနေစဉ် ရုတ်တရက် နှလုံးသွေးကြောပိတ်ရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## ကျော်ထင်၊ ဦး(သူရ) (ခရစ် ၁၉၂၄–၁၉၉၆)။ ။

နိုင်ငံတော်ကောင်စီအတွင်းရေးမှူး (အငြိမ်းစား)၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး (အငြိမ်းစား)၊ ဗိုလ်ချုပ်ကြီး (အငြိမ်းစား) သူရဦးကျော်ထင်ကို ဖခင်ဘီ – အို – စီ စာရေး ဦးဘသိန်း၊ မိခင် ဒေါ်စံရွှေတို့က ၁၉၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ပြည်မြို့၌ ဖွားမြင်သည်။ မွေးချင်း သုံးဦးအနက် ဒုတိယမြောက်သားဖြစ်သည်။

## ကျော်ထင်၊ ဦး ( သူရ )



နိုင်ငံတော်ကောင်စီအတွင်းရေးမှူး(အငြိမ်းစား)နှင့်
ဗိုလ်ချုပ်ကြီး (အငြိမ်းစား)သူရ ဦးကျော်ထင်

သူရဦးကျော်ထင်သည် ငယ်စဉ်က ၁၉၃၁ ခုနှစ်မှ ၁၉၃၂ ခု နှစ်အထိ သဲကုန်းမြို့တွင်လည်းကောင်း၊ ၁၉၃၂ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ သာယာဝတီမြို့အေ – ဘီ – အမ် ကရင်အထက်တန်းကျောင်းတွင်လည်းကောင်း၊ ၁၉၃၇ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ပြည်မြို့အစိုးရ အထက်တန်းကျောင်းတွင်လည်းကောင်း ပညာသင်ယူသည်။ ဒုတိယ ကမ္ဘာစစ်ဖြစ်လာသောအခါ ကျောင်းဆက်မနေတော့ဘဲ ပြည်မြို့အာရှ လူငယ်အစည်းအရုံးတွင် ပါဝင်သည်။

သူရဦးကျော်ထင်သည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ–ဒီ–အေ) သို့တပ်သား အဆင့်ဖြင့် ဝင်ရောက်ပြီး ရန်ကုန်မြို့စမ်းချောင်းရှိ စစ်ဝန်ကြီးရုံး ကင်းတပ်နှင့် အလုံရှိလေယာဉ်ပစ် အမြောက်ကြီးတပ်တို့တွင် တာဝန်ထမ်းဆောင်သည်။ ၁၉၄၄ ခုနှစ်တွင် ရန်ကုန်မြို့မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၌ ဖွင့်လှစ်သော စတုတ္ထအပတ် ဗိုလ်သင်တန်းသို့တက်ရောက်သည်။ ၁၉၄၅ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ–ဒီ–အေ) တပ်ရင်း ၄ ၌ တပ်စုမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် စတင်ခဲ့သော ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် မျိုးချစ်ဗမာ့တပ်မတော် တိုင်း ၁ တပ်ရင်း ၁၀၄ ၌ တပ်စုမှူးတာဝန်ဖြင့် ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ တောင်ငူခရိုင်၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်း၊ ဖြူးတို့တွင် တာဝန်ထမ်းဆောင် သည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် မျိုးချစ်ဗမာ့တပ်မတော်အား ဖျက်သိမ်းသောအခါ ပြည်မြို့၌ ပြန်လည်နေထိုင်သည်။

သူရဦးကျော်ထင်သည် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်မြို့အမှတ် ၄ ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ တပ်သား အဆင့်ဖြင့် ပြန်လည်ဝင်ရောက်သည်။ ဒုတိယတပ်ကြပ်၊ တပ်ကြပ်အဆင့်များဖြင့် တပ်စိတ်မှူးတာဝန် များကို လည်းကောင်း၊ တပ်ကြပ်ကြီးအဆင့်ဖြင့် တပ်ခွဲတပ်ထောက် တာဝန်ကို လည်းကောင်း ထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ် စက်တင်ဘာ လတွင် ဒုတိယဗိုလ် အဆင့်ဖြင့်လည်းကောင်း၊ ၁၉၄၉ ခုနှစ်၊ မတ်လတွင် ဗိုလ် အဆင့်ဖြင့်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဗိုလ်ကြီးအဆင့်ဖြင့် လည်းကောင်း တပ်စုမှူးနှင့် တပ်ခွဲမှူးတာဝန်များကို ထမ်းဆောင်သည်။ တပ်စုမှူးနှင့် တပ်ခွဲမှူးတာဝန်များ ထမ်းဆောင်စဉ် ပုသိမ်ခရိုင်၊ မအူပင်ခရိုင်၊ ဟင်္သာတခရိုင် နှင့် ပဲခူးခရိုင်အတွင်း ပြုလုပ်သော စစ်ဆင်ရေးများတွင် ပါဝင်သည်။

သူရဦးကျော်ထင်သည် ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် လေ့ကျင့်ရေးနှင့် အင်အားဖြည့်တင်းရေးတပ်၌တပ်ရေးဗိုလ်ကြီးတာဝန်ကို လည်းကောင်း၊ ၁၉၅၅ ခုနှစ်၊ မေလတွင် ယာယီဒုတိယ တပ်ရင်းမှူးတာဝန်ကိုလည်းကောင်း ထမ်းဆောင်သည်။ ၁၉၅၇ ခုနှစ်၊ ဧပြီလတွင် ချောက်မြို့တပ်မဟာ ၁၀ ၌ ယာယီ ဒုတိယလက်ထောက်စစ်ရေးနှင့် စစ်ထောက်ချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၅၇ ခုနှစ်၊ မေလတွင် ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ဒုတိယ လက်ထောက် စစ်ရေးနှင့် စစ်ထောက်ချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်မဟာ(၁၀)တပ်ပေါင်းစုဗိုလ်မှူးတာဝန်ကို လည်းကောင်း၊ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလတွင် မော်လမြိုင်မြို့ အမှတ် ၁ ချင်း သေနတ်ကိုင်တပ်ရင်း ယာယီတပ်ရင်းမှူး တာဝန်ကိုလည်းကောင်း ထမ်းဆောင်သည်။ ၁၉၆၂ ခုနှစ်၊ မေလတွင် ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့် အပ်ခြင်းခံရပြီး အမှတ် ၁ ချင်းသေနတ်ကိုင်တပ်ရင်း တပ်ရင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် သထုံခရိုင်၊

ကျိုက္ခမီခရိုင်နှင့် ဘားအံခရိုင်အတွင်း ပြုလုပ်သော စစ်ဆင်ရေးများတွင် ပါဝင်သည်။

သူရဦးကျော်ထင်သည် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနစု၌ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် ကာကွယ်ရေးဝန်ကြီးဌာန အမြောက်နှင့် သံချပ်ကာယန္တရားညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးတာဝန်ကို ပူးတွဲထမ်းဆောင်သည်။ ၁၉၆၆ ခုနှစ်၊ မေလတွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ယာယီဒုတိယတပ်မမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ဒုတိယတပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လတွင် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုနှစ်အတွင်း ဟင်္သာတခရိုင်၊ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ တောင်ငူခရိုင်၊ လားရှိုးခရိုင်၊ မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်တို့တွင် ပြုလုပ်သော စစ်ဆင်ရေးများတွင်ပါဝင်သည်။

သူရဦးကျော်ထင်သည် ၁၉၆၉ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၇၄ ခုနှစ်၊မတ်လတွင် ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) အဖြစ်တာဝန်ထမ်းဆောင်သည်။ ၁၉၇၆ ခုနှစ်၊ မတ်လတွင် ဗိုလ်ချုပ်အဆင့်သို့တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၇ ခုနှစ်၊ မတ်လတွင်ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီး အဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ကာဝန်မှ အငြိမ်းစားယူသည်။

သူရဦးကျော်ထင်သည် ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ရန်ကုန်တိုင်းကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၄ အထိ ရန်ကုန်တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌတာဝန်ကို လည်းကောင်း ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ် ပထမအကြိမ်ပါတီညီလာခံ တွင် ပါတီဗဟိုကော်မတီဝင် နှင့် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊ ကော်မတီဝင် အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်သည်။ ၁၉၇၃ ခုနှစ် ဒုတိယ အကြိမ်ပါတီ ညီလာခံတွင် ပါတီဗဟိုကော်မတီဝင်နှင့် အရန်ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၇၆ ခုနှစ်မှစ၍ တပ်မတော်ပါတီကော်မတီ အတွင်းရေးမှူး နှင့် တပ်မတော်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်သည်။ ၁၉၇၇ ခုနှစ်၊ တတိယအကြိမ် ပါတီညီလာခံ၊ ၁၉၈၁ ခုနှစ် စတုတ္ထအကြိမ်ပါတီညီလာခံနှင့် ၁၉၈၅ ခုနှစ်ပဉ္စမအကြိမ် ပါတီညီလာခံများတွင် ပါတီဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖြစ်ရွေးချယ်ခြင်း ခံရသည်။ ၁၉၈၈ ခုနှစ်အရေးပေါ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီဝင်နှင့် ပါတီတွဲဖက် အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခြင်းခံရသည်။

သူရဦးကျော်ထင်သည် ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၊ ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၊ ၁၉၈၁ ခုနှစ် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲနှင့်၁၉၈၅ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ် ၂မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်း ခံရသည်။ ၁၉၇၅ ခုနှစ်၊ မတ်လတွင် နိုင်ငံတော်ကောင်စီက ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်

ထမ်းဆောင်သည်။ ၁၉၇၆ ခုနှစ်၊ မတ်လတွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ အစည်းအဝေးတွင် ဝန်ကြီးအဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက် ခြင်း ခံရပြီး ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန် ပေးအပ်ခြင်းခံရသည်။ ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပသော တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးနှင့် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပသော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးများတွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လတွင်ကျင်းပသော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

သူရဦးကျော်ထင်သည် ၁၉၅၁ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ဖွင့်လှစ်သောအရာရှိငယ် သင်တန်းအမှတ်စဉ် ၅ ၊ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်မြို့မင်္ဂလာဒုံ၌ ဖွင့်လှစ်သော ဥပဒေနှင့် အုပ်ချုပ်ရေးသင်တန်း အမှတ်စဉ် ၁ ၊ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်သော အုပ်ချုပ်ရေးပညာဉာဏ်သစ်လောင်း သင်တန်း အမှတ်စဉ် ၇ နှင့် ၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ဖွင့်လှစ်သော စစ်ဦးစီး တက္ကသိုလ်သင်တန်း အမှတ်စဉ် ၂၅၀ တို့ကို တက်ရောက် သည်။

သူရဦးကျော်ထင်သည် နိုင်ငံတော် တာဝန် ထမ်းဆောင်နေစဉ်အတွင်း ၁၉၇၄ ခုနှစ်တွင် ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် ဂျာမန် ဒီမိုကရက်တစ်သမ္မတနိုင်ငံများသို့လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် ဆွစ်ဇာလန် နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဒီမိုကရက်တစ်ကမ်ပူးချားနိုင်ငံများသို့လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသို့လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံနှင့် အင်္ဂလန်နိုင်ငံများသို့ လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံများသို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူ နိုင်ငံများသို့လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ဆွစ်ဇာလန် နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှား နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံများသို့ လည်းကောင်း တာဝန်ဖြင့် သွားရောက်သည်။

သူရဦးကျော်ထင်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ကိုယ်ကျိုးမငဲ့ဘဲပါဝင်ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခြင်းတို့ကြောင့် နိုင်ငံတော်က ချီးမြှင့်သော လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ လွတ်လပ်ရေးတံဆိပ်၊ စတားတံဆိပ်၊ ဘားမားစတားတံဆိပ်၊ ကမ္ဘာ့စစ်တံဆိပ်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ပြည်ပရန်နှိမ်တံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ သူရဘွဲ့နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) တို့ကို ရရှိသည်။

သူရဦးကျော်ထင်သည် ၁၉၅၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပျဉ်းမနားမြို့နေ ဦးခင်မောင်နှင့် ဒေါ်မြရင်တို့၏ သမီး ဒေါ်ခင်ဝင်းမြင့်နှင့် လက်ထပ်ခဲ့ရာ သားငါးဦး၊ သမီးသုံးဦး ထွန်းကားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်ကောင်စီအတွင်းရေးမှူး (အငြိမ်းစား)၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး (အငြိမ်းစား)၊ ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား)၊ ဗိုလ်ချုပ်ကြီး (အငြိမ်းစား)သူရ ဦးကျော်ထင်သည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင်ဇနီးဒေါ်ခင်ဝင်းမြင့်၊ သားငါးဦး၊ သမီးသုံးဦးနှင့် မြေး ၁၇ ဦးကျန်ရစ်သည်။

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ ( ၁၉၉၆ )

။ ။ ပြည် ထောင်စု မြန်မာနိုင်ငံ၌ လည်းကောင်း၊ နိုင်ငံ တကာ၌ လည်းကောင်း သာသနာတော် အကျိုး သယ်ပိုး ထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ် အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကုသလသာမိ ၊ ဘဒ္ဒန္တ**

သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၈)ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊
မော်လမြိုင်ကျွန်းမြို့ မဟာဝထ္ထုကံကျောင်းတိုက်၊
(၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ကေသရ ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊သိက္ခာတော် (၆၆) ဝါ၊

ရတ္တညူ မဟာနာယက (ရွှေကျင်)၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခလူးကျေးရွာသိရိမင်္ဂလာ ဇေယျုံကျောင်းတိုက်၊
(၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ကဥ္စန၊ ဘဒ္ဒန္တ**

သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊
မကွေးတိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် (ဟောင်း)၊
ပခုက္ကူနိကာယ ဂဏဝိနာယက၊ မင်းဘူးမြို့ မှန်ကင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**ကုဥ္စရ ၊ ဘဒ္ဒန္တ**

သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ၊

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပြည်မြို့ နန္ဒဝန် ဓမ္မရိပ်သာ ကျောင်းတိုက်ပဓာနနာယက၊ ဝေဠုဝန်နိကာယမဟာနာယက၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်၌ ပျံလွန်တော်မူသည်။)

**ကိတ္တိဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃ ) ဝါ၊

ရေဦးမြို့နယ်၊ ရွာသစ်ရွာ သာဘုံကျောင်းဆရာတော်၊
(၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ခေမာဝံသ မဟာထေရ် ၊ ဘဒ္ဒန္တ**

သက်တော်(၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌမသင်္ဂီတိကာရက၊ ပေါက်တောမြို့ ဘဝမ်း ကျောက်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်၌ ပျံလွန်တော်မူသည်။)

**ခန္တီစာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ၊

သိရီပဝရ ဓမ္မာစရိယ၊ ဆဋ္ဌသင်္ဂီတိကာရက၊ ပါဠိပဋိဝိသောဓက၊
စမ်းချောင်းမြို့နယ် ဩဝါဒါစရိယ၊ ကိုးထပ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ဗားကရာတိုက်၊ တိုက်အုပ်ကျောင်း ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**စန္ဒောဘာသ၊ ဘဒ္ဒန္တ**

သက်တော်(၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေမော်ဓောစေတီတော်၊ ရွှေသာလျောင်းနှင့် မဟာစေတီဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပဲခူးမြို့ သုဓမ္မာ နိကာယ မဟာနာယက၊ ပဲခူးမြို့ ဇိုင်းဂနိုင် မြောက်ပိုင်း ရွှေတောင်စာသင်တိုက် ဦးစီးပဓာန နာယက၊
( ၁၃၅၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**ဓဝန ၊ ဘဒ္ဒန္တ**

သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၈) ဝါ၊

သိရိပဝရ ဓမ္မာစရိယ၊ ပထမအကြိမ်၊ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ၂၂/၈၇ နိုင်ငံတော် သီးခြားဝိနိစ္ဆယ သဘာပတိ၊ မြို့နယ်သံဃ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပုလဲမြို့နယ် ကျေးသမျှားရွာ၊ (၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူး လဆန်း ၁၅ ရက်၌ ပျံလွန်တော်မူသည်။)

**ဓေတိက၊ ဘဒ္ဒန္တ**

သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ပထမ အကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊

မြို့နယ်သံဃနာယက အဖွဲ့ဝင်၊ ချောက်မြို့ မဟာအေးစေတီကျောင်းတိုက်ကြီး၏ ပဓာနနာယက၊

(၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**ဓေတိကာ ဘိဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၈) ဝါ၊အဘိဓဇမဟာ

ရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ဒေးဝန်းအုတ်ကျောင်း ပဓာန နာယက၊ (၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၌ ပျံလွန်တော် မူသည်။)

**ဉာဏဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ စတုဘုမ္မိက နိကာယဂဏနာယက ၊

ပုဇွန်တောင်မြို့နယ် စတုဘုမ္မိက ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊

(၁၃၅၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၈) နှစ်၊ သိက္ခာတော် ( ၅၈) ဝါ၊

အဘိဓဇ မဟာရဋ္ဌဂုရု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ၊ မန္တလေး ချမ်းအေးသာစံမြို့နယ် မိုးကောင်းကျောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ် ဝါးတန်းစာချကျောင်းတိုက် ဦးစီးပဓာန နာယက၊

(၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏိက ၊ ဘဒ္ဒန္တ**

သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ရွှေတိဂုံစေတီတော် ဗိုလ်တထောင်စေတီ တော်နှင့် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မင်္ဂလာတောင်ညွန့်မြို့နယ်

သံဃနာယက ဥက္ကဋ္ဌ၊ တောင်လုံးပြန်ရပ်ကွက် ဆုတောင်းပြည့်ကျောင်းတိုက် မဟာနာယက၊

(၁၃၅၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏိန္ဒ၊ ဘဒ္ဒန္တ**

သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ၊

ဆဋ္ဌသင်္ဂါတိကာရက၊ ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ (မူလဒွါရ) ဥက္ကဋ္ဌ၊

ဓမ္မဝိနယာနုလောမ မူလဒွါရဂိုဏ်းအုပ်၊ စစ်တွေမြို့ လမ်းမတော် ကျောင်းတိုက် ဦးစီးပဓာန နာယက၊

(၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏိန္ဒ ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၈၀) ဝါ၊

ရဋ္ဌညူမဟာနာယက၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ စာပြန်ဌာန သြဝါဒါစရိယ၊ သံဖြူဇရပ်မြို့နယ် ရွှေကျင်သြဝါဒါစရိယ ၊ ကရပ္ပိကျေးရွာ တောင်ပေါက်ကျောင်းတိုက် ပဓာနမဟာနာယက၊

(၁၃၅၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဉေယျဓမ္မ ၊ ဘဒ္ဒန္တ**

သက်တော် ( ၉၉ ) နှစ်၊ သိက္ခာတော် (၇၉) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သြဝါဒါစရိယ၊ မဟာဒွါရနိကာယ သြဝါဒါစရိယ၊

ပေါင်းတည်မြို့ နန်းဦးပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန နာယက၊

(၁၃၅၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**တေဇောသာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ၊

သက်ဂဏနိကာယ ဂဏဝိပတိ(ဂိုဏ်းချုပ်)၊ ဘိုကလေးမြို့နယ် သြဝါဒ စရိယ၊
လိပ်ကမ္ဘာကျောင်း ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ တန်ခူးလဆုတ် ၄ ရက်၌ ပျံလွန်တော်မူသည်။)

**တေဇိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် ( ၇၆ ) နှစ်၊ သိက္ခာတော် ( ၅၆ ) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊
အလုံမြို့နယ် ပါဠိတက္ကသိုလ် အောင်မင်္ဂလာကျောင်းတိုက်ကြီး၏ နာယကပဓာန၊
(၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။ )

**တိက္ခာစာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) ခုနှစ်၊ သိက္ခာတော် (၅၄) ဝါ၊

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ သထုံမြို့ မူလမင်းကွန်းဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက်ပဓါန နာယက၊
(၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၌ ပျံလွန်တော်မူသည်။)

**တိက္ခိန္ဒြိယ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) ခုနှစ်၊ သိက္ခာတော် (၆၇) ဝါ၊

ပထမအကြိမ် ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင်၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ ဗဟန်းမြို့နယ်ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး၏ နာယက၊ ရွှေကျင်သုံးထပ်ကျောင်း၏ ဦးစီးပဓါန နာယက၊
(၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၌ ပျံလွန်တော်မူသည်။)

**တိဿ၊ ဘဒ္ဒန္တ**

သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၅၈) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ နိုင်ငံတော်သြဝါဒါစရိယ၊
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်၊ မြန်မာစာသြဝါဒါစရိယအဖွဲ့ အဖွဲ့ဝင်၊ ဓမ္မယုတ္တိ နိကာယ မဟာရင်ဂိုဏ်းကြီး၏ ဒုတိယ ဂိုဏ်းချုပ်၊ ဗဟန်းကျိုက်သိမ္ဗန် ပါဠိတက္ကသိုလ်၏ ပဓာနဦးစီးနာယက၊
( ၁၃၅၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**ဓမ္မလောက၊ ဘဒ္ဒန္တ**

သက်တော် ( ၇၄ )နှစ်၊ သိက္ခာတော် ( ၅၅ ) ဝါ၊

ဓမ္မာစရိယ၊ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊
ဟင်္သာတမြို့၊ ရွှေကျောင်း ပရိယတ္တိ စာသင်တိုက်၊ နာယက၊
(၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်၌ ပျံလွန်တော်မူသည်။ )

**ဓမ္မသာရာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် ( ၇၅ ) နှစ်၊ သိက္ခာတော် ( ၅၅ ) ဝါ၊

သာသနဓဇ သိရီပဝရ ဓမ္မာစရိယနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ၊
ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် ကျောက်ပုံတောရဝါဒ၊ သီးခြားဝိနည်းဓိုရ်၊
တောင်ကုတ်မြို့နယ်၊ နတ်မော်ကျေးရွာ၊ အဘယ ခေမိကာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
( ၁၃၅၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၌ ပျံလွန်တော်မူသည်။)

**ဓမ္မိကာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ၊
မင်းပြားမြို့နယ် ဓမ္မိကာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**နာဂိန္ဒ၊ ဘဒ္ဒန္တ**

သက်တော်( ၁၀၁) နှစ်၊ သိက္ခာတော် (၈၁) ဝါ၊

ထားဝယ်မြို့နယ် ဟိန္ဒားကျေးရွာ ၊ ဟိန္ဒားကျောင်းကြီး၏ သံဃနာယက၊

(၁၃၅၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ပညာဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ပထမအကြိမ် ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မုံရွာမြို့ သထုံဝံသကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်၌ ပျံလွန်တော်မူသည်။)

**ပဒုမ၊ ဘဒ္ဒန္တ**

သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ၊

မန္တလေး ချမ်းမြသာစည်မြို့နယ် ဓမ္မိဏာရာမ ဘုရားကြီးတိုက်၊ တိုက်သစ်ကျောင်း ဆရာတော်၊
( ၁၃၅၈ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်၌ ပျံလွန်တော်မူသည်။)

**ပုပ္ဖရမ္မ ၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

သုဝဏ္ဏဂိုဏ်းလုံးဆိုင်ရာ ဂိုဏ်းချုပ် ဂဏဓိပတိ၊
ကော့ကရိတ်မြို့နယ် ကော့ပေါက်ကျေးရွာဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်၌ ပျံလွန်တော်မူသည်။)

**ရာဇိန္ဒ ၊ ဘဒ္ဒန္တ**

သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဆိပ်ကြီးခနောင်တိုမြို့၊ ခနောင်တို အနောက် မင်္ဂလာ မဟာ ဝိသုတာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
( ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ရာဇိန္ဒာဘိဝံသ ၊ ဘဒ္ဒန္တ**

သက်တော်(၆၅) နှစ်၊သိက္ခာတော် (၄၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနိစ္ဆယ ဝိနည်းဓိုရ်၊
ရှမ်းပြည်နယ်လုံးဆိုင်ရာ ပိဋကတ် ရှမ်းဘာသာပြန် သံဃနာယက ဥက္ကဋ္ဌ၊
ကျေးသီးမြို့နယ်မိုင်းနန်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်၌ ပျံလွန်တော်မူသည်။)

**ဝါသဝ ၊ ဘဒ္ဒန္တ**

သက်တော်(၉၂) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊
ဘန့်ဘွေးငူ– ကွမ်းခြံစု ဆရာတော်၊
(၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝေပုလ္လ၊ ဘဒ္ဒန္တ**

သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၃) ဝါ၊

မဟာဂန္ဓဝါစက ပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ မြို့နယ် သံဃာ့ဝန်ဆောင်၊
ပဲခူးမြို့ မြို့မစာသင်တိုက် ဒုတိယ နာယက၊
(၁၃၅၈ ခုနှစ် ၊ နတ်တော်လဆန်း ၁၂ ရက်၌ ပျံလွန်တော်မူသည်။)

**သာသန ၊ ဘဒ္ဒန္တ**

သက်တော် (၉၉) နှစ်၊ သိက္ခာတော် (၇၉) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပခုက္ကူမြို့ သာသန ဝိပုလာရာမ မန္တလေးတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၌ ပျံလွန်တော်မူသည်။)

**သုမနာ ဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂါယနာ ပါဠိ ဝိသောဓက၊ ဆဋ္ဌသင်္ဂီ တိကာရက၊
ရေဦးမြို့ ကမ္ဘားယံ စာသင်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**သုဝဏ္ဏ၊ ဘဒ္ဒန္တ**

သက်တော်(၆၈)နှစ် ၊ သိက္ခာတော် (၄၈) ဝါ၊

ဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ကျိုက်လတ်မြို့၊တိလောကမာရဇိန် ဘုရားကြီး သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဥယျာဉ်ဝပေါ်တော်မူ ဘုရားကြီး နာယက၊ ညောင်ငူကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**သုနန္ဒ ၊ ဘဒ္ဒန္တ**

သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊
မိတ္ထီလာမြို့ဆုတောင်းပြည့်ကျောင်းတိုက်ကြီး ဦးစီး ပဓာန၊ နာယက
(၁၃၅၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်၌ ပျံလွန်တော်မူသည်။)

**အာစိဏ္ဏ၊ ဘဒ္ဒန္တ**

သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ၊

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ပုသိမ်မြို့၊ သဒ္ဓမ္မ သီတဂူ မဟာစည် သာသနာ့ရိပ်သာ
သြဝါဒါစရိယ၊ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ သြဝါဒါစရိယ၊
ပြည်တွင်း ပြည်ပ မဟာစည် သာသနာ့ရိပ်သာများ၏ ဦးသျှောင် သြဝါဒါစရိယ၊
(၁၃၅၈ ခုနှစ်၊ ပထမ ဝါဆိုလဆုတ် ၆ ရက်၌ ပျံလွန်တော်မူသည်။ )

**သြဘာသ၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ၊

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ တတိယအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊
မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အရှေ့ ကံကော်ကျောင်း၊ ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**သြသဓ၊ ဘဒ္ဒန္တ**

သက်တော် (၈၀) နှစ်၊ သိက္ခာတော် ( ၆၀) ဝါ၊

သုခပဋိပဒါဓမ္မကထိက၊ ဂန္ထကာရက၊ ဟသ်ာတမြို့ ပခန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၌ပျံလွန်တော်မူသည်။)

**ဥက္ကဋ္ဌ၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ ရွှေကျင်နိကာယ ရဟန်းညှိုမဟာနာယက၊
မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင် ) ဥက္ကဋ္ဌ၊ ဒဂုံမြို့ သစ်တောင်ပိုင်း ဥက္ကဋ္ဌာရာမကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၌ ပျံလွန်တော် မူသည်။)

**အဂ္ဂဓမ္မ ၊ ဘဒ္ဒန္တ**

သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၁) ဝါ၊

အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ၊ လှိုင်ကော်မြို့ ဝိမုတ္တိသုခ မဟာစည် သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏိက၊ ဘဒ္ဒန္တ**

သက်တော် ( ၈၃ ) နှစ်၊ သိက္ခာတော် (၆၃) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ ၊ နိုင်ငံတော် သြဝါဒါစရိယ၊ အဌမ မဟာလယ်တီဆရာတော်ကြီး၊
မုံရွာမြို့၊ မဟာလယ်တီ ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊
( ၁၃၅၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၌ ပျံလွန်တော်မူ သည်။)

## လူပုဂ္ဂိုလ်များ

**ကျော်ထင်၊ သူရဦး**

အသက် (၇၀) နှစ်၊

အငြိမ်းစား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ အငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး၊ အငြိမ်းစား ဗိုလ်ချုပ်ကြီး၊(၂၆ – ၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ကြည်ကြည်၊ ဒေါ် (စိန်ဘရားသား)**

အသက် (၇၇) နှစ်၊

သီဟသုဓမ္မသိင်္ဂီဘွဲ့၊ သီရိသုဓမ္မ သိင်္ဂီဘွဲ့၊ ဘုရား၊ ရဟန်း၊ သိမ်ကျောင်း၊ တန်ဆောင်း၊ ဆေးရုံ၊ ဒါယိကာမကြီး၊
(၃–၇–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ကြည်၊ ဦး**

အသက် (၅၂ ) နှစ်၊

စာရေးဆရာကိုကြည် (ပြင်ဦးလွင်) ၊စာပေဗိမာန် စာမူဆု ဘာသာပြန်စာပေ ပထမဆု သုံးကြိမ်နှင့် ဝတ္ထုတို ဒုတိယဆု တစ်ကြိမ် ဆွတ်ခူးရရှိခဲ့သူ၊ သိပ္ပံဘွဲ့ (စစ်တက္ကသိုလ်)၊ မဟာဝိဇ္ဇာ (အင်္ဂလိပ်စာ)၊ မဟာဝိဇ္ဇာ (စာနယ်ဇင်း)၊ အင်္ဂလိပ်စာသင်ကြားမှု ဒီပလိုမာ၊
(၂၁–၄–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်လတ်၊ ဦး**

အသက် (၈၂) နှစ်၊

စာရေးဆရာ၊ သတင်းစာဆရာ၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနအငြိမ်းစားလက်ထောက်ကထိက Working People's Daily သတင်းစာ အငြိမ်းစား အယ်ဒီတာချုပ်၊ MA.
(၁–၈–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ချယ်၊ ဆရာ**

အသက် (၈၄) နှစ်၊

နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်၊ စာရေးဆရာ၊
(၂၄–၁၁–၉၆ ရက်နေ့၌ကွယ်လွန်သည်။)

**စံထွား၊ ဦး (ဝဏ္ဏကျော်ထင်)**

အသက် (၉၃)နှစ်၊

၁၉၂၀ ပြည့်နှစ် ရန်ကုန်ကောလိပ် ပထမသပိတ်မှောက် ကျောင်းသား၊ ရန်ကုန်မြို့၊ မြို့မအမျိုးသားကျောင်း၊ ကျောင်းဆရာ၊ စာပေဗိမာန်အငြိမ်းစား အုပ်ချုပ်မှု အတွင်းရေးမှူး၊
(၅–၂–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**စံအေး၊ ဦး**

အသက် (၆၂) နှစ်၊

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (တတ်ပုံဆု) သုံးကြိမ်ရရှိခဲ့သူ၊
(၁၀ – ၄ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**စိုးလှ၊ ဦး**

အသက်(၈၀)နှစ်၊ .

စာရေးဆရာ သိပ္ပံစိုးလှ၊ စာပေဗိမာန် အငြိမ်းစားတွဲဖက် ညွှန်ကြားရေးမှူး၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ၁၉၇၆မှ ၁၉၈၈ ခုနှစ်ထိ)
(၁–၂–၉၆ ရက်နေ့၌ ကွယ်လွန်သည်။).

**စိုးလှိုင်၊ဦး (ဇေယျကျော်ထင်၊ စည်သူ)**

အသက်(၇၃)နှစ်၊

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်၊ အငြိမ်းစားပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ အဖွဲ့ဝင်၊ ဂျပန်ခေတ် လေကြောင်းပညာတော်သင်၊ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး၊
(၁၅–၃–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**စန်းမောင်၊ ဦး (ရုပ်ရှင်သရုပ်ဆောင် ဇော်လင်း)**

အသက်(၅၆) နှစ်၊

ရုပ်ရှင်သရုပ်ဆောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး၊
( ၅–၁၁–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**စန်းယု၊ ဦး**

အသက် (၇၈)နှစ်၊

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ အငြိမ်းစားနိုင်ငံတော်သမ္မတ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်၊ အငြိမ်းစားဗိုလ်ချုပ်ကြီး၊
(၂၈–၁–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**စိန်ဖေတင်၊ ဦး**

အသက် (၆၈) နှစ်၊

ရုပ်ရှင်ဒါရိုက်တာ၊ ၁၉၇၆ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရှင်၊
(၂၉–၃–၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ညီပု ၊ ဦး**
အသက် (၉၆) နှစ်၊
ပထမဆုံး မြန်မာ့ရုပ်ရှင်မင်းသား၊ မြန်မာ့ရုပ်ရှင်ဖခင်ကြီး၊ သရုပ်ဆောင် ၊ ဒါရိုက်တာ၊ စက်မှုပညာရှင်၊ မဟာဝိဇ္ဇာခိုရ် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရာသက်ပန် နာယက၊
(၁-၉-၉၆ ရက်နေ့ ၌ ကွယ်လွန်သည်။)

**ညွှန့် ၊ ဦး (စည်သူ)**
အသက်( ၈၇) နှစ်၊
အငြိမ်းစားအိုင်စီအက်စ်၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အငြိမ်းစား အတွင်းဝန်ချုပ်၊
(၈-၄-၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**တောက်ထိန်၊ ဗိုလ်မှူး (ရဲဘော်သုံးကျိပ်)**
အသက် (၈၇)နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ပထမဆင့် ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်၊
(၁၈ – ၄ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်တင် ၊ ဒေါ်**
အသက် (၇၇) နှစ်၊
စာရေးဆရာမကြီး ယုဝတီ တင်လေး:ဝေ၊
(၁၀ – ၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်သန်း ၊ ဦး ( ဦးလှကြီး)**
အသက် (၆၇) နှစ်၊
စာရေးဆရာ ငွေမောင်း၊
(၂၇ – ၃ – ၉၆ ရက်နေ့၌ကွယ်လွန်သည်။)

**ပါကျင် ၊ ဦး (ဝဏ္ဏကျော်ထင်)**
အသက် (၈၅) နှစ်၊
စာရေးဆရာ မျိုးမြင့်ရန်နောင်၊အငြိမ်းစား မှတ်ပုံတင် အရာရှိချုပ်၊
(၁- ၁၂ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ပွတ်ပါး ၊ ဦး**
အသက် (၈၂) နှစ်၊
ချင်းရေးရာ ဦးစီးအဖွဲ့၊ အဖွဲ့ဝင်၊ ချင်းဝိသေသတိုင်း လုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်၊ အငြိမ်းစား ဒုတိယ ဗိုလ်မှူးကြီး၊
(၂၄ – ၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ဖေစန်း ၊ ဦး**
အသက် (၈၂)နှစ် ၊
ရုပ်ရှင်နှင့်ဂီတ အနုပညာရှင် တက္ကသိုလ်ဖေစန်း:ခေါ် စန်းသော်တာ၊
(၁၃ – ၇ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ဖေသွင် ၊ ဦး**
အသက် (၆၇)နှစ်၊
စာရေးဆရာ သန်လျင် ဖေသွင်၊ အငြိမ်းစား ဗိုလ်မှူး၊
(၁၂ – ၇ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**မင်္ဂလာ၊ ဦး**
အသက် (၇၆ ) နှစ်၊
ဟာသဝိဇ္ဇာ လူရွှင်တော်ကြီး၊ သဃ်န်းကျွန်းမြို့နယ် သဘင် အစည်းအရုံး နာယက၊
(၂၅ – ၄ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။ )

**မင်းသိန်း၊ ဦး (ဦးမြင့်တိုး )**
အသက် ( ၅၀ )နှစ်၊
ရုပ်ရှင် ဒါရိုက်တာ မင်းမာဃ၊
(၁၆ – ၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။ )

**မောင်ချို၊ ဦး**
အသက် (၆၆ )နှစ်၊
အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ အငြိမ်းစားဝန်ကြီး၊ အငြိမ်းစား ဗိုလ်မှူးကြီး
B.Sc Engg (Electrical)၊
(၈ – ၁၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးမြင့်၊ ဦး၊**
အသက် (၇၀ ) နှစ်၊
စာရေးဆရာ ရောင်ကြီးဗွေ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်၊ လုပ်သားဂျာနယ်၊ အငြိမ်းစား အယ်ဒီတာချုပ်၊
(၆ – ၃ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးမြင့်ဇော်၊ ဦး၊**
အသက် (၆၂ ) နှစ်၊
ဂီတစာဆို ကျော့မှူး၊
(၂၅ – ၁၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**မြင့်ဆွေ၊ ဦး**

အသက် (၇၉ ) နှစ်၊

စာရေးဆရာ၊ ကျမ်းပြုဆရာကြီး၊ စာအုပ်ပေါင်း ၁၀၀ ကျော်နှင့် ဆောင်းပါးပေါင်း မြောက်မြားစွာ ရေးသားခဲ့သူ၊

(၃၀ – ၁ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**မြင့်မောင်၊ ဦး**

အသက် (၇၆ ) နှစ်၊

စာရေးဆရာ ဒါရိုက်တာ မြင့်မောင်၊ ၁၉၈၉ ခုနှစ်၊ အမျိုးသား စာပေဆုရှင်၊

ရုပ်ရှင်ဒါရိုက်တာ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ အဖွဲ့ဝင်၊ (၁၉၉၁ – ၉၂ ခုနှစ် )၊

(၂၇ – ၇– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**မြင့်အောင်၊ ဦး၊**

အသက် (၆၅ ) နှစ်၊

ရုပ်ရှင်မင်းသား မြင့်အောင်၊ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ခန့်အချစ်၊ အလွမ်း၊ အကြမ်းနှင့် ဘဝသရုပ်ဖော် ဇာတ်လမ်းစုံ ပါဝင်ရိုက်ကူးခဲ့သူ၊

(၁၈ – ၆– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**ရန်နိုင်စိန်၊ ဦး (ဝဏ္ဏကျော်ထင် )**

အသက် (၇၉ ) နှစ်၊

လွတ်လပ်ရေး မော်ကွန်းဝင် တတိယဆင့် ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အငြိမ်းစား ညွှန်ကြားရေးမှူး၊

မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ အဖွဲ့ဝင်၊

(၁၈ – ၄– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**လွင်၊ သခင်**

အသက် (၈၄ ) နှစ်၊

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်၊

အငြိမ်းစား ဝန်ကြီး၊ စာရေးဆရာ၊

(၂၀ – ၁၂– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**လွင်မောင်၊ ဦး**

အသက် (၇၇ ) နှစ်၊

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ အငြိမ်းစား သံအမတ်ကြီး၊ အငြိမ်းစား ပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစား ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစား ဗိုလ်မှူး၊

(၂ – ၇ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းသန်းရီ ၊ ဒေါ်**

အသက် (၄၇ ) နှစ်၊

အဆိုတော် တေးသံရှင် ခင်နှင်းသက်၊

(၂၇ – ၉ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**သိန်းထွန်း ၊ ဦး**

အသက် (၅၀ ) နှစ်၊

အဆိုတော် တေးသံရှင် ဇေယျာ၊

( ၇ – ၁၀ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**သိန်းမောင်၊ ဦး**

အသက် (၈၃ ) နှစ်၊

စာရေးဆရာ မင်းအောင်၊ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ဇာတ်ညွှန်းရေးဆရာ၊

စာပေဗိမာန်အဖွဲ့၏ ပထမဆုံး စာပေဆုရှင်၊

(၁၈ – ၂– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**သိန်းမောင် ၊ ဦး (စာရေးဆရာ ထင်လင်း )**

အသက် (၇၈ ) နှစ်၊

တက္ကသိုလ် အင်္ဂလိပ်စာဌာန ဆရာဟောင်း၊ အင်္ဂလိပ်နှင့် မြန်မာစာပေများ ရေးသားခဲ့သော စာရေးဆရာကြီး ၊၁၉၇၄ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန်) နှင့် ၁၉၉၁ ခုနှစ်၊ အမျိုးသား စာပေဆု (ဝတ္ထုတိုပေါင်းချုပ် ) ရရှိခဲ့သူ၊

(၃၀ – ၆ – ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်ကျော်မြင့် ၊ ဦး**

အသက် (၇၄ ) နှစ်၊

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အငြိမ်းစား ဝန်ကြီး၊ အငြိမ်းစားဗိုလ်မှူး၊

( ၄ – ၈– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်သိုက်၊ ဘီအီး ဒီ**

အသက် (၅၁ ) နှစ်၊


ဇာတ်မင်းသား၊ ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊

(၂၆ – ၈– ၉၆ ရက်နေ့၌ ကွယ်လွန်သည်။)

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ



ပြင်သစ်ရုပ်ရှင်ဒါရိုက်တာကြီး
ရိန်းကလေမင်



စီးပွားရေးလုပ်ငန်းရှင်
ဒေးဗစ်ပက်ကာ့ဒ်



ဗိလစ်ပီယာဆယ်



မီယက်နမ် ဗိုလ်ချုပ်ကြီး
ထရန်ဗန်ထရာ

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ
## နိုင်ငံတကာ

**ကလေမင် , ရိန်း (၈၂ နှစ် )**

နာဇီဖက်ဆစ်တို့ အုပ်စိုးစဉ်က ပြင်သစ်ပြည်သူတို့ ဒုက္ခပင်လယ်ဝေခဲ့ပုံကို ကျောရိုးပြုသည့် ဇာတ်ကားများကို အနုပညာလက်ရာမြောက်စွာ ရိုက်ကူးခဲ့သော ပြင်သစ် ရုပ်ရှင်ဒါရိုက်တာကြီးဖြစ်သည်။ မီးရထားလုပ်သားတို့က ဖက်ဆစ်တို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ခဲ့ပုံကို ဇာတ်လမ်းဖွဲ့သည့် သံလမ်းတိုက်ပွဲ (၁၉၄၆) နှင့် အသက်ငါးနှစ်အရွယ် မိဘမဲ့ မိန်းကလေး တစ်ယောက် စစ်ဘေးအတွေ့အကြုံကို ဇာတ်အိမ်ဖွဲ့သည့် ပိတ်ပင်ထားသော ကစားနည်းများ (၁၉၅၁ ) တို့သည် အထူးထင်ရှားသည်။ ပိတ်ပင်ထားသော ကစားနည်းများ ဇာတ်ကားအတွက် အော်စကာထူးချွန်ဆုကို ဆွတ်ခူးသည်။ သတင်းမှတ်တမ်းတင်ကား : ရိုက်ကူးနည်းဟန်မျိုးဖြင့် တင်ပြ လေ့ရှိသည်။ ၁၉၆၆ ခုနှစ်တွင် ရိုက်ကူးသော "ပါရီမြို့ကြီး မီးလောင်နေပြီလော " ဟူသော ဇာတ်ကားလည်း ကျော်ကြားသည်။

**ကာနေမာရူး , ရှင် ( ၈၁ နှစ် )**

ဂျပန်နိုင်ငံရေးလောကတွင် ဩဇာတိက္ကမ ကြီးခဲ့သူ ဖြစ်၍ အစိုးရအဖွဲ့ဝင် ရာထူးအမျိုးမျိုးကို ထမ်းဆောင်ဖူး သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ ) ၏ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်နေစဉ် ၁၉၉၂ ခုနှစ်တွင် သူသည် လာဘ်ငွေဒေါ်လာ ငါးသန်းရယူခဲ့သည် ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့က ဖော်ထုတ်ခဲ့၍ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ထို့နောက် သူ၏နေအိမ်တွင် ရွှေချောင်း ပေါင်ချိန်များစွာနှင့် ငွေကြေးနှင့်ဘဏ်စာချုပ် ဒေါ်လာ သန်း ၅၀ ဖိုးကိုပါ သိမ်းပိုက်ရရှိခဲ့သည်။ ၃၈ နှစ်ကြာ အာဏာ ရရှိခဲ့သော အယ်ဒီပီပါတီသည်ထိုကိစ္စကြောင့် ပြည်သူတို့ မကျေနပ်မှု ပေါ်ပေါက်၍ ရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့ ရသည်။

**ဂုရှတီရိုမာ , မန်ဂျီလီယာ (၈၄ နှစ် )**

ဗူလဂေးရီးယားလူမျိုး အကြားအမြင်ပညာရှင် အမျိုး သမီးကြီး ဖြစ်သည်။ နိုင်ငံရေးသမားများအစ၊ လယ်သမား များအဆုံး လူပေါင်းသန်းချီ၍ ဟောပေးခဲ့သည်ထိ ထင်ရှား သည်။ အသက် ၁၂ နှစ်အရွယ်က မုန် တိုင်းတစ်ခုတွင် နှစ်ကီလိုမီတာအထိ လွင့်စင်ပါသွားခဲ့၍ မျက်လုံးကွယ်ခဲ့ သည်။ နောက်ပိုင်းတွင် အကြားအမြင်စွမ်းရည် ရလာသည် ဟု အဆိုရှိသည်။၁၉၄၁ ခုနှစ်က သူ၏ အိပ်မက်ထဲတွင် ရေးဟောင်းမြင်းသည်တော် တစ်ဦးက နာဇီဂျာမန်တို့ သည် ဘော်လကန်ကျွန်းဆွယ်သို့ ချီတက်ဝင်ရောက်လာ တော့မည်ဟူ၍ သူ့ကိုပြောခဲ့သည်ဟု ဆိုသည်။ ထိုဟောကိန်းသည် မှန်ကန်ခဲ့သည်။ ဤသို့ဖြင့် သူ၏ အိမ်ငယ်လေးရှေ့တွင် သူ့ဟောကိန်းကို ရရှိရန် လူများစွာ တန်းစီစောင့်ဆိုင်းရသည်ထိ ထင်ရှားကျော်ကြားခဲ့သည်။

**ဂျယ်လီကိုး , ဆာဂျက်ဖရီ ( ၉၅ နှစ် )**

ကမ္ဘာကျော် ရှခင်းဗိသုကာပညာရှင်ဖြစ်သည်။ ဗြိတိန် နိုင်ငံရှိ အလှဆုံးပန်းဥယျာဉ်အချို့နှင့် အမေရိကန်နိုင်ငံရှိ ဂျွန်အက်ဖ်ကနေဒီ အမှတ်တရဥယျာဉ်တို့ အပါအဝင် ရှုခင်း ဗိသုကာဂုဏ်ဝင်မြောက်နေရာ အခင်းအကျင်းတို့ကို

နှစ်ပေါင်း ခုနှစ်ဆယ်အတွင်း တစိုက်မတ်မတ်ဖန်တီးခဲ့သည်။ အဆောက်အအုံဗိသုကာပညာကို ဆည်းပူးလေ့လာခဲ့ပြီးမှ ရှုခင်းဒီဇိုင်းများကို အထူးပြုဖန်တီးခဲ့သည်။ "ရှုခင်းဗိသုကာပညာသည် အနုပညာအရပ်ရပ်၏ မိခင်ဖြစ်သည်" ဟူ၍ သူကဖွင့်ဆိုခဲ့ဖူးသည်။ ခေတ်အဆက်ဆက်တွင် ရှုခင်းဗိသုကာ တိုးတက်ဖြစ်ထွန်းလာပုံ အဆင့်ဆင့်ကို ခင်းကျင်းဖန်တီးပြရန် အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ် ဂါဗက်စတန်အရပ်တွင် မြေဟက်တာ ၅၀ အကျယ်၌ ကြိုးပမ်းစီမံဆောင်ရွက်ထားခဲ့သည်။

**ဖေယျူဝါဒီနေ , ဂျေအာ (၉၀ နှစ်)**

သီရိလင်္ကာနိုင်ငံ၏ ဝန်ကြီးချုပ် အဖြစ်လည်းကောင်း၊ သမ္မတအဖြစ် လည်းကောင်း ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ ဝန်ကြီးချုပ်မှ သမ္မတဖြစ်လာခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ တင်းကျပ်ထိန်းချုပ်မှုများကို လျှော့ချလျက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ထိုစဉ် ၁၉၈၃ ခုနှစ်တွင် လူများစုဆင်ဟာလီလူမျိုးတို့နှင့် လူနည်းစု တမီလ်တို့အကြား လူမျိုးရေးပဋိပက္ခကို အခြေခံသော ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ ဟန့်တားနိုင်စွမ်းမရှိခဲ့ချေ။ ယခုအခါ လူ့အသက်ပေါင်း ၅၀,၀၀၀ မျှ ဆုံးရှုံးခဲ့ပြီးသော ထိုစစ်ပွဲသည် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

**ထရန်ဗန်ထရာ (၇၇ နှစ်)**

ဗီယက်နမ်နိုင်ငံတွင် ၁၉၆၈ ခုနှစ်က တက်ထိုးစစ်ဆင်နွှဲခဲ့စဉ်က တောင်ဗီယက်နမ်၊ ဆေးဂုံမြို့ကို တိုက်ခိုက်ရေးတွင် ဗီယက်ကောင်းပြောက်ကျားတို့ကို ကွပ်ကဲခဲ့သော ဗိုလ်ချုပ်ကြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ စစ်ရေးစွက်ဖက်မှုကို အထိနာစေခဲ့ပြီး နောက်ဆုံး၌ ၁၉၇၅ ခုနှစ်တွင် တောင်ဗီယက်နမ်မြို့တော်၊ ဆေးဂုံမြို့ကို သိမ်းပိုက် အောင်နိုင်ခဲ့သည့် ဗိုလ်ချုပ်ကြီးအဖြစ် ထင်ရှားသည်။

**ပါပန်ဒရီယို , အွန်ဒရေ (၇၇ နှစ်)**

ဂရိနိုင်ငံ၏ ပထမဆုံးသော ဆိုရှယ်လစ်ဝါဒီဝန်ကြီးချုပ် ဖြစ်သည်။ အမေရိကန်နိုင်ငံသားအဖြစ် ခံယူပြီးမှ ၁၉၈၄ ခုနှစ်တွင် ဂရိနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၆ ခုနှစ်တွင် မကျန်းမာ၍ ရာထူးမှနုတ်ထွက်ခဲ့သည်။

**ပီယာဆယ် , ဖိလစ် (၈၉ နှစ်)**

လန်ဒန်မြို့တော် လမ်းညွှန်မြေပုံစာအုပ် ( London A to Z ) ကို ဖန်တီးခဲ့သူဖြစ်သည်။ နေ့စဉ် နံနက် ငါးနာရီတွင် အိပ်ရာမှထပြီး လန်ဒန်မြို့တော်၏ လမ်းပေါင်း ၂၃,၀၀၀ကို တစ်လမ်းဝင်တစ်လမ်းထွက် လမ်းလျှောက်လျက် မှတ်တမ်းတင်ခဲ့သည်။ သူမ၏ လေ့လာရေးခရီးသည် ကီလိုမီတာ ၄၈၀၀ ကျော် ရှည်လျားခဲ့သည်။ ၁၉၃၅ ခုနှစ်က ခေတ်နောက်ကျနေသော မြေပုံကိုသုံးမိ၍ မျက်စိလည် လမ်းမှားမိရာမှ တစ်နေ့လျှင် ၁၈ နာရီကြာ လမ်းလျှောက်ကာ မှတ်တမ်းတင်ပြီး ထိုမြေပုံစာအုပ်ကို ဖန်တီးခဲ့သည်ဟု ဆိုသည်။ ထိုမြေပုံစာအုပ်ကို ၁၉၃၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကွယ်လွန်သည်။

**ပက်ကာ့ဒ် , ဒေးဗစ် (၈၃ နှစ်)**

ဟယူးလက် – ပက်ကာ့ဒ်အမည်ရှိ အီလက်ထရွန်းနစ်လုပ်ငန်းတစ်ခုကို ၁၉၃၉ ခုနှစ်တွင် အရင်းအနှီး ၅၃၈

ရုပ်ရှင်မင်းသားကြီး ဒင်းမာတင်



အစ္စရေးပါလက်စတိုင်း စာရေးဆရာကြီး ဟာဘီဘီ



ပီတာလုဗစ်



ဒေါ်လာဖြင့် စတင်ထူထောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဝင်ငွေ ဒေါ်လာသန်းပေါင်း၃၁,၀၀၀ ရရှိသည်အထိ အောင်မြင်နေသော ကွန်ပျူတာကုမ္ပဏီကြီးကို စီမံအုပ်ချုပ်နေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်သည်။ အီတ်ဆောင် ဂဏန်းတွက်စက်နှင့် အင့်ဂျက်ပရင်တာတို့ကို ဖွံဆော်ဦး တီထွင်ထုတ်လုပ်ခဲ့သော ထိုကုမ္ပဏီကြီးကို စီမံခန့်ခွဲရာတွင် ဝန်ထမ်းများနှင့် တရင်းတနှီးလုပ်ဆောင်သည့် စီမံခန့်ခွဲမှု ဗျူဟာကို ကျင့်သုံးခဲ့ရာ စီးပွားရေးစီမံခန့်ခွဲမှုနယ်ပယ်တွင် လေးစားအားကျမှုကို ခံယူရရှိခဲ့သည်။

### ဖရေဇီယာ , ဂရက်ဂရီ (၅၈ နှစ် )

၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက မျက်မမြင်တို့အတွက် "ရုပ်ရှင်" နှင့် "ရုပ်မြင်သံကြား" ကို မြင် နိုင်မည့် နည်းလမ်းကို တီထွင်ပေးခဲ့သည့် အမေရိကန်လူမျိုး တီထွင်မှုပညာရှင် ဖြစ်သည်။

### ဖရက်ဘော့ဂျ် , အားဗစ် (၈၀ နှစ် )

ဖက်ဆစ်ဝါဒီ နာဇီဂျာမန်တို့ အစုအပြုံလိုက် သတ်ဖြတ်နေပုံနှင့် ယုတ်မာရက်စက်ပုံကို ကမ္ဘာကို သိရှိအောင် တပ်လှန့်ပေးခဲ့သူဆွီဒင်လူမျိုး သတင်းစာဆရာနှင့် စာရေးဆရာဖြစ်သည်။ ဆွီဒင်သတင်းစာ "စဗင်စကာဒပ်ဘလပ်ဒက်" ၏ ဘာလင် သတင်းထောက်အဖြစ် ဆောင်ရွက်နေစဉ် ဂျာမန်နာဇီတို့သည် ဂျူးလူမျိုး နှစ်သန်းခန့်ကို စနစ်တကျအကွက်ချလျက် ဖမ်းဆီးနှိပ်စက် သတ်ဖြတ်နေကြောင်းကို ဖွင့်ချရေးသားခဲ့သည်။ ဂက်စတာပို စစ်ပုလိပ်တို့က ရန်ရှာလာ၍ ဂျာမနီနိုင်ငံမှ ထွက်ပြေးခဲ့ပြီး ဆွီဒင်နိုင်ငံတွင် "သံမဏိတံတိုင်း၏ နောက်ကွယ်မှာ " စာအုပ်ကို ၁၉၄၃ ခုနှစ်၌ ရေးသားထုတ်ဝေခဲ့သည်။ ဖက်ဆစ်နာဇီတို့၏ ရက်စက်မှုကို ဦးဦးဖျားဖျားဖော်ထုတ်ရေးသားခဲ့သော စာအုပ်စာရင်းတွင် ထိပ်တန်းစာအုပ်အဖြစ် ပါဝင်သည်။

### ဘိုကက်ဆာ , ယွန်းဘက်ဒဲ (၇၅ နှစ် )

အလယ်ပိုင်း အာဖရိကသမ္မတဟောင်းဖြစ်ပြီး မိမိကိုယ်ကို ဧကရာဇ်အဖြစ်ကြေညာကာ နိုင်ငံကို ၁၃ နှစ်ကြာမျှ အာဏာရှင်အဖြစ် အုပ်စိုးခဲ့သည်။

### မာတင် , ဒင်း (၇၈ နှစ် )

နှစ်ပေါင်း ၄၀ မျှ ထင်ရှားခဲ့သော ဟောလီးဝုဒ် ရုပ်ရှင်မင်းသားကြီးဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ရုပ်ရှင်ကားပေါင်း ၅၅ ကားထက်မနည်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ "လူတိုင်း တစ်ယောက်ယောက်ကို တစ်ချိန်ချိန်မှာ ချစ်မိစမြဲ " ဟူသော တေးသီချင်း အပါအဝင် ထင်ရှားသော တေးစုများကို သီဆိုထုတ်ဝေ ခဲ့ရာ အထူးအောင်မြင်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဂျယ်ရီလူးဝစ်နှင့် တွဲဖက်၍ ဟာသဇာတ်လမ်း များတွင် သရုပ်ဆောင်ခဲ့ရာ သူတို့နှစ်ဦး၏ ဟာသကား ၁၆ ကားသည် အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်ခဲ့ရာ အတွဲ အညီဆုံး ဟာသသရုပ်ဆောင်များအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဒင်းမာတင် ကွယ်လွန်သည်။

### မိဒ် , ဂျိမ်းစ်အီး (၈၈ နှစ်)

ဘောဂဗေဒပညာရှင် ဗြိန်မေနာ့ဒ်ကိန်း၏ အဋ္ဌေဝါသိက တပည့်ဖြစ်သည်။ ၁၉၇၇ ခုနှစ်တွင် စီးပွားရေးပညာဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးရရှိသည်။ အစိုးရအခွန်ငွေကောက်ခံမှု၊ အသုံးစရိတ်ခွဲဝေသုံးစွဲမှုနှင့် အတိုးနှုန်းသတ်မှတ်မှု မူဝါဒများက ကုန်သွယ်ရေးမူဝါဒ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် ကြွဇာလွှမ်းမိုးပုံတို့ကို စိစစ်ပိုင်းခြားလေ့လာခဲ့ခြင်းကြောင့် နိုဗဲဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဂျိမ်းစ်အီးမိဒ်သည် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

### လုဗစ် , ပီတာ (၇၁ နှစ် )

ဂျာမန် ချောကလက်လုပ်ငန်းရှင်လည်းဖြစ်၍ ရှားပါးအနုပညာပစ္စည်းများကို စုဆောင်းသူလည်းဖြစ်သည်။ ကိုလုံးမြို့ကြီးသို့ ပေါ့အနုပညာပစ္စည်း ၃၀၀ ကျော်ကို လှူဒါန်းခဲ့သည်။ ကိုလံဘီယာအကြိုခေတ် ပန်းပုလက်ရာများမှအစ၊ ရုရှားတော်ဝင်ပန်းချီကားများအလယ်၊ ပီကာဆို၏ ပန်းချီလက်ရာများအဆုံး ရှားပါးအနုပညာလက်ရာများ ကို စိုက်လိုက်မတ်တတ် စုဆောင်းခဲ့သည်။ ဂျာမနီနိုင်ငံနှင့် အခြားနိုင်ငံအသီးသီးရှိပြတိုက်ပေါင်း ၃၀ ကျော်သို့

ရှားပါးအနုပညာလက်ရာများကို ငှားရမ်းခြင်း၊ လှူဒါန်းခြင်း ပြုလုပ်ခဲ့သူဖြစ်သည်။

**ဟာဘီဘီ, အီမိုင်းလ် ( ၇၃ နှစ်)**

အစ္စရေးနိုင်ငံတွင် နေထိုင်သောအာရပ်တို့၏ ဒုက္ခများကို မှတ်တမ်းတင်ရေးသားခဲ့သည့် ထင်ရှားသော အစ္စရေး– ပါလက်စတိုင်း စာရေးဆရာကြီးဖြစ်သည့် သူ၏ စာပေလက်ရာအတွက် ပါလက်စတိုင်းစာပေဆုတွင် အဆင့်အမြင့်ဆုံးဖြစ်သော ဂျရူးဆလမ်းဂုဏ်ထူးဆောင် ဆုတံဆိပ်ကို ၁၉၉၀ ပြည့်နှစ်တွင် ချီးမြှင့်ခံရသည်။ နောက်နှစ်နှစ်အကြာတွင် အစ္စရေးနိုင်ငံ၏ ဂုဏ်ထူးဆောင်ဆုကိုလည်း ဆွတ်ခူးရရှိခဲ့ပြန်သည်။ သူ၏အထင်ရှားဆုံး ဝတ္ထုစာအုပ်တစ်အုပ်တွင် အစ္စရေးအာရပ်တို့၏ ဘဝ အသီးသီးတွင် ကြုံတွေ့နေရသော ဝိရောဓိများကိုရုပ်လုံးကြွအောင် ရေးသားတင်ပြခဲ့သည်။ အစ္စရေးကွန်မြူနစ်ပါတီကို တည်ထောင်ခဲ့သူတစ်ဦးဖြစ်ပြီး အစ္စရေးလွှတ်တော်တွင် နှစ်ပေါင်းနှစ်ဆယ်မျှ ပါဝင်ဆောင်ရွက်ခဲ့သည်။

**အာဗီကီဝေ, အင်နမ်ဒီ ( ၉၁ နှစ်)**

နိုက်ဂျီးရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သည်။ နိုင်ငံလွတ်လပ်ရေး ရရှိစေရန် ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။ သူ၏သတင်းစာဖြစ်သော "အနောက်အာဖရိက ရှေ့ဆောင်" သတင်းစာကြီးတွင်အမျိုးသားရေးဝါဒဆိုင်ရာ မျှော်မှန်းချက်များကို ဝေဝေဆာဆာတခမ်းတနား ရေးသားတင်ပြခဲ့သည်။ ဗြိတိသျှနယ်ချဲ့လက်အောက်မှ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေး ရရှိချိန်မှစ၍ နိုင်ငံအတွင်း လူမျိုးစု ပဋိပက္ခများ ပေါ်ပေါက်ခဲ့သည့် အာဗီကီဝေသည် သမ္မတအဖြစ်သုံးနှစ်ကြာ တာဝန်ယူခဲ့ပြီးနောက် ၁၉၆၆ ခုနှစ်တွင် အီဘိုလူမျိုးစုဦးဆောင်သော အာဏာသိမ်းပွဲကြောင့် ရာထူးမှနုတ်ထွက်ပေးခဲ့သည်။ သူကိုယ်တိုင် အီဘို လူမျိုးစုဝင်ဖြစ်၍ ထိုအာဏာသိမ်းပွဲကို ထောက်ခံခဲ့သည်ဟု ဆိုသည်။ သို့ရာတွင်နောက်ဆုံး၌ နိုင်ငံကို ဆိုးဆိုးရွားရွားထိခိုက် ပျက်စီးစေခဲ့သော ဘီယာဖရာပြည်တွင်းစစ်ကြီး ပေါ်ပေါက်ခဲ့ရသည်။

**အီလိုက်တစ်, အိုဒစ်ဆီးယု (၈၄ နှစ်)**


စာပေဆိုင်ရာနိုဗဲဆုကြီးကို ၁၉၇၉ ခုနှစ်တွင် ဆွတ်ခူးခဲ့သည်။ ဂရိကဗျာဆရာကြီးဖြစ်သည့် နိုင်ငံ၏ ရှေးဟောင်း ဒဏ္ဍာရီများနှင့် သမိုင်းနောက်ခံ အကြောင်းရပ်များကို ကဗျာများ ရေးဖွဲ့ခဲ့သည်။ သူ၏ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သော "တန်ဖိုးထိုက်ပါဘိ" ( ၁၉၅၇) စာအုပ်သည် အထူးထင်ရှားသည်။ နှစ်ဆယ်ရာစုနှစ်အတွင်း အနုပညာပြောင်မြောက်ဆုံးသော ကဗျာစာအုပ်များအနက် တစ်အုပ်အပါအဝင် ဖြစ်သည်ဟူ၍ စာပေ သမိုင်းဝင်ခဲ့သည်။

**အက်ဒွပ်စ် , အစ်ဒန် ( ၈၇ နှစ်)**

ထင်ရှားသော အီဂျစ်သမိုင်းပါရဂူဖြစ်သည်။ အီဂျစ်ဘုရင် တုတန်ခါမင် အကြောင်းရပ်နှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် သမိုင်းအချက်အလက် အခိုင်မာဆုံးတင်ပြနိုင်သူ ဖြစ်သည်။ ကိန်းဗရစ်တက္ကသိုလ်မှ ဘွဲ့ရပြီးနောက်ဗြိတိသျှ ပြတိုက်အမှုထမ်းဖြစ်လာခဲ့ပြီး ၁၉၅၅ ခုနှစ်မှစ၍ အငြိမ်းစားယူသော ၁၉၇၄ ခုနှစ်အထိ အီဂျစ်ရှေးဟောင်းသမိုင်းဝင် ပစ္စည်းများကို ထိန်းသိမ်းသူ ဖြစ်လာခဲ့သည်။ ပိရမစ်များ အကြောင်းကို စာအုပ်စာတမ်းများစွာ ပြုစုခဲ့သည်။ တုတန်ခါမင်၏ ရတနာပစ္စည်းများနှင့်အတူ နယ်လှည့်ပြပွဲတစ်ခုကို ၁၉၇၂ ခုနှစ်က စီစဉ်ခဲ့ရာ အထူးပင် အောင်မြင်ခဲ့သည်။

**ခင်မောင်လတ်၊ ဦး ( ခရစ် ၁၉၁၅ – ၁၉၉၆ )။ ။**
ဆရာကြီးဦးခင်မောင်လတ်ကို ၁၉၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ဖခင် ဦးညွန့်၊ မိခင် ဒေါ်ခင်သွဲ့တို့က မုံရွာမြို့၌ မွေးဖွားသည်။ ၁၉၂၀ ပြည့် ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်သောကျောင်းသားများ၊ သပိတ်ကြီးမှ ပေါက်ဖွား သည့် " နေရှင်နယ်ကျောင်း"ခေါ် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါတွင် မုံရွာမြို့ဆရာကြီးဦးဖေ

လုပ်သားပြည်သူ့နေ့စဉ်
(အင်္ဂလိပ်) သတင်းစာ
အငြိမ်းစားအယ်ဒီတာချုပ်
ဦးခင်မောင်လတ်



ကြီးမှူးသော နေရှင်နယ်ကျောင်းတွင် ၉ တန်းအထိ ပညာသင်ကြား ခဲ့သည်။ ၁၀ တန်းရောက်သောအခါ ဆရာကြီးဦးခကြီးမှူးသော မုံရွာမြို့ ဗုဒ္ဓဘာသာအထက်တန်း ကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်သည်။ ထိုကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ဘုံဘေဘားမားသစ်ကုမ္ပဏီတွင် အလုပ် စတင်လုပ်ခဲ့သည်။ ထို့နောက် စီအိုင်ဒီ စုံထောက်ရုံးတွင် မြန်မာ–အင်္ဂလိပ်ဘာသာပြန်အလုပ်ကို လုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ကပေးသော မြန်မာ့ လွတ်လပ်ရေးခေတ်တွင် နိုင်ငံခြားရုံး၌ နိုင်ငံခြားရေး လက်ထောက်အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးအပြီးတွင် အင်္ဂလိပ်လူမျိုးများအုပ်ချုပ်သော ( Civil Supplies Board ) ( ပြည်သူ့ရိက္ခာ ထောက်ပံ့ရေး အဖွဲ့ ) တွင် သတင်းဆက်သွယ်ရေး အရာရှိအဖြစ် တာဝန်ထမ်းသည်။ ၁၉၄၈ ခုနှစ်တွင် သက်ကြီး တက္ကသိုလ် တက်၍ ဘီအေ ( B.A ) စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာနည်းပြဆရာ လုပ်ရင်း အမ်အေ ( M.A) ဘွဲ့ရရှိခဲ့သည်။ လက်ထောက်ကထိကအဖြစ်မှ အလုပ်ထွက်၍ ပြင်ပအင်္ဂလိပ်စာ သင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။

၁၉၆၄ မှ ၁၉၆၈ ခုနှစ်အထိ "လုပ်သားပြည်သူ့နေ့စဉ်" အင်္ဂလိပ်သတင်းစာ "The Working People's Daily " တွင် အယ်ဒီတာချုပ်အဖြစ် အမှုထမ်းခဲ့သည်။ ရေးသားခဲ့သော စာအုပ်များမှာ (၁)Everyday Expression in English ၊(၂)အင်္ဂလိပ်စာ တတ်လိုသော် ၊(၃) Exercises on Everyday Expression in English တို့ဖြစ်ကြသည်။

အမှတ် ၅၀၅/ ပြည်ရိပ်သာ၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်မြို့နယ်တွင် နေထိုင်ပြီး ၁၉၉၆ ခု၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဇနီးစာရေးဆရာမကြီးဒေါ်ခင်မျိုးချစ် ၊သား ဒေါက်တာ ခင်မောင်ဝင်း တွဲဖက်သချ်ာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် တို့ကျန်ရစ်သည်။

**ချယ်၊ ဆရာ(ခရစ် ၁၉၁၃ – ၁၉၉၆ )။** ။ ဆရာချယ်ကို အဘဦးပု၊ အမိ ဒေါ်ဂွမ်းပုံတို့က ၁၉၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဝက်တိုးကျေးရွာ၌ ဖွားမြင်သည်။

ဆရာချယ်သည် ၁၉၃၂ ခုနှစ်တွင် ရေဦးမြို့ မူလတန်းဆရာ ဖြစ်သင်တန်းကျောင်းမှ ဆရာဖြစ်စာမေးပွဲ အောင်မြင်ပြီး ရွှေဘိုမြို့နယ် ကန်သာကုန်းကျေးရွာ ဆရာဦးညွန့်၏ကျောင်းတွင် လက်ထောက်ဆရာအဖြစ် တာဝန်



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဆရာချယ်

ထမ်းဆောင်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ တိုင်းရင်းသား အစ္စလာမ်ဘာသာဝင်များအား စုစည်းကာ တို့ဗမာ အစည်းအရုံးနှင့်လက်တွဲလျက် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးကို ဆောင်ရွက်သည်။ ဖက်ဆစ်တိုက်ဖျက်ရေးကာလတွင် အရှေ့အာရှတိုက်လူငယ်များ အစည်းအရုံးခွဲ၏ အစုအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရင်း ဗိုလ်မှူးဗထူး ဦးစီးသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ (A.F.O) ရွှေဘိုခရိုင်တွင် လူထုစည်းရုံးရေးမှူးနှင့် ထောက်လှမ်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်သည်။ ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ ရွှေဘိုခရိုင် ဖ.ဆ.ပ.လ အဖွဲ့ တည်ထောင်ရာတွင် ပါဝင်သည်။ ရွှေဘိုခရိုင် ကျောင်းဆရာများအဖွဲ့ချုပ်၊ ရွှေဘိုမြို့မ ကျောင်းဆရာများ အသင်း၊ ရွှေဘိုခရိုင် တောင်သူလယ်သမား အစည်းအရုံးတို့ကို တည်ထောင်ဆောင်ရွက်သည်။ အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဗမာနိုင်ငံ) တွင် အတွင်းရေးမှူး တာဝန်အထိ ဆောင်ရွက်သည်။ ထို့ပြင် ဗမာနိုင်ငံလုံးဆိုင်ရာ ဗမာမွတ်စလင်ကွန်ဂရက် (ဗ.မ.က ) စတင်တည်ထောင်ရာတွင် ပါဝင်ပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်

အထိ ဗ.မ.က ဌာနချုပ် ပြည်လုံးကျွတ်ညီလာခံများတွင် အထွေထွေအတွင်းရေးမှူးအဖြစ် နှစ်စဉ်တာဝန်ပေးအပ်ခြင်း ခံရသည်။

ဆရာချယ်သည် ဖ–ဆ–ပ–လ အစိုးရလက်ထက် ၁၉၅၆ ခုနှစ်တွင် ရမည်းသင်းတောင်ပိုင်း လွှတ်တော် အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် ဗဟို ကုန်သွယ်ရေး၌ အဖွဲ့ဝင်အဖြစ် ၁၀ နှစ်ခန့် ဆောင်ရွက် သည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ရန်ကုန်တိုင်း ကြားဖြတ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်သည်။ တတိယ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့် ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပျော်ဘွယ်မြို့နယ် မဲဆန္ဒ နယ် အမှတ် ၂ မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်က ဆရာချယ်အား ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင် အဖြစ် တာဝန်ပေးအပ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် ပါတီစုံ ဒီမို ကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်အဖြစ် ဆက်လက် တာဝန်ပေးအပ်ခဲ့ရာ ကွယ်လွန် ချိန်အထိ ထမ်းဆောင်ခဲ့သည်။

ဆရာချယ်သည် စာရေးဆရာတစ်ဦးဖြစ်ပြီး ဒုတိယ ကမ္ဘာစစ်မဖြစ်မီက "ရွှေဉာဏ်ချယ်"ကလောင်အမည်ဖြင့် ဝတ္ထုတိုများ ရေးသားသည်။ ၁၉၃၉ ခုနှစ်တွင် ဗမာ မွတ်စလင်တို့၏ ရှေးဟောင်းအတ္ထုပ္ပတ္တိစာအုပ်၊ စစ်ပြီး ခေတ်တွင် တရုတ်ပြည်မှ တိုင်းပြည်၏အရှင်သခင်များ စာအုပ်၊ ၁၉၅၆ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သမားသမဂ္ဂ ဥပဒေဘာသာပြန်စာအုပ်၊ ၁၉၅၇ ခုနှစ်တွင် ကမ္ဘာ့အလုပ်သမားသမဂ္ဂ သမိုင်းစာအုပ်၊၁၉၉၀ ပြည့်နှစ်တွင် တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသို့ စာအုပ်တို့ကို ပုံနှိပ် ထုတ်ဝေသည်။

ဆရာချယ်သည် နိုင်ငံတော်ကပေးအပ်သည့် တာဝန် များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိသည်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရရှိသော ဆရာချယ်သည် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၆)။

။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ဗုဒ္ဓသာသနာ တော် သန့်ရှင်းတည်တံ့ ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဇန်ဆောင် စာချဆရာတော်ကြီးများ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်ကြီးများ၊နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်း နေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေး လုပ်ငန်း များတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရှပ်ရှပ် ချွံချွံ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၊ နိုင်ငံ တော် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်း ကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်း တံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်း တံဆိပ်များ၊ ပြည်သူ့ဝန်ထမ်း တံဆိပ် များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များ၊ မြန်မာနိုင်ငံ ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ် သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်း ပြုသည်နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် သာသနာတော်

ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ သီလရှင် ဆရာကြီးများ၊ ပြည်တွင်း ပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ဗုဒ္ဓ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်း နေကြသည့် ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်း တံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်နှင့် မြန်မာနိုင်ငံ ရဲပူးတွဲတိုက်ပွဲဝင် တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး နှစ်ပတ်လည်အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၉၆ အရ အဘိဓဇမဟာ ရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၅ ပါးနှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၆ ပါး၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော် ကြီး ၁၃ ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း ၁၅ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၂ ပါးနှင့် သီလရှင် ဆရာကြီးလေးပါး စုစုပေါင်း ၁၆ ပါး၊ စူဠဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ကိုးပါးနှင့် သီလရှင်ဆရာကြီး နှစ်ပါး စုစုပေါင်း ၁၁ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ငါးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး နှစ်ပါး၊မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး နှစ်ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၂ ပါးနှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၃ ပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီး ငါးပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ခြောက်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်း ခြင်း ခံရသော ဆရာတော်ကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း သုံးပါး၊ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ် တော် ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့် အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သုဓမ္မမဏိ ဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့် အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ စုစုပေါင်း ဆရာတော်ကြီး ၈၁ ပါး၊ သီလရှင် ဆရာ ကြီး ရှစ်ပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၉၆ အရ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၁၇ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်း ခြင်း ခံရသောပုဂ္ဂိုလ် ၃၅ ဦး၊ စိမ်းထူးချွန်တံဆိပ် (ပထမ ဆင့် ) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၁၀ဦး၊ စိမ်း ထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၃ဦး၊ စိမ်းထူးချွန်တံဆိပ် (တတိယဆင့် ) ချီးမြှင့် အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ဦးရေ၄၀၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁၄ ဦး၊ လူမှုထူးချွန်တံဆိပ်( ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၁၂ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၁၃၃ ဦး၊ ရဲသူရတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ငါးဦး၊ ရဲဗလတံဆိပ် ချီးမြှင့် အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ခုနစ်ဦး၊ ရဲသူရိန်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ ရဲကျော်စွာ တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ ရဲကျော်သူတံဆိပ် ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်းဦးရေ ၃၀၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၉၆အရ စစ်မှုထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၇၇ ဦးနှင့်တာဝန်ထမ်းဆောင်ဆဲ ၂,၄၅၉ ဦး၊ စုစုပေါင်း ၂,၅၃၆ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၉၆အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၄၀၄ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၀,၄၁၇ ဦး၊ စုစုပေါင်း ၁၁,၈၂၁ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၉၆ အရ ရဲမှုထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၉၈ ဦး၊ စုစုပေါင်း ၁၀၉ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၉၆ အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားလေးဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၆၀၅ ဦး၊ စုစုပေါင်း ၆၀၉ ဦး ပါဝင်ပါသည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၉၆ အရ ပြည်သူ့ဝန်ထမ်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားဦးရေ ၅၀၀ နှင့် တာဝန်ထမ်းဆောင်ဆဲ ၂၂,၁၁၅ ဦး စုစုပေါင်း ၂၂,၆၁၅ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၅၃၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၃,၆၅၀ ဦး၊ စုစုပေါင်း ၃၄,၁၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၉၆အရ မြန်မာနိုင်ငံရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားခြောက်ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၆၂၅ ဦး၊ စုစုပေါင်း ၆၃၁ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အမှုထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း နှစ်ဦးအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်များ ကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၁၅ ဦးအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ်များ ချီးမြှင့်သည်။

**ဂျပန်နိုင်ငံ။** ။ အသက် ၇၁ နှစ်ရှိပြီဖြစ်သော ဂျပန်ဝန်ကြီးချုပ် တိုမီချီမူရာယာမသည် ကံအားလျော်စွာ ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဖြစ်ခဲ့သော်လည်း သူ၏ ၁၈ လကြာ အုပ်ချုပ်ရေးသက်တမ်းတွင် ကံမကောင်း အကြောင်း မလှဖွယ်ကြုံတွေ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅–စာ၊ ၁၉၈၊ ၁၉၉–ရှု။)

ကိုဘီမြို့ငလျင်ကြီးလှုပ်ခြင်း၊ ယန်းငွေတန်ဖိုး လျော့ကျ၍ ထုတ်ကုန်လျော့ကျခြင်း၊ ဆိုမီတိုမိုနှင့် ဒိုင်ဝါဘဏ်များ အရှုပ်တော်ပုံပေါ်ထွက်ခြင်း၊ တိုကျိုဘူတာရုံ၌ ဗုံးပေါက်ခြင်းနှင့် အဆိပ်ဓာတ်ငွေ့ဒဏ် ပေါ်ထွက်ခြင်း၊ အိုကီနာဝါကျွန်း၌ အမေရိကန်တပ်သားတို့ မုဒိမ်းမှုဖြစ်ပွားခြင်းစသည်တို့သည် ဝန်ကြီးချုပ် မူရာယာမ၏အကျပ်ဆိုက်မှုများ ဖြစ်ခဲ့သည်။ (စွယ်စုံနှစ် ချုပ် ၁၉၉၆– စာ၊ ၁၉၇၊ ၁၉၈–ရှု။)

လေးနှစ်တာကာလပတ်လုံး ဂျပန်နိုင်ငံစီးပွားရေး ထုံထိုင်းခဲ့သည်။ ထို့ကြောင့်ဝန်ကြီးချုပ်မူရာယာမသည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ရာထူးမှနုတ်ထွက် သည်။

ဝန်ကြီးချုပ်မူရာယာမအစိုးရသည် ဂျပန်တပ်မတော်ဖွဲ့စည်းမှုကို အတည်ပြုခဲ့သည်။ မူရာယာမ၏ ဂျပန်ဆိုရှယ်လစ်ပါတီသည် လွှတ်တော်၌အင်အားနည်းလာသောအခါ အထက်ကဆိုခဲ့သည့်အတိုင်း ရာထူးမှနုတ်ထွက်သည်။ အမတ်အများစုရလာသော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအပြင် အခြားပါတီငယ်တစ်ခုနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့၍ အုပ်ချုပ်သည်။ ၁၉၉၆ ခုနှစ်၊

**ဂျပန်အောက်လွှတ်တော် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် အယ်ဒီပီပါတီမှ ဝန်ကြီးချုပ် ဟာရှီမိုတို**



အောက်တိုဘာလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ပြဋ္ဌာန်းသည်။

**ရွေးကောက်ပွဲသစ် –** ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်ကျင်းပသောရွေးကောက်ပွဲ၌ ဒိုင်းယက်( Diet) ခေါ် အောက်လွှတ်တော်အမတ်နေရာ ၅၀၀ ကျော်အတွက် ၁,၅၀၃ ဦးက ယှဉ်ပြိုင်အရွေးခံကြသည်။ ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်လိုက်ရာ ယခင်ကအမတ်လောင်းအများ အပြား ရွေးချယ်ခံခဲ့သောနယ်မြေများကို ခွဲစိတ်ပစ်ပြီးနောက် မဲဆန္ဒနယ်တစ်နယ်လျှင်တစ်ဦးသာ အရွေးခံစေသော စနစ်သို့ ပြောင်းသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် ရှုတာရိုဟာရှီမိုတို၏ပါတီက နေရာအများဆုံးရရှိသည်။ ရှိရှင်ကိုခေါ်တိုးတက်သောပါတီ(New Frontier Party )က ဒုတိယလိုက်၍ ဆိုရှယ်လစ်ပါတီကတတိယလိုက်သည်။ တိုးတက်သောပါတီ (သစ်လွင်သောအယူအဆ ရှိသည့် ပါတီ) ကို နိုင်ငံရေး လောက၌ နာမည်ကြီးသော အီချီရို အိုဇာဝါ ခေါင်းဆောင်သည်။

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၄၆ ရာခိုင်နှုန်းက မဲပေးသည်။အောက်လွှတ်တော်နေရာ၅၀၀ တွင်အယ်ဒီပီက ၂၉၉ နေရာရသည်။ အတိုက်အခံပါတီများက ၁၅၆ နေရာရရှိသည်။ ဂျပန်ကွန်မြူနစ်ပါတီက ၂၆ နေရာ ရရှိသည်။

ဂျပန်ကွန်မြူနစ်ပါတီသည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နှင့် ၃ ရက်၊ ၄ရက်၊ ၅ ရက်နေ့များတွင် ပါတီဝင်စုံညီကွန်ဖရင့် ကျင်းပခဲ့သည်။ အစိုးရနှင့် အဖွဲ့အစည်းများတွင် အမှားတွေ့ပါက ပြောင်ပြောင်တင်းတင်း ဝေဖန်တတ်သော ကွန်မြူနစ်ပါတီကို ပြည်သူတို့နှင့် အဖွဲ့အစည်းတို့က လက်ခံချီးကျူးခဲ့ကြသည်ကို တွေ့ရသည်။ အယ်ဒီပီပါတီသည် ဆိုရှယ်လစ်ပါတီ၊ အခြားပါတီငယ်တို့နှင့် ပူးပေါင်းကာ သုံးပါတီညွန့်ပေါင်းအနေဖြင့် အုပ်ချုပ်စီမံမည် ဖြစ်သည်။

**အစိုးရသစ်ရည်မှန်းချက်–** စစ်ရေးစစ်ရာထက် စီးပွားရေးကို အာရုံစိုက်ခဲ့သော ဂျပန်နိုင်ငံသည် ကမ္ဘာတွင် ဒုတိယ အဖွံ့ဖြိုးဆုံး နိုင်ငံဖြစ်သည်ဟု ဆိုသည်။ ပထမ အဖွံ့ဖြိုးဆုံး နိုင်ငံမှာ အနောက်ဂျာမနီဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့်ပင် ဂျပန်ဝန်ကြီးချုပ် ရှုတာရိုဟာရှီမိုတိုသည် နိုဝင်ဘာလ ၂၇ ရက်နေ့ကကျင်းပသော ဂျပန် ဥပဒေပြုလွှတ်တော်အထူးအစည်းအဝေး၌ ၄င်း၏မူဝါဒနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။ မိမိတို့သည် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲ မှုများ အောင်မြင်စေရန် ကြိုးပမ်းမည်ဟု အလေးအနက် ပြောကြားသည်။

ဟာရှီမိုတိုရွေးထုတ်ပြောပြသော ကြိုးပမ်းမှုငါးခုမှာ အစိုးရ အုပ်ချုပ်ပုံစနစ်၊ နိုင်ငံ၏ စီးပွားရေးပုံသဏ္ဌာန်၊ ဘဏ္ဍာရေးစနစ်၊ လူမှုဖူလုံရေးနှင့် အစိုးရဘဏ္ဍာရေး အခြေအနေတို့ ဖြစ်သည်။

**စီးပွားရေး–** အစိုးရသစ်ပြောင်းမည့်အချိန်ဖြင့် လေးနှစ်ကြာ စီးပွားရေးထုံထိုင်းမှုသည်ဦးမော့၍လာသည်။ အရက်နှင့် ရိက္ခာများကို လျှော့ဈေးဖြင့်လည်းကောင်း၊ လက်ဆောင် လက်မှတ်များဖြင့် လည်းကောင်း ဝယ်ယူလာနိုင်ကြ သည်။ ပြည်သူတို့၏ တစ်နှစ်ဝင်ငွေသည် ဒေါ်လာ ၄၀,၈၀၀ သို့ရောက်ရှိလာသည်။ အမေရိကန် ပြည်ထောင်စုမှ အမဲသားနှင့် ကားများတင်သွင်းခွင့် ရလာသည်။ အိတ်ဆောင်ဆယ်လူလာ တယ်လီဖုန်းများ ထုတ်လုပ်မှု သည် ဒေါ်လာကိုးဘီလီယံသို့ ရောက်ရှိလာသည်။

ယင်းသို့တိုးတက်နေစဉ် ဘဏ်လုပ်ငန်းရှင်အချို့နှင့် ကုန်သည်ကြီးအချို့၏မသမာမှုများပေါ်ထွက်လာသည်။ ဥပမာ ဆိုမီတိုမိုကြေးနီလုပ်ငန်းနှင့် ဒိုင်ဝါဘဏ် မှုခင်းများ သည် ဂျပန်၏စီးပွားရေးလောကကို ကြီးမားစွာဂယက်ရိုက် ခဲ့သည်။ ထို့ကြောင့်ပင် ဘဏ်များကိုစိစစ်ကြီးကြပ်ရန် ဖေဖော်ဝါရီလက ပြဋ္ဌာန်းချက်ထုတ်ပြန်ရသည်။

ဝယ်ယူစားသုံးမှုအပေါ်၌ အကောက်ခွန် သုံးရာခိုင်နှုန်း နှင့် ငါးရာခိုင်နှုန်းအတွင်း တိုးမြှင့်ကောက်ခံရန် အစိုးရက စီစဉ်နေဆဲတွင် နယူးဖရန် တီယာပါတီက ဝင်ငွေခွန်မှ ၅၀ ရာခိုင်နှုန်းလျှော့ချရန် အဆိုပြုသည်။

၁၉၉၆ ခုနှစ်တွင် ကင်နွန် (Canon)အီလက်ထရွန်းနစ် ကုမ္ပဏီသည် အမြတ်အစွန်းများစွာရရှိသည်။ ကင်နွန် လုပ်ငန်းတွင် ဝန်ထမ်းပေါင်း ၈၀, ၀၀၀ ရှိရာ ထက်ဝက် ကျော်မှာ နိုင်ငံခြားသားများဖြစ်သည်။ တိုယိုတာ ကုမ္ပဏီမှာ အမေရိကန်နှင့်ဥရောပရှိ ကုမ္ပဏီခွဲများထံမှ အမြတ်အစွန်း အများအပြားရရှိသည်။

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် အတိုက်အခံ ပါတီက ဟာရှီမိုတိုအစိုးရသည် လုပ်ငန်းရှင်အရင်းရှင်ကြီး လေးဦးထံမှ ဒေါ်လာငွေ ၉၄,၀၀၀ အလှူခံရရှိ ခဲ့သည်ဟု စွပ်စွဲ ပြောကြားသည်။

**ကာကွယ်ရေး–** ဂျပန်နိုင်ငံကာကွယ်ရေးအတွက် စစ် အင်အားသည် ၂,၇၅,၀၀၀ ရှိသည်။ တပ်မတော် ခိုင်မာ

တည်ရှိမှုကို မူရာယာမ အစိုးရက အသိအမှတ်ပြုခဲ့သည်။ တစ်နိုင်ငံ တစ်ရပ်ခြားသို့ ငြိမ်းချမ်းရေးတပ်များ ပို့နိုင်ခွင့်ကိုလည်း ရရှိပြီးဖြစ်သည်။

ထိုအတွင်း ၁၉၉၅ ခုနှစ်က ပေါ်ထွက်ခဲ့သော အိုကီနာဝါကျွန်းမှ အမေရိကန်တပ်သားများ မှုခင်းကလည်း ပြီးပြတ်သလောက် ဖြစ်သည်။ ထိုကျွန်းတွင် အမေရိကန်တပ်သား ၂၄,၀၀၀ ထားရှိသည့်အတွက် ကုန်ကျစရိတ်ခုနစ်ဘီလီယံ၏ ၇၀ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံက ကျခံရမည်ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ချထားခဲ့သော ဤအမေရိကန် မရိန်းတပ်သားတို့သည် ယခုစစ်ပြီးကာလအထိ တည်ရှိနေဆဲဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ အန္တရာယ်ရှိနေသဖြင့် အမေရိကန် မရိန်းတပ်ကို ဆက်လက်ထားရှိနေရခြင်း ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် အချို့သော နိုင်ငံရေးဝေဖန် ဆန်းစစ်သူတို့က အမေရိကန် မရိန်းတပ်ကို မြောက်ကိုရီးယားနိုင်ငံ၏ အန္တရာယ် ခုခံကာကွယ်ရေးအတွက် အားကိုးနိုင်မည့် အနေအထားရှိ မရှိ စောဒကတက်ကြသည်။

**အပြည်ပြည်ဆိုင်ရာဆက်ဆံရေး–** ဂျပန်နိုင်ငံအနေဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးဆိုင်ရာ ဂျပန်တပ်များကို ကမ္ဘောဒီယားနှင့် အခြားနိုင်ငံအချို့သို့ အောင်မြင်စွာ စေလွှတ်၍ တာဝန်ထမ်းဆောင်စေခဲ့သည်။ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအသီးအသီးသို့ ငွေကြေးပစ္စည်းများ အကူအညီပေးခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ကို ထည့်သွင်းသင့်သည်ဟု အချို့က တင်ပြကြသည်။

ကြွေးမြီလျှော်ပစ်ခြင်း၊ လူမှုရေးထောက်ပံ့လှူဒါန်းခြင်း အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးကိုလည်း ဂျပန်အစိုးရက လုပ်ဆောင်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှု ပြုရာတွင် ကုန်သွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် ဂျပန်နိုင်ငံက ၎င်း၏ကုန်သွယ်ဘက်နိုင်ငံများအား ဒီဇင်ဘာ ၇ ရက်နေ့ကတိုက်တွန်းလိုက်သည်။ ကုန်သွယ်ရေးစည်းမျဉ်းများတွင်မျှတသောစီးပွားရေးယှဉ်ပြိုင်မှုပြုလုပ်ကြရန်ကိုလည်း တိုက်တွန်းပြောကြားသည်။

တစ်ဖက်တွင်အိုကီနာဝါအရေးအခင်းနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံနှင့်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ အမေရိကန်မရိန်းတပ်များကို အထိုက်အလျောက်လျှော့ချမည်ဟု အမေရိကန်ဘက်က ဆိုသည်။ မုဒိန်းမှုကျူးလွန်သူသုံးဦးကိုလည်း ပြစ်ဒဏ်ချမှတ်ပြီးဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံ၏ ကြံ့ရွယ်ချက်တစ်ခုမှာ အိုကီနာဝါကျွန်း၏အနီး ကမ်းလွန်တစ်နေရာတွင် စခန်းတစ်ခု တည်ဆောက်ရန် ဖြစ်သည်။ ဂျပန်နိုင်ငံတွင် အမေရိကန်တပ်အင်အား ၄၄,၀၀၀ ရှိသည့်အနက် အိုကီနာဝါ၌



**ရွေးကောက်ပွဲအတွက် မဲပုံးများ ပြင်ဆင်နေစဉ်**

တပ်သား ၂၄,၀၀၀ ချထားသည်။ အိုကီနာဝါကျွန်းမှာ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်နှင့် ဂျပန် နှစ်ဖက်စလုံးမှ စုစုပေါင်း တပ်သား၂,၀၀,၀၀ ၀ သေဆုံး ခဲ့သောကျွန်း ဖြစ်သည်။

ဤအတောအတွင်း စက်တင်ဘာလတွင် တရုတ် ပင်လယ် အတွင်းရှိကျွန်းငယ်တစ်ခု၌ ဂျပန်အဖွဲ့တစ်ဖွဲ့က အလံစိုက်ထူလိုက်သည်ကို တိုင်ဝမ်၊ ဟောင်ကောင်နှင့် တရုတ်တို့က အပြင်းအထန်ကန့်ကွက်သည်။ ယင်းဂျပန် အဖွဲ့ကို အဆိုပါကျွန်းမှ ပြန်လည်ထွက်ခွာစေခဲ့သည်။

ဦးဘသောင်း

**ငြိမ်းကျော်(ခရစ် ၁၉၄၃–၁၉၉၅)။** ။စာရေးဆရာ ငြိမ်းကျော်ကို ဖခင်ဦးအေးမောင်၊ မိခင်ဒေါ်အုန်း တို့က ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့တွင်၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် ကြာသပတေးနေ့တွင် မွေးဖွား ခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်၍ ငယ်မည်"အပါ" ဖြစ်ပြီး အမည်ရင်း "ဦးမောင်မောင်ကြီး" ဖြစ်သည်။

၁၉၄၉ ခုနှစ် ဆရာမကြီးဒေါ်ချစ်မေကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး အင်းစိန်မြို့ဆရာကြီးဦးငွေထွန်း ကျောင်း၌ စတုတ္ထတန်းစကောလားရှစ် ပညာသင်ဆုရရှိ ခဲ့သည်။ ငြိမ်းကျော်သည် ဟိုက်စကူးဖိုင်နယ်စာမေးပွဲ အောင်မြင်ခဲ့ပြီးနောက် စတင်၍ ကဗျာ၊ ဝတ္ထုတိုများ ရေးသားခဲ့သည်။ "မောင်ယမုန်" အမည်ဖြင့်ရေးသား ခဲ့သော"ချစ်သည်သာ ဆိုရုံမျှနှင့်" ဝတ္ထုတိုကို မြဝတီ မဂ္ဂဇင်းတွင် စတင်ဖော်ပြခြင်း ခံရသည်။ တစ်ချိန်တည်း ပင် "ငြိမ်းကျော်"ဟူသော ကလောင်အမည်ဖြင့် ပထမ ဦးဆုံး ရေးသားသော "ကိုဘောဂ" ဝတ္ထုတိုကိုလည်း မြဝတီ မဂ္ဂဇင်း၌ပင် စတင်ဖော်ပြခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ၁၉၆၄ ခုနှစ်တွင် နည်းပြ သိပ္ပံအလွတ်ပညာသင်ကျောင်းမှ အောင်မြင်ခဲ့ပြီး ၁၉၆၅ ခုနှစ်၌ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် မြန်မာစာ အဓိကဖြင့် ပညာဆက်လက် သင်ကြားခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ဒေါ်ခင်သန်းနှင့် လက်ထပ် သည်။



အမျိုးသားစာပေဆုရှင် စာရေးဆရာ ငြိမ်းကျော်

ပထမနှစ် မြန်မာစာကျောင်းသားဘဝတွင် ရေးသား ခဲ့သော "မြန်မာပြဇာတ် ရေစီးကြောင်း" သုတေသန ဆောင်းပါးကို ဘက္ကသိုလ်ပညာပဒေသာ စာစောင်တွင် ဖော်ပြခြင်း ခံခဲ့ရသည်။

မြန်မာဂန္ထဝင်စာပေ၊ ရှေးဟောင်း မြန်မာနိုင်ငံသမိုင်း၊ အရှေ့တိုင်းပညာရပ်ဆိုင်ရာ သုတေသန စာတမ်းများကို တက္ကသိုလ် ပညာပဒေသာစာစောင်နှင့် အခြား ပြည်တွင်း ပြည်ပ စာစောင်များတွင် တစ်ဆက်တည်းရေးသားခဲ့သည်။

ရေးသားခဲ့သော စာပေများတွင် "ရှေးဟောင်းသုဝဏ္ဏ မနော်ဟရီဇာတ်နှင့် သမိုင်းကြောင်းသုတေသန"အမည်ရှိ သုတေသနစာအုပ်နှင့် "၈၀၂ ခုနှစ် သရေခေတ္တရာ တရုတ် နိုင်ငံရောက် ပျူဂီတအဖွဲ့၊ တူရိယာနှင့်စကေး" စာတမ်း များမှာ ထင်ရှားခဲ့သည်။

၁၉၇၃ ခုနှစ်တွင် "ငွေတောင်၊ သုဝဏ္ဏ မနော်ဟရီ ဇာတ်နှင့် သမိုင်းကြောင်းသုတေသန"စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ကို ရရှိခဲ့သည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် ၁၉၇၂ ခုနှစ်၌ အထွေထွေလက်ထောက်အတွင်းရေးမှူးတာဝန်ကို ထမ်းရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့(မြန်မာစာ) တန်းကို ဘာသာရပ်အားလုံး၌ စကားပြေအထူးဆုဖြင့် အောင်မြင်ပြီး မဟာဝိဇ္ဇာဝင်ခွင့် အဆင့်မီခဲ့သည်။

လုံးချင်းဝတ္ထုစာအုပ်ပေါင်း ၅၄ အုပ်၊ ဝတ္ထုလတ် ၄၀၊ ဝတ္ထုတိုအပုဒ် ၁၀၀ ကျော်၊ ဆောင်းပါး ၁၄ ပုဒ်၊ သုတေသန

စာတမ်းခုနစ်စောင်၊ သုတေသနစာအုပ် တစ်အုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပြီး ယင်းတို့အနက်မှ ဝတ္ထုပေါင်းများစွာကို ရုပ်ရှင်ဇာတ်ကားနှင့် ဗီဒီယိုဇာတ်လမ်းများအဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့ပြီး ဖြစ်သည်။ ကိုယ်တိုင်လည်း ဒါရိုက်တာအဖြစ် "ထားခဲ့ပြီ"ကိုယ်ပိုင်လုံး ချင်းဝတ္ထုကို ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးခဲ့သည်။

နောက်ဆုံးရေးသားခဲ့သော လုံးချင်းဝတ္ထုစာအုပ်မှာ "အချစ်ရယ် တောင်စွယ်မှာနေကွယ်မှဖြင့်"ပထမ၊ ဒုတိယ နှစ်အုပ်တွဲ ဝတ္ထုဖြစ်သည်။

စာရေးဆရာငြိမ်းကျော်သည် ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက် အင်္ဂါနေ့တွင် ပေါက်တောရပ်ကွက် ၊အင်းစိန်မြို့ နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်သန်းနှင့် သားသမီး ခုနစ်ယောက် ကျန်ရစ်ခဲ့သည်။

**စိုးလှ၊ ဦး (စာရေးဆရာ သိပ္ပံစိုးလှ) (ခရစ် ၁၉၁၆ – ၁၉၉၆)** ။ ။ဦးစိုးလှကို ဖခင် အင်းစိန်သစ်တောရုံးအုပ် ဦးဖိုးဦး၊ မိခင် ဒေါ်ကွန်းမယ်တို့က ၁၉၁၆ ခုနှစ် မေလ ၁၅ရက်နေ့တွင် ဖွားမြင်သည်။

အဋ္ဌမတန်းကျောင်းသားဘဝတွင် "မြတင်ရည်းစား" အမည်ရှိ ဝတ္ထုကို စတင်ရေးသားသည်။ ၁၀ တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် နောက်ဆုံးနှစ်ဝိဇ္ဇာတန်းအထိ ပညာသင်ယူသည်။ ၁၉၃၃ ခုနှစ်တွင် ဂန္ထလောက မဂ္ဂဇင်း၌ ဝတ္ထုများရေးသားသည်။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ် တို့၏ ဦးဆောင်မှုနှင့်အတူ ခေတ်စမ်းစာပေခေတ် ထူထောင်ခဲ့သူများတွင် ပါဝင်သည်။ ကိုကိုတို့ရွာဝတ္ထုတို ကြောင့် လူသိများသည်။ ၁၉၃၉ ခုနှစ်တွင် အစိုးရပြန်ကြားရေးဌာနကထုတ်ဝေသော ရွှေပြည်တော် သတင်းစာ တွဲဖက်အယ်ဒီတာအဖြစ် စတင်အမှုထမ်း သည်။ ဂျပန်ခေတ်တွင် အုတ်ဖိုမြို့နယ် အာရှလူငယ်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်မှ စာရေးဖော်တစ်ဦးဖြစ်သူ တက္ကသိုလ်ထင်ကြီးနှင့်အတူ စာပေဗိမာန်မဂ္ဂဇင်းတွင် တွဲဖက်အယ်ဒီတာ အဖြစ် အမှုထမ်းသည်။ ၁၉၇၆ ခုနှစ်တွင် စာပေဗိမာန် တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးစိုးလှသည် အမှုထမ်းသက်တစ်လျှောက်တွင် ဘာသာပြန်စာပေများ၊ ဝတ္ထုတိုများ၊ ဝတ္ထုရှည်များနှင့် ဆောင်းပါးများ ရေးသားသည်။ ၁၉၅၈ ခုနှစ်အတွက် ဘာသာပြန်စာပေဆုကို ပါး(စ်)လဘတ်၏ ဘဝအထွေထွေ စာအုပ်ဖြင့်ရရှိသည်။ ဘာသာပြန် စာအုပ်ပေါင်း များစွာကို ကလောင်အမည်အမျိုးမျိုးဖြင့် ပြန်ဆိုရေးသားခဲ့ရာ Wuthering Heightsကို ဘာသာပြန်သော ပင်မြင့်မာလာ၊ တစ်နှစ် ၃၆၅ ရက် ကျန်းမာနည်း၊ ရတနာပုံစသည့် ဘာသာပြန်စာအုပ်များမှာ ထင်ရှားသည်။ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေစဉ်အတွင်း အမေရိကန်ပြည်ထောင်စု၊ ရုရှနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံများသို့ လေ့လာရေးခရီးနှင့် သင်တန်းတက်ရန် သွားရောက်ခဲ့ရသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်သည်။ ဦးစိုးလှသည် ၁၉၄၁ ခုနှစ်တွင် အုတ်ဖိုမြို့နေ ဒေါ်အုန်းမြနှင့် လက်ထပ်ခဲ့သည်။

စာရေးဆရာသိပ္ပံစိုးလှကလောင်အမည်ဖြင့် ထင်ရှားကျော်ကြားခဲ့သော ဦးစိုးလှသည် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အုန်းမြနှင့် သားသုံးယောက်၊ မြေးများ ကျန်ရစ်သည်။



စာရေးဆရာ
သိပ္ပံ စိုးလှ

**စန်းယု၊ဦး (ခရစ် ၁၉၁၈ – ၁၉၉၆)** ။ ။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ( အငြိမ်းစား)၊ နိုင်ငံတော်သမ္မတ (အငြိမ်းစား)နှင့်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစန်းယု (အငြိမ်းစား)ကို ဖခင်ဘီ–အိုင်–စီ စာရေး ဦးစံပေ၊ မိခင်

ဒေါ်ရွှေလဲ့တို့က ၁၉၁၈ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ပြည်ခရိုင် ၊သဲကုန်းမြို့၌ ဖွားမြင်သည်။

ဦးစန်းယုကို ဖွားမြင်ပြီးနောက် မိခင်ကွယ်လွန်သွားခဲ့သည်။ ဖခင်သည်နောက်အိမ်ထောင်ပြုသည်။ မိခင်၏အမေဖြစ်သူ အဘွားနှင့်အတူ ငါးနှစ်အရွယ်အထိ နေထိုင်ပြီးနောက် ရွှေတောင်မြို့တွင်နေထိုင်သည့် ဖခင်ထံသို့ ပြောင်းရွှေ့နေထိုင်သည်။ ငယ်စဉ်ကရွှေတောင်မြို့နှင့်ပြည်မြို့ရှိ အမျိုးသားကျောင်းနှင့်အစိုးရကျောင်းများတွင် ပညာသင်ယူသည်။ ကျောင်းနေစဉ် သပိတ်မှောက်လုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်းကြောင့် အခြားကျောင်းသားများနှင့်အတူ တစ်နေ့တာ အဖမ်းခံရသည်။ ၁၀တန်းစာမေးပွဲကို ရွှေတောင်မြို့မှ အောင်မြင်၍ ရန်ကုန်မြို့ရှိ ဆေးကျောင်းတွင် ဒုတိယနှစ်အထိ တက်ရောက်ပညာဆည်းပူးသည်။ ရန်ကုန်ဆေးကျောင်း ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုနှင့် ကျောင်းသား သပိတ်တွင် ပါဝင်သည်။

ဦးစန်းယုသည် ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီ- အိုင်-အေ) သို့ပြည်မြို့မှ ဝင်ရောက်သည်။ ဂျပန်စစ်အရာရှိများ သင်ကြားပေးသည့် အခြေခံစစ်ပညာသင်တန်းများ တက်ရောက်ပြီးနောက် ဒုဗိုလ်အဖြစ်ခန့်အပ်ခြင်းခံရသည်။ ဧရာဝတီမြစ်ကြောင်းမှဗန်းမော် အထိ စစ်ကြောင်းချီတက်ရာတွင်ပါဝင်ပြီး မန္တလေးတွင်တပ်များစုရုံးသည်။တော်လှန်ရေးမတိုင်မီကပင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ-ဒီ-အေ) တပ်ရင်း ၂ တွင် တပ်ရင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဖက်ဆစ်တော်လှန်ရေးတွင် ချေမှုန်းတိုက်ခိုက်ရေးနှင့် အနောက်တိုင်းစစ်ဌာနချုပ်၏လုံခြုံရေးတာဝန်များထမ်းဆောင်သည်။ ပဲခူးရိုးမဘက် တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးတွင် ရှေ့ဦးချီတပ်ရင်းကို ဦးဆောင်ပါဝင်တိုက်ခိုက်သည်။ ဖက်ဆစ်တော်လှန်ရေးပြီးဆုံး၍မျိုးချစ်ဗမာ့တပ်မတော်ဖျက်သိမ်းသည်အထိ တာဝန်ထမ်းဆောင်သည်။

ဦးစန်းယုသည် ၁၉၄၆ ခုနှစ်တွင် အမှတ် ၃ ဗမာ့သေနတ်ကိုင်တပ်ရင်း၌ ဒုတိယဗိုလ်အဆင့်ဖြင့် တပ်စုမှူးအဖြစ် တပ်မတော်တာဝန်ကို စတင်ထမ်းဆောင်သည်။ **Junior Officer Course ( J .O.C ) နှင့် U E O S Course**



**ဗိုလ်ချုပ်ကြီး ( အငြိမ်းစား) နှင့် နိုင်ငံတော် သမ္မတကြီး (အငြိမ်းစား) ဦးစန်းယု**

No. 4 တက်ပြီးနောက် ဖျာပုံခရိုင်တွင် မငြိမ်မသက်ဖြစ်၍ နှိမ်နင်းရေးတာဝန်ယူရသည်။ ရခိုင်ပြည်နယ်စစ်ဆင်ရေးတွင်ပါဝင်သည်။ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ မအူပင်၊ ညောင်တုန်းဒေသတိုက်ပွဲ၊ဝက်ကော်တိုက်ပွဲ၊ အင်းစိန်တိုက်ပွဲ၊ ပဲခူး၊ ဒိုက်ဦးစစ်မျက်နှာများမှတစ်ဆင့် တောင်ကြီး စစ်မျက်နှာ အထိ ပါဝင်တိုက်ခိုက်ခဲ့သည်။

ဦးစန်းယုသည် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ကြီးအဆင့်ဖြင့် ဒုတိယတပ်ခွဲမှူး၊ တပ်ခွဲမှူးတာဝန်များကိုလည်းကောင်း၊ ၁၉၄၉ ခုနှစ်၊ဖေဖော်ဝါရီလတွင် ဗိုလ်မှူးအဆင့်ဖြင့် ဒုတိယတပ်ရင်းမှူးတာဝန်ကိုလည်းကောင်း အမှတ် ၃ ဗမာ့သေနတ်ကိုင် တပ်ရင်း၌ပင် ဆက်လက်ထမ်းဆောင်သည်။ ၁၉၄၉ ခုနှစ်၊နိုဝင်ဘာလတွင် ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး အမှတ် ၁ အရေးပေါ်ကယားသေနတ်ကိုင်တပ်ရင်း၌ တပ်ရင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ကလောတွင် အခြေစိုက်ပြီး ကလော၊ မိတ္ထီလာနှင့် လွိုင်ကော်ဒေသများကို တာဝန်ယူ ရသည်။ မကွေးသို့ တပ်ရင်းပြောင်းပြီး တောင်တွင်းကြီး အားရန်သူ့လက်မှ ပြန်လည်သိမ်းပိုက်ရာတွင် ပါဝင်သည်။ ၁၉၅၀ ပြည့်နှစ်တွင် မင်္ဂလာဒုံ၌ စစ်ဦးစီးတက္ကသိုလ်သင်တန်းအမှတ်စဉ်၃တက်နေစဉ်စစ်ရုံးက ပြန်လည်ခေါ်ယူပြီးအမှတ် ၂ အရေးပေါ် ချင်းသေနတ်ကိုင် တပ်ရင်း

၌ တပ်ရင်းမှူးအဖြစ် တာဝန်ပေးအပ်သည်။ တပ်ရင်းမှူး တာဝန်အပြင် စစ်တွေမြို့နယ် တပ်မှူးတာဝန်ကိုလည်း ထမ်းဆောင်သည်။

ဦးစန်းယုသည် ၁၉၅၁ ခုနှစ်တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ယာယီလက်ထောက် စစ်ရေးနှင့် စစ်ထောက်ချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၅၂ ခုနှစ်၊ ဇွန်လတွင် အမှတ် ၂၁ ခြေလျင်တပ်ရင်း တပ်ရင်းမှူးတာဝန်ကို ပူးတွဲထမ်းဆောင်သည်။ ၁၉၅၂ ခုနှစ်၊ ဇူလိုင်လတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ လက်ထောက် စစ်ရေးနှင့် စစ်ထောက်ချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စစ်ရာထူးခန့်ချုပ် ရုံး စစ်ရာထူးခန့်အတွင်းဝန်အဖြစ် ပြောင်းရွှေ့ တာဝန် ထမ်းဆောင်သည်။ ၁၉၅၆ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီ လတွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၉ ခုနှစ်၊ ဧပြီလတွင် ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရ သည်။ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လတွင် တိုင်းမှူးတာဝန်အပြင် တပ်မဟာ ၁ တပ်မဟာမှူးအဖြစ် လည်းကောင်း၊ အောက်တိုဘာလတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်လည်းကောင်း၊ နိုဝင်ဘာလတွင် အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။ တိုင်းမှူးတာဝန်ထမ်းဆောင်စဉ် ဗကပများ၊ တန့်ယန်းနယ်မြေဆူပူသောင်းကျန်းမှုများ၊ ကချင်ပြည်နယ်လှုပ်ရှားမှုများနှင့် တရုတ်ဖြူလှုပ်ရှားမှု များကို တိုက်ခိုက်ချေမှုန်းသည်။

ဦးစန်းယုသည် ၁၉၆၃ ခုနှစ်တွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ် (ကြည်း) အဖြစ်တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ၁၉၇၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရပြီး ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်း ဆောင်သည်။ ၁၉၇၈ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန်မှ အငြိမ်းစားယူသည်။

ဦးစန်းယုသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ် ခြင်းခံရသည်။ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် တော်လှန်ရေးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဌာန တာဝန်ခံ (ဝန်ကြီး) အဖြစ်လည်းကောင်း၊ ၁၉၆၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်မူလတာဝန်များအပြင် အမျိုးသား စီမံကိန်း ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ထမ်းဆောင် သည်။ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် တော်လှန်ရေး ကောင်စီကို အသစ်ပြန်လည်ဖွဲ့စည်းရာ တော်လှန်ရေး ကောင်စီအဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန် ပေးအပ်ခြင်းခံရ သည်။ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့ ဖွဲ့စည်းရာဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် အမျိုးသားစီမံကိန်း ဝန်ကြီးဌာနဝန်ကြီးအဖြစ် ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် မူလတာဝန်များအပြင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးစန်းယုသည် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ၌အဖွဲ့ဝင်အဖြစ်ဆောင်ရွက်သည်။ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလတွင် ပါတီစည်းရုံးရေး ဗဟိုကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လတွင် ပါတီစည်းရုံးရေး ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလတွင် ပါတီစည်းရုံးရေးဗဟိုကော်မတီကို တိုးချဲ့ ဖွဲ့စည်းရာ အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက် တာဝန် ပေးအပ်ခြင်း ခံရသည်။ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလတွင် ဆိုရှယ်လစ်စီးပွားရေး စီမံကိန်း ကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ ၁၉၇၁ ခုနှစ်၊ မတ်လတွင် ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းကော်မတီကို ပြန်လည်ဖွဲ့စည်းရာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ် ခြင်း ခံရသည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းသော အဖွဲ့ဝင် ၉၇ ဦးပါဝင်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် (မူကြမ်း)ရေးဆွဲရေး ကော်မရှင်

ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်သူများ၏ဆန္ဒသဘောထားနှင့် အကြံပေးချက်များ ရယူရေး အဖွဲ့ခွဲ ၅ (ကချင်ပြည်နယ်)၊ အဖွဲ့ခွဲ ၁၂(မန္တလေးတိုင်း)၊ အဖွဲ့ခွဲ ၁၅ (ရန်ကုန်တိုင်း)တို့တွင် အဖွဲ့ခွဲ ခေါင်းဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၇၄ ခုနှစ်၊ ဇူလိုင်လတွင် တပ်မတော်ပါတီကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ် ခြင်းခံ ရသည်။

ဦးစန်းယုသည် ၁၉၇၁ ခုနှစ် ပထမအကြိမ်ပါတီညီလာခံ၊ ၁၉၇၃ ခုနှစ် ဒုတိယအကြိမ် ပါတီညီလာခံ၊ ၁၉၇၇ ခုနှစ် တတိယအကြိမ် ပါတီညီလာခံနှင့် ၁၉၇၇ ခုနှစ် အရေးပေါ် ပါတီညီလာခံတို့တွင် ပါတီဗဟိုကော်မတီဝင်နှင့် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၈၁ ခုနှစ်စတုတ္ထအကြိမ် ပါတီညီလာခံတွင် ပါတီလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခံရသည်။ ၁၉၈၅ ခုနှစ် ပဉ္စမအကြိမ်ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၈၈ခုနှစ် အရေးပေါ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်မှ အနားယူသည်။

ဦးစန်းယုသည် ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ၊ ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများတွင် ဗဟန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးခံရပြီး သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးများက နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၈၁ ခုနှစ် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ဗဟန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမအစည်းအဝေးက နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၈၅ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ဗဟန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် ၁ မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးက နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ထပ်မံရွေးချယ်တင်မြှောက်သည်။ ၁၉၈၈ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတအဖြစ်မှ အငြိမ်းစားယူသည်။

ဦးစန်းယုသည် ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသည့် စစ်မစ်ရှင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်၍ အမေရိကန်နိုင်ငံသို့ သွားရောက်သည်။ ၁၉၅၄– ၅၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ **Command and General Staff College Course** တစ်နှစ်သင်တန်း တက်ရောက်သည်။ ၁၉၆၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နှစ်ကြိမ်သွားရောက်၍ တရုတ်–မြန်မာ နယ်ခြားကိစ္စ ဆောင်ရွက်သည်။ ချစ်ကြည်ရေးခရီးအဖြစ် ၁၉၈၄ ခုနှစ်ဖွန်လတွင် ဂျပန်နိုင်ငံနှင့် အောက်တိုဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၈၆ ခုနှစ် နိုဝင်ဘာလတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ လည်းကောင်း၊ ၁၉၈၇ခုနှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံနှင့် အောက်တိုဘာလတွင် ရုမေးနီးယားနိုင်ငံ၊ ယူဂိုဆလားဗီးယားနိုင်ငံနှင့် ဂျာမနီနိုင်ငံများသို့ သွားရောက်သည်။

ဦးစန်းယုသည် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်း၊နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်က ချီးမြှင့်သောအရေးတော်ပုံတံဆိပ်၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ လွတ်လပ်ရေးတံဆိပ်၊ စတားတံဆိပ်၊ဘားမားစတားတံဆိပ်၊ ကမ္ဘာစစ်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်ပ ရန်နှိမ်တံဆိပ်၊ ပြည်သူ့စစ် တိုက်ပွဲဝင်တံဆိပ်၊

သီရိပျံချီဘွဲ့၊ သရေစည်သူဘွဲ့၊ လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)နှင့်နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့် ) တို့ကို ရရှိသည်။

ဦးစန်းယုသည် ၁၉၄၇ ခုနှစ်၊ ဧပြီ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့နေ ပညာမင်းကြီး၏အပါးတော်မြဲ ဦးရှိန်ဝှက်နှင့် ဒေါ်သန်းရွှေတို့၏သမီး၊ အင်းစိန် အစိုးရကျောင်း ကျောင်းဆရာမဒေါ်သန်းရှိန်နှင့် လက်ထပ်ခဲ့သည်။ သမီး လေးဦးထွန်းကား၍ သမီးများမှာ ဒေါ်လဲ့လဲ့ယု၊ ဒေါ် ခင်ဆွေယု၊ ဒေါ်အေးသန်းယုနှင့် ဒေါ်စောယုမွန်တို့ဖြစ် ကြသည်။

မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင် ရွက်ခဲ့ပြီးနိုင်ငံ့တာဝန်များကို ကိုယ်ကျိုးမဖက်၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (အငြိမ်းစား) ၊နိုင်ငံတော် သမ္မတ (အငြိမ်းစား)နှင့် ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား) ဦးစန်းယုသည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းရှိန်နှင့် သမီးလေးဦး၊ မြေးခြောက်ဦး၊ ကျန်ရစ်သည်။

**ညီပု၊ ဦး ( ပထမဆုံး မြန်မာ့ ရုပ်ရှင်မင်းသား ) (ခရစ် ၁၉၀၀ – ၁၉၉၆ )။** ။ ပထမဆုံးမြန်မာ့ရုပ်ရှင် မင်းသားလည်းဖြစ်၊ မြန်မာ့ရုပ်ရှင် လောကကို စတင်ခဲ့ရာ တွင် တစ်ဦး အပါအဝင်လည်းဖြစ်သော မြန်မာ့ရုပ်ရှင် ဖခင်ကြီး ဦးညီပုကို ဖခင်ဦးဘညွန့်၊ မိခင်ဒေါ်ညိမ်းရှင်တို့က ၁၉၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌ ပြည်မြို့တွင် မွေးဖွားသည်။ မွေးချင်းများတွင် ဒုတိယမြောက် သား ရတနာ ဖြစ်သည်။

ဦးညီပု၏ မိဘပိုင် မြန်မာအဆွေတိုက်သည် ပြည်မြို့မှ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာရာ ဦးညီပုလည်း မိသားစု နှင့်အတူ ရန်ကုန်သို့ လိုက်ပါလာခဲ့သည်။ ဦးညီပု ကျောင်းသားဘဝ၌ ရန်ကုန်မြို့ ဂေါ်ဒဝင်လမ်း (ယခု လမ်းမတော် ) နှင့် ကျုံးကြီးလမ်း (ယခုအနော်ရထာလမ်း ) ထောင့်ရှိ ကျုံးဖို့ထားသော မြေကွက်တွင် ရွက်ထည်ရုံ ဆောက်ကာ အယ်ဒီဆင်ဘိုင်စကုတ်ဟူသော ရုပ်ရှင် ပြသ ခဲ့ရာမှ မြန်မာ နိုင်ငံသို့ ရုပ်ရှင် စတင်ရောက်ရှိလာသည်။



ပထမဆုံး မြန်မာ့ရုပ်ရှင်မင်းသားကြီး
ဦးညီပု

၁၉၁၅ ခုနှစ်၌ နိုင်ငံခြားသား ဓာတ်ပုံဆိုင်များနှင့် အပြိုင် မြန်မာအမျိုးသား ဓာတ်ပုံဆရာကြီး ဦးအုန်းမောင် သည် လန်ဒန်အတ် ဓာတ်ပုံဆိုင် ဖွင့်လှစ်ခဲ့ရာမှ ဝါသနာ အလျောက် ၁၉၁၆ ခုနှစ်၌ ရုပ်ရှင် စမ်းသပ်ရိုက်ကူးရန် ကြိုးစားခဲ့သည်။ ထိုစဉ် ဓာတ်ပုံဆရာ ဦးမောင်မောင်နှင့် ကျောင်းတက်ရင်း ဓာတ်ပုံပညာဆည်းပူးနေသော ဦးညီပုတို့ ပူးပေါင်းမိကြကာ မြန်မာ့ရုပ်ရှင် တီထွင် ကြံဆ ရိုက်ကူးရန် ကြိုးစားနေသော ဦးအုန်းမောင်အား၊ လူအား၊ ငွေအား၊ ဉာဏ်အား များဖြင့် ပါဝင်ကူညီခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်၌ ဘိလပ်သွား မြန်မာကိုယ်စားလှယ် ဈာပနကို ရုပ်ရှင်သတင်းကားအဖြစ် ဦးအုန်းမောင်သည် ရိုက်ကူးပြသနိုင်ခဲ့သည်။ ၁၉၂၀ ပြည့်ကျောင်းသားသပိတ် တွင် ပါဝင်ခဲ့သော ဦးညီပုသည် ကျောင်းပြန်မတက်တော့ဘဲ စာရေးဆရာကြီးပီမိုးနင်း၊ ဒါရိုက်တာ ဦးတုတ်ကြီးနှင့် ဓာတ်ပုံဆရာ လန်ဒန်အတ် ဦးအုန်းမောင်တို့ ပူးပေါင်းရိုက် ကူးသည့် မေတ္တာနှင့်သူရာ မြန်မာ ရုပ်ရှင်ဇာတ်ကားတွင် ပထမဆုံး မြန်မာရုပ်ရှင်မင်းသားအဖြစ် ပါဝင်ရိုက်ကူးခဲ့ သည်။ ထိုဇာတ်ကားတွင် ဦးညီပုသည် မင်းသမီးမရီနှင့် တွဲဖက်ပါဝင်ခဲ့သည်။ မေတ္တာနှင့်သူရာသည် မြန်မာနှင့် အင်္ဂလိပ်စာတမ်းထိုး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ အဆိုပါဇာတ်ကားကို ၁၉၂၀ ပြည့်နှစ်အောက်တိုဘာလ ၁၃ ရက်နေ့၌ ရန်ကုန်မြို့ စီနီမာဒီပဲရင့်ရုံတွင် ရုံတင်ခဲ့သည်။

ထို့နောက် ဦးညီပုသည် တောမြိုင်စွန်းက လွမ်းအောင် ဖန် ဇာတ်ကားကို ကိုယ်တိုင်ဒါရိုက်တာလုပ်ကာ မင်းသား အဖြစ်လည်း ပါဝင်၍ ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားသည် ဦးညီပုပါဝင်သော တတိယမြောက်ဇာတ်ကားဖြစ်ပြီး မောင်ဘငွေး အမည်ခံကာ မင်းသားအဖြစ် ပါဝင်

သရုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားတွင် ပါဝင်သောမင်းသား မောင်ဘဗွေး၏ ဆံပင်ပုံစံသည် ထိုခေတ်လူငယ်ထုကြား ခေတ်စားကာ ဘဗွေးဆံတောက်ဟု ကျော်ကြားခဲ့သည်။

၁၉၃၅ ခုနှစ်၌ ဦးညီပုသည် ညီဖြစ်သူဦးမောင်မောင်စိုး နှင့်အတူ အသံထွက် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနိုင်သော စက်ပစ္စည်းများ ဝယ်ယူရန် ဂျပန်နိုင်ငံသို့ သွားခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် ရုပ်ရှင်လုပ်ငန်းတိုးတက်နေသည်ကို တွေ့ခဲ့ ရာမှ ဂျပန်တွင် ရုပ်ရှင်ဇာတ်ကား တစ်ကားရိုက်ကူးရန် ဦးညီပု စိတ်ကူးရမိသည်။ ထို့နောက် ဂျပန့်ရင်သွေး အမည်ရှိ ဇာတ်ကားကို ကိုယ်တိုင်ဒါရိုက်တာလုပ်၊ ကိုယ်တိုင်မင်းသားအဖြစ် ပါဝင်ကာ ဂျပန်နိုင်ငံတွင် ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် ဦးညီပု၏ညီ မောင်မောင်စိုးနှင့် ဂျပန်တွင်ရောက်ရှိနေကြ သော မြန်မာလူငယ်များလည်း ပါဝင်ခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် ရိုက်ကူးသော ဂျပန့်ရင်သွေးဇာတ်ကားကို ရန်ကုန်မြို့၌ ၁၉၃၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရုံတင်ပြသ ခဲ့သည်။

ဦးညီပုသည် ဒါရိုက်တာ၊ သရုပ်ဆောင် စသော အနုပညာပိုင်းတွင် သာမက ရုပ်ရှင်အတတ်ပညာပိုင်း ကိုလည်း ကျွမ်းကျင်နှံ့စပ်သူ တစ်ဦးဖြစ်သည်။ ဦးညီပုသည် ကျောင်းသားဘဝကပင် ဓာတ်ပုံရိုက်ဝါသနာပါခဲ့ရာမှ ဓာတ်ပုံရိုက်ကျွမ်းကျင်ခဲ့သည်။ ထို့ပြင်ရုပ်ရှင်ဓာတ်ပုံ ရိုက်ကူးခြင်းတွင်လည်း ကျွမ်းကျင်ခဲ့ပြီး ရုပ်ရှင်ဆိုင်ရာ အသံဖမ်းခြင်း၊ သွင်းခြင်း၊ကားတည်းဖြတ်ခြင်း၊ ကားကူး ကားဆေးခြင်းများကိုလည်း တတ်မြောက်ကျွမ်းကျင် ခဲ့သည်။ ထို့မျှမက မိမိသုံးသော စက်ပစ္စည်းကိရိယာများကို မိမိဘာသာ ပြင်ဆင်တတ်ရမည်ဟူသော ယုံကြည်ချက် အတိုင်း ရုပ်ရှင် စက်ကိရိယာပစ္စည်းများကို ကောင်းစွာ ပြင်ဆင်တတ်သည်။ ဦးညီပုသည် ဓာတ်ပုံလှည့်စားချက် အမျိုးမျိုး၊စပါယ်ရှယ် အဖက်ခေါ် အထူးပြုလုပ်ချက်များ ကိုလည်း နိုင်နင်းသည်။ ရုပ်ရှင်မှ ရုပ်သေသွားသော အထူး ဓာတ်ပုံ ပြုလုပ်ချက်ကို အောတိကယ်ပရင့်တာခေါ် ရုပ်ရှင်ကူးစက် မရှိသော်လည်း မြန်မာနည်း မြန်မာဟန်ဖြင့် လုပ်ကိုင်ပေးနိုင်ခဲ့သည်။

ဦးညီပု ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားအချို့ကို ဖော်ပြရသော် မေတ္တာနှင့်သူရာ (၁၉၂၀)၊ ကျေးတောသူမန (၁၉၂၁)၊ တခိုင်လုံးရွှေ (၁၉၂၄)၊ မှိုင်းဝေဝေ (၁၉၂၅)၊ သမိုင်းညွန့်ပေါင်း (၁၉၃၃) စသည်တို့ ဖြစ်သည်။

ဦးညီပုသည် သရုပ်ဆောင်ဒါရိုက်တာအဖြစ် တောမြိုင် စွန်းကလွမ်းအောင်ဖန် (၁၉၂၃)၊ ဆုထူးပန် (၁၉၂၉)၊ ရွှေနှင်းဆီ (၁၉၃၁)၊ ဂျပန့်ရင်သွေး (၁၉၂၃)၊ ပလုပ် တုတ်တုတ်၊ စကြာရှင် (၁၉၂၅)၊ ရွှေမင်းဝံ (၁၉၂၆)၊ မြဘက် (၁၉၂၇)၊ ချစ်သွေးညီ (၁၉၃၃)၊ ချစ်ရေစင် (၁၉၃၅)၊ စသည့် ဇာတ်ကားများကို ရိုက်ကူးပါဝင်ခဲ့သည်။ ထို့အပြင် သံခမောက် (၁၉၃၅)၊ တောင်ညိုညို (၁၉၃၆)၊ ချစ်သူယောင် (၁၉၃၈)၊ ကိုယ့်ရင်သွေး (၁၉၅၅)၊ နန်းထက် က ပန်းတစ်ခက် (၁၉၆၃)၊ မမောင်သောအလင်း (၁၉၆၅)၊ သမန်းကျား (၁၉၇၀)၊ စသည့်ဇာတ်ကားများကို ကြီးကြပ်သူ ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။

ဦးညီပုသည် မြန်မာနိုင်ငံ ရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံး အမှုဆောင်နှင့် ရုပ်ရှင်ကောင်စီတွင် (၁၉၆၈– ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ) ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင် ခဲ့သည်။

ဦးညီပုသည် ပြည်ပနိုင်ငံများသို့ ရုပ်ရှင်ဆိုင်ရာ လေ့လာရေးခရီးများ သွားရောက်ခဲ့ရာ သွားရောက်လေ့လာ ခဲ့ရသော နိုင်ငံများမှာ ရုရှား၊ ဂျာမနီနှင့်တရုတ်နိုင်ငံများ ဖြစ်သည်။

ဦးညီပုသည် နယ်ချဲ့အင်္ဂလိပ်ခေတ်က ဒဂုံမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ မတိုင်မီ မြန်မာတစ်မျိုးသားလုံး အင်္ဂလိပ်ကို တော်လှန်ခါနီးချိန်၌ ဦးညီပုသည် ဒဂုံမဂ္ဂဇင်းတွင်ကဗျာတစ်ပုဒ် ထည့်သွင်းသည်။ ကဗျာပါအကြောင်းအရာမှာ မြန်မာတွေ ရှိသမျှအင်အားနှင့် ခါးတောင်းကျိုက် ဓါးဆွဲပြီး နယ်ချဲ့ကို တော်လှန်ကြဟူသော အကြောင်းအရာဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက ဒဂုံမဂ္ဂဇင်းကို ဒဏ်ရိုက်သည်။ မဂ္ဂဇင်းတိုက်ကို ပိတ်သည်။ မဂ္ဂဇင်းထုတ်ဝေမှုဖြင့် ဦးညီပု အဖမ်းခံရရာ ဘားလမ်း အချုပ်ထောင်၊ အင်းစိန်နှင့် သာယာဝတီထောင် များထဲသို့ ရောက်ခဲ့ရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ရာသက်ပန် နာယက၊ ပထမဆုံး မြန်မာ့ရုပ်ရှင်မင်းသားကြီး ဦးညီပုသည် ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်စန်းရင် (ဆူရှကိုတကာကို) နှင့် သားသမီးငါးယောက် ကျန်ရစ် သည်။ ။

**ညွန့်၊ ဦး( စည်သူ ) (ခရစ်၁၉၁၀ – ၁၉၉၆ )။ ။** အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (Economic and Social Commission for Asia and the Pacific - ESCAP ) အမှုဆောင်အတွင်းဝန် (အငြိမ်းစား) ၊ အိုင်–စီ–အက်စ် (အငြိမ်းစား) စည်သူ ဦးညွန့်ကို ဖခင်ဆားဝန်ထောက် ဦးကြူးလှိုင်၊ မိခင် ဒေါ်ကျင်ဆိုင်တို့က ၁၉၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ရက်နေ့တွင် ဘားအံမြို့၌ဖွားမြင်သည်။ တစ်ဦး တည်းသော သားဖြစ်သည်။

ငယ်စဉ်က ဖခင်တာဝန်ထမ်းဆောင်သောမြို့များသို့ လိုက်ပါနေထိုင်ပြီး ပညာသင်ယူသည်။ ၁၉၂၇ခုနှစ်တွင် သထုံမြို့အစိုးရကျောင်း (ယခု အထက ၁ သထုံ)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာဆည်းပူးရာ တက္ကသိုလ်ညာသင်ဆု ရရှိသည်။ တက္ကသိုလ်တက်ရောက်စဉ် တကောင်းဆောင်နှင့် ပြည်ဆောင်တို့တွင် အဆောင်နေကျောင်းသားဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (ဘီအေ) ရရှိသည်။ ၁၉၃၁ ခုနှစ်တွင် ပုဂံဆောင် အဆောင်နည်းပြအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၃၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့သွားရောက်ပြီး အိုင်– စီ – အက်စ် သင်တန်း တက်ရောက်သည်။ ၁၉၃၄ ခုနှစ်မှစ၍ နိုင်ငံဝန်ထမ်းအဖြစ် ရာထူးအသီးသီး၌ တာဝန်ထမ်းဆောင်သည်။

ဦးညွန့်သည် ၁၉၄၇ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နှင့်ကျူးဘားနိုင်ငံ ဟာဗားနားမြို့များ၌ ကျင်းပသည့်အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေ သဘောတူညီမှုစာချုပ်အဖွဲ့ (General Agreement on Tariffs and Trade - G A T T )(ယခုကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့– World Trade Organization - W T O) တည်ထောင်ရန် ခေါ်ယူသော အစည်းအဝေးများနှင့် ညီလာခံများသို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ၁၉၄၈ ခုနှစ်တွင် G A T T တည်ထောင်သောအခါ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများသို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရုံးစိုက်သော အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင် (Economic Commmission for Asia and the far East ECAFE ) ယခု (ESCAP) ၌ စက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဌာနအကြီးအကဲအဖြစ် ၁၉၅၂ ခုနှစ်တွင် တာဝန်ထမ်းဆောင်သည်။ ၁၉၅၇ ခုနှစ်တွင် ဒုတိယအမှုဆောင် အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အမှုဆောင်အတွင်းဝန်အဖြစ်လည်းကောင်း ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံရသည်။ အမှုဆောင်အတွင်းဝန်ရာထူးမှာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်ရာထူးနှင့် အဆင့်အတန်းတူညီပြီး ကုလသမဂ္ဂအဖွဲ့အစည်းတွင် မြန်မာနိုင်ငံသားများထဲမှ ပထမဆုံး အဆင့်မြင့်ရာထူးကို တာဝန်ထမ်းဆောင်ရသူ ဖြစ်သည်။



အာရှနှင့်ပစိဖိတ်ဒေသ ဆိုင်ရာစီးပွားရေးနှင့်လူမှုရေး ကော်မရှင် အမှုဆောင်အတွင်းဝန် (အငြိမ်းစား) စည်သူ ဦးညွန့်


ဦးညွန့်သည် အမှုဆောင်အတွင်းဝန်အဖြစ် တာဝန် ထမ်းဆောင်စဉ် မဲခေါင်မြစ်ဝှမ်းစီမံကိန်း (The Mekong Development Project) အာရှလမ်းမကြီး (The Asian Highway)၊ အာရှစာရင်းအင်းတက္ကသိုလ် (The Asian Statistical Institute)၊ အာရှစက်မှု ဖွံ့ဖြိုးရေးကောင်စီ (The Asian Industrial Development Council)၊ အာရှဖွံ့ဖြိုးရေးဘဏ် (The Asian Development Bank)၊ အာရှငွေကြေး ပေးချေမှု အုပ်စု (The Asian Clearing Union) တို့ကို တည်ထောင်ဖွဲ့စည်း ဆောင်ရွက်သည်။ ၁၉၆၆ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းသော အာရှဖွံ့ဖြိုးရေးဘဏ်၏ ဖခင်ကြီးအဖြစ် နိုင်ငံတကာက

အသိအမှတ်ပြုခြင်းခံရသည်။ ၁၉၇၃ ခုနှစ်တွင် အမှုဆောင်အတွင်းဝန်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးညွန့်သည် အငြိမ်းစားယူပြီးနောက် မြန်မာနိုင်ငံတွင် ပြန်လည်နေထိုင်ပြီး ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်သည်။ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်စာမူကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ပုံနှိပ်ထုတ်ဝေသော လုပ်ငန်းတွင် ပါဝင်သည်။ ထို့ပြင် နိကာယ်ငါးရပ် ထွန်းကားပြန့်ပွားရေး အသင်းဥက္ကဋ္ဌ အဖြစ်လည်း ဆောင်ရွက်သည်။

ဦးညွန့်သည် ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် စည်သူဘွဲ့ကိုရရှိသည်။ ၁၉၃၅ ခုနှစ်တွင် ဒေါ်သန်းတင် (ဝိဇ္ဇာဘွဲ့ဂုဏ်ထူး) နှင့် လက်ထပ်ခဲ့ပြီး သားလေးဦး၊ သမီးတစ်ဦး ထွန်းကားသည်။ ဒေါ်သန်းတင်သည် ၁၉၈၁ ခုနှစ်က ကွယ်လွန်ခဲ့ပြီး သားတစ်ဦးနှင့် သမီးတစ်ဦးတို့သည်လည်း ကွယ်လွန်သွားခဲ့သည်။

နိုင်ငံ့တာဝန်များနှင့် ကုလသမဂ္ဂတာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့သော အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းဝန် (အငြိမ်းစား)၊ အိုင်–စီ–အက်စ် (အငြိမ်းစား) စည်သူဦးညွန့်သည် ၁၉၉၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားများဖြစ်ကြသည့် ဒေါက်တာသန်းညွန့် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)၊ ဒေါက်တာစောဝင်း (သမားတော်ကြီး၊ အင်းစိန် ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာလှညွန့် (ဒုတိယ ညွှန်ကြားရေးမှူး၊ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန) နှင့် မြေး ၁၁ ဦး ကျန်ရစ်သည်။



သမ္မတ နယ်လဆင်မင်ဒဲလား

**တောင်အာဖရိက သမ္မတနိုင်ငံ။** ။အာဖရိကတိုက်၏ တောင်ဘက်စွန်းဒေသသို့ ၁၇ ရာစုဒပ်ချ်တို့သည် ဒပ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ ထူထောင်ကာ အခြေချခဲ့ကြသည်။ အာဖရိက၌ ပေါက်ဖွားကြီးပြင်းသည့် ဒပ်ချ်တို့ကို အာဖရိကန္နားဟုခေါ်သည်။ လူဖြူအာဖရိကများ ဖြစ်ကြသည်။ အချို့က လယ်ယာကိုင်းကျွန်းဖြင့် အသက်မွေးကြသူတို့ကို လယ်သမားဟု အဓိပ္ပာယ်ရသည့် ဘိုးဝါးဟု ခေါ်တွင်ခဲ့ကြသည်။ ၁၉ ရာစုတွင် ဗြိတိသျှတို့က သိမ်းသဖြင့် ဗြိတိသျှ၏ ဩဇာကို မခံလိုကြသော ဘိုးဝါးတို့က အာဖရိကအတွင်းပိုင်းဆီသို့ ပြောင်းရွှေ့ကြကာ အော်ရိန့်ဖရီးစတိတ်ဟု သီးခြားနေထိုင်ကြသည်။ ဤဒေသတွင် ၁၈၆၇ ခုနှစ်တွင် စိန်များတူးဖော်တွေ့ရှိရခြင်း၊ ၁၈၈၆ ခုနှစ်တွင် ရွှေများတူးဖော်တွေ့ရှိရခြင်းတို့ကြောင့် ဗြိတိသျှတို့က မျက်စိကျကာ လာရောက်တိုက်ခိုက်ကြ ပြန်သည်။ ဘိုးဝါး စစ်ပွဲတွင် ဗြိတိသျှ တို့က အနိုင်ရလိုက် ကြသဖြင့် ဤအခါမှ စ၍ တောင်အာဖရိက နိုင်ငံသည် ဗြိတိသျှ ဓနသဟာယ နိုင်ငံထဲတွင် ပါဝင်သွားခဲ့သည်။

၁၉၆၁ ခုနှစ်တွင် တောင်အာဖရိကသမ္မတနိုင်ငံဟူ၍ ဖြစ်ပေါ်ခဲ့သည်။ အုပ်စိုးသူ နေရှင်နယ်ပါတီ၏ အပါသိုက်ခေါ် လူမျိုးရေးခွဲခြားသည့် ဝါဒကြောင့် လူဖြူလူနည်းစု


သမ္မတ နယ်လဆင်မင်ဒဲလားကို
ဒီကလပ်နှင့် အတူ တွေ့ရစဉ်



သည်သာ အခွင့်ထူးခံဖြစ်ခဲ့ကြသည်။ လူမည်းအများစုမှာ အခြေအနေမလှ ဖြစ်ခဲ့ကြရသည်။ နေရှင်နယ်ပါတီ၏ အတိုက်အခံပါတီအဖြစ် တည်ရှိခဲ့သည့် အေအင်စီခေါ် အာဖရိကအမျိုးသား ကွန်ဂရက်ပါတီမှာ လူမည်းတို့၏ ပါတီဖြစ်သည့် အားလျော်စွာ အနှိမ်ခံခဲ့ကြရသည်။ အေအင်စီပါတီ၏ ခေါင်းဆောင် နယ်လဆင် မင်ဒဲလားသည်ပင်လျှင် စွပ်စွဲမှုမျိုးစုံဖြင့် တစ်ကျွန်းကျနေသည်။

တောင်အာဖရိကနိုင်ငံသည် စီးပွားရေးလည်း တောင့်တင်းခိုင်မာသည်။ စက်မှုနည်းပညာလည်း အခြားသောအာဖရိကနိုင်ငံများထက် သာလွန်သည်။ ကမ္ဘာပေါ်တွင် နှလုံးသားအစားထိုးကုသမှု စတင် အောင်မြင်သည်မှာ တောင်အာဖရိကနိုင်ငံမှ ဖြစ်သည်။ တောင်အာဖရိကနိုင်ငံလုပ် တိုက်ပွဲဝင်ရိုင်ဖယ်မှအစ တင့်ကားအထိ မှာယူကြသည့် နိုင်ငံများပြားသည်။ ထို့ပြင် နျူးကလီးယားလက်နက်ပင် ပိုင်ဆိုင်ထားသည်ဟု ယူဆကြသည်။ သို့သော် လူဖြူ လူမည်း ခွဲခြားလွန်းသဖြင့် နိုင်ငံတကာ၏

လုံခြုံရေးအတွက် ကင်းလှည့်နေသည့်
တောင်အာဖရိက စစ်သားများ



ဒဏ်ခတ်မှုကို ခံရသည်။ ဤနည်းဖြင့် နိုင်ငံရေး အသွင်ပြောင်းလာသည်။ အပယ်ခံ အေအင်စီပါတီ ရှေ့တန်းတက်လာသည်။ တစ်ကျွန်းခံ မင်ဒဲလားအတွက် နိုင်ငံ၏အာဏာလမ်း ပွင့်သွားသည်။

၁၉၉၄ ခုနှစ်တွင် နယ်လဆင်မင်ဒဲလားသည် တောင် အာဖရိကနိုင်ငံ၏ ပထမဦးဆုံးသော လူမည်းသမ္မတဖြစ် လာခဲ့သည်။ တောင်အာဖရိကနိုင်ငံကို စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်မည်ဟု မင်ဒဲလား က ကမ္ဘာသို့ကြေညာခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅ – စာ၊ ၂၂၂၊ ၂၂၃ – ရှု။)

အပါ့သိုက်ခေါ် လူမျိုးရေးခွဲခြားမှု ကြီးထွားစဉ်ကာလ က ညှဉ်းပန်းမှုဒဏ်များက မပျောက်နိုင်ဘဲရှိနေသည်။ ၁၉၉၆ ခုနှစ်၊ ဧပြီလ တတိယပတ်တွင် အမှန်တရား ဖော်ထုတ်၍ ပြန်လည်သင့်မြတ်မှု စွမ်းဆောင်ရေးအဖွဲ့က အစည်းအဝေးတစ်ရပ် ကျင်းပသည်။ ဤအဖွဲ့က အပါ့သိုက်လမ်းစဉ် ကျင့်သုံးစဉ်က လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ညှဉ်းပန်းမှုများကို ပြန်လည်ဖော်ထုတ်ကာ မှတ်တမ်းပြုခြင်းဖြစ်သည်။ နောင်လာနောက်သားများ သမိုင်းကြောင်းမှန်ကို သိရှိကြ၍ ဆောင်ရန်ရှောင်ရန် သင်ခန်းစာပေးခြင်းဖြစ်သည်ဟုဆိုသည်။ ဤအဖွဲ့ကြီး၏ ဥက္ကဋ္ဌမှာ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် လူမည်းခရစ်ယာန် ဘုန်းတော်ကြီး ဒတ်စမွန်တူတူးဖြစ်သည်။

လက်ယာစွန်းရောက် လူဖြူအာဖရိကန္နားများက ဒတ်စမွန်တူတူး၏ လုပ်ရပ်မှာအာဖရိကအမျိုးသား ကွန်ဂရက်ပါတီ၏ အလိုတော်ကျ အပြစ်ရှာသည့် လုပ်ရပ် အဖြစ် စွပ်စွဲသည်။ ဇူလူးနယ်မြေအခြေစိုက် အင်ကာသာ လွတ်မြောက်ရေးအဖွဲ့အစည်းကလည်း ဒတ်စမွန်တူတူး၏ လုပ်ဆောင်မှုကို တို့မီး ရှို့မီးနှင့် တူသည်ဟု စွပ်စွဲသည်။ အများစုကလည်း အပါ့သိုက်ကာလက ဖြစ်ရပ်များကို ပြန်လည်၍ တရားခွင်၌ ဖော်ထုတ်ခြင်းသည် ဒုတိယကမ္ဘာ စစ်အပြီး အောင်နိုင်သူမဟာမိတ်တို့က စစ်ရှုံးသူဂျာမန် နာဇီတို့အား နျူရင်ဘာ့စ် ခုံရုံးဖွင့်စစ်ဆေးအပြစ်ပေးမည့် သဘောနှင့်တူကြောင်း ဝေဖန်ကြသည်။

၁၉၉၆ ခုနှစ်၊ ဇွန်လတွင် တောင်အာဖရိကနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ ဆန်းစစ်ချက်စာတမ်း ထွက်လာသည်။ ဤဆန်းစစ်ချက်အရ တောင်အာဖရိကနိုင်ငံသည် ကမ္ဘာတွင် လူသတ်မှုအများဆုံးနိုင်ငံဖြစ်သည်ဟု ဖော်ပြ ထားသည်။ ဆန်းစစ်ထားပုံမှာ တောင်အာဖရိကနိုင်ငံတွင် လူတစ်သိန်း၊ တစ်နှစ်အတွင်း လူသတ်မှု ၅၄ မှု ဖြစ်သည် ဟု ဆိုသည်။ နိုင်ငံ တကာ ပျမ်းမျှ လူသတ်မှုစံနှုန်းမှာ ၅ ဒသမ ၅ မှုသာရှိသည်ဟု ဆိုသည်။ အလားတူပင် မော်တော်ကား အလစ်သုတ်မှု၊ ဓားပြမှုများလည်း ထူပြော သည်ဟု ပါရှိသည်။ ဤသို့သောအမှုအခင်း အများစု ဖြစ်ပွားရာမှာ တောင် အာဖရိကနိုင်ငံ၌ လူဖြူအများစု နေထိုင်ကြရာ ဂျိုဟန်နက် စဘာဂ်နှင့်မြို့တော်ပရီတိုး ရီးယားတို့တွင် အဖြစ်များကြ သည်။

၁၉၉၆ ခုနှစ်၊ နိဝင်ဘာလ နောက်ဆုံးပတ်တွင် နယ်လဆင်မင်ဒဲလားက တောင်အာဖရိကနိုင်ငံသည် တိုင်ဝမ်ကို တရုတ်ပြည်ကိုယ်စားပြုနိုင်ငံအဖြစ် အသိ အမှတ်ပြုခြင်းကို ပယ်ဖျက်လိုက်ကြောင်း၊ တိုင်ဝမ်နှင့် သံတမန်ဆက်သွယ်ရေးကိုလည်း ရပ်ဆိုင်းလိုက်ကြောင်း တရုတ်ပြည်အဖြစ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံကိုသာ အသိအမှတ်ပြုပြီး သံတမန်ဆက်သွယ်တော့မည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

တောင်အာဖရိကနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ စက်မှုနည်းပညာနှင့် စစ်တပ်အင်အားအရာ၌ အခြားသော အာဖရိကနိုင်ငံများထက် သာလွန်သည်။ ထို့ကြောင့် အာဖရိကအရေးကို အာဖရိကကသာ ဖြေရှင်းရေးမှုတွင် တောင်အာဖရိကနိုင်ငံသည် အကြီးအကဲနေရာ၌ တည်ရှိ သင့်သည်ဟု ကမ္ဘာ့နိုင်ငံအများစုက ယူဆကြသည်။ ဇိုင်ယာ၊ လိုင်ဘေးရီးယား၊ ဆိုမားလီးယား စသည့်နိုင်ငံ တို့၏ ပြည်တွင်းရေးမတည်ငြိမ်မှု၊ ပြဿနာများတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံအချို့က ကြားဝင်ဖျန်ဖြေရသည့် ကိစ္စများ ရှိသည်။ ဆိုမာလီနိုင်ငံ အရေးတွင် အမေရိကန်၏ပါဝင်မှုသည် အသရေပျက်စွာ ဆုတ်ခွာရမည့် အနေအထားရှိခဲ့သည်။ တောင်အာဖရိက နိုင်ငံသည် အာဖရိကရေးရာများကို ဖြေရှင်းပေးမည့် အကြီးအကဲနေရာရောက်နိုင်ရန် လုံးပန်းရမည်ဖြစ်သည်။



စာရေးဆရာ
ထင်လင်း

**ထင်လင်း (စာရေးဆရာ) (ခရစ် ၁၉၁၉ – ၁၉၉၆)** ။ ။ စာရေးဆရာကြီးထင်လင်းကို ဖခင်အခွန်တော် မြေတိုင်းစာရေးကြီး ဦးဘိုးပေါ်၊ မိခင်ဒေါ်လှတို့က ၁၉၁၉ ခု၊ မေလ ၉ ရက်နေ့တွင် ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ညောင်လယ်ရွာ၌ မွေးဖွားသည်။ သားသမီးလေးယောက်အနက် ဒုတိယသားဖြစ်သည်။ ငယ်မည်မောင်သိန်းမောင် ဖြစ်သည်။ ငယ်စဉ်က ထိုရွာရှိ ဘုန်းတော်ကြီးဦးစိတြ၏ ကျောင်းတွင် စာစသင်သည်။ အသက်ခြောက်နှစ်အရွယ်တွင် ထန်းတပင်၊ ဇီးကုန်းသို့ပြောင်းရွှေ့နေထိုင်ပြီး ဦးသာဂျမ်းအလယ်တန်းကျောင်းတွင် ပညာဆက်လက် သင်ကြားခဲ့သည်။

၁၉၂၉ ခုနှစ်တွင် စတုတ္ထတန်းစာမေးပွဲအောင်မြင်ပြီး ဘုရစ်ဂျ်စကောလားရှစ် စာမေးပွဲများကိုလည်း အောင်မြင်သဖြင့် ရေဦးမြို့ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင် အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ၁၉၃၁ ခုနှစ်တွင် ရွှေဘိုမြို့အက်(စ်) ပီဂျီသာသနာပြုကျောင်း၊ ပဋ္ဌမတန်းတွင် ဆက်လက်သင်သည်။ ၁၉၃၈ ခုနှစ်တွင် ရွှေဘိုအရေးပိုင်ရုံးတွင် စာရေးအဖြစ် အမှုထမ်းပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် ကန့်ဘလူ မြို့နယ်ပိုင်ရုံးတွင် ဒုတိယစာရေး၊ စစ်ပြီးခါနီးတွင် ကန့်ဘလူမြို့ပိုင်ရုံးစာရေးကြီးအဖြစ်အမှုထမ်းခဲ့သည်။ အင်္ဂလိပ် ပြန်ဝင်ချိန်၌ တန့်ဆည်၊ ခင်ဦး၊ ကန့်ဘလူ၊ ဝက်လက်စသည်တို့တွင် ပြောင်းရွှေ့အမှုထမ်းရသည်။ လွတ်လပ်ရေးအကြိုခေတ် ၁၉၄၇ ခုတွင် ထိုစဉ်က ထွက်လျက်ရှိသော ဒဂုန်၊ စာပဒေသာ၊ တာရာ၊ ဇဝနဂျာနယ် စသည်တို့တွင် စာတိုပေစများ စတင်ရေးသားသည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်မြို့၊ စာပေဗိမာန်တွင် စာပြုအဖြစ် အလုပ်ခန့်ထားခြင်းခံရသည်။

ရန်ကုန်တက္ကသိုလ်သို့ပြန်တက်၍ ၁၉၅၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၄ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် စာပေဗိမာန်မှ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းအဖြစ် ပြောင်းရွှေ့အမှုထမ်းသည်။ ထိုဌာနမှ ၁၉၅၅ ခုနှစ်တွင် ထွက်၍ ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာအဖြစ် ပြောင်းရွှေ့အမှုထမ်းကာ မဟာဝိဇ္ဇာတန်း ဆက်တက်သည်။ ၁၉၅၉ ခုနှစ်တွင် အလုပ်မှနုတ်ထွက်၍ စာရေးဆရာမင်းယုဝေနှင့် တွဲဖက်ကာ ငွေတာရီမဂ္ဂဇင်းနှင့် ငွေတာရီစာစဉ်များကို တည်ထောင်ပြီး ငွေတာရီ အယ်ဒီတာချုပ်၊ ငွေတာရီစာစဉ် တွဲဖက် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၆၁ ခုနှစ်တွင် အမေရိကန်အစိုးရ၏ဖိတ်ခေါ်ချက်အရ မြန်မာနိုင်ငံအစိုးရကစေလွှတ်သော ကျွမ်းကျင်သူအထောက်အပံ့ဖြင့် အမေရိကန်ပြည်ထောင်စုအနှံ့အပြား၊ ခရီးသွားကာ လေ့လာမျှနေခဲ့သည်။ အပြန်တွင်ဂျပန်နိုင်ငံ၌ ယူနက်(စ)ကို အကူအညီဖြင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို လေ့လာခဲ့သည်။ ဆရာဦးခင်မောင်လတ်နှင့် တွဲဖက်ကာ တက္ကသိုလ်အင်္ဂလိပ်စာသင်တန်းများ၌ အလွတ်ပညာသင် ဆရာအဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခုနှစ်မှစ၍ ထွက်ဆဲမဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတို့တွင် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးသားခဲ့သည်။ မြန်မာဘာသာဖြင့် ဆောင်းပါး ၊ ဝတ္ထု ၂၀၀ ခန့် အင်္ဂလိပ်ဘာသာဖြင့် ဝတ္ထု၊ ဆောင်းပါး ၁၀၀ ခန့် ရေးသားခဲ့သည်။ အမေရိကန်၊ ဩစတြေးလျ၊ ရုရှားနိုင်ငံတို့တွင် ထုတ်ဝေသော စာစောင်တို့တွင် အင်္ဂလိပ်ဘာသာပြန် မြန်မာဝတ္ထုတိုများ ထည့်သွင်းပါဝင်ဖူးသည်။

၁၉၇၈ ခုနှစ်တွင် စာပေဗိမာန်မှ ကြီးမှူးကျင်းပသော ဝတ္ထုတိုစာတမ်းဖတ်ပွဲ၌ "ဘာသာပြန်ဝတ္ထုတို" စာတမ်းကို တင်သွင်းဖတ်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဝတ္ထုရှည်စာတမ်းဖတ်ပွဲ၌ "နိုင်ငံခြားဝတ္ထုရှည်"စာတမ်းကိုတင်သွင်းဖတ်ကြားခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အနီး၊ အီဂတ်ပူရီရှိဝိပဿနာရိရိကုန်းမြေတွင် ကျင်းပသော

အပြည်ပြည်ဆိုင်ရာ "ဝိပဿနာ နှီးနှောဖလှယ်ပွဲတွင် ဝိပဿနာဘာဝနာ"စာတမ်းကိုတင်သွင်းဖတ်ကြားခဲ့သည်။

"မဟေသီ"၊ "အလီဘာဘာ၏ဂူ"၊ "ပေါ်လီယာနာ" "မောဂ္ဂလိ"၊ "မြစိမ်းရောင်ရင်ခွင်သို့အပြန်"၊ "စည်းအပြင်ကလူ" "တစ်ကျွန်းစံ၏အပြန်လမ်း"၊ " ပလိပ်"၊ "အဆိပ်"၊ "ပုလဲတေးသံ "၊ "မြင်းနီကလေး" စသည့် စာအုပ်များကိုဘာသာပြန်ဆိုခဲ့သည်။"ဘယ်ဆီ ဘယ်ဝယ်"၊ "စောင်းကြိုးတင်းသည့်သီချင်းသံ"၊"လယ်တောမှအပြန်နှင့် လက်ရွေးစင်ဝတ္ထုတိုများ" စာအုပ်များကို ပင်ကိုရေးသား ထုတ်ဝေခဲ့သည်။

ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ပေဖူးလွှာ၊ မြတ်လေး၊ သောင်းပြောင်းထွေလာ၊ စံပယ်ဖြူ၊ ရင်ခုန်ပွင့်၊ စာပေဂျာနယ်၊ရှုထောင့်ဂျာနယ်၊ ရင်ခုန်သံ၊ ရွှေအမြုတေ စသည့် စာစောင်များတွင် ဝတ္ထု၊ ဆောင်းပါးများရေးသည်။ လုပ်သားပြည်သူ့နေ့စဉ်( အင်္ဂလိပ်– မြန်မာ)သတင်းစာများနှင့် ဂါးဒီးယန်းအင်္ဂလိပ်ဘာသာမဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါးများရေးသည်။ မြတ်ဆုမွန်၊ ဓမ္မဂီရိစသည့် ဘာသာရေးမဂ္ဂဇင်းများတွင် ဘာသာရေးဆောင်းပါးများ ရေးသည်။ ၁၉၇၄ ခုနှစ်အတွက်အမျိုးသားစာပေဆုကို "မောဂ္ဂလိ" စာအုပ်ဖြင့် ဘာသာပြန်စာပေဆုကိုရရှိခဲ့သည်။

၁၉၉၁ ခုနှစ်အတွက် အမျိုးသားစာပေဆုကို "လယ်တောမှအပြန်နှင့် လက်ရွေးစင်ဝတ္ထုတိုများ"ဖြင့် ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့သည်။

အမှတ်(၁၀) အောင်ချမ်းသာလမ်း၊ လှည်းတန်း၊ ကမာရွတ်နေအိမ်တွင် ၃၀– ၆ – ၉၆ နေ့ နံနက် (၁၁: ၀၀) နာရီတွင် ကွယ်လွန်ခဲ့သည်။

ဇနီးဒေါ်ခင်ခင်နှင့် သားကြီး ဦးစိုးမြင့် (စာတည်းမှူးချုပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန)၊ သမီးဒေါက်တာ ဒေါ်စန်းစန်း၊ သားဦးစိုးဝင်း (ဆက်သွယ်ရေးအင်ဂျင်နီယာ)၊ဦးကျော်ဇေ (လေကြောင်းဦးစီးဌာန၊ အင်ဂျင်နီယာ)၊ ဦးခင်ဇော်(စင်ကာပူနိုင်ငံ) တို့ကျန်ရစ်သည်။

ချိုချိုသန်း

**ထိုင်းနိုင်ငံ**။ ။သက်တမ်းလေးလသာရှိသေးသောထိုင်းအစိုးရအဖွဲ့အတွင်း အပြောင်းအလဲများချက်ချင်းပြုလုပ်ရန်မလိုအပ်သေးကြောင်းထိုင်းညွန့်ပေါင်းပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဒုတိယဝန်ကြီးချုပ် သက်ဆင်ရှီနာဝါထရာက ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင်ပြောကြားသည်။

ယင်းသို့ရှိနေရာမှ ဝန်ကြီးချုပ် ဘန်ဟန်းဆီလ်ပါအာချာ၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် တတိယမြောက်အကြီးဆုံး ပါတီဖြစ်သော ပီဒီပီသည် အစိုးရအဖွဲ့ အပြောင်းအလဲ ပြုလုပ်ရေးကို ဦးဆောင်လှုပ်ရှားခဲ့သည်။ စီးပွားရေးဝန်ကြီးအချို့၏ လုပ်ရည်ကိုင်ရည်မပြည့်ဝမှုကြောင့် အစိုးရ အဖွဲ့အပေါ် ထောက်ခံအားပေးမှု နည်းပါးကြောင်းကို အလွတ်သဘော လူထုဆန္ဒသဘောထား ထုတ်ဖော်ပြသ ခဲ့ပြီးနောက်တွင် အစိုးရအဖွဲ့ပြုပြင်ပြောင်းလဲရေးကို သက်ဆင်က ဦးဆောင်တိုက်တွန်းခဲ့သည်။

ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း၌ ဒုတိယအကြီးဆုံးပါတီဖြစ်သော စိတ်ဓာတ်သစ်ပါတီ ခေါင်းဆောင်ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်ကလည်း အစိုးရအဖွဲ့ကို အလျင်အမြန် ပြုပြင်ပြောင်းလဲမည်မဟုတ် ဟု ပြောကြားသည်။ ထိုင်းအစိုးရအဖွဲ့မှာ ဇူလိုင်လ အထွေထွေရွေးကောက်ပွဲအပြီး၌ ဖွဲ့စည်းထားခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၆–စာ၊ ၂၂၃–ရှု ။)

ထိုင်းဝန်ကြီးချုပ် ဘန်ဟန်းဆီလ်ပါအာချာက အစိုးရအဖွဲ့ကို ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းလိုက်သော်လည်း နုတ်ထွက်ပေးရန် ဖိအားပေးခံထားရသော ဘဏ္ဍာရေးဝန်ကြီး ဆူရာကီယတ်ဆတ်သီရတ်သိုင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ကာဆင်အက်စ်ကာဆင်ဆရီတို့ကို မူလရာထူးမှာပင် ထားလိုက်သည်။ ဝန်ကြီး ခုနစ်ဦးကို အပြောင်းအရွှေ့လုပ်လိုက်သော်လည်း ကျန်ဝန်ကြီးများကို ပြောင်းရွှေ့ခြင်း မပြုပေ။ အစိုးရအဖွဲ့တွင် ဝန်ကြီး ၄၉ ဦးရှိသည်။ ဘန်ဟန်း၏ ခုနစ်ပါတီ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း အပြောင်းအလဲများကို ဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်က အမိန့်ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။ ယခုအပြောင်းအလဲသည် လွန်ခဲ့သော ဇူလိုင်လတွင် အာဏာစတင်ရရှိချိန်မှစ၍ ပထမဦးဆုံး ဝန်ကြီးအဖွဲ့၏ အပြောင်းအလဲဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် ဘန်ဟန်းဆီလ်ပါအာချာသည် ပြိုင်ဘက်အခြားညွန့်ပေါင်းပါတီဝင် တစ်ဦးအား ပိုပြီး မျက်နှာသာပေးမှုကြောင့် စိတ်ပျက်သဖြင့် ခုနစ်ပါတီ ညွန့်ပေါင်း

အစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်း ပရာချာကွန်ထိုင်း (ထိုင်းနိုင်ငံသားပါတီ )က ဇွန်လ ၁ ရက်နေ့တွင်ကြေညာခဲ့သည်။ သို့ရာတွင် ဘန်ဟန်းအစိုးရအဖွဲ့သည်အမတ် နေရာ ၃၉၁ ရှိသော အောက်လွှတ်တော်၌ အမတ်ဦးရေ ၂၁၄ ဦး ရှိနေဆဲဖြစ်ရာ အန္တရာယ်တစ်စုံတစ်ရာမရှိသေးဟု ဆိုသည်။ အမတ်နေရာ ၈၀ ရရှိထားသော ပရာချာကွန် ပါတီက ကြေညာချက် ထုတ်ပြန်ရာ၌ ဘုရင်ဘူမိဘော အဒူလျာဒက်ဂျ၏ ထီးနန်း စံနစ် ၅၀ ပြည့် အခမ်းအနား ပြီးဆုံးသည့်နောက်ပိုင်း ဇွန်လ ၁၅ ရက်နေ့တွင် နုတ်ထွက်ခြင်းကို စတင်မည် ဟု ဖော်ပြသည်။ ပရာချာကွန်ထိုင်း ပါတီခေါင်းဆောင်နှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ဆာမက်ဆန်ဒါရာဗစ်က သူနှင့် အတူ ပါတီဝင် ဒုတိယ ဝန်ကြီးနှစ်ဦးတို့လည်း နုတ်ထွက်မည်ဟု ပြောကြားသည်။

လာဘ်စားသည်ဆိုသော စွပ်စွဲချက်များ အစိုးရအဖွဲ့ အတွင်း ဖြစ်ပေါ်နေစေကာမူ ဝန်ကြီးချုပ်ဘန်ဟန်းဆီလ် ပါအာချာနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးကိုးဦးသည် မေလ ၁၂ ရက်နေ့က မဲခွဲဆုံးဖြတ်သော အယုံအကြည်မရှိအဆိုကို အလွယ်တကူအနိုင်ရရှိလိုက်သည်။ ယင်းသို့ မဲခွဲရာတွင် ထောက်ခံမဲ ၂၃၀၊ ကန့်ကွက်မဲမရှိဖြင့် အလွယ်တကူ အနိုင် ရရှိလိုက်သည်။ ဝန်ကြီးချုပ်ဟောင်း ချွန်လီပိုင်ဦးဆောင် သော အတိုက်အခံအုပ်စုက ဘန်ဟန်းနှင့် ဝန်ကြီးများသည် တံစိုးလက်ဆောင်ယူခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်းနှင့် စီးပွားရေး၌ လွဲမှားစွာ စီမံခန့်ခွဲခြင်းတို့ အပါအဝင် အကြီး အကျယ်လာဘ်စားကြသည်ဟု စွပ်စွဲခဲ့သည်။ ဝန်ကြီးတစ်ဦး တစ်ယောက်ကိုမျှ ရာဇဝတ်ဆိုင်ရာ စွဲချက်မတင်သေးသော် လည်း အချို့ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဖန်ကောက်အခြေစိုက် ပလန်ဓမ္မပါတီနုတ်ထွက်ပြီး နောက် ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်သော အခြား နှစ်ပါတီမှ ခေါင်းဆောင်များကလည်း ညွန့်ပေါင်းအစိုးရ အဖွဲ့မှ နုတ်ထွက်မည်ဟု ဩဂုတ်လ ၁၅ ရက်နေ့တွင် ခြိမ်းခြောက်ခဲ့သည်။ ယင်းပါတီနှစ်ခု နုတ်ထွက်လျှင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး ၊ ရာထူးမှနုတ်ထွက်ရေး သို့မဟုတ် ရွေးကောက်ပွဲကျင်းပရေး တစ်ခုခုပြုလုပ်ရတော့ မည်ဖြစ်သည်။ ပလန်ဓမ္မပါတီနုတ်ထွက်ပြီးနောက် အမတ်ဦးရေ ၃၉၁ ဦးရှိသော အောက်လွှတ်တော်တွင် ဝန်ကြီးချုပ် ဘန်ဟန်း၏ ခြောက်ပါတီအစိုးရမှာ အမတ် နေရာ ၂၀၉ နေရာနှင့် အတိုက်အခံတို့က ၁၈၂ နေရာ ရရှိထားသည်။

ထိုင်းပါလီမန်တွင် ဝန်ကြီးချုပ်ဘန်ဟန်းအပေါ် အယုံအကြည်မရှိ အဆိုနှင့် ပတ်သက်၍ အချေအတင်ဆွေးနွေး ပွဲကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် စတင်ပြုလုပ်ရာ ဘန်ဟန်းကို အပြင်းအထန် တိုက်ခိုက်စွပ်စွဲပြောဆိုခဲ့ ကြသည်။ ဝန်ကြီးချုပ် ဘန်ဟန်းသည် အစိုးရအဖွဲ့ အတွင်း အဂတိလိုက်စားမှုများကို လျစ်လျူရှုခဲ့သည်၊ အမျိုးသား စီးပွားရေးကို မမှန်မကန်စီမံခန့်ခွဲခဲ့သည်ဟု စွပ်စွဲခဲ့သည်။ အချေအတင်ဆွေးနွေးပွဲများကို သုံးရက်ကြာ ကျင်းပ အပြီးတွင် အဆိုများကို မဲခွဲမည်ဖြစ်သည်။ အတိုက်အခံ များက တင်သွင်းသောအယုံအကြည်မရှိအဆိုတွင် လုပ်ရည် ကိုင်ရည်ညံ့ဖျင်းသူ၊ စီးပွားရေးစီမံခန့်ခွဲ မှု အားနည်းသူနှင့် မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြုရာတွင် အခြားပုဂ္ဂိုလ်၏ ကျမ်းကို ခိုးယူကူးချ တင်သွင်းသူ အစရှိသဖြင့် စွပ်စွဲထား သည်။ ယင်းစွပ်စွဲချက်များကို ဘန်ဟန်းက ငြင်းဆိုထားပြီး ပါလီမန်တွင် ကိုယ်တိုင်ချေပ မည်ဟု သန္နိဋ္ဌာန်ချထားသည်။

ဝန်ကြီးချုပ်ဘန်ဟန်းဆီလ်ပါအာချာ၏ ညွန့်ပေါင်း အစိုးရ အပေါ်အယုံအကြည်မရှိကြောင်း စက်တင်ဘာလ ၂၁ ရက်နေ့က ပါလီမန်တွင်မဲခွဲရာ၌ ယင်းအဆိုကို ဘန်ဟန်းက အနိုင်ရရှိသော်လည်း ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပေးရမည်ဖြစ်သည်။ ဘန်ဟန်း၏နေရာတွင် ဆက်ခံမည့်သူများ၌ညွန့်ပေါင်းအစိုးရအဖွဲ့ကာကွယ်ရေး ဝန်ကြီးချာဗာလစ်ယောင်ချိုင်ယုဒ်ထိပ်ဆုံးမှနာမည် ကြီးနေသည်။

ထိုင်းညွန့်ပေါင်းအဖွဲ့ခြောက်ပါတီမှ ခေါင်းဆောင် များသည်နိုင်ငံရေး အတိုက်အခိုက်ခံနေရသူ ဝန်ကြီးချုပ် ဘန်ဟန်း ဆီလ်ပါအာချာ၏နေရာတွင်ဆက်ခံမည့်သူနှင့် ပတ်သက်၍ ဆွေးနွေးကြရန်စီစဉ်ထားပြီး စစ်ဘက်အကြီး အကဲနှင့် ဝါရင့်နိုင်ငံရေးသမားတစ်ဦးက နိုင်ငံရေးသမား များ ပြန်လည်သင့်မြတ်ကြရန် စက်တင်ဘာ ၂၆ ရက်နေ့က ပန်ကြားတိုက်တွန်းခဲ့သည်။ မိမိ၏ရာထူးတွင် ဆက်ခံမည့် သူတစ်ဦးကို ရွေးချယ်ပြီးနောက်မိမိရာထူးမှ ထွက်ပေး မည်ဟုဘန်ဟန်းကပြောကြားသည်။ နယူးအက်စပရေးရှင်း ပါတီခေါင်းဆောင်ချာဗာလစ် ယောင်ချိုင် ယုဒ်အား ဝန်ကြီးချုပ်လောင်းအဖြစ်ရွေးချယ်ပြီး ဘုရင် မင်းမြတ်ထံ တင်ပြခဲ့သည်။

ထိုင်းဘုရင်ဘူမိဘောအဒူလျာဒက်ဂျ်သည် ထိုင်းပါလီ မန်ကို ဖျက်သိမ်းကြောင်းနှင့် ရွေးကောက်ပွဲအသစ်များကို နိုဝင်ဘာလ ၁၇ ရက်နေ့တွင်ကျင်းပရန်အမိန့် ကြေညာချက်



ထိုင်းဝန်ကြီးချုပ်ဟောင်း ဘန်ဟန်းဆီလ်ပါအာချာ

တစ်စောင်ကို စက်တင်ဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဝန်ကြီးချုပ် ဘန်ဟန်း၏ ထောက်ခံတင်ပြချက်အရ ထိုင်းဘုရင်က ပါလီမန်ကိုဖျက်သိမ်းပြီး ရွေးကောက်ပွဲ ကျင်းပ မည့် ရက်ကို ကြေညာခဲ့ခြင်းဖြစ်ရာ ဘန်ဟန်း၏ လုပ်ရပ်ကြောင့် တစ်ပတ်ကြာ နိုင်ငံရေး အရှုပ်အထွေးနှင့် နိုင်ငံရေးကစားမှုများမှာ ချက်ချင်းအဆုံးသတ်သွားခဲ့သည်။ ပါလီမန်တွင်မဲခွဲဆုံးဖြတ်ပြီးနောက်ပိုင်း၌ ညွန့်ပေါင်း ခြောက်ပါတီခေါင်းဆောင်များအကြား ဝန်ကြီးချုပ်သစ် ရွေးချယ်ရေးအတွက်ညှိနှိုင်းခဲ့ကြရာ အဖြေရှာမရသည့်အဆုံးတွင် ယခုကဲ့သို့ ပါလီမန်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများကျင်းပရန် မတောင်းဆိုမီ နာရီပိုင်းအလိုတွင် ရာထူးမှနုတ်ထွက်တော့မည့်ဝန်ကြီးချုပ်ဘန်ဟန်းဆီလ်ပါအာချာသည်အငြိမ်းစားယူထားသော အရပ်ဘက်ပုဂ္ဂိုလ်နှစ်ဦးအား အိမ်စောင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင်ခန့်အပ်ခဲ့သည်။ ထို့ပြင်အခြားသောပုဂ္ဂိုလ်များကိုလည်း အိမ်စောင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် အသီးသီးရွေးချယ် ခန့်အပ်ခဲ့သည်။

နို ဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပမည့် ထိုင်းအထွေထွေရေးကောက်ပွဲ၌ပါဝင်ယှဉ်ပြိုင်ကြမည့် အမတ်လောင်းများမှတ်ပုံတင်ကာလကို အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိဟု အိမ်စောင့်အစိုးရက သတ်မှတ် ခဲ့သည်။

နို ဝင်ဘာလ ၁၇ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ၌အနိုင်ရရှိလိုက်သောချာဗာလစ်ယောင်ချိုင်ယုဒ်၏ နယူးအက်စပရေးရှင်းပါတီက နိုဝင်ဘာလ ၁၈ ရက်နေ့ တွင် ခြောက်ပါတီညွန့်ပေါင်းအစိုးရကိုဖွဲ့စည်းလိုက်သည်။ ညွန့်ပေါင်းခြောက်ပါတီအနက် ငါးပါတီမှာ ဝန်ကြီးချုပ်ဟောင်း ဘန်ဟန်းဆီလ်ပါအာချာခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့တွင်ပါဝင်ခဲ့ကြသည်။

မစ္စတာချာဗာလစ်ယောင်ချိုင်ယုဒ်၏ အကြီးမားဆုံး စွမ်းဆောင် အောင်မြင်မှုမှာ အမတ်ဦးရေ ၅၂ ဦးသာရှိသော

ချတ်ပတ္တနားပါတီအား ညွန့်ပေါင်းအစိုးရတွင်ပါဝင်ရန် စည်းရုံးခြင်းပင်ဖြစ်သည်။ ထိုအချက်က ပြုပြင်ပြောင်းလဲလိုစိတ်ရှိသော အတိုက်အခံတို့အား အင်အားနည်းပါးသွားစေသည်။ ဒီမိုကရက်တို့သည် ထိုင်းနိုင်ငံ၏စီးပွားရေးအချက်အချာကျသော ဗန်ကောက်မြို့တော်၌ မဲအနိုင်ရခဲ့သည်။ ထို့ပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၏ အကြိုက်ဆုံး ပါတီ ဖြစ်သည်။ ဒီမိုကရက်ပါတီသည် နယူးအက်စပရေးရှင်းပါတီထက် အမတ်ဦးရေနှစ်ဦးသာနည်းသည်။

ဤသို့ဖြင့် ကမ္ဘာပေါ်၌နန်းသက်အရှည်ဆုံးဘုရင် ဘူမိဘောက ပါလီမန်အသစ်ကို နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်ပေးပြီး နယူးအက်စပရေးရှင်းပါတီ(အင်အေပီ)ခေါင်းဆောင် ချာဗာလစ်ယောင်ချိုင်ယုဒ်အား နိုင်ငံ၏၂၂ ယောက်မြောက် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

ထိုင်းတပ်မတော်အကြီးအကဲဟောင်း ချာဗာလစ်ယောင်ချိုင်ယုဒ်သည်ဝန်ကြီးချုပ်အဖြစ် နိုဝင်ဘာလ ၂၅ ရက်နေ့က သူ၏နေအိမ်မှာပင် ကျမ်းသစ္စာကျိန်ဆိုပွဲ ပြုလုပ်ခဲ့သည်။ ယင်းသို့နေအိမ်၌ကျမ်းသစ္စာကျိန်ဆိုခြင်းမှာ ထိုင်းနိုင်ငံသို့ ၁၉၆၉ ခုနှစ်တွင် အမေရိကန်သမ္မတနစ်ဆင် လာရောက်လည်ပတ်ပြီးနောက်ပိုင်း ပထမဆုံးလာရောက်လည်ပတ်မည့် သမ္မတကလင်တန်နှင့် တွေ့ဆုံရေး သေချာသွားစေရန်ရည်ရွယ်လျက် အလျင်စလိုပြုလုပ်ပုံရသည်ဟု ဆိုသည်။

အစိုးရအဖွဲ့သစ်တွင်ချာဗာလစ်ယောင်ချိုင်ယုဒ်က ဝန်ကြီးချုပ်အဖြစ်ပါဝင်ပြီး ခြောက်ပါတီမှ နိုင်ငံရေးသမားများမှာ ရွေးချယ်တင်မြှောက်ခံရသော အမတ်အရေအတွက် အချိုးအစားအလိုက်ဝန်ကြီးရာထူးများရရှိကြသည်။ ဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်သည် ကာကွယ်ရေးဝန်ကြီး ရာထူးကိုပါ ပူးတွဲတာဝန်ယူထားသည်။

ဤသို့ရှိနေစဉ် ညွန့်ပေါင်းပါတီများအကြား ရာထူးခွဲဝေယူမှုများနှင့်ပတ်သက်၍ မကျေနပ်သူများ ပေါ်ပေါက်ခဲ့သည်။အမတ်အင်အားနည်းသော ဗန်ကောက်အခြေစိုက် ပရာချာကွန်ထိုင်းပါတီက မြို့တော်၏ယာဉ်အသွားအလာကျပ်တည်းမှုဖြေရှင်းရေးအတွက် ပါတီမှ အမည်စာရင်းတင်သွင်းသူအား ရာထူးတာဝန်မပေးသဖြင့် ညွန့်ပေါင်းအစိုးရအတွင်း ပါတီ၏ ပါဝင်ပတ်သက်နေသောအနေအထားကိုပြန်လည်သုံးသပ်မည်ဟု ပါတီခေါင်းဆောင် ဆမက်ခွန်ဒါရာဗက်က ပြောကြားသည်။

ထို့ပြင်ဝန်ကြီးချုပ် ချာဗာလစ်၏ အင်အေပီပါတီ၏ ထိုင်းတောင်ပိုင်း မူဆလင်အုပ်စုက တောင်ပိုင်းကိုယ်စားပြု

**ထိုင်းဝန်ကြီးချုပ်သစ်ဖြစ်လာသည့် ချာဗာလစ်ယောင်ချိုင်ယုဒ်(ဝဲ)အားချာတီချိုင်းချွန်ဟာဗန် (ယာ)နှင့် အတူတွေ့ရစဉ်**



သူ့ အစိုးရအဖွဲ့တွင်မပါဝင်သဖြင့် အတိအလင်းကန့်ကွက်ထားသည်။ မိမိ၏အမှားအယွင်းဖြစ်၍ ပြင်ဆင်ပေးပါမည်ဟု ဝန်ကြီးချုပ်ချာဗာလစ်က ကတိပြုထားသည်။ စီးပွားရေးကျဆင်းမှု၊ ပိုကုန်ဖွံ့ဖြိုးမှုနှုန်း ကျဆင်းမှုနှင့် သာမန်ငွေစာရင်း၌ အကြီးအကျယ်လိုငွေပြမှုအပေါ် ချာဗာလစ်အစိုးရက မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းမည်နည်းဟု ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား စိုးရိမ်မကင်းမှုများ ပေါ်ပေါက်နေရာ စတော့ကုန်သည်အစုရှယ်ယာဈေးကွက်တွင်ဈေးနှုန်းများသိသိသာသာ ကျဆင်းခဲ့သည်။ ချာဗာလစ်အစိုးရသည်စီးပွားရေးကို ကြီးကြပ်ကွပ်ကဲရန် ချတ်ပတ္တနားပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ချာတီချိုင်းချွန်ဟာဗန် ဦးဆောင်သောအဖွဲ့နှင့် ဒုတိယ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး အမ်နူယေဗီရာဗန် ဦးဆောင်သောအဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးထားရာ ရင်းနှီးမြှုပ်နှံသူများက မည်သည့်အဖွဲ့တွင် အခွင့်အာဏာရှိသည်ကို ဝေခွဲမရဖြစ်နေကြသည်။

အမျိုးသား ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ချွေတာသုံးကြရန် အစိုးရနှင့် နိုင်ငံတော်လုပ်သား အဖွဲ့အစည်းများအားလုံးကို ထိုင်းဝန်ကြီးချုပ် ချာဗာလစ် ယောင်ချိုင် ယုဒ်က ဒီဇင်ဘာ လ ၁၇ ရက်နေ့တွင် တိုက်တွန်းပြောကြားသည်။ အစိုးရနှင့် နိုင်ငံတော်အဖွဲ့အစည်းများမှ ထိပ်တန်းအရာရှိ ၃၀၀ ခန့်အား အစိုးရ၏မူဝါဒနှင့် စပ်လျဉ်း၍ ပြောဆိုရာတွင် ဝန်ကြီးချုပ်က ထိုသို့တိုက်တွန်းပြောကြားခြင်း ဖြစ်သည်။ လူမှုရေး ပြဿနာများ၊ စီးပွားရေးရှင်သန်ရန်နှင့် ပညာရေးစနစ်ပြုပြင်ရန်တို့ကို ဖြေရှင်းရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေချိန်တွင် အရေးကြီးသော စီမံကိန်းများကို အစိုးရက မည်သည့်နည်းနှင့်မဆို အပြည့်အဝ အထောက်အကူပြုရန် အသင့်ရှိသည်ဟု ချာဗာလစ်က ပြောကြားသည်။

ထိုင်းဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်သည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း ( အာဆီယံ )ဝင် နိုင်ငံများသို့ခရီးထွက်မည်ဖြစ်ကြောင်း ထိုင်းရေဒီယိုက ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကြေညာသည်။ အခြားအာဆီယံခေါင်းဆောင်များနှင့် အကျွမ်းတဝင် ဖြစ်စေရေးအတွက် ထိုသို့အလည်အပတ်သွားရောက်ခြင်းဖြစ်သည်ဟုနိုင်ငံခြားရေးဝန်ကြီး ပရာချုပ်ချာယီယာဆန်က ပြောကြားသည်။

**စီးပွားရေး–** ထိုင်းနိုင်ငံ၏မှောင်ခိုစီးပွားရေးမှရရှိသောငွေကြေးသည် ၁၉၉၆ ခုနှစ်အတွင်း၌ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး၏ ၆၀ ရာခိုင်နှုန်းနီးပါးနှင့်ညီမျှမည်ဟု ထိုင်းဘဏ်ကြီး တစ်ခုမှ ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ဖော်ကြေညာခဲ့သည်။ မှောင်ခိုစီးပွားရေးတွင် လည်ပတ်နေသောငွေကြေးသည် ထိုင်းစီးပွားရေးအတွက် အရေးပါသောကဏ္ဍဖြစ်သည်။ ၁၉၉၆ ခုနှစ်အတွင်း မှောင်ခိုဈေးကွက် ငွေကြေးပမာဏ သည် ဒေါ်လာ ၁၀၈ ဘီလီယံရှိမည်ဖြစ်ရာ ဂျီဒီပီ၏ ၅၇ ဒသမ ၃၈ ရာခိုင်နှုန်းနှင့် ညီမျှသည်။ မှောင်ခိုစီးပွားရေးတွင်တရားမဝင် ဆောင်ရွက်မှုများပါဝင်ရာ လောင်းကစားမှု၊ ပြည့်တန်ဆာ လုပ်ငန်း၊ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းတို့ ဖြစ်သည်။ မှောင်ခို စီးပွားရေး၏ တန်ဖိုးပမာဏသည် ကြောက်မက်ဖွယ် မြင့်မားပြီးလျှင်မြန်စွာတိုးချဲ့မည့် အလားအလာရှိသည် စသည်ဖြင့် ထိုင်းလယ်သမားများဘဏ်၏ဌာနခွဲ ထိုင်းလယ်သမားများသုတေသနအစီရင် ခံစာ၌ ဖော်ပြထားသည်။

**ပညာရေး–** တိုင်းပြည်၏လျင်မြန်စွာတိုးတက်နေသောစီးပွားရေး ခြေလှမ်းကို လိုက်မမီနိုင်ဖြစ်နေသည့် ထိုင်းနိုင်ငံ၏ ပညာရေးစနစ်တိုးတက်စေရေးအတွက် ဒေါ်လာ ၁၀၃ ဒသမ ၅ သန်းချေးရန်ကမ္ဘာ့ဘဏ်က ဇွန်လ ၂၅ ရက်နေ့တွင်အတည်ပြုခဲ့သည်။ ထိုင်းနိုင်ငံသည် ချေးငွေများကို သိပ္ပံ၊ သင်္ချာ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် ပညာရေးအရည်အသွေးမြင့်မားရေး စီမံကိန်းနှစ်ခုအတွက် အသုံးပြုမည်ဟု ကမ္ဘာ့ဘဏ်က ပြောသည်။ အဆိုပါစီမံကိန်းနှစ်ခု၏ တန်ဖိုး ငွေမှာ ဒေါ်လာ ၁၉၂ ဒသမ ၉ သန်းဖြစ်ရာ ထိုင်းအစိုးရက ဒေါ်လာ ၇၉ ဒသမ ၄ သန်းပံ့ပိုးမည်ဖြစ်သည်။ ထိုင်းနိုင်ငံသည် ကမ္ဘာတွင် စီးပွားရေးအမြန်ဆုံး တိုးတက်နေသောနိုင်ငံတစ်ခုဖြစ်သော်လည်း ပညာရေးစနစ်ညံ့ဖျင်းမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပင်မခုခံထားမည့် အလားအလာများ ပျက်စီးနိုင်သည်။ ဥပမာ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း၌ ထိုင်းနိုင်ငံအလုပ်သမားထု၏ ၈၀ ရာခိုင်နှုန်းသည်အခြေခံပညာရေးထက် ကျော်လွန်တတ်မြောက်သူများ မဟုတ်ကြ။ ထို့ကြောင့် ထိုင်းနိုင်ငံသည် စင်ကာပူနှင့်မလေးရှားတို့ကဲ့သို့ သော အိမ်နီးချင်းအရှေ့တောင် အာရှနိုင်ငံများ နောက်တွင် ကျန်နေမည်ဖြစ်သည်။ နှစ်စဉ်သိပ္ပံနှင့် စက်မှု ပညာရပ် ဘွဲ့ရလိုအပ်ချက်မှာ ၈၀၀၀ ဖြစ်သော်လည်း တစ်နှစ်လျှင် ဘွဲ့ရ ၂၅၀၀ သာရှိသည်ဟု ကမ္ဘာ့ဘဏ်က ပြောကြား သည်။


သင့်ဘဝ– ဦးရဲလွင်

**ပြင်သစ်သမ္မတနိုင်ငံ။** ။ပြည်သစ်နိုင်ငံ၏သမ္မတအဖြစ် ဖရန်ဆွာ မီးထရောင်းသည် နိုင်ငံကို ၁၄ နှစ်ကြာ အုပ်ချုပ်ခဲ့သည်။ မီးထရောင်း မကွယ်လွန်မီကပင် ၁၉၉၅ ခုနှစ်က စ၍ ဂျက်ရှီရက်သည် ပြင်သစ်နိုင်ငံ၏ သမ္မတ ဖြစ်လာခဲ့သည်။ ဂျက်ရှီရက်သည် ပြင်သစ်သမ္မတ မီးထရောင်းလက်ထက် မှာပင် ဝန်ကြီးချုပ်ရာထူးကို နှစ်ကြိမ်တိုင် ထမ်းရွက်ဖူးသူဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ ရေးရာများတွင် ဂျက်ရှီရက်သည် အတွေ့အကြုံရှိပြီး ဖြစ်သည်။. (စွယ်စုံ နှစ်ချုပ်၊ ၁၉၉၆–စာ၊ ၂၄၀၊ ၂၄၁ – ရှု။)

ဂျက်ရှီရက်သမ္မတရာထူးကိုလက်ခံပြီး၍ မကြာမီပင် အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးအဖြစ် အလည်အပတ်ရောက်ရှိခဲ့သည်။ အမေရိကန်သမ္မတ ကလင်တန်နှင့်တွေ့ဆုံပြီး ဘော်လကန်ကျွန်းဆွယ်တွင် ဆာဘီးယားတို့ကျူးလွန်မှုကို ဖြေရှင်းရန်အတွက် အမေရိကန်အနေဖြင့် တိုက်ရိုက်ပါဝင်သင့်ကြောင်းဖြင့် အကြံပြုခဲ့သည်။

ဂျက်ရှီရက်သမ္မတရာထူးလက်ခံပြီးသည်နှင့်ယခင်က ရပ်ဆိုင်းထားခဲ့သောမြေအောက်နျူကလီးယားစမ်းသပ်မှုများပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘာသို့ကြေညာခဲ့သည်။ ကြေညာသည့်အတိုင်း တောင်ပစိဖိတ်ဒေသရှိ ပြင်သစ်ပိုင် မူရူရိုဂါကျွန်းတွင် မြေအောက်နျူကလီးယားစမ်းသပ်မှုများပြုလုပ်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ဆဋ္ဌမမြောက် မြေအောက်နျူကလီးယားစမ်းသပ်မှုအပြီးတွင် နျူကလီးယားနှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်မှုများ ပြီးပြည့်စုံပြီဖြစ်၍ ရပ်ဆိုင်းလိုက်ပြီဖြစ် ကြောင်းကြေညာပြီးနောက် နျူကလီးယား စမ်းသပ်မှုပိတ်ပင် ရေးစာချုပ်တွင် လက်မှတ်ရေးထိုးလိုက် သည်။ ယင်းသို့ရှိနေစဉ်၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်တွင် ပြင်သစ် နိုင်ငံ၏ သမ္မတဟောင်း မီးထရောင်းကွယ်လွန်ခဲ့သည်။

ပြင်သစ်သမ္မတဂျက်ရှီရက်



ဂျက်ရှီရက်သည်ဒုတိယကမ္ဘာစစ်ကာလအတွင်း အာဖရိကမြောက်ပိုင်း မြေထဲပင်လယ်ကမ်းရိုးတန်းနိုင်ငံဖြစ်သည့်အယ်လ်ဂျီးရီးယားစစ်ပွဲတွင် ပါဝင်နွှဲခဲ့သူဖြစ်သည်။ ထိုစဉ်ကအယ်လ်ဂျီးရီးယားသည်ပြင်သစ်၏လက်အောက်ခံနိုင်ငံဖြစ်သည်။

၁၉၉၆ ခုနှစ်၊ဖေဖော်ဝါရီလ ဒုတိယပတ်တွင်သမ္မတရှီရက်က ပြင်သစ်နိုင်ငံ၏စစ်အင်အားကိုလျှော့ချမည်ဖြစ်ကြောင်း ထုတ်ဖော်သည်။ ထို့ကြောင့် ပြင်သစ် စစ်သည်အင်အား ငါးသိန်းအနေအထားမှ သုံးသိန်းခွဲအနေအထားသို့ လျှော့လျှမည်ဖြစ်သည်။ ဤအတွက်စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရာတွင် ကုန်ကျစရိတ် ၁၅ ရာခိုင်နှုန်းလျှော့ကျသွားမည်ဖြစ်သည်။ စစ်သည်အင်အားကိုလက်ရှိအနေအထားမှ ထက်ဝက်လျှော့ချနိုင်လျှင် ကာကွယ်ရေး အသုံးစရိတ်တွင် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ သက်သာသွားမည်ဖြစ်သည်။

လောလောဆယ်တွင်သမ္မတရှီရက်ရင်ဆိုင်နေရသည်မှာအလုပ်လက်မဲ့ ၁၂ ရာခိုင်နှုန်းရှိနေခြင်းဖြစ်သည်။ လက်နက်ထုတ်လုပ်မှုလျှော့ချခြင်း၊ စစ်သားဦးရေ လျှော့ချခြင်းတို့ကြောင့် အခုလက်ရှိ အလုပ်လက်မဲ့ဦးရေထက် တိုးသွားမည် ဖြစ်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် စစ်အင်အားလျှော့ချလိုသည်မှာ ယခုမှမဟုတ်ပေ။ စစ်အေးကာလတွင်အဓိကယှဉ်ပြိုင်နေရသည်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး ဖြစ်သည်။ ၁၉၉၁ ခုနှစ်ကုန်တွင် ဆိုဗီယက်ပြည်ထောင်စုကြီး

ပြိုကွဲသွားပြီးသည်နှင့် အနောက်နိုင်ငံများအဖို့ စစ်ရေး အစဉ်သတိရနေရန်မလိုတော့၊ အဓိကရန်သူမရှိတော့ သလောက်ဖြစ်သွားသည်။ ထို့ကြောင့်ပင် ပြင်သစ် နိုင်ငံသည် စစ်ရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ခြင်း မပြုခဲ့တော့ချေ။ ဥပမာအားဖြင့် အီရတ်နိုင်ငံက ကူဝိတ်ကို ကျူးကျော်ရာမှ ဖြစ်ပွားသည့်ပင်လယ် ကွေ့စစ်ပွဲတွင်လည်း ပြင်သစ်သည် အခြားသောမဟာ မိတ်နိုင်ငံများလောက် စစ်သားပေးပို့ခြင်း မရှိခဲ့ချေ။ ပင်လယ်ကွေ့စစ်ပွဲတွင် ပြင်သစ်က စစ်သည် တစ် သောင်းသာပေးပို့ခဲ့သည်။ ဤပမာဏသည် ဗြိတိန်က ပေးပို့သည့် စစ်အင်အား၏ ငါးပုံတစ်ပုံသာရှိသည်။

ပြင်သစ်နိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်ဝင် နိုင်ငံ(နေတိုး)အဖွဲ့မှ ၁၉၉၆ ခုနှစ်ကနုတ်ထွက်ထားသည်။ သမ္မတရှီရက်သည် နေတိုးအုပ်စုတွင်ပြန်လည်၍ ပါဝင် ထမ်းဆောင်မှုများပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့ကြောင့် နေတိုးအုပ်စုညှိနှိုင်းအစည်းအဝေးသို့ ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ခြင်းဖြင့် ဖြစ်စေ ပါဝင် ခဲ့သည်။ ပြင်သစ်သည်နေတိုးအုပ်စုနှင့်အပြည့်အဝ ပါဝင် ခြင်း ပြုမည် မဟုတ်သော်လည်းနေတိုးအုပ်စုဝင်နိုင်ငံများနှင့် အတူ စစ်ရေးစစ်ရာများတွင် ပါဝင်မည်ဖြစ်သည်။

သမ္မတရှီရက်သည် ပြည်တွင်းရေးသာမက နိုင်ငံတကာ ရေးရာတွင်ပါ ပြင်သစ်နိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ကြိုးပမ်းသည်။ ထို့ကြောင့် သမ္မတရှီရက်သည် ၁၉၉၆ ခုနှစ်၊ ဧပြီလတွင်လက်ဘနွန်နိုင်ငံသို့ အလည် အပတ်သွားရောက်ခဲ့သည်။ လက်ဘနွန်နိုင်ငံ၏ အချုပ် အခြာအာဏာပိုင်မှုကို ထောက်ခံသည်။ အကူအညီ ပေး သည်။ ဆီးရီးယားနိုင်ငံ၏ ဒေသဆိုင်ရာအရေးပါမှု ကိုလည်း ပြင်သစ်က အသိအမှတ်ပြုသည်။ အရှေ့အလယ်ပိုင်း အရေး အခင်းတို့တွင် အမေရိကန်ပြည်ထောင်စု ပါဝင်ပတ်သက် နေမှုကိုလည်း ထောက်ခံသည်။ ယခု အခါတွင် အရှေ့ အလယ်ပိုင်းနိုင်ငံများက ပြင်သစ်၏ အနေအထားကို သဘောကျသဖြင့် အားကိုးအားထားပြုကြသည်။ အစ္စရေး နှင့်ဟစ္စဘိုလာတို့၏အပစ်အခတ်ရပ်စဲရေးကိစ္စများကိုလည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၉၆ ခုနှစ်၊ ဇွန်လတွင်ဗဟိုအာဖရိက သမ္မတနိုင်ငံ အစိုးရနှင့်သူပုန်တပ်များကြောင့် ပြည်တွင်းစစ် ဖြစ်နေ သည်။ ဤအခါတွင် ပြည်တွင်းစစ်ရပ်စဲစေရန် ပြင်သစ်နိုင်ငံ ကကြားဝင်ခဲ့သည်။ သံတမန်နည်းအရ ဖြေရှင်းမရသဖြင့် ပြင်သစ်တပ်များကို ဗဟိုအာဖရိကနိုင်ငံသို့စေလွှတ်ကာ ငြိမ်းချမ်းရေးတပ်အဖြစ် ပါဝင်ခဲ့သည်။ တချိန်တည်းမှာပင် ဂျာမနီနိုင်ငံဘာလင်မြို့၌ ကျင်းပသောနေတိုးအဖွဲ့ဝင် နိုင်ငံ များ၏ဝန်ကြီးအဆင့် ညှိနှိုင်းအစည်းအဝေးသို့ ကိုယ်စား လှယ် စေလွှတ်ခဲ့သည်။ ဤအစည်းအဝေးတွင် ဥရောပ အစည်းအဝေးဆိုင်ရာ အစီအမံများတွင် ပြင်သစ်နိုင်ငံ၏ တင်ပြချက်အများအပြားကို လက်ခံခဲ့ကြသည်။

ပြင်သစ်နိုင်ငံက နေတိုးအဖွဲ့နှင့်အတူ ပြန်လည် ထမ်းဆောင်လာသည်ကို အမေရိကန်ပြည်ထောင်စုက သဘောကျသော်လည်း အစ္စရေးနှင့် ဟစ္စဘိုလာ အပစ် အခတ် ရပ်စဲရေးကိစ္စတွင် အမေရိကန် ဖြေရှင်းနေဆဲတွင် ပြင်သစ်ကကြားဖြတ်ဝင်ရောက် ဖြေရှင်းမှုကိုမူ အမေရိကန် ကသဘောမကျချေ။ အမေရိကန်နှင့်ပြင်သစ်ကြားတွင် နိုင်ငံတကာရေးရာ၌ အမြင်ချင်းကွဲပြားခဲ့ကြသည်။ အမေ ရိကန်သမ္မတကလင်တန်လက်ထက်တွင် အီရတ် နိုင်ငံ ကို ဒုံးကျည်ဖြင့် ပစ်ခတ်ဖျက်စီးမှု ပြုလုပ်ခဲ့သည်။ ဤကိစ္စကို ပြင်သစ်က သဘောမကျ။ ထို့ကြောင့်ပင်အီရတ် လေကြောင်းပိုင်နက်အတွင်း အီရတ်လေယာဉ်များ မပျံသန်း ရ ဇုန်တိုးချဲ့ရေးကိုလည်း ပြင်သစ်ကသဘောမတူ ခဲ့ချေ။ သဘောမတူသဖြင့် အီရတ်လေယာဉ်များ ဤဒေသ အတွင်း ပျံသန်းမှု ရှိမရှိ ကင်းထောက်လေယာဉ်လွှတ်သည့် လုပ်ငန်း တွင် ပြင်သစ်က လက်ရှောင်နေခဲ့သည်။

ပြင်သစ်သမ္မတရှီရက်က အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကိုယ်နည်းကိုယ်ဟန်ဖြင့် ပါဝင်လုပ်ဆောင်မှုကြောင့် မူလကအမေရိကန်က တာဝန်ယူဖြေရှင်းနေဆဲ၌ ကသိကအောင့် ဖြစ်ရသည်ဟု အမေရိကန်ကငြိုငြင်သည်။ ပြင်သစ်သမ္မတ ရှီရက်က အရှေ့အလယ်ပိုင်းကိစ္စသည် ဥရောပနှင့် ပိုမို၍သက်ဆိုင် နေပါကြောင်း၊ ပြင်သစ်က ပါဝင်လုပ်ဆောင်နေသည် ဟူသော အမြင်ထက် ဥရောပက ပါဝင်လုပ်ဆောင်နေ သည်ဟု မြင်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဥရောပတောင်ပိုင်းဖြစ်သည့် မြေထဲပင်လယ်တွင် တာဝန်ကို ခွဲဝေထမ်းဆောင်ရာ၌ ဥရောပလည်း ကွပ်ကဲ



ကွယ်လွန်သူ သမ္မတဟောင်း မီးထရောင်း၏ ရှာပန အခမ်းအနားသို့တက်ရောက်လာသည့် သူ၏မိသားစု များအား ရှေ့ဆုံးတန်းတွင် တွေ့ရစဉ်



၁၉၈၁ ခုနှစ်တွင် မီးထရောင်း သမ္မတဖြစ်လာစဉ် (ဝဲ) နှင့် ၁၉၈၄ခုနှစ်တွင် မီးထရောင်းအား ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်နှင့် အတူတွေ့ရစဉ်



မှုတွင် ပါဝင်စေလိုသည်ဟု ရှိရက်ကတင်ပြသည်။ လောလောဆယ်တွင် ဤဒေသတွင် အမေရိကန်အမှတ် (၆) ရေတပ်ကတာဝန်ယူထားသည်။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်နေရာတွင် ဘူထရို့စ်ဂါလီ ဒုတိယအကြိမ် ပြန်လည်အရွေးခံမှုကို အမေရိကန်က ဗီတိုအာဏာသုံး၍ပယ်ချသည်။ ပြင်သစ်က ဘူထရို့စ်ဂါလီကို ဤရာထူး၌ ဆက်လက် တည်ရှိလိုသည့် ဆန္ဒရှိသည်။ ဤကဲ့သို့ အမေရိကန်နှင့် ပြင်သစ်ကြား၌ သဘောချင်း သဟဇာတမဖြစ်မှုနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးချားရက်က အရာရာတိုင်းမှ သဘောတူဖို့ မလိုပါကြောင်း၊ သံတမန် နည်းဟူသည်မှာ လုံးဝဥသုံ သဘောချင်း ညီချင်မှညီမည် ဖြစ်ပါကြောင်း၊ ဆက်လက် ညှိနှိုင်းခြင်းသည်သာလျှင် သင့်လျော်သော အခြေဖြစ်ပါကြောင်း ၊ ဥရောပလုံခြုံရေးကိစ္စတွင် အမေရိကန်၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်စေပြီး ခေါင်းဆောင်လုပ်မှုကို လျှော့ချသင့်ကြောင်းဖြင့် ပြောကြား သည်။

တက္ကသိုလ် လုကြွယ်

**ဖိလစ်ပိုင်သမ္မတနိုင်ငံ။** ။ဖိလစ်ပိုင်သမ္မတနိုင်ငံ သည် ကျွန်းပေါင်း ၇၀၀ ပါဝင်သော ကျွန်းစုနိုင်ငံဖြစ်၍ မြောက်ဘက်မှ တောင်ဘက်သို့ ကီလိုမီတာ ၁၈၄၀ ရှည်လျားသည်။ မြောက်ဘက်တွင် တိုင်ဝမ်၊ တောင်ဘက်တွင် ဘော်နီယိုကျွန်းတို့ရှိပြီး အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၃,၀၀,၇၈၀ ရှိသည်။ ကျွန်းပေါင်းများစွာ ပါဝင်သော်လည်း (၁) လူဇုန် (၂) ဝိဇယနှင့် (၃) မင်းဒါနာအိုဟူ၍ အဓိကကျွန်းစု သုံးအုပ်စုသာရှိသည်။ နိုဝင်ဘာလမှ ဇွန်လအထိ ခြောက်သွေ့ရာသီဖြစ်၍ ဇူလိုင်လမှ အောက်တိုဘာလအထိ မိုးရာသီဖြစ်သည်။ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ အအေးပိုလာပြီး မှုတသောရာသီဥတု၊ စိမ်းလန်းသောတောတောင်နှင့် လှပသောပင်လယ်ကမ်းခြေတို့မှာ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ သဘာဝ ဝိသေသများဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော်မှာ မနီလာဖြစ်၍ မြို့ကြီးလေးမြို့နှင့် စည်ပင်သာယာနယ်မြေ ၁၃ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ မြို့အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၆၃၀ ရှိသည်။ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ လူဦးရေမှာ သန်းပေါင်း ၇၀ ခန့်ရှိပြီး ဒေသနှင့် ယဉ်ကျေးမှုအုပ်စု ကွဲများအလိုက် ဘာသာစကား ၁၁၁ မျိုးကို ပြောဆိုသုံးစွဲ ကြသည်။ တရားဝင် ရုံးသုံးဘာသာစကားမှာ ဖိလစ်ပိုင်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြသည်။ လူဦးရေ ၈၄ ရာခိုင်နှုန်းက ရိုမန်ကက်သလစ်ဘာသာဝင်များ ဖြစ်ပြီး ၁၅ ရာခိုင်နှုန်းက မူစလင်ဘာသာဝင်များဖြစ်၍ ကျန်လူများက ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ လက်ရှိသမ္မတမှာ ဖီဒယ်ရာမို့စ်ဖြစ်၍ ၁၉၂၈ ခုနှစ်တွင် မွေးဖွားပြီး ၁၉၉၂ ခုနှစ်တွင် သမ္မတရာထူးရရှိသည်။ ( စွယ်စုံနှစ်ချုပ် ၁၉၉၃ – စာ၊ ၂၂၅ – ရှု ။)

**နိုင်ငံရေး** – ဖိလစ်ပိုင်သမ္မတ ဖီဒယ်ရာမို့စ်က သူ၏ ခြောက်နှစ် သမ္မတသက်တမ်း ကုန်ဆုံးမည့် ၁၉၉၈ ခုနှစ်တွင် သမ္မတအဖြစ်မှ နုတ်ထွက်မည်ဟု ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် လူသိရှင်ကြား ကြေညာခဲ့သည်။ သမ္မတ ရာမို့စ်သည် သမ္မတရာထူးတွင် ဆက်လက်တည်မြဲအောင် ကြိုးပမ်းနေသည်ဟု အတိုက်အခံများက စွပ်စွဲထားကြသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်ကြီးများအား ပြန်ပေးဆွဲမှုများ၊ ဘဏ်တိုက်ကြီးများကို ဓားပြတိုက်လုယက်မှုများ မကြာခဏဖြစ်ပွားနေသဖြင့် ရာဇဝတ်မှုနှိမ်နင်းရေး လုပ်ရှားမှုကို မိမိကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမည်ဟု သမ္မတရာမို့စ်က ပြောကြားခဲ့သည်။

သမ္မတ ဖီဒယ် ရာမို့စ်သည် စီးပွားရေးရာများကို ခိုင်မာအောင် ပြုပြင်ပြောင်းလဲစေနိုင်ခဲ့သော ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီး၏ နုတ်ထွက်လွှာကို ဇူလိုင်လ ၂၁ ရက်နေ့က လက်ခံခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သည့် ရီဇာလီနိုနာဗာရှိသည်ကျန်းမာရေးကြောင့် နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံးမှလက်ထောက်တစ်ဦး က ပြောကြားသည်။ နာဗာရှိသည်ဖိလစ်ပိုင်ဗဟိုဘဏ်ငွေ ကြေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ခုနစ်နှစ်သက်တမ်း တာဝန်များကို ထမ်းဆောင်သွားမည် ဖြစ်ကြောင်း သမ္မတရုံး၏ ကြေညာချက်၌ ဖော်ပြထားသည်။

## ဖိလစ်ပိုင် သမ္မတနိုင်ငံ



**ဖိလစ်ပိုင်သမ္မတ ဖိဒယ်ရာမိုစ်**

ဖိလစ်ပိုင်အစိုးရနှင့် မူစလင်သူပုန်တို့ စက်တင်ဘာလ ၁ ရက်နေ့က ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြရာ ဖိလစ်ပိုင်နိုင်ငံ၏ အဆိုးရွားဆုံးသောင်းကျန်းမှု အဆုံးသတ်သွားပြီ ဖြစ်သည်။ ၂၆ နှစ်တာ ဆူပူသောင်းကျန်းမှုကာလအတွင်း လူပေါင်း ၂၀,၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ဖိလစ်ပိုင်တောင်ပိုင်း မူစလင်နယ်မြေများတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပိုမိုလာခြင်းကို လက်ခံရန် စာချုပ်တွင် သူပုန်များက သဘောတူထားသည်။ သူပုန်တို့၏ မူလတောင်းဆိုချက်မှာ သီးခြားပြည်နယ်ရရှိရေး ဖြစ်သည်။ သမ္မတနန်းတော်တွင် ကျင်းပသောလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အစိုးရနှင့် သူပုန်အရာရှိများ တက်ရောက်ကြရာ စုစုပေါင်း ၁,၅၀၀ ကျော် ဖြစ်သည်။ မူစလင်နိုင်ငံကိုယ်စားလှယ်များနှင့် အခြားပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

ဤအချိန်အခါသည် အရှေ့အာရှနိုင်ငံအားလုံးအတွက် အလွန်ကြီးမြတ်သော အချိန်အခါဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလီအလာတပ်စ်က ပြောကြား ခဲ့သည်။ ထိုပုဂ္ဂိုလ်များရှေ့တွင် သူပုန် ခေါင်းဆောင နူမစ်ဆွာရီနှင့် အစိုးရစေ့စပ်ညှိနှိုင်းရေးမှူး မန်နျူး ယယ်ယန်တို့က စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ထိုစာချုပ်ကို ဂျာကာတာမြို့တွင် အချောကိုင်အပြီးသတ်ခဲ့သည်။ သူပုန်ခေါင်းဆောင်မစ်ဆွာရီသည် သမ္မတနန်းတော်သို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာလအတွင်း ကျင်းပမည့် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေးကိုဆန့်ကျင်သော ၁၉၉၆ ခုနှစ် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဟိုဆေးရာမို့စ်ဟော့တာအား ဖိလစ်ပိုင်နိုင်ငံအတွင်းသို့မဝင်ရန် ဖိလစ်ပိုင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့က အောက်တိုဘာလ ၂၂ ရက်နေ့တွင်တားမြစ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် အေပက်ထိပ်သီးအစည်းအဝေးကို ဖရိုဖရဲဖြစ်အောင်ဖန်တီးမည့် နိုင်ငံခြားသားအားလုံးကို နိုင်ငံအတွင်းသို့ မဝင်ရန် တားဆီး ပိတ်ပင်ရေးဆိုင်ရာ သမ္မတဖိဒယ်ရာမို့စ်ညွှန်ကြားချက် အောက်တိုဘာလ ၂၀ ရက်နေ့က ထုတ်ပြန်ပြီးနောက် ယင်းသို့တားမြစ်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ လုံခြုံရေးကို ထိခိုက်အန္တရာယ်ပေးနိုင်သူ ဟိုဆေးရာမို့စ်ဟော့တာနှင့် အခြား နိုင်ငံသားများအား နိုင်ငံအတွင်း ဝင်ရောက်နိုင်ခြင်းမပြုရန် တားမြစ်ရုံမှတပါးအခြား ရွေးချယ်စရာ မရှိပါဟု လူဝင်မှုကြီးကြပ်ရေးမင်းကြီး အက်ဂါမင်ဒိုဇာက ပြောကြားသည်။

ဟိုဆေးရာမို့စ်ဟော့တာမှာ အင်ဒိုနီးရှားနိုင်ငံအရှေ့တီမောခွဲရေးခေါင်းဆောင်ဖြစ်၍ အရှေ့တီမော လွတ်မြောက်ရေးဆောင်ရွက်ချက်ကြောင့် ၁၉၉၆ ခုနှစ် နိုဗယ်ငြိမ်းချမ်းရေးဆုကို ပူးတွဲပေးရန် သတ်မှတ်ခဲ့သည်။ ရာမို့စ်ဟော့တာအားနိုင်ငံအတွင်း ဝင်ရောက်ခွင့် ပေးခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်ဆံရေးပျက်ပြားမည်ကို ဖိလစ်ပိုင် အစိုးရက စိုးရိမ်မကင်းဖြစ်၍ ၁၉၉၄ ခုနှစ်က မနီလာမြို့၌ ပြုလုပ်သော အရှေ့တီမောဆိုင်ရာ ညီလာခံသို့ ဟော့တာ အားတက်ရောက်ခွင့်မပြုခဲ့ပေ။ နိုဝင်ဘာ ၂၅ ရက်နေ့တွင် ကျင်းပမည့်အေပက်ထိပ်သီးညီလာခံ တက်ရောက်မည့် ခေါင်းဆောင် ၁၈ ဦးအနက် အင်ဒိုနီးရှား သမ္မတ ဆူဟာတို ပါဝင်မည်ဖြစ်သည်။ (အင်ဒိုနီးရှားနိုင်ငံ - ရှု ။)

အမေရိကန်ပြည်ထောင်စုက ပင်လယ်ရပ်ခြားစစ်အခြေစိုက်စခန်း အားလုံးဖျက်သိမ်းပြီး အဆိပ်သင့် စွန့်ပစ်ပစ္စည်းများကို ရှင်းလင်းပေးပါဟု တောင်းဆိုရန် ဆန္ဒပြသူများသည် မနီလာမြို့တော်ရှိ အမေရိကန်သံရုံးသို့ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ချီတက်သွားခဲ့ကြသည်။ ဆန္ဒပြသူ




**မူစလင် သူပုန်ခေါင်းဆောင် နူမစ်ဆွာရီအား ထောက်ခံကြသူများ**

၅၀ တို့အား အမေရိကန်သံရုံးအနီးသို့ မကပ်နိုင်ရန်ရဲတို့က တားဆီးခဲ့သည်။ သို့ရာတွင် သံရုံးအရာရှိ တစ်ဦးထံ ၄င်းတို့၏တောင်းဆိုချက် စာတမ်းများကို လွှဲအပ်နိုင်ရန်ဆန္ဒပြသူများ၏ ကိုယ်စားလှယ်တစ်ဦးကို သွားခွင့်ပေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံရှိ အမေရိကန်စစ်စခန်းများကို လွှန်ခဲ့သော လေးနှစ်က ပိတ်ပစ်ခဲ့သည်။ စစ်စခန်းများဆိုင်ရာသုံ့ရက်ကြာ ညီလာခံကျင်းပပြီးနောက် ယခုကဲ့သို့ဆန္ဒပြခြင်းဖြစ်ပြီး မည်သည့်နိုင်ငံခြားတိုင်းပြည်မဆို အမေရိကန်စစ်စခန်းရှိခြင်းက ထိုအိမ်ရှင်နိုင်ငံကို စော်ကားခြင်းဖြစ်သည်၊ အမေရိကန်သည်တရားမျှတမှု မရှိသောစာချုပ်များကို အိမ်ရှင်နိုင်ငံအား အဓမ္မလက်ခံခိုင်းတတ်သည်။ အမေရိကန်စစ်စခန်း များသည် ပတ်ဝန်းကျင်ကို အန္တရာယ်ပေးပြီး အနီးအနားရှိ ပြည်သူများကိုလည်း မကျန်းမမာဖြစ်စေတတ်သည့် အဆိပ်သင့်စွန့်ပစ်ပစ္စည်းများကြောင့် အန္တရာယ်နှင့် ရင်ဆိုင်ရသူများအား လျော်ကြေး ပေးပြီး အမေရိကန်က တောင်းပန်သင့်သည် စသဖြင့် ဆန္ဒပြသူများက ပြောကြားသည်။

အခြားအဖြစ်အပျက်တစ်ခုတွင် အမေရိကန်သမ္မတကတော် ဟီလာရီကလင်တန်အားနိုဝင်ဘာလ ၂၅ ရက်နေ့က ရှုံ့ချဆန္ဒပြကြသော ဖိလစ်ပိုင်အုပ်စုတစ်စုကို ရဲအဖွဲ့ကလျှင်လျှင်မြန်မြန်လူစုခွဲလိုက်ရသည်။ အာရှဖစိဖိတ်ကုန်သွယ်ရေး ထိပ်သီးဆွေးနွေးပွဲသို့ ခင်ပွန်းသည်နှင့်အတူ လိုက်ပါလာသော ဟီလာရီသည် ဆန္ဒပြသောနေရာနှင့် ရပ်ကွက်နှစ်ခုသာ ခြားသော မနီလာဟိုတယ်တွင် မိန့်ခွန်း ပြောကြားရာ၌ ထိုသို့ ဆန္ဒပြကြခြင်း ဖြစ်သည်။

**စီးပွားရေး** – ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် အောက်တိုဘာလက ဒေါ်လာ ၇၄၃ သန်းရှိခဲ့ရာမှ နိုဝင်ဘာလတွင် ဒေါ်လာ ၁၀၀၄ သန်းအထိ မြင့်တက်လာခဲ့



ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာမြို့လယ်ခေါင် ရှုခင်း

ခြင်းမှာ ကြေးနန်းဆက်သွယ်ရေးနှင့် သယ်သူပို့ဆောင်ရေး ပစ္စည်းများကို ပြည်ပမှ ပိုမို ဝယ်ယူတင်သွင်းခြင်းကြောင့် ဖြစ်ကြောင်း အမျိုးသားစာရင်းအင်းရုံးက ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင်ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဂျပန်နှင့် အမေရိကန်တို့သည် ဖိလစ်ပိုင် နိုင်ငံသို့ကုန်ပစ္စည်းများ အများဆုံးတင်ပို့သော နိုင်ငံများ အဖြစ် ဆက်လက်တည်ရှိနေပြီး နိဝင်ဘာလတွင် ဂျပန်က ဒေါ်လာ ၅၃၄ သန်းနှင့် အမေရိကန်က ဒေါ်လာ ၁၀၀၄ သန်းဖိုး အသီးသီး တင်ပို့ခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံသည် အခြေခံ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်နေသော ပစ္စည်းအမြောက်အများ ဆက်လက်တင်သွင်းနေရန် လာမည့် နှစ်နှစ်သုံးနှစ်အထိ ကုန်သွယ်ရေးလိုငွေပြမှု ပိုမိုဆိုးဝါး လာလိမ့်မည်ဟု ဆိုသည်။

တစ်ချိန်က အမေရိကန်တို့၏ လေတပ်စခန်းဖြစ်သော ဖိလစ်ပိုင်နိုင်ငံဆူးဘစ်ဒေသသည် ယခုအခါ စီးပွားရေး ဒေသအဖြစ်မားမားမတ်မတ် ရပ်တည်နေပြီဖြစ်သည်။ အခွန်နှုန်းလျှော့ချမှု၊ သွင်းကုန်ခွန်ကင်းလွတ်မှု စသော မက်လုံးများကြောင့် ကုမ္ပဏီ ၈၀ ကျော်က အဆိုပါဒေသ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် စတင်နေပြီဖြစ်သည်။ ဆူးဘစ်ဒေသ၏ အောင်မြင်မှုစွမ်းဆောင်ရည်မှာသိသာ လှသည်။ ပို့ကုန်ပစ္စည်း တင်ပို့ရောင်းချမှုသည် ၁၉၉၄ ခုနှစ် တစ်နှစ်လုံး၌ ဒေါ်လာ ၁၉ ဒသမ ၂၆ သန်းရှိခဲ့ရာမှ ၁၉၉၅ ခုနှစ် ၁၁ လတာကာလအတွင်း ဒေါ်လာ ၁၂၇ သန်းအထိ တိုးတက်လာခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုမှာလည်း ၁၉၉၄ ခုနှစ်တွင် ဒေါ်လာ ၆၃၆ သန်း ရှိခဲ့ရာမှ ဒေါ်လာ ၉၇၅ သန်းအထိ တိုးတက်ခဲ့သည်။

စီးပွားရေး ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာသည်နှင့် အမျှ လူ ၄၅,၀၀၀ အလုပ်အကိုင် ရရှိခဲ့ကြသည်။ အချိန်ပြည့် အလုပ်အကိုင် ၂၀,၄၀၀ ရှိရာ အမေရိကန်စစ်စခန်းများ ရှိစဉ်က အမေရိကန်တို့ခန့်ထားခဲ့သော အချိန်ပြည့် အလုပ်သမားဦးရေထက် ပိုမိုနေသည်။ ဖိလစ်ပိုင်နိုင်ငံ သည် ဆူးဘစ်ဒေသအား 'အနာဂတ်ဟောင်ကောင်' ဖြစ်စေရန် ရည်မှန်းထားသည်။ စီးပွားရေးအရ ထွန်းပြောင် တိုးတက်လာသော ဆူးဘစ်ဒေသ၌ အဖွဲ့ဝင် (၁၈) နိုင်ငံ



အစိုးရနှင့် မူစလင်သူပုန်တို့ ငြိမ်းချမ်းရေးလက်မှတ်ထိုး ကြသည်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည့် ဖိလစ် ပိုင်ပြည်သူများ

ပါဝင်သော အာရှပစိဖိတ်အဖွဲ့(အေပက်) ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို နိုဝင်ဘာ လတွင် ကျင်းပခဲ့သည်။

၁၉၉၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ဖိလစ်ပိုင် ရင်းနှီးမြှုပ်နှံမှု အေဂျင်စီလေးခုတို့၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံရှိရာ တစ်နှစ်လုံးအတွက် အစိုးရက လျာထားသတ်မှတ်သော ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံ၏ ၂၈ ရာခိုင်နှုန်းဖြစ်သည်။ ခြောက်လတာ ကာလအတွင်း ဒေါ်လာ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသော စီမံကိန်း ၂၃၁ ခုကို မှတ်ပုံတင်ထားသော ရင်းနှီးမြှုပ်နှံရေး ဘုတ်အဖွဲ့ (ဘီအိုအိုင်)က ဩဂုတ်လ ၁၂ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ယခင်နှစ်က ရင်းနှီးမြှုပ်နှံမှုပမာဏသည် ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ ရှိခဲ့သည်။ ယခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံအတွင်းရှိ ပို့ကုန်ထုတ်လုပ် ရေး ဇုန်နှင့် အခြားစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၄၇၆ သန်းရှိသည်။ အမေရိကန်စစ်စခန်းဟောင်းများ ကဲ့သို့သော ဒေသများ၌ ရင်းနှီးမြှုပ်နှံမှုမှာ အကြီးအကျယ် မြင့်တက်ခဲ့သည်။ ဆူးဘစ်ပင်လယ်ကွေ့ မြို့ပြ ဒေသအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့သည် ယင်းဒေသ၌ ဒေါ်လာ ၂၅၅ သန်း ရင်းနှီးမြှုပ်နှံထားပြီး ကလပ် ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းသည် ကလပ်လေတပ် စခန်းဟောင်း၌ ဒေါ်လာ ၃၁၁ သန်း ရင်းနှီးမြှုပ်နှံထားသည်။

**ကာကွယ်ရေး** – ဖိလစ်ပိုင် လက်နက်ကိုင်တပ်များ ခေတ်မီရေး အစီအစဉ်အတွက် ဒေါ်လာ ၁၂ ဒသမ ၇၅ ဘီလီယံ ခွဲဝေသုံးစွဲရန် ဖိလစ်ပိုင်ကွန်ဂရက်၏ ဆုံးဖြတ်ချက်ကို သမ္မတရာမိုစ်က လက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် လက်နက်ကိုင်တပ်များ ခေတ်မီရေး ၁၅ နှစ် စီမံကိန်းကို ဖိလစ်ပိုင်နိုင်ငံက ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စတင်ခဲ့သည်။ ခေတ်မီတိုးတက်ရေး အစီအစဉ်က နိုင်ငံတော် ကာကွယ်ရေး လိုအပ်ချက်များဖြည့်ဆည်းရေးအတွက် ဖရီးဂိတ်စစ်သင်္ဘောများ၊ ဂျက်တိုက်လေယာဉ်များ၊ သံချပ်ကာကားများနှင့် လက်နက်များ ဝယ်ယူရန်ဖော်ပြထားသည်။ လောလောဆယ်တွင် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုခြင်း မရှိသေးပေ။ သို့ရာတွင် ကာကွယ်ရေးကိုယ်စားလှယ်အဖွဲ့ သုံးလေးဖွဲ့သည် အနောက်နိုင်ငံများသို့ လက်နက်ဝယ်ယူရန် သွားရောက်နေသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က အတည်ပြုထားသော ဆုံးဖြတ်ချက်တွင် ထိုခေတ်မီတိုးတက်ရေး အစီအစဉ်၏ ပထမငါးနှစ်အတွက် သုံးစွဲရန် ပီဆို ၅၀ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ) သီးသန့်ဖယ်ထား သည်။ အဆိုပါငွေမှ အချို့အဝက်ကို နိုင်ငံအနောက်ပိုင်းရှိ လက်ရှိစစ်စခန်းများကို ပြုပြင်ရန်နှင့် စစ်အခြေခံစခန်းသစ်များ ဖွင့်လှစ်ရေးတွင် သုံးစွဲမည် ဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

သင့်ဘာဝ – ဦးရဲလွင်



**ဘူရွန်ဒီနိုင်ငံ။** ။၁၉၉၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့က ဘူရွန်ဒီနိုင်ငံတွင်စစ်တပ်က အာဏာသိမ်းလိုက်ပြီး ဟူတူလူမျိုး သမ္မတဆဲဗက်ထရိနိဗန်တန်ဂန်ယာကို သမ္မတရာထူးမှ ဖယ်ရှားလိုက်သည်။ သမ္မတအဖြစ် ဗိုလ်မှူးပယ်ရီဘူရိုရာကို တင်မြှောက်ကြသည်။ ဗိုလ်မှူးပယ်ရီဘူရိုရာသည် စစ်တပ်က ယခင်အာဏာသိမ်းစဉ်က တာဝန်ယူခဲ့ဖူးသူဖြစ်သည်။ စစ်တပ်ကအာ ဏာသိမ်းယူပြီးနောက် ဘူရွန်ဒီနိုင်ငံ၏ အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။

ဤတွင် ဖြုတ်ချခံရသော အစိုးရအဖွဲ့ဝင်များနှင့် ဖျက်သိမ်းခံရသော လွှတ်တော်ကိုယ်စားလှယ်များက ရောမမြို့ရှိ ရိုမင်ကက်သလစ်ဘုန်းတော်ကြီးများထံ လက်ရှိအစိုးရအား အရေးယူပေးရန် တိုင်ကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ဘူရွန်ဒီအစိုးရအား တရားဝင်အသိအမှတ်ပြုရေးနှင့် စပ်လျဉ်း၍ အစီအစဉ် တစ်ရပ်ကို ရေးဆွဲတင်ပြခဲ့သည်။ ထိုအစီအစဉ် တွင်(က) ဖျက်သိမ်းထားသော လွှတ်တော်ကို ခြောက်လအတွင်း ပြန်ခေါ်ပေးရေးနှင့် (ခ) စစ်မက်ဖက်ပြိုင်နေသော ဟူတူနှင့် တွတ်ဆီမျိုးနွယ်များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပပေးရေးဆိုသည့် အချက်များ ပါရှိသည်။

အမေရိကန်က တင်ပြထားသည့် အစီအစဉ်ကို ရောမမြို့တွင် ဩဂုတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက ဆွေးနွေး



**စစ်ဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်ကြသည့် ဟူတူလူမျိုးစုများ**

ခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် အစိုးရဘက်မှ ကိုယ်စားလှယ်များ၊ ဟူတူလူမျိုးသူပုန်ခေါင်းဆောင် လီယို နတ်ညံဂိုမာတို့အပြင် အမေရိကန်သံအရာရှိဟောင်း ဝပ်ဝိုလ်ပီ၊ တန်ဇန်နီးယား နိုင်ငံ သမ္မတဟောင်း ဂျူလိယပ်စ်ညီရေးရေးနှင့် စိန့်အီဂီဒီယုရိုမင်ကက်သလစ်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့ကြသည်။

ဩဂုတ်လ ၃၁ ရက်နေ့က ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ဘူရွန်ဒီနိုင်ငံမှ အစိုးရတပ် များနှင့် သူပုန်များသည် ရက်ပေါင်း ၆၀ အတွင်းကြိုတင် သတ်မှတ်ချက်မပါပဲ ညှိနှိုင်းဆွေးနွေးကြရန်နှင့် ထိုကဲ့သို့ ဆွေးနွေးမှုမပြုလုပ်ကြပါက ဘူရွန်ဒီနိုင်ငံသို့ လက်နက်များ တင်ပို့ရောင်းချမှုကို ပိတ်ပင်တားမြစ် ရန် ဆွေးနွေးခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် ဘူရွန်ဒီနိုင်ငံမှ သံအမတ်ကြီး နန်ဇီတဲရင့်က ဘူရွန်ဒီနိုင်ငံအား အိမ်နီးချင်းနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြသည့်အတွက် နိုင်ငံ၏ စီးပွားရေးမှာ အလွန်ဆိုးရွားလျက်ရှိပါကြောင်း၊ အကယ်၍ လက်နက်တင်ပို့မှုကို ပိတ်ပင်တားမြစ်မည်ဆိုပါက အစိုးရစစ်တပ်ကို အကြီးအကျယ်ထိခိုက်စေမည်ဖြစ်ကြောင်း၊ ဟူတူသူပုန်များကမူ လက်နက်များကို ဇိုင်ယာနိုင်ငံမှ တစ်ဆင့် ခိုးသွင်းနေကြောင်းခုခံဆွေးနွေးခဲ့သည်။

ဘူရွန်ဒီနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသော တန်ဇန်နီးယား၊ ကင်မရွန်၊ အီသီယိုပီးယား၊ ကင်ညာ၊ ရဝမ်ဒါ၊ ယူဂန်ဒါ၊ ဇိုင်ယာနှင့် ဇမ်ဘီယာနိုင်ငံတို့က ဘူရွန်ဒီနိုင်ငံအား ဘူရွန်ဒီသမ္မတ ဘူရိုရာက အခြေခံဥပဒေအရ တင်မြှောက်ထားသောအစိုးရကို ပြန်လည်ဖွဲ့စည်းပေးချိန်အထိနှင့် ဟူတူသူပုန်များနှင့် ဆွေးနွေးမှုများ မပြုလုပ်မချင်း စီးပွားရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဩဂုတ်လ ၉ ရက်နေ့မှစ၍ အရေးယူဖြတ် တောက်ထားခဲ့ကြသည်။

စက်တင်ဘာ ၆ ရက်နေ့တွင် ဘူရွန်ဒီစစ်တပ်က မြို့တော် ဘူဂျမ်ဘူရာကို စီးမိုးထားသော တောင်ကုန်းများပေါ်၌ တပ်စွဲထားသည့် သူပုန်များကို တိုက်ခိုက်နိုင်ခဲ့ကြောင်း ကြေညာသည်။ လေ့လာသူတစ်ဦးကမူ ထိုတိုက်ပွဲတွင် အစိုးရတပ်များက အနိုင်ရရှိခဲ့သော်လည်း ကြာရှည်လေးမြင့်စွာ ထိန်းသိမ်းထားနိုင်မည့် အင်အားမရှိကြောင်း ထောက်ပြခဲ့သည်။

ထိုကဲ့သို့ တိုက်ပွဲများဖြစ်ပွားမှုကြောင့် လူပေါင်း ၃၀,၀၀၀ သည် စက်တင်ဘာလအတွင်း မြောက်ဘက်သို့ ထွက်ပြေးခဲ့ကြသည်။ ဘူရွန်ဒီနိုင်ငံတွင် ဟူတူနှင့် တွတ်ဆီလူမျိုးစုအချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှုများကြောင့်

လူပေါင်း ၁၅၀,၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ ဘူရွန်ဒီနိုင်ငံ၌ လူဦးရေ ၅.၆ သန်း ရှိသည့်အနက် ဟူတူလူမျိုးများက ၈၅ ရာခိုင်နှုန်း၊ တွတ်ဆီလူမျိုးများက ၁၄ ရာခိုင်နှုန်းနှင့် ကျန်လူမျိုးများက ၁ ရာခိုင်နှုန်း ရှိကြသည်။ သို့ရာတွင် ၁၉၆၂ ခုနှစ်က ဘဲလ်ဂျီယံနိုင်ငံ လက်အောက်မှ လွတ်လပ်ရေးရခဲ့သော ဘူရွန်ဒီနိုင်ငံစစ်တပ်တွင် လွတ်လပ်ရေးရချိန်မှစ၍ တွတ်ဆီလူမျိုးများကသာ လွှမ်းမိုးထားခဲ့လေသည်။

စက်တင်ဘာ ၂၉ ရက်နေ့ကမူ မေဂျာပယ်ရီဘူရိုရာက ဘူရွန်ဒီနိုင်ငံ၏ သမ္မတအဖြစ် တရားဝင်ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် သမ္မတဘူရိုရာက ဘူရွန်ဒီနိုင်ငံအား အိမ်နီးချင်းနိုင်ငံများက စီးပွားရေးအရ ပိတ်ဆို့ထားမှုကို ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ ထိုကဲ့သို့ ပိတ်ဆို့ထားမှုကြောင့် ပြည်ပမှ ဝယ်ယူတင်သွင်းရသော လောင်စာဆီများ မလုံမလောက်ဖြစ်လျက် ရှိသည်ဟု ဆိုသည်။

ဝန်ကြီးချုပ် ပါစကယ်ဖာမင်ဒီမီရာကလည်း စီးပွားရေး ပိတ်ဆို့ခံရမှုကြောင့် စက်မှုလုပ်ငန်းများကိုလည်းပတ်ရန် မဖြစ်နိုင်ဟု အကြောင်းပြကာ အလုပ်သမားအများအပြားကို စက်တင်ဘာ ၂၆ ရက်နေ့က အလုပ်မှ ထုတ်ပစ်ခဲ့သည်။

ဘူရွန်ဒီနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများအား ပြန်လည်သုံးသပ်သည့် အစည်းအဝေးတစ်ရပ်ကို ရဝမ်ဒါနိုင်ငံ၏မြို့တော် ကီဂါလီမြို့တွင် စက်တင်ဘာလ ၂၅ ရက်နေ့က ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးက သမ္မတဘူရိုရာသည် အမျိုးသားလွှတ်တော်ကို ပြန်လည်

နေရပ်သို့ပြန်မည့် ဇိုင်ယာနိုင်ငံ အရှေ့ပိုင်းဒုက္ခသည်စခန်းမှ ရဝမ်ဒါဒုက္ခသည်များ ထရပ်ကားတစ်စီးပေါ်သို့ အလုအယက် တက်နေစဉ်



ဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံရေးပါတီများအား တရားဝင် အသိအမှတ်ပြုခြင်းတို့ကို ပြုလုပ်ပေးခဲ့သည့်တိုင်အောင် သူပုန်အုပ်စုများနှင့် ဆွေးနွေးညှိနှိုင်းမှု မပြုလုပ်မချင်း စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဆာဒါကိုအိုဂါတာက ဇိုင်ယာနိုင်ငံ အရှေ့ပိုင်းတွင် လူသားများကပ်ဆိုက်တော့မည့် အနေအထားတွင် ရောက်ရှိနေကြောင်း၊ ထို့ကြောင့်ဒုက္ခသည်များအား သက်ဆိုင်ရာ နိုင်ငံများသို့ပြန်လည်စေလွှတ်သင့်ကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ သတိပေးစကားပြောကြား ခဲ့သည်။

သို့ရာတွင် ဇိုင်ယာနိုင်ငံ၌ အစိုးရတပ်များနှင့် တွတ်ဆီသူပုန်များ တိုက်ခိုက်နေမှုကြောင့် ဒုက္ခသည်၁.၁ သန်းအား ရဝမ်ဒါနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံများသို့ ပြန်လည်စေလွှတ်ရန် အခက်အခဲရှိမည်ဖြစ်ကြောင်း ဆာဒါကိုအိုဂါတာက ဝန်ခံပြောကြားခဲ့လေသည်။

အတွင်းရေးမှူးချုပ် ဘူးထရို့စ် ဘူးထရို့စ်ဂါလီကလည်း အပစ်အခတ်ရပ်စဲရေးကို ညှိနှိုင်းဆောင်ရွက်ပေးရန် အထူးကိုယ်စားလှယ်တစ်ဦးကိုစေလွှတ်ရန် ရည်ရွယ်ပါကြောင်း ထိုနည်းတူစွာပင် ထိုအကျပ်အတည်းကို ဖြေရှင်းရန် ဒေသဆိုင်ရာနှင့် အခြားနိုင်ငံများမှကိုယ်စားလှယ်များ ပါဝင်သည့် နိုင်ငံတကာဆွေးနွေးပွဲကြီးတစ်ရပ်ကို ကျင်းပသင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

အောက်တိုဘာလကုန်ပိုင်းက ဇိုင်ယာတပ်များနှင့် ဆန့်ကျင်ဘက် တွတ်ဆီသူပုန်တပ်များတို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဇိုင်ယာနိုင်ငံ အရှေ့ပိုင်း ဒုက္ခသည်စခန်းများရှိ ရဝမ်ဒါနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့မှ ဟူတူဒုက္ခသည်ပေါင်း ၂၂၀,၀၀၀ ခန့်သည် စခန်းများကို စွန့်ပစ်၍ထွက်ပြေးခဲ့ကြသည်။

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဇိုင်ယာနိုင်ငံက ဇိုင်ယာနိုင်ငံ အရှေ့ပိုင်း၌ အစာတော်မွတ်နေကြသော ဒုက္ခသည်များအတွက် အကူအညီအဖြစ် ပေးပို့နေသည့် ပစ္စည်းများကို မိမိတို့၏ဒုက္ခသည်များအား ပြန်ခေါ်ကြရန် အားပေးသည့်အနေနှင့် ဒုက္ခသည်များနှင့် သက်ဆိုင်နေသော ရဝမ်ဒါနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံများသို့သာ ပေးပို့သင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘူရွန်ဒီဝန်ကြီးချုပ် ပါစကယ်ဖာမင်ဒီမီရာက မိမိတို့၏ ဒုက္ခသည်များ ပြန်လာရေးကို အားပေးသင့်သည်ဆိုသော အချက်အား သဘောတူပါကြောင်း၊ သို့ရာတွင် မျိုးသုဉ်း၊ မျိုးတုံးအောင် သတ်ဖြတ်ခဲ့သော တရားခံများကိုမူ ခွဲခြားဖော်ထုတ်ပေးရမည်ဖြစ်ကြောင်း၊ ဇိုင်ယာနိုင်ငံ၌ ရောက်ရှိနေသော ဘူရွန်ဒီနိုင်ငံမှ ဒုက္ခသည်၁၅၀,၀၀၀ အား ဆောလျင်စွာ ပြန်လည်သယ်ဆောင်ရေးတွင်မူ အခက်အခဲရှိနိုင်ပါကြောင်း ဇိုင်ယာနိုင်ငံက ဘူရွန်ဒီနိုင်ငံအပေါ် ထားရှိသော သဘောထားနှင့် ပတ်သက်၍ ဘူရွန်ဒီနိုင်ငံအား စီးပွားရေးအရ ပိတ်ဆို့ထားသော နိုင်ငံများထဲတွင် ဇိုင်ယာနိုင်ငံလည်း ပါဝင်နေရာ ဘူရွန်ဒီနိုင်ငံအနေဖြင့်လည်း ဒုက္ခသည်များအား မည်သည့်နည်းဖြင့် ကယ်ဆယ်နိုင်ပါမည်နည်းဟု ရိုက်တာသတင်းထောက်နှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ သည်။

နိုဝင်ဘာလ ၂၁ ရက် နေ့တွင် ပါရီသို့ ရောက်ရှိနေသော ဘူရွန်ဒီဝန်ကြီးချုပ် ပါစကယ် ဖာမင်ဒီမီရာက ဘူရွန်ဒီနိုင်ငံကို ပြင်သစ်အစိုးရက အသိအမှတ်ပြုပြီးကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လွန်ခဲ့သော သြဂုတ်လက ဘူရွန်ဒီနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး လပ်ရူကင်ဂါမာကို ပါရီသို့စေလွှတ်ခဲ့စဉ်ကမူ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက လပ်ရူကင်ဂါမာ၏ လာရောက်မှုသည် ကိုယ်ရေးကိုယ်တာ လာရောက်မှုသာဖြစ်ကြောင်း သတ်မှတ်ခဲ့ပြီး တရားဝင် ဆွေးနွေးမှုများကို ခွင့်မပြုခဲ့ချေ။

ဘူရွန်ဒီနိုင်ငံတွင် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ဥရောပပါလီမန်က ဥရောပဘုံဈေးအဖွဲ့ဝင်နိုင်ငံများအား ဗိုလ်မှူးဘူရိုရာ၏ အစိုးရကို အသိအမှတ်မပြုကြရန် တိုက်တွန်းထားခဲ့သည်။

ဒီဇင်ဘာလ ၅ ရက်နေ့ကမူ တန်ဇန်နီးယားအစိုးရနှင့် ကုလသမဂ္ဂဒုက္ခသည်များ မဟာမင်းကြီးရုံးတို့က တန်ဇန်နီးယားနိုင်ငံထဲတွင် ကျန်ရှိနေသော ရဝမ်ဒါ ဒုက္ခသည် ၅၀၀,၀၀၀ ကျော်အား မိမိတို့၏ နေရပ်တို့ ပြန်ကြရန် ပြောကြားခဲ့သည်။တန်ဇန်နီးယား ဒုက္ခသည်အားလုံးသည် ဒီဇင်ဘာ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ထွက်ခွာသွားကြရန် ရက်သတ်မှတ် ပေးထားသည်။ တန်ဇန်နီးယားနိုင်ငံက ပြောကြားရာတွင် ရဝမ်ဒါနိုင်ငံမှ ဒုက္ခသည် ၆၀၀,၀၀၀ နှင့် ဘူရွန်ဒီနိုင်ငံမှ ဒုက္ခသည် ၈၀,၀၀၀ တို့သည် ဇိုင်ယာနိုင်ငံမှချောချောမောမော ပြန်လည်ထွက်ခွာသွားကြပြီ ဖြစ်သဖြင့်ရဝမ်ဒါဒုက္ခသည်များသည်လည်း မိမိတို့၏ဌာနေသို့ ချောချောမောမော ပြန်နိုင် ကြမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။


**မောင်မြင့်ကြွယ်**

**ဘော့စနီးယား – ဟာဇီဂိုဗီးနား အခြေအနေ။** ။ ဘော်လကန်ကျွန်းဆွယ်သို့ အော်တိုမန်အင်ပါယာ ဖြန့်ကြက်စဉ် ၁၄၆၃ ခုနှစ်တွင် ဘော့စနီးယားသည် အော်တိုမန်တူရကီနွယ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ ဆာရာယေဗိုသည် မြို့တော်ဖြစ်လာသည်။ ထိုအခါတွင် ဒေသခံများသည် တဖြည်းဖြည်း အစ္စလမ်ဘာသာသို့ ကူးပြောင်းကြကုန်သည်။ လယ်ယာသမားများသာလျှင် ခရစ်ယာန်အဖြစ် စွဲမြဲကျန်ခဲ့ကြသည်။

လယ်ယာမြေ ပြုပြင်မှုနှင့် ပတ်သက်၍ ဟာဇီဂိုဗီးနားတွင် လယ်ယာ တော်လှန်အုံကြွမှုဖြစ်ခဲ့ရာ ဘော်လကန်ကျွန်းဆွယ်တစ်ခုလုံး ပျံ့နှံ့ပြီး ၁၈၇၇ ခုနှစ်မှ ၁၈၇၈ ခုနှစ်အထိ ရုရှား – တူရကီစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။ ဘာလင်စာချုပ်အရ ဘော့စနီးယားနှင့် ဟာဇီဂို ဗီးနားကို ဩစတြီးယား – ဟန်ဂေရီသို့ လွှဲပြောင်းပေးအပ် ခဲ့သည်။ ထို့အတွက် မွတ်ဆလင်နှင့် ဩသိုဒေါက်ခရစ်ယာန်တို့ ၁၉၀၈ ခုနှစ်တွင် အုံကြွခဲ့ကြသည်။ ၁၉၁၄ ခုနှစ်တွင် ဩစတြီးယားမင်းသား ဖရန့်ဖာဒီနန်နှင့် ဇနီးကို ဘော့စနီးယားဆာဘ် ကျောင်းသားတစ်ဦးက ဆာရာယေဗိုမြို့တော်တွင် လုပ်ကြံလိုက်သည်။ ဤအခါ တွင် ပထမကမ္ဘာစစ်စတင် ပေါ်ပေါက်ခဲ့သည်။

ပထမကမ္ဘာစစ်အပြီးတွင် တောင်ပိုင်းနေ ဆလပ်တို့က ဆာဘ်၊ ကရိုအိတ်နှင့် ဆလိုဗင်းတို့၏ ဒေသတွင် ပူးပေါင်းကြကာ ၁၉၂၉ ခုနှစ်တွင် ယူဂိုဆလားဗီးယား (တောင်ပိုင်း ဆလပ်နိုင်ငံ ) ဟူ၍ ထူထောင်လိုက်သည်။ ဒုတိယကမ္ဘာစစ်တွင် ဤပေါင်းစည်းမှု ကွဲပြားကာ ကွန်မြူနစ်ဝါဒီဦးဆောင်သည့် ပါတီဆန်နှင့် ဆာဗီးယားသစ္စာတော်ခံ ချက်တနစ်တို့ကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့ပြင် နာဇီ၏ရုပ်သေးဖြစ်သည့် ခရိုအေးရှားပါဝင်လာပြန်လေရာ ယူဂိုဆလပ် ၁ ဒသမ ၇ သန်းကျော် သေဆုံးခဲ့ရသည်။

ပါတီဆန်ခေါင်းဆောင် တီးတိုးက စတာလင်၏ ကူပံ့မှုဖြင့် ယူဂိုဆလားဗီးယား ဆိုရှယ်လစ်နိုင်ငံ ထူထောင်လိုက်သည်။ အနောက်အုပ်စု၏ အားပေးကူညီ မှုဖြင့်



ဘော့စနီးယား ဆာဘ်ခေါင်းဆောင်
ရာဒိုဗန်ကာရာဒစ်

ယူဂိုဆလားဗီးယားသည် ကမ္ဘာ့ဘက်မလိုက်နိုင်ငံ များ၏ ခေါင်းဆောင် ဖြစ်လာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အရှေ့ဥရောပနှင့် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံကြီးပါ နိုင်ငံရေးအသွင်ပြောင်းကာ ကွဲပြားသွားခဲ့သည်။

**ယူဂိုဆလားဗီးယား –** ဘော်လကန်ကျွန်းဆွယ်နေ ဆလပ်လူမျိုးတို့သည် ဘာသာရေးအခြေခံဖြင့် ၁၉ ရာစုတွင် လူမျိုးကွဲကဲ့သို့ ဖြစ်တည်နေသည်။ ၂၀ ရာစုတွင်မှ မူလဘာသာရေး အခြေခံသာမက နိုင်ငံရေးရာ ၊ သဘောထားခံယူချက်ရေးရာတို့ပါ ကွဲပြားလာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီး ဂျိုးဇက်ဘရော့ တီးတိုးစုစည်းခဲ့သည့် ယူဂိုဆလားဗီးယားတွင် ပြည်နယ်ခြောက်ခု ပါဝင်နေသည်။ ၄င်းတို့မှာ ဆလိုဗေး နီးယား၊ ခရိုအေးရှား၊ ဘော့စနီးယား– ဟာဇီဂိုဗီးနား၊ ဆားဗီးယား၊ မွန်တီနီးဂရိုးနှင့် မက်ဆီဒိုနီးယားတို့ ဖြစ်ကြသည်။

**ဆလိုဗေးနီးယား –** ဆလိုဗေးနီးယားသည် ယူဂိုဆလားဗီးယား ပြည်ထောင်စုကြီးမှ ခွဲထွက်ရန် ၁၉၉၀ပြည့်နှစ်



ဒေါသထွက်နေသည့် ဆာဘ်တို့က မူစလင်များအား
သယ်ဆောင်သွားမည့် ဘတ်စ်ကားများကို တိုက်ခိုက်နေစဉ်

ဆာရာယေဗိုရှိ ဘောစနီးယား မူစလင်နှင့် ဆာဘ်တို့အား
ပိုင်းခြားထားသည့် ဒေသကို စောင့်ကြပ်နေသည့်
ပြင်သစ်စစ်သားတစ်ဦး



ဒီဇင်ဘာလတွင် မဲခွဲဆုံးဖြတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်ဇွန်လတွင် လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာခဲ့သည်။ ဆာဘ်များ ဦးဆောင်သည့် ယူဂိုဆလားဗီးယားတပ်များက ၁၀ ရက်ကြာ ဝန်းရံပြီး ဆုတ်ခွာသွားသဖြင့် ဆလိုဗေးနီးယားသည် စစ်ဒဏ်မှ ကင်းလွတ်ခဲ့သည်။

**ခရိုအေးရှား** – ခရိုအေးရှားက ယူဂိုဆလပ်ပြည်ထောင်စုမှ ၁၉၉၁ ခုနှစ်တွင် ခွဲထွက်လိုက်သည်။ ခရိုအေးရှားရှိ ဆာဘ်တို့အပေါ် သက်ညှာလိုသော ဘယ်လ်ဂရိတ်အစိုးရက စစ်တပ်ကိုသုံး၍ တုံ့ပြန်လိုက်သည်။ ခရိုအေးရှားရှိ ခွဲထွက်ရေးသမား ဆာဘ်တို့ကလည်း ယူဂိုဆလားဗီးယား စစ်တပ်၏ အကူအညီကို ရယူကာ ဆလိုဗေးနီးယား၏ နယ်မြေအချို့ကို သိမ်းလိုက်သည်။ အနောက်ဘက်ရှိ ခရိုအေးရှားဆာဘ်တို့က သူတို့၏ ကရာဂျီးနားပြည်နယ် အချုပ်အခြာ အာဏာပိုင် နယ်မြေအဖြစ် တည်ထောင်လိုက်ပြန်သည်။ ခရိုအက်တို့က ၁၉၉၅ ခုနှစ်တွင် ကရာဂျီးနားကို ပြန်လည်သိမ်းပိုက်သည်။ ဆလိုဗေးနီးယား အရှေ့ပိုင်းကို ကုလသမဂ္ဂတပ်များ သိမ်းပိုက်ထားပြီး ခရိုအေးရှားသို့ပြန်၍ အပ်နှင်းမည်ဖြစ်သည်။

**ဘောစ့နီးယား – ဟာဇီဂိုဗီးနား** – ပြည်တွင်းစစ်ပွဲမဖြစ်မီက လူဦးရေ ၄ ဒသမ ၃ သန်းရှိသော ဆလပ်တို့သည် အော်တိုမန် အင်ပါယာ လက်ထက်ကပင် အစ္စလမ်ဘာသာကိုးကွယ်ခဲ့သည့် မွတ်ဆလင်များ ဖြစ်ကြသည်။ ဘောစ့နီးယား ဟာဇီဂိုဗီးနားတွင် မွတ်ဆလင် ၄၄ ရာခိုင်နှုန်း ပါဝင်ပြီး ရိုမင်ကက်သလစ် ၁၇ ရာခိုင်နှုန်း၊ ဩသိုဒေါက်ခရစ်ယာန် ဘာသာဝင် ၃၁ ရာခိုင်နှုန်း ရှိကြသည်။

**ဆာဗီးယား** – ၁၉၈၀ ပြည့်နှစ်တွင် မာရှယ်တီးတိုးသေဆုံးပြီးနောက်ဆာဘ်အမျိုးသားများက မဟာဆာဗီးယား နိုင်ငံထူထောင်ရန် ဆန္ဒရှိခဲ့ကြသည်။ခရိုအက်လူမျိုးနွယ်ဖြစ်သည့်တီတိုးကဆာဘ်တို့၏ လွှမ်းမိုးလာမည့် အရေးကိုထိမ်းချုပ်လိုသည့်သဘောနှင့် ဆာဗီးယားသမ္မတနိုင်ငံအတွင်း ဗော့ဂျ်ဗိုဒီနာနှင့် ကိုဆိုဘိုနှင့် မိတိုဟီဂျာတို့ကိုထည့်သွင်းပေးခဲ့သည်။ မိတိုဟီဂျာတွင် အယ်လ်ဘေးနီးယားလူမျိုး ၉၀ ရာခိုင်နှုန်းပါဝင်ပြီး ဆာဘ်တို့၏လွှမ်းမိုးမှုကို ဆန့်ကျင်ခဲ့ကြသည်။

**မွန်တီနီးဂရိုး** – မွန်တီနီးဂရိုးသည် ဩသိုဒေါက်ခရစ်ယာန်များဖြစ်ကြပြီး ဆာဘ်လူမျိုးတို့နှင့် မျိုးနွယ်ကွဲပြားမှုသိပ်မရှိလှချေ။ ဆာဗီးယားနှင့်ပေါင်းကာ မူလယူဂိုဆလပ်နိုင်ငံ၏ လက်ကျန်အဖြစ် ရပ်တည်ခဲ့သည်။ တောင်ပေါ်နေလူမျိုးများ ဖြစ်ကြပြီး အော်တိုမန်အင်ပါယာကလည်း လျစ်လျူရှုခဲ့သဖြင့် ဘော်လကန်ကျွန်းဆွယ်တွင် လွတ်လပ်စွာ နေထိုင်ခဲ့ရသော ဒေသဖြစ်သည်။

**မက်ဆီဒိုးနီးယား** – မက်ဆီဒိုးနီးယားတွင် ကိုယ်ပိုင်ဘာသာစကားရှိပြီး အယ်လ်ဘေးနီယားလူမျိုးများနှင့် အတူနေထိုင်ခဲ့ကြသည်။ မက်ဆီဒိုးနီးယားက ယူဂိုဆလား ဗီးယားမှ ပဋိပက္ခမရှိဘဲ ကိုယ်ပိုင်သမ္မတနိုင်ငံ ထူထောင်လိုခြင်းသာရှိသည်။ တစ်ချိန်က မက်ဆီဒိုးနီးယားသည် ဆာဗီးယား၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီးတီးတိုး၏ ယူဂိုဆလားဗီးယားနိုင်ငံတွင် လွတ်လပ်သော နိုင်ငံတစ်ခု ဖြစ်ခဲ့ဖူးသည်။

အထက်တွင်ဖော်ပြခဲ့သည့်အချက်များသည် မူလယူဂိုဆလပ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ ပြည်နယ်ခြောက်ခုမှ လွတ်လပ်သောသမ္မတနိုင်ငံ ခြောက်နိုင်ငံဖြစ်ရေး လှုပ်ရှားမှု ဖြစ်သည်။ သို့သော် ဆာဗီးယားနှင့် မွန်တီနီးဂရိုးနိုင်ငံနှစ်ခုတို့ ပူးပေါင်းကာ မူလယူဂိုဆလပ်အဖြစ် နေထိုင်ကြသဖြင့် ယခုအခါအချုပ်အခြာအာဏာပိုင် ငါး နိုင်ငံအဖြစ် တည်ရှိနေပြီ ဖြစ်သည်။

ဘောစ့နီးယားဟာဇီဂိုဗီးနားသည် နာတာရှည်ရောဂါနှင့် တူနေပြီးအမေရိကန်ပြည်ထောင်စုနှင့်ဥရောပ အင်အားကြီး နိုင်ငံတည်းဟူသော သမားတော်ကြီးတို့၏ ကုသမှုကို ခံယူကာ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလက ဒေတန်ငြိမ်းချမ်းရေး သဘောတူညီချက်တည်းဟူသော ဆေးပြီးတို့ဖြင့် လေးနှစ်ကြာ စစ်ဒဏ်ကို ကုသခံဆဲဖြစ်သည်။

နိုင်ငံပေါင်း သုံးဆယ်မှ စစ်သည်အင်အားခြောက်သောင်း ပါဝင်သည့် နေတိုးဦးဆောင်သည့် အဖွဲ့သည် ဆာဘ်၊ ခရိုအက်နှင့် မွတ်ဆလင်ဘေးဒုက္ခအပေါင်းမှ လွတ်ငြိမ်းရန် ဖြန့်ကြက် နေရာယူထားကြသည်။

၁၉၉၁ ခုနှစ်က လူဦးရေ ၄ ဒသမ ၃ သန်းရှိသော ဘောစနီးယားတို့သည် နှစ်သိန်းသေဆုံးခဲ့ပြီး၊ နှစ်သိန်း

ကျော် ဒဏ်ရာရရှိခဲ့ကြသည်။ ဤအထဲတွင် ကလေးငယ် ငါးသောင်းပါသည်။ နှစ်သန်းခွဲသော ဘော့စနီးယား လူမျိုးများ နိုင်ငံကို စွန့်ခွာသွားကြကုန်သည်။

ဒေတန်ငြိမ်းချမ်းရေးသဘောတူညီချက်သည် ယာယီ ကုထုံးသာဖြစ်သည်။ ဆာဘ်နှင့် ခရိုအက်တို့အား မိမိတို့၏ မူရင်းဒေသရှိရာများသို့ ပြန်နိုင်ရန် ခွင့်ပြုထားသည့် ကြားကာလ ငြိမ်းချမ်းရေးသာဖြစ်သည်။ အချိန်မရွေးလည်း လက်နက်ပြန်လည်စွဲကိုင်၍ သွေးစွန်းသော စစ်ပွဲပြန်လည် ဖြစ်ပွားနိုင်သည်။

ယူဂိုဆလားဗီးယားနိုင်ငံကြီးပြိုကွဲသွားသောအခါ နိုင်ငံရေးသမားများက အမျိုးသားရေးတည်းဟူသော မီးတောက်ကို ယပ်ခတ်ပေးခဲ့သည်။ ဆာဘ်တို့က ယူဂို ဆလားဗီးယားတွင် လွှမ်းမိုးမှုကိုရယူရန် ကြိုးပမ်းသည်။ ယူဂို ဆလားဗီးယားနိုင်ငံဘဝကတည်းကပင် မြို့တော် ဖြစ်ခဲ့သည့် ဘဲလ်ဂရိတ်သည် ဆာဗီးယားထဲတွင် ရှိခဲ့သည်။ စစ်တပ်ကို လည်း ဆာဘ်လူမျိုးအများစုဖြင့် ဖွဲ့စည်း ထားသည်။

ဘော့စနီးယားကဆာဘ်နောက်လိုက်မည် ၊ သို့တည်း မဟုတ် မိမိဘဝကို မိမိ ထူထောင်မည်ဆိုသည်မှာ စောင့်ကြည့်ရန်သာ ဖြစ်သည်။ မြေလုနစနစ်ဖြင့် အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲလိုသော ဘော့စနီးယား ဆာဘ် ခေါင်းဆောင် ရာဒိုဗန်ကာရာဒစ်သည် ယခုအခါတွင် စစ်ခုံရုံးတွင် စီရင်ချက်ကိုစောင့်လင့်နေရပြီဖြစ်သည်။ ယူဂိုဆလား ဗီးယားနိုင်ငံ၏ အမည်အရိုက်အရာကို ဆာဗီးယားက ခံယူထားပြီဖြစ်ရာ အကယ်၍ ဘော့စနီးယား က လွတ်လပ်ရေး ကြေညာသည်နှင့် ဆာဗီးယား ခေါင်းဆောင် မီလိုဆီဗစ်က မီးထိုးပေးမည်ဖြစ်သည်။ ဆာဘ်လူမျိုး တစ်သန်းကျော်ကို ယူဂိုဆလားဗီးယားမှ မောင်းထုတ်မည် ဖြစ်သည်။ မဟာဆာဗီးယားနိုင်ငံတွင် ဆာဘ်များ ကြီး စိုးသော ဘော့စနီးယားနှင့် ခရိုအေးရှား တို့လည်း ပါဝင်ကြမည် ဖြစ်သည်။

ဘော့စနီးယားက လွပ်လပ်ရေးကြေညာလိုက်သည့် ၁၉၉၂ ခုနှစ်မှစ၍ ကာရာဒစ်အစိုးရတပ်များက ဆာရာ ယေဘိုသို့ဝင်၍ အလုံးအရင်းနှင့် တိုက်ခိုက်လေရာ မွတ်ဆလင်များနည်းတူ ဆာဘ်နှင့် ခရိုအက်များပါ နယ်မြေကို စွန့်ခွာပြေးကြရသည်။

ဘော့စနီးယားစစ်ပွဲသည် အကြောင်းရင်းရှာမရ သကဲ့သို့ ကုလသမဂ္ဂ၏လုပ်ဆောင်ချက်များကိုလည်း ဥပေက္ခာပြုထားသည်ကိုလည်း တွေ့ရသည်။ တောတောင် ထူထပ်သောဒေသမှ မြို့များရွာများ၏ ဖျက်ဆီးခံရမှုကို ကမ္ဘာက မသိလိုက်ကြရပေ။ ဘော့စနီးယားရှိ အိမ်ခြေ ခြောက်ဆယ်ရာခိုင်နှုန်း ပျက်စီးသွားကြသည်။ မြေယာ များ၌ မိုင်းများဖြင့် အပြည့်ချထားသဖြင့် မိုင်းထိ၍ ခြေပြတ်ကြသူများလည်း အများအပြားပင်ရှိသည်။

ကမ္ဘာ့ဘဏ်ကဘော့စနီးယားပြည်လည်ထူထောင်ရေး ကို စဉ်းစားကြရာ ဒေါ်လာသန်းပေါင်း ၅,၀၀၀ ကုန်ကျမည် ဖြစ်ပြီး သုံးနှစ်ကြာမှ မူလအခြေအနေသို့ ပြန်လည် ရောက်နိုင် သည်ဟု ခန့်မှန်းထားသည်။

**ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ။** ။ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ၏ သမိုင်းသည်ပါကစ္စတန်နိုင်ငံသမိုင်းနှင့် ဆက်စပ်လျက် ရှိသည်။ ပါကစ္စတန်နိုင်ငံသမိုင်းသည်လည်း အိန္ဒိယနိုင်ငံ သမိုင်းနှင့် ခွဲခြား၍မရနိုင်။ ဘူမိပထဝီဝင် သဘောအရ အိန္ဒိယကိုတိုက်ငယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ ကြသည်။ ရှည်လျား လွန်းလှသောသမိုင်းနောက်ခံရှိပြီး ဟိန္ဒူ ဘာသာနှင့် ဗုဒ္ဓဘာသာတို့ အခြေပြုရာအရပ်လည်း ဖြစ် သည်။ ဗြိတိသျှလက်အောက်ကို ကျရောက်ခဲ့သော အိန္ဒိယ တိုက်ငယ်ကို ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးပေး ခဲ့သည်။ ဤအခါတွင် မွတ်ဆလင်ဘာသာဝင် အများစုရှိရာ ဒေသ ဝန်းကျင်နှင့်ဟိန္ဒူဘာသာဝင် အများစုရှိရာ ဒေသ ဝန်းကျင်ကို အဓိကထား၍အိန္ဒိယ တိုက်ငယ်ကိုသုံးခု ပိုင်းခြား လိုက်သည်။ မွတ်ဆလင် ဘာသာဝင် အများစုရှိရာ ဒေသများကို အနောက်ပါကစ္စတန် နှင့်အရှေ့ပါကစ္စတန် ဟူ၍ ပိုင်းခြားလိုက်သည်။ ဟိန္ဒူ အများစုနေထိုင်ရာကိုမူ အိန္ဒိယနိုင်ငံဟူ၍ ခေါ်ဝေါ်ခဲ့ကြ သည်။ အရှေ့ ပါကစ္စတန် နှင့် အနောက်ပါကစ္စတန်တို့ ကြားတွင်အိန္ဒိယနိုင်ငံကြီး တစ်ခုလုံး ခြားလျက် တည်ရှိသည်။

၁၉၇၁ခုနှစ်၊ ဒီဇင်ဘာလတွင် အနောက်ပါကစ္စတန်က သီးခြားခွဲထွက်လိုသောအရှေ့ပါကစ္စတန်ကို စစ်တပ်သုံး၍ နှိမ်နင်းသည်။ ဤအခါတွင် အိန္ဒိယနိုင်ငံက အရှေ့ ပါကစ္စတန်ဘက်က ပါဝင်ကူညီတိုက်ခိုက်လေရာအရှေ့



မုန်တိုင်းဒဏ်ကို မကြာခဏခံရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏
မြင်ကွင်းတစ်ခု

ဆန္ဒပြမှုများ၊ ရုန်းရင်းဆန်ခတ် ဖြစ်မှုများမှာ
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာခဏဆိုသလို ဖြစ်လေ့ရှိသည်





ရွေးကောက်ပွဲတွင်အောင်ပွဲခံပြီး ဝန်ကြီးချုပ်ဖြစ်လာသည့်
ရှိတ်ဟာဆီနာ ဝါဇက်

ပါကစ္စတန်ဘက်ကအောင်ပွဲရပြီး သီးခြားလွတ်လပ်သော နိုင်ငံသစ်တစ်ခုဖြစ်ပေါ်လာခဲ့၏။ ဤအခါတွင် အရှေ့ပါကစ္စတန်ဟူသောအမည်ဟောင်းကို စွန့်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ပထမဦးဆုံးသော ဝန်ကြီးချုပ်မှာ ရှိတ်မူဂျီဘူရာမန်ဖြစ်သည်။ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရှိတ်မူဂျီဘူရာမန်မိသားစုကို သေနတ်သမား များက ဝင်ရောက်ပစ်ခတ်သတ်ဖြတ်သွားကြသည်။ ဤတွင် ရှိတ်ဟာဆီနာဝါဇက်ဟူသော သမီးတစ်ဦးတည်းသာ ဂျာမနီနိုင်ငံသို့ အလည်သွားနေသောကြောင့် အသက်ဘေးမှ ကင်းလွတ်သွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏သမ္မတ ဇီယာရာမန်သည်လည်း ၁၉၈၁ ခုနှစ်တွင်လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရရှာလေသည်။ သူ၏ဇနီးသည် ခါလီဒါဇီယာသည် သာလျှင် မုဆိုးမအဖြစ်ကျန်ရစ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၂–စာ၊ ၂၅၃–ရှု။)

၁၉၈ဝ ပြည့်နှစ်နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ် ရှိတ်မူဂျီဘူရာမန်၏ သမီးဖြစ်သူ ရှိတ်ဟာဆီနာဝါဇက်နှင့်ကွယ်လွန်သူသမ္မတ ဇီယာရာမန်၏ဇနီး ခါလီဒါဇီယာတို့ပူးပေါင်းမိသွားကြသည်။ ရှိတ်ဟာဆီနာဝါဇက်နှင့်ခါလီဒါဇီယာတို့နှစ်ဦးလက်တွဲကာ ဟူစိန်မိုဟမ္မက်အာရှတ်၏ကိုးနှစ်ကြာ အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမှုကို အဆုံးသတ်ရန်ကြိုးပမ်းခဲ့ကြသည်။ ဤအမျိုးသမီးနှစ်ဦး၏ တက်ညီလက်ညီလက်တွဲကာ နှစ်နှစ်တာမျှ ဆန္ဒပြမှုများ၊ သပိတ်တိုက်ပွဲများ ဆင်နွှဲစေခဲ့ရာ မိုဟမ္မက်အာရှတ်ရာထူးမှ ပြုတ်ကျသွားခဲ့ရလေသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂–စာ၊ ၂၅ဝ၊ ၂၅၁–ရှု။)

မိုဟမ္မက်အာရှတ်ပြုတ်ကျအောင်အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြသော အမျိုးသမီးနှစ်ဦးသည် နိုင်ငံတော်အာဏာ ရရှိရေးအတွက်ခါးသီးသော ပြိုင်ဘက်များအဖြစ်သို့ ကူးပြောင်းသွားတော့သည်။ ခါလီဒါဇီယာက ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီကို ထူထောင်သည်။ ရှိတ်ဟာဆီနာ ဝါဇက်ကသူ့ဖခင်၏ပါတီဖြစ်သည့် အဝါမီလိဂ်ပါတီတွင် ဦးဆောင်သည်။ ဤသို့ဝန်ကြီးချုပ်ရာထူးအပြိုင်နွှဲကြရာ ခါလီဒါဇီယာက ဝန်ကြီးချုပ်အဖြစ်အရွေးခံလိုက်ရသည်။ ထိုအခါ ခါလီဒါဇီယာ က ပြိုင်ဘက်ပါတီများကို ညွန့်ပေါင်းဖွဲ့စည်းရန် စည်းရုံးသည်။ သို့သော်ရှိတ်ဟာဆီနာက လက်မခံ။ ရှိတ်ဟာဆီနာက ဆန့်ကျင်ဆန္ဒပြပွဲများကျင်းပစေကာ ခါလီဒါဇီယာ၏ အစိုးရအဖွဲ့ကို အင်အားချိနဲ့စေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဆန်စပါးဈေးနှုန်းမြင့် တက်မှုနှင့် ဓာတ်မြေဩဇာပြတ်လပ်မှုများ ကြုံလာရသည်။ ဤသို့ နိုင်ငံ၏ စီးပွားရေးအလားအလာများ ဖရိုဖရဲ ဖြစ်ချိန်တွင် ရှိတ်ဟာဆီနာက ခါလီဒါဇီယာအား ဝန်ကြီးချုပ်



ခါလီဒါဇီယာအား ကန့်ကွက်သည့် ဆန္ဒပြပွဲ မြင်ကွင်းတစ်ခု



ခါလီဒါဇီယာ

ရာထူးမှစွန့်လွှတ်ရန် တောင်းဆိုတော့သည်။ အထွေထွေ ရွေးကောက်ပွဲကျင်းပချိန်မတိုင်မီ ကြားကာလတွင် အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့ပြီး နိုင်ငံ့တာဝန်တို့ကို အိမ်စောင့် အစိုးရသို့ လွှဲခဲ့ရန်တောင်းဆိုသည်။ ဤတောင်းဆိုမှုမျိုးမှာ ၁၉၉၀ ပြည့်နှစ်က မိုဟမ္မက်အာရှတ်ကို ရာထူးမှ စွန့်လွှတ်ဖို့ တောင်းဆိုရာတွင် ခါလီဒါကိုယ်တိုင် သုံးစွဲခဲ့သော နည်းလမ်း ဖြစ်သည်။ ယခုခါလီဒါဇီယာ၏အလှည့်သို့ ရောက်ပြီ ဖြစ်သည်။

၁၉၉၆ ခုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲတွင် ပြိုင်ဘက်ပါတီများ ပဋိပက္ခ ကြီးမားခဲ့သည်။ လူ ၁၀၀ ကျော်သေဆုံးခဲ့သည်။ ခါလီဒါက ၉၉ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။ သို့သော်ခါလီဒါဇီယာ၏ သက်တမ်းမှာ လပိုင်းသို့ မတာရှည်ခဲ့ချေ။ ၁၉၉၆ ခုနှစ်၊ မတ်လ ကုန်ပိုင်းတွင် ခါလီဒါဇီယာက သူ၏ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီဝင်တို့အား သူသည်ဝန်ကြီးချုပ်မဟုတ် တော့ကြောင်း၊ အိမ်စောင့်အစိုးရက တာဝန်ယူပြီ ဖြစ်ကြောင်းဖြင့် ကြေညာသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံရေးမတည်ငြိမ်မှု လွန်စွာများပြားသော နိုင်ငံဖြစ်သည်။ ၁၉၇၁ ခုနှစ် ဘင်္ဂလား ဒေ့ရှ်နိုင်ငံဟူ၍ ပေါ်ချိန်မှစ၍ အာဏာသိမ်းမှု သုံးကြိမ်၊ စစ်တပ်က ယာယီထိန်းသိမ်းမှု ၁၈ ကြိမ်ကြုံခဲ့ရသည်။

၁၉၉၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲပြန်လည် ကျင်းပမည် ဖြစ်၍ အိမ်စောင့် အစိုးရက တာဝန်ယူထားသည်။ ခါလီဒါဇီယာက ကာကွယ်ရေးဝန်ကြီးရာထူးကို သမ္မတ အဗ္ဗဒူရာမန်အစ္စဝပ် သို့ လွှဲလိုက်သည်။

အသက် ၇၀ ရှိပြီဖြစ်သည့် သမ္မတအစ္စဝပ်သည် ရှိတ် ဟာဆီနာဘက်သို့ ယိမ်းသည်ဟု ယူဆသည့် တပ်မတော် အကြီးအကဲ နှစ်ဦးကို ရာထူးမှ ရုပ်သိမ်းလိုက်သည်။ ဤအထဲတွင် ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်မြောက် ရေးတိုက်ပွဲတွင်ပါဝင်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီး မိုဟမ္မက် နာဆင်းလည်းပါသည်။ နာဆင်း၏တပ်များက ပုန်ကန်ရန် ကြိုးပမ်းသဖြင့် ပြည်တွင်းစစ်အသွင် ရောက်လုလု ဖြစ်သွား ခဲ့လေသည်။



ဒက္ကာမြို့ရှိ အစိုးရအသံလွှင့်ဌာနကို စောင့်ကြပ်နေသည့် လုံခြုံရေး တပ်ဖွဲ့များ

၁၉၉၆ ခုနှစ် ဇွန်လအထွေထွေ ရွေးကောက်ပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန္ဒမဲ ပေးခွင့်ရှိသူပေါင်း၏ ၇၃ ရာခိုင်နှုန်း ပါဝင်မဲပေးကြခြင်းဖြင့် အောင်မြင်သော ရွေးကောက်ပွဲကြီး ဖြစ်ခဲ့သည်။ ဤပွဲတွင် ခါလီဒါဇီယာမှာ နာလန်မထူရှာတော့ပေ။ ဆန့်ကျင်ဘက်ပါတီမှ ရှိတ်ဟာဆီ နာဝါဇက်၏ အဝါမီလိဂ်ပါတီက အောင်ပွဲခံသွားသည်။ သို့သော်အမတ်နေရာ ၃၀၀ ရှိသည့်အနက် ရှိတ်ဟာဆီ နာဝါဇက်က ၁၃၃ နေရာသာ ရှိသည်။ ရှိတ်ဟာဆီနာက အများပြည်သူ၏ ဆန္ဒနှင့်အညီ အုပ်ချုပ်ပါမည်ဟု ကတိ ပြုသည်။

ဖခင်ကြီးရှိတ်မူဂျီဘူရာမန်၏ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ အာဏာသည် သမီးဖြစ်သူ ရှိတ်ဟာဆီနာဝါဇက်၏ လက်တွင်း သို့ရောက်လာပြီဖြစ်သည်။ ၁၉၇၅ ခုနှစ်က ရှိတ်မူဂျီဘူရာမန်ကို လုပ်ကြံရာတွင် စစ်ဘက်မှ ၁၄ ဦး ပါဝင်ခဲ့သည်။ ထို၁၄ ဦးတို့အား လူစုခွဲသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမှုထမ်းစေကာ နိုင်ငံ အတော်များများသို့ ဖြန့်လွှတ်ထားခဲ့သည်။ ဤသူများကို ရှိတ်ဟာဇီနာဝါဇက်က ပြန်လည်ခေါ်ယူမည်ဖြစ်သည်။ တရားဥပဒေကို ရင်ဆိုင်စေရန်စီမံထားသည်။

တက္ကသိုလ် လုကြွယ်

## ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ။

လောကသုံးပါး၌ အမြတ်ဆုံးသော ဘုရား၊တရား၊ သံဃာရတနာ မြတ်သုံးပါးအပေါ်တွင် ကြည်ညိုသော စိတ်ထားဖြင့် များမြတ်သောပစ္စည်းလေးပါးတို့ကိုလှူဒါန်းမှု၊ ကြီးကျယ်မြင့်မြတ်သော ပူဇော်သက္ကာရပြုမှုများကို ဆည်းပူးအားထုတ်ကြကုန်သော စေတနာနှင့် သဒ္ဓါရှင်ပုဂ္ဂိုလ်အပေါင်းတို့အား နေ့စဉ်နေ့တိုင်း ကြီးကျယ် မြင့်မြတ်သော ကုသိုလ်တရားသည် ဆက်ကာဆက်ကာ တိုးပွားသည်။ ထိုတိုးပွားလာသော ကောင်းမှုကုသိုလ်များ၏ စွမ်းအားကြောင့် စေတနာရှင်၊ သဒ္ဓါရှင်ပုဂ္ဂိုလ်အပေါင်းတို့တွင် အသက်ရှည်စွာနေရမှု၊ ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံရမှု၊ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာနေရမှု ကိုယ်အားဉာဏ်အားကြီးထွားမှု အကျိုးတရားများ အစဉ်တိုးပွားသည်။

ထိုသဘောတရားကို ဆင်ခြင်ကာ အံ့ဖွယ်ရှစ်ဖြာ ပြည့်စုံစွာသော သာသနာတော်မြတ်ကြီးကိုကြည်ညိုသော စိတ်ထားဖြင့် မြတ်နိုးကော်ရော် ချီးမြှောက် ပူဇော်ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ရှေးရှေးသော သူတော်ကောင်းတို့ ပြုကျင့်အပ်သည့် အစဉ်အလာထုံးကို နှလုံးသွင်းလျက် လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တဖြစ်တော်မူကြပြီး ပြည်တွင်းပြည်ပ နှစ်ဌာနတို့တွင် သာသနာပြုလျက်ရှိတော်မူကြသော ဆရာတော်၊ သံဃာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်နှစ်တိုင်း ဆက်ကပ်လှူဒါန်းခြင်းဖြင့် ချီးမြှောက် ပူဇော်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၃၅၇ ခုနှစ် ပြာသိုလပြည့်၊ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁/၉၆) အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံတော်မူကြရသည့် ဆရာတော်၊ သံဃာတော်များနှင့် ကပ်လှူပေးအပ်ခြင်းခံကြရသည့် သီလရှင်များ၊ လူပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| (၁) | အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရဆရာတော် | ၁ ပါး |
| (၂) | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁ ပါး |
| (၃) | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၆ ပါး |
| (၄) | သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၉ ပါး |
| (၅) | ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၃ ပါး |
| (၆) | ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၇ ပါး |
| (၇) | စာချဘွဲ့တံဆိပ်တော်ရဆရာတော် | ၃၄ ပါး |
| (၈) | စာချဘွဲ့တံဆိပ်တော်ရသီလရှင် | ၈ ပါး |
| (၉) | သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ဦး |
| (၁၀) | သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၄ ဦး |
| (၁၁) | သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသမီး | ၃ဦး |

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် (၉၉) ဦး တို့ ဖြစ်ပါသည်။

၁၉၉၆ ခုနှစ်၌ ဘွဲ့တံဆိပ်တော် အသီးသီး ဆက်ကပ်လှူဒါန်းခြင်း ခံတော်မူကြရသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များအနက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး အချို့၏ ထေရုပ္ပတ္တိများကို ဖော်ပြပါသည်။

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ**
**စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုး၊ ပထမဂန္ဓာရုံကျောင်းတိုက်**

**ဆရာတော် ဘဒ္ဒန္တသုပညိန္ဒာဘိဝံသ**

(သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ)

**ဖွားမြင်တော်မူခြင်း**

ဆရာတော် ဘဒ္ဒန္တသုပညိန္ဒာဘိဝံသကို စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ သခွပ်တောရွာတွင် ခမည်းတော်ဦးပု၊

မယ်တော် ဒေါ်မှိုတို့က ၁၂၇၅ ခုနှစ် ဝါခေါင်လဆန်း (၁၄) ရက် သောကြာနေ့၌ မီးရှူးသန့်စင် ဖွားမြင်သည်။

## ရှင် , ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၃ ခုနှစ် ၈ နှစ်သားအရွယ်၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် သခွပ်တောရွာ၊ ရွာအရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလ (မဟာဗိုလ်ဂိုဏ်း၊ဝိနည်းဓိုရ်)ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ သို့ရာတွင် အသက်ငယ်သဖြင့် ဥပဇ္ဈာယ်ဆရာတော်ကြီးက ကျောင်းသားအသွင်ဖြင့်သာ နေစေခဲ့သည်။

၁၂၈၆ ခုနှစ် ၁၁ နှစ်သားအရွယ် ရောက်သောအခါ အဘိုးအဘွားများဖြစ်ကြသော ကျောင်းဒါယကာကြီး ဦးငွေရောင်၊ ကျောင်းဒါယိကာမကြီးဒေါ်ကျမ်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မူလဥပဇ္ဈာယ်ဆရာတော်ကြီးက ရှင်သာမဏေအဖြစ် ခွင့်ပြုတော်မူခဲ့သည်။ ဘွဲ့တော်မှာ "ရှင် သုပညိန္ဒ" ဖြစ်သည်။

၁၂၉၄ ခုနှစ် တပေါင်းလပြည့်ကျော် (၅) ရက်၌ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် သခွပ်တောရွာ မြောက်တောရကျောင်း ခဏ္ဍသိမ်တော်၌ သခွပ်တောရွာ မြောက်တောရကျောင်း ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူပါသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်၊ သခွပ်တောရွာ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ (မဟာဗိုလ်ဂိုဏ်း၊ ဝိနည်းဓိုရ်) ဆရာတော် ကြီးထံ သင်ရိုးအခြေခံ ကျမ်းစာများကို စတင်၍ သင်ကြားခဲ့ပြီး ရှစ်နှစ်သားအရွယ်သို့ ရောက်သောအခါ ဝက်လက်မြို့ ဘုရားကြီး ကျောင်းတိုက်ကို စတင်တည်ထောင်တော်မူသော ဘကြီးတော် ဘဒ္ဒန္တဇယန္တထံတော်၌ ကစ္စည်းကျမ်းကို ဆက်လက်သင်ယူခဲ့သည်။

၁၁ နှစ်သားအရွယ်သို့ရောက်သောအခါ ရှင်သာမဏေပြု၍ သခွပ်တောရွာ မြောက်တောရကျောင်း၊ ဘထွေးတော် ဘဒ္ဒန္တအာစိဏ္ဏထံတွင် သဒ္ဒါ၊အဘိဓမ္မာ စသော ကျမ်းပေါင်းများစွာတို့ကို နည်းခံသင်ယူခဲ့သည်။ ရဟန်းဖြစ် ပြီးသည့်နှစ်မှာပင် ဝိနည်းပါဠိတော်ငါးကျမ်းကို သင်ကြားလျက် ဝိနည်း ငယ်လေးစောင်ကို ဝက်လက်မြို့ စာပြန်ပွဲ၌ ပြန်ဆိုခဲ့ပါသည်။

ထိုနောက် ရွှေဘိုမြို့နယ် ရွှေခွန်ရွာ အတိသုခ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသံဝရ မန္တလေးမြို့ မဟာဝေယံဘုံသာတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)။ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ (အဂ္ဂမဟာပဏ္ဍိတ) မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တကေလာသ၊ အဘိဓမ္မာနယူပဒေသ ကျောင်း ဆရာတော် ဘဒ္ဒန္တပညာ၊ ခင်မကန်တိုက် စံကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)၊ ညောင်ရမ်းဆရာတော်ကြီး (အဘိဓဇမဟာရဋ္ဌဂုရု)၊ ချမ်းသာကြီးတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒမဥ္ဇူ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် နယားကျောင်း ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ တောင်သမန်တိုက် ဆရာတော် ဘဒ္ဒန္တကေသဝါဘိဝံသ၊ စစ်ကိုင်းတောင်ရိုး ပထမ ဂန္ဓာရုံဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ အမရပူရမြို့ တူးမောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ စစ်ကိုင်း တောင်ရိုး ရေဦးတိုက်သစ် ဇေယျသိန်ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသစသော စာချအကျော် ဆရာတော်များထံ ၌ ပါဠိတော် အဋ္ဌကထာ၊ ဋီကာ နေ့ဝါ ညဝါ ကျမ်းများစွာ တို့ကို ပါရဂူရောက် တတ်မြောက်အောင် သင်ယူခဲ့သည်။

## စာမေးပွဲများအောင်မြင်တော်မူခြင်း

ဆရာတော်သည် စာပေပရိယတ္တိကို သင်ကြားဆည်းပူးတော်မူယင်း စာမေးပွဲအသီးသီးကို ဝင်ရောက်ဖြေဆိုခဲ့ရာ အောက်ပါစာမေးပွဲတို့ကို ကောင်းစွာ အောင်မြင်တော်မူခဲ့သည်။

၁၂၉၇-ခုနှစ် အစိုးရပထမငယ်တန်း၊

၁၂၉၉-ခုနှစ် အစိုးရပထမလတ်တန်း၊

၁၃၀၁–ခုနှစ်၊ ပရိယတ္တိသာသနဟိတ (သကျသီဟ) စာသင်တန်း၊

၁၃၀၅–ခုနှစ်၊ အစိုးရပထမကြီးတန်း

၁၃၁၀–ခုနှစ်၊ အစိုးရဓမ္မာစရိယ (စာချ) တန်း၊ (ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူး ၆ ကျမ်း)

၁၃၁၁ –ခုနှစ် ပရိယတ္တိသာသနဟိတ (သကျသီဟ) စာချတန်း

ထို့ပြင် ၁၃၀၅ ခုနှစ် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ကြီးမှူးကျင်းပသော ဝိနည်းငါးကျမ်းစာမေးပွဲကို ဖြေဆို အောင်မြင်တော်မူခဲ့သဖြင့် အရှင်သုပညိန္ဒာဘိဝံသ မဟာဝိနယ ပရိယတ္တိဝိသာရဒ၊ ဝိနယအကျော်ဟူသော ဘွဲ့တံဆိပ်တော်မြတ်ကိုလည်း အလှူခံရရှိတော်မူခဲ့သည်။

**စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း**

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ကျောင်းတိုက်တွင် စာသင်သား သံဃာ တော်များအား အစိုးရငယ်၊လတ်၊ ကြီး စာချတန်းဆိုင်ရာ စာဝါများ၊ ပါဠိတော် အဋ္ဌကထာ၊ဋီကာများ ကို နေ့ညမပြတ် ပို့ချ တော်မူလျက်ရှိသည်။

ဆရာတော်သည် ပိဋကတ်စာပေအရာတွင် တတ်မြောက်လိမ္မာသည့်အလျောက် စာပေကျမ်းဂန် သင်ကြားပေးရာ၌ ထူးချွန်တော်မူရာ စာပေတတ်မြောက် ထင်ရှားသော တပည့်ကြီးများ ပေါ်ထွန်းခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည်၁၃၀၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံကျောင်းတိုက်၏ ပဓာနနာယကအဖြစ် ဆောင်ရွက်တော်မူပြီး (ကစ္စာယနသုတ္တတ္ထ ဆိုရိုးကျမ်းနှင့် ကစ္စာယနသင်္ခေပတ္ထကျမ်းတို့ကို နှစ်ပေါင်း (၃၀) တိုင် ဝစနာမဂ္ဂအနေဖြင့် ရေးသားပို့ချ သင်ပြပေးခဲ့သည်။

စစ်ကိုင်းတောင်ရိုး (ရွှေကျင်ဂိုဏ်း) စုပေါင်းပါဠိ တက္ကသိုလ်ကိုယ်စားလှယ်နှင့် သီးခြားပါဠိ တက္ကသိုလ် ကျောင်းအုပ် ကိုယ်စားလှယ်၊ ဓမ္မာစရိယနှင့် ပါဠိမြန်မာ ဂုဏ်ထူးဆောင် ကျမ်းများအတွက် ပုစ္ဆကအဖြစ် ဆောင်ရွက် တော် မူခဲ့သည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့ဦးသျှောင်ဆရာတော်များ ရွေးချယ်ရာတွင် ရွှေကျင်ဂိုဏ်းကြီးမှ ဆရာတော်ငါးပါးတို့တွင် တစ်ပါး အပါအဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး သာသနာဝင်လက်မှတ် ဆက်ကပ်ရေးအဖွဲ့ငယ်၌လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ရွှေကျင်ဂိုဏ်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ် သံဃာ့အစည်းအဝေးပွဲအတွက် စစ်ကိုင်းတိုင်း အတွင်း ရွှေကျင်ဂိုဏ်းဆိုင်ရာ ဖွဲ့စည်းရေးတာဝန်ခံ (၅)ပါးတွင် တစ်ပါးအပါအဝင်အဖြစ်၊ တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် စသော သာသနာ့တာဝန်များကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ဓမ္မာစရိယ ပါဠိပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့၌ ၂၆ နှစ်တိုင်တိုင် အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၄၅ ခုနှစ်တွင် ကမ္ဘာအေး အပရဂေါယာန ကျောင်းဆောင်၌ (ခြောက်) လ သီတင်းသုံး တော်မူလျက် ပရိယတ္တိပညာရေး မွမ်းမံသင်တန်း၊ ဂဏဝါစကအရှင်မြတ်များတို့အား ကော်မတီဝင် တစ်ပါး အဖြစ် တာဝန်ယူ၍ အထောက်အကူပြုပေးတော်မူခဲ့သည်။

စစ်ကိုင်းတောင်ရိုးသီတဂူပဓာန နာယက အရှင်ဉာဏိဿရ၏ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူရေစက်အသင်း၊ အာယုဒါနဆေးရုံ ဩဝါဒါစရိယ၊ မနပါလက ဥက္ကဋ္ဌ၊ အရှင်လက္ခဏ၏ဝါးချက် ဇီဝိတဒါနဆေးရုံ ဩဝါဒါစရိယ၊ မူလဓမ္မဒီပရေစက်အသင်း ဩဝါဒါစရိယ အဖြစ်လည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပထမဂန္ဓာရုံကျောင်း၊ မင်္ဂလာသီရိမ်ကျောင်း၊ ဇေယျာ သီရိမ် ကျောင်း၊ မြစကြာကျောင်း ဤကျောင်းလေး ကျောင်း ရှိ သံဃာတော် (၁၀၀) ကျော်တို့ကိုလည်း စီမံအုပ်ချုပ်ပြီး အစစအရာရာ သာသနာရေးကို အားပေးဆောင်ရွက်တော် မူလျက်ရှိသည်။

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တဆေက၊ ဂန္ထဓုရာဝဟ၊ ပဋိပတ္တိမာမက၊လဇ္ဇီပေသလ၊ သိက္ခာကာမမဟာထေရ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံ ကျောင်းတိုက်ကြီး

၏ ဦးစီးနာယက ပဓာနအချုပ် ဥက္ကဋ္ဌဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသုပညိန္ဒာဘိဝံသ မဟာထေရ်မြတ်သည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
### ကရင်ပြည်နယ် မြဝတီမြို့ တောရကျောင်းတိုက်
## ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိ
(သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၃ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိကို ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာတွင် ခမည်းတော် ဦးမောင်ဟန်၊ မယ်တော်ဒေါ်မယ်ကန်တို့က ၁၂၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် အင်္ဂါနေ့၌ ဖွားမြင်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၆ နှစ်သားအရွယ်တွင် ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာ ဓမ္မိကျောင်းကြီး ဆရာတော် ဘဒ္ဒန္တ နေမိန္ဒရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ "ရှင်စန္ဒာသီရိ" ဖြစ်သည်။

၁၃၀၃ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်နေ့တွင် ဧရာဝတီတိုင်း ရေကြည်မြို့၊ မင်္ဂလာကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တပညာကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိ သင်ကြား ဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ကျောင်းသားဘဝ ရှင်သာမဏေဘဝဖြင့် ဓမ္မိကျောင်းကြီးဆရာတော် ဘဒ္ဒန္တ နေမိန္ဒရထံတွင် သင်ပုန်းကြီးမှစ၍ ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ ထို့နောက် ရှင်သာမဏေဘဝ ရဟန်းဘဝတို့ဖြင့် ဟင်္သာတမြို့ ဓမ္မိကျောင်း ဆရာတော် ဘဒ္ဒန္တ အရိယဝံသ၊ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အရှင်အာဒိစ္စဝံသ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ၊ စမ်းချောင်းမြို့နယ် ပဌာန်းကျောင်းတိုက်ဆရာတော်၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညာ၊ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ စစ်ကိုင်းမြို့ ပဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တဣန္ဒက၊ ထားဝယ်မြို့ မောင်းမကန်ကျောင်းဆရာတော်နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တမာနိတထံတွင် ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများစွာကို ကျမ်းရိုးပေါက် သင်ကြားတတ်မြောက်တော်မူခဲ့သည်။

### စာပေကျမ်းဂန်သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် ကရင်ပြည်နယ် မြဝတီမြို့နယ် မံပလဲကျေးရွာအုပ်စု ထီးချားရှ,ကျေးရွာ၌ ကိုယ်တိုင်ကျောင်းတိုက်တည်ထောင်၍ စာသင်သံဃာ (၁၅) ပါးတို့အား ၁၄ နှစ်တိုင်တိုင် လည်းကောင်း၊ မြဝတီမြို့ တောရကျောင်း၌ စာသင်သံဃာ(၉၄) ပါးတို့အား လည်းကောင်း ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ ပို့ချဆဲ ဖြစ်သည်။ စာပေပို့ချစဉ် တစ်ဖက်မှလည်း မူလတန်းစာသင်သားများအတွက် အခြေပြုကစ္စည်း သဒ္ဒါကြီးကျမ်းကို ရေးသားပြုစုတော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စာသင်သံဃာတော်များအား စာပေကျမ်းဂန်များ သင်ကြားပို့ချလျက် တစ်ဖက်မှလည်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက်ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြဝတီမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို
### အလှူခံရရှိ တော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊

ပရိယတ္တိမာမကစသော ဂုဏ်တို့နှင့် ကုံလုံပြည့်စုံတော်မူသော ဆရာတော် "ဘဒ္ဒန္တစန္ဒာသီရိ" သည် ၁၃၅၇ (၁၉၉၆) ခုနှစ်၌ ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**
**စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ ရတနာ့ဗိမာန်**
**ထူပါရုံရွှေကျောင်းတိုက်**
**ဆရာတော်ဘဒ္ဒန္တဉာဏောဘာသ**
(သက်တော် ၅၈ နှစ်၊ သိက္ခာတော် ၃၉ ဝါ)

**ဖွားမြင်တော်မူခြင်း**

ဆရာတော် ဘဒ္ဒန္တဉာဏောဘာသကို စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ် ပေါက်ချောင်းကျေးရွာတွင် ခမည်းတော် ဦးဘကျော်၊ မယ်တော် ဒေါ်ဖွားဟုံတို့က ၁၂၉၉ ခုနှစ် တန်ဆောင် မုန်းလပြည့်ကျော် (၁၃) ရက်၊ အင်္ဂါနေ့ နေ့လယ် (၃) နာရီအချိန်၌ ဖွားမြင်သည်။ မွေးချင်း ငါးယောက်အနက် တတိယမြောက် သားရတနာ ဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်၊တန်ခူးလဆန်း (၁၄) ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စစ်ကိုင်းတိုင်း၊ မြောင် မြို့နယ် ပေါက်ချောင်းကျေးရွာ ဖောင်တော်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ "ရှင်ဉာဏောဘာသ" ဖြစ်သည်။

၁၃၁၉ ခုနှစ် တန်ခူးလပြည့်ကျော် (၉) ရက်နေ့တွင် မြောင်မြို့နယ် ပေါက်ချောင်းကျေးရွာ ဥဒကုက္ခေပသိမ်၌ ဖောင်တော်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့်ဦးကြီး၊ ဒေါ်ကြီးများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

**စာပေပရိယတ္တိ သင်ကြား ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝတွင် ပေါက်ချောင်းကျေးရွာ ဖောင်တော်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် လက်ထောက်ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ဘဒ္ဒန္တမေဓာဝိပတိတို့ထံတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ် ပရိတ်ကြီး အခြေခံသချာစသည်တို့ကို သင်ယူသည်။

သာမဏေဘဝတွင် ရွှေဘိုမြို့ ဝေဠုဝန်တိုက်သစ် ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါသဝ (နိုင်ငံတော်သြဝါဒါစရိယ) ဘဒ္ဒန္တဉာဏိန္ဒ (နိုင်ငံတော် သံဃမဟာနာယက) ဘဒ္ဒန္တပညာဓဇ ဘဒ္ဒန္တရာဇိန္ဒစသော ဆရာတော်များထံ သဒ္ဒါ၊သင်္ဂြိုဟ်စသော ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူခဲ့သည်။

၁၃၂၁ ခုနှစ်မှစ၍ မန္တလေးမြို့ မြင်းဝန်မင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် ၊ တောင်ထီးလင်းတိုက်၊ မစိုးရိမ်တိုက်၊ မြတောင်တိုက်၊ ဝေယျာဘုံသာဆရာတော် ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)၊ အနောက်ခင်မကန်တိုက် စသောစာသင်တိုက်ကြီးများမှ ထင်ရှားကျော်ကြားသော ဆရာတော်များထံတွင် ပါဠိတော် အဋ္ဌကထာ၊ ဋီကာ၊ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့သည်။

**အောင်မြင်တော်မူခဲ့သော စာမေးပွဲများ**

အဘိဓမ္မာ စာမေးပွဲ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲ၊ အစိုးရ ငယ်လတ်ကြီး၊ ဓမ္မာစရိယတန်း၊ ရွှေဘိုမြို့ ရတနာသိင်္ယ ဓမ္မာစရိယ၊ ဘွဲ့တို့ကို သာမဏေဘဝဖြင့်ပင် ရရှိအောင်မြင်ခဲ့သည်။

**စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ မြင်းဝန်မင်းကြီးကျောင်းတိုက်၌ လည်းကောင်း၊ ၁၃၃၂ ခုနှစ်မှစ၍ စစ်ကိုင်းမြို့ ရတနာ့ ဗိမာန် ထူပါရုံ ရွှေကျောင်းတိုက်၌လည်းကောင်း စာလိုက်သံဃာတော်များအား ဘဒ္ဒန္တ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ငယ်လတ်ကြီးစာချတန်းဆိုင်ရာ စာဝါများနှင့် ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်ကြားပို့ချပေးလျက်ရှိ သည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း စတင်သည်မှစ၍ ပထမ၊ ဒုတိယအကြိမ်တို့၌ စစ်ကိုင်းတိုင်း သံဃနာယက အဖွဲ့အကျိုးဆောင် တတိယ၊ စတုတ္ထအကြိမ်တို့၌ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခြင်း၊ ရတနာ့ဗိမာန် ထူပါရုံ

ရွှေကျောင်းတိုက်ကြီး စာသင်တိုက်အဖြစ် အစစတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ထူပါရုံစေတီတော်ကြီးကို ပြုပြင်ခြင်း၊ အာရုံခံတန်ဆောင်းများ တည်ဆောက်ခြင်း၊ ကျောင်းတိုက်အသီးသီးရှိ သံဃာတော်များ၊ ရပ်ရွာရှိ သံဃာတော်များ ချမ်းသာသုခရရှိ စေရန်ရေကန်ကြီးများ တည်ဆောက်၍ စက်များတပ်ဆင်ကာ ရေဝတီမြစ်မှ ရေတင်ပြီး ဖြန့်ဝေပေးခြင်းများကို ဦးဆောင်ပြုလုပ်ခြင်း၊ အင်းဝမြို့ရှိ ရှေးဟောင်း လောက သရဖူ စေတီတော်ကြီးနှင့် မြောင်မြို့နယ်အတွင်းရှိ ရှေးဟောင်းစေတီတော်များ၊ ဘုရားဓမ္မာရုံများကို ပြုပြင်မှု၊ ထီးတော်အသစ် တင်လှူမှု စသည်ပြုလုပ်ခြင်း၊ မြင်းဝန်ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသနှင့်အတူ သဒ္ဒနီတိ နိဿယကျမ်းကို အသစ်တစ်ဖန် ရိုက်နှိပ်ရန် သုံးနှစ်တိုင်တိုင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခြင်း၊ ဝါတွင်းဝါပ ဥပုသ်သည်များနှင့် ယောဂီပုဂ္ဂိုလ်တို့အား တရားဟော တရားပြခြင်း စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူလျက် ရှိသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယ ဂရုဏစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တ ဉာဏောဘာသ" သည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ် တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း၊ နတ်တလင်းမြို့ ခေမာသီဝံကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တဝိသုတ

(သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၉ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် "ဘဒ္ဒန္တ ဝိသုတ" ကို ပဲခူးတိုင်း၊ ပေါင်းတည် မြို့နယ် ညောင်ပင်ကုန်းရွာ၌ ခမည်းတော် ဦးဘိုးသက်၊ မယ်တော် ဒေါ်စိန်ပွင့်တို့က ၁၂၇၉ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၈) ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်း ငါးယောက်တွင် ပဉ္စမမြောက် အထွေးဆုံး သား ရတနာဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက် စနေနေ့တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပဲခူးတိုင်း၊ နတ်တလင်းမြို့၊ သာစည်ရပ်ကွက် ခေမာသီဝံကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ "ရှင်ဝိသုတ " ဖြစ်ပါသည်။

၁၂၉၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၁) ရက် တနင်္လာနေ့ နံနက် ၉ နာရီအချိန်တွင် နတ်တလင်းမြို့၊ သာစည်ရပ်ကွက်၊ ခေမာသီဝံကျောင်း၊ ခဏ္ဍသိမ်၌ ခေမာသီဝံကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝတွင် ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ ညောင်ပင်ကုန်းရွာ ဆရာကြီး ဦးလှိုင်ကျောင်းတွင် စတုတ္ထတန်း၊ ဘိုးသာအောင်ကုန်းရွာ ဆရာကြီး ဦးညွန့် အလယ်တန်းကျောင်းတွင် သတ္တမတန်းကို အောင်မြင်ခဲ့သည်။

သာမဏေဘဝတွင် ပဲခူးတိုင်း နတ်တလင်းမြို့နယ် သာစည် ရပ်ကွက်၊ ခေမာသီဝံကျောင်းတိုက် ဆရာတော်နှင့် စာချ ဆရာတော်များထံတွင် သဒ္ဒါသင်္ဂြိုဟ် အခြေခံကျမ်းစာများမှ စ၍ ပထမလတ်တန်းအထိ ပညာသင်ယူခဲ့သည်။

ရဟန်းဘဝတွင် နတ်တလင်းမြို့နယ် သာစည်ရပ်ကွက် ခေမာသီဝံကျောင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များထံတွင် ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်ယူခဲ့သည်။ မန္တလေးမြို့ စကုတိုက် ထန်းတပင်ကျောင်းဆရာတော်ထံတွင် သံဒိဋ္ဌ၊ သကြံန်၊ အာယုဒါယ၊သရ၊ သဒ္ဒမင်္ဂလာ ဗေဒင်ဘက်ဆိုင်ရာ ကျမ်းစာများကို သင်ယူခဲ့ပါသည်။ ဆရာတော်သည် အစိုးရ ပထမလတ်တန်း စာမေးပွဲကို အောင်မြင်ခဲ့သည်။

**စာပေကျမ်းဂန်များ သင်ကြားပို့ချတော်မူခြင်း**

ဆရာတော်သည် ၁၂၈၂ ခုနှစ်တွင် ခေမာသိဝံ ပရိယတ္တိစာသင်တိုက်ကို တည်ထောင်ခဲ့ပြီး စာလိုက်သံဃာတော်များအား ငယ်၊ လတ်၊ ကြီးဆိုင်ရာ စာဝါများ၊ ဓမ္မာစရိယစာချတန်းဆိုင်ရာ စာဝါများကို သင်ကြားပို့ချပေးလျက် ရှိသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် နတ်တလင်းမြို့နယ် မဟာဒွါရဂိုဏ်းဆိုင်ရာ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယက ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း၊ ဓမ္မာန ဓမ္မမဟာဒွာရနိကာယ ဘဒ္ဒန္တဝိသုတ သဒ္ဓမ္မဇောတိဓ္ဝရအနုနာယက အဖြစ်ဖြင့်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတွင် အင်္ဂုတ္တရဘာဏက ပါဠိတော်မြန်မာပြန်၊ ပဋိဝိသောဓက ဩသာနသောဓေယျပတ္တပါဠကအဖွဲ့ဝင်အဖြစ်ဖြင့်လည်းကောင်း သာသနာရေးဆိုင်ရာများကိုအားပေးဆောင်ရွက်ခဲ့သည်။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို**
**အလှူခံ ရရှိ တော်မူခြင်း**

ဤသို့လျှင် အများပြည်သူများနှင့် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရဟိတစေရစသော ဂုဏ်အင်္ဂါတို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် "ဘဒ္ဒန္တ ဝိသုတ " သည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

**အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**
**ပဲခူးတိုင်း ၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် (ပါဠိတက္ကသိုလ်)**
**ကျောင်းတိုက်**

## ဆရာတော် ဘဒ္ဒန္တ သံဝရ

သက်တော် ၆၆ နှစ်၊ သိက္ခာတော် ၄၇ ဝါ
**ဖွားမြင်တော်မူခြင်း**

ဆရာတော် "ဘဒ္ဒန္တ သံဝရ" (ဒုတိယတိုက်အုပ်နာယက) ကို စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ် ဥသျှစ်ကုန်းရွာတွင် ခမည်းတော် ဦးပေါရှိ မယ်တော်ဒေါ်မယ်ဆင်တို့က ၁၂၉၁ ခုနှစ် တပို့တွဲလဆန်း (၃)ရက်၊ သောကြာနေ့၌ မီးရှူးသန့်စင် ဖွားမြင်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၅ နှစ်သားအရွယ် ၁၃၀၆ ခုနှစ်၊ ဝါဆိုလတွင် ခမည်းတော်၊ မယ်တော်တို့၏ပစ္စယာနုဂ္ဂဟာဖြင့် အရာတော်မြို့နယ်၊ဥသျှစ်ကုန်းရွာ မင်္ဂလာရုံကျောင်း ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ "ရှင်သံဝရ" ဖြစ်သည်။

၁၃၁၁ ခုနှစ် နယုန်လပြည့်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် ဧရာဝတီတိုင်း၊ လပွတ္တာမြို့၊ လေးထပ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ လပွတ္တာမြို့၊ဈေးကြီးပိုင်းရပ်၊ ဒေါ်ယုံနှင့်သမီး ဒေါ်လှရင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် လေးထပ်စာသင်တိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက် တော်မူသည်။

**စာပေပရိယတ္တိ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝတွင် ဥသျှစ်ကုန်းရွာ မင်္ဂလာရုံကျောင်း ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏထံတွင် သင်ပုန်းကြီးမှစ၍ အခြေခံပရိယတ္တိစာပေများနှင့် မြန်မာဖတ်စာ၊ ဂဏန်းသင်္ချာတို့ကို သင်ကြားဆည်းပူးတော်မူခဲ့ပြီးနောက် ၁၃၀၇ ခုနှစ်မှ ၁၃၀၉ ခုနှစ်အထိ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာထံ၌ အခြေခံ ပိဋကတ်စာပေများကို ရှင်သာမဏေဘဝဖြင့် လည်းကောင်း၊ မြောင်းမြမြို့၊ ပဋ္ဌာနတာရုံ ဆရာတော် ဘဒ္ဒန္တဉာဏိက (အဂ္ဂမဟာပဏ္ဍိတ) (ယခု နိုင်ငံခြားသာသနာပြု၊ အင်္ဂလန်နိုင်ငံ) အရှင်ဣန္ဒာဝံသ (ယခု ဆရာကြီး ဦးအောင်ခိုင်၊ သဒ္ဓမ္မဇောတိကဓဇ၊ ဗဟန်း) ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂ မဟာပဏ္ဍိတ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) (ယခုမော်ဘီမြို့၊ သာသနာ့ဝန်ဆောင် ဆရာတော်) များထံ၌ ၁၃၀၉ ခုနှစ်မှ ၁၃၁၂ ခုနှစ်အထိ ရှင်သာမဏေဘဝ ရဟန်းဘဝများဖြင့် ပထမပြန် စာမေးပွဲဆိုင်ရာ စာပေများကို

လည်းကောင်း ၁၃၁၃ ခုနှစ်မှ ၁၃၁၅ ခုနှစ်အထိ စစ်ကိုင်းမြို့ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တဝရသာမိဘိဝံသ၊ ပထမ မဟာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တသုပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ရတနာ့ဗိမာန်ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒာဘိဝံသ ဆရာတော်များထံ၌ ဓမ္မာစရိယတန်းနှင့် မြန်မာဂုဏ်ထူးတန်း ဆိုင်ရာ စာပေများကိုလည်းကောင်း၊ ၁၃၁၆ ခုနှစ်တွင် ပခုက္ကူမြို့မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံ၌ ပါဠိ အဋ္ဌကထာနှင့် ကျမ်းကြီးကျမ်းစုံဖောက် အမွှမ်းတင်ပရိယတ် စာပေများကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော်လောင်းလျာသည်အစိုးရပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ ဓမ္မာစရိယ ဟချတန်းရိုးရိုး၊ မြန်မာဂုဏ်ထူးတန်း၊ ပါဠိဂုဏ်ထူးတန်း တို့ကို အောင်မြင်တော်မူခဲ့သဖြင့် သာသန ဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဒီဃနိကာယပါဠိပါရဂူ ဘွဲ့လက်မှတ်တို့ကို ရရှိတော် မူခဲ့သည်။

## စာပေကျမ်းဂန်သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း

ဆရာတော်ဘဒ္ဒန္တသံဝရသည် ပဲခူးမြို့သာသနာ့မဏ္ဍိုင် (ပါဠိတက္ကသိုလ်) ကျောင်းတိုက်၌ ၁၃၁၉ ခုနှစ် မှစ၍ ယခုအချိန်ထိ (၃၉) နှစ်တိုင်တိုင် တိုက်အုပ် ဒုတိယ နာယက ဆရာတော်အဖြစ်ဖြင့် ပထမပြန်နှင့် ဓမ္မာစရိယတန်း၊ မြန်မာဂုဏ်ထူး၊ပါဠိဂုဏ်ထူးတန်းဆိုင်ရာ ကျမ်းဂန် များကို သင်ကြားပို့ချပေးတော်မူခဲ့သည်။ ယင်းသို့ပို့ချ ပေးတော် မူရင်း ဝိဇယဒါယိခေါ် ခေတ်မီမဏ္ဍိုင် အဋ္ဌသာလိနီ အဓိပ္ပာယ်ကျမ်းပထမတွဲ၊ ဒုတိယတွဲတို့ကို ရေးသားတော် မူခဲ့သည်။

## သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ကျောင်းတိုက် စတင်တည်ထောင်စဉ်က တိုက်အုပ် ဒုတိယနာယကအဖြစ်ဖြင့် ပါဝင်ခဲ့ပြီး ရန်ကုန်တိုင်း၊ မော်လမြိုင်၊ မုံရွာ စသောမြို့များ၌ သာသနာ့မဏ္ဍိုင် စာသင်တိုက် (၁၀) ကျော် တည်ထောင်ခဲ့သည်။ ထို့ပြင် ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာကာရ၊ ဝိနယတာဏက၊ ပါဠိတက္ကသိုလ် စာချ ကထိက၊ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ ကိုယ်စားလှယ်၊ ပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ နိကာယ်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဟင်္သာကုန်း စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်တွင် ရပ်ကွက်သံဃနာယက၊ မြို့နယ် သံဃာ့ဝန်ဆောင်၊ မြို့နယ် ဝိနည်းဓိုရ်၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် တာဝန် များကို ဆောင်ရွက်ခဲ့သည့်အပြင် နွေရာသီ စာဝါများ ရပ်နား ချိန်၌ (၁၀) ရက်စခန်းဖွင့်ကာ မဟာစည်နည်းဖြင့် ကမ္မဋ္ဌာန်း တရားတို့ကိုပြသ၍ ပဋိပတ် သာသနာပြုတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ သံဝရသည် ၁၃၅၇ (၁၉၉၆ ) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်း အပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်း မင်းဘူးမြို့၊ မုန်ကင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကဥ္စန

(သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၀ ဝါ )

### ဖွားတော်မူခြင်း

ဆရာတော် "ဘဒ္ဒန္တ ကဥ္စန" ကို မကွေးတိုင်း၊ မင်းဘူး (စကု ) မြို့နယ်၊ မုန်တောင်ကျေးရွာ၌ ခမည်းတော် ဦးစံချိန်၊ မယ်တော် ဒေါ်သယ်တို့က ၁၂၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၀) ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ၉ နှစ်သား အရွယ် ၁၂၈၆ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်နေ့တွင် မုန်တောင်မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရကို

ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ "ရှင်ကဋ္ဌန" ဖြစ်သည်။

၁၂၉၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် နံနက် ၉ နာရီအချိန်တွင် မင်းဘူးမြို့၊ ကမ်းနားလမ်းနေ လွှထောင် သစ်ကုန်သည်ကြီး ဦးပိုင်၊ ဒေါ်မမကြီးတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် မင်းဘူးမြို့၊ မုန်ကင်းကျောင်းတိုက် ခဏ္ဍသိမ်၌ မုန်ကင်းဂိုဏ်းထောက် ဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလကို ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မုန်တောင် မြောက်ကျောင်းဆရာတော်ထံ၌ သင်ပုန်းကြီးနှင့် ပရိယတ်အခြေခံ ကျမ်းစာများကိုလည်းကောင်း၊ ရေနံချောင်းမြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော်ထံတွင် လည်းကောင်း၊ ပခုက္ကူမြို့၊ မဟာဝိသုကာ ရာမတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တ သုန္ဒရ၊ ဘဒ္ဒန္တ ဂန္ဓမာ၊ ဘဒ္ဒန္တ မာလိန္ဒတို့ထံတွင် လည်းကောင်း၊ အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း ဆရာတော် ဘဒ္ဒန္တ ဝိမလ၊ မင်္ဂလာတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိ၊ စာချဆရာတော် ဘဒ္ဒန္တ ဥက္ကံသ တို့ထံတွင် လည်းကောင်း၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက် ဆရာတော်များထံတွင် လည်းကောင်း၊ ပထမပြန် စာမေးပွဲဆိုင်ရာ ကျမ်းစာများ၊ သုတ်ဝိနည်း၊ အဘိဓမ္မာ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ၊ ပဋ္ဌာန်းဆိုဝါလိုက်ဝါများ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်အပုံခွဲနည်းများ သင်ယူ ဆည်းပူးတော်မူခဲ့သည်။ ဆရာတော်လောင်းလျာသည် အစိုးရပထမပြန် စာမေးပွဲ ပထမလတ်၊ ပထမကြီးတန်းနှင့် လောကီသတ္တမတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

## စာပေ ကျမ်းဂန် သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၌ ၁၃၁၀ ခုနှစ်မှ ၁၃၂၀ ပြည့်နှစ်အထိ (၁၀) နှစ်တိုင်တိုင် ပရိယတ္တိစာပေများကို ပို့ချတော်မူခဲ့သည်။ ထို့နောက် မင်းဘူးမြို့၊ မန်ကင်း ပရိယတ္တိ စာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူကာ မြို့နယ်ဝိနည်းစာမေးပွဲနှင့် အစိုးရပထမပြန် စာမေးပွဲဆိုင်ရာ ကျမ်းစာများကို သင်ကြားပို့ချတော်မူခဲ့သည်။ ဆရာတော်သည် စာပေ ပို့ချစဉ် တစ်ဖက်မှလည်း သဒ္ဒါကြီးမှတ်စုကျမ်း၊ သင်္ဂဟ မှတ်စုကျမ်း၊ ဋီကာကျမ်း၊ ရူပသိဒ္ဓိ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စယ နသာရ၊ ဝစ္စဝါစက၊ ဆန်း၊ အလင်္ကာ မာတိကာ ဓာတုကထာ (အပုံနည်း)၊ ယမိုက် ၁၀ ကျမ်း(အပုံနည်း)၊ ပဋ္ဌာန်း မှတ်စု ကျမ်းစု၊ မုန်ကင်းဂိုဏ်းတော် အဖွင့်ကျမ်းနှင့် ပဲခူးမြို့မ ဆရာတော်ကြီး၏ အကြံပြုတိုက်တွန်းချက်အရ ဝိနယသင်္ဂဟအဋ္ဌကထာကို မှတည်၍ ဝိနည်းဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာများမှ အဓိပ္ပာယ်များကို ခြင်္ဂ၍ ဝိနယောဘာသ ဒီပနီ ကျမ်းကို ပြုစုရေးသားတော်မူခဲ့သည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃ အဖွဲ့အစည်းအဆင့်ဆင့်တွင် မကွေးတိုင်း သံဃနာယက အဖွဲ့ အကျိုးတော်ဆောင်၊ ဒုတိယအကြိမ်တွင် မကွေးတိုင်း သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ်တွင် မြို့နယ်သံဃ ဝန်ဆောင်၊ စတုတ္ထအကြိမ်တွင် နိုင်ငံတော် ဗဟိုသံဃ ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိ တော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော မဟာထေရ ဝိနယဂရုက၊ လဇ္ဇီ ပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်စုံတော်မူသော ဆရာတော် "ဘဒ္ဒန္တ ကဋ္ဌန" သည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်း ချောက်မြို့၊ ငွေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တနရပတိ

(သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၄၂ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် "ဘဒ္ဒန္တ နရပတိ " ကို မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ အင်ကုန်းကျေးရွာ၌ ခမည်းတော် ဦးဘ၊

မယ်တော် ဒေါ်တော့ (ခေါ်) ဒေါ်ညီမတို့က ၁၂၉၅ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက် စနေနေ့တွင် ဖွားမြင်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်နေ့တွင် မကွေးတိုင်း နတ်မောက်မြို့၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်နရပတိဖြစ်သည်။ ၁၃၁၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ တနင်္လာနေ့တွင် နတ်မောက်မြို့၊ ဒီပင်္ကရာကျောင်း ခဏ္ဍသိမ်၌ နတ်မောက်မြို့၊ ဘုရားကြီးတိုက် ပဲခူးဆရာတော် ဘဒ္ဒန္တ စန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ နတ်မောက်မြို့၊ ရွှေဟင်္သာ ဦးအေးမောင်၊ ဒေါ်သင်းကြည် သားဒေါက်တာ သိန်းမြင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝဖြင့် အင်ကုန်းကျေးရွာကျောင်း ဦးလေးတော်စပ်သူ ဆရာတော် ဘဒ္ဒန္တ စန္ဒိမာနှင့် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ ဘဒ္ဒန္တစန္ဒာတို့ထံ၌ သင်ပုန်းကြီး ဆယ်စောင်တွဲမှ စ၍ သဒ္ဒါ၊ သင်္ဂဟ ငိုကကျော် စသော ပိဋကတ်အခြေခံ ကျမ်းစာတို့ကို လည်းကောင်း၊ ရှင်သာမဏေဘဝ၊ ရဟန်းဘဝတို့ဖြင့် ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာ(အဂ္ဂမဟာ ပဏ္ဍိတ) နှင့် တိုက်အုပ်၊ တိုက်ကြပ် စာချဆရာတော်များထံတွင် ပထမပြန်နှင့် ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများကို လည်းကောင်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တ သုန္ဒရ (အဘိဓဇ မဟာရဋ္ဌဂုရု) နှင့် စာချဆရာတော်များ၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသတို့ထံ၌ ပိဋကတ်သုံးပုံ ကျမ်းအစုံတို့ကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။ ဆရာတော်လောင်းလျာသည် အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတို့နှင့် ဓမ္မာစရိယ စာချတန်းတို့ကို အောင်မြင်ခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် ချောက်မြို့ ငွေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ၁၃၂၃ ခုနှစ်၊ စာချဘုန်းကြီးတင်မြှောက်သည်မှစ၍ ယနေ့အထိ ၃၄ နှစ်တိုင်တိုင် ပထမပြန်နှင့် ဓမ္မာစရိယ စာချတန်းဆိုင်ရာ စာဝါများကို သင်ကြားပို့ချလျက်ရှိသည်။ တစ်ဖက်မှလည်း အခြေပြုမူလတန်း သဒ္ဒါ သုတ်နက်နှင့် ရုပ်တွက်ပုံကျမ်း အခြေပြုမူလတန်း သင်္ဂြိုဟ် နိဿနှင့် သရုပ်ခွဲပုံကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

### သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ် ဒုတိယအကြိမ်၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ပရိယတ္တိစာပေကျမ်းဂန်များကို ယနေ့တိုင် ပို့ချလျက်ရှိသည်။

### အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိ တော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလ ဝန္တပရိယတ္တိမာမက၊ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်စုံတော်မူသည့် ဆရာတော်ဘဒ္ဒန္တနရပတိသည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
### သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဘိက္ခုထရိန်နင်စင်တာ
### အမရပူရနိကာယ
### သာသနာပိုင် ဆရာတော်
## ဘဒ္ဒန္တ မဒိုဟေပညာသီဟ

(သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် "ဘဒ္ဒန္တ မဒိုဟေပညာသီဟ" ကို သီရိလင်္ကာနိုင်ငံ မာတြဲခရိုင်၊ မဒိုဟေရွာတွင် ခမည်းတော်

ကျောင်းဆရာ ဂျိမ်းစ်ကာရီလစ်ဂုဏဝပုဏနှင့် မယ်တော် အင်ဂျိလိနာဒိရာဆက်ကရာတို့က ၁၉၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ဖွားသည်။

## ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၉၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဒေဝဂီရိဝိဟာရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိရာဂမ္မိကကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၉၃၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် သီရိဝဇီရာဉာဏ မဟာနာယကထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်တော်မူပါသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကိုလံဘိုတက္ကသိုလ် ဝိနယဝိသာရဒ သင်တန်းသို့ တက်ရောက်သင်ကြားရာ ပထမရရှိတော်မူသည်။ ကိုလံဘိုတက္ကသိုလ်၌ ရာဇဘိယ ပဏ္ဍိတဘွဲ့ ရရှိသည်အထိ ပညာသင်ကြားခဲ့သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော်လောင်းလျာသည် ကိုလံဘိုတက္ကသိုလ်မှ ရာဇဘိယပဏ္ဍိတဘွဲ့ကို ရရှိတော်မူသည်။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် သာသနာတော် ထွန်းကားပြန့်ပွားရေး အတွက် ရဟန်းတော်များအား သင်တန်းပို့ချခြင်း၊ လူ ပုဂ္ဂိုလ်များအား သာသနာရေးသင်တန်းများ ပို့ချခြင်း၊ ဗုဒ္ဓ စာပေထွန်းကားရေးအတွက် လောကုတ္တရာစာပေများ ရေးသားထုတ်ဝေခြင်းတို့ကို ပြုလုပ်တော်မူသည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကြွရောက်၍ သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေး အလို့ငှာ တရုတ်ပြည်သို့လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် နီပေါနိုင်ငံသို့ လည်းကောင်း၊ ၁၉၅၄– ခုနှစ်တွင် မြန်မာ နိုင်ငံ ဆဋ္ဌသင်္ဂါယနာသဘင်သို့ လည်းကောင်း ကြွရောက် တော်မူကာ သာသနာရေးတာဝန်များကို ဆောင်ရွက်တော် မူခဲ့သည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ တော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကိုသယ်ပိုး ဆောင်ရွက်တော်မူသော လဒ္ဓိပေသလ၊ သိက္ခာကာမ၊ သာသနဟိတဝရ ဗာဟုသစ္စစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘန္ဒန္တမဒိဟေပညာ သီဟ"သည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ကံကော်ရပ်ကွက် ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညဝန္တ

(သက်တော် ၇၈ နှစ် ၊ သိက္ခာတော် ၅၈ ဝါ)

## ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တပုညဝန္တကို ဇရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကညွတ်ကုန်းကျေးရွာ၌ ခမည်းတော် ဦးဘိုးတင်၊ မယ်တော်ဒေါ်နန်းမြတို့က ၁၂၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၁) ရက် ကြာသပတေးနေ့ တွင် ဖွားမြင်သည်။ မွေးချင်းငါးယောက်တို့တွင် ပထမဦးဆုံး သားရတနာ ဖြစ်သည်။

## ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ်၊ တပို့တွဲလ အသက် ၁၃ နှစ်သားအရွယ်တွင် အင်္ဂပူမြို့နယ် ကညွတ်ကုန်း ကျေးရွာ ဝံသာနုရက္ခိတကျောင်း ဆရာတော် ဘဒ္ဒန္တဝမ္မရိန္ဒ ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သမိဒ္ဓေါဒယသုခိတာရာမ မြန်အောင် သီလရှင်စာသင်တိုက် ပထမတိုက်တည်ဆရာကြီးဒေါ်ဉာဏစာရီ၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ "ရှင်ပုညဝန္တ"ဖြစ်သည်။

၁၂၉၉ ခုနှစ် တပေါင်းလဆန်း (၁၂) ရက် နံနက် ၈ နာရီ (၅) မိနစ်အချိန်တွင် မြန်အောင်မြို့ ဂူကိုးလုံးကျောင်းတိုက်

ခဏ္ဍာသိမ်၌ ထူးကြီးမြို့ ပထမဝေဠုဝန်ဆရာတော် ဘဒ္ဒန္တ ထေရိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြန်အောင်မြို့ ပတ္တမြား ဆေးတိုက်ပိုင်ရှင် ဦးကံကြီး ဒေါ်ရွှေဥနှင့် ဒေါ်လုံးမေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

**စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝ အသက် (၈) နှစ်အ ရွယ်တွင် အင်္ဂပူမြို့နယ် ကညွတ်ကုန်း ကျေးရွာ ဝံသာနုရက္ခိတကျောင်း ပထမဆရာတော်၊ ဒုတိယဆရာတော် ဦးဉာဏ၊ ဝေဠုဝန်ကျောင်းသစ် ဆရာတော်ဦးစန္ဒာဝံသာဘိဝံသတို့ထံ၌ သင်ပုန်းကြီး မင်္ဂလသုတ်စသော အခြေခံစာများ၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပရိယတ် အခြေခံကျမ်းစာများကို သာမဏေဘဝဖြင့် သင်ယူခဲ့သည်။ ရဟန်းဘဝတွင် ဟင်္သာတမြို့ ရန်ကုန် ကျောင်းဆရာတော်ဘဒ္ဒန္တ ဥပ္ပလတိ၊ဟင်္သာတမြို့နယ် နတ်မော်ဝေဠုဝန်ကျောင်း၌ ဘာသန္တရ ဆည်းပူးလေ့လာ ခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်း ဝေဠုဝန်ကျောင်းတိုက် စာချဆရာတော်ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တဝါသဝါဘိဝံသ၊ ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တဒီပါဘိဝံသ၊ ဘဒ္ဒန္တဇောတိက၊ဘဒ္ဒန္တ အရိယဝံသတို့ထံတွင် နေ့ဝါ၊ညဝါ ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို ကျမ်းကြီးပေါက် တတ်မြောက်အောင် သင်ယူခဲ့သည်။

**အောင်မြင်တော်မူခဲ့သော စာမေးပွဲများ**

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် မြန်အောင်မြို့ ဝေဠုဝန်နိကာယ ဂိုဏ်းလုံးဆိုင်ရာ စာမေးပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထအဆင့်အထိနှင့် အစိုးရ ပထမငယ်၊ ပထမလတ်တန်းတို့ကို အောင်မြင်ခဲ့ပြီး ရဟန်းဘဝဖြင့် အစိုးရပထမကြီးတန်း ဖြေဆိုတော်မူခဲ့ သည်။

**စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း**

ဆရာတော်သည် မွန်ပြည်နယ်ကျိုက်ထိုမြို့ ဘုရားကြီး ကျောင်းတိုက်၌ ၁၃၁၂ ခုနှစ်တွင် စာချအဖြစ် ၁၃၁၄ ခုနှစ်တွင် ကျောင်းထိုင် ပဓာနနာယကအဖြစ် သီတင်းသုံး တော်မူပြီး သဒ္ဒါ သင်္ဂြိုဟ်စသော အခြေခံကျမ်းစာများ မှ စ၍ ပါဠိတော် အဋ္ဌကထာ ဋီကာ နေ့ဝါ ၊ ညဝါများကို သင်ကြား ပို့ချတော်မူလျက်ရှိသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မွန်ပြည်နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၊ ကျိုက်ထိုမြို့ အစိုးရပါဠိပထမပြန် စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့နာယက၊ ကျိုက်ပေါ်လောမုံ့ရှင် ဘုရားကြီးဂေါပကအဖွဲ့၊ မဟာမုနိ သွန်းဘုရားကြီး ဂေါပကအဖွဲ့၊ ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ ဝေဠုဝန်နိကာယဂိုဏ်း မဟာနာယကအဖြစ် စသည်ဖြင့် သာသနာရေးတာဝန်များကိုဆောင်ရွက်တော်မူ ပြီး ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ ဘဏ္ဍာတော်ငွေ သုံးစွဲပုံ သုံးစွဲနည်း ဥပဒေသစာအုပ်ကိုလည်း ပြုစုတော် မူသည်။

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော် မူခြင်း**

ဤသို့လျှင် သာသနာတော်၏ အကျိုးကို ဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊သိက္ခာကာမ ပရိယတ္တိဆေက ပဋိပတ္တိမာမက စသော ဂုဏ်တို့နှင့် ကုံလုံပြည်စုံတော်မူသည့် ဆရာတော် "ဘဒ္ဒန္တ ပုညဝန္တ" သည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်မြတ်ကို အလှူ ခံရရှိတော်မူသည်။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

**ဧရာဝတီတိုင်း ကြံခင်းမြို့နယ် လယ်ဝိုင်းကျောင်းတိုက်**

## ဆရာတော် ဘဒ္ဒန္တ ဂဏသာရာဘိဝံသ

(သက်တော် ၇၅ နှစ် သိက္ခာတော် ၅၅ ဝါ)

**ဖွားမြင်တော်မူခြင်း**

ဆရာတော် "ဘဒ္ဒန္တဂဏသာရာဘိဝံသ"ကို ဧရာဝတီ တိုင်း ကြံခင်းမြို့နယ် ဘက်ရဲရွာ၌ ခမည်းတော်ဦးသန်းဖေ မယ်တော်ဒေါ်သန်းတို့က ၁၂၈၃ ခုနှစ် ၊ ဝါဆိုလဆန်း ၁၄ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ မွေးချင်း ငါးယောက် တွင် အကြီးဆုံးသားကြီးရတနာဖြစ်သည်။

## ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကြံခင်းမြို့နယ်၊ ဘက်ရဲရွာ လယ်ဝိုင်းကျောင်းတိုက် လယ်ဝိုင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ "ရှင်ဂဏသာရ" ဖြစ်သည်။

၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် ဘက်ရဲရွာ၊ စလင်းဆိပ်ကျောင်း ခဏ္ဍသိမ်၌ ဘက်ရဲဇီမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ဘက်ရဲရွာ မြေပိုင်ရှင် ဦးမောင်အေး ဒေါ်တင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ငါးနှစ်သားအရွယ်တွင် ဘက်ရဲရွာ အ လ က ကျောင်း ၊ ကျောင်းအုပ်ဆရာကြီး ဦးဘအေးကျောင်း၌ သတ္တမတန်းအထိ ပညာသင်ယူခဲ့ပြီး ၁၂ နှစ်သား အရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် ဘက်ရဲရွာ လယ်ဝိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံ၌ သဒ္ဒါ သင်္ဂဟစသော အခြေခံကျမ်းစာများကို ၆ နှစ်တိုင်တိုင် သင်ကြားခဲ့သည်။ ရဟန်းတစ်ဝါရပြီးနောက် ကြံခင်းမြို့ လယ်ပြင်တိုက်၊ တိုက်အုပ်ဆရာတော် ဦးဥက္ကံထံ၌ လည်းကောင်း၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါသဝါဘိဝံသ၊ ဘဒ္ဒန္တဉာဏ္ဍဝံသာဘိဝံသ၊ မန္တလေးမြို့ စကုတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒာစရိယ၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ စသော ဆရာတော်များထံ၌ လည်းကောင်း ပါဠိအဋ္ဌကထာ ဋီကာကျမ်းကို သင်ကြားတော်မူသည်။ ဆရာတော်သည် အစိုးရပထမပြန် စာမေးပွဲများနှင့် ဂုဏ်ထူးကျမ်းများ အပါအဝင် ဓမ္မာစရိယတန်းကို အောင်မြင်သဖြင့် သာသနာ့ဝ၈ သိရီပဝရဓမ္မာစရိယ ဘွဲ့လက်မှတ်နှင့် စေတိယင်္ဂဏပရိယတ္တိစာမေးပွဲကို အောင်မြင်တော်မူခဲ့သဖြင့် "ဂဏသာရာဘိဝံသ" ဟူသော ဘွဲ့လက်မှတ်တို့ကို ရရှိတော်မူခဲ့သည်။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ၁၃၁၅ ခုနှစ်မှစ၍ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ ငါးနှစ်တိုင်တိုင် ပထမပြန်စာမေးပွဲဆိုင်ရာ ကျမ်းစာများကို ပို့ချခဲ့ပြီး ၁၃၂၀ ခုနှစ်မှစ၍ ပုသိမ်ဝေဠုဝန်တိုက်သို့ ရောက်ရှိပြီး ဆရာတော်ဘုရားကြီး ၏ မိန့်ကြားချက်အရ ဆရာတော်ဘဒ္ဒန္တနာဂဝံသ (အဂ္ဂ မဟာပဏ္ဍိတ) ဆရာတော်ဘဒ္ဒန္တစရိယတို့နှင့်အတူ တိုက်တာအုပ်ချုပ်ရေးနှင့်တကွ ပါဠိ အဋ္ဌကထာ ဋီကာများကို ၁၃၃၈ ခုနှစ်အထိ ပို့ချခဲ့သည်။

## သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပုသိမ်မြို့ ဝေဠုဝန်တိုက်၌ နေစဉ် ပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင် မဟာဗောဓိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဂိုဏ်းပေါင်းစုံ ပထမ၊ ဒုတိယ၊ တတိယအကြိမ်တွင် တိုင်းသံဃာ့ဝန်ဆောင်၊ မြို့နယ် ဝိနည်းဓိုရ် သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ၁၃၅၅ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယ၊ ကြံခင်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ ဘက်ရဲလည်ဝိုင်းကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့တို့၏ ပဓာနနာယက ဆရာတော်၊ ဘက်ရဲ အနန္တမုနိ မိုးကောင်းဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တာဝန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သည်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် "ဘဒ္ဒန္တဂဏသာရာဘိဝံသ" သည် ၁၃၅၇ ခုနှစ် (၁၉၉၆) ခုနှစ် တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း၊ မအူပင်မြို့၊ ဓမ္မာရုံ ရွှေကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ

(သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၆ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတကို ဧရာဝတီတိုင်း၊ မအူပင်မြို့၊ ဆေးရုံကြီးရပ်ကွက် ၇ လမ်း၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်စောခင်တို့က ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မွေးချင်း ခြောက်ယောက်တွင် တတိယမြောက်သား ရတနာဖြစ်၍ ငယ်မည်မှာ မောင်မောင်ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မအူပင်မြို့ ဓမ္မာရုံရွှေကျောင်းကျောင်းတိုက် တတိယဆရာတော် ဘဒ္ဒန္တ နန္ဒဝံသမာလာကို ဥပဇ္ဈာယ်ပြု၍ ရှေ့နေ ဦးအောင်မင်း၊ ဇနီးဒေါ်မြကြွယ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၃၀၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်တွင် မအူပင်မြို့၊ ဓမ္မာရုံရွှေကျောင်းကျောင်းတိုက် သီလဝိသောစနိနိခဏ္ဍသိမ်တော်၌ ညောင်တုန်းမြို့ ရွှေဟင်္သာတော်ရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပထမစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမ (အဂ္ဂမဟာ ပဏ္ဍိတ) မထေရ်ကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့ ဆေးရုံကြီးရပ်ကွက်၊ ၇ လမ်း၊ ဦးချစ်ဖေ ဒေါ်မြမေတို့၏ ပစ္စယာနုဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့၊ ဦးလှလှ အမျိုးသားကျောင်းမှ စတုတ္ထတန်းအောင်မြင်၍ မအူပင်မြို့၊ ဘုရားလမ်း နေရှင်နယ်ကျောင်းတွင် အဋ္ဌမတန်းအောင်မြင်သည်အထိ လောကီအတန်းပညာများကို သင်ယူခဲ့ပြီး ၁၄ နှစ်သားအရွယ် ရှင်သာမဏေဖြစ်သည်မှစ၍ မအူပင်မြို့၊ ဓမ္မာရုံရွှေကျောင်းကျောင်းတိုက် တတိယဆရာတော် ဘဒ္ဒန္တ နန္ဒဝံသမာလာထံတွင် သဒ္ဒါ၊ သင်္ဂဟ စသော ပိဋကတ်အခြေခံစာပေများကို သင်ယူခဲ့သည်။ ၁၆ နှစ်သားအရွယ် ရှင်သာမဏေဘဝဖြင့် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ရောက်ရှိပြီး ပထမစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ကလျာဏ၊ တတိယစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ၊ စတုတ္ထစ် ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိမလ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ပဉ္စမစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဥဒ္ဒေဏဝံသ (အဂ္ဂမဟာ ပဏ္ဍိတ) ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကန်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ စသောဆရာတော်ဘုရားကြီးများထံ၌ ပိဋကသုံးပုံပါဠိ အဋ္ဌကထာ ဋီကာများကို သင်ကြားဆည်းပူးတော်မူခဲ့သည်။ ဆရာတော်သည် ပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ရွှေဟင်္သာတောရ သာသနာ့ပါလအသင်း ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ၁၃၀၄ ခုနှစ်၊ ရဟန်းသိက္ခာ ၄ ဝါမှစ၍ မအူပင်မြို့၊ ဓမ္မာရုံ ရွှေကျောင်းကျောင်းတိုက် တတိယဆရာတော် ဘဒ္ဒန္တ နန္ဒဝံသမာလာ၏ အမိန့်အရ ကျောင်းတိုက်သို့ ပြန်လည်သီတင်းသုံးပြီး စာသင်သား သံဃာ ၅၀ ကျော်၊ ကျောင်းသား ၆၀ ကျော်တို့အား စာပေသင်ကြားပို့ချတော်မူခဲ့သည်။ ဆရာတော်သည် သက်တော် ၇၀ အထိ စာသင်သား သံဃာ ၇၀ နှင့် ကျောင်းသား ၅၀၀ ကျော်တို့အား နေ့ဝါ၊ ညဝါ ပိဋကတ်စာပေများကို နှစ်စဉ်သင်ကြား ပို့ချတော်မူခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရဟန်းသိက္ခာ ၁၃ ဝါမှစ၍ ဓမ္မာရုံ ရွှေကျောင်းကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် ပဓာနနာယကဆရာတော်၊ ဓမ္မာရုံဌာနဆိုင်ရာဂိုဏ်းအုပ်၊ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင်နာယက၊ နယ်လှည့် ဓမ္မကထိက၊ မှော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့ကိုယ်စားလှယ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဒုတိယအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊

မအူပင်ခရိုင်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲကြီး၏ ဦးစီးနာယက၊ မအူပင်မြို့၊ နန္ဒာရုံ ပရိယတ္တိစာသင်တိုက်၊ သာသနာ့ပါလကျောင်းတိုက်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မဟာဗောဓိကျောင်းတိုက်တို့ကို စာသင်တိုက်အဖြစ် ချီးမြှောက်တည်ထောင် ပေးတော် မူခြင်း နှင့် ဓမ္မာရုံဌာနဆိုင်ရာ ကျောင်းတိုက်ခွဲပေါင်း ၂၉ တိုက်တို့ ကို ဩဝါဒပေးစောင့်ရှောက်ခြင်းဖြင့် သာသနာရေးဆိုင်ရာ တာဝန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူ၍ သီလဝန္တ ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ ၊ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ဝတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာ ပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်
## အတုလကာရီ ဆင်မင်းကျောင်း
## ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ

(သက်တော် ၆၀ နှစ်၊ သိက္ခာတော် ၄၀ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသကို စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ မင်းရွာ၌ ခမည်းတော် ဦးချစ်၊ မယ်တော် ဒေါ်အေးတင့်တို့က ၁၂၉၈ ခုနှစ်၊ နှောင်းကဆုန်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင် သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် (၁၃) နှစ်သားအရွယ်တွင် ပုလဲမြို့နယ်၊ မင်းရွာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနကို ဥပဇ္ဈာယ်ပြု၍ ပုလဲမြို့နယ် မင်းရွာနေ ဦးဘသင် ဒေါ်ရွှေတု၊ ဦးဘချို ဒေါ်ခင်ခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ "ရှင်ဩဘာသ" ဖြစ်သည်။

၁၃၁၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် နံနက် (၈)နာရီ (၅၅) မိနစ် အချိန်တွင် ပုလဲမြို့နယ် မင်းရွာကျောင်း ဆရာတော် ဘဒ္ဒန္တ သုဇနကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဇေတနာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ အလုံမြို့နယ်၊ နွယ်သာကီလမ်းနေ ဒေါ်အိမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုလဲမြို့နယ်၊ မင်းရွာကျောင်းဆရာတော်ထံတွင် သင်ပုန်းကြီးမှစ၍ ပိဋကတ်အခြေခံ ကျမ်းစာများကို လည်းကောင်း၊ မင်းကွန်း ဓမ္မနာဒ တိုက်ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက )၊ မန္တလေးမြို့၊ချမ်းသာကြီး တိုက် ၊ ရဲလှကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ ငွေးချိုတိုက် သီရိမင်္ဂလာ အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခဘုရားကြီး တိုက်၊ အတုလကာရီဆင်မင်း (ပုခန်း ) ကျောင်းဆရာတော် ဘဒ္ဒန္တ သုန္ဒရ၊ ဒပ္ပဏ ဆရာတော် ဘဒ္ဒန္တ အရိယာဝံသ၊ နယားဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ မော်လမြိုင် ဒေါ်ပုံကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂါဘိဝံသ၊ ရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝါဘိဝံသ၊ ဗန်းမော်တိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာ ဘိဝံသ၊ အမရပူရမြို့ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တ ကေလာသ (ဓမ္မာစရိယ ဘိအေ )တို့ထံတွင် ပထမပြန် စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲဆိုင်ရာ ကျမ်းစာများနှင့် ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော်လောင်းလျာသည် အစိုးရပထမပြန် စာမေးပွဲ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ၊

ထူးတန်းများနှင့် သက္ကသီဟ ဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူ ခဲ့သည်။ သက္ကသီဟ ဓမ္မာစရိယတန်း အောင်မြင်တော်မူသဖြင့် ရှင်သာမဏေပြုစဉ်က ဥပဇ္ဈာယ် ဆရာတော်က ပေးခဲ့သော "ရှင်သြဘာသ"ဘွဲ့အမည်တွင် "ဘဒ္ဒန္တ သြဘာသာ ဘိဝံသ" ဟု ဘွဲ့အမည်ခေါ်ခြင်း ဖြစ်သည်။

**စာပေ ကျမ်းဂန်သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း**

ဆရာတော်သည် ရဟန်းသိက္ခာ ၇ ဝါ ရသည်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၃၀ ကျော်တိုင်တိုင် ပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲဆိုင်ရာ ကျမ်းစာများ၊ ပါဠိတော်အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို ပို့ချလျက်ရှိသည်။ တစ်ဖက်မှလည်း သာသနာရေးဦးစီးဌာန၏ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အဖွဲ့တွင် ဘုရားကြီးတိုက်၊ အဘိဓာန်အဖွဲ့၌ ပါဝင်လျက် ၁၃၃၀ ပြည့်နှစ်မှစ၍ ပါဠိပဒပိဋကတ်ကျမ်းညွှန်း တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများကို ပါဝင် ရေးသားလျက်ရှိသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

**အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် "ဘဒ္ဒန္တ သြဘာသာဘိဝံသ" သည် ၁၃၅၇ (၁၉၉၆) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

**ဦးအုန်းလွင်**

**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ။** ။ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသည်အရှေ့တောင်အာရှဒေသ အင်ဒိုချိုင်းနား ကျွန်းဆွယ်၏ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းပေါ်တွင်တည်ရှိ၍ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ရှိကြသည်။ စတုရန်း မိုင်ပေါင်း ၁,၂၇,၂၄၆ ကျယ်ဝန်းသည်။ မျိုးနွယ်စုပေါင်း ၅၄ စုရှိ၍ လူဦးရေစုစုပေါင်း ၇၃ သန်းကျော်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ နှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပြီး ဘာသာမဲ့များလည်း ရှိကြသည်။ ဗီယက်နမ်ဘာသာစကားမှာ တရားဝင် ရုံးသုံးဘာသာစကားဖြစ်၍ အဓိက ဘာသာစကားများမှာ ဗီယက်နမ်၊ ပြင်သစ်နှင့် တရုတ်ဘာသာစကားများ ဖြစ်ကြသည်။

မြို့တော်မှာ ဟနွိုင်းမြို့ဖြစ်၍ လူဦးရေ နှစ်သန်းကျော် နေထိုင်သည်။ ဆိုင်ဂုံမြို့ကိုအမည်ပြောင်းထားသော ဟိုချီမင်းမြို့တွင် လူဦးရေလေးသန်းကျော် နေထိုင်ကြသည်။

**ပါတီအထွေထွေအတွင်းရေးမှူး ဒိုမွိုင်း (ရှေ့)နှင့် သမ္မတလီဒတ်အန်**





ဗီယက်နမ်နိုင်ငံ၏ စိမ်းလန်းစိုပြေသော လယ်ယာမြေရှုခင်း

နိုင်ငံတော်အကြီးအကဲမှာ သမ္မတကြီးမစ္စတာလီဒတ်အန် ဖြစ်၍ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ အစိုးရ အကြီးအကဲ ဝန်ကြီးချုပ်မှာ မစ္စတာဗိုဗန်ကိယက်ဖြစ်၍ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ဝန်ကြီးချုပ် ဖြစ်လာသည်။

**နိုင်ငံရေး** – ဗီယက်နမ်နိုင်ငံတွင် အာဏာကို လက်ဝါးကြီး အုပ်ထားလိုသူ အဖျက်အင်အားစုများကိုပြတ်ပြတ်သားသား ချေမှုန်းတိုက်ခိုက်သွားရန် သမ္မတ လီဒတ်အန်က အာဏာရ ကွန်မြူနစ်ပါတီ ခေါင်းဆောင် များအား ၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် တိုက်တွန်းခဲ့သည်။ ဗီယက်နမ်အစိုးရသည် မည်သည့် နိုင်ငံရေးအကျဉ်းသားများကိုမျှ ဖမ်းဆီး ထားခြင်းမရှိကြောင်း ငြင်းဆိုလိုက်ပြီး ဗီယက်နမ် ပြည်တွင်း ရေးတွင် ဝင်ရောက်စွက်ဖက်နေကြသည့် လူ့အခွင့်အရေး ဝေဖန်ချက်များကို ရှုတ်ချ လိုက်သည်။

အရင်းရှင်ပုံစံ ပြုပြင်ပြောင်းလဲမှုများကို လှုပ်ရှား နေသည့် ဗီယက်နမ်ကွန်မြူနစ် ခေါင်းဆောင်များသည် အစဉ်အလာ သဘောတရားရေးရာ စံချိန်စံညွှန်းများကို ပြန်လည်ဖော်ထုတ်လိုက်ခြင်းဖြင့် ကွန်မြူနစ်ပါတီ၏ အုပ်ချုပ်မှုကို ကျားကန်ပေးရန် ဦးတည်လှုပ်ရှား လိုက်သည်ဟု နိုဝင်ဘာလ ၁၉ ရက်နေ့က ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြ ထားသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်သစ်များ ရွေးချယ်တင်မြှောက်အတည်ပြုမည့် ပါတီညီလာခံ အကြို ကာလတွင် ပါတီခေါင်းဆောင်များ ရွေးချယ်ရေး လုပ်ငန်းစဉ်၌ သဘောကွဲလွဲမှုများရှိကာ အနှောင့်အယှက် အဟန့်အတားများ ပေါ်ပေါက်ခဲ့သည်ဆိုခြင်းမှာ မဟုတ် မမှန်ကြောင်း ကွန်မြူနစ်ပါတီ၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇွန်လ ၂၇ ရက်နေ့ကပြောကြားသည်။ ခေါင်းဆောင်ပိုင်း ရွေးချယ်ရေးအကြိုပြင်ဆင်မှုလုပ်ငန်းများမှာ အဆင်ပြေ ချောမွေ့ကြောင်း၊ ပဋိပက္ခမရှိကြောင်း ညီလာခံပြင်ဆင်ရေး ကော်မတီ ဥက္ကဋ္ဌ ဟောင်ဟက ပြောကြားသည်။

သို့ရာတွင် ပါတီအထွေထွေအတွင်းရေးမှူး ဒိုမွိုင်း၊ သမ္မတ လီဒတ်အန်နှင့် ဝန်ကြီးချုပ်ဗိုဗန်ကိယက်တို့သုံးဦး စလုံးအား ပြန်လည်ရွေးချယ်ရေးဆုံးဖြတ်ချက် ထိပ်ဆုံးက ပါဝင်သော ပါတီတွင်းဆွေးနွေးပွဲများတွင် ရှေ့မတိုး နောက် မဆုတ်သာ အချိန်များစွာ ကြာခဲ့သည်ဟု ဗီယက်နမ်နှင့် သံတမန်ရပ်ကွက်က ပြောကြားသည်။ အဆိုပါ ပုဂ္ဂိုလ်သုံးဦး မှာအသက် ၇၀ ကျော်များဖြစ်ရာ ငါးနှစ်သက်တမ်းတာဝန် ထမ်းဆောင်မည့်အစား တစ်နှစ် သို့မဟုတ် နှစ်နှစ် ထမ်းဆောင်ဖွယ်ရာရှိသည်။ သို့ရာတွင် နိုင်ငံရေးဦးဆောင် အဖွဲ့ဝင် ၁၇ ဦးအနက် ငါးဦးထက်မနည်းမှာ အသက်အရွယ် ငယ်သူများနှင့် အစားထိုးခံရဖွယ်ရှိသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ၏ ရှစ်ကြိမ်မြောက် ညီလာခံပြီးဆုံးသွားပြီဖြစ်ရာ အတွင်းရေးမှူးချုပ် ဒိုမွိုင်း

(၇၉ နှစ်)အား အာဏာရကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်အဖြစ် ပြန်လည်ရွေးချယ်လိုက်ကြောင်း ပါတီ အထက်တန်းအရာရှိတစ်ဦးက ဇူလိုင်လ ၁ ရက်နေ့တွင် ပြောကြားသည်။ ယင်းပါတီညီလာခံမှပင် ပေါ်လစ်ဗျူရို အဖွဲ့ဝင်သစ် ၁၉ ဦးနှင့် အမြဲတမ်းအဖွဲ့ဝင်ငါးဦးတို့ကိုလည်း ရွေးချယ်လိုက်သည်။ အမြဲတမ်းအဖွဲ့ဝင်များအဖြစ် ဒိုမွိုင်း၊ သမ္မတဗိုလ်ချုပ်ကြီး လီဒတ်အန်၊ ဝန်ကြီးချုပ် ဗိုဗန်ကီယက်၊ စစ်ဘက်ဆိုင်ရာ နိုင်ငံရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး လီခါဖီယူနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ညူယင်တန်ဒွန် တို့အား ရွေးချယ် လိုက်သည်။

ဒိုမွိုင်းသည် ပါတီခေါင်းဆောင်အဖြစ် ၁၉၉၁ ခုနှစ်မှစ၍ လုပ်ကိုင်လာခဲ့ခြင်းဖြစ်ပြီး ပင်ပန်းနွမ်းနယ်မှု ဖြစ်ရစေကာမူ ပြည်သူနှင့် ပါတီအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထောက်များအား ဒိုမွိုင်းက ပြောကြားခဲ့သည်။ ဝါရင့် တော်လှန်ရေးသမားတစ်ဦးဖြစ်သူ ဒိုမွိုင်းသည် ဗီယက်နမ်ကွန်မြူနစ်ပါတီအတွင်း ပြုပြင်ပြောင်းလဲလိုသူများနှင့် ရှေးရိုးဝါဒီများအကြား တည်တည်ငြိမ်ငြိမ် ထိန်းချုပ်လုပ်ဆောင်နေသူဖြစ်သည်။ သူ၏ဦးဆောင်မှုအောက်တွင် ဗီယက်နမ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ပြင်ပကမ္ဘာနှင့် ဆက်ဆံရေးပိုမိုပွင့်လင်းလာသည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် ၁၉၈၀ ပြည့်လွန် နှစ်များနောက်ပိုင်းတွင် တံခါးဖွင့်ဝါဒကို စတင်ကျင့်သုံးခဲ့ရာ အကြီးအကျယ် အောင်မြင်ခဲ့သည်။ အစိုးရ၏ တရားဝင်မူဝါဒမှာ မည်သည့်ဝါဒသဘောထားကို စွဲကိုင်ထားသည်ဖြစ်စေ၊ ဗီယက်နမ်နိုင်ငံက နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရန်ကြိုးပမ်းအားထုတ်သည်သာ ဖြစ်သည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ဈေးကွက်အခြေခံမူများကို သတိထားဆောင်ရွက်လျက် ၁၉၈၆ ခုနှစ်တွင် ဆိုဗီယက်ပုံစံ စီးပွားရေးကို စတင်ပြုပြင်ပြောင်းလဲခဲ့သည်။ ပြင်ပကမ္ဘာနှင့် နှစ်ပေါင်းများစွာ ပိတ်ထားခြင်းကို ဖွင့်ပေးခဲ့သည်။ ထိုဆောင်ရွက်ချက်များက သုံးလေးနှစ်အတွင်း ဗီယက်နမ်နိုင်ငံကို တိုးတက်စေခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလုံးအရင်းဖြင့် ဝင်လာပြီး အလှူရှင်နိုင်ငံများလည်း ပိုမိုများပြားလာခဲ့သည်။ အုပ်ချုပ်မှုအဆင့်ဆင့်ကို စည်းကမ်းတကျဖြစ်စေရန် ဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနများကို ၂၇ ဌာနမှ ၂၂ ဌာနသို့ လျှော့ချပြီး ပြည်နယ်ပြည်သူ့ကော်မတီလုပ်ငန်းဌာနများကို ၃၀ ကျော်မှ ၂၀ အထိ လျှော့ချခဲ့သည်။ ပြည်သူ့ဝန်ဆောင်မှုသင်တန်းကိုလည်း အဆင့်မြှင့်တင်ခဲ့ပြီး နောက်ထပ်လေ့ကျင့်သင်ကြားမှုအတွက် ငါးနှစ်မဟာစီမံချက်ကို အတည်ပြုပေးခဲ့သည်။

ဗီယက်နမ်ပြည်သူများအနေဖြင့် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့၏ လွတ်လပ်ရေးတိုက်ပွဲကာလက စံနမူနာများကို ရယူရန် ဗီယက်နမ်သတင်းစာများက ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရေးသားတိုက်တွန်းခဲ့သည်။ ဟန္နွိုင်းမြို့တော်၏ လမ်းမကြီးများပေါ်သို့ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စတင်ထွက်ရှိပြီး ရက်ပေါင်း ၆၀ ကြာ တိုက်ပွဲဝင်ခဲ့သော ဗီယက်နမ် မျိုးချစ်အင်အားစုများနှင့် ပြင်သစ်တပ်များ၏ သွေးစွန်းသောတိုက်ပွဲအကြောင်းကို သတင်းစာများက အသားပေး ဖော်ပြကြသည်။ ဗီယက်နမ်ပြည်သူတို့က ကိုလိုနီ အုပ်စိုးသူ ပြင်သစ်တို့အား စတင်တွန်းလှန်ခဲ့သော အကြိမ် ၅၀ မြောက် နှစ်ပတ်လည်အခမ်းအနားကို ဟန္နွိုင်းမြို့တော်တွင် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကြီးထွားနေသော လာဘ်စားမှုများကို နှိမ်နင်းလျက်ရှိသော ဗီယက်နမ်နိုင်ငံသည် နိုင်ငံတော်၏ ငွေကြေးရန်ပုံငွေများကို အလွဲသုံးစားပြုသည့် အရာရှိများအားသေဒဏ်ပေးမည့် လာဘ်စားမှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို ပြဋ္ဌာန်းသွားရန် စဉ်းစားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၃ ရက်နေ့က ပြောကြားသည်။ ဒေါင်ငွေ သန်း ၃၀၀ (ဒေါ်လာ ၂၇၀၀၀) သို့မဟုတ် ထိုထက်များသောငွေကြေးကို အလွဲသုံးစားပြုလုပ်သည့် အရပ်ဘက်စစ်ဘက် မည်သူမဆို ကွပ်မျက်ရေးတပ်ဖွဲ့ ရှေ့မှောက်၌ ကွပ်မျက်မည်သို့မဟုတ် ထောင်ဒဏ် တစ်သက် ချမှတ်မည်ဖြစ်ကြောင်း ဥပဒေကြမ်း၌ ဖော်ပြထားသည်ဟု နိုင်ငံတော်စစ်ဆေးရေးဌာန အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

ယခုပြဋ္ဌာန်းမည့် ဥပဒေကြမ်းသည် လာဘ်စားမှုကို နှိမ်နင်းရန် ရည်ရွယ်သော နိုင်ငံတော်က ပထမဆုံး

ပြဋ္ဌာန်းသည့် ဥပဒေကြမ်းဖြစ်သည်။ ယခုနှစ်စောစောပိုင်း၌ ဟောင်ကောင်အခြေစိုက် အတိုင်ပင်ခံ ရူးစမ်းလေ့လာရေးအဖွဲ့က အာရှတိုက်၏ လာဘ်စားမှု အမြင့်မားဆုံး နိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ဖြစ်ကြောင်း သတ်မှတ်ဖော်ပြခဲ့သည်။ နိုင်ငံတော်၌ဖြစ်ပွားခဲ့သော လာဘ်စားမှု ၄,၉၀၀ ကြောင့် စီးပွားရေးထိခိုက်ဆုံးရှုံးရမှုမှာ ဒေါ်လာ ၁၄၅ သန်း ရှိကြောင်း ယခုနှစ် ပထမ ကိုးလ ပိုင်းအတွင်း ဖော်ထုတ်သိရှိခဲ့ရသည်ဟု ဟန္နိုင်းမွိုင်သတင်းစာက ရေးသားဖော်ပြသည်။ ဇွန်လအတွင်းက ကျင်းပခဲ့ သော ကွန်မြူနစ်ပါတီညီလာခံ၌ လာဘ်စားမှုသည် ထိပ်တန်းပြဿနာရပ်တစ်ခု ဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်ဗိုဗန်ကီယက်၊ ပါတီခေါင်းဆောင် ဒိုမွိုင်အပါအဝင် ထိပ်တန်းခေါင်းဆောင်များက လာဘ်စားမှုကို အမြစ်လှန်ပစ်ရန် တိုက်တွန်းခဲ့သည်။

**စီးပွားရေး** – စီးပွားရေးဖြစ်ထွန်းအောင်မြင်မှုကို ပုံမှန်ဖော်ပြလေ့ရှိသော ဗီယက်နမ်နိုင်ငံသည် ငြိမ်းချမ်းရေးကာလ ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ အကြီးမားဆုံးလိုငွေပြမှုကို ဖော်ထုတ်ရန် ၁၉၉၅ ခု ကုန်သွယ်မှု ကိန်းဂဏန်းကို ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ပြန်လည်စိစစ်ပြင်ဆင်ခဲ့သည်။ ဟန္နိုင်းမြို့ရှိ အထွေထွေစာရင်းဇယားဌာနက ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများတွင် ယခင်နှစ်က ကုန်ပစ္စည်းဒေါ်လာ ၅ ဒသမ ၃ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ၇ ဒသမ ၅ ဘီလီယံဖိုး တင်သွင်းခဲ့သဖြင့် ဒေါ်လာ သန်း ၄၀၀ လိုငွေပြခဲ့ရာ တရားဝင် မျှော်လင့်သည်ထက် များပြားသည်ဟုဆိုသည်။ ယခင်အကြီးမားဆုံး လိုငွေ ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံသည် ၁၉၈၈ ခုနှစ်၌ စံချိန်တင်ရှိခဲ့သည်ဟု အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

လာမည့်ငါးနှစ်တာကာလတွင် အရှေ့တောင်အာရှ၌ တစ်ဦးချင်းဝင်ငွေ သိသိသာသာ တိုးတက်ရေးအတွက် ဗီယက်နမ်က စီစဉ်ဆောင်ရွက်ထားကြောင်း ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး လီမိုင်က ဧပြီလ ၂၉ ရက်နေ့တွင် ပြောကြားသည်။ ယခုအချိန်မှ သက္ကရာဇ် ၂၀၀၀ အထိ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်စုစုပေါင်း ပမာဏ (ဂျီ ဒီ ပီ ) နှစ်ဆတိုးတက်ရန် စီစဉ်ဆောင်ရွက်ထားသည်။ အတိတ်ကာလတွင် နိုင်ငံများစွာတို့သည် ဂျီဒီပီနှစ်ဆတိုးရန် ဆယ်နှစ်သတ်မှတ်ဆောင်ရွက်ခဲ့ကြသည်။ သို့သော် ယခုအခါ မိမိတို့သည်

ဟိုချီမင်းမြို့တော်ရှိဆိုက်ကားဂိတ်တစ်ခု





ဆေးဂုံရှိ ဆင်းရဲသားရပ်ကွက် မြင်ကွင်း

လာမည့်ငါးနှစ်အတွင်း ထိုအခြေအနေကို ရရှိခံစားနိုင်မည့် အခြေအနေတွင်ရှိသည်။ သို့သော် ထိုရည်မှန်းချက် အောင်မြင်ရေးမှာ ဗီယက်နမ်၏ စွမ်းဆောင်ရည်သည် စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးမှု ချိန်ခွင်လျှာကို ထိန်းသိမ်းနိုင်မှုအပေါ်တွင် တည်မှီသည်ဟု လီမိုင်က ဆက်လက်ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အစိုးရ၏ရည်မှန်းချက်များ ချမှတ်ထားသည့်အတိုင်း စီးပွားရေး အကျိုးစီးပွားများကို အာရုံစိုက်စေလိုကြောင်း မေလ ၂၉ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။ ရင်းနှီးမြှုပ်နှံလာကြရေးအတွက် ဆွဲဆောင်မှု ပိုမိုလာရေး၊ စီးပွားရေးကဏ္ဍ၏ သီးခြားနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့အတွက် ရည်ရွယ်သော အစီအမံများကို ဗီယက်နမ်အစိုးရက ချမှတ်ကျင့်သုံးမည်ဖြစ်သည်။ ၁၉၉၆ ခုနှစ် ပထမလေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရှင်သန်ခြင်းမှာ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သောကြောင့် ဖြစ်သည်။ အမျိုးသားစီးပွားရေး အကျိုးစီးပွားကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ ထိန်းချုပ်မသွားရေးကို မိမိတို့ကြိုးပမ်းရမည်ဟု သမ္မတ လီဒတ်အန်က ပြောကြားပြီးနောက် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ငုယင်ငတ်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။ လောလောဆယ်အချိန်တွင် နိုင်ငံပေါင်း ၅၀ ကျော်မှ ကုမ္ပဏီများက ဗီယက်နမ်နိုင်ငံ၌ ဒေါ်လာ သန်းပေါင်း ၂၀,၀၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် လျာထားသည်။

အောက်တိုဘာလ ၁၆ ရက်နေ့က ဖွင့်လှစ်သော ဗီယက်နမ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က အဖွင့်အမှာစကား ပြောကြားရာ၌ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသောပြဿနာများ တွေ့ကြုံရမှုနှင့် ပတ်သက်၍ မပြောစဖူး ပွင့်ပွင့်လင်းလင်းပြောကြားသွားခဲ့ သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် လူမှုရေးတည်ငြိမ်မှု၊ နိုင်ငံတော် လုံခြုံမှုနှင့် နိုင်ငံသားများစည်းကမ်းလိုက်နာမှုတို့နှင့် ဒွန်တွဲဖြစ်ပေါ်ရန် လိုအပ်သည်။ အဂတိ လိုက်စားမှု၊ အရည်အချင်းမပြည့်ဝမှု၊ ကျေးလက်ဒေသများ၌ လုပ်သားများ စွမ်းရည်ပြည့် လုပ်ခွင့်မရမှု၊ ဒုစရိုက်မှုများ ထူပြောလာမှု၊ ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှု၊ ထုတ်လုပ်မှု ပမာဏ ကျဆင်းလာမှုနှင့် ငွေကျပ်မှုတို့မှာ အဓိကစီးပွားရေးပြဿနာများ ဖြစ်ကြသည်။ ယင်းအားနည်းချက်များကြောင့် အောင်မြင်မှုများတွင် အကန့်အသတ်များနှင့် တွေ့ကြုံခဲ့ရ

ပြီး ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ထိထိမိမိလှုပ်ရှားရေးတွင် စိတ်ဓာတ်ရေးရာအရ အားနည်းမှုဖြစ်ပေါ်စေသည် စသည်ဖြင့် ဗိုဗန်ကိယက်က ပြောကြားခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး –** ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒိုမွိုင်းသည် တရုတ်ပြည်တွင် တရားဝင် လည်ပတ်ရန် ဟန္နိုင်းမြို့မှ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ထွက်ခွာသွားခဲ့သည်။ ၁၉၉၄ ခုနှစ်က တရုတ်ကွန်မြူနစ်ပါတီအတွင်းရေးမှူး ကျန်စီမင်း ဗီယက်နမ်သို့ လာရောက်လည်ပတ်သော ခရီးစဉ်၏အတုံ့အလှည့်အဖြစ် တရုတ်ပြည်သို့ ခြောက်ရက်ကြာ သွားရောက်မည့် ဒိုမွိုင်း၏ခရီးစဉ်သည် အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမို ခိုင်မြဲစေမည်ဟု မျှော်လင့်ခဲ့ကြသည်။

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာနုသည် ဗီယက်နမ်သမ္မတလီဒတ်အန်အား သုံးရက်ကြာ ဗီယက်နမ်ခရီးစဉ်၏ ပထမနေ့ဖြစ်သော ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ မကြာခဏရန်စောင်နေသော နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာသော အရိပ်လက္ခဏာတစ်ခုဖြစ်ကြောင်း၊ ၂၂ နှစ်ကြာကာလအတွင်း ဗီယက်နမ်သို့ ပထမဆုံး လာရောက်လည်ပတ်ရသည်ကို ဝမ်းမြောက်ကြောင်းဘုရင်သီဟာနုက ပြင်သစ်ဘာသာစကားဖြင့် ပြောကြားသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နယ်စပ်တင်းမာမှုပြဿနာကို ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဆာခင်းသည် ဗီယက်နမ်ခေါင်းဆောင်များနှင့် တွေ့ဆုံပြီးနောက် ငြိမ်းချမ်းသောဖြေရှင်းချက်ရရေး ကြိုးပမ်းရန် ၁၉၉၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် သဘောတူခဲ့သည်။ ဗီယက်နမ်လယ်သမားများနှင့် စစ်သားများ နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ပြီး နယ်မြေများကို သိမ်းယူထားကြသည်ဟု ကမ္ဘောဒီးယားက စွပ်စွဲထားသည်။ တွဲဖက်ဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ကလည်း ငြိမ်းချမ်းစွာဖြေရှင်းမရလျှင် အင်အားသုံးပြီး မောင်းထုတ်ပစ်မည်ဟု ယခင်က အရိပ်အမြွက်ပြောကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကိယက်ကမူ တစ်စုံတစ်ရာချိုးဖောက်ခြင်း မရှိကြောင်း ငြင်းဆိုထားသည်။ ကိယက်၏ ပြောကြားချက်သည် နှစ်နိုင်ငံခေါင်းဆောင်များ ရရှိထားသော သဘောတူချက်များကို ဗီယက်နမ်က တိကျစွာ အကောင်အထည်ဖော်သည်မှာ ထင်ရှားကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် ပြဿနာတစ်စုံတစ်ရာမရှိဟု ယုံကြည်ကြောင်း ဆိုလိုပေသည်။

ဗီယက်နမ်နှင့် စင်ကာပူဝန်ကြီးချုပ်နှစ်ဦးသည် ကဏ္ဍသုံးလေးခုတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုတို့ကို ခိုင်မာအောင် ဆောင်ရွက်ရန် ကတိပြုကြသည်ဟု ဗီယက်နမ်သတင်းဌာနက စင်ကာပူ ဝန်ကြီးချုပ် ဂိုချုပ်တောင် ဗီယက်နမ်သို့ လာရောက်လည်ပတ်သော မေလ ၁၄ ရက်နေ့တွင် သတင်းထုတ်ပြန်လိုက်သည်။ ထို့ပြင် ဂိုချုပ်တောင်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကိယက်တို့သည် နှစ်နိုင်ငံအပြန်အလှန် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင်လည်း အရှိန်အဟုန် တိုးမြင့်ဆောင်ရွက်ရန်ဟိုချီမင်းမြို့၌ ပြုလုပ်သော အစည်းအဝေး၌ သဘောတူခဲ့ကြသည်။

ဗီယက်နမ်သို့ ဂိုချုပ်တောင်လာရောက်ခြင်းသည် ဗီယက်နမ်၌ စင်ကာပူစီးပွားရေးလုပ်ငန်းများကို စိတ်ဝင်စားမှု ရှိကြောင်းနှင့် အစိုးရချင်း ဆက်ဆံမှုကို စိတ်ဝင်စားမှုရှိကြောင်း အထူးဖော်ပြခဲ့သည်ဟုဆိုသည်။ နောက်ဆုံး ထုတ်ပြန်သော ကိန်းဂဏန်းများအရ စင်ကာပူနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံခဲ့သော နိုင်ငံခြားတိုင်းပြည်များ စာရင်းတွင် စတုတ္ထနေရာ၌ရှိပြီး စီမံကိန်း ၁၁၉ ခုအတွက် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။ ဂိုချုပ်တောင်သည် မေလ ၁၃ ရက်နေ့တွင် ဗီယက်နမ်သို့ ရောက်ရှိ၍ နှစ်ရက်ကြာနေထိုင်ခဲ့သည်။

**မလေးရှားနိုင်ငံ**။ ။ မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိ၍မလေးကျွန်းဆွယ်နှင့် ဘော်နီယိုကျွန်းမှ ဆားဘားနှင့် ဆာရာဝပ်ပြည်နယ် နှစ်ခုတို့ပါဝင်သည်။ နိုင်ငံအကျယ်အဝန်းမှာစတုရန်းကီလိုမီတာ ၃၂၉,၇၅၈ ရှိ၍ သဘာဝတောတောင်အလှ များနှင့် သာယာသော ပင်လယ် ကမ်းရိုးတန်းအများအပြားရှိသည်။ လူဦးရေ၁၉ သန်းခန့် ရှိ၍ မလေးလူမျိုး၊ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးနှင့် ဆားဘား နှင့် ဆာရာဝပ်ပြည်နယ်တို့မှ လူမျိုးစုများ နေထိုင်ကြသည်။



ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်

ဘာဟာဆာမာလာယုမှ ၁ နိုင်ငံတော်သုံး ဘာသာစကားဖြစ်၍အင်္ဂလိပ်စကားကိုကျယ်ကျယ်ပြန့်ပြန့် ပြောဆိုသုံးစွဲကြသည်။ အခြားသုံးစွဲသောစကားများမှာ တရုတ် နှင့် တမီးလ်စကားတို့ဖြစ်ကြသည်။ အစ္စလမ် ဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ဖြင့်ပြဋ္ဌာန်းထားသော်လည်း ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အခြားဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ် နိုင်သည်။

ပြည်နယ် ၁၃ ခုနှင့် ပြည်ထောင်စုနယ်မြေနှစ်ခုဖြစ်သော ကွာလာလမ်ပူဒေသနှင့် လက်အူအန်ဒေသတို့ဖြင့် နိုင်ငံကိုဖွဲ့စည်းတည်ထောင်ထားသည်။ ပြည်နယ် ၁၃ ခုအနက်ပြည်နယ်ကိုးခုမှာ မျိုးရိုးစဉ်ဆက်အုပ်စိုးလာသော စော်ဘွားတစ်ဦးစီက အုပ်ချုပ်၍ ယင်းစော်ဘွားကိုးဦးကမိမိတို့ထဲမှ စော်ဘွားတစ်ဦးကို ငါးနှစ်သက်တမ်းကာလအတွက် မလေးရှားဘုရင်အဖြစ် ရွေးချယ်တင်မြှောက် ကြသည်။ နိုင်ငံအကြီး အကဲမှာဘုရင်ဖာဘင်အဗ္ဗဒူရာမန်ဖြစ်၍ ၁၉၈၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ဘုရင်အဖြစ် စတင်တာဝန်ယူခဲ့သည်။

**နိုင်ငံရေး–** မလေးရှားနိုင်ငံသည်လူ့အခွင့်အရေးများကို အလေးမထား သတင်းစာလွတ်လပ်ခွင့် မရှိဟူသော အမေရိကန် ဝေဖန်မှုကိုမလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ၁၉၈၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ငြင်းပယ်လိုက်သည်။ မလေးရှားနိုင်ငံတွင် ပြည်သူအချို့အားစစ်ဆေးခြင်းမပြုဘဲ ချုပ်နှောင်ထားသည့်ပြင် သတင်းစာလွတ်လပ်ခွင့်လည်း အပြည့်အဝမပေး၊ အကျဉ်းစခန်း များတွင်အကျဉ်းသားများအား ကောင်းမွန်စွာ မထားသဖြင့် အချို့သေဆုံးသည်ဟူ၍ အမေရိကန်အစိုးရ အစီရင်ခံစာတစ်ရပ်တွင် စွပ်စွဲထားသည်။ အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးဖောက်ဖျက်သည့် စာရင်း၊ မလေးရှားနိုင်ငံအားပယ်ဖျက်ပေးရန် မလေးရှားနိုင်ငံ အမေရိကန်နိုင်ငံအားမေတ္တာရပ်ခံရန်အစီအစဉ် ရှိ

မေးမြန်းရာ၌ ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က အခြားသူများပြောသည်ကို မိမိတို့ဂရုစိုက်ရန်မလိုကြောင်း၊ အရေးကြီးသည်မှာ ကိုယ့်နိုင်ငံ၏ အခြေခံလူ့အခွင့်အရေးကို ကိုယ်ကိုတိုင် ဂရုတစိုက်ရှိရန်လိုကြောင်း၊ အမေရိကန်တို့သည် အခြားနိုင်ငံများ၏ အခြေခံလူ့အခွင့်ရေးများကို အမြဲချိုးဖောက်နေကြောင်း၊ အမေရိကန်တို့သည် အခြားနိုင်ငံများသို့ သွားရောက်ပြီး ၎င်းတို့အလိုရှိသူများကို ဖမ်းဆီးခေါ်ဆောင်သွားတတ် ကြကြောင်း၊ ထို့နောက် ၎င်းတို့၏ ဥပဒေအရထိုသူများကို အရေးယူအပြစ်ပေးခြင်းများပြုလုပ်နေကြောင်းစသဖြင့် ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က သူ့နေရာတွင်ဆက်ခံမည့်သူအဖြစ် အမျိုးသား ညီညွတ်ရေးပါတီ(ယူအမ်အင်အို)ဥက္ကဋ္ဌရာထူးနေရာတွင် အန်ဝါအီဘရာဟင်အား ရွေးချယ်လျာထားခြင်းကို ထောက်ခံလိုက်ကြောင်း မလေးရှားအမျိုးသား ဘနာမာသတင်းဌာနက ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်ဖော်ပြသည်။ (ယူအမ်အင်အို)ပါတီတွင်းရွေးချယ်ပွဲကို ၁၉၉၉ ခုနှစ်တွင် ပြုလုပ်မည်ဖြစ်သည်။ အန်ဝါအားမိမိကို ဆက်ခံမည့်သူအဖြစ် ရွေးချယ်ခဲ့သော ပါတီ၏ဆန္ဒကို မိမိလိုက်နာမည်ဖြစ်ပြီးရာနှုန်းပြည့်အထောက်အကူပေးမည်ဟု မဟာသီယာက ပြောကြားသည်။

ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်သည် ကမ္ဘာတွင် တတိယအမြင့်ဆုံးမျှော်စင်ကိုမီးရှူးမီးပန်းများ အကြီးအကျယ်ထွန်းညှိထားသော အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ ထိုမျှော်စင်သည် ၁၃၈၁ ပေမြင့်ကြောင်း၊ ၁၈၁၄ ပေမြင့်သော တိုရွန်တိုစီအင်မျှော်စင်နှင့် ၁၇၆၂ ပေ မြင့်သော မော်စကိုမျှော်စင်တို့ပြီးလျှင် အမြင့်ဆုံး ဖြစ်ကြောင်း မျှော်စင်ပိုင်ရှင်ပီတီဝိုင်လီမိတက်က ပြောကြားသည်။ တောက်ပထူးခြားနေသောနောက်ဘက်တွင် ဆောက်လုပ်ပြီးစီးလုနီးဖြစ်သော ၁၄၈၃ ပေမြင့်သည့် ပီထရိုနက်စ်နှစ်ဆောင်ပြိုင်မျှော်စင်ရှိသည်။ ကွာလာလမ်ပူမျှော်စင်သည် တောင်ကုန်းပေါ်၌တည်ဆောက်ထားသဖြင့် မြို့တော်၏ အဝန်းအဝိုင်းအတွင်းတွင် အဆိုပါအဆောက်အအုံက နေရာ ယူထားသည်။ ဂျာမနီနိုင်ငံ ဝေးစ်အင်ပရီတက် အေဂျီကုမ္ပဏီက တည်ဆောက်သောထိုမျှော်စင်သည် ရင်းဂစ်ငွေ သန်းပေါင်း ၂၇၀ (ဒေါ်လာ ၁၀၈ သန်း)ကုန်ကျ၍ ဆက်သွယ်ရေးလုပ်ငန်းများအတွက်အဓိကအသုံးပြုမည်ဖြစ်သည်။

**စီးပွားရေး–** အောက်တိုဘာလနောက်ပိုင်း၌ ပါလီမန်သို့ တင်သွင်းမည့် ၁၉၉၇ ခုနှစ်၊ အမျိုးသား ရသုံးခန့်မှန်းခြေငွေစာရင်းသည် မလိုလားအပ်သောသွင်းကုန်များ လျှော့ချရေးကို အလေးပေးဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြောကြားသည်။ ပြည်တွင်း၌ ထုတ်လုပ်ရရှိနိုင်သော ကုန်ပစ္စည်းများ ဝယ်ယူ

**မဟာသီယာ၏ နေရာတွင် ဆက်ခံရန် ရွေးချယ်လျာထားခြင်းခံရသည့် အန်ဝါအီဘရာဟင်(ဝဲ)အား မဟာသီယာ(ယာ)နှင့် အတူတွေ့ရစဉ်**





ကွာလာလမ်ပူမြို့ရှိ ပီထရိုနက်စ်မျှော်စင် (ဝဲဘက်အစွန်ဆုံး) ကိုတွေ့ရစဉ်

ပါလီမန်အစည်းအဝေးသို့ တက်ရောက်လာသောဝန်ကြီးချုပ် မဟာသီယာ



ရရှိနိုင်ချိန်တွင် ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို အများပြည်သူမဝယ်ယူရစေရန် အခွန်အတုပ် မက်လုံးပေးသည့် နည်းလမ်းများဖြင့် ပြည်သူလူထုကို အစိုးရက ဖျောင်းဖျသင့်သည်။ မိမိသည် ပြည်ပကုန်ပစ္စည်းများအား သပိတ်မှောက်ရန်အားပေးနေခြင်းမဟုတ်ဘဲ အမျိုးသားလိုငွေလျော့ချနိုင်မည့် အစီအစဉ်ကိုသာ အကောင်အထည်ဖော်ရန် ရည်ရွယ်သည်ဟု သတင်းထောက်များအား မဟာသီယာက ပြောကြားသည်။ သို့ရာတွင် မည်သည့် သွင်းကုန်ပစ္စည်းများတင်သွင်းမှုလျော့ချမည် ဆိုခြင်းနှင့် ပတ်သက်၍တိကျစွာ ဖော်ပြခြင်းမရှိပေ။ မလေးရှား နိုင်ငံသည်လွန်ခဲ့သောရစ်နှစ်တွင် စီးပွားရေးရှစ်ရာခိုင်နှုန်းခန့်တိုးတက်လာခဲ့သော်လည်း ၁၉၉၆ ခုနှစ်နှင့်၁၉၉၇ ခုနှစ်တွင် နိုင်ငံတကာငွေပေးငွေယူရှင်းတမ်း၌ ဒေါ်လာလေးဘီလီယံလိုငွေပြလိမ့်မည်ဟု ဆန်းစစ်သူများက ဟောကိန်းထုတ်ခဲ့ကြသည်။

မလေးရှား နိုင်ငံ တိုးတက်သော စက်မှုနိုင်ငံဖြစ်လာစေရန် လိုအပ်သောစက်မှုနည်းပညာရပ်ကို ဝယ်ယူရန် အသင့်ရှိ သည်ဟု ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ဟက်တာ ၂၈၀ ကျယ်ဝန်းသောစက်မှုပညာဥယျာဉ် တီပီအမ် ဖွင့်ပွဲတွင် နိုဝင်ဘာ ၂၉ ရက်က ပြောကြားသည်။ မလေးရှားနိုင်ငံသည် အီလက်ထရွန်းနစ်နယ်ပယ် အတွင်းသို့ ခုန်ပျံ ကျော်လွှားဝင်ရောက်ရမည်ဖြစ်ရာ ပြည်သူတို့က ပို၍ အသိဉာဏ်ပညာ ရှိလာရန်နှင့် လေ့ကျင့်သင်ကြားတတ်မြောက်ရန် လိုအပ်သည်။ မလေးရှားနိုင်ငံသည်စက်မှုကမ္ဘာကိုအမီလိုက်နိုင်မည်ဟု ယုံကြည်သည် စသည်ဖြင့် မဟာသီယာက ပြောကြားခဲ့သည်။ မလေးရှား နိုင်ငံတွင် တီပီအမ်ကို ၁၉၈၈ ခုနှစ်တွင်စတင် တည်ဆောက် ခဲ့ပြီး တီပီအမ်သည်သုတေသန လုပ်ငန်းဖွံ့ဖြိုးတိုးတက် စေရန်နှင့် တိုင်းပြည်အတွက်အဆင့်မြင့် စက်မှုနည်းပညာ တီထွင်ဆန်းသစ်စေရန် အဓိကကျသောဌာန တစ်ခုသဖွယ် လုပ်ငန်း ဆောင်ရွက်မည် ဖြစ်သည်။

**နိုင်ငံခြားအလုပ်သမားများပြဿနာ–မလေးရှားနိုင်ငံ** အကြမ်း ဖက်မှုများတွင်နိုင်ငံခြားသား အလုပ်သမားများပါဝင်ပြီး၊ လူမှုရေးအနှောင့်အယှက်များဖြစ်စေသည်ဟူသော တိုင်တန်း ချက်များရရှိပြီးနောက် မလေးရှားနိုင်ငံက နိုင်ငံခြားသား အလုပ်သမားများ ခေါ်ယူမှုဝါဒကို ပြန်လည် သုံးသပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာများက စက်တင်ဘာလ ၂၂ ရက်နေ့တွင်ရေးသား ဖော်ပြကြသည်။ နိုင်ငံခြားသား အလုပ်သမားများနှင့် စပ်လျဉ်း၍ ပြည်သူတို့ထံမှ တိုင်စာ အများအပြား ရရှိထားကြောင်း၊ ထိုကိစ္စကိုမိမိတို့ စစ်ဆေးသုံးသပ်မည် ဖြစ် ကြောင်း အစိုးရအဖွဲ့၏ နိုင်ငံခြား အလုပ်သမားရေးရာ ဥက္ကဋ္ဌ နှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်သူ အန်ဝါက ပြောကြား သည်။

နိုင်ငံခြားသား အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့် ပါမစ်အားလုံးကို ရပ်ဆိုင်းထားကြောင်း၊ ကုမ္ပဏီများက အလုပ်သမားများအလိုရှိလျှင် လူဝင်မှုကြီးကြပ်ရေးကုန်ရုံများသို့ သွားခေါ်နိုင်ကြောင်း စုစည်းညီညွတ်သော မလေးအမျိုးသားအဖွဲ့အထွေထွေ ညီလာခံ၌ မလေးရှား ဒုတိယဝန်ကြီးချုပ် အန်ဝါက အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန် လာမှုကြောင့် အလုပ်သမားမလုံလောက်မှုဖြစ်ပေါ်နေရာ ဌာနေနိုင်ငံခြားသား အလုပ်သမားများကို ဆက်ပြီးအားထားရမည် ဖြစ်သည်။ မလေးရှားနိုင်ငံတွင် အလုပ် လုပ်ကိုင်ခွင့် ရရှိထားသော နိုင်ငံခြားသားအလုပ်သမား ၇,၅၀,၀၀၀ ရှိပြီး တရားမဝင်အလုပ်သမားတစ်သန်းကျော်ရှိသည်။ တရားဝင်ခွင့်ပြုချက် ရရှိထားသော အလုပ်သမားများတွင် အင်ဒိုနီးရှား ၃,၀၆,၀၀၀ နှင့်ဘင်္ဂလားဒေ့ရှ် ၁,၁၇,၅၀၀ ဦးတို့ ဖြစ်ပြီး ကျန်အလုပ်သမားများမှာ ဖိလစ်ပိုင်၊ ထိုင်း၊ ပါကစ္စတန်၊ အိန္ဒိယနှင့် သီရိလင်္ကာတို့မှ ဖြစ်ကြသည်။ ယခုနှစ် ဩဂုတ်လအထိ မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရာဇဝတ်မှုကြီး ၁၀,၆၂၃ မှုတွင် နိုင်ငံခြားသား အလုပ်သမားများ ကျူးလွန်သော ရာဇဝတ် မှုမှာ ၆၂၈ မှုသာရှိသည် စသဖြင့် အန်ဝါက ပြောကြား ခဲ့သည်။

ပြည်ပမှတရားမဝင်လာရောက်သူများ တိုးတက်များပြားလာခြင်းကို ထိန်းချုပ်ရန် တရားမဝင် နိုင်ငံခြားသားအလုပ်သမားများနှင့် အလုပ်ရှင်များကို ကြိမ်ဒဏ်ပေးရန် မလေးရှားအစိုးရက ဆုံးဖြတ်ကြောင်း အောက်တိုဘာလ ၁၈ ရက်နေ့တွင်အေပီသတင်းဌာနက ဖော်ပြသည်။ အာရှ နိုင်ငံများမှ တရားမဝင်လာရောက် အလုပ်လုပ်သော နိုင်ငံခြားအလုပ်သမားတစ်သန်းခန့် ရှိပြီး ၇၅,၀၀၀ ခန့်သာ တရားဝင်စာရွက်စာတမ်းများ ရှိမည်။ ယင်းပြဿနာမှာဆိုးဆိုးရွားရွား ဖြစ်လျက်ရှိရာ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ရမည် ဖြစ်သည်။ ဖမ်းဆီးမိသော တရားမဝင်အလုပ်သမား များကိုပထမအကြိမ်တွင် နိုင်ငံရင်းသို့ ပြန်ပို့ရန်နှင့် ပြန်လည်ရောက်ရှိလာပြီး

အဖမ်းခံရပါက ကြိမ်ဒဏ်ပေးရန်၊ အလုပ်ရှင်ကို ပထမအကြိမ် ဒဏ်ငွေတပ်၍ ထပ်မံ စစ်ဆေးတွေ့ရှိရပါက ကြိမ်ဒဏ် စီရင်ရန် မလေးရှားအမျိုးသား လုံခြုံရေး ကောင်စီက ဆုံးဖြတ်ထားသည်။ တရားမဝင် လာရောက်သူများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများမှာ လုံလောက်မှု မရှိတော့သဖြင့် ပိုမိုပြင်းထန်စွာ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က ပြောကြားသည်။

**မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေး။** ။မိဘမဲ့ကလေးများ၊ စွန့်ပစ်ကလေးများကိုပြုစုစောင့်ရှောက်ပေးနိုင်ရန်အတွက်အစိုးရအဖွဲ့အစည်း(**Governmental Organization**)အဖြစ်လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မွေးစမှ အသက် ငါးနှစ်အရွယ်အထိရှိသည့် မိဘမဲ့ကလေးများ၊စွန့်ပစ်ကလေးများကို စောင့်ရှောက်ပေးနိုင်ရန် ကလေးပြုစုရေးဌာန (၆) ခုကို ရန်ကုန်မြို့တွင် ရွှေဂုံတိုင်နှင့် ထောက်ကြံ့၊ မန္တလေးမြို့၊ မကွေးမြို့၊ မော်လမြိုင်မြို့နှင့် ကျိုင်းတုံမြို့တို့တွင် ဖွင့်လှစ်ထားရှိသည်။


မိဘမဲ့ကလေးများကို မိသားစုအုပ်ထိန်းသူသဖွယ်ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသက်အရွယ်နှင့်ညီမျှသည့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးမှုရစေရှိရန် ဆောင်ရွက်ပေးခြင်း၊ မိဘဘဝတည်ဆောက်နိုင်စေရန်ဌာနပိုင် မိဘမဲ့ကလေးများကို မွေးစားလိုပါက တည်ဆဲကိတ္တိမ သားသမီးမွေးစားရေး မှတ်ပုံတင်အက်ဥပဒေနှင့်အညီ ဆောင်ရွက်ပေး ခြင်း လုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ထမ်းဆောင် လျက်ရှိသည်။

မွေးစားခြင်း ( **Adoption** ) တွင် မွေးစားလိုသည့်ပြည်သူများအနေဖြင့် ကလေးပြုစုရေးဌာနများတွင် လာရောက်ကြည့်ရှုနိုင်ပြီး နှစ်သက်သဘောကျသည့် သံယောဇဉ်ဖြစ်သည့်ကလေးငယ်များကို ကိတ္တိမသားသမီး မွေးစားရေးမှတ်ပုံတင်အက်ဥပဒေနှင့် အညီ လူမှုဝန်ထမ်းဦးစီးဌာနက မွေးစားခွင့်ပြုသည်။ ကလေး လိုချင်သည့်ပြည်သူများအနေဖြင့် မွေးစား သားသမီး များရရှိကြပြီး ဌာနရှိကလေးများအနေဖြင့်လည်း မိသားစုဘဝ၊ မိသားစုသံယောဇဉ်များဖြင့် ကြီးပြင်း ရှင်သန်ခွင့်ရသဖြင့် ကလေးများအတွက် အကျိုး သက်ရောက်မှုရှိစေသည်။

မွေးစားမခံရဘဲကျန်ရှိသည့်ကလေးများသည်အသက် ငါး နှစ်ကျော်သည့်အခါ ယောကျ်ားကလေးဖြစ်လျှင် လူငယ်သင်တန်းကျောင်း၊ မိန်းကလေးဖြစ်လျှင် အမျိုးသမီးကလေးသင်တန်းကျောင်းများသို့ ပြောင်းရွှေ့ စောင့်ရှောက်မှုခံယူရသည်။ လူငယ်သင်တန်းကျောင်း အနေဖြင့် ယောကျ်ားလေးများကို အသက် (၁၆) နှစ်အထိ၊ အမျိုးသမီးကလေးသင်တန်းကျောင်းအနေဖြင့် အမျိုးသမီး ကလေးများကို အသက် (၁၈) နှစ်အထိ စောင့် ရှောက်ပေးသည်။

ဤသင်တန်းကျောင်းများ၌ ကလေးများသည် ပညာစတင် သင်ကြားနိုင်သည့် အရွယ်သို့ ရောက်ရှိပြီးဖြစ်သည့်အတွက် ဌာနတွင် အခြေခံပညာ မူလတန်းကျောင်းကို သင်တန်းကျောင်းအတွင်း၌ ဖွင့်လှစ်ထားခြင်း မူလတန်းအောင်မြင်သည့်အခါ သင်တန်းကျောင်းနှင့် နီးစပ်ရာ အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ၌ ပညာဆက်လက် သင်ကြားစေခြင်းတို့ကို ဆောင်ရွက်ပေးသည်။ကျောင်းပညာတာဝန်ယူ သင်ကြားခြင်း၊ မိဘအုပ်ထိန်းသူသဖွယ် ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းတို့သာမက အသက်မွေးဝမ်းကျောင်း ပညာများကိုလည်း သင်ကြားပေးသည်။ ယောကျ်ားကလေးများအတွက် ဆံပင်ညှပ်သင်တန်း၊ လက်သမားသင်တန်း စသည်တို့ကိုလည်းကောင်း၊ အမျိုးသမီး ကလေးများအတွက် စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုးပညာ များကို လည်းကောင်း သင်တန်းကျောင်းများ၌ သင်ကြား ဆောင်ရွက်ပေးလျက်ရှိသည်။ အလုပ်အကိုင် များကိုလည်း အသက်အရွယ်၊ ပညာအရည်အချင်းနှင့်လျော်ညီစွာ နေရာချထားဆောင်ရွက်ပေးသည်။

ယောကျ်ားလေးများကို အသက် (၁၆) နှစ်အထိသာ ပြုစုစောင့်ရှောက်ပေးသော်လည်း အမျိုးသမီးကလေးများကိုမူ အသက် (၁၈) နှစ်ကျော်သည်အထိ စောင့် ရှောက်ပေးသည်။ အမျိုးသမီးကလေး သင်တန်း ကျောင်းမှ အမျိုး



ချောင်းဦးမြို့နယ်ရှိ ဇရိပ်မွန် (၂) မိဘမဲ့ကျောင်း

ရွှေဂုံတိုင်ကလေးပြုစုရေးဌာနရှိ မိဘမဲ့ကလေးများအား
စေတနာရှင်များက အာဟာရတိုက်ကျွေးနေစဉ်



သမီးငယ်များ အသက် (၁၈) နှစ် ကျော်သည့်အခါ အမျိုးသမီးရိပ်သာများ သို့ ပြောင်းရွှေ့ စောင့်ရှောက်ပေး သည်။

မိဘမဲ့နှင့်ခိုကိုးရာမဲ့ကလေးများကို ပြုစုစောင့်ရှောက်ရန်အတွက် လူငယ်သင်တန်းကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ထားရှိသည်။ အဆိုပါ ကျောင်းများမှာ ကမ္ဘာအေး လူငယ်သင်တန်းကျောင်း မရမ်းကုန်းမြို့နယ်၊ အင်းလျား လူငယ်သင်တန်းကျောင်း ကမာရွတ်မြို့နယ်၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း ကောမှူးမြို့နယ်၊ မန္တလေးလူငယ်သင်တန်းကျောင်း မန္တလေးမြို့၊ မော်လမြိုင် လူငယ်သင်တန်းကျောင်း မော်လမြိုင်မြို့၊ လားရှိုးလူငယ်သင်တန်းကျောင်း လားရှိုးမြို့တို့ဖြစ်ကြပြီး အမျိုးသမီးကလေးသင်တန်းကျောင်း နှစ်ကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားသည်။ အသက် (၁၈) နှစ်ကျော်လွန်သည့် အမျိုးသမီးများကို ဆက်လက်စောင့်ရှောက်ပေးနိုင်ရန် အတွက် အမျိုးသမီးရိပ်သာနှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ထားသည်။

မိဘမဲ့နှင့်စွန့်ပစ်ကလေးများကို ယောကျ်ားလေးဖြစ်လျှင် အသက် (၁၆) နှစ်ထိ ပြုစုစောင့်ရှောက်ပေးပြီး အမျိုးသမီးကလေးများကို အသက် (၁၈) နှစ်ကျော်လွန်သည်အထိ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူစောင့်ရှောက် ပေးလျက်ရှိသည်။

အစိုးရ အဖွဲ့အစည်းအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူစောင့်ရှောက်ပေးသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်း(Non-Governmental Organization) များက စောင့်ရှောက်ပေးမှုများလည်း ရှိကြသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်း များ၊ အခြားဘာသာရေး အဖွဲ့အစည်းများ၊ စေတနာ့ ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများက တည်ထောင် ဖွင့်လှစ်ထားသော ပရဟိတ ဂေဟာများ၊ မိဘမဲ့ကျောင်းများ မှာလည်း နိုင်ငံ၏ ဒေသအချို့တွင် တည်ရှိနေသည်။ ဤသို့သော ပရဟိတ ဂေဟာများ၊ မိဘမဲ့ ကျောင်းများထဲမှ သတ်မှတ်ချက် ညီညွတ်သည့် ကျောင်းများကို လူမှုဝန်ထမ်းဦးစီးဌာနက

နံနက်စာ စားသောက်နေကြသော မိဘမဲ့ကလေးများ



ငွေကြေး၊ ဆန်၊ အဝတ်အစား၊ အိပ်ရာပစ္စည်းများ နှစ်စဉ်ပုံမှန် ထောက်ပံ့ပေးအပ်လျက် ရှိသည်။

ယင်းသို့သောကျောင်း၊ဂေဟာများအနက် အောင်မြင်မှု ရှိနေသောကျောင်းမှာ ဇရိပ်မွန်ကျောင်းဖြစ်ပြီး သီလရှင်ဆရာကြီးဒေါ်နန္ဒထေရီက ဦးဆောင်ဆောင်ရွက်လျက်ရှိသည်။ မန္တလေးမြို့တွင် ဇရိပ်မွန်ကျောင်းကို ဖွင့်လှစ်ထားပြီး ယင်းမတိုင်မီ တောင်ငူမြို့၌လည်း ဇေယျာသီရိကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၇.၈.၉၆ နေ့တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက မိဘမဲ့အမျိုးသမီးကလေးကျောင်းဖွင့်လှစ်ခဲ့ရာ ဇရိပ်မွန်အမည်ကိုဆက်ခံပြီး ဆရာကြီးဒေါ်နန္ဒထေရီပင် ဦးဆောင် ဆောင်ရွက်သဖြင့် ချောင်းဦးဇရိပ်မွန်ကို ဇရိပ်မွန် (၂) ဟုသတ်မှတ်ပြီး မန္တလေးဇရိပ်မွန်သည် ဇရိပ်မွန် (၁) ဖြစ်ကာ တောင်ငူမြို့ဇေယျာသီရိမှာ ပင်မဇရိပ်မွန်ဖြစ်လာသည်။ အဆိုပါ ဇရိပ်မွန်သည် မိဘမဲ့အမျိုးသမီးကလေးများကို စောင့်ရှောက်ပေးသည့် ကျောင်းများဖြစ်ပြီး ဤကျောင်း များမှ ပညာထူးချွန်ဘွဲ့ရရှိသည့် အမျိုးသမီးငယ်များ ပေါ်ထွက်ခဲ့သည်။

"မိဘမဲ့ကလေးများ၏ဘဝကို သင်နားလည် စေချင်ပါသည်။ ၎င်းတို့၏ဘဝသည် သင်နှင့်အတူ အကောင်းဆုံးကြီးပြင်းရှင်သန်ရန် လိုပါသည်။ သို့အတွက် သင့်ထံမှ ကူညီထောက်ပံ့မှုများ ပေးစေလိုပါသည်" ဟူသောဆောင်ပုဒ်ဖြင့် မိဘမဲ့ကလေး များဘဝ ရှင်သန်တိုးတက်ကြီးမြင့်ရန်အတွက် အနာဂတ်ဖောင်ဒေးရှင်း (The Future Foundation ) ကို ၁၉၉၆ ခုနှစ် အတွင်းက စေတနာရှင်ပုဂ္ဂိုလ်များက ဖွဲ့စည်း တည်ထောင်ထားသည်။ ဤအသင်းအနေဖြင့် လူမှု ဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဂေဟာများ၊ ကျောင်းများမှ မိဘမဲ့ကလေးများ၊ ယင်းသို့သော ကျောင်းများ ပြင်ပရှိ မိဘမဲ့ကလေးများ၏ ပညာသင်ကြားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက်တာဝန်ယူထောက်ပံ့မှုများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**မီးရထားလမ်း တိုးချဲ့ဖောက်လုပ်မှုများ။** ။မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားလမ်းမှာ ၁၆၁ မိုင်ရှိ ရန်ကုန်-ပြည် မီးရထားလမ်းဖြစ်ပြီး ၁၈၇၇ ခုနှစ် မေလ ၁၇ ရက်နေ့၌ ဖောက်လုပ်ပြီးစီးဖွင့်လှစ်ခဲ့သည်။အဆိုပါ ရန်ကုန်-ပြည်မီးရထားလမ်းကို Irrawaddy State Railways ကုမ္ပဏီက ကြီးကြပ်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၈၉၆ ခုနှစ်၌ မီးရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို Burma Railways Co. Ltd က လွှဲပြောင်းလုပ်ကိုင် ခဲ့ရာ သဘောတူ ငှားရမ်းလုပ်ကိုင်သည့် လုပ်ငန်းသက်တမ်း ကုန်ဆုံးချိန် ၁၉၂၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ ဖြစ်သည်။ ၁၉၃၇ ခုနှစ်၌ မြန်မာနိုင်ငံတွင် Burma Railway Board ကို ဖွဲ့စည်းတည်ထောင်သည်။ ၁၉၄၂ ခုနှစ်၌ မြန်မာနိုင်ငံကိုအုပ်ချုပ်သော ဗြိတိသျှဘုရင်ခံကအဆိုပါ Burma Railway Boad ၏လုပ်ပိုင်ခွင့်များကို ချုပ်ကိုင်ပြီး မီးရထားမင်းကြီးအား တာဝန်ပေးအပ်လုပ်ကိုင်စေသည်။ ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၌ Union of Burma Railway Board အက် ဥပဒေကို ပြဋ္ဌာန်း၍ မီးရထားဘုတ်အဖွဲ့တွင် အမြဲတမ်းဥက္ကဋ္ဌ တစ်ဦးခန့်အပ်ကာ မီးရထားဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

## မြန်မာနိုင်ငံ၏အဦးအစ မီးရထားလမ်းများ

မြန်မာနိုင်ငံ၏ မီးရထားလမ်းများ ဖောက်လုပ်မှုသမိုင်းကြောင်းကို အကြမ်းဖျင်းလေ့လာကြည့်ပါက ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ရန်ကုန်- ပြည်မီးရထားလမ်းကို ပထမဆုံး စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့နောက် ၁၈၈၀ ပြည့်နှစ်၌ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရန် ရန်ကုန်ဆင်ခြေဖုံး မီးရထားလမ်းကိုဖွင့်လှစ်ခဲ့သည်။ တစ်ဖန် ၁၈၈၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့၌ ရန်ကုန်- တောင်ငူမီးရထားလမ်း၊ ၁၈၈၉ ခုနှစ် မတ်လ ၁ ရက်နေ့၌ တောင်ငူမန္တလေးတိုးချဲ့မီးရထားလမ်း၊ ၁၈၉၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ မန္တလေး- မြစ်ကြီးနားမီးရထားလမ်း၊ ၁၉၀၀ပြည့်ဧပြီလ ၁၅ ရက်နေ့၌ ရွာထောင် - အလုံမီးရထားလမ်း၊ ၁၉၀၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်၌ မြို့ဟောင်း - လားရှိုးမီးရထားလမ်း၊ ၁၉၀၃ ခုနှစ် မတ်လ ၁ ရက်၌ ဟင်္သာတ - ပုသိမ် မီးရထား

လမ်း၊ ၁၉၀၃ ခုနှစ်မတ်လ ၂၀ ရက်၌ ဟသ်ာတ – လက်ပံတန်း မီးရထားလမ်း၊ ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့၌ ပဲခူး – မုတ္တမမီးရထားလမ်း၊ ၁၉၀၈ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့၌ ဟသ်ာတ – ကြံခင်းမီးရထားလမ်း၊ ၁၉၂၁ ခုနှစ်မေလ ၂ ရက်နေ့၌သာစည် – ရွှေညောင် မီးရထားလမ်း၊ ၁၉၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌ အလုံ–ဘုတလင်မီးရထားလမ်း၊ ၁၉၂၅ ခုနှစ်ဧပြီလ ၁၆ ရက်နေ့၌ မော်လမြိုင် –ရေး မီးရထားလမ်း၊ ၁၉၂၇ ခုနှစ်ဖေဖော်ဝါရီလ ၅ ရက်နေ့၌ မန္တလေး – မတ္တရာ မီးရထား လမ်း ၊ ၁၉၂၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့၌ ညောင်လေးပင် – မဒေါက် မီးရထားလမ်း၊ ၁၉၃၀ ပြည့်ဇန်နဝါရီလ ၁၃ ရက်၌ မန္တလေး – မြင်းခြံ မီးရထားလမ်းနှင့် ၁၉၃၀ ပြည့် ဇူလိုင်လ ၁၇ ရက်နေ့၌ ပျဉ်းမနား– ကျောက်ပန်းတောင်း မီးရထားလမ်းများကို အသီးသီး ဖောက်လုပ် ဖွင့်လှစ်ခဲ့သည်။


**လွတ်လပ်ရေးရပြီး မီးရထားလမ်းတိုးချဲ့ဖောက်လုပ်မှု**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် မီးရထားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းမှာ အနည်းကျဉ်းသာရှိသည်။ စစ်အတွင်းက ဂျပန်တို့ ဖြုတ်သိမ်းခဲ့သော ရန်ကုန်–ကျွန်းကုန်းဒွေးလမ်းအား ပြန်လည်ခင်းခဲ့သည်။ ကျွန်းကုန်းမှ ပျဉ်းမနားအထိ မိုင် ၅၀ ခန့်အား ဒွေးလမ်းအဖြစ် တည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့ပတ်လမ်း ၂၁၉ ဒသမ ၅၀ မိုင်နှင့် သထုံ – မြိုင်ကလေး ရထားလမ်း ၂၇ မိုင် တိုးချဲ့ဖောက်လုပ်ခဲ့သည်။

**၁၉၈၈ ခုနှစ်နောက်ပိုင်း တိုးချဲ့ဖောက်လုပ်သော မီးရထားလမ်းများ**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထပ်မတိုင်မီက မြန်မာနိုင်ငံရှိ မီးရထားလမ်း အရှည်သည် ၁၉၇၆ ဒသမ ၃၅ မိုင်သာရှိသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး

**ရိုးမပတ်ရထားလမ်းဖောက်လုပ်သည့် တပ်မတော်သားများအား ရုပ်ရှင်– ဂီတ အနုပညာရှင်များ သွားရောက်ဖျော်ဖြေအပြီး အမှတ်တရ။**



အဖွဲ့ အစိုးရလက်ထက်တွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်၍ လုံခြုံချောမွေ့စေရေးနှင့် တိုင်းရင်းသား လူမျိုးစုများနေထိုင်ရာ ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ် ခဲ့သည်။ ယင်းသို့ဖောက်လုပ်ခဲ့ရာ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့အထိ ရထားလမ်းသစ် မိုင်၅၄၄ ဒသမ ၇၉ မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

**အသစ်ဖောက်လုပ် ဖွင့်လှစ်ခဲ့ပြီးသော ရထားလမ်း ပိုင်းများ**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးတို့ကို ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ရေး ကောင်းဖို့လိုပေသည်။ ယင်းလိုအပ်ချက်နှင့်အညီ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် အသစ်ဖောက်လုပ်ပြီး ရထားလမ်း ပိုင်း အချို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ထိုရထားလမ်းများမှာ ဒါးပိန် – လေ့ရလော့်အင်း၊ ရွှေညောင် – ရပ်စောက်၊ မန္တလေးမြို့ပတ် ( အရှေ့ခြမ်း၊ အနောက်ခြမ်း၊တောင်ပတ်လမ်း)၊တံတားဦး – မြင်းခြံ၊ အောင်ပန်း – ပင်လောင်း – လွိုင်ကော်၊ တိုးကြောင်ကလေး အုတ်ဖိုစု ( သန်လျင်) ၊ ချောင်းဦး– တောကျောင်းကြီး၊ တံတားဦး – မန္တလေး (အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း)၊ မင်းရွာ–ပခုက္ကူ – ဇီးပြား၊ ကလေး –နတ်ချောင်း၊ နမ့်စန် – မိုးနဲ၊ ထားဝယ်– ရေဖြူ၊မြို့ဟောင်း– မြစ်ငယ်ဒွေးလမ်း၊ တောင်ကြီး – ဖာမွန်း၊နတ်ချောင်း – ဂန့်ဂေါ၊ မြစ်ကြီးနား– နမ့်ပေါင်လေယာဉ်ကွင်း ၊ ဘန်းယဉ်– ဖာမွန်း၊ ပျဉ်းမနား – ကျည်တောင်ကန်ဒွေးလမ်း၊ ကျောက်ပန်းတောင်း – ပုဂံ ရထားလမ်း စသည်တို့ဖြစ်ကြသည်။


အဆိုပါ ဖောက်လုပ် ဖွင့်လှစ်ပြီး ရထားလမ်းများအနက် ကျောက်ပန်းတောင်း – ပုဂံရထားလမ်းကို ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ကျောက်ပန်းတောင်း– ပုဂံရထားလမ်းဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်မှ ပုဂံ၊ ပုဂံမှ ရန်ကုန်သို့ ရထားတိုက်ရိုက် ပြေးဆွဲ နိုင်သည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ၁၂ ရက်နေ့၌ ပုဂံမှ ရထားစတင်ထွက်ခွာခဲ့ပြီး ရန်ကုန်သို့ နောက်တစ်နေ့ညနေ လေးနာရီတွင် ရောက်ရှိခဲ့သည်။ တစ်ရက်ခြားပြေးဆွဲမည့် အစီအစဉ်ရှိသည်။ ကျောက်ပန်းတောင်း – ပုဂံရထားလမ်း ပိုင်းသည် ၃၁ ဒသမ ၀၀ မိုင်ရှိသည်။ ဘူတာပေါင်း ၈ခုပါဝင်ကာ ပေ ၁၀၀ အထက် တံတားကြီးသုံးစင်းကို ခရီးလမ်းတွင် တည်ဆောက်ထားသည်။

**ဖောက်လုပ်ဆဲ ရထားလမ်းပိုင်းသစ်များ**

ဖောက်လုပ်ဆဲရထားလမ်းပိုင်းသစ်များမှာ ဇီးပြား – ဂန့်ဂေါ၊ ရွှေညောင် – ဖာမွန်း၊ ဘန်းယဉ်– မိုးနဲ၊ ရေး–ရေဖြူ၊ မြင်းခြံ (ဆားခါး) – ပုဂံ၊ ပြည် – အောင်လံ – ဆတ်သွား ( တောင်တွင်းကြီး) စသည့်ရထားလမ်းပိုင်းများဖြစ်သည်။


အဆိုပါဖောက်လုပ်ဆဲလမ်းများအနက် မိုင် ၂၆၀ အရှည်ရှိမည့် ချောင်းဦး – ပခုက္ကူ – ဂန့်ဂေါ– ကလေး ရထားလမ်းသစ်သည် နိုင်ငံတော်၏ အနောက်ခြမ်းဒေသကို လည်းကောင်း၊ ၃၇ ဒသမ ၅ မိုင်အရှည်ရှိမည့် ရွှေညောင် – ရပ်စောက်ရထားလမ်း၊ ၁၃၅ ဒသမ ၆၂မိုင်ရှိ ရွှေညောင်– နမ့်စန်ရထားလမ်းများသည် နိုင်ငံတော်၏ အရှေ့ဘက် ခြမ်းဒေသ ကိုလည်းကောင်း အရှည် ၁၀၀ ဒသမ ၀၈ မိုင် ရှိမည့် ရေး– ထားဝယ်လမ်းသည် နိုင်ငံတော်၏ တောင်ဘက် ခြမ်းဒေသကိုလည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

ချောင်းဦး– ပခုက္ကူ– ဂန့်ဂေါ–ကလေးရထားလမ်းပိုင်း သစ်သည် ချောင်းဦးမှကလေးအထိ ဖောက်လုပ်နေသည့် လမ်းဖြစ်သည်။ ယင်းရထားလမ်းပိုင်းသည် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်း ပခုက္ကူ၊ဂန့်ဂေါဒေသ၊ ကလေး အပါအဝင်ကဘော်ချိုင့်ဝှမ်းဒေသနှင့် ချင်းပြည်နယ် တိုးတက် ဖွံ့ဖြိုးမှုအတွက် အရေးပါသည့် ရထားလမ်းပိုင်း ဖြစ်သည်။ ထို့အပြင် နောင်တွင်တစ်ဖက်နိုင်ငံနှင့် ထိစပ် လျက်ရှိသည့် တမူးမြို့သို့လည်းကောင်း ၊စစ်ကိုင်းတိုင်း၏ အစွန်အဖျား ဒေသဖြစ်သည့် ခန္တီး၊ ထိုမှတစ်ဆင့် ကချင် ပြည်နယ် မိုးကောင်းအထိလည်းကောင်း ရထားလမ်း ဆက်သွယ်နိုင်သည့် အလားအလာရှိသော လမ်းပိုင်း ဖြစ်သည်။



အောင်လံ–ကေရာဇ်မီးရထာ းလမ်းဖောက်လုပ်
နေသောတပ်မတော်သားများအား
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကြည့်ရှုအားပေးစဉ်

အောင်လံ–ကေရာဇ်ရထားလမ်းဖောက်လုပ်နေသော
တပ်မတော်သားများ



ချောင်းဦး–ပခုက္ကူ– ဂန့်ဂေါ–ကလေးရထားလမ်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ချောင်းဦးမှဇီးပြာအထိ မိုင်၁၁၀ နှင့် ကလေးမှဂန့်ဂေါအထိ ၈၃ မိုင်၊ စုစုပေါင်း ၁၉၃မိုင်မှာ ဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီး ရထားများပြေးဆွဲနေပြီဖြစ်သည်။ ဇီးပြာမှကျောလမ်းပိုင်း အရှည်မိုင် ၃၁ ဒသမ ၄၆ မိုင်ကို ဆက်လက်ဖောက်လုပ်လျက်ရှိသည်။ ထိုဖောက်လုပ်ရေးလုပ်ငန်းတွင် မြေကြီးကျင်းပေါင်း ၁၁ ဒသမ ၆၀ သိန်း ဆောင်ရွက်ရန် လျာထားသည့်အနက် မြေကြီးကျင်းပေါင်း ၁၁ ဒသမ ၄၁ သိန်း၊တံတား ၂၁၆ စင်း အနက် ၂၁၃ စင်းနှင့် သံလမ်းခင်းခြင်းတွင် ၃၁ ဒသမ ၄၆ မိုင်အနက် ၂၉ ဒသမ ၆၅ မိုင်စသည့်လုပ်ငန်း အသီးသီး ဆောင်ရွက်ပြီးဖြစ်သည်။ ထို့အပြင် ကျော – ဂန့်ဂေါ ပိုင်းတွင် ပုံညာဥမင်လိုဏ်ခေါင်း ဖောက်လုပ်လျက်ရှိသည်။

ရွှေညောင် – နမ့်စန်ရထားလမ်းသစ်သည် ရွှေညောင်မှ နမ့်စန်အထိဖောက်လုပ်နေသည့် ရထားလမ်းသစ်ဖြစ်သည်။ ရထားလမ်းအရှည်မှာ ၁၅၃ ဒသမ ၆၂ မိုင်ရှိသည်။ ရွှေညောင် – နမ့်စန်ရထားလမ်းသစ်၏ ပထမလမ်းပိုင်းဖြစ်သည့် ၂၇ ဒသမ ၅၆ မိုင်ရှည်သောနမ့်စန် – မိုးနဲလမ်းပိုင်းကို ၁၉၉၅ ခုနှစ် မေလ ၁ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ တစ်ဖန် ထိုရွှေညောင် – နမ့်စန်ရထားလမ်းသစ်ပေါ်ရှိ ဒုတိယလမ်းပိုင်းဖြစ်သော ၂၇ ဒသမ ၄၂ မိုင်အရှည်ရှိ ဘန်းယဉ် – ဖာမွန်းရထားလမ်း ပိုင်းကို ၁၉၉၆ ခုနှစ်၊ဇွန်လ ၄ ရက်နေ့၌ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တောင်ကြီး – ဖာမွန်းရထားလမ်းပိုင်းဖွင့်ပွဲကို တောင်ကြီးဘူတာရှေ့ မင်္ဂလာမဏ္ဍပ်တွင် ၁၉၉၆ ခုနှစ်ဇူလိုင် လ ၂၇ ရက်နေ့၌ ကျင်းပခဲ့သည်။ တောင်ကြီး – ဖာမွန်းရထားလမ်းပိုင်းသည် ရွှေညောင် – နမ့်စန်ရထားလမ်းသစ်ပေါ်ရှိ တတိယလမ်းပိုင်းဖြစ်ပြီး အရှည် ၆ ဒသမ ၂၀ မိုင်ရှိသည်။ ကျန်ရှိသော ၁၃ ဒသမ ၅ မိုင်အရှည်ကို မိုးနဲ – ဘန်ပုံလမ်းပိုင်း ဖွင့်လှစ်နိုင်ရန်အတွက် မြေကြီးကျင်းပေါင်း နှစ်သိန်းရှိသည့်အနက် ကျင်းပေါင်း ၅၅၇၁၀ နှင့် တံတားလုပ်ငန်း ၃၈ စင်းအနက် ခုနစ်စင်း ဆောင်ရွက်ပြီးဖြစ်သည်။

ဘန်းယဉ်–ဖာမွန်းရထားလမ်းပိုင်းသစ်ဖွင့်ပွဲ မြင်ကွင်း



ဖောက်လုပ်ဆဲ ရထားလမ်းသစ်များတွင် ရေး–ထားဝယ် ရထားလမ်းပိုင်းသစ်သည် ရေးမှထားဝယ်အထိ ဖောက်လုပ်နေသည့်လမ်းဖြစ်သည်။ ရထားလမ်းအရှည် စုစုပေါင်း ၁၀၀ ဒသမ ၀၈ မိုင်ရှိသည်။ ၁၀ ဒသမ ၇၂ မိုင်ရှိသော ထားဝယ်မှရေဖြူအထိ ရထားလမ်းပိုင်းကို ၁၉၉၅ ခုနှစ် မေလ ၃၀ ရက်နေ့၌ ဖွင့်လှစ်နိုင်ခဲ့ရာ ရထားများပြေးဆွဲနေပြီဖြစ်သည်။ ၃၀ ဒသမ ၇၁ မိုင် အရှည်ရှိ ရေဖြူ–ကလိန်အောင်လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ ထိုလုပ်ငန်းတွင် မြေကြီးကျင်း ၉ ဒသမ ၈ သိန်းလျာထားရာ၊ မြေကြီးကျင်း ၉ ဒသမ ၇ သိန်း၊ တံတား ၁၅၁ ခင်းလျာထားရာ တံတား ၁၄၅ စင်း လုပ်ကိုင်ပြီးစီးပြီဖြစ်သည်။ သံလမ်းခင်းခြင်းတွင် ၃၀ ဒသမ ၇၁ မိုင် လျာထားသည့်အနက် ၂၆ ဒသမ ၈ မိုင်ဆောင်ရွက်ပြီးဖြစ်သည်။ထို့အပြင် ရေးမှ ကိုးမိုင်လမ်းပိုင်း လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိရာ မြေကြီးကျင်း ၇၂၂၅၇ ကျင်း လျာထားသည့်အနက် ၆၉၉၀၁ ကျင်းနှင့် တံတား ၂၆ စင်းအနက် ၂၅ စင်း အသီးသီးဆောင် ရွက်ပြီးသည်။

မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်မည့် ရန်ကုန် – မန္တလေး – ပုဂံ – ပြည် – ရန်ကုန် (ရိုးမ) ရထားလမ်းမကြီး စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစီမံကိန်းအရ ပြည်မှဆတ်သွား ( တောင်တွင်းကြီး) အထိ ရထားလမ်းသစ်နှင့် ကျောက်ပန်းတောင်း – ပုဂံ–ဆားခါး ( မြင်းခြံ ) ရထားလမ်းသစ်တို့ကို ဖောက်လုပ်လျက်ရှိသည်။ ပြည်–အောင်လံ–ဆတ်သွား (တောင်တွင်းကြီး) လမ်းပိုင်းသစ်သည် ခရီးမိုင် ၉၂ ဒသမ ၆၉ မိုင်ရှိပြီး ပြည်–အောင်လံမှတစ်ဆင့် ပျဉ်းမနား– တောင်တွင်းကြီး လမ်းပိုင်းရှိ ဆတ်သွားဘူတာသို့ ဦးတည်ဖောက်လုပ်ခြင်းဖြစ်သည်။ ယင်းရထားလမ်းသစ်၏ တစ်စိတ်တစ်ဒေသဖြစ်သော ပြည်- အောင်လံ လမ်းပိုင်းသည် ၄၂ ဒသမ ၇၂ မိုင်ရှိပြီး ဘူတာပေါင်း ၉ ခုပါဝင်ကာ ပေ ၁၀၀ အထက် တံတားကြီးနှစ်စင်းနှင့် ပေ ၁၀၀ အောက် တံတားငယ်၇၇စင်း စုစုပေါင်း ၇၉ စင်း ပါဝင်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနတစ်ခု တိုးချဲ့ထားရှိကာ မီးရထားနှင့် စပ်လျဉ်းသော လုပ်ငန်းအဝဝကို ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက်ဆောင်ရွက်စေခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပို့ဆောင်ရေး အခြေခံအဆောက်အအုံတစ်ရပ်ဖြစ်သော ရထားလမ်းသစ်များကို ဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီး၊ ဆက်လက် ဖောက်လုပ်ပေးနေဆဲလည်း ဖြစ်ပေသည်။ ။

(ဘုန်းသွင်မြင့်)

**မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၆)။** ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မဟာဗျူဟာ နှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မဟာဗျူဟာနှစ်ရပ်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဘဝဖွံ့ဖြိုး တိုးတက်လာသည်နှင့် အမျှ ဘိန်းစိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေးဖြစ်ပြီး နည်းဗျူဟာသုံးရပ်မှာ တားဆီးနှိမ်နင်းရေး နည်းဗျူဟာ၊ ထုတ်လုပ်မှုလျှော့ချရေး နည်းဗျူဟာနှင့် သုံးစွဲမှုလျော့နည်းရေး နည်းဗျူဟာတို့ဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ၁၉၉၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်သည်။

**ကုလသမဂ္ဂ – မြန်မာ ပူးပေါင်းဆောင်ရွက်မှု**

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး စီမံကိန်းများကို



ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင်
ဘိန်းခင်းများဖျက်ဆီးစဉ်

ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်၏ အထောက်အပံ့ဖြင့် မြန်မာ – တရုတ် နယ်စပ်ဒေသ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးစီမံကိန်းနှင့် မြန်မာ–ထိုင်းနယ်စပ်ဒေသ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး စီမံကိန်းတို့ကို ၁၉၉၃ ခုနှစ် မှ ၁၉၉၆ ခုနှစ်အထိ စီမံကိန်းကာလ သုံးနှစ်သတ်မှတ်ကာ နယ်မြေဒေသ ဖွံ့ဖြိုးရေး၊ တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုလျှော့ချရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ် “ဝ”ဒေသတောင်ပိုင်း အစားထိုး ဖွံ့ဖြိုးရေး ရှေ့ပြေးစီမံကိန်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၉၆ ခုနှစ်အထိ စီမံကိန်းကာလ ၁၈ လ သတ်မှတ် အကောင်အထည်ဖော်ခဲ့ရာ ကုလသမဂ္ဂ နိုင်ငံက မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်က အမေရိကန် ဒေါ်လာ ၆၆၀,၇၀၀ ထည့်ဝင်ထောက်ပံ့သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ် အခြေပြု ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လမှစ၍ စီမံကိန်းကာလ သုံးနှစ်သတ်မှတ် ဆောင်ရွက် လျက်ရှိရာ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်က အမေရိကန် ဒေါ်လာ ၂,၂၉၂,၄၃၈ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ကျပ် ၅၈၀,၀၀၀ ထည့်ဝင်သည်။

မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များသည် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်ပသတင်းဌာနများနှင့် ပြည်ပမှပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံ၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေး ခဲ့ရာ ၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သံတမန် ၆၂ ဦး၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ် ၅၇ ဦး၊ ပြည်ပ သတင်းဌာနများမှ ပုဂ္ဂိုလ် ၁၀ ဦး၊ ပြည်ပမှပုဂ္ဂိုလ် ၅၅ ဦး စုစုပေါင်း ၁၈၄ ဦးတို့ကို လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာ–အိန္ဒိယ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆိုင်ရာ အဆင့်မြင့်အရာရှိများ တတိယအကြိမ် အစည်း

အစေးကို ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒုတိယအကြိမ် အာရှပစိဖိတ် မူးယစ်ဆေးဝါး ညီလာခံကို မတ်လ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် HIV / AIDS ကာကွယ်ရေးဆိုင်ရာ နယ်စပ်ဒေသ အစည်းအဝေးကို မတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အာရှဒေသရှိ မြို့ကြီးများတွင် မူးယစ်ဆေးဝါးရောဂါ ပျံ့နှံ့မှုဆိုင်ရာ လေ့လာရေးသင်တန်းကို ဧပြီလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ပီနန်မြို့၌ ပြုလုပ်ခဲ့ရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်၏ ၃၉ ကြိမ်မြောက် အစည်း ဝေးကို ဧပြီလ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ တတိယအကြိမ် MOU အစည်းအဝေးကို မေလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက် အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။

**သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများအား စမ်းသပ်စစ်ဆေးနေစဉ်**



အစည်းအဝေးသို့ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့မှ ကိုယ်စားလှယ် ၃၀ နှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး အရှေ့အာရှဒေသခွဲ ကုန်းမြင့်များတွင် နေထိုင်ကြသည့် လူမျိုးစုများ တရားမဝင် မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေး၊ ပူးပေါင်းဆောင်ရွက်ရေး စီမံချက်နှင့် အရှေ့အာရှဒေသအတွင်း ဓာတုဗေဒပစ္စည်းများထိန်းချုပ်ရေး စီမံချက်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဝါဒချမှတ်သူများ အစည်းအဝေးကို မေလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ – ထိုင်း – ကုလသမဂ္ဂ နိုင်ငံကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တို့၏ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်အဖွဲ့ သတ္တမအကြိမ် အစည်းဝေးကို မေလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ကရဝိက်ဟိုတယ်၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် ဒေသခွဲရုံး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်သည်။

မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့၏ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်အဖွဲ့ သတ္တမအကြိမ်အစည်းအဝေးကို မေလ ၁၀ ရက်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၊ ကရဝိက်ဟိုတယ်၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ဒုတိယ အထွေထွေအတွင်းရေးမှူး ခေါင်းဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ် ဒေသခွဲရုံး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်သည်။

ASEAN Seminar on Mutual Legal Assistance အစည်းအဝေးကို ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ – တရုတ်နယ်စပ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့၌ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ – အိန္ဒိယ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အောက်ခြေအဆင့် တားဆီးနှိမ်နင်းရေးအရာရှိများ စတုတ္ထအကြိမ် အစည်းအဝေးကို သြဂုတ်လ ၁၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၊ အင်ဖာမြို့၌ ကျင်းပသည်။

မြန်မာ – တရုတ် – ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း ဆောင်ရွက်မည့် ရှမ်းပြည်နယ်၊ "ဝ"တောင်ပိုင်း ဟိုတောင်းဒေသ နယ်မြေ ဖွံ့ဖြိုးရေးနှင့်မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ငါးနှစ်စီမံကိန်း (မူကြမ်း) ညှိနှိုင်း အစည်းအဝေးကို သြဂုတ်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၉ ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ အဆင့်မြင့်အရာရှိများ မူးယစ်ဆေးဝါးဆိုင်ရာ အစည်းအဝေး ကို စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ဟနွိုင်းမြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



မူးယစ်ဆေးဝါးများအား စက်ခလုပ်နှိပ်၍ မီးရှို့ဖျက်ဆီးစဉ်

မူးယစ်ဆေးဝါးသုံးစွဲမှု စာရင်းဇယားကောက်ယူခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ပီနန်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကိုလံဘိုစီမံကိန်းဗျူရို ဆေးဝါးအကြံပေးအစီစဉ် ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကိုလံဘိုမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

၂၁ ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသရှိနိုင်ငံများမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင်များ အစည်းအဝေးကို နိုဝင်ဘာ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အာရှဒေသရှိ မြို့ကြီးများတွင် မူးယစ်ဆေးဝါး ရောဂါပျံ့နှံ့မှုဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အမေရိကန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဂျေဒင်းနစ်ဟတ်စတတ်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ မိုင်းယန်းမြို့နယ်ဆီလူးကျေးရွာနှင့် မိုင်းလားမြို့များသို့သွားရောက်ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ဘိန်းအစားထိုး စီမံကိန်းများ၊ ဘိန်းခင်းဖျက်ဆီးမှုများ၊ ၁၉၉၆ ခုနှစ်အတွင်း ဖမ်းဆီးရမိထားသည့် ဘိန်းနှင့်စိတ်ကြွဆေးများကို ကြည့်ရှုလေ့လာသည်။

မြန်မာ – ထိုင်း – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ စီမံကိန်းလုပ်ငန်း

အကောင်အထည်ဖော်အဖွဲ့ အဌမအကြိမ် အစည်းအဝေးကို ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

**မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများ သတ်မှတ်ကြေညာခြင်း**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ (၁၆)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် စက်တင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄/၉၆ ကို ထုတ်ပြန်ကာ (၁) အက်ဖီဒရင်း၊ (၂) ဆူဒိုအက်ဖီဒရင်းတို့အား မူးယစ်ဆေးဝါးသို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုဗေဒပစ္စည်းအဖြစ် သတ်မှတ်ကြေညာသည်။

**ဘိန်းခင်းများနှင့်ဘိန်းချက်စခန်းများဖျက်ဆီးခြင်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများအား ရှာဖွေ ဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့သည်။

တပ်မတော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်း ရင်းသားပြည်သူများ ပူးပေါင်းကာ ၁၉၈၈–၈၉ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၂၁၁ ဒသမ ၃၅ ဧက ၊ ၁၉၈၉–၉၀ ပြည့်နှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၂၈၇ ဒသမ ၃၆ ဧက ၊ ၁၉၉၀ – ၉၁ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၂,၁၅၇ ဒသမ ၇၄ ဧက ၊ ၁၉၉၁ –၉၂ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၁၀,၄၄၆ ဒသမ ၁၄ ဧက၊ ၁၉၉၂–၉၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၃၉၆ ဒသမ

ဒသမအကြိမ် မီးရှို့ဖျက်ဆီးသော မူးယစ်ဆေးဝါးများ



ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်အတွင်း တပ်မတော် တပ်ရင်းတပ်ဖွဲ့များက ဘိန်းဖြူ အလေးချိန် ၂၃၀ ဒသမ ၃၆၆၈ ကီလို၊ ဘိန်းအလေးချိန် ၃၂၃ ဒသမ ၀၆၆၇ ကီလို၊ ဆေးခြောက် အလေးချိန် ၁ ဒသမ ၁၄၃၁ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ပမာဏ ၂၆၃ ဒသမ ၀၄၅ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ပမာဏ ၂,၃၉၄ ဂါလန်၊ အခြား ဓာတုဆေးရည် ပမာဏ ၂,၄၆၁ ဒသမ ၀၁ ဂါလန်နှင့် စိတ်ကြွဆေးပြား ၃၁,၃၃၇ ပြား၊ အကောက်ခွန် ဦးစီးဌာနက ဘိန်းဖြူလေးမှုနှင့် အလေးချိန် ၄ ဒသမ ၇၇၀၂ ကီလို၊ ဘိန်းသုံးမှုနှင့် အလေးချိန် ၂၅ ဒသမ ၄၂၈၄ ကီလို၊ ဆေးခြောက်တစ်မှုနှင့် အလေးချိန် ၀ ဒသမ ၇၉၅၂ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် တစ်မှုနှင့် ပမာဏ ၃၆ ဒသမ ၈ လီတာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် တစ်မှုနှင့် ပမာဏ ၁၀ဂါလန်နှင့် စိတ်ကြွဆေးပြား ၇၅,၈၀၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဘိန်းဖြူ ၁,၃၀၂ မှုနှင့် အလေးချိန် ၂၆၉ ဒသမ ၄၆၆၃ ကီလို၊ ဘိန်း ၄၄၃ မှုနှင့် အလေးချိန် ၉၅၁ ဒသမ ၅၀၆၉ ကီလို၊ ဘိန်းညိုနှစ်မှုနှင့် အလေးချိန် ၁၃ ဒသမ ၈၀၉ ကီလို၊ ဘိန်းဆီအမှု ၂၀ နှင့် အလေးချိန် ၇ ဒသမ ၇၀၃၇ ကီလို၊ ဆေးခြောက် ၃၈၉ မှုနှင့် အလေးချိန် ၂၆၁ ဒသမ ၈၄၇၇ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁၄၂ မှုနှင့် ပမာဏ ၁,၄၉၀ ဒသမ ၀၁၆၁ လစ်တာ၊ အက်စစ်တစ် အင်ဟိုက်ဒရိုက် ရှစ်မှုနှင့် ပမာဏ ၂,၆၇၇ ဒသမ ၅၅ ဂါလန်၊ အခြား ဓာတုဆေးရည် ၁၀ မှုနှင့် ပမာဏ ၂,၆၄၅ ဒသမ ၃၇၇၃ ဂါလန်၊ ချောင်းဆိုးပျောက်ဆေးရည် ၂၇ မှုနှင့် ပမာဏ ၂၃၃ ဒသမ ၆၈ လစ်တာ၊ စိတ်ကြွဆေးပြား ၁၃ မှုနှင့် ဆေးပြားပေါင်း ၅,၇၉၉,၄၁၈ ပြား၊ မူးယစ်ဆေးဝါး သုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု အမှု ၁,၂၃၀၊ အခြား မူးယစ်ဆေးဝါးအမှု ၁၉၅ မှ စုစုပေါင်း မူးယစ်ဆေးဝါး အမှုပေါင်း ၃,၇၇၁ မှုနှင့် တရားခံ (ကျား) ၄၅၂၇ ဦး၊ တရားခံ (မ) ၁,၀၁၃ ဦး စုစုပေါင်း တရားခံဦးရေ ၅,၅၄၀ တို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

၁၉၉၆ ခုနှစ် အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ ၅၀၄ ဒသမ ၆၀၃၃ ကီလို၊ ဘိန်း ၁,၃၀၀ ဒသမ ၀၀၂ ကီလို၊ ဆေးခြောက် ၂၆၃ ဒသမ ၄၅ ကော၊ ၁၉၉၃–၉၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၂,၅၇၁ ဒသမ ၉၂ ကော၊ ၁၉၉၄ –၉၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၈,၁၇၉ ဒသမ ၅၁ ကောနှင့် ၁၉၉၅–၉၆ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၄,၇၈၇ ဒသမ ၉၄၁ ကော စုစုပေါင်း ဘိန်းခင်း ၂၉,၀၃၈ ဒသမ ၄၁၁ ကော ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းထွက်ရှိမှု ၁၂၇ ဒသမ ၇၄ တန် ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများသည် တပ်မတော်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ မူးယစ်အထူးအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ဩဂုတ်လ ၁ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ မုံးယုလေးရွာ၌ အက်စစ်ပြုပြင်ချက်လုပ်သော စက်ရုံတစ်ရုံ၊ ၃ ရက်နေ့တွင် သိန္နီမြို့နယ်၊ လွယ်တောက်ခွင်၌ ဘိန်းချက်စခန်းတစ်ခု၊ ၇ ရက်နေ့၊ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ ရှောက်ဖန်ရွာ၌ ဘိန်းချက်စခန်း သုံးခု၊ ၃၀ ရက်နေ့တွင် သိန္နီမြို့နယ်၊ ဆယ်အူ ကွန်ကောင်ခွင်၌ ဘိန်းချက်စခန်း နှစ်ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့နှင့် ၁၅ ရက်နေ့တွင် မုံးကိုးဒေသ၌ ဘိန်းချက်စခန်းနှစ်ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၂၉ ရက်နေ့တွင် တာချီလိတ်မြို့နယ်၌ ဘိန်းချက်စခန်းနှစ်ခု စုစုပေါင်း ဘိန်းချက်စခန်း ၁၁ ခုအား ရှာဖွေဖော်ထုတ် ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းဖြူ ၁၄၇ ဒသမ ၆၀၇၇ ကီလို၊ ဘိန်းဖြူအရည် လေးကီလို၊ ဘိန်းရည်ဂါလန် ၇၀၊ ဘိန်းညိုအရည် ငါးဂါလန်၊ တရားခံ ၂၄ ဦး၊ လက်နက် မျိုးစုံ ရှစ်လက်၊ ကျည် မျိုးစုံ ၁၅၉ တောင့်၊ ကျည် ကပ်ငါးခု၊ ဂျစ်ကားနှစ်စီး၊ လားငါးကောင်၊ ဘိန်းချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းမျိုးစုံ နှင့် ဘိန်းချက်ကိရိယာ မျိုးစုံတို့ကို သိမ်းဆည်းရမိသည်။

### တားဆီးနှိမ်နင်းမှု

တပ်မတော် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိသည်။

၇၈၆ ကီလို၊ ဘိန်းညို ၁၃ ဒသမ ၈၀၉ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁,၇၈၉ ဒသမ ၈၆၁၁ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၅,၀၈၁ ဒသမ ၅၅ ဂါလန်၊ အခြားဓာတုဆေးရည် ၅,၁၀၆ ဒသမ ၃၈၇၃ ဂါလန်၊ ချောင်းဆိုးပျောက်ဆေးရည် ၂၃၃ ဒသမ ၆၈ လစ်တာနှင့် စိတ်ကြွဆေးပြား ၅,၉၀၆,၅၅၅ ပြားတို့ဖြစ်ပြီး ၁၉၈၈ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးစုစုပေါင်းမှာ ဘိန်းဖြူ ၂,၃၂၀ ဒသမ ၄၄ ကီလို၊ ဘိန်း ၁၅,၁၀၈ ဒသမ ၂၈ ကီလို၊ ဆေးခြောက် ၅,၉၃၇ ဒသမ ၂၃ ကီလို၊ ဘိန်းညို ကီလို ၁၄၀၊ ဖင်ဆီဒိုင်းဆေးရည် ၃၁,၆၂၄ ဒသမ ၇၆ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၉,၇၇၅ ဒသမ ၇၉ ဂါလန်၊ အခြား ဓာတုဆေးရည် ၆,၈၂၈ ဒသမ ၁၉ ဂါလန်၊ ချောင်းဆိုးပျောက်ဆေးရည် ၈၀,၉၀၉ လစ်တာနှင့် စိတ်ကြွဆေးပြား ၅,၉၀၆,၅၅၅ ပြား တို့ ဖြစ်သည်။

## မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဒသမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲရိပ်သာ၌ ကျင်းပခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်များကြီး ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်တွင် ဖင်ဆီဒိုင်းဆေးရည် ၁,၉၁၈ ဒသမ ၅၅၂ လစ်တာ၊ ဘိန်းအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၁၂ ဒသမ ၃၃၆ လစ်တာနှင့် ဘိန်းအာနိသင်ပါသော ထိုးဆေးပုလင်း ၁၅၀ တို့ကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ ဖျက်ဆီးပြသသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့ နာယက ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ၊ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး၊ ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့် ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် အမှုဆောင် ညွှန်ကြားရေးမှူးတို့က စက်ခလုတ်များကို အသီးသီးနှိပ်ပြီး ဘိန်းဖြူ ၈၂ ဒသမ ၇၀၇ ကီလို၊ ဘိန်း ၁,၄၇၁ ဒသမ ၃၇၂ ကီလို၊ ဘိန်းဆီ ၁၂ ဒသမ ၁၃၁ ကီလိုနှင့် ဆေးခြောက် ၁၉၇ ဒသမ ၃၉၆ ကီလိုတို့ကို မီးရှို့ဖျက်ဆီးသည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၆ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၀ ကြိမ် ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၅၃၇ ဒသမ ၂၉၃ ကီလို၊ ဘိန်း ၁၁,၁၄၆ ဒသမ ၇၅၂ ကီလို၊ ဘိန်းဆီ ၈၂ ဒသမ ၀၃၁ ကီလို၊ ဘိန်းရည် ၁၁၇ ဒသမ ၈၈၈ ကီလို၊ ဘိန်းညို ၆၃ ဒသမ ၄၃၅ ကီလို၊ ဆေးခြောက် ၄,၀၈၂ ဒသမ ၁၆၈ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၅,၁၇၀ ဒသမ ၈၉၉ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ ဘိန်းအာနိသင်ပါသော ချောင်းဆိုးပျောက် ဆေးရည် ၆၇၂ ဒသမ ၂၉၅ လစ်တာနှင့် ဘိန်းအာနိသင် ပါသော ထိုးဆေး ၉၅၃ ပုလင်းတို့ကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကိုးကန့်ဒေသ၊ တာရွှေတန်ကျေးရွာနှင့် မုံးကိုးဒေသ၊ ဟေမိုးလုံကျေးရွာ တို့တွင် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ ဘိန်းဖြူ ချက်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒဆေးဝါးများနှင့် ဘိန်းချက်ကိရိယာများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို မတ်လ ၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့ရာ တရားမဝင် လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်းဧက ၄၀၀၊ ဘိန်းချက်စက်ရုံ တစ်ရုံ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၂၁၈ ဒသမ ၈၇ ဂါလန်၊ ဆာလ်ဖျူရစ်အက်စစ် ၁၃၅ ဒသမ ၅ ဂါလန်၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ဂါလန် ၂,၀၂၀၊ အသုံးပြု ဓာတ်ပေါင်းရည် ၁၅ ဂါလန်၊ လိုင်ဇော ၆၂ ဒသမ ၉၉ ဂါလန်၊ ကလိုရိုဖောင်း ဂါလန် ၂၈၀၊ အမိုးနီးယားကလိုရိုက် ၁,၂၈၆ ဒသမ ၃၂ ကီလို၊ ဆိုဒီယမ်ကာဘွန်နိတ် ကီလို ၂,၆၀၀၊ အရိုးမီးသွေး ကီလို ၅၀၀ နှင့် ဘိန်းချက် ကိရိယာမျိုးစုံ ၅၈၆ ခုတို့အား မီးရှို့ဖျက်ဆီးခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၆ ခုနှစ်အထိ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးများကို ၁၆ ကြိမ် ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၃၇၉ ဒသမ ၅၅၂၉ ကီလို၊ ဘိန်း ၃၂၈ ဒသမ ၉၁၂၃ ကီလို၊ ဘိန်းညို ၁၈၁ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၆၈၉ ဒသမ ၇၅ လစ်တာ ၊ဘိန်းခင်း ၇,၆၈၆ ဧက၊ ဘိန်းချက်စက်ရုံ ၂၁ ရုံ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၂,၀၈၅ ဂါလန်၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၂၁၈ ဒသမ ၈၇ ဂါလန်၊ ဆာလ်ဖျူရစ်အက်စစ် ၁၃၅ ဒသမ ၅ ဂါလန်၊ အသုံးပြုဒြပ်ပေါင်းရည် ၁၅ ဂါလန်၊ လိုင်ဇော ၆၂ ဒသမ ၉၉ ဂါလန်၊ အမိုးနီးယား ကလိုရိုက် ၁,၂၈၆ ဒသမ ၃၂ ကီလို၊ ဆိုဒီယမ်ကာဘွန်နိတ် ကီလို ၂,၆၀၀၊ အရိုးမီးသွေးကီလို ၅၀၀ နှင့် ဘိန်းချက်ကိရိယာ မျိုးစုံ ၅၆၈ ခုတို့ကို ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

(ဦးစိုးအောင်)

## မင်းအောင်၊ စာရေးဆရာ ( ခရစ် ၁၉၁၃ – ၁၉၉၆)။ ။

စာပေလောကတွင် မင်းအောင်ကလောင်အမည်ဖြင့် ထင်ရှားခဲ့သော စာရေးဆရာတစ်ဦးဖြစ်သူ ဦးသိန်းမောင်ကို ဖခင် ဦးစံပွင့်၊ မိခင် ဒေါ်ငွေမတို့က ၁၉၁၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် တန့်ဆည်မြို့၌ ဖွားမြင်သည်။

ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူသည်။ အသက် ၁၇ နှစ်အရွယ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ဝတ္ထုတို၊ ဝတ္ထုရှည်များ စမ်းသပ်ရေးသားသည်။ အသက် ၂၃ နှစ်အရွယ်တွင် ဇာတိနယ်သို့ပြန်၍ ရဟန်းဝတ်သည်။ သာသနာ့ဘောင်တွင် သုံးနှစ်ကြာ လောကုတ္တရာစာပေများကို လေ့လာသင်ယူပြီးနောက် လူဝတ်လဲသည်။

၁၉၄၅ ခုနှစ်တွင် "ဂျစ်သခင်"လုံးချင်းဝတ္ထုကို ရေးသားထုတ်ဝေသည်။ ၁၉၄၈ ခုနှစ်တွင် "မိုးအောက်မြေပြင်"လုံးချင်းဝတ္ထုကို ရေးသားထုတ်ဝေခဲ့ရာ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း ( စာပေဗိမာန်အဖွဲ့ )၏ ပထမဆုံးစာပေဆုကို ရရှိသည်။ "မိုးအောက်မြေပြင်"ဝတ္ထုမှာ လွတ်လပ်ရေးရပြီးစ မြန်မာ့နိုင်ငံရေးအခြေအနေကို ကျောထောက် နောက်ခံပြုကာ ကျေးလက်ပြုပြင်ရေးဦးတည်ချက်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ စာပေဗိမာန်ဆုရပြီးနောက် သုံးကြိမ်တိုင်တိုင် ပုံနှိပ်ထုတ်ဝေခဲ့ရသည်။



စာပေဗိမာန်၏ ပထမဆုံးစာပေဆုရှင်
စာရေးဆရာမင်းအောင်

စာရေးဆရာမင်းအောင်သည် ၁၉၄၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ လုံးချင်းဝတ္ထု ၂၀ ကျော်၊ ကျမ်းစာအုပ်တစ်အုပ်၊ မဂ္ဂဇင်းများ၌ ဝတ္ထုတိုနှင့် ဆောင်းပါးများစွာ ရေးသားခဲ့ သည်။ ရေးခဲ့သော လုံးချင်းဝတ္ထုများအနက် ဥတုသုံးလီ (၁၉၅၀)၊ စာရေးဆရာ ( ၁၉၅၇) ၊ ဘုံလယ်မြေ (၁၉၆၄)နှင့် အငုံ ( ၁၉၆၅ ) တို့မှာ ထင်ရှားသည်။

စာရေးဆရာမင်းအောင်သည် မိုးအောက်မြေပြင်ဝတ္ထုကို ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့ရာတွင် သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိပြီး ရုပ်ရှင်နယ်သို့ ရောက်ရှိသွားသည်။ ရုပ်ရှင်နယ်တွင် သရုပ်ဆောင်၊ ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့သည်။

စာပေဗိမာန်အဖွဲ့၏ ပထမဆုံး စာပေဆုရှင် ဦးသိန်းမောင် (စာရေးဆရာမင်းအောင်) သည် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အမာနှင့် သားတစ်ယောက်၊ သမီးနှစ်ယောက်၊ မြေးသုံးယောက် ကျန်ရစ်သည်။

## မြင့်ဆွေ၊ ဦး (စာရေးဆရာ၊ ကျမ်းပြုဆရာ) (၁၉၁၇ – ၁၉၉၆ ) ။ ။

ဦးမြင့်ဆွေကို ၁၂၇၉–ခု၊ နတ်တော်လပြည့်ကျော် ၂ ရက် (၃၀–၁၀–၁၉၁၇ ) နေ့တွင် မော်လမြိုင်ကျွန်းမြို့၌ ဖခင် ဦးမှူကြီး၊ အမိ ဒေါ်စောခင်တို့က ဖွားမြင်ခဲ့သည်။

အသက် ၁၇ နှစ်အရွယ် ရှင်သာမဏေဘဝကပင် စာများကိုစတင်ရေးသားခဲ့သည်။ ထိုအချိန်က တိုးတက်ရေး မဂ္ဂဇင်း အယ်ဒီတာမှာ ဟံသာဝတီ ဦးဘရင် ဖြစ်သည်။ စာမူ သွားပေးသောအခါ ဆရာကြီး ဦးဘရင်က စာမူကို အကြမ်းဖျင်း အစအဆုံး ဖတ်ကြည့်ပြီး စာဆက်ရေးရန် တိုက်တွန်း စကားဆိုသည်။

ဆရာကြီးဦးဘရင်၏ တိုက်တွန်းချက်ကြောင့် ဦးမြင့်ဆွေ သည် စာပေကိုဆက်လက်ရေးသား ကြိုးစားခဲ့သူ ဖြစ်သည်။

ထို့နောက်တွင်ကား ဒဂုန်မဂ္ဂဇင်းတွင် လည်းကောင်း၊ အခြား ထင်ရှားသော စာနယ်ဇင်းများတွင်လည်းကောင်း စာပေ ဆောင်းပါးများအဆက်မပြတ် ရေးခဲ့သည်။ ဒုတိယ ကမ္ဘာစစ် အတွင်း လူဝတ်လဲ၍ အာရလူငယ် လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ၁၉၅၀ – ၅၁ – ၅၂ ခုနှစ်များတွင် "မြန်မာ နိုင်ငံ စာရေးဆရာအသင်း" တွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာ့ဝမ္ပသတ်၊ မြန်မာရတု၊ မြန်မာ ချေင်း၊ မြန်မာရာဇဝင်စသော စာပေရေးရာအကြောင်း များကို အသံလွှင့် ဟောပြောခဲ့သည်။

ဦးမြင့်ဆွေ ရေးသားခဲ့သော ထင်ရှားသည့်စာပေများမှာ လူပျို့ဖခင်ပေးစာ (ပ–ဒု )၊ မြင့်ဆွေနီတိ၊ ကိုလိုနီခေတ် စာပေလှုပ်ရှားမှု၊ ဆရာကြီးပီမိုးနင်းနှင့် ၂၀ –ရာစု စာရေး ဆရာများ၊ မြန်မာစာအုပ် သမိုင်းဦးနှင့် သမိုင်း အတွေ့ အကြုံ၊ ဇင်းမယ် ပဏ္ဏာသ (ပ–ဒု ) တည်းဖြတ်၊ ဓမ္မ ဒိုင်ဂျက်၊ ဗုဒ္ဓနည်းကျ ဒါနပြုနည်း၊ ဗုဒ္ဓနည်းကျ ရှင်ပြုနည်း၊ ကွယ်လွန်သူ ကောင်းကျိုးရအောင် ဒါနပြုနည်း၊ တွင်းသင်း မြန်မာ ရာဇဝင်သစ် (တည်းဖြတ် )၊ ဗုဒ္ဓခေတ် ကိုယ်တွေ့ တစ္ဆေဝတ္ထု၊ ညွန့်ပေါင်းကျမ်း စသည့် စာအုပ်ပေါင်း (၁၀၀) ကျော်နှင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး ပေါင်း မြောက်မြားစွာရေးသားခဲ့သည်။

အထူးမှာ "ပါဠိစာပေ တိုးတက်ကြီးပွားရေး အတွက် ယခုအချိန်၌ မည်သို့ဆောင်ရွက်သင့်သနည်း" ဟူသော စာတမ်းကို အကောင်းဆုံး ဖြေဆိုနိုင်သူအား "ပါဠိဘာရတီ" အစည်းအရုံးမှ ဆုငွေ ချီးမြှင့်ရန် ကြေညာခဲ့သည်။ ဖြေဆိုချက်သည် လုပ်ငန်းတစ်ရပ်အနေဖြင့် အကောင် အထည်ဖော်နိုင်သော အချက်အလက်များ ပါရှိရမည်ဖြစ်၍ ခေတ်နှင့်လည်း တစ်ပြေးညီညာ အံဝင်ခွင်ကျ ဖြစ်စေရ မည်ဟု စည်းကမ်းချထားသည်။ ဖြေဆိုတင်သွင်းသူ အများ အပြား အနက် "ပါဠိပြဿနာ" ဟူသော စာတမ်းတင်သူ ဦးမြင့်ဆွေက ပထမအကြိမ် "ပါဠိဘာရတီ"ဆုကို ဆွတ်ခူး



စာရေးဆရာ၊ ကျမ်းပြုဆရာ ဦးမြင့်ဆွေ

ရရှိခဲ့သည်။ ယင်းစာတမ်းကို "ပါဠိဘာရတီ အစည်းအရုံး" ကပင် ပုံနှိပ် ထုတ်ဝေခဲ့သည်။

ဦးမြင့်ဆွေသည် စာပေ အစုအဆောင်းလည်း ကောင်းလှ သည်။ ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သောစာစောင် ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို အစမှအဆုံး စုဆောင်းထားလေ့ ရှိသည်။ စာကြည့်တိုက်ကြီးများတွင် မရှိသော ရှားပါးစာအုပ် များပင် သူ့ထံ၌ရှိနေတတ်သည်။ ဦးမြင့်ဆွေ၏ အစ်ကို ကြီးဖြစ်သူ ဦးကြီးခင်ကလည်း စာဟောင်းပေဟောင်းများ၊ ပုရပိုက်များကို ရနိုင်သည်ဟု သတင်းကြားလျှင် ဘုန်းတော်ကြီးကျောင်း များပါမကျန် ရှာဖွေစုဆောင်း ပေးသည်။

စာပေသမား အတော်များများပင် ဦးကြီးခင်၊ ဦးမြင့်ဆွေတို့ထံ၌ အကိုးအထောက်လိုလျှင် သွားရောက် မွှေနှောက် ရှာဖွေကြသည်။ ဦးမြင့်ဆွေတို့ညီအစ်ကို ကလည်း တတ်စွမ်းသမျှ ကူညီကြသည်။ ထို့အပြင် မဟာ ဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့အတွက် စာတမ်းပြုစုမည့်သူများ အကူအညီ တောင်းလာလျှင်လည်း တတ်စွမ်းသမျှ လိုအပ် သည့် စာစုများကို ဦးမြင့်ဆွေသည် ရှာဖွေ ကူညီ ပေးလေ့ ရှိသည်။

ဦးမြင့်ဆွေသည် (၃၀–၁–၁၉၉၆) အသက် ၇၉ နှစ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်အထိ မြန်မာပြည် စာအုပ်တိုက်နှင့် မင်္ဂလာစာပုံနှိပ်တိုက်ကို ဦးစီးလုပ်ကိုင်၍ အကျိုးရှိမည့် စာအုပ်ကောင်းများကို ရေးသား ရိုက်နှိပ် ထုတ်ဝေခဲ့သည်။

**မြင့်မောင်၊ ဒါရိုက်တာ (စာရေးဆရာ)(၁၉၂၀– ၁၉၉၆)။** ။မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြစ်သား မြို့တွင် ၁၂၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

တနင်္ဂနွေနေ့၌ ဖခင်ဦးစံတုတ်၊ မိခင် ဒေါ်ဖွားသင်တို့က ဖွားမြင်သည်။ ငယ်အမည် မောင်အေးမောင်ဖြစ်၍ "ဘုတ်စကူး" ကျောင်းထွက်ဖြစ်သည်။

ကျောင်းသားဘဝကပင် စာရေးခြင်းဝါသနာပါ၍ နဂါးနီဂျာနယ်၊ သီဟဂျာနယ်၊ တိုးတက်ရေးမဂ္ဂဇင်းတို့တွင် "မြစ်သားမောင်" ကလောင်အမည်ဖြင့် ဝတ္ထုတိုများ စတင်ရေးသားခဲ့သည်။ နဂါးနီဂျာနယ်တွင် ပါရှိသော "ကျွန်မမှားသလား" ဝတ္ထုတိုအတွက် ဆုငွေ ၅ ကျပ် ရဖူးသည်။

ဒုတိယ ကမ္ဘာစစ်မဖြစ်မီက " မြင်း တော်ခံ" ဇာတ်လမ်းရေး၍ ဗြိတိသျှဘားမားရုပ်ရှင် (ယခု ညွန့်မြန်မာ)တွင် ပညာသင် ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးဆရာအဖြစ် ရုပ်ရှင်နယ်သို့ ခြေချခဲ့သည်။ တစ်လ ၁၅ ကျပ်ရသည်။

စစ်ပြီးခေတ် ၁၉၄၅–၄၆ ခုနှစ်များတွင် မန္တလေးတိုင်းချစ်သတင်းစာ၊ မန္တလေး သူရိယသတင်းစာ၊ မန္တလေးတိုင်း သတင်းစာများ၌ လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ရင်း "စစ်ပြန်ဖြစ်ထွေ"၊ "ရင်ဆိုင်တိုက်ပွဲ" ၊ "မျှော်လေတိုင်း" ဝတ္ထုရှည်များ စတင်ရေးသားခဲ့သည်။

၁၉၄၇–၄၈ ခုနှစ်အတွင်း ရန်ကုန်သို့ ရောက်ရှိကာ စီးပွားရေးသတင်းစာ၊ ရုပ်ရှင်ရိပ်သာစာစောင်၊ လူထုပညာမဂ္ဂဇင်း၊ ဆန်းညွန့်ဦးမဂ္ဂဇင်း၊ လင်းရောင်စာပေမဂ္ဂဇင်းများတွင် တာဝန်ခံ အယ်ဒီတာ၊ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်မှစ၍ မြစ်သားမောင် ကလောင်အမည်မှ "မြင့်မောင်" ကလောင်အမည်သို့ ပြောင်း၍ "ထား"၊ "ကမ္ဘောဇ မာလာ"၊ "စပယ်နှင့် သဇင်"၊"မပြုံးယဉ်"၊"နှင်းပျောက်တဲ့နွေ"၊ "ဖုန်းမေ့ကြောင့်ပန်း"စသော လုံးချင်းဝတ္ထုရှည် ၁၉ အုပ်၊ ရှမ်း၊ ကယား၊ ကရင်၊ ခနောင်ရိုး တိုင်းရင်းသားလူမျိုးများအကြောင်း၊ ချစ်ကြည်ရေး ခရီးသွားဆောင်းပါးပေါင်း ၄၅၀ ကျော်နှင့် ဝတ္ထုတိုပုဒ်ရေ ၅၀ ခန့်ကို မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ ပဒေသာ၊ ပေဖူးလွှာ စသည့်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

ဒါရိုက်တာ မြင့်မောင် အမည်ဖြင့် စာပေဗိမာန်မှ "ကယားတို့ဌာနီ ငွေတောင်ပြည် (၁၉၆၆ )"၊ "အင်းလေး " (၁၉၈၄ )၊ "ခနောင်ရိုး" (၁၉၈၆ )၊ "လယ်တွင်းကိုးခရိုင် ရှေးခေတ်မြန်မာတို့၏ စပါးကျီ"( ၁၉၈၉ )စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ၁၉၈၉ ခုနှစ်၊ အမျိုးသားစာပေဆု ၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဘာသာရပ်တွင် "လယ်တွင်း ကိုးခရိုင် ရှေးခေတ်မြန်မာတို့၏ စပါးကျီ" စာအုပ်ကိုအကောင်းဆုံးအဖြစ် ရွေးချယ်ဆုချီးမြှင့်ခြင်းခံရသည်။ ထို့ပြင်အင်းလေးရှေ့ဥဒေါင်းတောင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ရေးလှူပူဇော်ခဲ့သည်။



စာရေးဆရာ၊ ဒါရိုက်တာမြင့်မောင်

ရုပ်ရှင်နှင့် ပတ်သက်၍ "ဇာတ်ညွှန်းမှ ရုပ်ရှင်" (၁၉၇၀)၊ "ဝတ္ထုဇာတ်ညွှန်းမှ ရုပ်ရှင်"၊ "ရုပ်ရှင် ရုပ်မြင်ဘယ်လိုရိုက်မ လဲ" (၁၉ ၉ ၁ ) ပညာပေး ကျမ်းစာအုပ်များ ပြုစုထုတ်ဝေခဲ့သည်။ ကိုယ်တိုင်ရေး/ ရိုက် ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၂၅ ပုဒ် ရေးသား ရိုက်ကူးခဲ့သည်။

ရုပ်ရှင်ဒါရိုက်တာအဖြစ် "ပန်းတိုင်းပွင့်ပါစေ"ရှမ်းပြည်နယ် နောက်ခံဇာတ်လမ်း (၁၉၆၀ )၊ "တမိုးတမြေ" ကယားပြည်နယ်နောက်ခံဇာတ်လမ်း၊ (၁၉၆၁–၆၂ ) "မြေမှာပွင့်သောမေတ္တာပန်း" (၁၉၆၆ ) ၊ "တောင်ပြာတန်းနှင့်ပန်းသဇင်"မြေလတ်ပိုင်းပင်းတယဒေသ နောက်ခံဇာတ်လမ်း (၁၉၆၇ )၊ "သံလွင်ကတော့စီးမြဲပင်"ကရင်ပြည်နယ်နောက်ခံဇာတ်လမ်း( ၁၉၆၈ )၊ "ကြင်ဖော်တွဲချင်ရှာလိမ့်မည်" (၁၉၇၂ )၊ "ကန္တာရဝတီထိပ်ထား"ကယားပြည်နယ်မော်ချီမိုင်းဒေသ နောက်ခံဇာတ်လမ်း (၁၉၇၅ –၇၆) ရုပ်ရှင်ကားများကိုရိုက်ခဲ့သည်။ ၁၉၆၆ ခုနှစ်၊ ရုပ်ရှင်အကယ်ဒမီဆု( ရုပ်ရှင်ထူးချွန်ဆု )တွင်အကောင်းဆုံးအမျိုးသား ဇာတ်ပို့အဖြစ် "မြေမှာပွင့်သော မေတ္တာပန်း " မှ (ဦး) စိုးရွှေ ဆုချီးမြှင့်ခြင်းခံရသည်။

မြန်မာ့အသံ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တွင် "စေတနာချစ်သူ"(၁၉၈၆)၊"ထာဝရ စိမ်းလန်းနေမည့်ပန်းလောင်မြေ"၊ "နောင်အင်းလေး" (၁၉၈၈ ပြည်ထောင်စုနေ့ အထိမ်းအမှတ်)၊ "မေတ္တာသည်သာ အလှဆုံး" ခနေ

တောင်ရိုး၊ ရိုးရာဓလေ့ ယဉ်ကျေးမှုအခြေခံ ဇာတ်လမ်းများကို ရေးသားရိုက်ကူး တင်ဆက်ခဲ့သည်။

၁၉၉၁–၉၂ ခုနှစ် မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်တင်ရေး အကဲဖြတ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင် ရွက်ခဲ့ဖူးသည်။

ဦးမြင့်မောင်သည် ဘဝတစ်လျှောက်လုံးတွင် စာရေးခြင်း အလုပ်၊ ရုပ်ရှင်၊ ရုပ်မြင်အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရာမှ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ၂၇ ရက်၊ အသက် ၇၆ နှစ်တွင် လူကြီးရောဂါ ဖြင့် အမှတ် ၆၆ ၊ သီတာလမ်း၊ ကျောက်မြောင်း နေအိမ်တွင်ကွယ်လွန်ခဲ့သည်။ ဇနီးဒေါ်စိန်စိန်နှင့် သားသမီးများ ဖြစ်ကြသော အောင်အောင်မျိုး၊ စုစုလတ်၊ ကျော်ကျော်မိုး၊ အေးမြရိပ် (သားနှစ်ယောက်၊ သမီး နှစ်ယောက်) ကျန်ခဲ့သည်။

**မြင့်အောင်၊ ဦး (ရုပ်ရှင်မင်းသားကြီး ) (ခရစ် ၁၉၃၁ – ၁၉၉၆ )။** ။မြန်မာ့ရုပ်ရှင်လောကတွင် တစ်ခေတ်တစ်ချိန်က ထင်ရှားကျော်ကြား လူကြိုက်များခဲ့သော ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင်ကို ပဲခူးတိုင်း ကဝမြို့နယ် သက္ကလရွာတွင် ဖခင် ဦးကျောက်ခွေး၊ မိခင် ဒေါ်အေးနှစ်တို့က ၁၉၃၁ ခုနှစ်၌ မွေးဖွားသည်။

ဦးမြင့်အောင်သည် အသက် ၂၀ အရွယ်ခန့်ကပင် အေဝမ်းဖလင်နှင့် ဆက်သွယ်မှု ရရှိခဲ့ပြီး ရုပ်ရှင်ပညာများကို သင်ကြားဆည်းပူးခွင့် ကြုံခဲ့သည်။ ထိုနောက် ဦးမြင့်အောင်သည် ၁၉၅၂ ခုနှစ်၌ လေထဲကဖူးစာ ရုပ်ရှင်ကားတွင် ပထမဆုံး စတင်သရုပ်ဆောင်ခဲ့ရသည်။ အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဦးချင်းစိန်က ရိုက်ကူးခဲ့ပြီး မြင့်အောင်နှင့်အတူ ရွှေညာမောင်၊ မြင့်မြင့်ခင်၊ မေဆန်း၊ မေရီမြတို့ သရုပ်



နာမည်ကျော်
ရုပ်ရှင်မင်းသားကြီး
မြင့်အောင်

ဆောင်ခဲ့ကြသည်။ "လေထဲက ဖူးစာ" ဇာတ်ကားကို ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ ရှိုင်းရွယ်ရုံတွင် ပြသခဲ့ရာ ထိုခေတ်က ဝင်ငွေစံချိန် ၅၄,၆၄၂ ကျပ် ရရှိသည်အထိ အောင်မြင်ခဲ့သည်။ ယင်းသို့ဖြင့် ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဦးမြင့်အောင်သည် ရုပ်ရှင်ဇာတ်ကားများကို စဉ်ဆက်မပြတ် ရိုက်ကူးခဲ့ရပြီး ရုပ်ရှင်လောကတွင် မြင့်အောင်ခေတ် ကို ထူထောင်နိုင်ခဲ့သည်။

ဦးမြင့်အောင်သည် ရုပ်ရှင်ဇာတ်ကားများတွင် အနုပညာ မြောက်စွာ သရုပ်ဆောင်နိုင်သူ ဖြစ်သည်။ မန္တလေးရုပ်ရှင်အတွက် ဒါရိုက်တာ မျိုးအောင် ရိုက်ကူးခဲ့သည့် မြပန်းဝတ်ရည်ဇာတ်ကားတွင် ချစ်သူမေသစ်နှင့် မရည်ရွယ်ဘဲ ကွဲသွားသဖြင့် မြင့်အောင်၏ ကြေကွဲဟန်များ၊ မနှစ်သက်သူ နွဲ့နွဲ့အေးနှင့် ပေါင်းသင်းနေရသဖြင့် မြင့်အောင်၏ အလိုမကျဟန်များ၊ ကြေကွဲမှုနှင့် အလိုမကျမှုတို့ ဖိစီးမှုကြောင့် မြင့်အောင်၏ ဆို့နစ်စွာ ခံစားရဟန်များသည် ရုပ်ရှင်ကြည့်ပရိသတ်၏ ရင်ထဲတွင် စွဲငြိစေခဲ့သည်။

ဆရာ ဦးသုခ ရိုက်ကူးခဲ့သော မိုးလုံးပတ်လည် ဇာတ်ကားတွင် ယခင်ဇာတ်ကားများ၌ ကြော့ကြော့မော့မော့ နနုလုလု သရုပ်ဆောင်လေ့ရှိသော ဦးမြင့်အောင်သည် ယခင်ဇာတ်ကားများနှင့်မတူ အသွင်ပြောင်း၍ သရုပ်ဆောင်ခဲ့သည်။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးကျောက်လုံး၏ ဇနီး တင်တင်မူ အလုကျော့ကွင်းအတွင်း သက်ဆင်းမိရင်းမှ အချစ်ကြီး၍ အမျက်ကြီးကာ တင်တင်မူကို သတ်ခဲ့မိသည့် ရုပ်ရှင်မင်းသား မောင်မောင်လတ်အဖြစ် အရဲစွန့်၍ လူကြမ်းမင်းသားဆန်ဆန် သရုပ်ဆောင်ပြခဲ့သည်။

ဦးမြင့်အောင်သည် ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ဝင်းဦး၊ ညွန့်ဝင်း စသော ရုပ်ရှင်သရုပ်ဆောင်များ ရုပ်ရှင်လောကထဲသို့ ထိုးဖောက်နေရာယူလာချိန်၌ ရုပ်ရှင်ပိတ်ကား ပေါ်မှ အတန်ကြာပျောက်ကွယ်သွားခဲ့သည်။ ရုပ်ရှင်နှင့် ကင်းကွာစဉ် ကာလအတွင်း ဦးမြင့်အောင်သည် ကာယဗလ လေ့ကျင့်ခြင်း၊ သိုင်း၊ ဗန်တို၊ ဗန်ရှည် စသော အားကစားများ သင်ကြားခြင်းတို့ ပြုလုပ်ပြီး မြန်နန်းရုပ်ရှင်မှ ဒါရိုက်တာ ဦးတင်ယု ရိုက်ကူးသည့် 'ညောင်ရမ်းညီနောင်' ဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ တစ်ကျော့ပြန် ဝင်ရောက်ကာ အောင်မြင်မှုကို ရယူခဲ့သည်။ ယင်းသို့ဖြင့် ဦးမြင့်အောင်

သည် ရုပ်ရှင်မင်းသားအဖြစ် ဒုတိယအကြိမ် အောင်မြင်မှုကို ရယူကာ ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ရုပ်ရှင်ကားများစွာ ရိုက်ကူးခဲ့ရသည်။

ဦးမြင့်အောင်သည် ၁၉၅၇ ခုနှစ်၌ မြင့်အောင်ရုပ်ရှင်ကုမ္ပဏီကို ထူထောင်ခဲ့ပြီး ၎င်းကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူကာ မောင့်ရူပါဇာတ်ကားကို ကိုယ်တိုင်ပါဝင်သရုပ်ဆောင် ရိုက်ကူးခဲ့သည်။ မြင့်အောင်သည် ပထမဆုံး ဆေးရောင်စုံ မြန်မာရုပ်ရှင်ကားတွင်လည်း ပါဝင်ရိုက်ကူးခဲ့ရသည်။ ထိုကားမှာ ရန်ကုန်ရုပ်ရှင်မှ ဒါရိုက်တာ ရွှေဘော်ရိုက်ကူးသည့် ချစ်ခဲ့တာ အမှန်ပါပဲ ဇာတ်ကားဖြစ်ပြီး ၁၉၅၈ ခုနှစ်၌ ရုံတင်ခဲ့သည်။ ထိုဇာတ်ကားတွင် ကြည်ကြည်ဌေး၊ ဖိုးပါကြီးတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့ရသည်။

ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင်သည် သရုပ်ဆောင်အကယ်ဒမီဆုကို ကိုယ်တိုင်မဆွတ်ခူးနိုင်စေကာမူ ၎င်းပါဝင် ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ ထူးချွန်ဆုများ ရရှိခဲ့ကြသည်။ ၁၉၅၃ ခုနှစ်၌ အောဝမ်းဖလင်မှ ဒါရိုက်တာ ဦးချင်းစိန်နှင့် မောင်ဝေဇင်တို့ ရိုက်ကူးပြီး မြင့်အောင်၊ ဝေဇင်၊ မေမြတို့ ပါဝင်သော မြဟေဝန်ဇာတ်ကားမှာ တတိယ ရုပ်ရှင်ကားဆုကို ဆွတ်ခူးခဲ့သည်။ ၁၉၅၅ ခုနှစ်၌ အောဝမ်းဖလင်မှ ဒါရိုက်တာ မောင်ဝေဇင်၏ ချစ်မမ ဇာတ်ကားဖြင့် မေလွင်က လည်းကောင်း၊ ၁၉၅၇ ခုနှစ်၌ ကမ္ဘောဇရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်စိုး၏ ချစ်ညီမဇာတ်ကားဖြင့် မြင့်မြင့်ခင်က လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၌ ဒါရိုက်တာ ဦးမြမောင်၏ မေတ္တာရွှေရည်ဇာတ်ကားဖြင့် မေသစ်ကလည်းကောင်း အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုများ ဆွတ်ခူးကြရာ သုံးကားစလုံးတွင် ဦးမြင့်အောင်သည် အမျိုးသားဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။

မင်းသားကြီး ဦးမြင့်အောင် ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးခဲ့သော ရုပ်ရှင်ကားများအနက် ဇာတ်လမ်းပမာရုပ်ရှင်ကားမှာ လူကြိုက်များသည်။ အဆိုပါဇာတ်ကားသည် ဖက်ဆစ်တော်လှန်ရေးကာလကို နောက်ခံထား၍ ကျေးလက်ပြည်သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကို သရုပ်ဖော် တင်ပြထားသည်။

ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင် နောက်ဆုံးပါဝင်ရိုက်ကူးသွားသော ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာအောင်မြင့်မြတ်ရိုက်ကူးသော မွေးဆိုသောမိန်းကလေး ဇာတ်ကားဖြစ်သည်။ ထိုဇာတ်ကားတွင် ရဲအောင်၊ နွဲ့နွဲ့စန်း၊ ထွန်းထွန်းနိုင်နှင့် သမီးဖြစ်သူ မိုမိုမြင့်အောင်တို့နှင့်အတူ နောက်ဆုံးပါဝင် သရုပ်ဆောင်ခဲ့သည်။

ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင်သည် ရုပ်ရှင်ဇာတ်ကားပေါင်း ၆၂ ကားကျော်ခန့် ပါဝင်ရိုက်ကူးခဲ့ရာ အချို့ကို ဖော်ပြရသော် လေထဲကပူးစာ၊ မြဟေဝန်၊ နတ်ပန်းမဥ္ဇူ၊ ချစ်မမ၊ ချစ်ညီမ၊ တွေးရခက်ကြီး၊ နှောင်းသစ္စာ၊ ချစ်စေတနာ၊ လောကဓံ ပန်းချီ၊ မိန်းမကျော့ကွင်း၊ နတ်ရေးတဲ့ဖူးစာ၊ မောင့်ရူပါ၊ မြတ်ပန်းဝတ်ရည်စသည်တို့ ဖြစ်ကြသည်။

ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင်သည် ၁၉၉၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်သန်းရင်နှင့် သားသမီး ငါးဦး၊ မြေး ငါးဦး ကျန်ရစ်သည်။။

**မြန်မာနိုင်ငံစာပေဆုများ။** ။ ၁၉၉၅ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် (၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၁ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပ သည်။ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဝန်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီ ဝင်များ ဖြစ်ကြသော ဗိုလ်မှူးချုပ်သောင်းမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးသန်းညွန့်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ၁၉၉၅ ခုနှစ် အမျိုးသားစာပေဆုစိစစ်




**အမျိုးသား စာပေဆုရှင်တစ်ဦးအား**
**အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က**
**ဆုချီးမြှင့်စဉ်**

ရွေးချယ်ရေး ကော်မတီဝင်များ၊ ၁၉၉၅ ခုနှစ် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ အမှုဆောင်များ၊ စာပေပညာရှင်ကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အမှာစကား ပြောကြားသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ၁၉၉၅ ခုနှစ် အမျိုးသားစာပေဆုဝတ္ထုရှည်၊ ဘာသာပြန် (ရသ)၊ ဘာသာပြန် (သုတ)၊ ကဗျာပေါင်းချုပ်၊ သုတ ပဒေသာ (သိပ္ပံ)၊ သုတပဒေသာ (ဝိဇ္ဇာ) ဘာသာရပ်များတွင် ဆုရရှိသူများအားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က ၁၉၉၅ ခုနှစ် အမျိုးသား စာပေဆု ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ လူငယ်စာပေ၊ သုတပဒေသာ (အသုံးချ သိပ္ပံ) ဘာသာရပ်များတွင် ဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်သည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ၁၉၉၅ ခုနှစ် စာပေဗိမာန်စာမူဆု ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ် ရေးကော်မတီသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး မူ(၉) ချက်၊ အမျိုးသားစာပေဆု စည်းကမ်းချက်များနှင့်အညီ ၁၉၉၅ ခုနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများရုံး၌ မှတ်ပုံတင်၍ ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၆၄၀ ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုးအလိုက် အမျိုးသားစာပေဆုချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတ)၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ) စုစုပေါင်း ဘာသာရပ် ၁၁ မျိုး အတွက် အမျိုးသားစာပေဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ ကလေးစာပေ၊ နိုင်ငံရေးစာပေ ဘာသာရပ် သုံးမျိုးအတွက် အမျိုးသားစာပေဆု ရွေးချယ်ခြင်းမခံရပေ။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန် စာမူဆုရွေးချယ်စိစစ်ရေးမူ(၉)ချက်၊ စာမူဆု စည်းကမ်းများနှင့်အညီ ၁၉၉၅ ခုနှစ်အတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်း ၁၆၂ စောင်ကို စာပေဗိမာန်

စာမူဆုချိုးမြှင့်ရန် စနစ်တကျဖတ်ရှုစိစစ်ခဲ့သည်။ ယင်းသို့ ဖတ်ရှုစိစစ်ရာတွင် သတ်မှတ်ထားသော ဘာသာရပ် ၁၂ မျိုးရှိသည့်အနက်ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန် စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ နိုင်ငံရေးစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချ သိပ္ပံ)၊ ကဗျာစုစုပေါင်းဘာသာရပ် ၁၁ မျိုးအတွက် ပထမဆု ၁၁ ဆု၊ ဒုတိယဆု ၉ ဆု၊ တတိယဆု ၆ ခု၊ စုစုပေါင်း ၂၆ ဆု အရွေး ချယ်ခံရသည်။ ပြဇာတ်စာပေ ဘာသာရပ်အတွက် ပြိုင်ပွဲဝင် စာမူတစ်စောင် တင်သွင်းသော်လည်း စာမူဆု ရွေးချယ်ခြင်းမခံရပေ။

### အမျိုးသားစာပေဆုများ (၁၉၉၅)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | မြကြာဖြူ | ခင်နှင်းယု |
| ဝတ္ထုတိုပေါင်းချုပ် | လူသုံးကုန်ပစ္စည်းရောင်းသူများနှင့် အခြားဝတ္ထုတိုများ | ဖေမြင့် |
| ကဗျာပေါင်းချုပ် | ရွှေစောင်းသံ ကဗျာများ | တက္ကသိုလ်မြတ်သူ |
| စာပဒေသာ | မြန်မာ့ဆင် | အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ | မြန်မာ့နဲ | နဲ-ဦးမြကြီး(ကော့မှူး) |
| လူငယ်စာပေ | ပန်းဆုဝေလူငယ် ဝတ္ထုတိုများ | ယောနကဘိုးထောင် |
| ဘာသာပြန်(သုတ) | အို..ဂျေရုဆလမ် | ကျော်အောင် |
| ဘာသာပြန်(ရသ) | အချစ်မိုး ကောင်း ကင် | မြသန်းတင့် |
| သုတပဒေသာ(ဝိဇ္ဇာ) | မြန်မာနိုင်ငံမြေခွန် သမိုင်း | ထွန်းအောင်ကျော် |
| သုတပဒေသာ(သိပ္ပံ) | လက်တွေ့အသုံးချ အားကစားဆေးပညာ | ကျော်သက်ခိုင် (ဆေး:တက္ကသိုလ်) |
| သုတပဒေသာ(အသုံးချ သိပ္ပံ) | သက်ရှိတို့ကို ဖန်ဆင်းသူဗီဇ | ဒေါက်တာမြင့်သန်း |

### စာပေဗိမာန်စာမူဆုများ(၁၉၉၅)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည်(ပထမဆု) | တိမ်စင်သည့် နွေဆည်းဆာ | ပုသိမ်ရန်နောင်စိုး |
| ဝတ္ထုရှည်(ဒုတိယဆု) | တစ်နေ့ဝင်လျှင် | ကောင်းမြတ်သူ (ဥက္ကလာ) |
| ဝတ္ထုတိုပေါင်းချုပ် (ပထမဆု) | လူ့ဘုံခန်းဝါပျော့ စရာနှင့် အခြား ဝတ္ထုတိုများ | နှာစိုး(ဆင်ဖြူကျွန်း) |
| ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု) | ဘဝမြစ်ပြင်ကျယ် မှ အစုန်အဆန်လှေ သမ္ဗန်လေးများ | ကိုနေ(ကောလင်း) |
| စာပဒေသာ (ပထမဆု) | မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် | ရွှေဘိုမိမိကြီး |
| စာပဒေသာ (ဒုတိယဆု) | ၃၆ ရက်ခရီးကြမ်း | အောင်လွင်ဦး (ရေနံချောင်း) |
| စာပဒေသာ (တတိယဆု) | မျိုးမြင့်ဆွေ | မောင်ကျော်ရှင်း |
| ဘာသာပြန်စာပေ (ပထမဆု) | အပြုံသဘော စဉ်းစားတွေးခေါ်မှု | ဒေါက်တာရဲထွတ် |
| ကလေးစာပေ (ပထမဆု) | ကလေးများအတွက် သစ်တောသစ်ပင် ပတ်ဝန်းကျင် | မောင်သင်း (သပြေ) |
| ကလေးစာပေ (ဒုတိယဆု) | တစ်မူးရလို့တစ်ပဲလူ နှင့်အခြားကလေး ဝတ္ထုတိုများ | ပုသိမ် အောင်သန်းဦး |
| ကလေးစာပေ (တတိယဆု) | ရှင်ထူးရမှာ ရက်သလား | မောင်မျိုးဆင့် (မြန်မာစာ) |
| လူငယ်စာပေ (ပထမဆု) | မွေးနံ့သာ | အောင်စိုး (တိရစ္ဆာန် ဆေးကုဆရာဝန်) |
| လူငယ်စာပေ (ဒုတိယဆု) | ရွှေနိုင်ငံရွှေမြေကြီး ရွှေသီးတဲ့ပြည် | တက္ကသိုလ် နန်းဖြူဖြူထွန်း |

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ (ပထမဆု) | မြန်မာ့ရွဲပညာ | မှတ်ကျောက် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ (ဒုတိယဆု) | ဗုဒ္ဓကျမ်းစာမြစ်ဖျားခံသော အသုံးချမြန်မာစာမြန်မာ့ယဉ်ကျေးမှုအမွေအနှစ် | ဦးမြတ်ကျော် (မြန်မာစာအဖွဲ့) |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ (တတိယဆု) | ငြမ်း | ထန်လိုင် |
| နိုင်ငံရေးစာပေ (ပထမဆု) | ရှမ်းပြည်နယ် တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးမှတ်တမ်း | ပင်လုံခွန် |
| သုတပဒေသာ(ဝိဇ္ဇာ) (ပထမဆု) | ခေတ်အဆက်ဆက်မြန်မာ့တပ်မတော်သားများ၏ ဝတ်စားဆင်ယင်မှု | ဂုဏ်လင်းကျော် |
| သုတပဒေသာ(ဝိဇ္ဇာ) (ဒုတိယဆု) | ကတ္တူ | မောင်ကျော်ရှင်း |
| သုတပဒေသာ(ဝိဇ္ဇာ) (တတိယဆု) | ဘုရားစုံဖူးမယ် | ကိုကို(သုတေသန) |
| သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ (ပထမဆု) | သူတို့နေချင်နေပါစေ | မောင်ကြည်သန့် |
| သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ (ဒုတိယဆု) | စပါးသီးနှံဖျက်ပိုးမွှားရောဂါနှင့် ပေါင်းပင်များကာကွယ်နှိမ်နင်းရေး | မောင်ခိုင်ခန့် |
| သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ (တတိယဆု) | ခေတ်သစ်ဆေးလောက ၏မှတ်တိုင်များ | မော်ဦး(ဆေး-၂) |

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ကဗျာ(ပထမဆု) | မိုးကြိုးတေးနှင့်ကျေးသန္တာ | နွေကိုတူး(ပခုက္ကူ) |
| ကဗျာ(ဒုတိယဆု) | မဟာမြန်မာကဗျာပေါင်းချုပ် | မောင်စိမ်းနောင် (လယ်ဝေး) |
| ကဗျာ(တတိယဆု) | ကြယ်ပွင့်ကောင်းကင်ပန်းဥယျာဉ်နှင့် အခြားကဗျာများ | မင်းရဲကျော် |

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၆ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

ဥပဒေများ ပြဋ္ဌာန်းခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၁/၉၆)၊ ဖေဖော်ဝါရီလ၁၉ ရက်နေ့တွင်မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၆)၊ မတ်လ ၂၅ ရက်နေ့တွင် ၁၉၉၆ ခုနှစ် နိုင်ငံတော်၏၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ်၃/၉၆)၊ မတ်လ ၂၉ ရက်နေ့တွင် ၁၉၉၆ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ်၄/၉၆)၊ ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်၅ / ၉၆) ၊ ဇွန်လ ၂၄ ရက်နေ့တွင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်၆/၉၆)၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် တိုင်းရင်း ဆေးဝါးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေ အမှတ်၇/၉၆)၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ရုပ်မြင် သံကြားနှင့် ဗီဒီယိုဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်၈/၉၆)၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရုပ်ရှင်ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၉/၉၆)၊ နှင့် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကွန်ပျူတာ ပညာဖွံ့ဖြိုးရေး ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၆ )၊ တို့ကို ပြဋ္ဌာန်းခဲ့သည်။

## နိုင်ငံတော် ရတနာပတ္တမြားကြီး ခင်းကျင်းပြသခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မိုးကုတ်ရတနာမြေကင်းရွာ ဖက်စပ်လုပ်ကွက် အမှတ် ၁၄ မှ တူးဖော်ရရှိသည့် အလေးချိန် ၂၁,၄၅၀ ကာရက်ရှိ ကမ္ဘာ့အကြီးဆုံး ထူးခြားသော ပတ္တမြား ကြီးကို ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မေ လ ၁၄ ရက်နေ့တွင် ကြည့်ရှု စစ်ဆေးခဲ့သည်။ ပတ္တမြားကြီး ၏ အရွယ်အစားမှာ ပျမ်းမျှအလျား ခုနစ်လက်မ၊ အနံ လေးလက်မခွဲနှင့် အမြင့်လေးလက်မခန့်ရှိသည်။ အရည် အသွေးမှာ အနီရင့်ရောင် ရှိပြီး အပြစ်အနာအဆာကင်းစင် သည့် ရတနာတန်းဝင်ပတ္တမြားကြီးဖြစ်သည်။ ပတ္တမြားကြီး အား ခွဲစိတ်ဖြတ်တောက်ခြင်းမပြုဘဲ နိုင်ငံတော်၏ ထူးခြားသည့် ရတနာအဖြစ် မြန်မာ့ကျောက်မျက် ရတနာ ပြတိုက်ကြီးတွင် ခင်းကျင်းပြသထားမည် ဖြစ်သည်။

## အမျိုးသားပြတိုက် ဖွင့်လှစ်ခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်ဖွင့်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်း အမှတ် ၆၆/ ၇၄ ရှိ ပြတိုက်မှခ်ဦးနှင့် ပရဝဏ်အတွင်း၌ စက်တင် ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမျိုးသား ပြတိုက် သည်အလျားပေ ၃၈၀ နှင့် အနံပေ ၂၀၀ ရှိ ငါးထပ် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်က ငွေကျပ် ၃,၆၅၅ ဒသမ ၉၁ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

## နိုင်ငံခြားငွေလက်မှတ်နှင့် ငွေစက္ကူသစ်များ ထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ ၂၀ နှင့် ညီမျှသော အဆင့်မြင့် နိုင်ငံခြားငွေ လက်မှတ် အသစ်ကို မေလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေသည်။ နိုင်ငံခြားငွေ လက်မှတ်အသစ်၏ အရွယ်အစားမှာ ၁၅ ဒသမ ၂×၆ ဒသမ ၅ စင်တီမီတာရှိပြီး ပေါ်လွင်သော အရောင်မှာ နီညိုရောင်ဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ လုံခြုံရေးကြိုး ပုံစံသစ်ပါရှိသော ကျပ် ၁၀၀ တန်ငွေစက္ကူကို ဇူလိုင်လ ၁၇ ရက်နေ့တွင် စတင်ထုတ်ဝေသည်။ လုံခြုံရေးကြိုး ပုံစံသစ် မှအပ ငွေစက္ကူ၏အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရောင်၊ အရည်အသွေးနှင့် ရေစာသတ်မှတ် ချက် အားလုံးသည် မူလကျပ် ၁၀၀ တန် ငွေစက္ကူအတိုင်း ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကေသရာဇာခြင်္သေ့မင်း ရုပ်ပုံပါ တစ်ကျပ်တန်ငွေစက္ကူသစ်ကို အောက်တိုဘာလ ၃၁ ရက် နေ့တွင် စတင်ထုတ်ဝေသည်။ ငွေစက္ကူသစ်၏ အရွယ်အစားမှာ ၁၁ ဒသမ ၀× ၅ ဒသမ ၅ စင်တီမီတာ ရှိပြီး ပေါ်လွင်သောအရောင်မှာ စိမ်းပြာရောင်ဖြစ်သည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ် ပြည်သူ့ သမ္မတနိုင်ငံ ခေါင်းဆောင်များနှင့် အစိုးရတို့၏ ဖိတ်ကြား ချက်အရ ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လည်းကောင်း၊ မလေးရှား နိုင်ငံ ဘုရင်မင်းမြတ် တွန်ကူဂျဖာအိ(တ်) နီ၊ အယ်လ်မာ ဟွမ်း၊ တွန်ကူအဗ္ဗဒူလ်ရာမန်နှင့် မိဖုရားတွန်ကူ နဲဂျီဟပ် ဘင်တီအယ်လ်မာဟွမ်း၊ တွန်ကူဘီဆာဘားဟာနျူဒင် တို့၏ ဖိတ်ကြားချက်အရ ဩဂုတ်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ မလေးရှားနိုင်ငံသို့လည်းကောင်း၊ ကမ္ဘော ဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရေဘတ်ဆမ္ဒေးပရေ နိုရိုဒွန်သီဟာနုဗာမန်နှင့် ကြင်ရာတော်မိဖုရား ဆမ္ဒေး



နိုင်ငံတော်၏ အဖိုးတန်ကျောက်မျက်ရတနာများ
ခင်းကျင်းပြသရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကြီး

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်
မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး မထွက်ခွာမီ
သံရုံးအရာရှိများအား နှုတ်ဆက်စဉ်



ပရေရိချ် အကက်မိုဟေစီ နိုရိုဒွန် မိုနိနိစ်သ် သီဟာနုတို့၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံသို့ လည်းကောင်း ချစ်ကြည် ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာဆူဟာတို၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၂၈ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့ အထိ အင်ဒိုနီးရှား သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အင်ဒိုနီးရှားသမ္မတ နိုင်ငံ ဂျကာတာမြို့ရှိ လာဂွန်းတာ ဝါဟောလ်တန်ဟိုတယ်၌ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသော အာဆီ ယံအဖွဲ့ဝင်နိုင်ငံ အစိုးရ အကြီးအကဲ များနှင့် ကမ္ဘောဒီးယား၊လာအို၊ မြန်မာနိုင်ငံတို့မှ အစိုးရ အကြီး အကဲများ၏ အလွတ်သဘော တွေ့ဆုံ ဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဂျကာတာမြို့တွင် ရှိစဉ်အတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတမစ္စတာ ဆူဟာတိုနှင့် လည်းကောင်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ခမ်တေး ဆီဖန်ဒုံနှင့် လည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက်နှင့် လည်းကောင်း၊ မလေးရှား နိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မဟာသီယာ မိုဟာမက် နှင့် လည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမစ္စတာ ဖီဒယ်လ်ဗွီရာမိုစ်နှင့် လည်းကောင်း၊ ဘရူးနိုင်း ဒါရုဆလမ် နိုင်ငံ ဘုရင်မင်းမြတ် ဟာဂျီဟပ် ဆန်နာဘိုကီးယားနှင့် လည်းကောင်း အသီးသီးတွေ့ဆုံ ဆွေးနွေးခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြား ချက်အရ ကမ္ဘောဒီးယားနိုင်ငံ ပထမဝန်ကြီးချုပ် မင်းသားကြီး ဆမ်ဒက်ချ်၊ ခရွန်ပရီနိုရိုဒွန်ရာနာရစ်ဒ်နှင့် ကြင်ရာတော် မင်းသမီး နိုရိုဒွန်မာရီ၊ ရာနာရစ်ဒ် တို့ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ လည်းကောင်း ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘန်ဟန်းဆီလ်ပါအာချာနှင့် ဇနီး ခွန်းရင်း ဂျမ်ဆေးဆီလ် ပါအာချာတို့ခေါင်းဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည် ရေးခရီး လာရောက်ခဲ့သည်။

**လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ**

ရန်ကုန်–မန္တလေးရထားလမ်းပိုင်း မြို့ဟောင်း– မြစ်ငယ်ဒွေးလမ်း ဖွင့်ပွဲကို မြစ်ငယ်ဘူတာ၌ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြို့ဟောင်း– မြစ်ငယ် ဒွေးလမ်းသည် အရှည် ၆ ဒသမ ၂ မိုင်ရှိသည်။

ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းသစ်၊ ကလေး–ဂန့်ဂေါ ရထားလမ်းပိုင်းဖွင့်ပွဲနှင့် ကွမ်းခြံကုန်း မြို့နယ် တော်ပုလဲတံတားဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ အရှည် မိုင် ၂၆၀ ရှိသည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ– ကလေးရထားလမ်း သစ်၏ ကလေး–ဂန့်ဂေါရထားလမ်းပိုင်းသည် အရှည် ၈၃ မိုင်ရှိသည်။ တော်ပုလဲတံတားသည် ဒလ– ကွမ်းခြံကုန်း– ဒေးဒရဲကားလမ်းပေါ်ရှိ တံတားအမှတ် ၁ /၂၈ ဖြစ်သည်။ ၆၂ ပေ ကျယ်ခန်းဖွင့်သုံးခန်းပါ ၁၈၆ ပေ ရှည် တံတား ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တစ်ဖက် ၅ ပေ စီကျယ် လူသွားလမ်းပါဝင်သည်။ တံတားချဉ်းကပ်လမ်း တစ်ဖက်လျှင် ၃၂၅ ပေ ရှိသည်။ သံကူကွန်ကရစ်ပိုင် တိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်ကိုယ်ထည်နှင့် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ အသုံးပြုတပ်ဆင် တည်ဆောက်ထားသော တံတားဖြစ်သည်။ တံတား တည်ဆောက်မှုအတွက် ငွေကျပ် ၂၅ သန်းကျော် ကုန်ကျခဲ့သည်။

ပျဉ်မနားမြို့နယ် ငါးလိုက်ချောင်းကူး တံတားသစ် ဖွင့်ပွဲကို ဧပြီလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားသစ်သည် အလျားပေ ၈၀၊အနံ ၁၇ ပေရှိ ဘေလီ တံတားဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၁၄ သိန်း ကုန်ကျခဲ့သည်။



**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ်နှင့် မိဖုယားတို့အား တွေ့ဆုံနှုတ်ဆက်စဉ်**

ဗျတ္တပန်းဆက်လမ်း (ပုဂံ–ညောင်ဦး–တောင်ဇင်း–ပုပ္ပားဖြတ်လမ်း) ဖွင့်ပွဲကို ညောင်ဦး–ကျောက်ပန်းတောင်းလမ်းခွဲ မကျီးစောက်ရွာအနီး၌ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဗျတ္တပန်းဆက်လမ်းသည် အရှည် ၂၉ မိုင်ရှိပြီး ကျောက်ပန်းတောင်း–ပုဂံ–ညောင်ဦးကားလမ်း မိုင်တိုင် ၁၅/ဝ မှ ပုပ္ပားသို့ တိုက်ရိုက် ဆက်သွယ် ဖောက်လုပ်ထားသော လမ်းဖြစ်သည်။

တမူးမြို့နယ် ကဘော်ဒေသဖွံ့ဖြိုးမှုစီမံကိန်း တမူး–ဇေတီလမ်းပေါ်ရှိ နန်းသလက်ချောင်းတံတား၊ ယုချောင်းတံတားနှင့်ပိုင်လင်းတံတားဖွင့်ပွဲတို့ကို မေလ ၂၂ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။ နန်းသလက်ချောင်းတံတားသည် အလျား ၁၆၈ ပေ၊ ယုချောင်းတံတားသည် အလျား ပေ ၃၂၀ နှင့် ပိုင်လင်းတံတားသည် အလျား ပေ ၂၅၀ ရှိသည်။

ရွှေညောင်–နမ့်စန်ရထားလမ်းသစ်၊ ဘန်းယဉ်–ဖာမွန်းရထားလမ်းပိုင်း ဖွင့်ပွဲကို ဇွန်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဘန်းယဉ် – ဖာမွန်းရထားလမ်းပိုင်းသည် ရွှေညောင် – နမ့်စန် ရထားလမ်းသစ်ပေါ်ရှိ ဒုတိယလမ်းပိုင်းဖြစ်ပြီး အရှည် ၂၇ ဒသမ ၄၂ မိုင်ရှိသည်။ ပထမလမ်းပိုင်း နမ့်စန်–မိုးနဲလမ်းပိုင်းသည် အရှည် ၂၇ ဒသမ ၅၆ မိုင်ရှိပြီး ၁၉၉၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

လွိုင်လင်– ပန်ကေတု–သီပေါပြည်ထောင်စုကားလမ်းမကြီးဖွင့်ပွဲကို ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း နယ်နိမိတ် ၁ဝ၂ မိုင် ၂ ဖာလုံ၌ ဇွန်လ ၁ဝ ရက်နေ့တွင် ကျင်းပခဲ့သည်။လွိုင်လင်–ပန်ကေတု–သီပေါပြည်ထောင်စုကားလမ်းမကြီးသည် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ– တာချီလိတ်လမ်း မိုင်တိုင် ၁၇ဝ/ဝ မှ စတင်၍ မန္တလေး–လားရှိုးလမ်း မိုင်တိုင် ၁၃ဝ/ဝ အထိ အရှည် ၁၄၈ မိုင် ရှိပြီး ရှမ်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်း တိုက်ရိုက် ဆက်သွယ်သည့် လမ်းမကြီးဖြစ်သည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းခုံးကျော်တံတားဖွင့်ပွဲကို အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာမုခ်ဦးရှေ့၌ ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပန်းဆိုးတန်းခုံးကျော်တံတားသည် အရှည် ၁,၈၂၁ ဒသမ ၅၂ ပေ၊ ၄၄ ပေကျယ် ယာဉ်သွားလမ်းနှင့် ၁၂ ပေ ကျယ် လူသွားလမ်းနှစ်လမ်း စုစုပေါင်း အကျယ် ၆၈ ပေ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တွင် ပင်မတံတား ကင်းလွတ်အမြင့် ၁၇ပေ၊ တံတားခံနိုင်ရည် ဝန်ချိန် ၃၆ တန်ရှိသည်။ မြန်မာ့ မီးရထားက ငွေကျပ် ၁၆၇ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်–မန္တလေးရထားလမ်းပိုင်း၊ ကျည်တောင်ကန်–ပျဉ်းမနားဒွေးလမ်း (အစုန်ရထားလမ်း) ဖွင့်ပွဲကို ကျည်တောင်ကန်ဘူတာဝင်း၌ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကျည်တောင်ကန်–ပျဉ်းမနားဒွေးလမ်း (အစုန်ရထားလမ်း) သည် အရှည် ၁၀ မိုင်ရှိသည်။

ရွှေညောင်–နမ့်စန်ရထားလမ်းသစ်၊တောင်ကြီး–ဖာမွန်းရထားလမ်းပိုင်းဖွင့်ပွဲကို တောင်ကြီးဘူတာရှေ့ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်ကြီး– ဖာမွန်းရထားလမ်းပိုင်းသည် ရွှေညောင်–နမ့်စန်ရထားလမ်းသစ်ပေါ်ရှိ တတိယလမ်းပိုင်းဖြစ်ပြီး အရှည် ၆ ဒသမ ၂ မိုင်ရှိသည်။

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်–မန္တလေးကားလမ်း တံတားအမှတ် ၁ /၄၂၇ တံခွန်တိုင်တံတားဖွင့်ပွဲကို စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံခွန်တိုင်တံတားသည် အရှည် ပေ ၁၀၀၊ လူသွားလမ်းခြောက်ပေ အပါအဝင် အကျယ် ၄၂ ပေရှိ သည့်သံကူကွန်ကရစ်တံတားဖြစ်သည်။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် သိန်း ၂၅၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရှန်ဟိုင်းမြို့တော်ဝန်က လာရောက်တွေ့ဆုံ ဂါရဝပြုစဉ်**



မြောင်းမြမြစ်ကူး ကြိုးတံတားဖွင့်ပွဲ၊ ပုဇွန်တောင်မြို့နယ် ညောင်တန်းဆိပ်ခံတံတား အပိုင်း ၂ ဖွင့်ပွဲ၊ သံတွဲမြို့နယ် ပုဇွန်ဖြေတံတားဖွင့်ပွဲနှင့် ပုဂံ–ဆားခါး– မြင်းခြံရထား လမ်းပိုင်းဖွင့်ပွဲတို့ကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ မြောင်းမြမြစ်ကူးကြိုးတံတားသည် အရှည် ပေ ၁,၂၇၀၊ ကြိုးတံတားအပိုင်း ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ကွန်ကရစ်တံတားအပိုင်း ယာဉ်သွား လမ်းအကျယ် ၂၈ ပေ၊ တစ်ဖက်လျှင် ငါးပေကျယ် လူသွား လမ်းနှစ်ဖက်ပါသော ကြိုးတံတားနှင့်ကွန် ကရစ်အမျိုးအစား တံတားဖြစ်သည်။ ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းက ငွေကျပ်သိန်း ၄,၇၀၀ ကျော် အကုန်အကျခံ တည်ဆောက် ခဲ့ခြင်း ဖြစ်သည်။ ညောင်တန်းဆိပ်ခံတံတားသည် အရှည် ၂၀၄ ပေ၊ အကျယ် ပေ ၁၀၀ ရှိသည်။ တံတားတန်ဖိုးသည် ငွေကျပ်သိန်း ၁,၂၀၀ ခန့်ဖြစ်ပြီး တံတားအပိုင်း ၁ ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ပုဇွန်ဖြေတံတားသည် ပေ ၁၀၀ သုံးခန်းပါ ပေ ၃၀၀ ရှည်တံတားဖြစ်ပြီး ယာဉ်သွား လမ်းအကျယ် ၂၄ ပေ နှင့် တစ်ဖက်တစ်ချက် လူသွား လမ်းအကျယ် သုံးပေသုံးလက်မ စုစုပေါင်း အကျယ် ပေ ၃၀ ခြောက်လက်မ၊ ခံနိုင်စွမ်းအား ၃၆ တန်ရှိသည်။ သံကူကွန်ကရစ် အမျိုးအစား တံတား ဖြစ်ပြီး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၄၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရေး–ထားဝယ်ရထားလမ်း၊ ရေး (ချောင်းတောင်) မလွဲတောင်ရထားလမ်းပိုင်းဖွင့်ပွဲကို ရေးမြို့တစ်ဖက်ကမ်းရှိ ချောင်းတောင်ကျေးရွာ ရေး (ချောင်းတောင်) ဘူတာ၌ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည်။

**ဆည်မြောင်းတာတမံများတည်ဆောက်ဖွင့်လှစ်ခြင်း**

လယ်ဝေးမြို့နယ် ရေနီရေလွှဲဆည်ဖွင့်ပွဲကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံဖွင့်ပွဲကိုရေလှောင်တမံအနီး မင်္ဂလာ မဏ္ဍပ်၌ မတ်လ ၂၅ ရက်နေ့တွင်ကျင်းပခဲ့သည်။ တောင်ညိုရေလှောင်တမံ သည် အလျား ပေ ၃,၄၀၀၊ အမြင့် ပေ ၁၁၀၊ ကန်ရေပြည့် ရေလှောင်ပမာဏကေပေ ၂၁၀,၀၀၀ ရှိသည်။ ရေပေးတူးမြောင်း အရှည် ၁၆၁ ဒသမ ၃၄ မိုင်ရှိပြီး ဆည်ရေသောက်ဧရိယာ ဧက ၅၀,၀၀၀ ကို အကျိုး ပြုမည့် ရေလှောင်တမံဖြစ်သည်။ ရေလှောင်တမံ တည် ဆောက်မှု အတွက် ငွေကျပ်သန်း ၇၈၀ ကျော် ကုန်ကျ ခဲ့သည်။

မြင်းခြံမြို့နယ် ဆုံရွာအနီးရှိ မြောက်ပင်လယ်ရေလှောင် တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြောက်ပင်လယ်ရေ လှောင်တမံသည် အလျား ပေ ၃,၄၅၀၊ အမြင့် ၇၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ၁၀,၀၀၀၊ ရေပေး တူးမြောင်းအရှည် ၁၇ ဒသမ ၃ မိုင်နှင့် ဆည် ရေသောက် ဧရိယာဧက ၃,၀၀၀ ရှိသည်။ ရေလှောင် တမံတည်ဆောက် မှု အတွက် ငွေကျပ်သန်း ၆၉ ဒသမ ၈ သန်း ကုန်ကျခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် တောင်ပင်လယ် ရေလှောင်တမံနှင့် မြောက်ပင်လယ် ရေလှောင်တမံတို့သည် ပင်လယ်ချောင်း၏ လက်တက်နှစ်ခု ပေါ်၌ ရေလှောင်တမံတစ်ခုစီတည်ဆောက်ပြီး ဆက်သွယ် တူးမြောင်းနှင့် ဆက်သွယ်ထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံး အမွှာဆည်ညီနောင် ဖြစ်သည်။

မော်လမြိုင်မြို့နယ် ရွှေနတ်တောင်ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံမင်္ဂလာမဏ္ဍပ်၌ မေလ ၄ ရက်နေ့ တွင် ကျင်းပခဲ့သည်။ မော်လမြိုင်မြို့အရှေ့တောင်ဘက် လေးမိုင်ခွဲခန့်အကွာ တောင်ညိုရေဝေကုန်းတန်းမှ သံလွင် မြစ်သို့ စီးဆင်းလျက်ရှိသည့် ချောင်းစောက်ချောင်းပေါ် တွင်တည်ရှိသော ရွှေနတ်တောင်ရေလှောင်တမံသည် အလျားပေ ၁,၈၀၀၊ အမြင့် ၈၄ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏကေပေ၅,၂၀၀ ရှိသည်။ ရေလှောင် တမံမှ လယ်မြေဧက ၄၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး တစ်ရက်လျှင် ရေဂါလန် ၄ ဒသမ ၆၃ သန်း ဖြန့်ဝေ ပေးနိုင် မည်ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်မှု အတွက် ငွေကျပ် ၅၅ သန်းကျော် ကုန်ကျခဲ့သည်။

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းလားမြို့ ဝမ်တုံဆည် ဖွင့်ပွဲကို မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ မိုင်းလားမြို့မှ ၁ ဒသမ ၅ ကီလိုမီတာအကွာတွင် တည်ရှိသည့် ဝမ်တုံဆည် သည် အလျားမီတာ ၉၀၊ အမြင့် ၃၁ မီတာရှိပြီး ရေကာ မီတာ ၂၀ ဒသမ ၆ သိန်း သိုလှောင်ကာ လယ်မြေ ဧက ၅၀၀ ကို ရေပေးသွင်း စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ပဲခူးမြို့နယ် ရွှေပြည် ၃ ရေလှောင်တမံဖွင့်ပွဲကို ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပဲခူးမြို့နယ် အင်းတကော်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ၌
လှည့်လည်ကြည့်ရှုရာတွင် ဗုဒ္ဓရုပ်ပွားတော်များကို ကြည့်ရှုကြည်ညိုစဉ်

ကျေးရွာအုပ်စု ရန်ကုန်–မန္တလေးကားလမ်း မိုင်တိုင် ၃၈/၅ ၏ အနောက်ဘက် တစ်မိုင်ခန့် အကွာတွင်တည်ရှိသည့် ရွှေပြည်ဒု ရေလှောင်တမံသည် အလျား ၃,၄၆၄ ပေ၊ အမြင့် ၃၅ ပေရှိပြီး ဆည်ရေသောက်ဧရိယာဧက ၁,၂၅၀ ကို အကျိုးပြု စိုက်ပျိုးနိုင်မည် ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၃၄ ဒသမ ၂၅ သန်း ကုန်ကျခဲ့သည်။

မုံရွာမြို့နယ် ကျောက္ကာကျေးရွာအနီးရှိ ထန်းဇလုတ် ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံထိပ် မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထန်းဇလုပ် ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျား ပေ ၁,၁၀၀၊ အမြင့် ပေ ၇၀ ရှိသည်။ ရေပေးဧရိယာ ဧက ၂,၀၀၀ နှင့် သီးနှံဧရိယာဧက ၂,၈၀၀ တို့ကို အကျိုးပြုမည့် ရေလှောင်တမံဖြစ်သည်။ ရေလှောင် တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၄၅ သန်း ကုန်ကျ ခဲ့သည်။

ပုဂံ–ညောင်ဦးမြို့နယ် မြကန်ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံထိပ် မင်္ဂလာမဏ္ဍပ်၌ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြကန်ရေလှောင်တမံသည် နိုင်ငံတော်၏ ဆည်ငယ်အမျိုးအစားတွင် ပါဝင်ပြီး အလျား ပေ ၃,၃၀၀၊ အမြင့် ပေ ၄၀ ၊ ရေဆင်းဧရိယာ ၁၇ မိုင်ရှိသည်။ သီးနှံစိုက်ဧက ၃၀၀ နှင့် သောက်သုံးရေဖြည့် ဆည်းပေးမည့် ရေလှောင်တမံဖြစ်သည်။

တောင်သာမြို့နယ် သမက္ကူ ကျေးရွာအနီးရှိ ဆင်းတဲဝ ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံထိပ် မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆင်းတဲဝ ရေလှောင်တမံသည် အလျားပေ ၄,၁၀၀၊ အမြင့် ၁၀၅ ပေ ရှိပြီး ရေဧကပေ ၁၂,၀၀၀ ကို သိုလှောင်ကာ ရေသောက် လယ်မြေဧက ၃,၈၀၀ ပေါ်တွင် သီးနှံစိုက်ဧက ၇,၆၀၀ ကို ရေပေးစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် တစ်နှစ်လျှင်

သောက်ရေဂါလန် ၁၃ ဒသမ ၅၆ သိန်း ဖြန့်ဝေအကျိုးပြု နိုင်မည်ဖြစ်သည်။

ဂွမြို့နယ် ကမ်းသာယာအပန်းဖြေစခန်းအနီးရှိ ကမ်းသာယာ ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ သည်။ ဂွမြို့နယ် သာယာချိုင်ကျေးရွာ ကမ်းသာယာအပန်း ဖြေစခန်း အရှေ့ဘက် ပေ ၂,၅၀၀ အကွာတွင် တည်ရှိသည့် ကမ်း သာယာရေလှောင်တမံသည် အလျားပေ ၆၇၀၊ အမြင့် ၆၅ ပေ၊ ရေလှောင်ပမာဏ ဧကပေ ၁,၀၆၀ ရှိသည်။ ဆည် ရေသောက်ဧရိယာဧက ၁၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေ သွားနိုင်မည်ဖြစ်ပြီး သောက်သုံးရေဂါလန် ၂၅၆ သန်း ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။ ရေလှောင်တမံတည်ဆောက် မှုအတွက် ငွေကျပ် သန်း ၄၀ ခန့် ကုန်ကျ ခဲ့သည်။

ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီးရှိ ဇောင်းတူ ရေလွှဲဆည်ဖွင့်ပွဲကို ရေလွှဲဆည်အနီး မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပဲခူးမြစ်ပေါ် တွင် တည်ဆောက်ထားသည့် ဇောင်းတူရေလွှဲဆည်သည် သံကူကွန်ကရစ်အမျိုးအစား ရေလွှဲဆည်ဖြစ်ပြီး အလျား ပေ ၄၀၀၊ အမြင့် ၂၈ ပေရှိသည်။ ရေပေးတူးမြောင်းမကြီး သည် ၁၅ ဒသမ ၃ မိုင်နှင့် တူးမြောင်းခွဲများသည် ၅၄ ဒသမ ၄ မိုင် ရှည်လျားသည်။ ရေလွှဲဆည် ရေနုတ် မြောင်းမကြီးသည် ၂၂ မိုင်ရှိပြီး သဲထုတ်ရေတံခါး ခြောက်ပေါက်၊ ရေသွင်းတံခါး နှစ်ပေါက် တပ်ဆင်ထား သည်။ ဇောင်းတူရေလွှဲဆည်ကို အသုံးပြု၍ ပထမသီး အဖြစ် မိုးစပါးစိုက်ပြီး ဒုတိယသီးအဖြစ် နွေစပါး၊ ပဲမျိုးစုံ နှင့် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ရာ ရေသောက် ဧက ၃၆,၂၅၀ ပေါ်တွင် စုစုပေါင်း သီးနှံဧက ၅၈,၀၀၀ စိုက်ပျိုးရရှိမည်ဖြစ်သည်။ ရေလွှဲဆည်တည်ဆောက်မှု အတွက် ငွေကျပ် သန်း ၃၆၀ ခန့် ကုန်ကျခဲ့သည်။

**လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း**

လော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ ဖွင့်ပွဲကို မင်္ဂလာဒုံမြို့နယ် ပြည်လမ်း ၁၆ မိုင်ခွဲရှိ စက်ရုံဝင်း အတွင်း မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၂ ရက် နေ့တွင် ကျင်းပခဲ့သည်။ လော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အား ပေး စက်ရုံ စီမံကိန်းတွင် တည်ဆောက်ရမည့် စက်သုံးလုံး အနက် နှစ်လုံးတပ်ဆင်ပြီးဖြစ်ရာ စက်နှစ်လုံး၏ စက်တပ် ဆင်အင်အားမှာ ၆၆ မဂ္ဂါဝပ်ရှိသည်။ စက်နှစ်လုံးမှ ထုတ်လုပ်ရရှိသော ဓာတ်အားများကို ရန်ကုန်မြို့တော်နှင့် မဟာဓာတ်အားလိုင်းစနစ်သို့ ဖြန့်ဖြူးမည်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအတွက် ငွေကျပ်သန်း ၄၃၀ ကုန်ကျခဲ့သည်။

ဟိုပန်မြို့နယ် နမ့်ဆောင်းချောင်း ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီလ ၂၂ ရက် နေ့တွင် ကျင်းပခဲ့သည်။ နမ့်ဆောင်းချောင်း ရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံသည် စက်တပ်ဆင်အင်အား ကီလိုဝပ် ၅၀၀ ရှိပြီး ကွမ်လုံနှင့် ဟိုပန်မြို့များသို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်သည်။

ကလေးမြို့နယ် ဇီးချောင်းရေအား လျှပ်စစ် စက်ရုံဖွင့်ပွဲ ကို စက်ရုံရှေ့ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဇီးချောင်းရေအား လျှပ်စစ်စီမံကိန်းကို ကလေးမြို့ အနောက်ဘက်ကိုးမိုင်ခန့် အကွာတွင် တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။ ဇီးချောင်း ရေအားလျှပ်စစ်စက်ရုံတွင် ဖရန်စစ်တာဘိုင် အမျိုးအစား ကီလိုဝပ် ၆၃၀ ရှိ စက်နှစ်လုံး တပ်ဆင် ထားသည်။ စက်ရုံမှနှစ်စဉ်ဓာတ်အားကီလိုဝပ်နာရီ ၄ ဒသမ ၃ သန်းထုတ်ပေးနိုင်သည်။ စီမံကိန်းကို နိုင်ငံတော်က နိုင်ငံ ခြားသုံးငွေ အပါအဝင် ငွေကျပ်သန်း ၈၀၊ ပြည်သူလူထု ထည့်ဝင် ငွေ ကျပ် ၃၅ သန်း စုစုပေါင်းငွေကျပ် ၁၁၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မိုးကောင်းမြို့နယ် နမ့်ခမ်းခ ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲနှင့် ကျောက်မဲမြို့နယ် နမ့်ဆောင်ဝေါင်း ရေအား လျှပ်စစ်စက်ရုံ ဖွင့်ပွဲတို့ကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ နမ့်ခမ်းခရေအားလျှပ်စစ်စက်ရုံ သည် မိုးကောင်းမြို့ အရှေ့မြောက်ဘက် ၁၄ မိုင်အကွာတွင် တည်ရှိသည်။ ရေဖမ်းဧရိယာ ၁၄ စတုရန်းမိုင်၊ ပုံစံ ထုတ် ရေစီးနှုန်း ကုဗပေစက္ကန့် ၁၉၀၊ ရေအားအမြင့် ပေ ၄၂၀၊ ရေလွှဲဆည်အမြင့် ၄ ဒသမ ၉၂ ပေ၊ ရေသွယ်မြောင်း အလျားပေ ၁၂,၅၀၀၊ အကျယ် ၆ ဒသမ ၅ ပေ၊ အနက် ၅ ဒသမ ၅ ပေ၊ ရေထိန်းကန်၏ ရေလှောင်ထုထည် ကုဗပေ ၇ ဒသမ ၇၁ သိန်း ရှိသည်။ ဖိအားမြင့် ပိုက်လိုင်းအချင်း ၅ ပေ၊ အလျား ပေ ၁,၁၀၀၊ အချင်း ၄ ဒသမ ၂၅ ပေ၊ အလျား

၂၈ ပေ၊ အချင်း ၃ ဒသမ ၆ ပေ၊ အလျား ၃၃ ပေ၊ အချင်း ၃ ပေ၊ အလျား ၁၈ ပေ၊ အချင်း ၁ဒသမ ၆ ပေ၊ အလျား ၂၄ ပေရှိပြီး တာဘိုင်အမျိုးအစားမှာ ဖရန်စစ်တာဘိုင်ဖြစ်သည်။ တပ်ဆင်စက်အင်အား ကီလိုဝပ် ၅၀၀၀ အနည်းဆုံး ထုတ်လုပ်နိုင်မည့်ဓာတ်အားကီလိုဝပ် ၂၀၀၀၊ ၅ နာရီဖြစ်ပြီး နှစ်စဉ် ၁၁ ဒသမ ၁ ကီလိုဝပ်နာရီသန်း ဓာတ်အားထုတ်လုပ်နိုင်သည်။ ဓာတ်အားပေးစက်ရုံသည် အလျား ၁၆၂ ပေ၊ အနံ ပေ ၇၀ ၊ အမြင့်ပေ ၃၀ ရှိပြီး နမ့်ခမ်းခမှ နမ္မတီးနှင့် မိုးကောင်းသို့ ၃၃ ကေဗွီ ၁၇ မိုင်၊ မိုးကောင်းမှ ဆားမှော်နှင့်ပတ်ဝန်းကျင်ဒေသများသို့ ၁၁ ကေဗွီ ၄၁ မိုင် ဓာတ်အားလိုင်းဆွဲ၍ ဓာတ်အားဖြန့်ဖြူးမည် ဖြစ်သည်။ နမ့်ခမ်းခ ရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်က နိုင်ငံခြားငွေ အပါအဝင် ငွေကျပ် ၁၀၉ သန်း၊ ပြည်သူလူထု ထည့်ဝင်ငွေ ကျပ် ၇၇ သန်း စုစုပေါင်း ငွေကျပ် ၁၈၆ သန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ နမ့် ဆောင်ငေါင်း ရေအားလျှပ်စစ်စက်ရုံသည် ကျောက်မဲမြို့ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာရှိ နမ့်ဆောင်ငေါင်း ချောင်းပေါ်တွင် တည်ရှိသည်။ ရေဖမ်းဧရိယာ ၇၄ စတုရန်းမိုင်၊ ရေလွှဲဆည် အလျား ၁၃၁ ပေ၊ ရေသွယ်မြောင်း အလျား ပေ ၁,၀၀၀၊ အကျယ် ၅ ဒသမ ၆ ပေ၊ အနက် ၅ ဒသမ ၆ ပေ၊ နန်းစစ် ကန်အလျား ၆၅ ဒသမ ၆ ပေ၊ အကျယ် ၂၃ ပေ၊အနက် ၆ ဒသမ ၆ပေ ရှိသည်။ ရေလွှဲဆည်ရှိ ချောင်းတွင် ရေလှောင် ထုထည် ကုဗပေ နှစ်သိန်း၊ ကွန်ကရစ် ရေသွင်းကန် ရေလှောင်ထုထည် ၁၂ ဒသမ ၇ သိန်း ကုဗပေ၊ ဖိအားနည်း ပိုက်လိုင်း အချင်း ၄ဒသမ ၃ ပေ၊ အလျား ၆၆၂ ပေ၊ ဖိအားမြင့် ပိုက်လိုင်းအချင်း ၄ ဒသမ ၃ ပေ ၊ အလျား ၂၁၈ ပေ၊ အချင်း ၄ ပေ၊ အလျား ၁၆၇၅ ပေ၊ အချင်း ၂ ဒသမ ၃ ပေ၊ အလျား ၄၄ ရှိပြီး ရေလျှံထိန်းစည်အချင်း ၁၃ ဒသမ ၁ ပေ၊ အမြင့် ၄၄ ဒသမ ၃ ပေ ရှိသည်။ တာဘိုင်အမျိုးအစားမှာ ဖရန်စစ်တာဘိုင်ဖြစ်ပြီး

**အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ကျိုင်းတုံ – မိုင်းပျဉ်း – တာကော်လမ်း ဖောက်လုပ်ရေးလုပ်ငန်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးစဉ်**





**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ဆည်မြောင်းစိမံကိန်း လုပ်ငန်းခွင်များသို့ ဤသို့ မကြာခဏသွားရောက် စစ်ဆေးခဲ့သည်**

တပ်ဆင်စက်အင်အား ကီလိုဝပ် ၄,၀၀၀၊ နှစ်စဉ် ပို့လွှတ်နိုင်မည့် ဓာတ်အား ၈ ဒသမ ၂ ကီလိုဝပ် နာရီသန်းဖြစ်သည်။ ဓာတ်အားပေးစက်ရုံမှ ကျောက်မဲမြို့သို့ ၁၁ ကေဗွီ ၈ မိုင်၊ သီပေါမြို့ သို့ ၃၃ ကေဗွီ ၁၃ မိုင် ဓာတ်အား လိုင်းဆွဲပြီး ဓာတ်အားဖြန့်ဖြူးပေးမည် ဖြစ်သည်။ နမ့်ဆောင်ငေါင်း ရေအားလျှပ်စစ်စက်ရုံကို နိုင်ငံတော်က နိုင်ငံခြားငွေ အပါအဝင် ငွေကျပ် ၉၇ ဒသမ ၇ သန်း၊ ပြည်သူ လူထုထည့်ဝင်ငွေ ကျပ် သန်း ၃၀ စုစုပေါင်း ငွေကျပ် ၁၂၇ဒသမ ၇ သန်း အကုန် အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

## ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ဖွင့်လှစ်ထုတ်လွှင့်ခြင်း

ဟုမ္မလင်းမြို့ ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်စက်ရုံကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လည်းကောင်း ၊ မိုးမိတ်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို မတ်လ ၂၇ ရက်နေ့တွင် လည်းကောင်း၊ ဖယ်ခုံမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဧပြီလ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၁၈ ရက်နေ့တွင် လည်းကောင်း၊ ကျေးသီးမြို့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ဩဂုတ်လ ၄ ရက်နေ့တွင် လည်းကောင်း၊ လှိုင်းဘွဲ့ မြို့နယ် မြိုင်ကြီးငူအထူးဒေသ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ဩဂုတ်လ ၂၅ ရက်နေ့တွင် လည်းကောင်း၊ တွန်းဇုံမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် လည်းကောင်း ၊ ဘုရားသုံးဆူမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံကို စက်တင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း အသီးသီး ဖွင့်လှစ် ခဲ့သည်။

ပင်လောင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဧပြီလ ၂၅ ရက် နေ့တွင် လည်းကောင်း၊ မိုင်းပျဉ်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဇွန်လ ၇ ရက်နေ့ တွင်လည်းကောင်း၊ မြဝတီမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံမှ ဇွန်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ လှိုင်ဘွဲ့ မြို့နယ် မြိုင်ကြီးငူအထူးဒေသ ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်



ရေလှောင်တမံတည်ဆောက်ရေး လုပ်ငန်းခွင်တစ်ခု မြင်ကွင်း

စက်ရုံမှ ဇူလိုင်လ ၆ ရက်တွင်လည်းကောင်း၊ မုံးကိုးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဩဂုတ်လ ၁၂ ရက်နေ့ တွင်လည်းကောင်း ၊ ဘုရားသုံးဆူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ စက်တင်ဘာလ ၁၈ ရက်နေ့ တွင် လည်းကောင်း ရုပ်မြင်သံကြား အစီအစဉ်များကို စတင် ထုတ်လွှင့်သည်။

**ဘဏ်များ ဖွင့်လှစ်ခြင်း**

မြန်မာစက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ဖွင့်ပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း၊ အမှတ် ၂၆/ ၄၂ ၌ လည်းကောင်း၊ မြန်မာ့ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဖွင့်ပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်း ထောင့်ရှိ ဘဏ်ရှေ့၌လည်းကောင်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။


နိုင်ငံ့ဝန်ထမ်းများဘဏ်ဖွင့်ပွဲကို ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်း အမှတ် ၂၃ / ၂၅ ၌ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

သမဝါယမ တောင်သူလယ်သမားဘဏ်ဖွင့်ပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း အမှတ် ၇၉၇ ၌လည်းကောင်း၊ သမဝါယမ မြှင့်တင်ရေးဘဏ်ဖွင့်ပွဲကို ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း အမှတ် ၂၉၀ / ၃၀၁ ၌လည်းကောင်း ဇူလိုင်လ ၆ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။

နယ်သာလန်နိုင်ငံ ABN - AMRO Bank မြန်မာပြည် ကိုယ်စားလှယ် ရုံးခွဲဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်ရုံးခွဲ သည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း FMI Centre ခုနစ်ထပ် အခန်းအမှတ် ၇၀၂ /၇၀၃ တွင် တည်ရှိသည်။


ဂျာမနီနိုင်ငံ Deutsche Bank A G ရန်ကုန်မြို့ ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အခန်းအမှတ် ၂၀၁ ၌ မေလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံ The Sanwa Bank Ltd ရန်ကုန် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်ရုံးခွဲကို ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်း FMI Centre တွင် ဖွင့်လှစ်ထားသည်။



မြောက်ပင်လယ် ရေလှောင်တမံကို ဤသို့တွေ့ရသည်

ကျပ်ငွေ ဖ၉ ဒသမ ၈ သန်း ကုန်ကျသော
မြောက်ပင်လယ်ရေလှောင်တမံမြင်ကွင်း



ကိုရီးယားနိုင်ငံ အခြေစိုက် Korea First Bank ရန်ကုန် ကိုယ်စားလှယ်ရုံး ဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

မြန်မာယူနီဗာဆယ် ဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ ဖွင့်ပွဲကို မတ်လ ၇ ရက်နေ့တွင်လည်းကောင်း၊ ပထမ ပုဂ္ဂလိက ဘဏ်လီမိတက် မုံရွာဘဏ်ခွဲ ၃ ဖွင့်ပွဲကို ဧပြီလ ၁ ရက်နေ့တွင်လည်းကောင်း၊ ပရိုင်းမ်ကော်မာရှယ်ဘဏ် လီမိတက် မန္တလေးဘဏ်ခွဲ ဖွင့်ပွဲကို ဧပြီလ ၂၇ ရက်နေ့တွင်လည်းကောင်း၊ အာရှဓနဘဏ်လီမိတက် ရန်ကုန်မြို့ဝိဇယဘဏ်ခွဲဖွင့်ပွဲကို စက်တင်ဘာလ ၁ ရက်နေ့တွင်လည်းကောင်း၊ မြန်မာအရှေ့တိုင်းဘဏ် မုံရွာဘဏ်ခွဲဖွင့်ပွဲကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် လည်းကောင်း ၊ ရိုးမဘဏ်လီမိတက် ပြည်ဘဏ်ခွဲဖွင့်ပွဲကို နိုဝင်ဘာလ ၁၈ ရက်နေ့တွင်လည်းကောင်း ၊ မြန်မာ မေဖလားဝါးဘဏ် လီမိတက် ပဲခူးဘဏ်ခွဲဖွင့်ပွဲကို ဒီဇင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် မြိတ် ဘဏ်ခွဲ ဖွင့်ပွဲကို ဒီဇင်ဘာလ ၂၅ ရက်တွင် လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

**ဟိုတယ်များ ဖွင့်လှစ်ခြင်း**

ဆမ်းမားပဲလေ့စ်ဟိုတယ်ဖွင့်ပွဲကို ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ် ၄၃၇ ရှိ ဟိုတယ်၌ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။

ဂျူးဝဲလ်ဟိုတယ်ဖွင့်ပွဲကို ဗဟန်းမြို့နယ် တက္ကသိုလ် ရိပ်သာလမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့် အမှတ် ၁၅၀ ဒီရှိ ဟိုတယ်ရှေ့မျက်နှာစာ၌ ဇန်နဝါရီလ ၃၁ နေ့တွင် ကျင်းပခဲ့သည်။

ယုဇနဂါးဒင်း ဟိုတယ်ဖွင့်ပွဲကို မင်္ဂလာတောင်ညွန့် မြို့နယ် အလံပြဘုရားလမ်း အမှတ် ၄၄ ရှိ ဟိုတယ်ရှေ့၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယုဇန ဂါးဒင်းဟိုတယ်သည် ကြယ်လေးပွင့်အဆင့်ရှိ အိပ်ခန်း ၃၃ ခန်းပါ နိုင်ငံတကာအဆင့်မီ ဟိုတယ်ဖြစ်သည်။

ရတနာရွှေခင်းသာဟိုတယ်ဖွင့်ပွဲကိုသာကေတမြို့နယ်ရှိ ဟိုတယ်မုခ်ဦး၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရတနာရွှေခင်းသာဟိုတယ်တွင် လုံးချင်းဟိုတယ် ၁၀ လုံးပါရှိသည်။ လုံးချင်းဟိုတယ်တစ်လုံးတွင် တစ်ခန်းလျှင် လူနှစ်ယောက်တည်းခိုနိုင်သည့် အခန်းလေးခန်းပါရှိပြီး လူ ၈၀ တစ်ပြိုင်တည်း တည်းခိုနိုင်သည်။

မြရိပ်ညိုရွှင်ရယ်ဟိုတယ်ဖွင့်ပွဲကို ဗဟန်းမြို့နယ် ပုလဲ လမ်း အမှတ် ၂၀ ရှိ ဟိုတယ်၌ ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြရိပ်ညို ရွှင်ရယ်ဟိုတယ်တွင် Royal Suite လေးခန်း၊ Suite ၃၇ ခန်း၊ Junior Suite ငါးခန်း စုစုပေါင်း အခန်း ၄၆ ခန်း ပါရှိသည်။

အိုလံပစ်ဟိုတယ်ဖွင့်ပွဲကို ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန် ပရဝဏ်အတွင်းရှိ ဟိုတယ် မျက်နှာစာ၌ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ အိုလံပစ် ဟိုတယ်တွင် တစ်ယောက်ခန်း ၁၂ ခန်း၊ နှစ်ယောက်ခန်း ၄၃ ခန်း၊ မိသားစုခန်း လေးခန်း စုစုပေါင်းအိပ်ခန်း ၅၉ ခန်းပါရှိသည်။

ကျိုင်းတုံ ဟိုတယ်ဖွင့်ပွဲကို ကျိုင်းတုံမြို့၌ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။

စီဒိုးနားရန်ကုန်ဟိုတယ်ဖွင့်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု ၁ လမ်းထောင့်ရှိ ဟိုတယ်၌လည်းကောင်း၊ စစ်တွေဟိုတယ်ဖွင့်ပွဲကို စစ်တွေမြို့ အနောက်စံပြရွာ ပင်လယ်ကမ်းခြေအနီးရှိ ဟိုတယ် ရှေ့၌လည်းကောင်း၊ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်ဖွင့်ပွဲကို ရန်ကုန်မြို့ ကန်ရိပ်သာလမ်းရှိ ဟိုတယ်ခန်းမ၌ လည်းကောင်း၊ ရာမာဒါဟိုတယ်ဖွင့်ပွဲကို ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိဟိုတယ်၌ လည်းကောင်း၊ မြောက်ဦး ဟိုတယ်ဖွင့်ပွဲကို မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက်ရှိ ဟိုတယ်၌လည်းကောင်း စက်တင်ဘာလ ၁၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ စီဒိုးနား ရန်ကုန်ဟိုတယ်သည် အခန်း ၄၅၀ ပါ ဟိုတယ်ဖြစ်သည်။ စစ်တွေဟိုတယ်တွင် အထူးအိပ်ခန်း ရှစ်ခန်းနှင့် ရိုးရိုးအိပ်ခန်း ၃၂ ခန်း ပါဝင်ကာ လူ ၈၀ တစ်ပြိုင်တည်း တည်းခိုနိုင်သည်။ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် အခန်း ၂၀၈ ခန်း ပါရှိသည်။ ရာမာဒါ ဟိုတယ်သည် ကြယ်သုံးပွင့်အဆင့်ရှိ အခန်း ၁၂၀ ပါ ဟိုတယ်ဖြစ်သည်။ မြောက်ဦးဟိုတယ်တွင် အထူးအိပ်ခန်း ရှစ်ခန်း၊ ရိုးရိုးအိပ်ခန်း ၁၆ ခန်း ပါရှိပြီး လူ ၄၈ ဦး တစ်ပြိုင် တည်း တည်းခိုနိုင်သည်။

ရွှေလိပ်ပြာဟိုတယ်ဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၁၂ ရှိ ဟိုတယ်ရှေ့ဥပစာ၌ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွှေလိပ်ပြာဟိုတယ်သည် အခန်းပေါင်း ၉၆ ခန်းပါ နိုင်ငံတကာ အဆင့်မီ ဟိုတယ်ဖြစ်သည်။

နီဗိုတယ်ဟိုတယ်ဖွင့်ပွဲကို မန္တလေးမြို့ မန္တလေးတောင်ခြေအနီးရှိ ဟိုတယ်၌ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ နီဗိုတယ်ဟိုတယ်သည် အခန်း ၂၀၆ ခန်းပါ နိုင်ငံတကာအဆင့်မီ ဟိုတယ်ဖြစ်သည်။

ထရေးဒါးဟိုတယ် ပဏာမဖွင့်ပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဟိုတယ်၌ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ အခန်း ၄၉၆ ခန်းပါ ထရေးဒါးဟိုတယ်ကို အခန်း ၉၀ ဖြင့် ပဏာမဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရေပေါ်ဟိုတယ် Central Floating Hotel ဖွင့်ပွဲကို ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းရှိ ဟိုတယ်၌ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေပေါ် ဟိုတယ်သည် နိုင်ငံတကာအဆင့်မီ ကြယ်လေးပွင့် အဆင့် အတန်းရှိပြီး အခန်း ၁၃၂ ခန်း ပါရှိသည်။

ဦးစိုးအောင်

## မြန်မာ့ရိုးရာ ယဉ်ကျေးမှုပြိုင်ပွဲများ ( ၁၉၉၆ )။ ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၆ ခုနှစ်အတွင်း ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများကို အောက်ပါအတိုင်း ဖော်ပြပါသည်။

### မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှ ပြိုင်ပွဲ

ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မန္တလေးမြို့၊ ဆင်ဖြူကန်အားကစားကွင်း၌ ကျင်းပသည်။ မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅၊ စာ- ၃၀၁ ရှု )


ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း ) ဗိုလ်ချုပ်ကြီးမောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ၊ ဒုတိယ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ အမှတ် ၃၃ ခြေမြန်တပ်မဌာနချုပ်၊ အမှတ် ၉၉ ခြေမြန်တပ်မဌာနချုပ်၊ အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ်တို့မှ အသင်းများ ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ကြသည်။


### မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စတုတ္ထအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇရိပ်သာနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊စာ –၂၅၉ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၃ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ စတုတ္ထအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၊ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ရန်ကုန်မြို့တော်ဝန်၊ ပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊တိုင်းမှူးများ၊ တပ်မမှူးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဝင်များ၊ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့



သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
လှေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနား



စတုတ္ထအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆိုအကအရေးအတီးပြိုင်ပွဲတွင် အကပြိုင်ပွဲ
ဝင်နေသူ သမီးငယ်တစ်ဦး

# မြန်မာ့ရိုးရာ ယဉ်ကျေးမှုပြိုင်ပွဲများ (၁၉၉၆)



**စတုတ္ထအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲတွင် အတီးပြိုင်ပွဲ ဝင်နေသူကလေး**

အစည်းများမှ ဌာနေကိုယ်စားလှယ် များ၊ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌနှင့်ကော်မတီ ဝင်များ၊ ဦးစီးဌာနေများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူး ချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အနုပညာရှင် ကြီးများ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတ၊ ရုပ်ရှင် အစည်းအရုံး တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ၊ အကဲဖြတ် ဒိုင်အဖွဲ့ဝင်များ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက် ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့် ပညာအဆင့် ၊ အခြေခံပညာအဆင့် (အသက် ၁၂ နှစ် အထက်) နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ် အောက်) ဟူ၍ အဆင့်ငါးဆင့် ခွဲပြီး ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ဦးရေ ၁၇၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင် သည်။

စတုတ္ထအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်၊ ဗိုလ်မှူးချုပ်သောင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းညွန့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု လေ့သဘင်ပွဲတော်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု လေ့သဘင်ပွဲတော်ကို နိုဝင်ဘာလ ၂၀ ရက် နေ့မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ကန်တော်ကြီးတွင်

ကျင်းပသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု လေ့သဘင်ပွဲတော်ကို ရည်ရွယ်ချက် ခြောက်ရပ်၊ ရည်မှန်းချက် နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ( စွယ်စုံနှစ်ချုပ် ၁၉၉၅၊ စာ– ၃၀၂ ရှု) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း ) ဗိုလ်ချုပ်ကြီး မောင်အေးတို့ လာရောက်အားပေး ကြည့်ရှုကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား သတ္တမအကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု လေ့သဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်နေ့တွင် ကန်တော်ကြီးရေပြင် ကရဝိက်ကျွန်းအဝင် မုခ်ဦးထိပ်နှင့် ဗဟိုမဏ္ဍပ်တို့၌ ကျင်းပသည်။ လေ့သဘင်ပွဲတော် ကျင်းပရေးနာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ဖွင့်လှစ်ပေးပြီး အဖွင့်မိန့်ခွန်း ပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား သတ္တမအကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု လေ့သဘင်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်နေ့တွင် ကန်တော်ကြီး ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ပြီး တံခွန်စိုက်ဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့အား တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးအပ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး ၊ ဒုတိယဝန်ကြီး ချုပ်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ ကော်မတီဝင်ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊တရားသူကြီးချုပ်၊ရှေ့နေချုပ်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆုရရှိသည့် အသင်းများအား ဆုများအသီးသီး ချီးမြှင့် ပေးအပ်သည်။

## မြန်မာ့ရိုးရာယဉ်ကျေးမှု ရိုးရာပန်း ၁၀ မျိုးပြပွဲ ပြိုင်ပွဲ

မြန်မာ့ယဉ်ကျေးမှုအနုပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အဆင့်အတန်းပိုမို မြင့်မားလာစေရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ပန်း ၁၀မျိုး ရေရှည်ထွန်းကားတည်တံ့စေရန်၊ နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်လေးရပ်အနက် အမျိုးဂုဏ်၊ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဦးတည်ချက်ကို ရိုးရာပန်းပညာရှင်များက ထိန်းသိမ်း အကောင်အထည်ဖော်သွားရန်၊ မြန်မာ့ပန်း ၁၀ မျိုး ပညာရပ်များအား နိုင်ငံတကာနယ်ပယ်တွင် ထင်ရှားပေါ်လွင်မှု ရှိလာစေရန်၊ ရိုးရာပန်းပညာရှင်များ၏ ဘဝမြင့်တင်ရန်နှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန် ဟူသော ဦးတည်ချက် ငါးရပ်ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပထမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ရိုးရာပန်းဆယ်မျိုး ပြပွဲ ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ မန္တလေးမြို့၊ ဆင်ဖြူကန် ကွင်း၌ ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရိုးရာ ပန်း ၁၀ မျိုး ပြပွဲ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဆင်ဖြူကန်ကွင်း၌ ကျင်းပသည်။ ပြပွဲ ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားပြီး ပြပွဲပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်စန်းက ပြပွဲပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရိုးရာပန်း ၁၀ မျိုး ပြပွဲ ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဆင်ဖြူကန်ကွင်း ဗဟိုပြခန်းရှေ့ ကွင်းပြင်၌ ကျင်းပသည်။ ပြပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်စန်း တက်ရောက်

အမှာစကားပြောကြားသည်။ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်စန်း၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့် တာဝန်ရှိသူများက ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း ပညာရပ်ပြိုင်ပွဲ ဆုရရှိသူများ၊ ပြခန်းပြိုင်ပွဲ ဆုရရှိသော ပထမ စစ်ကိုင်းတိုင်း၊ ဒုတိယ မန္တလေးတိုင်းနှင့် တတိယရှမ်းပြည်နယ်တို့အား ဆု အသီး သီး ချီးမြှင့်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရိုးရာ ပန်း ၁၀ မျိုး ပြပွဲ ပြိုင်ပွဲတွင် မန္တလေးတိုင်းက ပထမဆု ၁၆ ဆု၊ ဒုတိယဆု ၁၂ ဆု၊ တတိယဆု ၁၂ ဆု၊ ရန်ကုန်တိုင်းက ပထမဆု ကိုးဆု၊ ဒုတိယဆု ၁၂၊ တတိယဆု ၁၀ ဆု၊ ရှမ်းပြည်နယ်က ပထမ ဆု နှစ်ဆု၊ ဒုတိယဆု ငါးဆု၊ တတိယဆု ခြောက်ဆု၊ စစ်ကိုင်းတိုင်းက ပထမဆု လေးဆု၊ ဒုတိယဆု နှစ်ဆု၊ တတိယဆု သုံးဆု၊ ဧရာဝတီတိုင်းက ပထမဆု တစ်ဆု၊ ဒုတိယဆု တစ်ဆု၊ တတိယဆု တစ်ဆု၊ ပဲခူးတိုင်းက ပထမ ဆု တစ်ဆု၊ တတိယဆု တစ်ဆု၊ ကချင်ပြည်နယ်က ဒုတိယ ဆု တစ်ဆု အသီးသီးရရှိပြီး ဆုငွေ စုစုပေါင်း ကျပ် ၆၄ သိန်း ငါးသောင်း ချီးမြှင့်သည်။ ။

**မြန်မာ့ရုပ်ရှင် ထူးချွန်ဆု(၁၉၉၄)။** ။ ၁၉၉၄ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်း အနားကို ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေး အဖွဲ့ဝင် များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီး များ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ် အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်နှင့် ဗီဒီယို ဆင်ဆာအဖွဲ့ အဖွဲ့ဝင်များ၊ ဦးစီးဌာနနှင့် လုပ်ငန်း များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေး မှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အမှု ဆောင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ဂီတနှင့် ရိုးရာပန်းပညာရှင်များ အစည်း အရုံးတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ၁၉၅၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိပြီးသူများ၊ ၁၉၉၄ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင် ဇာတ် ကားများမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ ထုတ်လုပ်သူများ၊ အထူး ဖိတ်ကြားထား သူများနှင့် ရုပ်ရှင်ပရိသတ်များ တက်ရောက်သည်။ အခမ်း

**၁၉၉၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသော ရုပ်ရှင်အနုပညာရှင်များ**



အနားတွင် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အမှာစကားပြောကြား ပြီး ၁၉၉၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိ သူများ အားရွှေစင်ရုပ်ဆုများ ချီးမြှင့်သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့သည် ၁၉၉၄ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၄၃ ကားကို ချမှတ်ထားသည့်မူများ စည်းကမ်းချက်များနှင့်အညီ အကြိမ်ကြိမ် စနစ် တကျစိစစ်ပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ရန်ရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်ရာတွင် သတ်မှတ်ထားသော မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ၁၁ မျိုးရှိသည့်အနက် ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီး ဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ဓာတ်ပုံဆု၊ တေးဂီတဆုနှင့် အသံဆု စုစုပေါင်း ဆုကိုးမျိုးအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ အရွေးချယ် ခံရသည်။ ဇာတ်ညွှန်းဆုနှင့် တည်းဖြတ်ဆုများအတွက် ရွေးချယ်ခြင်းမခံရပေ။ တည်းဖြတ်ဆုကို ၁၉၉၄ ခုနှစ်တွင် တိုးချဲ့သတ်မှတ်ခြင်းဖြစ်သည်။

၁၉၉၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ရာတွင် ဇာတ်ကားဆုကို "တပြည်သူ မရွှေထား" ဇာတ်ကားကလည်းကောင်း၊ ဒါရိုက်တာဆုကို "တပြည်သူ မရွှေထား" ဇာတ်ကားရိုက်ကူးသူ စင်ရော်မောင်မောင်ကလည်းကောင်း၊ အမျိုးသားဇာတ်ဆောင်ဆုကို "တပြည်သူ မရွှေထား" ဇာတ်ကားမှ ကျော်သူကလည်းကောင်း ၊ အမျိုးသမီးဇာတ်ဆောင်ဆုကို "နော်ရင်မွှေး" ဇာတ်ကားမှ စိုးမြတ်သူဇာနှင့် "မသုဝဏ္ဏစာရီ" ဇာတ်ကားမှ မို့မို့မြင့်အောင် တို့ကလည်းကောင်း၊ အမျိုးသားဇာတ်ပို့ဆုကို "ဝေလည်းမွှေး ကြွေလည်းမွှေး"ဇာတ်ကားမှ ကျော်ဟိန်းကလည်းကောင်း၊အမျိုးသမီးဇာတ်ပို့ဆုကို "သရဖူ"ဇာတ်ကားမှ နွဲ့နွဲ့စန်းကလည်းကောင်း၊ ဓာတ်ပုံဆုကို "မသုဝဏ္ဏစာရီ" ဇာတ်ကားမှ ထိပ်တန်း ကိုကိုဌေးကလည်းကောင်း၊ တေးဂီတဆုကို "တပြည်သူ မရွှေထား" ဇာတ်ကားမှ စန္ဒရားလုထွင့်ကလည်းကောင်း၊ အသံဆုကို "သရဖူ"ဇာတ်ကားမှ ဦးခင်ဦးက လည်းကောင်း အသီးသီးရရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်မှစပြီး သတ်မှတ်ချီးမြှင့်ခဲ့ရာ ၁၉၉၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၈၀ ချီးမြှင့်ခဲ့ပြီးဖြစ်သည်။




## မြန်မာ့အကောင်းဆုံး အားကစားသမားဆု (၁၉၉၅ )

။ ။ ၁၉၉၅ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေဂုံရယ်ဂါးဒင်း၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်၊ ဒုတိယ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်သန်းထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးကြည်မောင်၊အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ မြန်မာဗရီဝယ်ရီ လီမိတက် နှင့် အေဘီစီ အိတ်တစ်ရာစတောက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ အခမ်း အနားတွင် မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ဂုဏ်ပြု အမှာစကား ပြောကြားပြီး ၁၉၉၅ ခုနှစ်အတွက်၊ မြန်မာ့ အကောင်းဆုံး အားကစားသမားဆုရရှိသူနှစ်ဦးအား ငွေသား ဆုနှင့် အကောင်းဆုံး အားကစားသမား ရုပ်တုများ ချီးမြှင့် သည်။

၁၉၉၅ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား ရွေးချယ်ရာတွင် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်

မြန်မာ့အကောင်းဆုံး အားကစားသမားဆု (၁၉၉၅ )
ဆွတ်ခူးကြသော ဗိုလ်မှူး မြင့်စိုး (သေနတ်ပစ် )နှင့်
ခင်ခင်ထွေး (ပြေးခုန်ပစ် )



သန်းထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရွေးချယ်ရေး အဖွဲ့က ၁၉၉၅ ခုနှစ် တစ်နှစ်လုံးတွင် အကောင်းဆုံးနှင့် အစွမ်းဆောင်နိုင်ဆုံး အမျိုးသား အားကစားသမား တစ်ဦးနှင့် အမျိုးသမီး အားကစားသမား တစ်ဦးကို မြန်မာ့ အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်ရန် စနစ်တကျ အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီက အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

၁၉၉၅ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစား သမားဆု ချီးမြှင့်ရာတွင် မြန်မာ့အကောင်းဆုံး အားကစား သမား(အမျိုးသား ) ဆုကို ဗိုလ်မှူးမြင့်စိုး (သေနတ်ပစ် ) က လည်းကောင်း၊ မြန်မာ့ အကောင်းဆုံး အားကစားသမား (အမျိုးသမီး ) ဆုကို ခင်ခင်ထွေး (ပြေးခုန်ပစ်) က လည်းကောင်း ရရှိသည်။

မြန်မာ့ အကောင်းဆုံး အားကစားသမားဆုကို မြန်မာ ဗရိဝယ်ရီ လီမိတက်နှင့် အေဘီစီ အိတ်တစ်ရာစတောက်တို့ က ၁၉၉၄ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ မြန်မာ့ အကောင်းဆုံး အားကစားသမားတစ်ဦးလျှင် ကျပ် ၂၅၀,၀၀၀ စီနှင့် အကောင်းဆုံး အားကစားသမား ရုပ်တုများ ချီးမြှင့် ခဲ့သည်။


၁၉၉၅ ခုနှစ်အတွက် မြန်မာ့ အကောင်းဆုံး အားကစား သမားဆု ချီးမြှင့်ရာတွင် မြန်မာ့ အကောင်းဆုံး အားကစား သမား တစ်ဦးလျှင် ကျပ် ၃၀၀, ၀၀၀ နှင့် အကောင်းဆုံး အားကစားသမား ရုပ်တုများ ချီးမြှင့်သည်။

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။ ယူနိုက်တက်ကင်းဒမ်း ဆိုသည်မှာ ပူးပေါင်းထားသော နိုင်ငံဟုဆိုလိုချင်၍ ဂရိတ် ဗြိတိန်နှင့် အိုင်ယာလန်မြောက်ပိုင်းကို ပူးပေါင်းထားသော နိုင်ငံအမည်၏ အတိုကောက်လည်းဖြစ်သည်။ ယင်း အမည်ကို အင်္ဂလန်ပြည်၊ ဝေလပြည်၊ စကော့တလန်ပြည်၊ အိုင်ယာလန်ပြည်မြောက်ပိုင်းတို့ပါဝင်သောနိုင်ငံ၏ အမည်အဖြစ် ၁၈၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အသုံးပြုခဲ့သည်။ ဂရိတ်ဗြိတိန်ဟူသောအမည်ကိုကား ၁၇၀၇ ခုနှစ်တွင် အင်္ဂလန်ပြည်နှင့် စကော့တလန်ပြည် ပူးပေါင်းရေးအက်ဥပဒေပြဋ္ဌာန်းပြီးချိန်မှစ၍ အသုံးပြုခဲ့ သည်။ ဝေလပြည်မှာ အက်ဒွပ်ဘုရင်လက်ထက်ကပင် အင်္ဂလန်ပြည်တွင်းသို့ သွပ်သွင်းခံရပြီးဖြစ်ရာ စင်စစ် ဂရိတ်ဗြိတိန်မှာ ပူးပေါင်းထားသော ဝေလပြည်၊ အင်္ဂလန်ပြည်နှင့် စကော့တလန်ပြည်တို့၏ အမည်ဖြစ် လေသည်။

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်း ကီလိုမီတာ ၂,၄၁,၇၅၂ ဖြစ်သည်။ လူဦးရေ ၅,၈၁၉၁,၂၀၀ ရှိ၍ ခရစ်ယာန်ဘာသာကို လူများစု ကိုးကွယ်ပြီး အစ္စလာမ်၊ ဆစ်ခ်၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာများ ကိုလည်း ကိုးကွယ်ကြသည်။ စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်ချုပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုအက္ခရာတင်ခြင်းမရှိ သည်မှာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ ထူးခြားမှုတစ်ရပ် ဖြစ်သည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဟူ၍လွှတ်တော်နှစ်ရပ်ရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ဒုတိယမြောက် အဲလိဇဘက်ဘုရင်မကြီးဖြစ်၍ အစိုးရအဖွဲ့ အကြီးအကဲမှာ ဝန်ကြီးချုပ်ဂျွန်မေဂျာဖြစ်သည်။ ၁၉၄၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် မွေးဖွားပြီး ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ – စာ ၂၈၄၊ ၂၈၅– ၅။)

**နိုင်ငံရေး** – ဗြိတိသျှဝန်ကြီးချုပ်ဂျွန်မေဂျာနှင့် အိုင်ယာလန် ဝန်ကြီးချုပ် ဂွန်ဘရူတန်တို့နှစ်ဦးသည် မြောက်အိုင် ယာလန်၌ ငြိမ်းချမ်းရေး ခိုင်မြဲစေမည့် ဆွေးနွေးပွဲများကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က စတင်ခဲ့သည်။ အိုင်ယာလန်သမ္မတနိုင်ငံ ဒဗ္ဗလင်မြို့တော်၌ ပြုလုပ်သော ယင်းဆွေးနွေးပွဲများမှာဗြိတိန်နိုင်ငံမြောက်အိုင်ယာလန် ပြည်နယ် အရေးကိစ္စဖြေရှင်းရာတွင် အမေရိကန်ထောက်ခံ ထားသည့်အတိုင်း နိုင်ငံရေးမတင်မကျဖြစ်နေမှုလွှတ်မြောက် သွားစေရန်နှင့် ရေရှည်တည်တံ့မည့်ငြိမ်းချမ်း ရေးဖော်ထုတ် ရန် နည်းလမ်းနှစ်သွယ်ဖြင့်ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပ ခြင်း ဖြစ်သည်။

မြောက်ပိုင်းအိုင်ယာလန်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ များ မစတင်မီ အိုင်အာရ်အေနှင့် ဗြိတိသျှလိုလားသော လက်နက်ကိုင်များသည် လက်နက်ချရန်မလိုဟု အမေရိကန် ဦးဆောင်သော ကော်မရှင်က ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ပြောကြားခဲ့သည်။ အိုင်အာအေ၏ မဟာမိတ် ဆင်ဖိန်းပါတီနှင့်ဗြိတိသျှလိုလားသော ပရိုတက်စတင့် လူများစုတို့ ဆွေးနွေးခြင်းမပြုမီ အိုင်အာအေ က လက်နက်



ဥရောပသမဂ္ဂ အစည်းအဝေးသို့ တက်ရောက်လာသည့်
ဝန်ကြီးချုပ် ဂျွန်မေဂျာအား တွေ့ရစဉ်

စတင်ချရမည်ဟူသော ဗြိတိန်၏ ကာလကြာမြင့်စွာက တောင်းဆိုချက်ကို အမေရိကန်ဦးဆောင်သော ကော်မရှင်၏ထောက်ခံချက်က စိန်ခေါ်ရာ ရောက် ခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ကော်မရှင်၏ စေ့စပ် ညှိနှိုင်းရေး အဆိုပြုချက်ကို ကြိုဆိုလိုက်ပြီး တစ်ချိန်တည်းမှာပင် ပရိုတက်စတင့် အိုင်ယာလန်မြောက်ပိုင်း လွှတ်တော်အတွက် အထူးရွေးကောက်ပွဲကျင်းပရေး တိုက်တွန်းချက်များကို ချက်ချင်းထောက်ခံလိုက်သည်။ ကသလစ်ဂိုဏ်းဝင်နိုင်ငံရေးသမားများသည် အငိုက်မိသွား၍ ဒေါသတကြီးတုံ့ ပြန်ရာ၌ ဆွေးနွေးညှိနှိုင်းမှု စတင်ရေးကို နှောင့်နှေးစေမည့် နည်းဗျူဟာတစ်ရပ်ဟု စွပ်စွဲလိုက်သည်။

ပါတီစုံမြောက်အိုင်ယာလန် ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပရေးအတွက်ဗြိတိန်နိုင်ငံအပေါ် တွန်းအားပေးရန် အိုင်ယာလန်အစိုးရအား ဆင်ဖိန်းဥက္ကဋ္ဌ ဂယ်ရီအဒမ်က ဖေဖော်ဝါရီလ ၂ ရက်နေ့က တိုက်တွန်း ခဲ့သည်။ အိုင်အာရ်အေ၏လက်ရုံးဆင်းဖိန်း အဖွဲ့ခေါင်းဆောင်အဒမ်က အိုင်ယာလန်အစိုးရဝန်ကြီးချုပ် ဂျွန်ဘရွတ်တန်နှင့် တွေ့ဆုံပြီး ဆွေးနွေးပွဲကျင်းပရန်ကြိုးစားမည်ဟူသော ပဋိညာဉ်ကို ဗြိတိန်က လေးစားရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင်ပါတီစုံ ဆွေးနွေးပွဲမကျင်းပဖြစ်စရာအကြောင်းမရှိဟု အဒမ်က ဝန်ကြီးချုပ်ဘရုတ်တန်နှင့် တွေ့ဆုံအပြီးတွင် သတင်းစာဆရာများအားပြောကြားသည်။ ဂျွန်ဘရုတ်တန်အား ပေးခဲ့သောကတိကိုဂျွန်မေဂျာကလေးစားလိုက်နာမည်ဟု လည်းအဒမ်ကပြောသည်။

တစ်နှစ်ကြာအပစ်အခတ်ရပ်စဲထားမှုကို အိုင်အာရ်အေက အဆုံးသတ်လိုက်ပြီးနောက် တစ်နာရီသာရှိသေးသောအချိန်တွင် အရှေ့လန်ဒန်မြေအောက် ကားရပ်နားရာနေရာတစ်ခုတွင် ဖေဖော်ဝါရီလ ၉ ရက်နေ့က ဗုံးပေါက်ကွဲခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိ အဆောက်အအုံတစ်ခု ထိခိုက်ပျက်စီးသွားပြီး လူ ၃၄ ဦး ဒဏ်ရာရရှိသည်။ ဗြိတိသျှတို့အုပ်စိုးထားသော မြောက်အိုင်ယာလန်တွင် အိုင်အာရ်အေက ၂၄ နှစ်ကြာအကြမ်းဖက်တိုက်ခိုက်မှုများကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်နေ့မှစ၍ရပ်ဆိုင်းထားခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၉ ရက်နေ့ကပင် အပစ်အခတ်ရပ်ဆိုင်းထားမှုကို အဆုံးသတ်လိုက်ပြီဟု အိုင်အာရ်အေက ကြေညာခဲ့သည်။

ဖုံးပေါက်ကွဲပြီးနောက် လုံခြုံရေးကိစ္စများကို လန်ဒန်ရဲအဖွဲ့က ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပိုမိုတင်းကျပ်စွာ ဆောင်ရွက်လိုက်သည်။ ဖုံးပေါက်ကွဲပြီးနောက် သမ္မတကလင်တန်သည် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာနှင့် အိုင်ရစ်ဝန်ကြီးချုပ်ဂျွန် ဘရူတန်တို့ကိုဆက်သွယ်ပြောကြားရာ၌ စေ့စပ်ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စုက တာဝန်ခံကြောင်း၊ မြောက်အိုင်ယာလန် ငြိမ်းချမ်းရေး အာမခံချက်ရရှိရန် တာဝန်ခံကြောင်း ပြောကြားခဲ့သည်။


ပါလီမန်၌အရေးကြီးသောအပြင်းအထန်ဆွေးနွေးပွဲမတိုင်မီ ရက်ပိုင်းမျှအလိုတွင် အာဏာရ ကွန်ဆာဗေးတစ်ပါတီမှ အမတ်တစ်ဦး ရုတ်တ ရက်နုတ်ထွက်သွားသဖြင့် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာသည် နိုင်ငံရေးအကျပ်အတည်းတစ်ခုနှင့် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ရင်ဆိုင်လိုက်ရပြန်သည်။ ပါလီမန်အမတ်များကသူ၏ခြိမ်းခြောက်မှုကို ပြန်လည်သုံးသပ်ရန် သဘောတူကြောင်း အဆင့်မြင့်ကွန်ဆာဗေးတစ်ပါတီ တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားပြီးနောက် နာရီပိုင်းမျှအကြာတွင် ကွန်ဆာဗေးတစ်ပါတီမှ အမတ်ပီတာသန်းဟင်းက မေဂျာထံသို့ ရုတ်တရက်နုတ်ထွက်လွှာ ပေးပို့လိုက်ခြင်းဖြစ်သည်။ ပါတီမှ နုတ်ထွက်ရန်သန်းဟင်း၏ ဆုံးဖြတ်ချက်သည် ပါလီမန်၌ သူ့အပေါ် ပါတီထိန်းချုပ်မှုမှ လွတ်မြောက်သွားစေပြီး တသီးပုဂ္ဂလအမတ်အဖြစ် ရပ်တည်ခွင့် ရရှိသွားရာ မေဂျာ၏ ပါလီမန်အများစုအသာရမှုမှာ နှစ်ဦးတည်းသာ ကျန်ရှိတော့သည့် အခြေအနေသို့ ရောက်သွားစေသည်။

ဗြိတိသျှကိုလိုနီဟောင်း၏ နောက်ဆုံးအာရှစစ်စခန်းမှ ဗြိတိသျှတပ်များ အဆင့်လိုက်ရုပ်သိမ်းမည့်အစီအစဉ်ကို ဟောင်ကောင်ရှိဗြိတိသျှစစ်ဘက်အရာရှိက ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဟောင်ကောင်အချုပ်အခြာအာဏာကို ၁၉၉၇ ခုနှစ်တွင်တရုတ်ပြည်သို့ပြန်လည်လွှဲပြောင်းပေးအပ်ရေးအတွက် ပြင်ဆင်မှုပြုလုပ်ရာတွင် အဆင့်လေးဆင့်ထားပြီး ရုပ်သိမ်းရေးကိုဩဂုတ်လ ၃၀ ရက်နေ့တွင်စတင်မည်ဟု ဗိုလ်ချုပ် ဘရိုင်ယန်ဒတ်တွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဗြိတိသျှတပ်များနေရာတွင် အစားထိုးဝင်ရောက်လာမည့်တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်အေ)သည် နှစ်ပေါင်း ၁၅၀ ကြာညောင်းသော ကိုလိုနီအုပ်ချုပ်ရေးကာလတွင် ဗြိတိသျှတပ်များ ဆောင်ရွက်သကဲ့သို့ မှန်မှန် ကန်ကန် ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဒတ်တွန်က ပြောကြားသည်။ ဇွန်လ ၃၀ ရက်နေ့ညသန်းခေါင်ယံတွင် အလံချင်းဖလှယ်ပြီးနောက် မြို့စောင့်တပ် အသစ်ကို ပီအယ်အေက ဖွဲ့စည်းသွားမည်ဖြစ်သည်။ ဟောင်ကောင်နှင့် ဗြိတိသျှတပ်များတွင် ကြည်းတပ်၊ ဘုရင့်ရေတပ်မတော်နှင့် ဘုရင့်လေတပ်မတော်တို့မှ အင်အားစုစုပေါင်း ၃,၂၅၀ ရှိသည်။

ဗြိတိသျှ ဆိုရှယ်လစ်ဝါဒသည် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် မိမိတို့ပါတီအနိုင်ရခဲ့လျှင် လုံးဝပျောက်ကွယ်သွားနိုင်ကြောင်း ဝန်ကြီးချုပ်ဂျွန်မေဂျာက ကွန်ဆာဗေးတစ်ပါတီဝင်များအား အောက်တိုဘာလ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ရွေးကောက်ပွဲတွင် အတိုက်အခံလေဘာပါတီကို ငါးကြိမ်မြောက် ဆက်တိုက်အောင်ပွဲခံနိုင်လျှင် ဆိုရှယ်လစ်ဝါဒသည်မိမိတို့နိုင်ငံအတွင်း၌ ထာဝရချုပ်ငြိမ်းသွားလိမ့်မည်ဖြစ်ကြောင်း

အတိုက်အခံ လေဘာပါတီခေါင်းဆောင် တိုနီဘလဲယား





နွားရူးရောဂါရှိသည့် နွားများကို သုတ်သင်ရှင်းလင်းနေစဉ်

ကွန်ဆာ ဗေးတစ်ပါတီ၏ နှစ်ပတ်လည်ညီလာခံ ကိုယ်စားလှယ်များအား ဝန်ကြီးချုပ် ဂျွန်မေဂျာကပြောကြားခဲ့သည်။

တရုတ်ပြည်ကသဘောတူခွင့်ပြုသောဟောင်ကောင်ပြည်နယ်လွှတ်တော်သစ်နှင့်စပ်လျဉ်း၍ ကမ္ဘာ့တရားရုံး၌ ဗြိတိန်နိုင်ငံက တစ်စုံတစ်ရာစောဒကတက်ရန် ကြိုးပမ်းမှုသည် တရုတ်၊ ဗြိတိသျှဆက်ဆံရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း တရုတ်ပြည်က ဗြိတိန်နိုင်ငံသို့ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် သတိပေးခဲ့သည်။ ဗြိတိန်နိုင်ငံကယင်းသို့ လုပ်ဆောင်မည်ဆိုပါက တရုတ်ဗြိတိသျှဆက်ဆံရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် ရှန်ဂူဖန်းကပြောကြားလိုက်သည်။ ဗြိတိသျှတို့က ဇွတ်တရွတ်ပြဿနာကိုဖန်တီးလုပ်ဆောင်ပြီး တရုတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိလျှင် တရုတ်ဗြိတိသျှ ဆက်ဆံရေးသည် အမှန်ပင် ပျက်ပြားမည်သာ ဖြစ်ကြောင်း၊ ဗြိတိသျှတို့ဘက်မှ အကြံပြုတင်ပြချက်နှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်ကို တရုတ် နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ဟောင်ကောင်အား ၁၉၉၇ ခု နှစ်လယ်၌ တရုတ်ပြည်သို့ လွှဲအပ်ပြီးချိန်တွင် လက်ရှိဥပဒေကောင်စီအား တရုတ်ပြည်ကရွေးချယ်ခန့်ထားသော ကော်မတီဖြင့် အစားထိုးသွားရန် ကိစ္စကို ကမ္ဘာ့တရားရုံးသို့ တင်ပြအဆုံးအဖြတ်ရယူရန် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး မာကွန်ရိဖ်ကိုင်က တရုတ်ပြည်သို့ တင်ပြခဲ့သည်။

**စီးပွားရေး –** နွားရူးရောဂါသည် အမဲသားစားသုံးသူများအား ကူးစက်ပြီး စားသုံးလူထု၏ဦးနှောက်ကို ထိခိုက်စေနိုင်ကြောင်း၊ ယင်းသို့ထိခိုက်မှုကြောင့်ဗြိတိန်နိုင်ငံသား ၁၀ ဦးသေဆုံးခဲ့ကြောင်း ၁၉၉၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ရာမှ ဗြိတိန်နိုင်ငံမှ ပြည်ပသို့ အမဲသားတင်ပို့မှုကို ပိတ်ပင်သည့်ကိစ္စပေါ်ပေါက် လာခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ဥရောပကော်မရှင် သည် ဗြိတိသျှအမဲသားနှင့်ကျွဲနွားများအား ကမ္ဘာ အရပ်ရပ်သို့ တင်ပို့ရောင်းချမှုကိုမတ်လ ၂၈ ရက်နေ့တွင် ပိတ်ပင်လိုက်သည်။ ယင်းသို့ပိတ်ပင်လင့်ကစား ဗြိတိသျှ အမဲသားထုတ်လုပ်မှုလုပ်ငန်းအတွက် အကူအညီ ပေးကမ်း ခြင်းဖြင့် ဗြိတိန်အတွက် သက်သာမှုရရန် ကြိုးစားခဲ့သည်။ ဤသို့ဖြင့် နွားရူးရောဂါ ကူးစက်ပြန့်ပွားခဲ့သော်ဗြိတိန်နိုင်ငံမှ နွားသန်းပေါင်းများစွာအား ဖျောက်ဖျက်ပစ်ပြီး ပြည်သူများအား အမဲသားစားသုံးမှု ပြန်လည်စိတ်ချ ယုံကြည်မှု ရရှိရေးကြိုးပမ်းရန် အစီအစဉ်များကို ဥရောပသမဂ္ဂက ဧပြီလ ၃၀ ရက်နေ့တွင်သဘောတူညီခဲ့သည်။

ဗြိတိန်နိုင်ငံကလည်း အမဲသားများ ကမ္ဘာ တစ်ဝန်းသို့ တင်ပို့ရောင်းချမှုပိတ်ပင်ခြင်းကို လျှော့ပေါ့ပေးရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရရှိပေ။ ဥရောပသမဂ္ဂ၏ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးဝါးကုသရေးဆိုင်ရာအရာရှိများက ဗြိတိသျှ အမဲသားတင်ပို့ရောင်းချမှု ပိတ်ပင်တားမြစ်ချက် လျှော့ပေါ့ရေးကို မေလ ၂၀ ရက်နေ့တွင် ငြင်းပယ်ခဲ့သည်။ ယင်းအဖြစ်က ပြည်တွင်း၌ နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ဝန်ကြီးချုပ် ဂျွန်မေဂျာ၏ ကွန်ဆာဗေးတစ်အစိုးရကို အမျက်ထွက်စေခဲ့သည်။

ဗြိတိန်နိုင်ငံက နွားရူးရောဂါကူးစက်နေသော ကျွဲနွားကောင်ရေ ၈၂၀၀၀ ကိုသုတ်သင်ရှင်းလင်းပေးမည်ဟု အဆိုပြုခဲ့သော်လည်း ပိတ်ပင်တားမြစ်မှုလျှော့ပေါ့ခြင်း မရှိခဲ့ပေ။ မေလ ၂၆ နေ့ကကျင်းပသောအစည်းအဝေးတွင် ဗြိတိန်နိုင်ငံ၏ အဆိုကိုကန့်ကွက်မဲပေးကြသောနိုင်ငံ အရေအတွက်ကမျှော်မှန်းသည်ထက်ပိုမိုများပြားလာသည်။ ဗြိတိန်နိုင်ငံ၏အဆိုတွင် နွားရူးရောဂါထိန်းချုပ်ရေးနှင့် ပတ်သက်၍ လုံလောက်သော အစီအစဉ်မရှိပါဟု ဘုံဈေးအဖွဲ့ဝင် နိုင်ငံအချို့က စောဒကတက်ကြသည်။

ယင်းသို့ရှိနေခဲ့ရာမှ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့သည် ဗြိတိသျှအမဲသားရောင်းချခြင်းအား တကမ္ဘာလုံး ပိတ်ပင်တားမြစ်ချက်ကို တဖြည်းဖြည်းချင်းဖယ်ရှားပေးသွားရန် ဇွန်လ ၂၁ ရက်နေ့တွင် သဘောတူညီလိုက်ကြသည်။ အပြန်အလှန် အားဖြင့် ဗြိတိန်နိုင်ငံကလည်း အီးယူ၏ ဆုံးဖြတ်ချက်အား ဗီတိုအာဏာဖြင့် ပယ်ချမည့် ၄င်း၏ မူဝါဒကို အဆုံးသတ်လိုက်သည်။ အဆိုပါ သဘောတူညီချက်ကို အီးယူအဖွဲ့ခေါင်းဆောင် ၁၅ ဦး၏ အစည်းအဝေးတွင် ရရှိလိုက်ခြင်းဖြစ်သည်။

**ချားလ်စ်မင်းသားနှင့် မင်းသမီးဒိုင်ယာနာတို့၏ အိမ်ထောင်ရေး –** ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလကုန်နှင့် ၁၉၉၆



မင်းသမီး ဒိုင်ယာနာ

ခုနှစ်၊ ဇန်နဝါရီလဆန်းတွင်အယ်လီဇဘက်ဘုရင်မကြီး၏ ချွေးမတော် ဗြိတိသျှနန်းလျာချားလ်မင်းသား၏ ကြင်ယာတော်ဒိုင်ယာနာမင်းသမီးက နန်းတွင်းအရုပ်တော်ပုံကိုဖွင့်ချခဲ့သည်။ သတင်းစာ ရုပ်မြင်သံကြားတို့အား ရင်ဖွင့်ခဲ့ရာမှ နန်းတွင်းရေးအရှုပ်တော်ပုံမှာ လူသိရှင်ကြားဖြစ်ခဲ့ရသည်။ အိမ်ရှေ့မင်းသားက တစ်လင်ကွာ ကာမီလာပါကာဘိုးလ်စ်ဆိုသူအမျိုးသမီးနှင့် ချစ်တင်းနှောရာမှ ဒိုင်ယာနာဒေါသထွက်ပြီးဇာတ်လမ်းစခဲ့ကြသည်။ စေ့စပ်၍မရသောအခါ အယ်လီဇဘက်ဘုရင်မကြီးကသားတော်နှင့်ချွေးမတော်တို့အား ကွာရှင်းကြရန်စာပို့သည်။ ကွာရှင်းရပါက သီးခြားဒေါ်လာခုနစ်သန်းကျော်တန်အိမ်ကြီး၊ ခြံကြီးနှင့် နေသင့်သည်၊ နှစ်စဉ်ထောက်ပံ့ကြေးရသင့်သည်၊ တစ်ချိန်ကျလျှင် ဘုရင်ဖြစ်လာမည့်မင်းသားဝီလျံ ၁၃ နှစ်၏ မိခင်အဖြစ် ဆက်လက်ရပ်တည်မည်၊ မင်းသားနှင့်ကွာလျှင် သားတော်နှစ်ပါးနှင့်ဆက်သွယ်ခွင့်၊ အတူသွားလာခွင့်ရ ရမည်စသည်ဖြင့် ဒိုင်ယာနာက တောင်းဆိုခဲ့သည်။

ချားလ်စ်မင်းသားနှင့် ၁၉၉၂ ခုနှစ်မှစ၍ ခွဲခွာ နေထိုင်ခဲ့သူ မင်းသမီးဒိုင်ယာနာက အိမ်ရှေ့မင်းသားချားလ်စ်နှင့် တရားဝင်ကွာရှင်းရေးအတွက်စတာလင်ပေါင် ငွေသန်း ၃၀ (ဒေါ်လာ ၄၅ ဒသမ ၆ သန်း)တောင်းဆိုထားသည်ဟု ဆန်းဒေးတိုင်းသတင်းစာက မတ်လ ၈ ရက်နေ့တွင် ရေးသားဖော်ပြခဲ့သည်။ ဘတ်ကင်ဟမ်နန်းတော်က စတာလင်ပေါင် ၁၅ သန်း(ဒေါ်လာ ၂၂ ဒသမ ၈ သန်း)ပေးရန် ကမ်းလှမ်းထားသည်။ ဘတ်ကင်ဟမ်၏ကမ်းလှမ်းချက်ပမာဏမှာ မိမိ၏ကျန်ရှိသော ဘဝလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မည် မဟုတ်ဟု ဒိုင်ယာနာက ပြောသည်။ ဒိုင်ယာနာသည် နောင်ရေးအတွက် အမြဲတမ်းပူပင်တတ်သူဖြစ်သည်။

ချားလ်စ်နှင့်ဒိုင်ယာနာတို့သည် သုံးနှစ်ခွဲကြာခွဲခွာနေခဲ့ပြီးနောက် တရားဝင်ကွာရှင်းပြတ်စဲ ရေးနှင့်ပတ်သက်၍သဘောတူညီချက်ရရှိကြပြီဟု ဇူလိုင်လ ၁၂ ရက်နေ့က ကြေညာသည်။ တရားဝင်ကွာရှင်းပြတ်စဲ ရေးကို ဩဂုတ်လ ၂၈ ရက်နေ့တွင်ပြုလုပ်မည်ဟု နှစ်ဖက်ရှေ့နေများက ပြောသည်။ ယင်းသဘောတူညီချက်အရဒိုင်ယာနာသည် တစ်လုံးတစ်ခဲတည်းဒေါ်လာ ၂၆ ဒသမ ၃၅ သန်းရမည်။ ဒိုင်ယာနာ၏ရုံးနှင့်ဝန်ထမ်းများအတွက် နှစ်စဉ်ဒေါ်လာ ၆,၂၀,၀၀၀ ရမည်။ ဒိုင်ယာနာသည်တော်ဝင်မင်းသမီး ဘွဲ့ကို စွန့်လွှတ်ပြီး နောင်အခါတွင် ဝေလမင်းသမီးဟုသာ အသုံး ပြုရမည်ဖြစ်သည်။

ဗြိတိသျှနန်းလျာချားလ်စ်မင်းသား မည်သည့်အခါမျှ ဗြိတိန်နိုင်ငံ၏ဘုရင်အဖြစ်ကို သေချာပေါက်မရစေရန် မင်းသမီးဒိုင်ယာနာကသန္နိဋ္ဌာန် ပြုထားကြောင်းနှင့် ဒုတိယမြောက်အဲလစ်ဇဘတ်ဘုရင်မကြီးသည် လက်ဝဲအနည်းငယ်ဆန်သူဖြစ်ကြောင်း ဘုရင်မကြီး၏ ကိုယ်ရေးရာဇဝင်နှင့်ပတ်သက်၍ ပါမောက္ခဘင်ပင်မ်လော့ ရေးသားသော "သည်ကွင်း"အမည်ရှိစာအုပ်အသစ်၌ ဖော်ပြထားသည်ဟု အောက်တိုဘာ ၅ ရက်နေ့အေပီသတင်း၌ ပါရှိသည်။ ဒိုင်ယာနာနှင့်ချားလ်စ်တို့သည် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ တွင် တခြားစီနေခဲ့ကြပြီး နောက်ကွာရှင်းပြတ်စဲရေးနှင့် စပ်လျဉ်း၍ နှစ်ဦးသားအကြီးအကျယ် အငြင်းအခုံဖြစ်နေ ကြစဉ် ဒိုင်ယာနာက ထိုသို့ခြိမ်းခြောက်ခြင်းဖြစ်ရာ "သည်ကွင်း"မထုတ်ဝေမီ အင်ဒီပင်းဒင့် သတင်းစာ၌ အခန်းဆက် ဖော်ပြခဲ့သည်။

ချားလ်စ်(၄၇ နှစ်)နှင့် ဒိုင်ယာနာ(၃၅ နှစ်)တို့သည် ဩဂုတ်လ ၂၈ ရက်နေ့၌ ကွာရှင်းပြတ်စဲခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဘီဘီစီရုပ်မြင်သံကြားသတင်းဌာနက ဒိုင်ယာနာအားတွေ့ဆုံမေးမြန်းစဉ် ဒိုင်ယာနာက ချားလ်စ်ဘုရင်ဖြစ်ထိုက်ပါသလား ဆိုသည့် မေးခွန်းကို ပြန်မေးခဲ့သည်ဟု ပင်လော့ကရေးသားဖော်ပြသည်။ ချားလ်စ်အကျင့်စရိုက်ကို မိမိသိထားကြောင်း နိုင်ငံ၏ အထွတ်အထိပ်ရာထူးအတွက် ထိုက်တန်သူမဟုတ်ကြောင်း ဒိုင်ယာနာက ပြောကြားခဲ့သည်။ အသက် ၇၀ ရှိပြီဖြစ်သော ချားလ်စ်မိခင်ဘုရင်မကြီး ကွယ်လွန်သောအခါ ချားလ်စ်က ဘေးဖယ်ပေးပြီး အသက် ၁၄ နှစ်အရွယ်ရှိ သားကြီး မင်းသားဝီလျံကိုဘုရင်ဖြစ်စေသင့်ကြောင်း သတင်းစာအချို့က ရေးသားကြသည်။

**ဝါယာမိန္ဒာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ( မြန်မာ ၁၃၁၆ – )။** ။ အရှင်ဝါယာမိန္ဒ ဘိဝံသကို ရေစကြိုမြို့နယ် ရွှေကျောင်းကျေးရွာတွင် ခမည်းတော် ဦးဘရီ၊ မယ်တော် ဒေါ်အုန်းတို့က ၁၃၁၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် ဗုဒ္ဓဟူးနေ့၌

ဖွားမြင်သည်။ မွေးချင်းနှစ်ယောက်တွင် သားထွေးရတနာဖြစ်၍ နာမည်မှာ မောင်လှထွန်းဖြစ်သည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် အသက် ၁၃ နှစ်အရွယ် ၁၃၂၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် ကြာသတေးနေ့၌ အဘွားဒေါ်ဉာဏ်အမှူးပြုသော ဆွေမျိုးသားချင်းများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရွှေကျောင်း ကျေးရွာ မြောက်ကျောင်းဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ ရှင်ဝါယာမိန္ဒဖြစ်သည်။ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့၌ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ကုန်သည် ဦးဘိုးဝ၊ ဒေါ်စိန်တင် မိသားစု၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆားမလောက် ကျေးရွာ ရွာလယ်ကျောင်းတိုက် ဆရာတော် ဦးဝိစာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် ရွှေကျောင်းကျေးရွာ မြောက်ကျောင်းဆရာတော် ဦးနန္ဒ၊ ရေစကြိုမြို့၊သူဌေးတိုက် ဝန်မင်းကြီးကျောင်းဆရာတော် ဦးဝိမလ၊ ဓမ္မမဉ္ဇူကျောင်း ဆရာတော် ဦးဓမ္မပါလ၊ ဦးသြဘာသ (ဦးခင်မောင်)၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဝိမလနှင့် စာချဆရာ တော်များ၊ ဓနုဖြူမြို့ မဟာဝိဟာရတောရကျောင်းတိုက် ဆရာတော်၊ မင်းကွန်းဓမ္မနာဒတိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသနှင့် မန္တလေးမြို့ ဗန်းမော်တိုက် ဆရာတော် ဦးကုမာရာ ဘိဝံသတို့ထံတွင် လောကုတ္တရာ ပညာများကို သင်ယူတော်မူသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် အစိုးရပထမပြန် စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတို့ကို နှစ်မခြားဘဲ အောင်မြင်တော်မူသည်။ ၁၃၃၅ ခုနှစ်တွင် ဓမ္မာစရိယစာချတန်း စာမေးပွဲကို တစ်နှစ်တည်း ကျမ်းရင်း သုံးကျမ်း ဖြေဆိုအောင်မြင်တော်မူပြီး တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသဖြင့် အဂ္ဂမဟာ အကျော်ဘွဲ့ကို လည်းကောင်း၊ ညောင်တုန်းမြို့၊ ရွှေကျင် နိကာယ သာသနပါလအသင်း ဓမ္မာစရိယတန်းကို ပထမဆင့် အောင်မြင်တော်မူသဖြင့် အရှင်ဝါယမိန္ဒာ ဘိဝံသ၊ သာသနပါလ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၁၃၃၆ ခုနှစ်တွင် အစိုးရဓမ္မာစရိယ ဂုဏ်ထူးတန်းကို မဟာဝဂ္ဂါဒိ



**တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်**
**ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ**

မြန်မာဂုဏ်ထူး အောင်မြင်တော်မူသဖြင့် သိရိပဝရ ဓမ္မာစရိယဘွဲ့ကို လည်းကောင်း ရရှိတော်မူသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် တိပိဋက– နိကာယ သာသနာ ပြုအဖွဲ့ (ရန်ကုန်ဌာနခွဲ) အမှုဆောင်လူကြီးများ၏ ပိုဆောင်မှုဖြင့် ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဖွင့်လှစ်ခဲ့သော မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋက– နိကာယကျောင်းတိုက်သို့ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် ရောက်ရှိ သီတင်းသုံးတော်မူသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် ၁၃၄၀ ပြည့်နှစ် ၃၁ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် စာမျက်နှာ ၂၂၆၀ ရှိ ဝိနည်းပိဋကပါဠိတော်ငါးကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် ဝိနယဓရဘွဲ့ကို လည်းကောင်း၊ ၁၃၄၂ ခုနှစ် ၃၃ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင်ဝိနည်းပိဋက ပါဠိတော်ငါးကျမ်းကို သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် ဝိနယ ကောဝိဒ ဘွဲ့ကိုလည်းကောင်း ရရှိတော်မူသည်။ သင်ရိုးပိဋက တစ်ပုံ အောင်မြင်တော်မူသဖြင့် ဘွဲ့တံဆိပ်တော်၊ အောင် လက်မှတ်၊ အရိုးဝါကနက္ခဒဏ် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ ကြည်–ရေ

အခမဲ့ အထက်တန်းခရီးသွားလက်မှတ်၊ လစဉ် ဆွမ်းဆန်တော် နဝကမ္မ အလှူတော်ငွေ ဆက်ကပ် လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် ၁၃၄၃ ခုနှစ်၊ နယုန်လပြည့်နေ့တွင် ရန်ကုန်မြို့ စကားဝါလမ်း အမှတ် ၁၂ ရှိ တိပိဋကကျောင်းတော်တို့ ရောက်ရှိသီတင်းသုံးတော်မူသည်။၁၃၄၃ ခုနှစ် ၃၄ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် စာမျက်နှာ ၇၇၉ မျက်နှာရှိ သုတ္တန်ပိဋက ဒီဃနိကာယ် သုံးကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူ၍ ဒီဃဘာဏကဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးနိကနက္ခဒဏ် ထီးဖြူတော် နှစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို လည်းကောင်း၊ ၁၃၄၆ ခုနှစ် ၃၇ ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲတွင် သုတ္တန်ပိဋက ဒီဃနိကာယ် သုံးကျမ်းကို သဘောရေးဖြေ အောင်မြင်တော်မူ၍ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ရရှိတော်မူသည်။ သင်ရိုးပိဋကနှစ်ပုံ အောင်မြင်တော်မူသဖြင့် ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ခဒဏ် ထီးဖြူတော် နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် လစဉ် ဆွမ်းဆန်တော် နဝကမ္မ အလှူတော်ငွေ ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။

အရှင်ဝါယာမိန္ဒာဘိဝံသသည် ၁၃၄၈ ခုနှစ် ၃၉ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းကို အာဂုံပြန်ဆိုတော်မူ၍ လည်းကောင်း၊ ၁၃၅၁ ခုနှစ် ၄၂ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ ပထမပိုင်းငါးကျမ်းကို သဘောရေးဖြေ ဖြေဆိုတော်မူ၍လည်းကောင်း အောင်မြင်တော်မူသည်။ ၁၃၅၄ ခုနှစ် ၄၅ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အဘိဓမ္မ ပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူ၍ အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ခံယူရရှိတော်မူသည်။ သင်ရိုးပိဋကသုံးပုံ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးနီ ကနက္ခဒဏ် ထီးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။

တိပိဋကဓရ အရှင်ဝါယာမိန္ဒာဘိဝံသသည် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဦးဆောင်ပဓာန နာယကအဖြစ် ဆောင်ရွက်တော်မူသည့် တိပိဋက – နိကာယ သာသနာပြုအဖွဲ့၏ သက်တမ်း ၁၆ နှစ်တာ ကာလအတွင်း ဆရာတော်ကြီး ပြုစုပျိုးထောင်ပေးသော သာသနာ့အာဇာနည် အရှင်မြတ်များအနက် ပထမဦးဆုံး တိပိဋကဓရ သာသနာ့အာဇာနည် အာဒိကမ္မိက တိပိဋကဓရ ပုဂ္ဂိုလ်ထူးအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၁၅ ခုနှစ် ခြောက်ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဆဋ္ဌသံဂါယနာ၏ ဖွားဖက်တော်အဖြစ် အာဒိကမ္မိက တိပိဋကဓရ ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသော မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကဲ့သို့ ခြောက်ပါးမြောက် တိပိဋကဓရ ပုဂ္ဂိုလ်အဖြစ် တိပိဋကဓရ ပန်းတိုင်သို့ အရောက်လှမ်းနိုင်တော်မူပြီး ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ခန္ဓာဝန်ချတော် မမူခင်တွင် ဆရာတော်ကြီးအား တိပိဋကဓရ အောင်ပန်းဖြင့် ဓမ္မပူဇာအဖြစ် ပူဇော်ခွင့် ရရှိတော်မူသည်။

တိပိဋကဓရ အရှင်ဝါယာမိန္ဒာဘိဝံသသည် ၁၃၅၆ ခုနှစ် ၄၇ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းကို သဘောရေးဖြေ ဖြေဆိုအောင်မြင်တော်မူပြီး သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုခြင်းနှင့် သဘောရေးဖြေ ဖြေဆိုခြင်း နှစ်ရပ် ပြီးပြည့်စုံစွာ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ခဒဏ် ထီးဖြူတော်သုံးလက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်၊ ကြည်း – ရေ – လေ ခရီးသွားလာခွင့် အခလွတ် အမြဲတမ်း အထက်တန်းလက်မှတ်နှင့် လစဉ် ဆွမ်းဆန်တော် နဝကမ္မ အလှူတော်ငွေ ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။

တိပိဋကဓရ တိပိဋက ကောဝိဒ အရှင်ဝါယာမိန္ဒာဘိဝံသသည် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲအတွက် ကြိုးပမ်းနေတော်မူစဉ်အတွင်း ဝိနည်းအဘိဓမ္မာ ပါဠိဂုဏ်ထူးတို့ကို အောင်မြင်တော်မူ၍ ဝိနယပါဠိပါရဂူ၊ အဘိဓမ္မ ပါဠိပါရဂူဘွဲ့များကို လည်းကောင်း၊ ပေါင်းကူးဖြစ်သော နိကာယ်စာမေးပွဲများကို အောင်မြင်တော်မူ၍ ဝိနည်းပိဋကဆိုင်ရာ ဝိနယဓရ ဝိနယဓမ္မာစရိယဘွဲ့၊ သုတ္တန် ပိဋကဆိုင်ရာ ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ အဘိဓမ္မာ ပိဋကဆိုင်ရာ အဋ္ဌဝိသာရဒ အာဘိဓမ္မိကဘွဲ့များကို လည်းကောင်း ရရှိတော်မူသည်။

တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဝါယာမိန္ဒာဘိဝံသသည် ရေစကြိုမြို့နယ်ရွှေကျောင်းကျေးရွာ ဦးဘာဘာနှင့် ဒေါ်တင်မြိုင်၊ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဦးကြူနှင့် ဒေါ်ခင်မြင့် မိသားစု၊ ကြည့်မြင်တိုင် မြို့နယ် သရက်တော ၄ လမ်း ဒေါ်စိန်မြ၊ ဦးကုလားနှင့် ဒေါ်ကြီးမေ၊ ဦးဘာဘူနှင့် ဒေါ်ကြိုင်မိသားစု၊ ဦးဟန်တင်နှင့် ဒေါ်ဝင်းမြမိသားစု၊ ဗဟန်းမြို့နယ် သာယာဝတီလမ်း ဒေါ်ခင်လှ၊ ကြည့်မြင်တိုင် ကမ်းနားလမ်း ဦးဝင်းအောင်နှင့် ဒေါ်ခင်အေးမမိသားစု၊ ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာ တိုက်အမှတ် ၁၈ အခန်း ၆ ဗိုလ်မှူး ဒေါ်ခင်အုန်းမြ (အငြိမ်းစား )၊ သန်လျင်မြို့ ဦးမြင့်ဦးနှင့် ဒေါ်ခင်အေးကြူ မိသားစု၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းညွန့် (ရေ)နှင့် ဒေါ်ယဉ်ယဉ်ရွှေ မိသားစု၊ ဒဂုံမြို့နယ် စကားဝါလမ်း ဦးညွန့်ဦးနှင့် ဒေါ်ဝါနု မိသားစု၊ မန္တလေးမြို့ ၈၄ နှင့် ၈၃ လမ်းကြား ဦးသန်းဆွေနှင့် ဒေါ်ကြိုင်ကြိုင် မိသားစု၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း ဦးအောင်ကျော်နှင့် ဒေါ်အေးမြ မိသားစု၊ အလုံမြို့နယ် ဒုတိယသီရိရိပ်သာ ဦးဉာဏ်နှင့် ဒေါ်အေးမြိုင် မိသားစု၊ မအူပင်မြို့နယ် ထနီးရွာ ဦးလှဖေနှင့် ဒေါ်ခင်ဥ မိသားစု၊ ရန်ကင်းမြို့နယ် ဓမ္မာရုံလမ်း ဦးမြသိန်းနှင့် ဒေါ်ခင်သန့်ဇင် မိသားစု၊ ရေစကြိုမြို့ တောင်သာရပ် ဦးဘသက်နှင့် ဒေါ်စိုးတင့် မိသားစု၊ ဦးမြင့်သိန်းနှင့် ဒေါ်စိန်စိန်ရီ မိသားစု၊ တောင်ဥက္ကလာပမြို့နယ်ဝေဇယန္တာလမ်း ဒေါ်ကြင်အေးနှင့် သားကိုအောင်မြတ် မိသားစု၊ မန္တလေးမြို့ ၂၇ လမ်း အမိ ဒေါ်မြ၊ ဦးတင်အေးနှင့် ဒေါ်ချစ်ချစ် သား မောင်သန့်ဇင်၊ အလုံမြို့နယ် သီရိမင်္ဂလာရိပ်သာ ဘီ – ၂ အယ်လ်ဦးအောင်ကျော်မြင့်နှင့် ဒေါ်ယဉ်နု မိသားစု၊ ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဦးမြင့်နှင့် ဒေါ်ခင်ထွေး မိသားစု၊ ဗဟန်းမြို့နယ် မိုးမခလမ်း အငြိမ်းစားသံအမတ်ကြီး ဦးကိုနှင့် ဒေါ်တင်တင်ပိုက် မိသားစု၊ စမ်းချောင်းမြို့နယ် ပြည်လမ်း သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းနှင့် ဒေါ်ညွန့်စိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိက္ခာထပ်မင်္ဂလာကို ခံယူတော်မူခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဝါယာမိန္ဒာဘိဝံသသည် ဒဂုံမြို့နယ် စကားဝါလမ်း အမှတ် ၁၂ ရှိ တိပိဋက ကျောင်းတော်နှင့် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋက – နိကာယကျောင်းတိုက်တို့တွင် သီတင်းသုံးနေထိုင်တော်မူပြီး မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ချမှတ်တော်မူသော ပရိယတ္တိသာသနာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်တော်မူလျက် ရှိသည်။

**ဝါသေဋ္ဌာ ဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ (သပြေကန်ဆရာတော်)(မြန်မာ ၁၂၇၂ – ၁၃၅၆ )။** ။သပြေကန်ဆရာတော်ဟု ထင်ရှားတော်မူသော မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသကို ခမည်းတော် ဦးဘိုးစိန်၊ မယ်တော် ဒေါ်အိမ်တို့က ၁၂၇၂ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် သန်လျင်မြို့နယ် ချောင်းဝကျေးရွာ၌ ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် ကျောင်းသားဘဝတွင် ချောင်းဝကျေးရွာ ကိုရင်ကြီးစာသင်ကျောင်း၌ စာပေထူးချွန် သောကျောင်းသားအဖြစ် ကျော်ကြားသည်။ ၁၂၈၁ ခုနှစ် အသက်ကိုးနှစ်တွင် သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ဝိမလဖြစ်သည်။ ရှင်ဝိမလသည် သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာ မဟာဝမ္မိကာရာမတိုက်သစ် ဆရာတော်နှင့် စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူခဲ့သည်။ ဆရာတော်က ရှင်ဝိမလကို ရှင်ဝါသေဋ္ဌဟု ဘွဲ့အမည်ပေးခဲ့သည်။ ရှင်ဝါသေဋ္ဌသည် ၁၂၉၂ ခုနှစ် ၊ ဝါဆိုလဆန်း ၁၅ ရက် ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် သပြေကန်ကျေးရွာ မဟာဝမ္မိကာရာမ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မဟာဝမ္မိကာရာမ ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် သာမဏေဘဝကပင် ထူးချွန်လှသည်။ အသက် ၁၃ နှစ်တွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဋီကာကျော်၊ ပုဒ်စစ်၊ ဘေဒစိန္တာစသော ကျမ်းများနှင့် ညဝါမာတိကာစသော ကျမ်းများ ပေါက်မြောက်ပြီးသော်လည်း ၁၂၈၇ ခုနှစ်ရောက်မှ အသက် ၁၅ နှစ်ပြည့်သည်ဖြစ်၍ အစိုးရ ပထမပြန်စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ပထမငယ် တန်းကိုလည်းကောင်း၊ ၁၂၈၈ ခုနှစ် အသက် ၁၆ နှစ်၌ ပထမလတ်တန်းကိုလည်းကောင်း၊ ၁၂၈၉ ခုနှစ် အသက် ၁၇ နှစ်၌ ပထမကြီးတန်းကိုလည်းကောင်း နှစ်စဉ်ဆက်တိုက်

နှစ်ချင်းပေါက် အောင်မြင်သည်။ ၁၂၉၀ပြည့်နှစ် အသက် ၁၈ နှစ်၌ ပုဂံတောင် ဝိနည်းစာပြန်ပွဲကြီးနှင့် ရန်ကုန် ကျောင်းတော်ရာ ဝိနည်း စာပြန်ပွဲကြီးများတွင် ဥဘတော ဝိဘင်း ပါဠိတော်ကြီးနှင့် မဟာဝါပါဠိတော်ကြီးများကို ဝတ္ထုနိဒါန်းနှင့်တကွ အရပြန်ဆိုနိုင်၍ ဥဘတော ဝိဘင်္ဂဓရဘွဲ့ရရှိသည်။

ဆရာတော်သည် ရဟန်းတစ်ဝါအရတွင် သံယုတ်ငါး ကျမ်း အာဂုံပြန်ဆိုအောင်မြင်၍ ဝါသေဋ္ဌာဘိသိရီပဝရ သာသနဓဇ သံယုတ္တဘာဏကဘွဲ့ရရှိသည်။ ရဟန်းနှစ်ဝါ အရတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးနှင့် မန္တလေးမြို့ အဘယာ ရာမရွှေဂူတိုက် ဆရာတော်ကြီးများထံ၌ မာဂဓကျမ်း၊ သက္ကတကျမ်းများကို သင်ယူခဲ့သည်။ တစ်ဖက်က စာသင်ပြီး တစ်ဖက်ကလည်း တတ်နိုင်သလောက် စာချပေးရာ အဘယာရာမ ဆရာတော်ကြီး၏ ထူးထူးခြားခြား အသိ အမှတ်ပြုခြင်း ခံရသည့်အပြင် ဆရာတော်ကြီးရေးသား သော သမ္ဗန္ဓစိန္တာစာကိုယ်ဋီကာ နိဿယအတွက် နိဒါန်းရေးသားပေးခဲ့ရသည်။ အဘယာရာမတိုက်တွင် သီတင်းသုံးနေစဉ် မန္တလေးသကျသီဟစာသင်တန်းနှင့် စာချတန်း စာမေးပွဲများကို ဖြေဆိုအောင်မြင်သည်။

ဆရာတော်သည် သပြေကန်မဟာဓမ္မိကာရာမ ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ သပြေကန်မဟာ ဓမ္မိကာရာမကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိပြီး စာသင်သားတို့အား မာဂဓပညာ၊ သက္ကတပညာရပ်များကို သင်ကြားပို့ချပေးခဲ့သည်။ စာပေသင်ကြားပို့ချရင်း အစိုးရ ဓမ္မာစရိယ စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ တစ်နှစ်တည်း ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးခြောက်ကျမ်း စုစုပေါင်း ကိုးကျမ်းအောင်မြင်သဖြင့် သာသနဓဇ သိရီပဝရ ဓမ္မာ စရိယ သိရောမဏိဘွဲ့ ပထမဦးဆုံးရရှိသော ပုဂ္ဂိုလ် ဖြစ်လာသည်။

ဆရာတော်သည် ပါဠိတော်အဋ္ဌကထာ ဋီကာစသော ပိဋကတ် များနှင့် သက္ကတစာပေများကို သူတစ်ပါး အားထားလောက်အောင် တတ်မြောက်ကျွမ်းကျင်တော် မူသည်။ ကျွမ်းကျင်ရုံမက အရေးအသားမှာလည်း အဆင့်မြင့် စံချိန်မီ၍ ပြောင်မြောက်လှသည်။ ဆဋ္ဌမ သင်္ဂါယနာမူ ပါဠိတော်အဋ္ဌကထာ ကျမ်းစာများ၏ ပါဠိနိဒါန်းများ၊ အဘယာရာမ ဆရာတော်ကြီး၏ မောဂ္ဂလန် နိဿယ ဒုတိယအကြိမ် ရိုက်နှိပ်ရာ၌ ပါဠိဘာသာဖြင့်



သပြေကန်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ

ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် မဟာစည် ဆရာတော်ရေးသားသော ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်း နိဒါန်း သင်္ဂဟဂါထာများကို ရေးသားတော်မူခဲ့သည်။

မဟာစည်ဆရာတော်ကိုယ်တိုင် ရေးသားနိုင်ပါလျက် ရေးသားပေးရခြင်းမှာ ဆရာတော်၏ ပါဠိသက္ကတ ကျွမ်းကျင်မှုကြောင့်ဖြစ်သည်။ ဆရာတော်သည် ရေးသား ရန် ခက်ခဲလှသော ဣန္ဒဝဇိရာ စသော ဂါထာကြီးများဖြင့် ၇၄ ဂါထာပင် ရေးသားပေးတော်မူသည်။ ဂါထာကြီး ဖြစ်ရုံမက ပါဠိပုဒ်၊ သဒ္ဒါနည်းဆန်းကြယ်၍ အလင်္ကာ နည်းဆန်းနည်းတို့ဖြင့် ရေးသားဖွဲ့ဆိုထားရာ ပါဠိ ပညာရှင်တိုင်း ချီးကျူးကြသည်။

ဆရာတော်သည် ထင်ရှားကျော်ကြားသော သဒ္ဒါကြီး နိဿယကျမ်း ပြုဆရာတော်ကြီး၏ အရိပ်အာဝါသ အောက်၌ ပရိယတ္တိစာပေများကို လက်ထပ်သင်ယူခဲ့ရ သဖြင့် ပရိယတ္တိ ကျမ်းစာများ ရေးသားပြုစုရာတွင် သပြေကန်ပရိတ်ကြီး နိဿယသစ်မှာတစ်နိုင်ငံလုံးမှ စံပြအဖြစ် အသုံးပြုရသည်အထိ ထင်ရှားသည်။ ဖတ်ရှုလေ့လာသူတိုင်းက ဤမျှကောင်းသော၊ ဤမျှ စုံလင်သော၊ ဤမျှအသုံးဝင်သော ပရိတ်ကြီးဆိုင်ရာ စာအုပ်မျိုး တစ်ခြားမည်သူမျှ ရေးနိုင်တော့မည်မဟုတ်ဟု ထင်မြင်ချက်ပေးကြသည်။ ထို့ပြင် သပြေကန်တရား ပေါင်းချုပ် စသောကျမ်းစာများလည်း ထင်ရှား ကျော်ကြားသည်။

ဆရာတော်သည် ပညာတတ် ကျမ်းတတ် ပိဋကတ်အကျော်ဖြစ်သော်လည်း မာန်မာနမရှိဘဲ နိမ့်နိမ့်ချချ နေထိုင်ပြောဆိုလေ့ရှိသည်။ ဆရာတော်၏စကားပြောသံသည် ဒေါသမာန်မာန လုံးဝကင်းရှင်းနေသည့် အသံမျိုးဖြစ်သည်။ ဝိနည်းသိက္ခာပုဒ်ကို လေးစားပြီး သီလသမာဓိနှင့်ပြည့်စုံ၍ လူတိုင်းနှင့် အဆင်ပြေအောင် ဆက်ဆံသည်။ လူတိုင်းနှင့်အဆင်ပြေအောင် နေသော်လည်း မိမိ၏တော်တည့်ဖြောင့်မတ်သောမှုနှင့် သီလ သမာဓိကို မည်သည့်အခါမှ ပွန်းအပဲ့မခံပေ။

ဆရာတော်သည် ရိုးရိုးအေးအေး သိတင်းသုံးသော်လည်း စိတ်ကူးဉာဏ်ကောင်း၍ စာအရေးအသားသွက်လက် ဆန်းသစ်သည်။ မြန်မာစာပေ အရေးအသားလည်း ကျွမ်းကျင်နိုင်နင်းလှသည်။ ကျမ်းဂန်များအမြောက်အမြား ရေးသားပြုစုသွားခဲ့သော ထိပ်တန်းဆရာတော်ကြီးများ ဖြစ်သည့် အဘယာရာမ ဆရာတော်ကြီးနှင့် မဟာဂန္ဓာရုံဆရာတော်ကြီးတို့ကပင် ဆရာတော်၏ စာပေလက်ရာကို ချီးကျူးခဲ့သည်။ ဆရာတော်သည် စာပေအရေးအသား ကောင်းသကဲ့သို့ ပြောအဟောလည်း ကောင်းသည်၊ တရားဒေသနာတော် ဟောကြားရာ၌ ဒေသနာတော်၏ အနှစ်သာရကို တရားနာပရိသတ်၏ စိတ်ထဲစွဲသွားအောင် ပြောနိုင်စွမ်း ဟောနိုင်စွမ်း ရှိသည်။ ထို့အပြင် ပိဋကတ်စာပေလာ ခဲရာခဲစစ် ပြဿနာများကို ဆရာတော်ထံ စာဖြင့်လည်းကောင်း၊ ကိုယ်တိုင်လာ၍လည်းကောင်း မေးမြန်းလျှောက်ထားလျှင် ဆရာတော်သည် ပြဿနာရှင်များ ကျေနပ်မှုရှိအောင် ဖြေကြားပေးတော်မူခဲ့သည်။

ဆရာတော်သည် မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ (ဘီအေ-ရန်ကုန်) (ဘီအေဂုဏ်ထူး-လန်ဒန်) ပျံလွန်တော်မူသောအခါ ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယကအဖြစ် တာဝန်ယူခဲ့သည်။ စာသင်သားတို့အား စာပေပို့ချခြင်း၊ ပရိယတ္တိတာဝန်၊ ဝိနည်းဓိုရ်တာဝန်၊ နိုင်ငံတော်ဗဟိုဝန်ဆောင်တာဝန် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယတာဝန်၊ တိပိဋကဓရ သြဝါဒါစရိယတာဝန်၊ ပိဋက ဘာသာပြန်အဖွဲ့၊ မင်္ဂလာ ဗျူဟာအသင်း၊ နိကာယ်ငါးရပ် ဓမ္မသာကစ္ဆာ ပရိယတ္တိ သာသနနုဂ္ဂဟ အသင်းတို့၏ သြဝါဒါစရိယ တာဝန်များကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်း ရွှေကျင်နိကာယဂိုဏ်းချုပ် ဆရာတော်အဖြစ် တာဝန်ယူပြီး ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ ရွှေကျင်ဂိုဏ်းကြီး၏ တွဲဖက်သာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ဝိနည်းလေးစားပြီး သည်းခံခြင်း ဂုဏ်၊ မေတ္တာဂုဏ်၊ ပရိယတ် ပဋိပတ်ဂုဏ်တို့နှင့် စွယ်စုံပြည့်စုံသည့်အပြင် စာပေကျမ်းဂန် နှံ့စပ်ကျော်ကြားခြင်း၊ စာပေအရေးအသား ကောင်းမွန်ထင်ရှားခြင်း၊ ရဟန်း ရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း တို့ကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၄၅ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ၁၃၅၄ ခုနှစ်တွင် လည်းကောင်း ရရှိတော်မူသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့ဖြင့် ပြည့်စုံတော်မူသော သပြေကန်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသသည် သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် တနင်္လာနေ့ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံ တပ်မတော် စစ်ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၆)။

။ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန် ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြသော သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြု ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်ကြီးများနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ လှူဒါန်းကြသော အလှူရှင်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်မပျက် ဆက်ကပ် လှူဒါန်း ချီးမြှင့်ခဲ့ရာ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၉၆)ဖြင့် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးတစ်ပါးအား အဘိဓဇမဟာ



**အဘွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးတို့က သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှူဖွယ်ဝတ္ထုများ လောင်းလှူကြစဉ်**

ရှ၄ဂုရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီး တစ်ပါးအား အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ကို လည်းကောင်း၊ ပြည်တွင်းမှ ဆရာ တော်ကြီး ၁၅ ပါးနှင့် ပြည်ပမှဆရာတော်ကြီး တစ်ပါးအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ကို လည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၂ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး တစ်ပါးအား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်ကိုလည်းကောင်း၊ ဂန္ထဓုရ ပရိယတ္တိ ဝန်ဆောင် စာချဆရာတော်ကြီး ၁၃ ပါးနှင့် သီလရှင်ဆရာ ကြီးနှစ်ပါးတို့အား အဂ္ဂမဟာဂန္ထဝါစက ပ ဏ္ဍိတဘွဲ့တံဆိပ် တော်ကိုလည်းကောင်း၊ စာချဆရာတော်ကြီး ၁၂ ပါးနှင့် သီလရှင်ဆရာကြီး လေးပါးအား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာကြီးကိုးပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါးအား စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်ကြီး ငါးပါးတို့အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာကြီးနှစ်ပါးအား မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ နယ်လှည့်ဓမ္မကထိက ဆရာတော်ကြီး တစ်ပါးအား မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီး နှစ်ပါးအား ဓမ္မကထိက ဗဟုဇနဟိ တဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ငါးပါးနှင့် လူပုဂ္ဂိုလ်အမျိုးသားတစ်ဦးအား မဟာသဒ္ဓမ္မ ဇောတိက ဓရဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော် ကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်အမျိုးသား နှစ်ဦးအား သဒ္ဓမ္မဇောတိကဓရဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့သည်။ ထို့အပြင် သာသနာ တော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့

လှူဒါန်းခဲ့ကြသည့် လူပုဂ္ဂိုလ်အမျိုးသား နှစ်ဦးအား သီရိသုဓမ္မမဏိဇောတဓရဘွဲ့၊ လူပုဂ္ဂိုလ်အမျိုးသား တစ်ဦးအား သီဟသုဓမ္မမဏိဇောတဓရဘွဲ့၊ လူပုဂ္ဂိုလ် အမျိုးသား တစ်ဦးအားသုဓမ္မမဏိဇောတဓရဘွဲ့ တံဆိပ် ကိုလည်းကောင်း၊လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးအားသီရိသုဓမ္မ သိင်္ဂီဘွဲ့၊ လူပုဂ္ဂိုလ်အမျိုးသမီးနှစ်ဦးအား သီဟသုဓမ္မ သိင်္ဂီဘွဲ့ကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

## နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေး ကျင်းပခြင်း

စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်မှ (၁၃)ရက်နေ့အထိ ၂၈–၂–၉၆ နေ့မှ ၁–၃–၉၆ နေ့အထိ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များ စုံညီစွာ တက်ရောက် တော်မူကြသည်။ ယင်းအစည်းအဝေးက ရွေးချယ် တင်မြှောက် ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၁၀) ရပ်၊ အတည်ပြုခြင်း (၁) ရပ်နှင့် ဆုံးဖြတ်ချက် (၂) ရပ် ချမှတ်ခဲ့သည်။

### ဆုံးဖြတ်ချက် (၁)

သာသနာတော်နှစ် ၁၅၃၉၊ ကောဇာသက္ကရာဇ် ၂၃၅၇ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်၊ ခရစ်နှစ် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၌ ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကြီးသို့ တင်သွင်းသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ပြင်ဆင်ချက်စည်းမျဉ်း(မူကြမ်း)ကို အတည်ပြုကြောင်း ဤအစည်းအဝေးကြီးက ဆုံးဖြတ် တော်မူကြသည်။

### ဆုံးဖြတ်ချက် (၂)

သာသနာတော် ၂၅၃၉ ၊ ကောဇာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက်၊ ခရစ်နှစ် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် ကြာသပတေးနေ့၌ ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီး၌ တင်သွင်းသော တိပိဋကဓရ ရွေးချယ်ရေးစာ မေးပွဲ သဘောရေးဖြေပွဲတွင် ၂၅ မှတ်အောက်ရသော ပုဂ္ဂိုလ်များအား စာမေးပွဲ နှစ်နှစ် ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်အစား တစ်နှစ်ရပ်ဆိုင်းရန် ဤအစည်းအဝေးကြီးက ပြင်ဆင်ဆုံးဖြတ်တော်မူကြသည်။

### ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၄–၁–၉၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁/၉၆) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း ခံရသော ဆရာတော်၊ သံဃာတော်များ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ် တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော် ချီးမြှင့်ပွဲ အခမ်းအနားကို ၁၃၅၇ ခုနှစ်၊ တပေါင်းလပြည့် (၁၉၉၆ ခုနှစ်၊ မတ်လ ၂ ရက်)နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ မဟာ ပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဆင်ယင်ကျင်းပသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ၊တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့်ဇနီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ် ကြီး ခင်ညွန့်နှင့် ဇနီး ၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ် ကြီး တင်ဦးနှင့်ဇနီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း နှင့်ဇနီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့



ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါးအား
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ
ဗိုလ်ချုပ်ကြီးမောင်အေးက ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်

အဖွဲ့ဝင်များနှင့် ၄င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၄င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ တရားရုံးချုပ် တရား သူကြီးများ၊ ကာကွယ် ရေးဝန် ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဘာသာ ရေးအသင်းအဖွဲ့ များမှ ပုဂ္ဂိုလ်များမှ ဘွဲ့တံဆိပ် တော်ရ ဆရာတော်များ၏ တပည့်ဒါယကာ ဒါယိကာမများ၊ ဖိတ်ကြားထားသည့် စေတနာရှင်ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

## ဗုဒ္ဓဘာသာဆိုင်ရာ စာမူများစိစစ်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း (၄၄၄) မူအနက် စာမူ ပေါင်း (၂၃၃) မူကို ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူကိုးမူကို ထုတ်ဝေခွင့်မပြုဘဲ စာမူ ၃၄ မူကို ပြင်ဆင် စေ၍ လည်းကောင်း၊ စာမူ ၁၁၁ မူကို ဖြုတ်ပယ်စေ၍ လည်းကောင်း၊ စာမူ ၅၅ မူကို ပြင်ဆင်ဖြုတ်ပယ် စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူနှစ်မူကို ပြင်ဆင်ရေးသား၍ ပြန်လည်တင်ပြစေရန် ညွှန်ကြား ခဲ့သည်။

## စာမေးပွဲများကျင်းပခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော (၄၈) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၅၇ ခုနှစ် ပြာသိုလဆန်း (၁၁) ရက် ၃၁–၁၂–၉၆ နေ့မှ ၁၃၅၇ ခု၊ တပို့တွဲလဆန်း (၁၃) ရက် (၁–၂–၉၆) နေ့အထိ (၃၃) ရက်တိုင်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာ ပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးသို့ အာဂုံပြန်သံဃာတော် ၇၄ ပါး ရေးဖြေ ၉၄ ပါး ဝင်ရောက်ပြန်ဆိုဖြေဆိုခဲ့ရာ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ ရေးဖြေအောင် ဒီဃနိကာယ ကောဝိဒ တစ်ပါး၊ ဝိနယပါဠိက ဝိနည်း ဒုတိယပိုင်း သုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒ လေးပါး၊ အဘိဓမ္မာပိဋက

အဘိဓမ္မာပထမပိုင်း ငါးကျမ်း ရေးဖြေအောင် တစ်ပါး၊ ဝိနယပိဋကဝိနည်း ပထမပိုင်း နှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်းကိုးပါး၊ အဘိဓမ္မာပိဋက၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်း အာဂုံအောင် တစ်ပါး၊ သုတ္တန္တပိဋကဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်ဒီဃဘာဏက တစ်ပါး၊ ဝိနယပိဋက ဝိနည်း ဒုတိယပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ ငါးပါး၊ ဝိနယပိဋကဝိနည်း ပထမပိုင်း နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၁၉ ပါး၊ စုစုပေါင်း ၄၁ ပါး အောင်မြင်တော်မူကြသည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ နှစ်စဉ် ကျင်းပမြဲဖြစ်သော ၁၉၉၆ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကြီးကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာဖြေ ဌာန ၂၈ ဌာနတို့၌ ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသည့် သံဃာတော် (၆၀၃) ပါးအနက် သုံးကျမ်းအောင် သာသနဓဇဓမ္မာစရိယ ၁၅၉ ပါး၊ နှစ်ကျမ်းအောင် ၂၂၁ ပါး၊ တစ်ကျမ်းအောင် ၂၈၇ ပါးနှင့် မြန်မာဂုဏ်ထူး သုံးပါး၊ ပါဠိဂုဏ်ထူး သုံးပါး အောင်မြင်တော်မူကြသည်။

၁၉၉၆ ခုနှစ် ပထမပြန်စာမေးပွဲများကို စာဖြေဌာန (၂၀၇) ဌာန၌ ကျင်းပခဲ့ရာ ပထမကြီးတန်း၌ ဝင်ရောက်ဖြေဆိုသူ ၇၉၄၈ ပါးအနက် ၉၇၀ ပါးအောင်မြင်သည်။ ပထမလတ်တန်းတွင် ၁၀၂၈၄ ပါး ဝင်ရောက်ဖြေဆို၍ ၁၈၃၁ ပါး အောင်မြင်သည်။ ပထမငယ်တန်းတွင် ၁၁၈၆၁ ပါး ဝင်ရောက်ဖြေဆို၍ ၃၉၃၇ ပါး အောင်မြင်သည်။

၁၉၉၆ ခုနှစ် ပဉ္စမအကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကို နိုင်ငံတော်တစ်ဝန်းလုံးရှိ စာဖြေဌာနပေါင်း ၅၈ ဌာန၌ ကျင်းပခဲ့ရာ အုပ်စု (၁) ခုဒ္ဒကနိကာယ် (ဝိနယပိဋက ဝိနည်း) ငါးကျမ်း ဝင်ရောက်ဖြေဆိုသူ ၇၇၄၆ ဦးအနက် ၁၂၀၆ ဦးအောင်မြင်သည်။ အုပ်စု (၂) ဒီဃနိကာယ (သုတ္တန္တပိဋက) သုတ်သုံးကျမ်း ဝင်ရောက် ဖြေဆိုသူ ၃၁၀ ဦးရှိ၍ (၇၇) ဦး အောင်မြင်သည်။ အုပ်စု (၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုတ်သုံးကျမ်း အောင်မြင်သူတစ်ပါး၊ အုပ်စု (၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုတ်သုံးကျမ်း ဖြေဆိုသူ ၃၀ ဦးရှိ၍ ကိုးဦး အောင်မြင်သည်။ အုပ်စု (၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက)သုတ်သုံးကျမ်း ဖြေဆိုသူ

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သူမြတ်တစ်ပါးအား
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က
ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်



၂၂၆ ဦးရှိ၍ ၇၅ ဦးအောင်မြင်သည်။ အုပ်စု (ဂ) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) ပထမပိုင်း အောင်မြင်သူ တစ်ဦးဖြစ်၍ စုစုပေါင်း ၁၃၆၉ ပါး အောင်မြင်သည်။

သီလရှင်နှင့် လူပုဂ္ဂိုလ်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ပြည်နယ် / တိုင်း အသီးသီးရှိ စာဖြေဌာနပေါင်း ၄၆ ဌာန၌ ကျင်းပခဲ့ရာ အဘိဓမ္မာရိုးရိုး၌ ဝင်ရောက်ဖြေဆိုသူ ၆၇၈၈ ဖြစ်၍ ၃၄ ဦး အောင်မြင် သည်။ အဘိဓမ္မာဂုဏ်ထူးဆောင်တန်း၌ ၁၀၁၅ ဦး ဝင်ရောက်ဖြေဆို၍ ၈၅၇ ဦး အောင်မြင်သည်။ ဝိသုဒ္ဓိမဂ် စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၃၄၆ ဦးဖြစ်၍ ၂၄၁ ဦး အောင်မြင်သည်။

### ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ( ပြင်ဆင် ဖြည့်စွက်ချက်)နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော် အယူခံဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း များကို စစ်ဆေးဆုံးဖြတ်စေခဲ့ရာ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့တို့က နိုင်ငံတော် အယူခံဝင် ဝိနည်းဓမ္မကံမှုခင်း (၃၅) မှုကိုစစ်ဆေးဆုံးဖြတ်ခဲ့ပြီး နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ ဖြင့်ဖွဲ့စည်းစစ်ဆေး ဆုံးဖြတ်မှု (၄) မှုတို့ကို ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့များ ရွေးချယ်လွှာထားမှု (၁၀) မှု၊ အယူခံပြီးဖြစ်သည့် မှုခင်းများကို ပြီးငြိမ်းပြီးမှုခင်းအဖြစ် အတည်ပြုမှု (၂၁) မှု၊စတုတ္ထအကြိမ် (၄၇) ပါးစုံညီ ပဌမ၊ ဆဋ္ဌမ၊ သတ္တမ အစည်းအဝေးများသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူသော မှုခင်း (၂၄) မှု၊ အထွေထွေဝိနိစ္ဆယမှုခင်း (၁၁၂) မှုတို့ကိုလည်း ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ၊ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)နှင့်အညီ စိစစ် ဆောင်ရွက်ခဲ့သည်။


ဦးထွန်းနိုင်

**သီရိလင်္ကာနိုင်ငံ ။** ။ ၁၉၉၄ ခုနှစ်အထွေထွေရွေး ကောက်ပွဲတွင်မဲဆန္ဒအများရရှိကာ အနိုင်ရခဲ့သော မစ္စစ် ကုမာရတွန်းဂါးသည် ဝန်ကြီးချုပ်တာဝန်ကို ရယူ သည်။ မစ္စစ်ကုမာရတွန်းဂါးသည် ကွယ်လွန်သူ ဖခင်ဝန်ကြီးချုပ် ဆော်လမွန်ဘန္ဒရာနိုက်ကေး ကဲ့သို့ ထက်မြက်သူ ဖြစ်နိုင် မဖြစ်နိုင်၊ မိခင်ဝန်ကြီးချုပ် သီရိမာဗိုဘန္ဒရာနိုက်ကေး ကဲ့သို့ စွမ်းဆောင်နိုင် မနိုင် အများပြည်သူတို့က စောင့်ကြည့် နေစဉ်မစ္စစ်တွန်းဂါး သည် ဗြိတိသျှပါလီမန် အုပ်ချုပ်ရေး စနစ်မှ အမေရိကန် ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကာ သမ္မတတာဝန်ကို ယူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅ – စာ၊ ၃၃၅ – ရှု။)

၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် သီရိလင်္ကာအစိုးရတပ်သား ၃၅,၀၀၀ သည် နိုင်ငံ၏ မြောက်ပိုင်း တမီးလ်သူပုန်နယ်မြေသို့ ချီတက်ကာ ဂျက်ဖနာမြို့မှ ငါးမိုင်ကွာ နေရာတွင် တပ်စွဲမိကြသည်။

စစ်မျက်နှာပြင်မှ အရပ်သားငါးသိန်းသည် စစ်ဘေးလွတ်ရာသို့ ရှောင်ခွာထွက်ပြေးလာကြသည်။ ယင်းအခြေ

သီရိလင်္ကာအစိုးရတပ်ဖွဲ့များ ဂျက်ဖနာမြို့တွင် ကင်းလှည့်နေစဉ်



အနေတွင်အစိုးရဘက်မှစစ်သား ၁၂၇ ဦးကျဆုံး၍ ၃၁၀ ဒဏ်ရာ ရသည်။ တမီးလ်သူပုန်တပ်သား ၅၀၀ ကျဆုံး၍ ၁,၅၀၀ ဒဏ်ရာရရှိသည်ဟုစစ်ဘက်က ကြေညာသည်။ ဂျက်ဖနာ မြို့၏ အရန်မြို့ငယ်များ၊ စခန်းများကို တိုက်ခိုက်ပြီး အစိုးရတပ် သည်၁၉၉၆ခုနှစ်၊ ဇန်နဝါရီလတွင် ဂျက်ဖနာ မြို့ကိုသိမ်းသည်။ ၁၉၉၆ ခုနှစ်၊ မေလကျမှ ရှင်းလင်း ပြီးစီးသည်။

ဇန်နဝါရီလမှာပင် သမ္မတကုမာရတွန်းဂါးက ကိုယ်တိုင်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို တမီးလ်သူပုန် များသို့ တင်ပြသည်။ ပြည်နယ်အုပ်ချုပ်ရေးအစိုးရသည် မိမိပြည်နယ်၏ ရဲအဖွဲ့ကိုစီမံနိုင် သည်သာမက အခွန် ကောက်ခံခြင်း၊ နိုင်ငံခြားအကူအညီတောင်းခံကာ စီမံသုံးစွဲခြင်းတို့ကို ဆောင်ရွက် နိုင်ခွင့်ရှိသည်ဟု ဆိုသည်။ ကုမာရတွန်းဂါး၏ တင်ပြချက်ကို တမီးလ်သူပုန်တို့က လက်မခံပေ။

**ကားဗုံးပေါက်ကွဲမှု** – သီရိလင်္ကာနိုင်ငံ၏မြို့တော် ကိုလံဘိုတွင် ဒတ်ချ်အစိုးရက တည်ထားခဲ့သောခံတပ် အဆောက်အဦး တစ်ခုရှိသည်။ ထိုခံတပ်ကိုကပ်လျက် ဟိုတယ်များ၊ တည်းခိုခန်းများ၊ ကုန်တိုက်ကြီးများ တည်ဆောက်ထားကြရာ ကိုလံဘိုမြို့လယ်၌ စည်ကားသော နေရာဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်နေ့နံနက်ခင်းတွင် သုံးဘီးကားတစ်စီး သည် ထိုခံတပ်ဈေးသို့ဝင်လာသည်။ သုံးဘီးကားသည်ဂျာနာဒီပသီမာဝါယာလမ်းသို့ ရောက်လျှင် သုံးဘီးကားပေါ်မှ လူများဆင်းလိုက်သည်နှင့်တပြိုင်နက် ဗုံးပေါက်ကွဲ သံကြီးပေါ်ထွက်လာပြီးနောက် အနီးအနားရှိ အဆောက် အဦးများ၏အောက်ထပ်များပျက်စီးသွားသည်။ ယင်းကား ဗုံးပေါက်ကွဲမှုကြောင့် လူ ၈၀ ကျော်သေဆုံး၍ ၁,၅၀၀ ခန့် ဒဏ်ရာ ရရှိသည်။

**တိုက်ပွဲများ** – တမီးလ်လူဦးရေတိုးပွားလာပြီး လူဦးရေ နှစ်သန်းအထိ ဖြစ်လာရာ နိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်း ဖြစ်သည်။ ထိုနှစ်သန်းသောတမီးလ်တို့အတွက် သီးခြား ပြည်နယ်ပေးရန် ၁၉၈၃ ခုနှစ်က တောင်းဆိုခဲ့ရာ လက်နက်ကိုင်တိုက်ပွဲ များကြောင့် ပြည်သူငါးသောင်း ထက်မနည်းသေဆုံးခဲ့ကြပြီးဖြစ်သည်။ တမီးလ်သူပုန် အဖွဲ့ကို တမီးလ်အီလမ်နိုင်ငံ၏ လွတ်မြောက်ရေးတိုက်ပွဲ ကျား အဖွဲ့ဟု ခေါ်သည်။ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီနှင့် သီရိလင်္ကာနိုင်ငံ သမ္မတပရီမာဒါဆာတို့ လုပ်ကြံသတ်ဖြတ်ခြင်း ခံရမှုတွင် တမီးလ်အီလမ် ကျားသူပုန်တို့လက်ချက်မကင်း ဟုဆိုသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄ – စာ၊ ၃၀၇၊ ၃၀၉–ရှု။) ကျားသူပုန်တို့သည် အစိုးရတပ်ဖွဲ့ ကိုဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် တောတွင်းအစိုးရ တပ်စခန်း တစ်ခုကို သူပုန်တို့က ထိုးစစ်ဆင်တိုက်ခိုက်ရာ တိုက်ပွဲမှာ နာရီ ၄၀ ကြာခဲ့သည်။ အစိုးရတပ်သား ၄၀၀ ကျဆုံး၍ ၂၀၀ ထိခိုက်ဒဏ်ရာရသည်။

သမ္မတကုမာရတွန်းဂါးသည် ဂျက်ဖနာမြို့ကိုသိမ်းပြီး နောက် ခြောက်လခန့်အကြာတွင် အနက်ရောင်တမီးလ်နယ် မြေကို အဖြူရောင်တမီးလ်နယ်မြေသို့ပြောင်းစေရန် လုပ်ဆောင်သည့် အနေဖြင့် အဆိုပါနယ်သူ နယ်သား တို့အားအကူအညီ ပေးသော်လည်း အစိုးရစစ်သားအချို့၏ ရက်စက်မှုကြောင့် ထိုလုပ်ဆောင်ချက်များမှာ အားနည်း ခဲ့ရသည်။ ထိုအတောအတွင်း အမေရိကန်က သီရိလင်္ကာ အစိုးရအား စစ်လက်နက်ပစ္စည်းအကူအညီ ပေးမည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။အစိုးရကလည်း လက်နက်ချ အလင်းဝင်လာသူများအားပြစ်ဒဏ်မှလွတ်ငြိမ်းချမ်း သာခွင့် ပေးမည်ဟု သြဂုတ်လ ၂၃ ရက်နေ့တွင် ကြေညာသည်။ ဤသို့ရှိနေစဉ် တမီးလ်အီလမ် လွတ်မြောက်ရေး ကျား ခေါင်းဆောင်နှင့် အကြီးအကဲအပါအဝင် အဖွဲ့ဝင်ကိုးဦး တို့အားအကြမ်းဖက်မှုတိုက်ဖျက်ရေးအက်ဥပဒေအရ နိုင်ငံတော်အစိုးရက စွဲချက်တင်ထားသည်ဟု အောက်တိုဘာလ ၁၅ ရက် နေ့ကသတင်းများထွက်ပေါ်လာခဲ့သည်။

ဒီဇင်ဘာလတွင်လည်း အစိုးရတပ်ဖွဲ့နှင့် တမီးလ် ပြောက်ကျားများအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွား ခဲ့သည်။ ဒီဇင်ဘာ ၁၁ ရက်နေ့က တမီးလ်ပြောက်ကျားများ ကသိမ်းထားသောစခန်းတစ်ခုကို အစိုးရတပ်ဖွဲ့များက ရှင်းလင်းရန်ကြိုးပမ်းခဲ့သည်။ တစ်ချိန်တည်းမှာပင် တမီးလ်ပြောက်ကျားတို့၏ လက်ချက်ကြောင့် ရေနံ လှောင်ကန်နှစ်ခု ပေါက်ကွဲပျက်စီးရာ ဂျက်ဖနာဘက်သို့ ရေနံများ မပို့ရန်အစိုးရကအမိန့်ထုတ် ခဲ့ရသည်။ တမီးလ် ပြောက်ကျားတို့တွင်လေယာဉ်များ ၊ ဒုံးကျည်များရှိနေ သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ဦးဘသောင်း

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့။** ။

(၄၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် (၄၈/၉၇) အရ ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ် ဒီဇင်ဘာလ (၃) ရက်နေ့အား အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ( International Day of Disabled Persons ) အဖြစ် ကျင်းပရန် သတ်မှတ်ခဲ့သည်။

လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့မသန်စွမ်းသူများ ပိုမိုပါဝင်လာခြင်းဖြင့် အကျိုးကျေးဇူးရှိနိုင်ပုံကို သတိပြုမိလာကြစေရန် ဦးတည်လျက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ကျင်းပကြရာတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံအလိုက် မသန်စွမ်းသူများနှင့် ပတ်သက်သောအမျိုးသားဆောင်ပုဒ်များသတ်မှတ်ခြင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ ဒီဇင်ဘာလ (၃) ရက်နေ့တွင် အစိုးရ၏ ဆောင်ရွက်ချက်များကို သတင်းထုတ်ပြန်ခြင်း၊ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခြင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သော စံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ကျင်းပသွားကြရန် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများဆိုင်ရာ အစိုးရ အဖွဲ့အစည်းဖြစ်သည့် လူမှုဝန်ထမ်း ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး မသန်မစွမ်းသူများဆိုင်ရာ အထိမ်းအမှတ် လှုပ်ရှားမှု များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ကျင်းပ ဆောင်ရွက် နိုင်ခဲ့သည်။

အမျိုးသားဆောင်ပုဒ်များ သတ်မှတ်ရာတွင် ၁၉၉၄ ခုနှစ်၌ "မသန်စွမ်းသူဖေးမထူ၊ ပြည်သူတိုင်းကကူညီကြ" ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်၌ "မသန်စွမ်းသူ၊ ဒို့ဝိုင်းကူ" ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်၌ "မသန်စွမ်းသူ ဒို့ဝိုင်းကူ၊ ညီတူခွင့်ရေးဖြည့်ဆည်းပေး" ကိုလည်းကောင်း သတ်မှတ်ခဲ့သည်။

မသန်စွမ်းသူများဆိုင်ရာ အထိမ်း အမှတ်လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအတွက် ပန်းချီပြိုင်ပွဲ၊ စက်ချုပ်ပြိုင်ပွဲ၊ ကြိမ်ထိုးပြိုင်ပွဲများ၊ မျက်မမြင်ဘောလုံးပွဲများ ဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် အခမ်းအနားကျင်းပပြုလုပ်၍ စွမ်းဆောင်ရည်ပြိုင်ပွဲများ၌ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းများတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

စွမ်းဆောင်ရည်ပြိုင်ပွဲများဖြစ်သည့် ပန်းချီ၊စက်ချုပ်၊ ကြိမ်ထိုးပြိုင်ပွဲများကို မသန်မစွမ်းမှု အမျိုးအစားအလိုက်နှင့် အသက်အရွယ်အလိုက် အတန်းများခွဲ၍ ကျင်းပခဲ့ပြီး မျက်မမြင်ဘောလုံးပွဲကို ၁၉၉၄ ခုနှစ်၌ ရန်ကုန်မြို့တွင်သာ ကျင်းပနိုင်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်၌ ရန်ကုန်မြို့နှင့် မန္တလေးမြို့၊ ၁၉၉၆ ခုနှစ်၌ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ များအထိ တိုးချဲ့ကျင်းပနိုင်ခဲ့သည်။

မျက်မမြင်ဘောလုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများမှာ လုံးဝမမြင်ရသူက အများစုဖြစ်ပြီး တစ်စိတ်တစ်ပိုင်းမြင်ရသူမှာ အနည်းငယ်သာပါဝင်သည်။ အသင်းတစ်သင်းလျှင် တစ်ဖက် (၁၁) ဦးစီဖြင့် ယှဉ်ပြိုင်ကစားကြပြီး ဘောလုံးတွင် ခြူထည့်၍ ခြူသံကိုနားထောင်က ဘောလုံးဂိုးတိုင်နား ရောက်လျှင် ဂိုးသမားသိရှိစေရန် အချက်ပေးခေါင်းလောင်းထိုးက ယှဉ်ပြိုင်ကစားကြခြင်း ဖြစ်သည်။

မသန်စွမ်းသူဟူရာ၌ ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုသို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု အမြဲတမ်းဖြစ်နေသူများဖြစ်ကြပြီး–

(က) ကိုယ်အင်္ဂါမသန်စွမ်းသူများ

(ခ) မျက်မမြင်များ


(ဂ) စကားပြောဆက်သွယ်မှုနားမကြားသူများ

(ဃ) စကားပြောဆက်သွယ်မှုမသန်စွမ်းသူများ

(င) ဉာဏ်ရည်မမီသူများ

(စ) နာတာရှည်ရောဂါသည်များ စသည့် အမျိုးအစားများ ပါဝင်ကြသည်။

ဤသို့သော မသန်စွမ်းသူများကို စောင့်ရှောက်၊ ပြန်လည်ထူထောင်ပေးလျက်ရှိသော အစိုးရ အဖွဲ့အစည်းဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရ



အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မျက်မမြင်ဘောလုံးပွဲ

ပန်းချီရေးဆွဲနေကြသော မသန်စွမ်းသူကလေးများ



မဟုတ်သော မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်း များမှ ကျောင်းများ၊ ဌာနများ၊ အသင်းများသည် စွမ်းဆောင်ရည်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ မသန်စွမ်းသူများက အဆိုပါပြိုင်ပွဲများ၌ တက်ကြွစွာပါဝင်ယှဉ်ပြိုင်ကြခြင်း၊ အခမ်းအနားများကျင်းပခြင်း စသည့် လှုပ်ရှားမှုများကို ကျင်းပဆောင်ရွက်ပြုလုပ်ခြင်းဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စွမ်းဆောင်ရည်များအပေါ် ပြည်သူများက အထူးဂရုပြု အာရုံစိုက် လာမည့် အခွင့်အလမ်းများ ရှိစေခဲ့သည်။

**အမေရိကန်ပြည်ထောင်စု။** ။ ၁၉၉၂ ခု၊ နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲတွင် သမ္မတဂျော့ဘုရှ် (ရီပတ်ဘလီကန်) သည် ဒုတိယ လေးနှစ်သက်တမ်းအတွက် ဒီမိုကရက်တစ်ပါတီမှ အာကင်ဆတ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဝီလျမ် ဂျေကလင်တန်နှင့် လည်းကောင်း၊ တစ်သီးပုဂ္ဂလ အရွေးခံသူ ရော့စ်ပီရော့တ်နှင့် လည်းကောင်း ယှဉ်ပြိုင်အရွေးခံခဲ့ရာ၊ ကလင်တန်အနိုင်ရရှိ၍ အမေရိကန်ပြည်ထောင်စု၏ ၄၂ ဦးမြောက် သမ္မတ ဖြစ် လာခဲ့သည်။ သမ္မတအဖြစ် ရွေးကောက်ခြင်းခံရသည့် အချိန်၌ ကလင်တန်သည် အသက် ၄၆ နှစ်မျှသာ ရှိသေးရာ သမ္မတရာထူးအတွက် အရွေးခံရသည့် အသက်အငယ်ဆုံး ပုဂ္ဂိုလ်များထဲတွင် တတိယမြောက် ဖြစ်သည်။ ကလင်တန်နှင့်အတူ ဆီးနိတ်လွှတ်တော်အမတ် အယ်လ်ဂိုး (ဒီမိုကရက်) က ဒုတိယ သမ္မတအဖြစ် အရွေး ခံခဲ့ရသည်။

၁၉၉၂ ခု ၊ နိုဝင်ဘာ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မှတ်သားဖွယ်အချက်တစ်ချက်မှာ အမေရိကန်အမျိုးသားသန်း ၁၀၀ ကျော်တို့ ဆန္ဒမဲပေးခဲ့ကြရာ အမေရိကန်ရွေးကောက်ပွဲ သမိုင်းတွင် မဲဆန္ဒရှင်အရေအတွက် အများဆုံးမဲပေးခဲ့ကြခြင်းပင်ဖြစ်သည်။ ဆန္ဒမဲပေးနိုင်ခွင့်ရှိသူ ၅၅ ရာခိုင်နှုန်း မဲပေးခဲ့ကြသည်။ (နစ်ဆင်နှင့် မက်ဂါဗန်တို့ ယှဉ်ပြိုင်ခဲ့ကြသည့် ၁၉၇၂ ရွေးကောက်ပွဲ၏ ရာခိုင်နှုန်း ၅၅ ဒသမ ၄ ကိုမှု မမီခဲ့ပေ။) ရာခိုင်နှုန်းအရဆိုလျှင် ကလင်တန်က ဆန္ဒမဲအားလုံး၏ ၄၃ ရာခိုင်နှုန်း



ရရှိခဲ့ပြီး သမ္မတဂျော့ဘုရှ်က ၃၈ ရာခိုင်နှုန်းနှင့် တစ်သီးပုဂ္ဂလ ပီရော့တ်က ၁၉ ရာခိုင်နှုန်း ရရှိခဲ့ကြသည်။ ကလင်တန်သည် မဲအရေအတွက် ၄၄၉၀၉၈၈၉ ရရှိခဲ့ရာ ရေဂင်ပထမဆုံးအကြိမ် သမ္မတဖြစ်သည့် ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရေဂင်ရရှိခဲ့သည့် မဲအရေအတွက် (၄၃၈၉၉၂၄၈ ) ထက်ပိုများပေသည်။

ဤရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလ လုပ်ငန်းရှင်ကြီး ရော့စ်ပီရော့တ်နှင့် ပတ်သက်၍လည်း စိတ်ဝင်စားဖွယ်ကောင်းပေသည်။ မည်သည့်နိုင်ငံရေးပါတီ၏ ကျောထောက် နောက်ခံမှု မျှမရှိဘဲ သမ္မတဖြစ်ရန် အားထုတ်ခဲ့သူ ပီရော့တ်သည် မဲဆွယ်လှုပ်ရှားမှုအတွက် ဒေါ်လာသန်း ၆၀ အကုန်အကျခံခဲ့သည်။ သူ၏အမည်ကို ပြည်နယ် ၅၀ လုံး၌ တင်ခဲ့သည်။ သူသည် ၁၉၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ တိုးတက်ရေးပါတီတံဆိပ်ဖြင့် ပါဝင်ယှဉ်ပြိုင်ပြီး ဆန္ဒမဲ ၂၇ ရာခိုင်နှုန်းမျှရရှိခဲ့သူ သီယိုဒိုရုစ်ဘဲ့နောက်တွင် ပြည်သူအားပေးထောက်ခံမှု အများဆုံးရရှိ၍ အောင်မြင်မှုနှင့် အနီးစပ်ဆုံး တတိယပြိုင်ဘက် ဖြစ်ခဲ့သည်။

ကလင်တန် သမ္မတအဖြစ်တက်လာခဲ့ခြင်းသည် ရော်နယ်ရေဂင်သမ္မတအဖြစ် အရွေးခံခဲ့ရသည့် ၁၉၈၀ ပြည့်နှစ်မှစ၍ ရီပတ်ဘလီကန်တို့၏ ၁၂ နှစ်ကြာ ကြီးစိုးမှုကို ချုပ်ငြိမ်းစေခဲ့သည်။ ကလင်တန်က "ပြောင်းလဲရေး"ကို မူဝါဒအဖြစ် ကြွေးကြော်ကာ အမေရိကန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ကျဆင်းဆုံးရှုံးမှု၊ လုပ်ခများတန့်နေမှု၊ မညီမျှမှုများ တိုးပွားနေမှုနှင့် ပြည်သူများအကြား နက်ရှိုင်းစွာ စိတ်ဝမ်းကွဲပြားနေမှုများကို ထောက်ပြပြီးလျှင် ပြည်သူများ၏ လက်ငင်းနှင့် အနာဂတ်ရေးတို့အတွက် ပိုမိုရင်းနှီးမြှုပ်နှံပြီး အမေရိကန်နိုင်ငံ၏ကြီးမားသော ကြွေးမြီကို ဖြတ်တောက်ပစ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကလင်တန်သည် စောစောပိုင်း၌ ဇနီးအပေါ်သစ္စာပျက်ယွင်းမှုနှင့် ဗိုက်ဝါးတားခြံမြေအခြေပစ္စည်းမှု စသည့် စာရိတ္တပိုင်းဆိုင်ရာ စွပ်စွဲပြောဆိုမှုများကို ကြုံရသော်လည်း ၎င်းတို့မှ ကင်းလွတ်ထွက်မြောက် ခဲ့ရသည်။ ကလင်တန်သည် မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူ စာချုပ် (နက်ဖ်တာ) နှင့် ကမ္ဘာ့အကောက်ခွန်နှင့်

ကုန်သွယ်မှုစာချုပ် (ဂတ်) တို့ကို အတည်ပြုချက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ကလင်တန်သည် ၁၉၉၆ ခုနှစ်၊နိုဝင်ဘာ ၅ ရက်နေ့ သမ္မတ ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိ၍ သမ္မတရာထူး ဒုတိယ လေးနှစ် သက် တမ်းကို ဆက် လက် ဆောင်ရွက် လျက် ရှိပေသည်။

**ကွန်ဂရက်လွှတ်တော်** – ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလတွင် ရီပတ်ဘလီကန် ပါတီဝင် ဂျော့ဘုရှ် သမ္မတဖြစ်လာသည့် အချိန်၌ ကွန်ဂရက်လွှတ်တော်တစ်ခုလုံးကို ဒီမိုကရက်တစ် ပါတီက လွှမ်းမိုးထားခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ် ပါတီဝင် ကလင်တန်အနိုင်ရ၍ သမ္မတ ဖြစ်လာသည့် အခါ ၌လည်း ကွန်ဂရက်လွှတ်တော်၌ ဒီမိုကရက်တို့ကပင် အမတ်အများစု ဖြစ်ခြင်းကို ဆက်လက် ထိန်းသိမ်း ထားခဲ့သေးသည်။ သို့သော်လည်း ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန် ပါတီက ကွန်ဂရက်လွှတ်တော်၏ ဆီးနိတ် (အထက်) လွှတ်တော်အဖွဲ့နှင့် အောက်လွှတ်တော်အဖွဲ့ နှစ်ရပ်လုံးကို ပြန်လည်ထိန်းချုပ် လိုက်ကြသည်။

အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် အမတ် ၁၀၀ ဦး ပါဝင်သော ဆီးနိတ် (အထက်) လွှတ်တော်အဖွဲ့ နှင့် အမတ် ၄၃၅ ဦးပါဝင်သော အောက်လွှတ်တော်အဖွဲ့တို့ ပါဝင်သည်။ ဆီးနိတ်လွှတ်တော် အမတ်များသည် ခြောက်နှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက် ခြင်းခံကြရသည်။ သို့သော် ၎င်းတို့ အနက် သုံးပုံတစ်ပုံမှာ ၂ နှစ်လျှင်တစ်ကြိမ် ရာထူးစွန့်လွှတ် ကြရပေရာ လစ်လပ်သော နေရာများအတွက် ရွေးကောက်ပွဲများ ကျင်းပရသည်။ အောက်လွှတ်တော် အမတ်များမှာ ၂ နှစ်သက်တမ်းရှိကြ၍ ၂ နှစ်စေ့သည့်အခါတိုင်း အသစ် ရွေးကောက်တင်မြှောက်ကြရသည်။ အမေရိကန်နိုင်ငံ၏ သမိုင်းတွင် ပထမ ၁၆၅ နှစ်အတွင်း၌ ၁၄ နှစ်တာကာလမှ တစ်ပါး အခြားအချိန်ကာလတစ်လျှောက်လုံး၌ နိုင်ငံရေး ပါတီတစ်ခု သို့မဟုတ် အခြားတစ်ခုက ကွန်ဂရက် လွှတ်တော်နှင့် သမ္မတရာထူး နှစ်ခုစလုံးကို တစ်ပြိုင်တည်း ဆုပ်ကိုင်ထားခဲ့ကြသည်။ သို့သော်လည်း လွန်ခဲ့သည့် ၃၅ နှစ်တွင် မဲဆန္ဒရှင်တို့၏ အတွေးအခေါ်များ ပြောင်းလဲ လာခဲ့ရာ ၁၂ နှစ်ကြာ ကာလတစ်ခုမှတစ်ပါး အခြားကာလ တစ်ခုလုံး၌ ဒီမိုကရက်နှင့် ရီပတ်ဘလီကန်တို့ အကြားတွင် ခွဲခြမ်းပိုင်းခြားသော အစိုးရစနစ်မျိုး ဖြစ်ပေါ်လာခဲ့ပေသည်။

**အမေရိကန် ပြည်ထောင်စု၏နိုင်ငံခြားဆက်ဆံရေးများ** – ယေဘုယျအားဖြင့်ဆိုရလျှင် ချုံကလီးယား အင်အားရှိ ကမ္ဘာ့ထိပ်တန်းလက်နက် နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်သော အမေရိကန်ပြည်ထောင်စုသည် အခြား တန်းတူရည်တူ ထိပ်တန်းနိုင်ငံဖြစ်သော ဆိုဗီယက် ပြည်ထောင်စုနှင့် ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် အချိန်မှစ၍ စစ်အေးတိုက်ပွဲ ဆင်နွှဲနေခဲ့ရပေရာ နှစ်နိုင်ငံ ဆက်ဆံရေးများမှာ တင်းမာလျက်ရှိခဲ့သည်။ ပစ် (ဂ်) ပင်လယ်အော် အကျပ် အတည်း (၁၉၆၂)၊ အီဂျစ်–အစ္စရေးစစ်ပွဲ (၁၉၇၃)၊ ဗီယက်နမ်စစ်ပွဲ (၁၉၅၆–၁၉၇၅)၊ အာဖဂနိစ္စတန် ပြည်တွင်းစစ် (၁၉၇၉) စသည့် ထိပ်တိုက်ရင်ဆိုင်မှု များကြောင့် ၃၅ နှစ်ခန့် စိုးရိမ်ဖွယ်တင်းမာနေသော နှစ်နိုင်ငံ ဆက်ဆံရေးများမှာ အမေရိကန်သမ္မတရေဂင် တာဝန် ထမ်းဆောင်စဉ် ၁၉၈၅ခုနှစ် မတ်လအတွင်း မစ်ခေးလ် ဂေါ်ဘာချော့သည် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူးချုပ်နှင့် ဆိုဗီယက်ပြည်ထောင်စု၏ သမ္မတ ဖြစ်လာပြီး "ဂလပ်စနော့"အမည်ဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာသည့် အချိန်တွင်မှ ပြေလျော့ကျဆင်းသွားခဲ့ရာ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အောက်ပါ ထင်ရှားသော နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲများနှင့် သဘောတူစာချုပ်များ ဖြစ်ပေါ်လာခဲ့သည်–

- အမေရိကန်သမ္မတရေဂင်နှင့် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့တို့ ၁၉၈၇ခုနှစ်၊ နိုဝင်ဘာလတွင် ဂျီနီဗာ မြို့၌ တွေ့ဆုံနှီးနှောခဲ့ကြပြီးနောက် ၁၉၈၇ခုနှစ်၊ ဒီဇင်ဘာ၈ရက်နေ့တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံကာ မိုင် ၃၀၀ မှ ၃၄၀၀ အထိ ပစ်နိုင်သော အမေရိကန် ဒုံးပျံ ၁၇၅၂ ခုနှင့် ဆိုဗီယက် ဒုံးပျံ ၈၅၉ ခု တို့ကို ဖျက်ဆီးပစ်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြ သည်။
- ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက် နေ့များအတွင်း အမေရိကန်– ဆိုဗီယက်နှစ်နိုင်ငံ

ဆိုင်ရာ သတင်းပြန်ကြားမှု ပူးပေါင်းဆောင်ရွက်ရေး စာချုပ်များကို မော်စကိုမြို့၌ ချုပ်ဆိုခဲ့ကြသည်။

၁၉၉၁ ခုနှစ်၊ဇူလိုင် ၃၁ ရက် နေ့တွင် "စတတ် – ၁"ခေါ် မဟာဗျူဟာနျူကလီးယားလက်နက်များ လျှော့ချရေးစာချုပ်ကို အမေရိကန် သမ္မတ ဂျော့ဘုရှ်နှင့် ဆိုဗီယက်သမ္မတဂေါ်ဘာချော့တို့ မော်စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

၁၉၉၁ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်နေ့တွင် ဥရောပ တိုက်ရှိ သမားရိုးကျ လက်နက်ကိုင်တပ်ဖွဲ့များ လျှော့ချရေး (စီအက်ဖ်အီး) စာချုပ်နှင့် စစ်မတိုက်ရေး နှစ်ဆယ့်နှစ်နိုင်ငံကြေညာချက်တို့ကို ပါရီမြို့၌ လက်မှတ် ရေးထိုးရာ ယင်းအခမ်းအနားသို့ သမ္မတ ဘုရှ်နှင့် သမ္မတဂေါ်ဘာချော့တို့ တက်ရောက်ခဲ့ကြသည်။ ဤဖြစ်ရပ်သည် စစ်အေးတိုက်ပွဲကို တရားဝင်အဆုံး သတ်လိုက်ခြင်း ဖြစ်သည်။

– ၁၉၉၃ခုနှစ်၊ ဇန်နဝါရီ ၃ ရက်နေ့တွင် သမ္မတဘုရှ်နှင့် ရုရှားသမ္မတယဲ့လ်ဆင်တို့က မဟာဗျူဟာ ထိုးစစ်တိုက်ခိုက်ရေးလက်နက်များ တိုးချဲ့လျှော့ချရေးနှင့် ကန့်သတ်ရေးစာချုပ်ကို မော်စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ "စတတ်–၂" ဟု ခေါ်စမှတ်ပြုကြသည့် ဤစာချုပ်က မြေပေါ်အခြေစိုက်ထားရှိသော ထိပ်ဖူးအများပါ နျူကလီးယားဒုန်းပျံခေတ်ကို ထိရောက်စွာ နိဂုံးချုပ်လိုက်သည်။

– ၁၉၉၃ခု၊ ဧပြီ ၄ ရက်နေ့တွင် အမေရိကန်သမ္မတ ကလင်တန်နှင့် ရုရှားသမ္မတယဲ့လ်ဆင်တို့ ဗင်ကူးဗားမြို့၌ ပူးတွဲကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲ၌ ရုရှားနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြောင်းလဲမှုများအတွက် အမေရိကန်က ဒေါ်လာသန်း ၁၆၀၀ အကူအညီပေးမည့် အစီအစဉ်သစ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

– တရုတ်ပြည်၏ ပြည်တွင်းစစ်၌ ကူမင်တန်အစိုးရ အရေးနိမ့်၍ ၁၉၄၉ ခုနှစ်၊စက်တင်ဘာ ၂၁ ရက်နေ့တွင် ကွန်မြူနစ်ပါတီက တရုတ်ပြည်အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံအဖြစ် ကြေညာတည်ထောင်သည့် အချိန်မှစ၍ တရုတ် – အမေရိကန် နှစ်နိုင်ငံစပ်ကြား မျက်နှာကြောတင်းနေသော အခြေအနေသည် ၂၃ နှစ်ခန့်ကြာပြီးနောက် တရုတ်ဝန်ကြီးချုပ် ချူအင် လိုင်း၏ ဖိတ်ကြားချက်အရ ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ မှ ၂၈ ရက်နေ့အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အမေရိကန်သမ္မတရစ်ချက်နစ်ဆင် သွားရောက်လည်ပတ်သည့်အခါတွင်မှ ပြေပျောက် သွားခဲ့သည်။ ၁၉၇၈ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အမေရိကန်အစိုးရက တရုတ်ပြည်သူ့ သမ္မတနိုင်ငံအား တရုတ်ပြည်၏ တစ်ခုတည်းသော အစိုးရအဖြစ် အသိအမှတ်ပြုခဲ့ပြီး ၁၉၇၉ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် နှစ်နိုင်ငံအချင်းချင်း သံတမန် ဆက်ဆံရေးများ တည်ထားခဲ့ကြသည်။

ဒုတိယအကြိမ် သမ္မတအဖြစ် ထပ်မံရွေးချယ်ခံရသည့် ဘီလ်ကလင်တန်



–အရှေ့အလယ်ပိုင်းပြဿနာများ ဖြေရှင်းရေး အတွက် ၁၉၉၃ခုနှစ်၊ ဇွန်လ ကုန်ဆုံးချိန်တွင် အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်၌ ပြုလုပ်ခဲ့သော အစ္စရေး၊ လက်ဘနွန်၊ ဂျော်ဒန်၊ ဆီးရီးယားနှင့် ပါလက်စတိုင်းတို့၏ ဆွေးနွေးစေ့စပ်မှုများတွင် အခြေခံဖြစ်နိုင်ရန် အဆိုပြုချက်များကို အမေရိကန် အစိုးရက တင်ပြခဲ့သည်။ ထို့နောက် ၁၉၉၃ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးစာချုပ်ကို အစ္စရေးနှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) တို့က ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတွင် လက်မှတ် ရေးထိုးခဲ့ကြသည်။ ဆက်လက်၍ နောက်တစ်နေ့ စက်တင်ဘာ ၁၄ ရက်နေ့တွင် အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံတို့စပ်ကြား သဘောကွဲလွဲမှုများကို ဖြေရှင်းရေးအတွက် အခြေခံချမှတ်သည့် သဘော တူညီချက်ကို ယင်းနှစ်နိုင်ငံတို့က ဝါရှင်တန်မြို့ရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်မှတ် ရေးထိုး ခဲ့ကြသည်။

**အမေရိကန်ပြည်ထောင်စု၏ လူဦးရေနှင့်စီးပွားရေး–** ရှေးနှစ်ပေါင်း ၁၅၀၀ (အေဒီ ၃၈၆ ) မတိုင်မီကပင် မြောက်အမေရိကတိုက်၏ အချို့နေရာဒေသများ (ဥပမာ နယူးမက္ကဆီကိုပြည်နယ်) တွင် အမေရိကန်အင်းဒီးယန်း လူမျိုးများ နေထိုင်လျက်ရှိခဲ့ကြ၏။ ခရစ္စတိုဖာကိုလံဘတ်က အမေရိကတိုက်များကို တွေ့ရှိသည့်အချိန် (အေဒီ ၁၄၉၂ ) တွင် ယခုအမေရိကန်ပြည်ထောင်စုဟု အမည်ရှိသည့် နေရာတွင် အမေရိကန်တိုင်းရင်းသား တစ်သန်းခန့် နေထိုင် လျက်ရှိခဲ့ကြ၏။

ထိုမှ နောက်တွင် အမေရိကန် ကိုလိုနီပြည်နယ် ၁၃ ခုတို့က လွတ်လပ်ရေးကြေညာ၍ အမေရိကန် ပြည်ထောင်စုနိုင်ငံကို တည်ထောင်သည့် ၁၇၇၆ ခုနှစ် အချိန် အထိ ဥရောပတိုက်မှ စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်နှင့် အခြားလူမျိုးပေါင်းစုံတို့ အဆက်မပြတ် အုပ်စုလိုက် ဝင်ရောက်လာခဲ့ကြသည်။ ၁၆၁၉ မှ ၁၈၀၈ ခုနှစ် များအတွင်း စပိန်လူမျိုးတို့၏ ကျွန်ကုန်ကူး သည့်လုပ်ငန်း ကြောင့် အမေရိကန်ကိုလိုနီပြည်နယ်များသို့ အာဖရိက တိုက်သား လူမည်း ၅၀၀,၀၀၀ ခန့် ကျေးကျွန်များအဖြစ် ရောက်ရှိလာခဲ့သည်။ ထိုနောက် ၁၈၈၀ မှ ၁၉၂၅ ခုနှစ် များအတွင်း၌ ဂျူးလူမျိုး နှစ်သန်းခန့် ရောက်ရှိလာခဲ့သည်။ မှတ်တမ်းတစ်ခုအရ ၁၈၉၂ မှ ၁၉၅၄ ခုနှစ်အကြား၌ နယူးယောက်မြို့ ဆိပ်ကမ်းလူဝင်မှုဝင်ပေါက်မှ လူပေါင်း သန်း ၂၀ ကျော်ဝင်ရောက်ခဲ့ကြ၏။

၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက် ဦးစွာပထမ ဥရောပအရှေ့ပိုင်း နိုင်ငံများမှ နိုင်ငံရေးဒုက္ခသည်များ ဝင်ရောက်လာခဲ့ကြရာ ဟန်ဂေရီ အမျိုးသား ထောင်ပေါင်းများစွာ ပါဝင်ခဲ့သည်။ ၁၉၅၉ ခု နှစ်တွင်မူ ကျူးဘားနိုင်ငံမှ နိုင်ငံရေးဒုက္ခသည် ၇၀၀,၀၀၀ ကို အမေရိကန်နိုင်ငံက လက်ခံခဲ့သည်။ ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စု၏ လူဦးရေမှာ ၁၉၆၀ ပြည့် နှစ်တွင် ၁၇၉, ၃၂၃, ၁၇၅ (၁၇၉ သန်းကျော်) ရှိခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် (၁၀ နှစ်အတွင်း ၂၄ သန်းခန့်တိုး၍ ) ၂၀၃, ၂၃၅ , ၂၉၈ ( ၂၀၃ သန်းကျော်) ရှိလာခဲ့သည်။ ဤ လူဦးရေ (၁၉၇၀) တွင် လူမည်း (နီးဂရိုးလူမျိုး) များ၏ ဦးရေမှာ ၂၂ သန်း ကျော် ပါဝင်သည်။

မှတ်တမ်းများအရ ၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲ ပြီးဆုံးသောအခါ အမေရိကန်နိုင်ငံက ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများမှဒုက္ခသည်ပေါင်း ၇၅၀,၀၀၀ ကို ဝင်ခွင့်ပြုသည်။ ထိုနောက် ၁၉၈၀ ပြည့်နှစ်တွင် ကျူးဘား လူမျိုး ၁၁၀, ၀၀၀ ကို ထပ်မံလက်ခံခဲ့သည်။ အမေရိကန် နိုင်ငံအတွင်းသို့ တရားဥပဒေနှင့်အညီ ဝင်ရောက်သူများ ရှိသကဲ့သို့ မတရားခိုးဝင်သူများလည်း ရှိခဲ့ရာ ၁၉၈၄ ခုနှစ်တွင် ခိုးဝင်သူနိုင်ငံခြားသား ၅၀၀,၀၀၀ ထက် မနည်းရှိခဲ့ပြီး ၁၉၈၈ ခုနှစ်သို့ အရောက်တွင် ခိုးဝင် နေထိုင်သူပေါင်း နှစ် သန်းမှ ၁၀ သန်းအထိ ရှိခဲ့သည်။

ဧရိယာအကျယ်အဝန်း စတုရန်းမိုင် ၃,၅၃၆,၃၄၁ ရှိသည့် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ လူဦးရေမှာ ၁၉၉၆ ခုနှစ်၊ ဇွန် ၁၇ ရက်နေ့ ခန့်မှန်းခြေအရ ၂၆၅,၀၈၉,၉၉၈ (၂၆၅ သန်းကျော်) ရှိ၍ ၎င်းတွင် လူဖြူ ၁၉၉ သန်းခွဲကျော် (၈၀ ဒသမ ၃ ရာခိုင်နှုန်း)၊ လူမည်း သန်း ၃၀ နီးပါး ( ၁၂ ဒသမ ၁ ရာခိုင်နှုန်း)၊ အမေရိကန် အင်းဒီးယန်းနှင့် အက်စ်ကီးမိုးလူမျိုး နှစ်သန်းနီးပါး

(သုညဒသမ ၈ ရာခိုင်နှုန်း)၊ ဟစ္စပန်းနစ်မျိုးနွယ် ၂၂ သန်းကျော် ( ၉ ရာခိုင်နှုန်း)၊ အာရှတိုက်သား ၇ သန်းကျော် (၂ ဒသမ ၉ ရာခိုင်နှုန်း) နှင့် အခြားလူမျိုးများ ၁၀ သန်းနီးပါး (၃ ဒသမ ၉ ရာခိုင်နှုန်း) ပါဝင်သည်။ နှစ်စဉ်ပျှမ်းမျှ လူဦးရေတိုးနှုန်း သုညဒသမ ၇ ရာခိုင်နှုန်းရှိသည်။

အမေရိကန်ပြည်ထောင်စုတွင် စိုက်ပျိုးနိုင်သော မြေအကျယ်အဝန်းမှာ ၂၀ ရာခိုင်နှုန်းရှိသည်။ အရပ်သား အလုပ်သမားအင်အားမှာ (၁၉၉၆၊ ဇူလိုင်လ) ၁၂၆ ဒသမ ၉ သန်းရှိသည်။ ယင်းနိုင်ငံ၏ စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) မှာ ၁၉၉၅ တွင် ဒေါ်လာ ၇၂၄၅ ဒသမ ၈ ဘီလီယံရှိပြီး လူတစ်ဦးချင်းဝင်ငွေမှာ (၁၉၉၅ ခန့်မှန်းခြေ) ဒေါ်လာ ၂၂, ၇၈၈ ရှိသည်။ လူများ၏ သက်တမ်းမှာ ၁၉၉၅ ခုနှစ်တွင် အမျိုးသား ၇၃ နှစ်နှင့် အမျိုးသမီး ၈၀ နှစ်ရှိသည်။ စာတတ်မြောက်သူဦးရေမှာ (၁၉၉၁ ခုနှစ်တွင်) ၉၆ ရာခိုင်နှုန်းရှိခဲ့သည်။

တက်ထွန်းအောင်

## အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ။ ။

ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏ အမျိုးသားအားကစား ပြိုင်ပွဲရုံ ၁ ၌ ကျင်းပသည်။ အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် မိန့်ခွန်းပြောကြားသည်။ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ရန်ကုန်မြို့တော် စည်ပင်သာယာ ရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကိုလေး ကအမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အပြည်ပြည်ဆိုင်ရာ ကာယ ဗလအဖွဲ့ချုပ် ဥက္ကဋ္ဌ Dr. Ben Weider အား State Sports Award ကို ပေးအပ်ရာ အာရှကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Paul Chua က ကိုယ်စားလက်ခံ ရယူသည်။ အတွင်းရေးမှူး(၁) က အာရှ ကာယဗလ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ International Medical Commiss'on ( IFBB ) ဥက္ကဋ္ဌ Dr. Bob Goldman နှင့် အာရှကာယဗလအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Datuk Wira Gam Boon Leong တို့အား Distinguished Sports Service Award ကို ပေးအပ်ချီးမြှင့်သည်။ အပြည်ပြည်ဆိုင် ရာကာယဗလအဖွဲ့ချုပ်က ချီးမြှင့်သည့် အထိမ်းအမှတ် ဘွဲ့တံဆိပ်အား အပြည်ပြည်ဆိုင်ရာ ကာယဗလအဖွဲ့ချုပ် ကိုယ်စား အပြည်ပြည်ဆိုင်ရာ ကာယ ဗလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အာရှကာယဗလအဖွဲ့ချုပ်အထွေထွေအတွင်း

ဒုတိယအကြိမ်အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲ
ဖွင့်ပွဲအခမ်းအနားတွင် အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး
ခင်ညွန့် မိန့်ခွန်းပြောကြားစဉ်





**ဒုတိယအကြိမ် အရှေ့တောင်အာရှကာယဗလ တံခွန်စိုက်
ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ ပထမဆုဆွတ်ခူးခဲ့သည့်
မြန်မာအသင်း**

ရေးမှူးက ပြန်လည် ပေးအပ်ရာ အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) က လက်ခံရယူသည်။ အာရှကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက အတွင်းရေးမှူး (၁) အား ကမ္ဘာ့ကာယဗလ အဖွဲ့ချုပ်မှ ချီးမြှင့်သည့် အမြင့်ဆုံးရွှေတံဆိပ် Gold Order ကို ချီးမြှင့်သည်။ အတွင်းရေးမှူး(၁) သည်အားကစားကို အထူးအားပေးသည့် ပုဂ္ဂိုလ်ကြီးများအား စိစစ်ရွေးချယ်ပေးသည့် အမြင့်ဆုံးရွှေတံဆိပ်ကို အဋ္ဌမမြောက်ချီးမြှင့်ခြင်းခံရသူ ဖြစ်သည်။ အာရှကာယဗလ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးက Distinguished Sports Service Award ကို မြို့တော်ဝန်ဦးကိုလေး၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လွန်းမောင်တို့အားလည်းကောင်း၊ Gold Plaque ကိုဦးဇော်ဝိတ်အားလည်းကောင်း၊ Gold Medal ကို မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဆွေ တို့အား လည်းကောင်း၊ Silver Medal ကို မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးသိန်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးကျော်သန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးလှမြင့်ဆွေတို့အား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ အတွင်းရေးမှူး (၁) က ကျေးဇူးတင်စကား ပြောကြားသည်။

ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြိုင်ပွဲကိုကျင်းပရာ ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ ကာယဗလ အားကစားသမားများက အတန်းခုနစ်တန်း ပါဝင်သော တစ်ဦးချင်း ကာယအလှပြိုင်ပွဲများနှင့် နိုင်ငံအလိုက် အားကစားသမားများ စုပေါင်းယှဉ်ပြိုင်သည့် အသင်းလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ဖလိုင်းဝိတ်တန်း (ကီလို ၆၀) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်နိုင်က ပထမ၊ အင်ဒိုနီးရှားနိုင်ငံမှ အာစီလာဝမ်ဒီက ဒုတိယ၊ စင်ကာပူနိုင်ငံမှ မိုဟာမက်ဟာနာဖီရှိဖတ်က တတိယ၊ ဘင်တန်ဝိတ်တန်း (၆၅ကီလို) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထွန်းထွန်းအောင်ကပထမ၊ အင်ဒိုနီးရှားနိုင်ငံမှဆာယာဖရီဇယ်က ဒုတိယ၊ ဖိလစ်ပိုင်နိုင်ငံမှ ဂိုလန်ဒိုဘာယူကိုက တတိယ၊ လိုက်ဝတ်တန်း (ကီလို၇၀) ပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံမှ အာလီရိုဒိုကိုနာလ်က ပထမ၊ ထိုင်းနိုင်ငံမှ စီသီချာရို (န်)က ဒုတိယ၊ မြန်မာနိုင်ငံမှ ဝင်းလွင်က တတိယ၊ ဝဲလ်တာဝိတ်တန်း(၇၅ကီလို) ပြိုင်ပွဲတွင်စင်ကာပူနိုင်ငံမှ မိုဟာမက်နာဇာရူဒင်းက ပထမ၊ ဖိလစ်ပိုင်နိုင်ငံမှ မိုက်ကယ်တီနိုတီနိုက ဒုတိယ၊ ထိုင်းနိုင်ငံမှ ဆာကွန်မတ်ဇာနာဆန်က တတိယ၊ လိုက်မစ်ဒယ်လ် ဝိတ်တန်း (ကီလို၈၀) ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ ဒိုရှန်ဂီးရိုတ်ဆူ(ခ်)ဒီက ပထမ၊

မြန်မာနိုင်ငံမှ အာနိုးကဒုတိယ၊ မလေးရှားနိုင်ငံမှ လီတိ(က်)လောင်က တတိယ ၊မစ်ဒယ်လ်ဝိတ်တန်း (၈၅ကီလို) ပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံမှ ယိုနာဒီကော(န်)ဇာလတ်(စ်)က ပထမ၊ထိုင်းနိုင်ငံမှ ဝါချာရာနမန်က ဒုတိယ၊ စင်ကာပူနိုင်ငံမှဆာ ယတ်အီရန်ရှာက တတိယ၊ လိုက်ဟဲဗီးဝိတ်တန်း(ကီလို၉၀) ပြိုင်ပွဲတွင်ဗီယက်နမ်နိုင်ငံမှ လီဒါက ပထမ၊မြန်မာနိုင်ငံမှ ခိုင်လင်းက ဒုတိယ၊ မလေးရှားနိုင်ငံမှ ဆာယတ်အိုဇာလာဖာဇာလီက တတိယ၊ အသင်းလိုက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမ၊ ဖိလစ်ပိုင်နိုင်ငံက ဒုတိယ၊ ဗီယက်နမ်နိုင်ငံက တတိယ အသီးသီးရရှိသည်။ လိုက်ဟဲဗီးဝိတ်တန်းပထမရရှိသည့် ဗီယက်နမ်နိုင်ငံမှ လီဒါက အကောင်းဆုံးကြွက်သား တိုးတက်မှုဆု ဆွတ်ခူးသွားသည်။ ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ဆုကို မြန်မာ နိုင်ငံက ၈၆ မှတ်ဖြင့်ရရှိပြီး ဖိလစ်ပိုင်နိုင်ငံက ၆၈ မှတ်ဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံက ၅၄ မှတ်ဖြင့် တတိယ ရရှိသည်။

အရှေ့တောင်အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲကို ၁၉၉၅ ခုနှစ်က စင်ကာပူနိုင်ငံတွင် စတင် ကျင်းပခဲ့ရာ တံခွန်စိုက်ဆုကို အင်ဒိုနီးရှားနိုင်ငံက ရရှိခဲ့သည်။ တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲကို ၁၉၉၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**အာဖဂန်နစ္စတန်။** ။၁၉၉၆ခုနှစ်၊ ဧပြီ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။ သုံးနှစ်ကာလအတွင်း ပထမဦးဆုံးအကြိမ် ဆွေးနွေးခြင်းဖြစ်သည်။ ထိုဆွေးနွေးပွဲတွင် အာဖဂန်နစ္စတန်ရှိ ပြိုင်ဘက်စစ်အုပ်စုများထံ လက်နက်တင်ပို့မှု ပိတ်ပင်တားမြစ်ရေးကိစ္စကို အမေရိကန်က ပါဝင်ထောက်ခံခဲ့သည်။

ဧပြီလ ၁၃ ရက်နေ့တွင် သမ္မတဘာဟာနူဒင်ရာဘာနီ၏ စစ်ဘက်ဆိုင်ရာ အကြီးအကဲဖြစ်သူ အာမက်ရှားမာဆွတ်၏ တပ်များက တာလီဘန် လက်နက်ကိုင်တပ်ဖွဲ့များ သိမ်းပိုက်ထားသော ဟီရတ်မြို့ကို ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

ဧပြီလလယ်တွင် အရှေ့တောင်အာရှဆိုင်ရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရိုဘင်ရာဖယ်သည် အမေရိကန်၏ သဘောထားကို တင်ပြရန် ပါကစ္စတန်သို့ လာရောက်ခဲ့သည်။ ဧပြီလ ၁၉ ရက်နေ့တွင် ရိုဘင်ရာဖယ်သည် မော်စကိုသို့ အသွားခရီး၌ အာဖဂန်နစ္စတန်သို့ဝင်ရောက်ခဲ့သည်။

အမေရိကန်၏သဘောထားမှာ အာဖဂန်နစ္စတန်အရေးအခင်းတွင် အိမ်နီးချင်းနိုင်ငံများက ဝင်ရောက်မစွက်ဖက်ရေးနှင့် အာဖဂန်နစ္စတန်ရှိ လက်နက်ကိုင်အုပ်စုအားလုံးပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကျင်းပရန် ကုလသမဂ္ဂ၏ ကြိုးပမ်းမှုကို ထောက်ခံသည်ဆိုသောအချက်များပင်ဖြစ်သည်။ အာဖဂန်အရေးအခင်းတွင် အီရန်ပါဝင်ပတ်သက်နေမှုကို အမေရိကန်က စိုးရိမ်လျက်ရှိ သည်။

ပါကစ္စတန်နိုင်ငံကလည်း၊ ကဘူးအစိုးရနှင့် စေ့စပ်ဆွေးနွေးရန် ငြင်းဆန်ခဲ့သော ၊ တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့အပေါ်မကျေမနပ်ဖြစ်ခဲ့သည်။၎င်းအပြင် ရုရှ၊ အီရန်နှင့်အိန္ဒိယတို့က၊ကဘူးအစိုးရအားစစ်ရေးအကူအညီပေးနေမှုကို စိုးရိမ်နေသည်။

ပါကစ္စတန်က အာဖဂန်နစ္စတန် အပေါ်ထားရှိသော သဘောထား ပြောင်းလဲလာမှုကို ညှိနှိုင်းဆွေးနွေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဗယ်လာယက်တီသည် ပါကစ္စတန်နိုင်ငံ သို့ သုံးရက်ကြာ လာရောက်ဆွေးနွေးခဲ့သည်။

ထိုအချိန်တွင် ဟက်မာတီယာ ခေါင်းဆောင်သော အခြေခံဝါဒီ ဟစ်ဘီအစ္စလာမီ တပ်ဖွဲ့ဝင် ၄၀၀ သည် တာလီဘန်တို့၏ တိုက်ခိုက်မှုကိုခုခံရန် ကဘူးရှိအစိုးရတပ်များနှင့် ပူးပေါင်းလိုက်ကြသည်။ ဟက်မာဘီယာသည် ၁၉၉၂ ခုနှစ်ကစ၍ သမ္မတရာဘာနီ၏တပ်များကို တိုက်ခိုက်နေခဲ့သူဖြစ်သည်။ ယခုဟက်မာဘီယာသည် ကဘူးအစိုးရနှင့် လက်တွဲပြီးနောက်၊ ဇွန်လတွင်ဝန်ကြီးချုပ်ရာထူးကိုလက်ခံခဲ့သည်။

ကဘူးမြို့တော်ကို ဝိုင်းထားသော တာလီဘန် လက်နက်ကိုင် အဖွဲ့၏တပ်မှူး၊ အဗဒူရာဟင်ကအာဖဂန်နစ္စတန်အစိုးရကို ကဘူးမြို့တော်က မောင်းထုတ်နိုင်သည်အထိ လိုက်တိုက်ခိုက်သွားမည်ဟုဇွန်လ ၆ ရက်နေ့က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။



ဆလမ်တောင်ကြားတစ်နေရာကို စောင့်ကြပ်နေသည့် ဗိုလ်ချုပ်ကြီး ဒိုစတမ်ကို သစ္စာခံသည့်တပ်ဖွဲ့များ

ဇွန်လ ၁၅ ရက်နေ့တွင် အာဖဂန်နစ္စတန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဂါဖေါ်တိုင်ကအာဖဂန်နစ္စတန်ရှိ ပြိုင်ဘက်အုပ်စုများကို ဝါရှင်တန်သို့ဖိတ်ကြားပြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရန် အမေရိကန်၏ အားထုတ်မှုသည် တရားမျှတမှုမရှိကြောင်း၊ အစိုးရကိုလိုလားသောအုပ်စုအချို့ကို ချန်ထားခဲ့ပြီး၊ အတိုက်အခံအုပ်စုများကို မျက်နှာသာပေးနေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

ကုလသမဂ္ဂ၏အထူးမစ်ရှင်ခေါင်းဆောင် မာမွတ်မက်စတီရီသည် ကျန်းမာရေးမကောင်းသည်ကို အကြောင်းပြု၍ ထိုရာထူးမှ အနားယူသွားသောကြောင့် ဂျာမန်လူမျိုး နောဘတ်ဟိုးလ်သည် ၁၉၉၆ ခုနှစ်၊ ဇူလိုင်လတွင် ထိုလုပ်ငန်းကို ဆက်လက်၍ တာဝန်ယူခဲ့ရသည်။

နောဘတ်ဟိုးလ်သည် ၁၉၉၆ ခုနှစ်ဩဂုတ်လဆန်းတွင်အာဖဂန်နစ္စတန်သို့ရောက်ရှိလာပြီး၊ သမ္မတရာဘာနီ၊ ဝန်ကြီးချုပ် ဟက်မာဘီယာ၊ စစ်ဦးစီးချုပ် အာမက်ရှားမာဆွတ်တို့နှင့် ကဘူးတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းအပြင် အာဖဂန်စ္စတန်မြောက်ပိုင်း၌ သြဇာကြီးမားသော အတိုက်အခံခေါင်းဆောင် ဗိုလ်ချုပ်ကြီးဒိုစတမ်နှင့်လည်း သွားရောက်တွေ့ဆုံခဲ့သည်။ သူသည်ကန်ဒဟာမြို့သို့ ဆက်လက်သွားရောက်ပြီး တာလီဘန်တို့နှင့် တွေ့ဆုံခဲ့သည်။ သို့ရာတွင် တာလီဘန်တို့၏ ခေါင်းဆောင်မူလာမိုဟာမက်အိုမာနှင့် မတွေ့ဆုံခဲ့ရချေ။

ကုလသမဂ္ဂနိုင်ငံရေးဆိုင်ရာ ဒုတိယ အတွင်းရေးမှူးချုပ် မာရက်ဂိုလ်ဒင်သည် စက်တင်ဘာလလယ်တွင် နောဘတ်ဟိုးလ်နှင့်အတူ အာဖဂန်နစ္စတန်နိုင်ငံသို့ လေးရက်ကြာခရီးထွက်ခဲ့သည်။ စက်တင်ဘာ ၁၆ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့တော်သို့ ပြန်လည် ရောက်ရှိလာသော မာရက်ဂိုလ်ဒင်က“အာဖဂန်နစ္စတန်၌အချင်းချင်း တိုက်ခိုက်နေမှုကို၊ လူသားများအချင်းချင်းစာနာ ထောက်ထားပြီး ဝိုင်းဝန်းထောက်ပံ့

ကြသည့် အကူအညီ များမကုန်ဆုံးမီ ဤပဋိပက္ခကို မေ့လျော့ခံလိုက် ရသည့်အဖြစ်သို့ ရောက်ရှိမသွားမီ တိုက်ခိုက်နေကြသော အဖွဲ့များအားလုံးကို စေ့စပ်ညှိနှိုင်းဆွေးနွေးမည့်နေရာသို့ ရောက်ရှိလာအောင်၊ ခေါ်ဆောင်နိုင်မည်ဟု ကုလသမဂ္ဂက မျှော်လင့်ပါကြောင်း၊ လောလောဆယ်၌ တိုက်ပွဲများတွင် အောင်မြင်မှုရရှိနေသော တာလီဘန်အုပ်စုကမူ ဆွေးနွေးပွဲသို့ လာရောက်လိုပုံမရကြောင်း " ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ အုပ်စုချင်းပဋိပက္ခသည် ၁၉၉၂ ခုနှစ်က စခဲ့သည်ဟုဆိုရပါမည်။ ၁၉၉၂ ခုနှစ်တွင် အချင်းချင်းစုပေါင်း၍ ကွန်မြူနစ်အစိုးရကို ဖြုတ်ချနိုင်ခဲ့သည်။ သို့ရာတွင် အာဏာရရှိရေးအတွက် အုပ်စုချင်းတိုက်ပွဲများသည် ထိုအချိန်မှစ၍ ယနေ့အထိဆက်လက်ဖြစ်ပွားနေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၃ – စာ၊ ၃၁၈၊ ၃၁၉ – ရှု။ )

အာဖဂန်နစ္စတန် ပြည်တွင်းရေးပဋိပက္ခနှင့် သက်တမ်းတူသည်ဟုဆိုနိုင်သော ဘော့စနီးယားစစ်ပွဲသည် ၁၉၉၂ ခုနှစ်မှစတင်ခဲ့သော်လည်း၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ ဥရောပ ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးအဖွဲ့၊ မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့၊ အစ္စလမ်ညီလာခံ စသည့် နိုင်ငံတကာအဖွဲ့အစည်းများကသာမက ကမ္ဘာ့အင်အားကြီးငါးနိုင်ငံတို့ကပါ ထိုစစ်ပွဲပြီးဆုံးရေးကို တစိုက်မတ်မတ်ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့်အတွက်၊ ၁၉၉၅ ခုနှစ်ဒီဇင်ဘာလက ပါရီမြို့တွင် ဒေတန်ငြိမ်းချမ်းရေးသဘောတူညီချက်ကို ရယူနိုင်ခဲ့ပေသည်။ အာဖဂန်နစ္စတန် ပြည်တွင်းစစ် အဆုံးသတ်ရေးကိစ္စကိုမူ ကုလသမဂ္ဂတစ်ဖွဲ့တည်းကသာ ဆောင်ရွက်နေခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အချင်းချင်း တိုက်ခိုက်နေကြသော အုပ်စုကွဲပေါင်း မြောက်မြားစွာရှိသည့်အနက် ၁၉၉၄ ခုနှစ်တွင် အဖွဲ့သစ်တစ်ဖွဲ့ ထပ်မံပေါ်ပေါက်လာသည်။ ထိုအဖွဲ့သစ်မှာ အစ္စလမ်ကျမ်းစာတတ်ပုဂ္ဂိုလ်များနှင့် ပါကစ္စတန်၌ ဖွင့်လှစ်ထားသော အစ္စလမ်ဘာသာရေး ကျောင်းသားအများစု ပါဝင်သည့် တာလီဘန်လက်နက်ကိုင် အဖွဲ့သစ်ပင်ဖြစ်သည်။ တာလီဘန်ဆိုသော ဝေါဟာရမှာ ပါရှင်းဘာသာမှဝေါဟာရ ဖြစ်ပြီး ဘာသာရေးကျောင်းများဟု အဓိပ္ပါယ်ရသည်။

အဆိုပါတာလီဘန်အုပ်စုသည် စက်တင်ဘာလ ၅ ရက်နေ့ညက၊ ကဘူးမြို့တော်၏ အရှေ့တောင်ဘက် အဇရာခရိုင်၊ အဇရာမြို့ကိုစတင်တိုက်ခိုက်ခဲ့ပြီး၊ နောက်တစ်နေ့တွင် သိမ်းပိုက်ခဲ့သည်။ ထို့အပြင် အာဖဂန်နိုင်ငံအရှေ့ပိုင်းမှ အချက်အချာကျသော ဂျလာလာဘတ်မြို့ကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ ထိုနည်းတူစွာပင် မေထားလင်းခရိုင်မှ၊ လက်ဂမန်မြို့၊ အဆာဒဘတ် ပြည်နယ်မှ ကူနာမြို့များကိုလည်း သိမ်းပိုက်ခဲ့ကြသည်။

ထိုစက်တင်ဘာလ အတွင်းမှာပင် ကဘူးအစိုးရသည် အာဖဂန်မြောက်ပိုင်း၌ တပ်စွဲထားသော၊ ဗိုလ်ချုပ်ကြီး ဒိုစတမ်၏တပ်များနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရရှိကြောင်း ကြေညာခဲ့သည်။

စက်တင်ဘာ ၂၂ ရက်နေ့တွင် ကဘူးအစိုးရတပ်များကတာလီဘန်တို့သိမ်းပိုက်ထားသော လက်ဂမန်ပြည်နယ်အရှေ့ပိုင်းကို သွားရောက်တိုက်ခိုက်သော်လည်း မအောင်မြင်ခဲ့ချေ။

စက်တင်ဘာ ၂၅ ရက်နေ့တွင် တာလီဘန်တို့သည် ကဘူးမြို့တော်၏ အရှေ့ဘက် ၃၅ မိုင်အကွာ၌ တည်ရှိသော၊ ထရိဘီ မြို့ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။ ၎င်းနောက် ကဘူးမြို့တော်နှင့် ၁၈ မိုင်သာဝေးကွာသော ဘက်ဂရမ်အစိုးရ လေတပ်စခန်းကို ဝင်ရောက်သိမ်းပိုက်ပြီး၊ ကဘူးမြို့တော်ဆီသို့ ချီတက်လာကြသည်။

သမ္မတရာဘာနီနှင့် အစိုးရအဖွဲ့ဝင်များသည်၊ မြောက်ဘက်ရှိ ဆလမ်တောင်ကြားအတိုင်း ဆုတ်ခွာသွားကြသဖြင့် စက်တင်ဘာ ၂၆ ရက်နေ့ညဉ့်နက်ပိုင်းတွင်၊ ကဘူးမြို့တော်ကို တာလီဘန်တပ်များကဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။

တာလီဘန်တပ်များသည် ၁၉၉၂ ခုနှစ်ကစ၍ ကုလသမဂ္ဂဝင်းထဲ၌ ခိုလှုံနေထိုင်ခဲ့ရသော သမ္မတဟောင်းနဂျီဘူလာနှင့် ညီဖြစ်သူ ရှပူးအာမက်ဇီတို့ကို ဝင်ရောက် ဖမ်းဆီးခဲ့ကြသည်။ ၎င်းတို့ကို ညှင်းဆဲနှိပ်စက်ပြီး၊ လမ်းမာတ်မီးတိုင်တွင် ကြိုးပေး၍ သတ်လိုက်ကြသည်။







အာဖဂန်နစ္စတန် ပြည်တွင်း
စစ်မြင်ကွင်း



တာလီဘန်အဖွဲ့သည် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မိုဟာမက်ရာဘာနီ (ယခင်သမ္မတနှင့်ဆွေမျိုးမတော်ပါ) ခေါင်းဆောင်သော (၆)ဦးပါဝင်သည့် ကြားဖြတ် အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ တိမ်းရှောင် ထွက်ပြေးသွားရသော ကဘူးအစိုးရအဖွဲ့ကလည်း တာလီဘန်တို့ကို အသိအမှတ်မပြုရန် ကြေညာခဲ့သည်။

သမ္မတ ရာဘာနီ၏ အဖွဲ့နောက်သို့ လိုက်လံတိုက်ခိုက်ကြသော တာလီဘန်တပ်များသည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကဘူးမြို့တော်၏ မြောက်ဘက် ၃၇ မိုင်ဝေးသော ပါဗန်ပြည်နယ်မြို့တော် ချာရီကာမြို့ကို သိမ်းနိုင်ခဲ့သည်။ စက်တင်ဘာ ၂၉ ရက်နေ့တွင် ချာရီကာမြို့၏ မြောက်ဘက် ၉ မိုင်ဝေးသော ဂျာဘားလ်အော့စ်ဆီးရတ်ချ်မြို့ကို ဆက်လက်၍ သိမ်းပိုက်ခဲ့ကြသည်။

စစ်ဦးစီးချုပ် အာမက်ရှားမာဆွတ်၏တပ်များသည် ကဘူးမြို့တော်နှင့် မိုင် ၆၀ ဝေးသော ဆလမ်းဥမင်လိုဏ်ခေါင်း၏ တောင်ဘက်အဝင်ဝတွင် အခိုင်အမာစခန်းချပြီး နေရာယူလိုက်ကြသည်။ ထိုဥမင်၏ မြောက်ဘက်အဝတွင် ဗိုလ်ချုပ်ကြီးဒိုစတမ်၏ တပ်များက နေရာယူထားသည်။

တာလီဘန်အဖွဲ့ကအစိုးရတပ်မှ လက်နက်ချသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ကြေညာသည်။ ၄င်းအပြင် ၄င်းတို့သည်ကဘူးမြို့တော်နှင့် အာဖဂန်နစ္စတန်နိုင်ငံ၏ သုံးပုံနှစ်ပုံကို သိမ်းပိုက်ထားသောကြောင့် ၄င်းတို့၏ အစိုးရအား အသိအမှတ်ပြုပါရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများသို့ ပန်ကြားခဲ့သည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံမှအပ အခြားနိုင်ငံများက အာဖဂန်နစ္စတန်နိုင်ငံ၏ အခြေအနေမှာ မရှင်းလင်းသေးကြောင်း တုံ့ပြန်ခဲ့ကြသည်။

စီအိုင်အက်စ်ဟု ခေါ်သောအဖွဲ့တွင်ပါဝင်သည့် အာရှတိုက်အလယ်ပိုင်းမှ နိုင်ငံများသည် အာဖဂန်နစ္စတန်နိုင်ငံမှတိုက်ပွဲများ နယ်ကျော်ရောက်ရှိလာမည်ကို စိုးရိမ်ကြသည့်အတွက် ရုရှဝန်ကြီးချုပ် ချာနိုမြာဒင်ပါဝင်သော အာရှအလယ်ပိုင်းခေါင်းဆောင် များ၏ အစည်းအဝေးကို ကဇတ်စတန်နိုင်ငံ အမာတီမြို့တော်တွင် အောက်တိုဘာ ၄ ရက်နေ့က ကျင်းပခဲ့ကြသည်။ အာဖဂန်နစ္စတန်နှင့် နယ်နိမိတ်ချင်း မိုင် ၉၀၀ ခန့် ဆက်စပ်နေသည့် တာဂျစ်ကစ္စတန်နိုင်ငံရှိ တာဂျစ်ကစ္စတန်သူပုန်များနှင့် တာလီဘန်များ ပူးပေါင်းမသွားစေရေးကို အဓိကထား၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အောက်တိုဘာ ၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဒိုစတမ်က တာလီဘန်တပ်များအား၊ ၄င်းတို့ကမာဆွတ်၏တပ်များကို တိုက်ခိုက်နေမှုမှ ရပ်စဲကြဖို့နှင့် မရပ်စဲပါက ၊ မာဆွတ်၏ တပ်များဘက်မှ ဝင်ရောက်တိုက်ခိုက်မည်ဟု ပန်ရှီယာတောင်ကြားအတွင်းသို့ ဝင်၍ သတိပေးကြေညာခဲ့သည်။

သို့ရာတွင် တာလီဘန်တို့က မနာခံဘဲ ၊ ဆက်လက်တိုက်ခိုက်ခဲ့ကြသော်လည်းတာလီဘန်တို့သည် အောင်မြင်မှု လျော့နည်းသွားသည်။ အကျအဆုံးများပြားလာသည်။ ထိုအချိန်တွင်ကဘူးမြို့တော်၏ မြောက်ဘက် ဆယ်မိုင်ခန့်ဝေးသောကျေးရွာများမှရွာသားများကလည်း တာလီဘန်တပ်များကိုပြောက်ကျားစနစ်နှင့် ဝင်ရောက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် သမ္မတရာဘာနီ ၊ ဗိုလ်ချုပ်ကြီးဒိုစတမ်၊ ရှီယာဘာသာရေးခေါင်းဆောင် ကရမ်ခါလီလီနှင့် အစ္စမေးလီမူဆလင်ခေါင်းဆောင် ဂျက်ဖားနဒါရီတို့သည် တာလီဘန်ဆန့်ကျင်ရေး မဟာမိတ်အဖွဲ့ကို တရားဝင်ဖွဲ့စည်း ခဲ့ကြသည်။

အောက်တိုဘာ ၁၀ ရက်နေ့တွင် အာမက်ရှားမာဆွတ်ရုံးထိုင်ခဲ့သော ဂျာဘားလ်အော့စ်ဆီးရတ်ချ် မြို့ကိုယခင်အစိုးရတပ်များက ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ အောက်တိုဘာ ၁၂ ရက်နေ့တွင်ချာရီကာမြို့ကိုပါ ပြန်လည်ရရှိခဲ့ကြသည်။

သမ္မတရာဘာနီ အစိုးရက အောက်တိုဘာ ၁၆ ရက်နေ့တွင်တာလီဘန်တပ်များကဘူးမြို့တော်မှ ထွက်ခွာပေးမည်ဆိုပါက အပစ်အခတ်ရပ်စဲပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ ထိုကမ်းလှမ်းချက်ကို တာလီဘန်တို့က ငြင်းဆိုသည်။ ၄င်းတို့ထံသို့စစ်ကူတပ်သား ၅၀၀၀ ထပ်မံရောက်ရှိလာပြီ ဟူ၍လည်း ပြောဆိုခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် နိုင်ငံအများစုက ၊ အမျိုးသမီးများ၏ အခွင့်အရေးကို ချိုးဖောက်သော

တာလီဘန်တို့ကို ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ၎င်း ပြည်တွင်းရေးပဋိပက္ခကို နိုင်ငံရေးအရဖြေရှင်း ကြဖို့ အုပ်စုအားလုံးကိုတိုက်တွန်းခဲ့ကြသည်။ ဂျပန် နိုင်ငံကလည်း အုပ်စုများ အားလုံးတက်ရောက်မည့် ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်ဟုကမ်းလှမ်း ခဲ့သည်။

တာလီဘန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မာဇာ အီရှရစ်မြို့သို့သွား၍ ဗိုလ်ချုပ်ကြီးဒိုစတမ်နှင့် ဆွေးနွေး ခဲ့ရာ တာလီဘန်တို့အား တိုက်ခိုက်ရာတွင် ၎င်း၏တပ်များ ပါဝင်မည်မဟုတ်ဆိုသောအာမခံချက်ကို ဒိုစတမ်ထံမှ ရရှိခဲ့ သည်ဟုဆိုသည်။

ဗိုလ်ချုပ်ကြီးဒိုစတမ်ကလည်း ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးနာဇာဂူလာဘာဘာ၊ ကုလသမဂ္ဂအထူးမစ်ရှင် ခေါင်းဆောင်နောဘတ်ဟိုးလ်၊ တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက်အိုမာတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၂၀ ရက်နေ့တွင် သမ္မတရာဘာနီ၏ စစ်ဦးစီးချုပ် အာမက်ရှားမာဆွတ်က ဂျဘားလ်အော့စ် ဆီးရတ်ချ်မြို့တွင် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ပြီး တာလီဘန်တို့ ကျင့်သုံးသော အစ္စလမ်အယူအဆကို ပြည်သူများက လက်မခံသောကြောင့် ထောက်ခံမှုများ ဆုံးရှုံးနေပြီ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထိုအချိန်တွင် ဘက်ဂရမ်လေဆိပ်စခန်းကို မာဆွတ်၏ တပ်များက ပြန်လည်သိမ်းပိုက်ထားနိုင်ပြီ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးဒိုစတမ်၏ တပ်များလည်း ဘက်ဂရမ် လေဆိပ်သို့ ရောက်ရှိလာသည်။ အောက်တိုဘာ ၂၅ ရက်နေ့တွင် တာလီဘန်တို့၏ ဂျက်လေယာဉ်ပျံ နှစ်စီးက မာဆွတ်၏ တပ်များကို လာရောက်တိုက်ခိုက်သည်။ အောက်တိုဘာ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဒိုစတမ်၏ စစ်လေယာဉ်ပျံများက ကဘူးရှိ တာလီဘန် စခန်းများအား ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ၎င်းတွင် နှစ်ဘက်စလုံး၌ အရပ်သားများပါ အသေအပျောက် ရှိလာသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လူများစုဖြစ်သော Pashtunsလူမျိုးများပါဝင်ဖွဲ့စည်းထားသည့် ဆွန်နီ မူဆလင် ဂိုဏ်းဝင် တာလီဘန်တို့က တစ်ဘက်၊ လူနည်းစုများ ဖြစ်ကြသော တာဂျစ်၊ ဥဇဘက်၊ ဟာရာဇာစ်၊ ရှီယာ မူဆလင်၊ တပ်စ်မင် သို့မဟုတ် အစ္စမေးလီ မူဆလင်များ ပါဝင်သောအုပ်စုလေးစုပါဝင်သည့် မဟာမိတ်အဖွဲ့တို့က တစ်ဘက် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။ လက်ရှိ အနေအထားတွင် တာလီဘန်တို့က အာဖဂန်နစ္စတန်နိုင်ငံ ၏ သုံးပုံနှစ်ပုံကို သိမ်းပိုက်ထားပြီး အုပ်စုလေးစုပူးပေါင်း ထားသောအဖွဲ့က မြောက်ပိုင်းရှိနိုင်ငံ၏ သုံးပုံတစ်ပုံ ကိုသာ အုပ်ချုပ်ထားနိုင်လေသည်။

တာလီဘန်တို့သည် ၎င်းတို့ အုပ်ချုပ်သောနေရာ များတွင် အစ္စလမ်တရားဥပဒေနှင့်အညီ တင်းတင်း ကျပ်ကျပ် အုပ်ချုပ်လျက်ရှိသည်။ အမျိုးသမီးများကို အလုပ်လုပ်ခွင့်မပြု ကျောင်းတက်ခွင့်မပြုချေ။ စာသင် ကျောင်းများကို ပိတ်ပစ်စေခဲ့သည်။ အမျိုးသားများလည်း လောင်းကစားမှု မပြုလုပ်ရ၊ အရက်နှင့်မူးယစ်ဆေးဝါး မသုံးစွဲရ၊ စစ်တုရင် မကစားရ၊ လေတံခွန် (စွန်) မလွှတ်ရ။ စတီရီယို တေးသီချင်း များနားမထောင်ရ၊ ဂြိုဟ်တုမှ တစ်ဆင့် လွှင့်ထုတ်သော အစီအစဉ်များကို မကြည့်ရ စသည့်အမိန့်များ ထုတ်ခဲ့သည်။ ၎င်းအပြင်အမျိုးသား များကို မုတ်ဆိတ်မွေး ထားစေခဲ့ပြီး သောကြာနေ့တွင် အတင်း ပလီတက်ခိုင်းသည်။ တစ်နေ့လျှင် ငါးကြိမ် ဘုရားဝတ်ပြုရမည်ဆိုသော အမိန့်ကိုလည်း ထုတ်ပြန် ခဲ့သည်။ တာလီဘန်တို့သည် မူးယစ်ဆေး ဝါးနှင့် ပတ်သက်လာပါကလည်း အထူးပင်ပိတ်ပင်တားမြစ် ခဲ့သည်။

နောက်ပိုင်းတွင်မူ အမျိုးသမီးများအတွက်ပြဋ္ဌာန်းချက် များကို အနည်းငယ် လျော့ပေးလာသည်။ ကဘူးမြို့တော် တွင် လုံခြုံစိတ်ချလာရပါက မိန်းကလေးစာသင်ကျောင်းများ ကို ပြန်ဖွင့်ပေးမည်ဟု သာသနာရေး ဒုတိယဝန်ကြီးက နိုဝင်ဘာ ၂ ရက်နေ့တွင်ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်နေ့စွဲဖြင့် ကဘူးမြို့တော်မှ ပေးပို့သော ရိုက်တာသတင်းအရကဘူးမြို့တော်ရှိ နိုင်ငံခြား သားများ အားလုံးကိုကွန်တီနင်တယ်ဟိုတယ် တစ်ခုထဲ၌ သာနေထိုင်ကြရမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၁၈ ရက်နေ့တွင်ကုလသမဂ္ဂ၌ ကုလသမဂ္ဂမှ ကိုယ်စားလှယ်များနှင့်အာဖဂန်နစ္စတန် ကိစ္စကို စိတ်ပါ ဝင်စားကြသောနိုင်ငံပေါင်း (၁၈) နိုင်ငံမှ ကိုယ်စားလှယ် များသည် တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ ကြသည်။ ထိုဆွေးနွေးပွဲတွင် အာဖဂန်နစ္စတန်မှ စစ်မက်

ဖက်ပြိုင်နေကြသည့် အုပ်စုကိုယ်စားလှယ်များ ပါဝင်ခဲ့ခြင်း မရှိပါ။ ဒီဇင်ဘာလထဲတွင် တာလီဘန်များနှင့် ပြိုင်ဘက်များသည် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက် နေကြဆဲပင်ဖြစ်သည်။

ကုလသမဂ္ဂကလည်း အာဖဂန်နစ္စတန် နိုင်ငံအတွက် ဒေါ်လာ ၁၃၃ သန်းဖိုး ထည့်ဝင်ထောက်ပံ့ကြရန် အဖွဲ့ဝင်နိုင်ငံများသို့ ဒီဇင်ဘာလဆန်းက နှိုးဆော်ခဲ့သည်။ ထိုငွေမှာ ကဘူးမြို့တော်နှင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်ဟုဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လက်ရှိကာလ၌ အကြီးမားဆုံးပြဿနာမှာ မြေမြှုပ်မိုင်းပြဿနာပင်ဖြစ်သည်။ အာဖဂန်နစ္စတန်တစ်နိုင်ငံလုံး၌ မြေမြှုပ် မိုင်းအလုံးပေါင်း ဆယ်သန်းခန့်ရှိနေသည်ဟုဆိုပါသည်။

၁၉၉၆ ခုနှစ်ဒီဇင်ဘာလဆန်းတွင် ကုလသမဂ္ဂထောက်ပံ့ရေးအဖွဲ့မှ ဝန်ထမ်းလေးဦးကို ၊ တာလီဘန်တို့က နှစ်လကြာဖမ်းဆီးထားရာမှ ပြန်လွှတ်ပေးလိုက်သဖြင့် ဒီဇင်ဘာ ၁၀ နေ့မှစ၍ ကုလသမဂ္ဂ၏ကူညီထောက်ပံ့ရေး လုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ဆောင်ပေးလျက် ရှိနေပြီဟု အေပီ သတင်းတစ်ရပ်တွင်ဖော်ပြပါရှိသည်။

သို့ရာတွင် ၁၉၉၆ ခုနှစ်ဒီဇင်ဘာလကုန်အထိ၊ တာလီဘန်များနှင့် ပြိုင်ဘက်အုပ်စု လေးစုပေါင်းထားသော မဟာမိတ်အဖွဲ့တို့၏ တိုက်ပွဲများမှာပြီးဆုံးခြင်းမရှိသေးဘဲ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေကြဆဲပင်ဖြစ်သည်။

**ဥရောပသမဂ္ဂ(အီးယူ)**။ ။ပထမကမ္ဘာစစ်နှင့်ဒုတိယကမ္ဘာ စစ်ကြီးများကြောင့်အကွဲကွဲအပြားပြားဖြစ်သွားသော ဥရောပနိုင်ငံများအား လူမျိုးရေး၊ ယဉ်ကျေးမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတို့အရ ဆက်နွယ်မှုရှိကြသော ဥရောပတိုက်သားများက စုစည်းညီညွတ်သော ဥရောပ တစ်ခုဖြစ်ရေးအတွက် ဦးတည်ရည်မှန်းတက်လှမ်းလှုပ်ရှားမှုများသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နောက် စောစီးစွာကပင် စတင်သန္ဓေတည်လာခဲ့ပေသည်။ ၁၉၅၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ လက်မှတ်ရေးထိုးကြသောစာချုပ်ဖြင့် တည်ထောင်ခဲ့ကြသည့်ဥရောပ ကျောက်မီးသွေးနှင့် သံမဏိအဖွဲ့(အီးစီအက်စ်စီ)ကို ညီညွတ်သော ဥရောပတစ်ခုဆီသို့ ရည်ရွယ်သည့် ပထမဆုံး ခြေလှမ်းအဖြစ် မှတ်ယူခဲ့ကြသည်။ ယင်းအဖွဲ့၌ မူလ ပါဝင်သောနိုင်ငံ (၆) နိုင်ငံမှာ ဗဲလဂျီယံ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ လူဇင်ဘတ်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြသည်။ ထိုနောက် ဒိန်းမတ်၊ အိုင်ယာလန်နှင့် ဗြိတိန်နိုင်ငံတို့သည် ၁၉၇၃ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင်လည်းကောင်း၊ ဂရိနိုင်ငံသည်၁၉၈၁ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် လည်းကောင်း၊ ပေါ်တူဂီနှင့်စပိန်နိုင်ငံတို့သည် ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် နေ့တွင်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာခဲ့ကြသည်။ ၁၉၉၀ပြည့်နှစ်၊ အောက်တိုဘာလတွင် နှစ်ခြမ်းကွဲ ဂျာမနီ နိုင်ငံ ပြန်လည်ပေါင်းစည်းမိသောအခါ ယခင်ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် ချက်ချင်းပင် ထိုအဖွဲ့၏ အစိတ်အပိုင်း တစ်ခုဖြစ်လာခဲ့သည်။ ဤအတောအတွင်း ဒတ်(ချ်)တို့အုပ်စိုးစဉ်က ယင်းအဖွဲ့တွင် ပါဝင်ခဲ့သော ဂရင်းလင်းကျွန်းနိုင်ငံသည် ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက် နေ့တွင် အဖွဲ့ဝင်အဖြစ်ကို ရပ်စဲခဲ့သည်။

အီးစီအက်စ်စီဖြစ်ပေါ်ခဲ့ပြီးနောက် ခြောက်နှစ်အကြာ ၁၉၅၇ခုနှစ်၊ မတ် ၂၅ ရက်နေ့တွင် အီတလီနိုင်ငံ၊ ရောမမြို့၌ သီးခြားစာချုပ်နှစ်ရပ် လက်မှတ်ရေးထိုးချုပ်ဆိုကာ ဥရောပ စီးပွားရေးအဖွဲ့ (အီးအီးစီ) နှင့် ဥရောပအဏုမြူ စွမ်းအင် အဖွဲ့(ယူရာတွမ်)တို့ကို ဆက်လက်ဖွဲ့စည်း တည်ထောင် ခဲ့ကြသည်။အီးအီးစီမှာ ဘုံဈေးအဖွဲ့တစ်ဖွဲ့ ဖန်တီးကာ စီးပွားရေးမူဝါဒများကို ညှိစပ်ရန်ဖြစ်သည်။ ယူရာတွမ်မှာ နျူကလီးယားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန် ဖြစ်သည်။

**ရောမစာချုပ်**

အီးအီးစီအဖွဲ့ဖွားမြင်ပေါ်ပေါက်လာသည့်စာချုပ်သည် ရောမစာချုပ်ဟု နာမည်တွင်ခဲ့သည်။ ယင်းစာချုပ်သည် ၁၉၅၈ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ တရားဝင် အတည်ဖြစ် လာခဲ့သည်။ ဤစာချုပ်အရ စာချုပ်ဝင် နိုင်ငံများက အီးအီးစီအဖွဲ့ဝင်၏ ဦးစီးဦးဆောင် ရုံးဌာနအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်

ကြရန်နှင့် စာချုပ်၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် လိုအပ်သည့် အတိုင်းအတာအထိ သူတို့၏စီးပွားရေး မူဝါဒအသီးသီးကို ညှိနှိုင်းကြရန် ကတိကဝတ် ပြုခဲ့ကြသည်။

**ဘုံဈေး**

အထက်ပါရောမစာချုပ်အရ စာချုပ်ဝင်ဥရောပနိုင်ငံများက "ဘုံဈေး"ကို ၁၂ နှစ်တာအသွင်ကူးပြောင်းရေးကာလအတွင်း တစ်စတစ်စ တိုးတက်တည်ဆောက်ဖော်ဆောင် သွားကြရန်ပြဋ္ဌာန်းခဲ့သည်။ အသွင် ကူးပြောင်းရေးကာလကို လေးနှစ်တစ်ဆင့် စီထား၍ အဆင့်သုံးဆင့်ပိုင်းခြားလုပ်ဆောင်ရန် သတ်မှတ်ခဲ့ကြသည်။

**ပင်လယ်ရပ်ခြားနိုင်ငံများနှင့် နယ်မြေများပါဝင်နိုင်ခွင့်**

ရောမစာချုပ်၏အပိုင်း ( ၄ ) ပါ ပြဋ္ဌာန်းချက်များအရ အဖွဲ့ဝင်နိုင်ငံများက ဥရောပတိုက်တွင် မပါဝင်သောနိုင်ငံများနှင့် ဗဲလဂျီယံ၊ ပြင်သစ်၊ အီတလီနှင့် နယ်သာလန်နိုင်ငံတို့နှင့် အထူးဆက်ဆံရေးများရှိကြသည့် နယ်မြေများအား ဘုံဈေးအဖွဲ့(အီးအီးစီ)နှင့် ပေါင်းဖက်ပါဝင်လာစေရန် သဘောတူညီခဲ့ကြသည်။ ဤသည်မှာ ယင်းနိုင်ငံနယ်မြေများ၏ စီးပွားရေးနှင့် လူမှုရေးများ တိုးတက်ဖွံ့ဖြိုးပြီး ၄င်းတို့နှင့် အီးအီးစီအကြားတွင် စီးပွားရေးဆက်သွယ်မှုများကို နီးကပ်စွာတည်ထားရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း ဥရောပအဖွဲ့ဝင်နိုင်ငံများသည် ၄င်းနိုင်ငံနယ်မြေများနှင့် ကူးသန်းရောင်းဝယ်မှုများပြုလုပ်ကြရာ၌ ၄င်းတို့အဖွဲ့ဝင်နိုင်ငံအချင်းချင်းစပ်ကြား ရောမစာချုပ်၏ စည်းမျဉ်း၊ စည်းကမ်းများဖြင့်ဆက်ဆံကြသည့်နည်းတူ ပြုလုပ်ကြရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပေသည်။

**ယာအုံဒီကွန်ဗင်းရှင်း သဘောတူစာချုပ်များ**

ပင်လယ်ရပ်ခြားနယ်မြေများ အီးအီးစီအဖွဲ့တွင် ပေါင်းဖက်ပါဝင်ရေးနှင့် ပတ်သက်သည့် ပထမဆုံးသော ယာအုံဒီကွန်ဗင်းရှင်း သဘောတူစာချုပ်သည် ၁၉၆၂ ခု၊ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသွားခဲ့ရာ၊ ယခင်က ပြင်သစ်၊ ဗဲလဂျီယံနှင့် အီတလီပိုင် ကိုလိုနီပိုင်နယ်မြေများဘဝမှ လွတ်လပ်ရေးရလာကြသောအာဖရိကနိုင်ငံများက အီးအီးစီတွင် ပေါင်းဖက်ပါဝင်ခြင်းကို သဘောတူစာချုပ် အသစ်တစ်ရပ်ဖြင့် ဆက်လက်ပြုလုပ်လိုကြောင်း ဆန္ဒပြုလာကြသဖြင့် ကာလကြာမြင့်စွာစေ့စပ်ဆွေးနွေးကြပြီးနောက် အီးအီးစီနှင့်အာဖရိကနိုင်ငံများနှင့်မာဒါဂတ်စကာနိုင်ငံတို့စပ်ကြား ပေါင်းဖက်ရေးကွန်ဗင်းရှင်းသဘောတူစာချုပ်ကို ၁၉၆၃ ခု၊ ဇူလိုင် ၂၀ ရက်နေ့တွင် ကင်မရွန်းနိုင်ငံ၊ ယာအုံဒီမြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ ယာအုံဒီကွန်ဗင်းရှင်းဟု အမည်တွင်ခဲ့သောအဆိုပါသဘောတူစာချုပ်သည် ၁၉၆၄ ဇွန်လ ၁ ရက်နေ့တွင် တရားဝင်အတည်ဖြစ်လာခဲ့သည်။ အပေါင်းပါအာဖရိကနိုင်ငံများမှာ ထိုစဉ်က ဒါဟိုမီဟု ခေါ်တွင်သည့် ဘီနင်၊ ဘူရွန်ဒီ၊ ကင်မရွန်း၊ ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ ချက်(ဒ်)၊ ကွန်ဂို၊ ဂါဗွန်၊ အိုင်ဗော်ရီကို့(စ်)၊ မာဒါဂတ်စကာ၊ မာလီ၊ မော်ရီတေးနီးယား၊ နိုင်ဂျာ၊ ရဝမ်ဒါ၊ ဆီနီဂေါ၊ ဆိုမားလီးယား၊ တိုဂို၊ အထက်ဗော်လတာနိုင်ငံနှင့်ဇိုင်ယာ စသည့် ၁၈ နိုင်ငံတို့ဖြစ်ကြသည်။

၁၉၆၃ကွန်ဗင်းရှင်းသဘောတူစာချုပ်ကိုပြင်ဆင်ချက်များဖြင့် အသစ်ပြုပြင်ရေးဆွဲကာ ဒုတိယ ယာအုံဒီကွန်ဗင်းရှင်း သဘောတူ စာချုပ်ကို ကာလရှည်ကြာစွာစေ့စပ်ညှိနှိုင်းကြပြီးနောက် ၁၉၆၉ ခု၊ ဇူလိုင် ၂၉ ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ မော်ရီရှနိုင်ငံသည် ၁၉၇၂ ခု၊ ဇွန်လ ၁ရက် နေ့တွင် စာချုပ်၌ လက်မှတ် ရေးထိုး ပါဝင်လာခဲ့သည်။

အထက်ပါ ဒုတိယ ယာအုံဒီကွန်ဗင်းရှင်းသဘောတူစာချုပ်သည် ၁၉၇၅ ခု၊ ဇန်နဝါရီ ၃၁ ရက်နေ့တွင်သက်တမ်းစေ့မြောက်ခဲ့ရာ၊ ၄င်းကို ထိုနှစ် (၁၉၇၅) မှာပင်ချုပ်ဆိုသည့် လုမ်းကွန်ဗင်းရှင်း သဘောတူစာချုပ်ဖြင့် အစားထိုးခဲ့ကြသည်။

လုမ်းစာချုပ်ကို လက်မှတ် မရေးထိုးမီ ၁၉၇၃ ခု၊ နိုဝင်ဘာ ၂၁ ရက်နေ့တွင် အီးအီးစီနှင့် အခြားတစ်ဖက်တွင် အာဖရိကတိုက်၊ ကာရီဘီယန်ပင်လယ်ဒေသနှင့် ပစိဖိတ်သမုဒ္ဒရာဒေသတို့၌နိုင်ငံပေါင်း ၄၃ နိုင်ငံတို့စပ်ကြား၌ စေ့စပ်ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ကြသည်။ ထို့နောက် လွတ်လပ်ရေးရရှိလာကြသည့် အီကွေးတိုးရီးယယ်ဂီနီ၊ ဂီနီ–ဘီဆောနှင့် ဂရီနားဒါးနိုင်ငံတို့က ရှေ့တွင် ဖော်ပြပါနိုင်ငံများနှင့် ပေါင်းဖက်လာကြသောအခါ နိုင်ငံပေါင်း ၄၆ နိုင်ငံ

ဖြစ်လာခဲ့သည်။ ထို့နောက်တစ်ဖန် ကိပ်ဗာဒီကျွန်းစု နိုင်ငံ၊ ဆောတိုမေနှင့်ပရင်စီပေနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ၊ ကိုမိုရိုကျွန်းစုနိုင်ငံ၊ ဆူရီနမ်နိုင်ငံနှင့် ဆေးရှဲလ်နိုင်ငံတို့အား လုမ်းကွန်ဗင်းရှင်းတွင် ထည့်သွင်းပါဝင်စေရန် ၁၉၇၇ ခုနှစ်တွင်သဘောတူညီမှု ရရှိခဲ့ကြသည်။ ဤသို့ဖြင့်အဖွဲ့ဝင်နိုင်ငံများ ဦးရေမှာ ၅၂ နိုင်ငံအထိတိုးပွားလာခဲ့သည်။ (ဤနိုင်ငံများသည် အာဖရိက၊ ကာရီဘီယန်နှင့် ပစိဖိတ်ဒေသဝင်နိုင်ငံများဖြစ်ကြ၍ ၎င်းတို့အား အေစီပီနိုင်ငံများဟု ခေါ်စမှတ်ပြုခဲ့ကြသည်။)

**အခြားစာချုပ်များ**

အီးအီးစီဟူသော အမည်သညာသည် ဘုံဈေး ( Common Market ) ကိုခေါ်ဆိုခြင်းဖြစ်သော်လည်း၊ ဤစာတမ်း၏ ရှေ့ဦးပိုင်းတွင်ဖော်ပြပါရှိသော အဖွဲ့ကြီးသုံးဖွဲ့ (အီးစီအက်စ်စီ၊ အီးအီးစီနှင့် ယူရာတွမ်) ကို တစ်ပေါင်းတစ်စည်းတည်းအဖြစ် အီးစီ( European Community)ဟု ရည်ညွှန်းခေါ်ဝေါ်ခြင်း ပြုခဲ့ကြသည်။

အီးအီးစီမှ အောက်ပါစာချုပ်များကိုလည်း ချုပ်ဆိုခဲ့သည်။

(က)ဥရောပအဖွဲ့များအတွက် တစ်ခုတည်းသော ကောင်စီနှင့် တစ်ခုတည်းသောကော်မရှင်တို့ကို ဖွဲ့စည်းတည်ထောင်သည့်စာချုပ် (၁၉၆၅ ခု၊ ဧပြီ ၈ ရက်နေ့တွင်မူလ အဖွဲ့ဝင် ခြောက်နိုင်ငံတို့ လက်မှတ် ရေးထိုးချုပ်ဆိုခဲ့ကြသည်။ )

( ခ )ဥရောပအဖွဲ့များ၏ အချို့သောဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်နှင့် ဥရောပအဖွဲ့များအတွက် တစ်ခု တည်း သောကောင်စီနှင့် တစ်ခုတည်းသော ကော်မရှင်တို့ကို ဖွဲ့စည်းတည် ထောင်သည့် စာချုပ်ပါ အချို့သောဘဏ္ဍာရေး အစီအစဉ်များကို ပြင်ဆင်သည့် သဘောတူ စာချုပ် (၁၉၇၀ ပြည့်၊ ဧပြီ ၂၂ ရက်နေ့တွင် မူလအဖွဲ့ဝင် ခြောက်နိုင်ငံတို့ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ )

**တစ်ခုတည်းသော ဥရောပအက်ဥပဒေ**

၁၉၅၈ ခုနှစ်၊ ရောမစာချုပ်အား ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြရာ၎င်းပြင်ဆင်ချက်များကို "တစ်ခုတည်းသော ဥရောပအက်ဥပဒေ"ဟူသောပုံစံဖြင့် ပြုလုပ်ခဲ့ကြသည်။ ယင်းအက်ဥပဒေကို အဖွဲ့ဝင်နိုင်ငံများအားလုံးက အတည်ပြုခဲ့ကြပြီးနောက် ထိုအက်ဥပဒေသည် ၁၉၈၇ခု၊ ဇူလိုင် ၁ ရက်နေ့တွင် တရားဝင်အတည်ဖြစ်လာခဲ့သည်။

အထက်ပါအက်ဥပဒေ၌လည်း တစ်ခုတည်းသော (ဥရောပ) အဖွဲ့ဆိုင်ရာဈေးကွက်တစ်ခုဖန်တီးပြုလုပ်ခြင်းကို ၁၉၉၂ ခုနှစ်တွင် အလုံးစုံပြီးမြောက်စေရန် ရည်ရွယ်သော ပြဋ္ဌာန်းချက်များပါရှိသည်။ ယင်းဈေးကွက်မှာ "အတွင်းနယ်နိမိတ်များမရှိဘဲ ကုန်စည်များ၊ လူများ၊ ဝန်ဆောင်မှုများနှင့် အရင်းအနှီးငွေများ တကယ်တမ်းလွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်သော နယ်မြေဒေသတစ်ခု ဖြစ်ရပေမည်။" အခြားပြဋ္ဌာန်းချက်များအရ ဥရောပအဖွဲ့အတွင်း သုတေသနနှင့်နည်းပညာ၊ လူမှုရေးမူဝါဒ၊ စီးပွားရေးနှင့် လူမှုရေး ပေါင်းစည်းမှု၊ ပတ်ဝန်းကျင် ကာကွယ်ရေး၊ စီးပွားရေးနှင့် ငွေရေးကြေးရေး သမဂ္ဂတည်ထောင်ဖန်တီးမှုနှင့် နိုင်ငံခြားရေးဝါဒတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ကြရပေမည်။ ထို့အပြင် ၎င်းအက်ဥပဒေက ဥရောပပါလီမန်အား ဥပဒေများကို ဆိုင်းငံ့ထားနိုင်၍ ပြင်ဆင်နိုင်သောအာဏာများကို တိုးမြှင့်ပေးခဲ့သည်။ သို့သော် ဥရောပကောင်စီသည်သာလျှင် နောက်ဆုံးဆုံးဖြတ်ချက်ပြုနိုင်သော အခွင့် အာဏာကို ရရှိမြဲ ရရှိထားသည်။

**ဥရောပ ပါလီမန်**

ဥရောပအဖွဲ့အတွင်းဥပဒေများပြုလုပ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းကိစ္စများကို ဆောင်ရွက်သည့်ဥရောပပါလီမန် လွှတ်တော်သည် လူဇင်ဘတ်နိုင်ငံရှိ လူဇင်ဘတ်မြို့တော်၌တည်ရှိ၍ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလတွင်ပါလီမန်ဥက္ကဋ္ဌမှာ ဂျာမနီနိုင်ငံမှ မစ္စတာအီဂွန်ကလယ်ပေ့ရ်ဖြစ်သည်။

ယင်းပါလီမန်လွှတ်တော်တွင် အဖွဲ့ဝင်ကိုယ်စားလှယ် ၅၆၇ ဦးပါဝင်ရာ၊ ဂျာမနီနိုင်ငံမှ ၉၉ ဦး၊ ပြင်သစ်၊အီတလီနှင့် ဗြိတိန်နိုင်ငံတို့မှ ၈၇ ဦးစီ၊ စပိန်နိုင်ငံမှ ၆၄ ဦး၊ နယ်သာလန်နိုင်ငံမှ ၃၁ ဦး၊ ဗဲလဂျီယံ၊ ဂရိနှင့်ပေါ်တူဂီနိုင်ငံတို့မှ ၂၅ ဦးစီ၊ ဒိန်းမတ်နိုင်ငံတို့မှ ၁၆ ဦး၊ အိုင်ယာလန်နိုင်ငံမှ ၁၅ ဦးနှင့် လူဇင်ဘတ်နိုင်ငံတို့မှ ၆ ဦးတို့ဖြစ်သည်။ လွှတ်တော်

အဖွဲ့ဝင်ကိုယ်စားလှယ်များကို အဖွဲ့ဝင်နိုင်ငံများ၏ပြည်သူများက လူတိုင်းဆန္ဒမဲပေးနိုင်သည့် စနစ်ဖြင့် ရွေးကောက်တင်မြှောက်ကြသည်။ ပါလီမန်အတွင်း၌အဖွဲ့ဝင် ကိုယ်စားလှယ်များသည် နိုင်ငံအလိုက်အဖွဲ့စုများအဖြစ် မထိုင်ကြဘဲ နိုင်ငံရေးအဖွဲ့စုများအဖြစ်သာ ထိုင်ကြသည်။

## ဥရောပအဖွဲ့၏ ဆောင်ရွက်မှုများ

### စိုက်ပျိုးရေးကဏ္ဍ

ဥရောပအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုသည် စိုက်ပျိုးရေး ဘက်တွင် စနစ်အကျဆုံးအနေအထား ရှိသည်။ ဥရောပအဖွဲ့သည် ရောမစာချုပ်တွင် ဖော်ပြပါရှိသည့် ဘုံစိုက်ပျိုးရေး ပေါ်လစီ ( စီအေပီ) ကို လိုက်နာဆောင်ရွက်သည်။ အဖွဲ့သည်အခြေခံမူဝါဒသုံးရပ်ကို လိုက်နာကျင့်သုံး၍ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဈေးကွက်ကို တစ်စတစ်စ တိုးတက်ဖွဲ့စည်းခဲ့သည်။ ယင်းမူဝါဒများမှာ–

(က) ဈေးကွက်အနေဖြင့် ညီညွတ်မှုရှိခြင်း၊

( ခ ) အဖွဲ့၏စိတ်ကြိုက်ရွေးချယ်မှု (ကုန်ပစ္စည်းများကို တန်ဖိုးနည်းထည့်သွင်းကုန်များနှင့် ကမ္ဘာ့ဈေးကွက်တွင် ဈေးမတည်ငြိမ်မှုများမှ ကာကွယ်ပေးရမည်)၊

( ဂ ) ဘဏ္ဍာရေးနှင့်ပတ်သက်၍ အားလုံးစုပေါင်းတာဝန်ယူခြင်း( ဥရောပတိုက်ဆိုင်ရာ စိုက်ပျိုးရေး လမ်းညွှန်မှုနှင့်အာမခံရေး ရန်ပုံငွေတစ်ရပ်ဖွဲ့စည်းထားရှိ ဆောင်ရွက် သည်။ ကုန်စည်သိုလှောင်မှုဆိုင်ရာကုန်ကျ စရိတ်များ၊ ဈေးကွက်တင်သွင်းမှုထောက်ပံ့ကြေး များနှင့် ပို့ကုန်များအတွက် ပြန်အမ်းငွေများ စသည်တို့အတွက် ငွေကြေးထောက်ပံ့မှုများ ပြုသည်။ )

အထက်ဖော်ပြပါ ဘုံစိုက်ပျိုးရေးပေါ်လစီ (စီအေပီ) အရ လုပ်ငန်းဆောင်ရွက်မှုများမှာ ၁၉၆၉ ခုနှစ်တွင် ငွေကြေး မတည်ငြိမ်မှုအခြေအနေကြောင့် အနှောင့်အယှက် အခက်အခဲများနှင့် ကြုံတွေ့လာသည်။ ထို့ကြောင့် အမ်စီအေခေါ် "ငွေကြေးဖြည့်တင်းပေးမှု ပမာဏများ"ကို စီမံဖန်တီး လုပ်ဆောင်ခဲ့ကြသည်။ ဤစနစ်ဖြင့်လုပ်ဆောင်ရာ၌လည်း ဥရောပအဖွဲ့အတွင်း ဈေးနှုန်းကွာခြားမှုများ အကြီးအကျယ်ဖြစ်ပွားပေါ်ပေါက်ကာ အချို့နိုင်ငံများအတွက်အကျိုးထိခိုက်နစ်နာမှုများရှိလာသဖြင့် ၁၉၈၄ ခုနှစ်တွင် အမ်စီအေ စနစ်ကို တဖြည်းဖြည်း ဖျက်သိမ်းပြီး တစ်ခုတည်းသော ဈေးကွက်စနစ်ကို ပြန်လည်ဖော်ထုတ်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ၁၉၈၉ ခုနှစ်တွင် ငွေကြေးများပိုမိုတည်ငြိမ်လာသည့်အလျောက် ဥရောပငွေကြေးစနစ်၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံများအတွက် အမ်စီအေစနစ်ကို ဖျက်သိမ်းနိုင်ခဲ့သည်။

စိုက်ပျိုးရေးထွက်ကုန်တန်ဖိုးများကို သဘောအားဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အားလုံးနှင့်ဆိုင်သော အဆင့်တစ်ခုတွင် နှစ်စဉ်သတ်မှတ်ကြသည်။ ဤသို့သတ်မှတ် ရာ၌ ငွေကြေးဖောင်းပွမှုနှုန်းနှင့်အချို့သော ကုန်ပစ္စည်းများအား လိုသည်ထက်ပို၍ ထုတ်ယူခြင်းကို အားမပေးရန် လိုအပ်မှုတို့ကို ထည့်သွင်းစဉ်းစားကာ လုပ်ဆောင်ကြသည်။ လယ်သမားများအား ကုန်စည်တင်ပို့ရေး ထောက်ပံ့ကြေးများပေးသည်။ ယင်းသို့ပေးသည်မှာ လယ်သမားများ အနေဖြင့် အရှုံးမရှိဘဲပိုမိုနိမ့်ကျသော ကမ္ဘာ့ဈေးကွက် ဈေးနှုန်းများဖြင့် ရောင်းချနိုင်စေရန်ဖြစ်သည်။ (စိုက်ပျိုးရေး အသုံးစရိတ်တွင် ၅၀ ရာခိုင်နှုန်းခန့်မှာ ထိုအထောက်အပံ့ကြေးများအတွက် အသုံးပြုကုန်ကြခြင်း ဖြစ်သည်။)

အချို့သောနံ့စားသီးနှံများ၊ သကြား၊ အချို့သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ နို့ထွက်ကုန်ပစ္စည်းများနှင့် အသားများ၏ ဈေးကွက်ဈေးနှုန်းများသည် သတ်မှတ်သည့် အဆင့်အောက်သို့ ကျဆင်းသွားသည့်အခါတွင် ဥရောပအဖွဲ့က ဝင်ရောက်ဆောင်ရွက်သည်။ ဆောင်ရွက်ပုံမှာ ကုန်စည်ပမာဏအချို့ကို ဝယ်ယူကာ ဈေးနှုန်းများ ပြန်တက်လာသည့်အချိန်အထိ သိုလှောင်ထားရှိသည်။ ၁၉၈၀ ပြည့်နှစ်များတွင် ကုန်စည်များကို တိုးချဲ့ထုတ်လုပ်ခဲ့ကြရာ စားနပ်ရိက္ခာပိုလျှံမှုများ ဖြစ်ပွားကာ ထိန်းသိမ်းထားနိုင်ခြင်း မရှိသဖြင့် အမြောက်အမြားဖျက်ဆီးပစ်ခဲ့ရသည်။

ဥရောပအဖွဲ့၏ ဘတ်ဂျက်တွင် နှစ်စဉ်အသုံးစရိတ်၏ ၃ ပုံ ၂ ပုံကို စိုက်ပျိုးရေး ကဏ္ဍအတွက် အသုံးပြုကြသည်။ ၎င်းမှာအဓိကအားဖြင့် ဈေးနှုန်းများကိုပံ့ပိုးပေးရန်အတွက် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်တွင် ဘုံစိုက်ပျိုးရေးပေါ်လစီ (စီအေပီ) သည်အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေ သဘောတူညီမှုစာချုပ်အဖွဲ့ (ဂတ်အဖွဲ့) ၏ "ဥရုဂွေးဝိုင်း" ညှိနှိုင်းစေ့စပ်မှုများတွင် တိုက်ခိုက်ပြောဆိုခြင်းခံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုအစိုးရက ဥရောပအဖွဲ့(အီးစီ)၏ စိုက်ပျိုးရေးနှင့် ကုန်စည်တင်ပို့မှုဆိုင်ရာ ထောက်ပံ့ကြေးများ သည် ကမ္ဘာ့ဈေးကွက်များကို ကမောက်ကမဖြစ်စေသည် ဟူသော အကြောင်းပြချက်ဖြင့် ၎င်းထောက်ပံ့ကြေးများကို အကြီးအကျယ်လျှော့ချပေးရန် တောင်းဆိုခဲ့လေသည်။ ထိုနှစ်နိုဝင်ဘာလတွင် ဥရောပအဖွဲ့၏ စိုက်ပျိုးရေးဝန်ကြီး များက ၁၀ နှစ်တာကာလအတွင်း စိုက်ပျိုးရေး ထောက်ပံ့ကြေး များကို ၃၀ ရာခိုင်နှုန်းလျှော့ချရန်ဥရောပကော်မရှင်၏ အဆိုပြုချက်များကို သဘောတူလက်ခံခဲ့ကြသည်။

ထိုနောက် ၁၉၉၁ ခုနှစ်၊ မေလတွင် နံစားသီးနှံများနှင့် အခြားထွက်ကုန်များအတွက် ပံ့ပိုးမှုဈေးနှုန်းများကို လျှော့ချ ခဲ့ကြသည်။ထိုနှစ်နောက်ပိုင်းတွင် ဥရောပကော်မရှင်က ဥရောပအဖွဲ့၏ စိုက်ပျိုးရေးထောက်ပံ့မှုများကို ဈေးနှုန်းများ ထိန်းထားရေးမှ လယ်သမားများ၏ ဝင်ငွေများထိန်းပေး ရေးသို့ ပြောင်းလဲစေရန်ရည်ရွယ်ချက်ဖြင့် ရေရှည်ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ရန်အဆိုပြု တင်ပြခဲ့သည်။ ဤသို့ ပြောင်းလဲစေခြင်းဖြင့် လယ်သမားများအတွက် လိုသည် ထက်ပို၍ ထုတ်လုပ်လိုသောဆွဲဆောင်မှုနှင့် စိတ်ဆန္ဒများ ကင်းမဲ့လာမည်ဖြစ်သည်။ ယင်းအဆိုပြုချက်ကို ဝန်ကြီး များက ၁၉၉၂ ခုနှစ်၊ မေလတွင်တစ်မျိုးတစ်ဖုံပြင်ဆင်ကာ လက်ခံအတည်ပြုခဲ့ကြသည်။ နံစားသီးနှံများ၊ ကြက်ဘဲနှင့် ကြက်ဥ၊ဘဲဥ၊ အသားနှင့်နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းများ ကို လျှော့ချခဲ့ကြရာ ဤနစ်နာမှုများအတွက် လယ်သမား များအား အပိုခွင့်ပြုငွေများပေးခဲ့သည်။ ဤငွေများရရှိသူ လယ်သမားများက၎င်းတို့၏စိုက်ပျိုးမြေ ၁၅ ရာခိုင်နှုန်းကို စိုက်ပျိုးခြင်းမပြုဘဲ ပလပ်ထားကြရသည်။

၁၉၉၂ ခုနှစ်၊ မေလတွင်အမေရိကန်အစိုးရက ဥရောပ အဖွဲ့ (အီးစီ)မှ ဆီထွက်သီးနှံထုတ်လုပ်သူများအား ထောက်ပံ့ ကြေးများပေးခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ဥရောပ ကုန်စည်များအပေါ်တွင် သွင်းကုန်အကောက်ခွန် များ ကြီးမားစွာ တိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်ခဲ့ သည်။ ယင်းထောက်ပံ့ကြေးများ ပေးခြင်းကြောင့် အမေရိကန်နိုင်ငံ မှ ပဲပိစပ်တင်ပို့မှုများမှာ မတရား ယှဉ်ပြိုင်ခြင်းခံရကြောင်း အမေရိကန်အစိုးရက အကြောင်းပြခဲ့သည်။ အမေရိကန် အစိုးရ၏ ခြိမ်းခြောက်မှုကြောင့် "ကုန်သွယ်ရေးစစ်ပွဲ" တစ်ရပ် ဖြစ်ပွားတော့မည်ကဲ့သို့သော အခြေအနေ ပေါ်ပေါက်လာပြီး ဂတ်အဖွဲ့၏ စေ့စပ်ညှိနှိုင်းမှုများကို နိဂုံးကမ္ပတ် အဆုံးမသတ်နိုင်မည့် အန္တရာယ်ရှိသည်ဟု စိုးရိမ်လာခဲ့ကြသည်။

ဤအခြေအနေမှာ ခြောက်လခန့်တည်ရှိနေပြီး နိုဝင်ဘာ လတွင်မှ အမေရိကန်အစိုးရနှင့် ဥရောပကော်မရှင်တို့ စပ်ကြား သဘောတူညီမှု ရရှိခဲ့ကြသည်။ အီးစီ ၏ လယ်ယာ မြေများတွင် ပဲပိစပ်စိုက်ပျိုးမှု ဧရိယာလျှော့ချခြင်းကို အမေရိကန်တို့ကသဘောတူခဲ့သည်။ ထို့ပြင်ခြောက်နှစ်တာ ကာလတွင်းဥရောပအဖွဲ့(အီးစီ)၏ ထောက်ပံ့ကြေးခံယူ ထုတ်လုပ်သော လယ်ထွက်ကုန်များတင်ပို့မှုကို ပမာဏ ဘက်တွင် ၂၁ ရာခိုင်နှုန်းနှင့်တန်ဖိုးဘက်တွင် ၃၆ ရာခိုင်နှုန်း လျှော့ချပေးမည့် အရေးကိုလည်း အမေရိကန်တို့က သဘောတူလက်ခံခဲ့ကြသည်။ ဤသဘောတူညီချက် များသည် ၎င်း၏လယ်သမားများအား အကျိုးထိခိုက်နစ်နာ စေသည်ဟုဆိုကာ ပြင်သစ်အစိုးရကဆန့်ကျင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ဒီဇင်ဘာလတွင် ဂတ်အဖွဲ့၏ ဥရုဂွေးဝိုင်း အောင်မြင်စွာမပြီးဆုံးမီ နောက်ဆုံးမိနစ်ပိုင်း စေ့စပ်ညှိနှိုင်းမှု များ ပြုလုပ်ခဲ့ကြစဉ် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလအတွင်းက အမေရိကန်ပြည်ထောင်စုနှင့် အီးစီတို့အကြား ကောက်ပဲ သီးနှံ တင်ပို့မှုထောက်ပံ့ကြေးများနှင့်ပတ်သက်၍ရရှိခဲ့သော သဘောတူညီချက်တွင် အလျှော့အတင်းအချို့ပြုလုပ်နိုင်ခဲ့ ကြရာ၎င်းသဘောတူညီချက်သည် ဂတ်အဖွဲ့၏ စိုက်ပျိုးရေး ဆိုင်ရာ သဘောတူညီချက်အတွက် အခြေခံဖြစ်လာခဲ့ သည်။

ဤအတောအတွင်း၁၉၉၂ ခုနှစ်၊ စက်တင်ဘာနှင့် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လအကြားတွင် ငွေကြေးလဲလှယ်မှု နှုန်းများ ကယောက်ကယက်ဖြစ်ခြင်းကြောင့် အီးစီအနေဖြင့် လယ်သမားများအား ဈေးနှုန်းပံ့ပိုးမှုများ တိုးပေးခဲ့ရသည့် အပြင် ၁၉၉၃ခု၊ စက်တင်ဘာလတွင် လယ်မြေများပလပ်

ထားရသော လယ်မြေများအားပေးရသော လျော်ကြေးငွေကိုလည်း တိုးပေးခဲ့ရပေသည်။

**ငါးဖမ်းလုပ်ငန်း ကဏ္ဍ**

အထူးသဖြင့်ငါးဖမ်းကွက်များသို့ဝင်ရောက်ငါးဖမ်းခွင့် ပြဿနာနှင့် ပတ်သက်၍ ခုနစ်နှစ်တာမျှ စေ့စပ် ဆွေးနွေးခဲ့ကြပြီးသည့်နောက်တွင် အဖွဲ့ဝင် နိုင်ငံအားလုံးဆိုင်ရာ ဘုံငါးဖမ်းပေါ်လစီ ( စီအက်ဖ်ပီ) သည် အတည်ဖြစ်လာခဲ့သည်။

၁၉၇၃ ခုနှစ်တွင်ဥရောပအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပင်လယ်ရေပြင်များ၌ ၎င်းတို့၏ကမ်းခြေများမှရေမိုင် ၆ မိုင် (၁၁ ဒသမ ၁ ကီလိုမီတာ) သို့မဟုတ်အချို့ကိစ္စများတွင် ၁၂ မိုင်အထိတစ်ဦးတည်း သီးသန့်ငါးဖမ်းခွင့်ဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ကြသည်။ ယင်း၏သက်တမ်းမှာ ၁၀ နှစ် ရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် မိုင်၂၀၀ ဇုန်ကိုအတည်ပြုသည့် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြသည်။ ဤသဘောတူညီချက်က တစ်ဦးတည်းသီးသန့်အမျိုးသားနိုင်ငံတော် ဇုန်အဖြစ် ၆ မိုင်ကိုခွင့်ပြုပြီးအခြားသောနိုင်ငံများအတွက် ၎င်းတို့၏သီးခြား"သမိုင်းစဉ်လာပိုင်ခွင့်" များအရ ကမ်းခြေမှ ၆ မိုင်မှ ၁၂ မိုင်အတွင်း သွားလာဖမ်းဆီးခွင့်ကို ပေးခဲ့သည်။

ထိုအတောအတွင်း ၁၉၉၀ ပြည့်နှစ်တွင် အီးစီနိုင်ငံများ၏ ရေပြင်များ၌အချို့သောငါးမျိုးစိတ်များ စိုးရိမ်ဖွယ်ရာ လျော့ပါးလာကြောင်း ထွက်ပေါ်လာသောသတင်းများအရ ဖမ်းနိုင်သည့်ငါးပမာဏ ခွင့်ပြုချက်များကို လျှော့ချရန် သဘောတူညီခဲ့ကြသည်။ ဒေသအားလုံး၌အထူးသဖြင့် မြောက်ပင်လယ်ဒေသများ၌ တစ်လလျှင် ၈ ရက်မျှ ငါးဖမ်းဆီးခြင်းမပြုဘဲ နေရမည့် စည်းကမ်းချက်များကို ချမှတ်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်တွင်မူ ငါးဖမ်းဆီးခြင်း မပြုရမည့် ကာလကို ဖေဖော်ဝါရီလမှ ဒီဇင်ဘာလများ အတွင်း ၁၃၅ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြသည်။

၁၉၉၂ခု၊ ဒီဇင်ဘာလတွင် ဥရောပအဖွဲ့(အီးစီ)ဝန်ကြီးများကဘုံငါးဖမ်းပေါ်လစီ (စီအက်ဖ်ပီ) ကို နောက်ထပ် ၁၀ နှစ် သက်တမ်းတိုးရန် သဘောတူညီခဲ့ကြသည်။

၁၉၉၃ခု၊ ဖေဖော်ဝါရီလတွင် ဥရောပအဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် ပြင်သစ်နိုင်ငံအတွင်းသို့ ယင်းအဖွဲ့၏ ပြင်ပမှ ဈေးပေါသောငါးပြုများ ဒလဟောဝင်ရောက်လာခြင်းကို တန်ပြန်လုပ်ဆောင်ထားသောအားဖြင့် အီးစီက အချို့သောငါးမျိုးများအပေါ် အနည်းဆုံး ဈေးနှုန်းများကို ချမှတ်ပြဌာန်း ခဲ့သည်။

အီးစီသည် ငါးဖမ်းခွင့်များ အပြန်အလှန်ပေးရေး သဘောတူစာချုပ်များကို နော်ဝေး၊ ဆွီဒင်၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စု စသည့်အခြားနိုင်ငံများနှင့်အချို့သောအာဖရိကနိုင်ငံများနှင့် ချုပ်ဆိုခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ လစ်သူယေးနီးယား နိုင်ငံများနှင့်လည်းကောင်း၊ ၁၉၉၃ခုနှစ်တွင် မော်ရီတေးနီးယားနိုင်ငံနှင့်လည်းကောင်း ငါးဖမ်းခွင့်သဘောတူ စာချုပ်များ ချုပ်ဆိုခဲ့ပေသည်။

**စက်မှုလုပ်ငန်း ကဏ္ဍ**

စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ဥရောပအဖွဲ့ အထူးသဖြင့် ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့(အီးစီအက်စ်စီ)၏ အစောဆုံးလုပ်ဆောင် လှုပ်ရှားမှုဖြစ်လာခဲ့ပေသည်။ အီးစီအက်စ်စီဆိုင်ရာ စာချုပ်သည် ၁၉၅၂ခု၊ ဇူလိုင်လတွင် တရားဝင်အတည် ဖြစ်လာပြီးနောက် ၁၉၅၄ ခုနှစ် ကုန်ဆုံးချိန်တွင် ကျောက်မီးသွေးအမျိုးမျိုး၊ သံမဏိနှင့် သံအမျိုးမျိုး ရောင်းဝယ်မှုနှင့် ပတ်သက်သော အတားအဆီးအခက်အခဲ အားလုံး လိုလိုပင် ရှင်းလင်းသွားခဲ့သည်။ ဥရောပအဖွဲ့က ဈေးနှုန်းများ သတ်မှတ်ခြင်း၊ ထုတ်လုပ်မှုအဆင့်များ ကြီးကြပ်ခြင်း၊ ချေးငွေများ ပေးကမ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည် ဖွံ့ဖြိုးရေးအစီအစဉ်များအား ကူညီခြင်းပြုလုပ်ခဲ့သည်။ အီးစီအက်စ်စီစာချုပ်သည် သက္ကရာဇ် ၂၀၀၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ထိုအချိန်သို့ ကျရောက်သောအခါ အီးစီအက်စ်စီစာချုပ်ပါ ပြဌာန်းချက်များကို အီးအီးစီ (ဘုံဈေး) စာချုပ်တွင် ထည့်သွင်းရန် ဥရောပ ကောင်စီက ၁၉၉၁ ခုတွင် သဘောတူညီခဲ့သည်။

၁၉၇၇ မှ ၁၉၈၀ ပြည့်နှစ်များကာလအတွင်း ကမ္ဘာတွင် သံမဏိဝယ်လိုအား ထူးကဲစွာကျဆင်းခဲ့ခြင်းကြောင့် သံမဏိလုပ်ငန်းကြီးအတွက် အနည်းဆုံးဈေးနှုန်းစည်းကမ်းချက်များနှင့် မဖြစ်မနေလိုက်နာရသည့် ထုတ်လုပ်ရေး ပမာဏသတ်မှတ်ချက်များအပါအဝင် သံမဏိလုပ်ငန်း

အတွက် စီမံချက်များကို ချမှတ်ပြဋ္ဌာန်းခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခု၊ နိဝင်ဘာလတွင် ဥရောပကော်မရှင်က သံမဏိလုပ်ငန်းကို ထပ်မံပြုပြင် ဖွဲ့စည်းရေးအတွက် သုံးနှစ်တာ အရေးပေါ်အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပေသည်။

ဥရောပရက်ထည်နှင့် အဝတ်အထည်လုပ်ငန်းသည် ကာလရှည်ကြာစွာ နိုင်ငံခြားပြိုင်ဆိုင်မှုများ၏ ဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရသည်။ ဥရောပအဖွဲ့သည် နိုင်ငံခြားမှ တန်ဖိုးနည်းပစ္စည်း ထုတ်လုပ်ရောင်းချသူများထံမှ ကုန်တင်ပို့မှုများကို ကန့်သတ်ရေးအတွက် အမ်အက်ဖ်အေ (Multi Fibre Arrangement ) ခေါ် အပြည်ပြည်ဆိုင်ရာ အထည်အလိပ်များကုန်သွယ်ရေး အစီအစဉ်တွင် ပါဝင်လုပ်ဆောင်ခဲ့သည်။

ဥရောပအဖွဲ့၏ သင်္ဘောတည်ဆောက်မှု လုပ်ငန်းတွင် ၁၉၇၆ – ၁၉၈၀ ကာလအတွင်း ထုတ်လုပ်မှုတွင် ၅၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အလုပ်သမားအင်အားတွင် ၄၀ ရာခိုင်နှုန်း ဆုတ်ယုတ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဥရောပကောင်စီက သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအား ကူညီထောက်ပံ့ရေးအတွက် ပဋ္ဌမညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထို့နောက် ၁၉၈၆ နှင့် ၁၉၉၀ ပြည့်နှစ်များတွင်လည်း ယင်းကူညီထောက်ပံ့မှုများနှင့် ပတ်သက်၍ အလားတူ ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန်ခဲ့သည်။ သင်္ဘောတည်ဆောက်မှုအတွက် နိုင်ငံတော်မှ ကူညီထောက်ပံ့ရာ၌ အများဆုံးခွင့်ပြုသည့် ရာခိုင်နှုန်းကို ၁၉၈၇ ခုနှစ်တွင် သင်္ဘောတစ်စင်းစီ၏ တန်ဖိုးတွင် ၂၈ ရာခိုင်နှုန်းမှ ၁၉၉၂ ခုနှစ်တွင် ၉ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပေသည်။

ဆက်သွယ်ပြန်ကြားရေး နည်းပညာလုပ်ငန်းတွင် ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ၄င်းတို့၏ တိုးတက်သောအီလက်ထရွန်းနစ်ပစ္စည်းကိရိယာများဖြင့် ဈေးကွက်တွင် လွှမ်းမိုးနေကြခြင်းကို ထောက်ရှု၍ ဥရောပကော်မရှင်က ဤလုပ်ငန်းတွင် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အတူတကွတွဲဖက်ပေါင်းစပ်လုပ်ဆောင်ရေး မဟာဗျူဟာတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် အဆိုပြုချက်အများအပြား ပြုလုပ်ခဲ့သည်။ အက်စ်ပရစ် (ESPRIT)ခေါ် ဥရောပဆက်သွယ်ပြန်ကြားရေးသုတေသနမဟာဗျူဟာ အစီအစဉ်မှာ အဘက်ဘက်တွင် အလုံးစုံယှဉ်ပြိုင်နိုင်သော ဥရောပစက်မှုလုပ်ငန်းမျိုးအတွက် နည်းပညာအခြေခံ အုတ်မြစ်များ တည်ဆောက်ချထားရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် (တယ်လီဖုန်းဆက်သွယ်မှုနှင့် တယ်လတ်စ်ဆက်သွယ်မှုတို့မှတစ်ပါး) ကြေးနန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတွင် ဈေးကွက်ကို ဖွင့်ပေးရန် ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်သက်ဆိုင်သည့်ဘုံပို့ဆောင်ရေး ပေါ်လစီတစ်ရပ် ချမှတ်ထားရှိရေးကို ရောမစာချုပ်တွင် ဖော်ညွှန်းပြဋ္ဌာန်းထားရှိသည်။ ရည်ရွယ်ချက်မှာ ဥရောပအဖွဲ့အတွင်း ယာဉ်ရထားများ လွတ်လပ်စွာ သွားလာမှုကို တားဆီးပိတ်ပင်သည့် နိုင်ငံအသီးသီးတို့၏ စည်းမျဉ်းဥပဒေများကို ညီညွတ်မှုရှိစေရန် တဖြည်းဖြည်း စံချလုပ်ဆောင်ကြရန် ဖြစ်သည်။

ဥရောပအဖွဲ့ဝင်နိုင်ငံများ၏ နယ်ခြားများတွင် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖျက်သိမ်းရေး စီမံဆောင်ရွက်ချက်များမှာ ၁၉၉၁ ခုနှစ် နှစ်လယ်တွင် ပြီးဆုံး၍ ၁၉၉၃ခု၊ ဇန်နဝါရီလ အစပိုင်းတွင် အာဏာသက်ဝင်လာခဲ့သည်။ သို့ဖြစ်စေကာမူ လူများလွတ်လပ်စွာ ကူးလူးသွားလာရေးနှင့် ပတ်သက်၍မူ ဥရောပအဖွဲ့ဝင် အစိုးရများစပ်ကြား၌ သဘောကွဲလွဲမှုများ ရှိနေဆဲဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာလည်း နယ်ခြားများအား စနစ်တကျ ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်ကြသူ လူဆိုးလူပျက်များက တံခါးမရှိ ဓားမရှိ အလွဲသုံးစားပြုကြခြင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ရေးအတွက် အလွဲသုံးစားပြုကြခြင်း၊ ရာဇဝတ်သားများ လဲလှယ်ရေး နည်းလမ်းစဉ်များနှင့် ခိုလှုံခွင့်တောင်းခံမှုနှင့် လူဝင်လူထွက်ကိစ္စများဆိုင်ရာ စည်းမျဉ်းဥပဒေများ စသည်တို့နှင့် ပတ်သက်သည့်ပြဿနာများ ရှိခြင်းကြောင့် ဖြစ်ပေသည်။

၁၉၉၃ ခုနှစ်နှောင်းပိုင်းတွင် ဥရောပအဖွဲ့ဝင် ကိုးနိုင်ငံတို့က နယ်ခြားများ၌ လူများလွတ်လပ်စွာ ဝင်ထွက်သွားလာ ကူးသန်းမှုကို ထိန်းချုပ်ထားသော စည်းမျဉ်းစည်းကမ်းများအား ဖျက်သိမ်းသည့် "ရှင်ဂျင်သဘောတူစာချုပ်" ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဒိန်းမတ်၊ အိုင်ယာလန်နှင့်

ဗြိတိန်နိုင်ငံတို့က "ရှင်ဂျင်အဖွဲ့"တွင် မပါဝင်ဘဲနေခဲ့ကြသည်။

ဤကဏ္ဍတွင် အခြားဖြစ်ရပ်များမှာ –

– ၁၉၈၆ ခုနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးများက ကူးသန်းရောင်းဝယ်ရေး / ကုန်သွယ်ရေးယာဉ်များအဖို့ နယ်ခြားများကို ပိုမိုလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ဥရောပအဖွဲ့တစ်ဖွဲ့လုံးနှင့်အမျှ ကျယ်ပြန့်သော ခွင့်ပြုချက် ပါမစ်လက်မှတ်များထုတ်ပေးရေး စနစ်တစ်ရပ်ကို သဘောတူညီခဲ့ကြသည်။ အီးစီလမ်းမကြီးများကို အသုံးပြုသည့် ထရပ်ကားများအတွက် အားလုံးနှင့် သက်ဆိုင်သော အခွန်အခပေးရေးစနစ်တစ်ရပ်ကိုလည်း ပြုလုပ်ခဲ့ကြသည်။

– ၁၉၈၇ ခုနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးများက လေကြောင်းပို့ဆောင်ရေးကို လွတ်လပ်စွာပြုလုပ်နိုင်ရန် ဖွင့်ပေးသည့် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် လေယာဉ်ပျံသန်းမှုများ ထူထပ်ပြည့်ကျပ်ခြင်းကို လျော့နည်းကျဆင်းစေမည့် အစီအမံများကို ချမှတ်ခဲ့ကြသည်။ ထို့အပြင် လေယာဉ်ဖြင့် ကုန်စည်များသယ်ယူပို့ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းအား လွတ်လပ်စွာ ပြုလုပ်နိုင်ရန် ဖွင့်ပေးခြင်းအပါအဝင် အခြားအစီအမံများကို ဝန်ကြီးများက ၁၉၉၀ ပြည့်နှစ်တွင် သဘောတူညီခဲ့ကြသည်။ ၁၉၉၂ ခုနှစ်တွင် ဝန်ကြီးများက "ကောင်းကင်တစ်ခွင် ဟင်းလင်းပြင် " (Open Skies) အစီအစဉ်တစ်ရပ်ကို သဘောတူညီခဲ့ကြသည်။ ဤအစီအစဉ်အရ မည်သည့် ဥရောပအဖွဲ့ လေကြောင်းပျံသန်းမှုမဆို အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းခရီးစဉ်များကို ပျံသန်းမှုရှိမည်ဖြစ်သည်။ (၁၉၉၇ ခု၊ဧပြီ ၁ ရက်နေ့တွင် စတင်ပြုလုပ်ရန်ဖြစ်သည်။)

၁၉၉၈ ခုနှစ်တွင် ဥရောပအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် သက်ဆိုင်သည့် ဘုံရေကြောင်းပို့ဆောင်ရေးပေါ်လစီတစ်ရပ် ချမှတ်ရေးအတွက် တိုးတက်မှုရရှိခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် ဥရောပကော်မရှင်က ဥရောပအဖွဲ့ဆိုင်ရာ သင်္ဘောများအား မှတ်ပုံတင်မှု ပြုလုပ်ပေးရေး အစီအစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ရန် အဆိုပြုတင်ပြခဲ့သည်။ ထို့အပြင် သင်္ဘောကုမ္ပဏီများအနေဖြင့် ဥရောပအဖွဲ့နယ်ပယ်အတွင်း မည်သည့်နေရာ၌မဆို ရေကြောင်းပို့ဆောင်မှု ပြုလုပ်ပေးနိုင်သည့် လွတ်လပ်ခွင့်ရှိရေးအတွက်လည်း အဆိုပြုတင်ပြခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဥရောပကောင်စီက ပင်လယ်ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းလုံခြုံရေးအတွက် ညွှန်ကြားချက်များ မူကြမ်းနှစ်စောင်ကို သဘောတူအတည်ပြုခဲ့သည်။

မီးရထားလမ်းများ ဆက်သွယ်ခုတ်မောင်းသွားလာမှုများနှင့် ပတ်သက်၍လည်း ဥရောပကော်မရှင်က ၁၉၈၉ ခုနှစ်တွင် ရထားသံလမ်းများ နှစ်ဖက်နှစ်ချောင်း အကွာအဝေး (Guage) စံနှုန်းများနှင့် အချက်ပေးစနစ်များကို စံတစ်မျိုးတည်းဖြင့် ထားရှိလုပ်ဆောင်ကြရေးစသည့် စက်မှုပညာပိုင်းတွင် ညီညွတ်မှုများရှိရေးအပါအဝင် ပိုမိုပေါင်းစပ်ဖွဲ့စည်းမှုများ ရရှိစေမည့် မီးရထားပေါ်လစီတစ်ရပ်ချမှတ်ရေးအတွက် အဆိုပြုချက်များကို သဘောတူအတည်ပြုခဲ့သည်။ ထိုနောက် ၁၉၉၀ ပြည့်နှစ် တွင် ၎င်းကော်မရှင်က ဥရောပတစ်ခွင် အရှိန်အဟုန်ကြီးမားသည့် အထူးအမြန်ရထားများ ခုတ်မောင်းသွားလာရေးအတွက် ရထားလမ်းများ ဆက်သွယ်ဖောက်လုပ်ရေး မူလပင်မ စီမံကိန်းကြီးတစ်ရပ်ကို အကြမ်းရေးဆွဲပြုလုပ်ခဲ့ပေသည်။

**စွမ်းအင်ကဏ္ဍ**

ယူရာတွမ် (EURATOM) ခေါ် ဥရောပစွမ်းအင်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်သည့် စာချုပ်သည် ၁၉၅၈ ခု၊ ဇန်နဝါရီ ၁ ရက်နေ့တွင် တရားဝင်အတည် ဖြစ်လာခဲ့သည်။ ယင်း၏ရည်ရွယ်ချက်မှာ ဥရောပအဖွဲ့အတွင်း နျူကလီးယားစွမ်းအင် စက်မှုလုပ်ငန်းကို နည်းအဖုံဖုံဖြင့် တိုးတက် ကြီးထွားလာစေရေးအတွက် အားပေးအားမြှောက် ပြုရန်ဖြစ်သည်။ နျူကလီးယားပစ္စည်းများအတွက် ဘုံဈေးတစ်ခုကို ၁၉၅၉ ခုနှစ်တွင် တည်ထောင်ဖန်တီး ခဲ့ကြသည်။ နျူကလီးယား အန္တရာယ်ကင်းလုံခြုံရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်မှုအတွက် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ အဖွဲ့(အိုင်အေအီးအေ )နှင့် ချုပ်ဆိုသောစာချုပ်သည် ၁၉၇၇ ခုနှစ်တွင် တရားဝင် အတည်ဖြစ်လာခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ဥရောပကောင်စီက ၁၉၈၆ – ၉၅ ဆယ်စုနှစ်အတွက် စွမ်းအင်ဆိုင်ရာ ရည်ရွယ်ချက်များကို ချမှတ်ခဲ့သည်။ ယင်းရည်ရွယ်ချက်များမှာ ဥရောပအဖွဲ့ အနေဖြင့် ရေနံအပေါ်အားထားနေရမှုကို စွမ်းအင်အသုံးပြုမှု၏ ၄၀ ရာခိုင်နှုန်းအထိ ထိန်းချုပ်ထားရန်အတွက်လည်းကောင်း၊ အသားတင်ရေနံဝယ်ယူတင်သွင်းမှုများကို စွမ်းအင်အသုံးပြုမှု၏ ၃၀ ရာခိုင်နှုန်းအထိ၌သာ ထိန်းချုပ်ထားရှိရန် အတွက်လည်းကောင်း ဖြစ်ပေသည်။ ရည်မှန်းချက်တစ်ရပ်မှာ စွမ်းအင်သယံဇာတအသစ်များနှင့် အသစ်တစ်ဖန် ပြန်လည်ထုတ်လုပ်နိုင်သော စွမ်းအင်သယံဇာတများ (ဥပမာအားဖြင့် လေအား၊ နေပူအား၊ ဟင်းသီးဟင်းရွက်ဆီနှင့် ဇီဝအညစ်အကြေးများ) ကို တိုးတက်အသုံးပြုနိုင်ရန်ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် နည်းပညာသစ်များ ဖော်ထုတ်နိုင်ရန် အလို့ငှာ ၁၉၉၃ ခုနှစ်– နှစ်ဝက်ပိုင်းတွင် တီထွင်မှု သဘောရှိသော စွမ်းအင်စီမံချက် ၅၂၈ အတွက် ဥရောပငွေကြေး အီးစီယူ ၄၁၅ သန်းကျော်မျှ ထောက်ပံ့ရန် လျာထားခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဥရောပကောင်စီအနေဖြင့် မှန်လုံအိမ်အာနိသင်ဖြင့် ရာသီဥတုကို ပြောင်းလဲစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ထုတ်လွှတ်မှုများကို သက္ကရာဇ် ၂၀၀၀ အရောက်တွင် ၁၉၉၀ ပြည့်နှစ်အဆင့်တွင် တည်တည်တံ့တံ့ထားရှိရန် သဘောတူညီခဲ့ကြသည်။ ၁၉၉၃၊ ဇွန်လတွင်လည်း ဤကိစ္စနှင့် ပတ်သက်၍ ကာဗွန်ဓာတ်ထုတ်လွှတ်မှု လျော့နည်းရေးအတွက် အစီအစဉ်သစ်နှစ်ရပ်ကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

## သိပ္ပံနှင့် နည်းပညာကဏ္ဍ

၁၉၈၇ ခု၊ ဇူလိုင်လတွင် စတင်အတည်ဖြစ်လာခဲ့သည့် ရောမစာချုပ်တွင် ပြင်ဆင်မှုများပြုလုပ်ရာ၌ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကဏ္ဍတစ်ရပ်ကို ပထမဆုံးအကြိမ် ထည့်သွင်းခဲ့ကြသည်။ ဤကဏ္ဍတွင် ဥရောပအဖွဲ့အတွင်း ဤအရေးကိစ္စ၌ ပူးပေါင်းဆောင်ရွက်ရမည့် အတိုင်းအတာကို သတ်မှတ်ဖော်ပြထားသည်။ ၁၉၉၀ – ၉၄ ကာလအတွင်း သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးအား ထောက်ပံ့ရေး အစီအစဉ်အတွက် ဥရောပငွေကြေး အီးစီယူ သန်း ၆,၆၀၀ သတ်မှတ်ပေးထားသည်။

ဥရောပအဖွဲ့ပိုင် ပူးကွဲသုတေသနဗဟိုဌာန (ဂျေအာရ်စီ) ကို ၁၉၈၉ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ရာ အီတလီ၊ ဗဲလဂျီယံ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများတွင် အခြေစိုက်သည့် ဌာန ရှစ်ခု ပါဝင်ပေသည်။

ဥရောပဆက်သွယ်ပြန်ကြားရေး သုတေသန မဟာဗျူဟာ အစီအစဉ် (အက်စ်ပရစ်) ကို ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဥရောပအဖွဲ့က ဥရောပတိုက်တွင် တိုးတက်သော ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွဲဖက်သုတေသန အစီအစဉ်တစ်ရပ်ကို စတင်ဖော်ဆောင်လုပ်ကိုင်ခဲ့သည်။

စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းတို့တွင် ခေတ်မီဇီဝဗေဒ အသုံးပြုမှုကို တိုးတက်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဥရောပအဖွဲ့က ဇီဝနည်းပညာ သုတေသနလုပ်ငန်းကို အားပေးထောက်ပံ့သည်။ ၁၉၉၀ – ၉၄ ကာလအတွင်း ဇီဝနည်းပညာအစီအစဉ် (Bridge) ၌ ၁၉၉၂ ခုနှစ် ကုန်ဆုံးချိန်တွင် သုတေသနအဖွဲ့ ၅၇၉ ဖွဲ့တို့က စီမံချက် ၇၆ ခုကို ဆောင်ရွက်လျက်ရှိကြသည်။ ဇီဝနည်းပညာပေါ်တွင် အခြေပြုသည့် အီကလဲယား (ECLAIR) အစီအစဉ်ခေါ် စိုက်ပျိုး – စက်မှု သုတေသနလုပ်ငန်းကို ဘတ်ဂျက်ရန်ပုံငွေ ဥရောပ ငွေကြေး အီးစီယူ သန်း ၆၀ ဖြင့် ၁၉၈၉ – ၉၃ ကာလအတွင်း ဆောင်ရွက်ခဲ့ကြသည်။ အစားအစာ သိပ္ပံနှင့် နည်းပညာနှင့် ပတ်သက်သည့် ဖလဲယား (FLAIR) အစီ အစဉ်ခေါ် သုတေသနလုပ်ငန်းကိုလည်း အထက်ပါ ကာလအတွင်း၌ လုပ်ကိုင်ခဲ့ကြသည်။

စိုက်ပျိုးရေးနှင့်စိုက်ပျိုး–စက်မှုလုပ်ငန်းအတွက် သုတေသနနှင့် တိုးတက်ဖွံ့ဖြိုးရေး အစီအစဉ်သစ်တစ်ရပ်ကို ၁၉၉၁– ၉၄ ကာလအတွက် ရန်ပုံငွေ အီးစီယူ ၃၃၃ သန်းဖြင့် အတည်ပြုခဲ့ကြသည်။ ဇီဝ – ဆေးဝါးနှင့် ကျန်းမာရေး ဆိုင်ရာ သုတေသနလုပ်ငန်း အစီအစဉ်တစ်ရပ်ကို ၁၉၉၀ – ၉၄ ကာလအတွင်း အီးစီယူ ၁၃၃ သန်း သုံးစွဲလုပ်ဆောင် ရန် အတည်ပြုခဲ့သည်။

၁၉၈၅ ခုနှစ်တွင် ဥရောပကောင်စီက စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာများ၊ လေယာဉ်ပညာ၊ ဓာတုပစ္စည်းများ၊ အထည်အလိပ်များနှင့် သတ္တုလုပ်ငန်းများ စသည့်လက်ရှိ စက်မှုလုပ်ငန်းများ အကျိုးအတွက် နည်းလမ်းသစ်များ ဖန်တီးဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် စက်မှုလုပ်ငန်း နည်းပညာများတွင် အခြေခံသုတေသနပြုမှုများ လုပ်ဆောင်ရန် အစီအစဉ်တစ်ရပ်ကို အတည်ပြုခဲ့သည်။

ဥရောပအဖွဲ့ (အီးစီ) သည် နှစ်နိုင်ငံချင်း သုတေသနစီမံချက်များတွင် အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ (အထူးသဖြင့် အက်ဖ်တာခေါ် ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအသင်းဝင်နိုင်ငံများ ) နှင့် ပူးပေါင်းဆောင်ရွက်သည်။ ဤတွင် ၁၉၉၀–၉၄ ကာလအတွင်း ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းနိုင်ငံများနှင့် သိပ္ပံပညာနှင့် စက်မှုပညာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်တွင် ၁၉၉၂ ခုနှစ်အတွက် အီးစီယူ ၅၅ သန်းမျှ သုံးစွဲလုပ်ဆောင်ရန် လျာထားသတ်မှတ်ခဲ့ပေသည်။

**ဥရောပအဖွဲ့ (အီးစီ) တစ်ဖြစ်လဲ ဥရောပသမဂ္ဂ (အီးယူ) မော့စ်ထရစ်စာချုပ်**

ဥရောပဘုံဈေး (အီးစီ) ကို ရောမစာချုပ်ဖြင့် ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ပြီးနောက် စာချုပ်ဝင်ဥရောပနိုင်ငံများ၏ အစုအသင်းဘုံဈေး (အီးအီးစီ) နှင့် ဥရောပအဖွဲ့ (အီးစီ) ဟု အလဲအလှယ် ခေါ်ဝေါ်ခဲ့ကြသည့်အပြင် တစ်ခါတစ်ရံ၌ ဥရောပသမဂ္ဂ (အီးယူ) ဟူ၍ပင် အလွတ်သဘော သုံးနှုန်းခေါ်ဝေါ်လာခဲ့ကြသည်။

အထက် နောက်ဆုံးအခေါ်အဝေါ်မှာ ပိုမိုတွင်ကျယ်လာခဲ့ရာ ဥရောပစာချုပ်၏အဝန်းအတားကို ထပ်မံပြင်ဆင်တိုးချဲ့သည့် စာချုပ်တစ်ရပ်ကို ဥရောပအဖွဲ့၏ အစိုးရခေါင်းဆောင်များက၁၉၉၁ခု၊ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံ၊ မော့စ်ထရစ်မြို့တွင် သဘောတူအတည်ပြုခဲ့ကြသည်။ ၁၉၉၂ခု၊ ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၃ခု၊ အောက်တိုဘာလတွင် အဖွဲ့ဝင်နိုင်ငံအားလုံးမှ အတည်ပြုခဲ့ကြသည်။ ၎င်းစာချုပ်သည် ၁၉၉၃ခု၊ နိုဝင်ဘာ ၁ရက်နေ့တွင် တရားဝင် အတည်ဖြစ်လာခဲ့သည်။ ဤစာချုပ်ဖြင့် စာချုပ်ဝင်နိုင်ငံများက ၎င်းတို့အားလုံးအတွက် "ဥရောပသမဂ္ဂ" (အီးယူ) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ (ဤစာချုပ်ကို မော့စ်ထရစ်စာချုပ်ဟု ခေါ်ဝေါ်ခဲ့ကြသည်)

ထိုနောက် အထက်ပါစာချုပ်ဆိုင်ရာ အခြေပြုစာချုပ်တစ်ရပ်ကို အတည်ပြုခဲ့ကြပြီး ၁၉၈၉ ခုနှစ် လူမှုရေးပဋိညာဉ်စာတမ်းအပေါ် အခြေခံသည့် လူမှုရေးပေါ်လစီနှင့် ပတ်သက်သော သီးခြားစာချုပ်ကို ဗြိတိန်နိုင်ငံမှတစ်ပါး အဖွဲ့ဝင်နိုင်ငံအားလုံးက လက်မှတ်ရေးထိုးခဲ့ကြသည်။

ဤစာချုပ်သည် ဥရောပပြည်သူများစပ်ကြား ပိုမိုရင်ကြားစေ့စေသော သမဂ္ဂတစ်ခုဖန်တီးရေးဖြစ်စဉ်၌ မှတ်တိုင်သစ်တစ်ခုကို စိုက်ထူလိုက်ခြင်းဖြစ်သည်။ ဤသမဂ္ဂအတွင်း၌ ဆုံးဖြတ်ချက်များကို ဥရောပပြည်သူများကိုယ်တိုင် ဖြစ်နိုင်သမျှဆုံးဖြတ်ရမည့် အခြေအနေမျိုးဖြစ်ပေါ်တည်ရှိလာပါသည်။ ယင်း၏လုပ်ငန်းတာဝန်မှာ အဖွဲ့ဝင်နိုင်ငံများ စပ်ကြား၌သော်လည်းကောင်း၊ ပြည်သူများ စပ်ကြား၌သော်လည်းကောင်း ဆက်ဆံရေးများကို ညီညွတ်ပေါင်းစည်းမှု သရုပ်ထင်စေမည့်ပုံစံဖြင့် စည်းရုံးစီစဉ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း စာချုပ်က လမ်းညွှန်မှုပေးထားသည်။

**ဥရောပသမဂ္ဂသို့ အဖွဲ့ဝင်အဖြစ် ပါဝင်ရေး**

ဥရောပသမဂ္ဂတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် ဩစတြီးယား၊ ဖင်လန်၊ နော်ဝေးနှင့် ဆွီဒင်နိုင်ငံများနှင့် အလေးအနက်ပြုလုပ်သော စေ့စပ်ဆွေးနွေးမှုများသည် ၁၉၉၄ ခုနှစ်၊ မတ်လအတွင်းပြီးဆုံးသွားခဲ့သည်။ ယင်းဆွေးနွေးမှုများမှာ ၁၉၉၃ ခုနှစ်ပထမလေးလတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းလေးနိုင်ငံစလုံးပင် အဖွဲ့ဝင်ခုနစ်နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် လွတ်လပ်သော ဥရောပစီးပွားရေးနယ်ပယ် ( EFTA ) တွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ ထို့အပြင် ဥရောပစီးပွားရေးနယ်ပယ် ( EEA ) တွင်လည်း အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ကြသည်။

နော်ဝေးနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂတွင်ပါဝင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ကို ၁၉၉၄ခု၊ နိုဝင်ဘာ ၂၈ ရက်နေ့တွင် နော်ဝေးနိုင်ငံ၌ကျင်းပခဲ့ရာ၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ၈၈ ရာခိုင်နှုန်းတို့က မဲဆန္ဒပေးခဲ့ကြပြီး သဘောမတူ ကန့်ကွက်သူ ၅၂ ဒသမ ၂ရာခိုင်နှုန်းနှင့် သဘောတူ လက်ခံသူ ၄၇ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ပယ်ချ

ခဲ့သည်။ မဲဆန္ဒမပေးမီ ရက်သတ္တပတ်ပေါင်းများစွာကြာမျှ ပြင်းထန်စွာ ငြင်းခုံပြောဆို မဲဆွယ်ခဲ့ကြသည်။

အခြားမျက်နှာစာ တစ်ရပ်မှာ ယခင်က ဆိုဗီယက်ပြည်ထောင်စု၏ အပေါင်းအပါများဖြစ်ခဲ့ကြသော အရှေ့ဥရောပနိုင်ငံများက အီးစီ/ အီးယူတို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်လိုသော ဆန္ဒရှိလာကြခြင်းပင် ဖြစ်သည်။ ဟန်ဂေရီနှင့် ပိုလန်နိုင်ငံတို့သည် ဥရောပသမဂ္ဂတွင် အဖွဲ့ဝင်ဖြစ်ရန် ပထမဆုံးလျှောက်ထားခဲ့ကြသည့် ယခင်ကွန်မြူနစ်နိုင်ငံများ ဖြစ်လာခဲ့ကြသည်။ ဟန်ဂေရီက ၁၉၉၄ခု၊ ဧပြီ ၁ ရက်နေ့နှင့် ပိုလန်က ဧပြီ ၈ ရက်နေ့တွင် အဆိုပြုခဲ့ကြခြင်း ဖြစ်သည်။ မည်သည့်အချိန်တွင် အဖွဲ့ဝင်ခွင့်ရမည်ကို အနောက်ဥရောပအဖွဲ့အစည်းများက ပြောကြားခြင်းမရှိသဖြင့် ပိုလန်၊ဟန်ဂေရီနှင့် အခြားနိုင်ငံများက စိတ်မချမ်းမသာဖြစ်နေကြောင်း ၁၉၉၄ခု၊ နိုဝင်ဘာကုန် ပိုင်းတွင် သတင်းများထွက်ပေါ်လာခဲ့သည်။

ဤအတောအတွင်း ၁၉၉၄ ခု၊ မတ်လ ၂၃ ရက်နေ့တွင် ဥရောပသမဂ္ဂနှင့် ယူကရိန်းနိုင်ငံတို့သည် အကျိုးတူတွဲဖက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသည်မှာ ယခင် ဆိုဗီယက်သမ္မတနိုင်ငံ တစ်နိုင်ငံနှင့် ပထမဆုံးစာချုပ် ချုပ်ဆိုခြင်းပင် ဖြစ်သည်။ ဤစာချုပ်၌ လွတ်လပ်သော ကုန်သွယ်ရေးဒေသတစ်ခု တည်ထောင်ရေးအလားအလာနှင့်တကွ နှစ်ဦးနှစ်ဖက် စီးပွားရေးနှင့်နိုင်ငံရေးအရ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

**နိုင်ငံခြားဆက်ဆံမှုများ**

ဥရောပသမဂ္ဂသည် ၎င်း၏ကိုယ်ပိုင်လုပ်ပိုင်ခွင့်အရ နိုင်ငံပေါင်းများစွာနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း သံတမန်ဆက်ဆံမှုများ ရှိသည့်အပြင် ဂတ်အဖွဲ့ကဲ့သို့အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံများတွင် အဖွဲ့အစည်းတစ်ရပ်အဖြစ်ဖြင့် ပါဝင်ဆင်နွှဲသည်။ ယင်းသမဂ္ဂသည် ကုလသမဂ္ဂ၌ လေ့လာသူအဆင့်အတန်းကို ရရှိထားသည်။ နိုင်ငံနှင့် နိုင်ငံစုအမြောက်အမြားနှင့် သဘောတူစာချုပ်များ ချုပ်ဆိုကာ ကုန်သွယ်ရေးနှင့် အခြားရေးရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခွင့်များ ရရှိခဲ့သည်။ ယင်းသမဂ္ဂသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အမျိုးမျိုးတွင်လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

၁၉၈၇ခု၊ ဇူလိုင် ၁ ရက်နေ့ချုပ်ဆိုသော တစ်ခုတည်းသော ဥရောပအက်ဥပဒေအရ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံခြားရေးရာကိစ္စများတွင် တစ်ဦးနှင့်တစ်ဦး အကြောင်းကြား အသိပေးကာ ဆွေးနွေးတိုင်ပင် ကြရမည်ဖြစ်သည်။ ဥရောပသမဂ္ဂဆိုင်ရာ စာချုပ်ပါပြဋ္ဌာန်းချက်များအရ အဖွဲ့ဝင်အစိုးရများသည် နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ ကိစ္စများတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တွဲဖက်ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။ ဤစာချုပ်၌ အဆုံးစွန်သော ကာလတွင် ဘုံကာကွယ်ရေးပေါ်လစီတစ်ရပ် ပြုလုပ်ချမှတ်ရေးအတွက် မျှော်မှန်းချက်ရှိသည့်အပြင် ဘုံကာကွယ်ရေးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထူထောင်မည့် အလားအလာ လည်းရှိသည်။

အနောက်ဥရောပ သမဂ္ဂဟူသောအမည်ဖြင့် တည်ရှိ၍ ဒိန်းမတ်၊ ဂရိနှင့် အိုင်ယာလန်နိုင်ငံတို့မှတစ်ပါး ကျန်ရှိသည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးပါဝင်သည့် အဖွဲ့အစည်းကို ၎င်းသမဂ္ဂ၏ ကာကွယ်ရေးအစိတ် အပိုင်းအဖြစ် ဖန်တီးကြမည် ဖြစ်သည်။ သို့သော် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) သို့ တာဝန်ခံယူထားချက်များကိုမူ ဂရုပြု လေးစားကြမည် ဖြစ်သည်။

ဘုံနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒသည် ဥရောပအဖွဲ့ (အီးစီ)၏လုပ်ပိုင်ခွင့်အတွင်း၌ တည်ရှိသည်။ ဤ လုပ်ငန်းနယ်ပယ်၌ ဆုံးဖြတ်ချက်များကို ဥရောပကောင်စီနှင့် ဝန်ကြီးများကောင်စီတို့က ပြုလုပ်ကြသည်။

**ဥရောပငွေကြေးယူနစ်**

ဥရောပ ငွေကြေးစနစ် (အီးအမ်အက်စ် ) ကို တည်ထောင်ဖန်တီးခဲ့ကြရာတွင် ဥရောပငွေကြေးယူနစ် (အီးစီယူ) ခေါ် ငွေကြေးယူနစ် အသစ်တစ်မျိုးကို အတည်ပြု ပြဋ္ဌာန်းခဲ့ကြသည်။ ယင်း၏တန်ဖိုးနှင့် ဖွဲ့စည်းမှုမှာ ဥရောပအဖွဲ့၏ အုပ်ချုပ်ရေးနယ်ပယ်များ၌ သုံးစွဲနေပြီဖြစ်သော အီးယူအေ (EUA) ခေါ် ဥရောပငွေစာရင်းယူနစ်နှင့် တူညီသည်။

၁၉၇၉ ခုနှစ်မှ၍ အီးစီယူကို ဘုံစိုက်ပျိုးရေး ပေါ်လစီ ရေးရာကိစ္စများအတွက် ငွေကြေးအဖြစ်အသုံးပြုခဲ့ကြသည်။ အီးစီယူသည် ၁၉၈၁ ခုနှစ်မှစ၍ ဥရောပအဖွဲ့ (အီးစီ) ၏ ရသုံးငွေစာရင်းတွင် အီးယူအေကို ဖယ်ရှား၍ ၎င်း၏နေရာကို အစားထိုးဝင်ယူခဲ့လေသည်။ ယခုအခါ၌ အီးစီယူသည် ဥရောပအဖွဲ့၏ တစ်ခုတည်းသော ငွေကြေးယူနစ်ဖြစ်သည်။

အီးစီယူသည်ရောပြွမ်းပေါင်းစပ်ထားသော (Composite) ငွေကြေးယူနစ်တစ်ခုဖြစ်သည်။ ဤငွေကြေးယူနစ်အတွင်း၌ ငွေကြေးတစ်ခုစီ၏ စံနှုန်းတန်ဖိုး ( Relative-Value) ကို နိုင်ငံတစ်နိုင်ငံစီ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီအင်ပီ) နှင့် ကုန်သွယ်မှုပမာဏအရ ပိုင်းခြား သတ်မှတ်သည်။

၁၉၈၅ ခုနှစ်၊ ဇွန်လတွင် ဥရောပအဖွဲ့၏ ဗဟိုဘဏ်ဥက္ကဋ္ဌများကအီးစီယူငွေကြေးသုံးစွဲမှု တိုးတက်ကျယ်ပြန့်ကာ ဥရောပငွေကြေးစနစ် ( အီးအမ်အက်စ်)ကို ခိုင်မာအောင် ပြုလုပ်ရန် ရည်ရွယ်လျက် စီမံချက်များ ချမှတ်လုပ်ဆောင်ခဲ့ကြသည်။ ၁၉၈၉ခု၊ ဇွန်လတွင် ပေါ်တူဂီနိုင်ငံနှင့် စပိန်နိုင်ငံ တို့၏ ငွေကြေးများကို အီးစီယူ၏ ဖွဲ့စည်းမှုတွင် ၎င်းနှစ် စက်တင်ဘာ ၂၀ ရက်နေ့မှစ၍ ထည့်သွင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုနေ့ရက်မှစ၍ အီးစီယူဖွဲ့စည်းမှု၌ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားငွေကြေးပမာဏများ၏"တန်ဖိုးညီမျှမှု"ကိုရာခိုင်နှုန်းများဖြင့်ဖော်ပြခဲ့သည်။ ဥပမာအားဖြင့်ပြင်သစ်ဖရန့်ငွေ–၁၉ ဒသမ ၀၊ ဂျာမန်ဒွိုက်ရှ်မတ်ငွေ– ၃၀ ဒသမ၁၊ ဗြိတိသျှပေါင်စတာလင် – ၁၃ ဒသမ ၀ ။

၁၉၉၃ခု၊ စက်တင်ဘာ ၃၀ ရက်နေ့တွင် အီးစီယူ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၆၀၄ ဖြစ်ခဲ့သည်။

**ဥရောပအဖွဲ့၏ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးအခြေအနေ**

ဥရောပအဖွဲ့(အီးစီ)၏ ယေဘုယျသုံးငွေစာရင်း (ဘတ်ဂျက်) တွင်ဘုံဈေးအဖွဲ့ (အီးအီးစီ)နှင့် ယူရေတွမ်အဖွဲ့တို့၏အသုံးစရိတ်နှင့် ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့( အီးစီအက်စ်စီ) ၏ အုပ်ချုပ်ရေးအသုံးစရိတ်တို့ ပါဝင်သည်။ ဥရောပကော်မရှင်သည် ၎င်းဘတ်ဂျက်ကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။

ဥရောပအဖွဲ့၏ ရငွေများတွင် အခွန်အတုတ်များနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ထည့်ဝင်ကြေးများပါဝင်သည်။

၁၉၉၃ ခုနှစ်အတွက် အီးစီကော်မရှင်၏ စုစုပေါင်းဘတ်ဂျက်အသုံးစရိတ် လျာထားငွေများမှာ အီးစီယူ ၆၄,၄၀၅,၃၈၉, ၆၈၈ (အီးစီယူ ၆၄, ၄၀၅ သန်းကျော်) ရှိသည်။

ဤငွေများတွင် အုပ်ချုပ်ရေးအတွက် အီးစီယူ ၂,၂၈၃, ၆၀၉,၆၈၈ (အီးစီယူ ၂,၂၈၃ သန်းကျော်) နှင့် လုပ်ငန်း ဆောင်ရွက်မှုများ (စီမံကိန်း၊ စီမံချက်စသည်များ ဖော်ဆောင်ရေး)အတွက် အီးစီယူ ၆၂,၁၂၁, ၇၀၀,၀၀၀၊ (အီးစီယူ ၆၂,၁၂၁ သန်း) ပါဝင်သည်။

ရငွေဘက်တွင် စုစုပေါင်းအခွန်ငွေများရရှိမှုမှာ ၁၉၉၃ ခုနှစ်တွင် အီးစီယူ ၆၅,၅၂၂ ဒသမ ၆သန်းရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ ဤငွေပမာဏတွင် အဖွဲ့ဝင်နိုင်ငံများ၏ ထည့်ဝင်ကြေးများမှာ အီးစီယူ ၆၅,၀၆၄ ဒသမ ၉သန်း ခန့်ရှိသည်။ ထည့်ဝင်ကြေးများတွင် အများဆုံးထည့်ဝင်သူမှာ ဂျာမနီနိုင်ငံ (၂၈ ဒသမ ၇ ရာခိုင်နှုန်း) နှင့်အနည်းဆုံး ထည့်ဝင်သူမှာ လူဇင်ဘတ်နိုင်ငံ ( သုညဒသမ ၂ ရာခိုင်နှုန်း) ဖြစ်သည်။

တက်ထွန်းအောင်

**အင်ဒိုနီးရှားနိုင်ငံ။** ။အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာကြီးနှစ်စင်းအကြား ဖြတ်လမ်းနှင့် အာရှတိုက်နှင့် ဩစတြေးလျတိုက် နှစ်တိုက်အကြား ပေါင်းကူးဒေသအဖြစ် ရပ်တည်လျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် ကျွန်းပေါင်း ၁၇,၀၀၀ ကျော်ရှိ၍ ထိုကျွန်းများတွင် တောတောင်အထပ်ထပ် ကာဆီးဖုံးအုပ်နေသည်။တောတောင်များကို ကျော်ဖြတ် စီးဆင်းသော မြစ်များပေါများသည်။ နိုင်ငံ၏လူဦးရေမှာ ၁၇၉ သန်းကျော်ရှိပြီး လူမျိုးစုပေါင်း ၃၀၀ ကျော်ရှိသည်။ သက္ကရာဇ် ၂၀၂၀ အရောက်တွင် လူဦးရေသန်း ၂၅၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ဘာသာစကားပေါင်း ၅၈၃ မျိုး သုံးစွဲပြောဆို၍ နိုင်ငံတော်သုံး ဘာသာစကားမှာ "ဘာဟာဆာ အင်ဒိုနီးရှား" ဖြစ်သည်။

ပြည်သူတို့၏ အချုပ်အခြာအာဏာပေါ် အခြေတည်သော ဒီမိုကရေစီဟူ၍အဓိပ္ပာယ်ရသည့် ပဉ္စသီလဒီမိုကရေစီကို ကျင့်သုံးသည်။ သမ္မတဆူဟာတိုသည် ပဉ္စမမြောက် သမ္မတသက်တမ်းအတွက် ၁၉၉၃ ခုနှစ်မတ်လအတွင်းက ထပ်မံအရွေးခံရသည်။ အမှီခိုကင်း၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကိုကျင့်သုံး၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကို ချမှတ်ထားသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄ - စာ၊ ၃၁၉၊ ၃၂၀ - ရှု ။)

**နိုင်ငံရေး** – ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင် ဥပဒေအရ ၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံသည် ပင်လယ်ပြင် ကျွန်းစုနိုင်ငံအဖြစ် သတ်မှတ်ခံရသဖြင့် ယခုအခါ တစ်စပ်တည်းပိုင်နက်ပင်လယ်ပြင် စတုရန်းကီလိုမီတာ ၅ သန်း ပိုင်ဆိုင်လာခဲ့သည်။ ထို့ကြောင့်ပင် အင်ဒိုနီးရှားနိုင်ငံ၏ အဓိကကာကွယ်ပေးရမည့် လုပ်ငန်းမှာ ပိုင်နက်ပင်လယ်ပြင် ကာကွယ်ရေးပြီးလျှင် ပင်လယ်တွင်းရှိဓာတ်ငွေ့နှင့် ရေနံသယံဇာတများ လုံခြုံရေး ဖြစ်လာသည်။

အင်ဒိုနီးရှားနိုင်ငံမှာ ကျွန်းစုများကြားရှိ ပင်လယ်ပြင်ကို ဆက်စပ်ပိုင်ဆိုင်ခွင့် ရှိလာသဖြင့် ပိုမိုကျယ်ဝန်းစွာ ကာကွယ်ပေးရေးထက် ထိုပင်လယ်ပြင်ရှိ သယံဇာတများအတွက် ပိုမိုစိတ်ပူပင်လာရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ပင်ကိုသဘော ထားခံယူချက်အရ ဒေသတွင် တည်ငြိမ်မှုကို ထောက်ခံအားပေးပြီး အာဆီယံဒေသတွင်း လုံခြုံရေး ဆွေးနွေးပွဲများကို အပြုသဘောပါဝင်၍ ကြားဖြတ်ဆွေးနွေးပွဲ များဖြစ်မြောက် ရေးအတွက်အိမ်ရှင်အဖြစ် ဒိုင်ခံကူညီဆောင်ရွက် ပေးခဲ့သည်။ သြစတြေးလျနိုင်ငံနှင့်လည်း ကာကွယ်ရေးဆိုင်ရာ သဘောတူညီမှုများ ပုံမှန်ဆောင်ရွက်စေပြီး ဒေသတွင်း တည်ငြိမ်မှုရစေရန် နှစ်ဦးနှစ်ဘက် ဆောင်ရွက် ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံမှာ နတြူးနားကျွန်းလုံခြုံရေးအတွက် ရတက်မအေးဖြစ်နေရသည့်ပြင် နိုင်ငံပိုင်နက်တစ်ခုလုံးကို ပိုင်နိုင်စွာ ကာကွယ်ထားနိုင်ရေးအတွက် ပိုမိုကြီးပမ်းအားထုတ်လာသည်မှာ ထင်ရှားသည်။

၁၉၉၄ – ၉၈ခုနှစ် ငါးနှစ်တာကာကွယ်ရေးစီမံကိန်း၏ စက္ကူဖြူစာတမ်းအရ အရည်အချင်းရောအရေအတွက်ပါ အတိုင်းအတာ တစ်ရပ်အထိ ကာကွယ်ရေးတိုးမြှင့်ရန် လိုအပ်နေသည်။အထူးသဖြင့်ရေတပ်ကဏ္ဍကို ဦးစားပေးရန် အခြေအနေက တောင်းဆိုနေသည်။ "ပြည်သူ တစ်ရပ်လုံး ပါဝင်သော လုံခြုံရေးနှင့် ကာကွယ်ရေး အစီအစဉ်" ခေါင်းစဉ်အောက်ရှိ လုံခြုံရေးမှာဘက်စုံ ကောင်းမွန်နေရန် လိုအပ်နေသည်။ ၁၉၉၅ ခုနှစ်စာရင်းအရ လက်ရှိ ကာကွယ်ရေးအင်အား ၄,၄၈,၅၀၀ မှ တိုးမြှင့် ပေးလိုသည်။ အင်အားတိုးချဲ့ခြင်းကြောင့် ငွေကြေးကုန်ကျမှု တိုးတက်လာမည်ဖြစ်သည်။ တပ်မတော် ပြုပြင်မှုများ ပိုမိုထိရောက်မှုရှိလာစေရန်ကာကွယ်ရေး အသုံးစရိတ်ကို အသားတင်ပြည်တွင်း ထွက်ကုန် (ဂျီအင်ပီ) ၏ ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲရန် စက္ကူဖြူ စာတမ်းတွင် ဖော်ပြထား သည်။ ယခင်သုံးစွဲနေကျ ၁ ဒသမ ၅ရာခိုင်နှုန်းမှ ၁ ဒသမ ၇ ရာခိုင်နှုန်းနှင့်စာလျှင် သိသိသာသာ တိုးတက်လာသည်ဟု ဆိုရပေမည်။ ၁၉၉၆–၉၇ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံး စရိတ်မှာ (ဂျီအင်ပီ) ၏ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ငွေအားဖြင့်အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂ ဘီလီယံ ဖြစ်သည်။ ယခင်အသုံးစရိတ်ထက် ၁၉ ရာခိုင်နှုန်း တိုးလာသည်။ ကာကွယ်ရေးအသုံးစရိတ်များ သုံးစွဲရာတွင် ကန့်သတ်ချက်ဆက်လက် ဖြစ်ပေါ်နေဦးမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်၏ အခြားအသုံးစရိတ် များကို ဦးစားပေး သတ်မှတ် နေရခြင်းကြောင့် ဖြစ်သည်။

တိုင်းပြည်၏ လက်ရှိ နိုင်ငံရေးဖွဲ့စည်းတည်ဆောက်ပုံသည် တိုင်းပြည်ကို ကောင်းစွာအကျိုးပြုခဲ့ကြောင်း အင်ဒိုနီးရှား သမ္မတဆူဟာတိုက ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ မိမိတို့၏ နိုင်ငံရေး အင်အားစုသုံးရပ် ဆောင်ရွက်ခဲ့သောအခန်းကဏ္ဍကို မိမိတို့ ကျေနပ်မှုမရှိလျှင် ရှိနေသော နိုင်ငံရေးအင်အားစုများကို တိုးတက်ကောင်းမွန်လာအောင် လုပ်ရန်ရှိသည်ဟု ပါလီမန်၌ သမ္မတဆူဟာတိုက ပြောကြားသည်။ သမ္မတ ဆူဟာတိုသည် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်အရွေးခံခွင့်ရှိသော အာဏာရဂိုလ်ကာပါတီ၊ အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ၊ (ပီဒီအိုင်)နှင့် မူစလင်တို့၏ ပေါင်းစည်းညီညွတ်

သော ဖွံ့ဖြိုးတိုးတက်မှု ပါတီ တို့ကို ရည်ညွှန်းပြောကြားခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၅၁ နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုနေ့ဖြစ်သော ဩဂုတ်လ ၁၆ ရက်နေ့က ပါလီမန်တွင် သမ္မတဆူဟာတိုက မိန့်ခွန်းပြောကြားရာ၌ ကွန်မြူနစ်အတွေးအမြင်များပြန်လည်ရှင်သန်လျက်ရှိရာတော်လှန်ရေးတစ်ရပ်ကို လှုံ့ဆော်ပေးနိုင်စရာ ရှိနေသည်၊ ဒီမိုကရေစီလိုလားသူ ခေါင်းဆောင်မေဃဝတီဆူကာ နိုပူထရီအားထောက်ခံသူများ၏ဇူလိုင်လ ၂ ရက်နေ့က အစိုးရ ဆန့်ကျင်ရေး အဓိကရုဏ်းများသည် ကွန်မြူနစ် အသွေးအရောင်များ လွှမ်းမိုးနေသည်၊ အင်အားသုံး၍ တစ်ဦးတစ်ယောက်၏ အလိုဆန္ဒနှင့် အပြောင်းအလဲကို ဖော်ဆောင်ခြင်း၊ အဆောက်အအုံများနှင့်ပြည်သူပိုင် ပစ္စည်းကိရိယာများကို မီးရှို့ဖျက်စီးခြင်းသည် မင်းမဲ့စရိုက် လုပ်ရပ်များဖြစ်သည်၊ ယင်းလုပ်ရပ်များသည် ဒီမို ကရေစီနှင့် ဆန့်ကျင်ပြီး တာဝန်မဲ့ရာရောက်သည် စသည် ဖြင့် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် နောက်ထပ် နိုင်ငံရေးပါတီများအား ခွင့်ပြုရန်တောင်းဆိုမှုများကို သမ္မတဆူဟာတိုက လက်မခံဘဲ ပယ်ချလိုက်သည်ဟု ဂျာကာတာပို့စ် သတင်းစာ၌ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ရွေးကောက်ပွဲ၌ နောက်ထပ်ပါတီတစ်ခုအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရေးမှာ ဖြစ်နိုင်လိမ့်မည်မဟုတ်ကြောင်း စက်တင်ဘာ ၂၇ ရက်နေ့က တွေ့ဆုံဆွေးနွေးပွဲတွင် တက္ကသိုလ်ကျောင်းသားများအား သမ္မတဆူဟာတိုက ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် အာဏာရ ဂိုလ်ကာပါတီ၊ မွတ်စလင်တို့လွှမ်းမိုးထားသောပေါင်းစည်းညီညွတ် သော ဖွံ့ဖြိုးတိုးတက်မှုပါတီ (ပီ ပီ ပီ) နှင့် ခရစ်ယာန်အမျိုးသား ရေး ဝါဒီများ၏ အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ၊ (ပီ ဒီ အိုင်) တို့သာလျှင် ငါးနှစ်တစ်ကြိမ်ကျင်းပသော အင်ဒိုနီးရှား ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

**နိုင်ငံတကာ ဆက်ဆံရေး** – ထိုင်းဝန်ကြီးချုပ် ဘန်ဟန်း ဆီလ်ပါအာချာနှင့် အင်ဒိုနီးရှား သမ္မတ ဆူဟာတိုတို့ ၁၉၉၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့က တွေ့ဆုံရာတွင် အရှေ့တောင်အာရှ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် သဘောတူခဲ့ကြသည်။ တိုးတက်ကြီးထွားလာသော ကမ္ဘာ့စီးပွားရေး လွတ်လပ်ပွင့်လင်းမှုအတွက် အလေးထားဆောင်ရွက်ရန် လည်း နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်နှင့် အင်ဒိုနီးရှားသမ္မတ ဆူဟာတိုတို့သည် အောက်တိုဘာလ ၂၈ ရက်နေ့က တွေ့ဆုံဆွေးနွေးကြရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးတို့သည် ဂျာကာတာမြို့တော် မြောက်ဘက် ဂျားဗားပင်လယ်တွင် ငါးမျှားခြင်းဖြင့် အပမ်းဖြေခဲ့ကြပြီးနောက် ယခုကဲ့သို့ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ခိုးလ်၏ ခရီးစဉ်အတွင်း အင်ဒိုနီးရှားနှင့် ဂျာမနီနိုင်ငံတို့က မတ်ငွေ သန်း ၆၀၀နှင့် သန်း ၄၅၀ တန်ဖိုးရှိသော ဖက်စပ်လုပ်ငန်းကန်ထရိုက် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်ဒိုနီးရှားနှင့် မလေးရှားခေါင်းဆောင်များသည် ကျွန်းစုအငြင်းပွားမှုကို သည်ဟိတ်မြို့ရှိ နိုင်ငံတကာ တရားရုံးသို့ တင်သွင်းရန် သဘောတူခဲ့ကြသည်။ ယင်းကိစ္စ အမြန်ဆောင်ရွက်ရေးအတွက် ဝန်ကြီးအဆင့် အရာရှိတစ်ဦးစီ ခန့်ထားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား သမ္မတဆူဟာတိုနှင့် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်တို့ သဘောတူခဲ့ကြသည်။ ဘောနီယိုကမ်းလွန်ရှိ ဆီပါဒန်နှင့် လီဂျီတန်ကျွန်းစုများနှင့် ပတ်သက်၍ ကာလကြာမြင့်စွာ အငြင်းပွားမှုများကို နိုင်ငံတကာ တရားရုံးသို့ တင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးက အောက်တိုဘာလထဲတွင် ပြောကြားခဲ့ကြသည်။

## အောင်ကျော်မြင့်၊ ဦး (ခရစ် ၁၉၂၄–၁၉၉၆)။ ။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး (အငြိမ်းစား) ဦးအောင်ကျော်မြင့်ကို ဖခင် ဥယျာဉ်ခြံပိုင်ရှင်ဦးဘဒန်၊ မိခင် ကျောင်းဆရာမ ဒေါ်အေးမတို့က ၁၉၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကသာမြို့၌



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး
(အငြိမ်းစား) ဦးအောင်ကျော်မြင့်

ဖွားမြင်သည်။ တစ်ဦးတည်းသောသားဖြစ်ပြီး ငယ်နာမည်မှာ ကိုကိုဖြစ်သည်။

ငယ်စဉ်က ၁၉၂၈ ခုနှစ်မှ ၁၉၃၈ ခုနှစ်အတွင်း ကသာမြို့ မြန်မာ–အင်္ဂလိပ် အစိုးရအထက်တန်းကျောင်းတွင် သူငယ်တန်းမှ ဆယ်တန်းအထိ ပညာသင်ယူသည်။ ကျောင်းနေစဉ် ဝံပုလွေ ကင်းထောက်အဖြစ်လည်းကောင်း၊ ကျောင်းသားသမဂ္ဂ အမှုဆောင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်သည်။ ၁၉၃၉–၄၀ ပြည့်နှစ်တွင် မန္တလေး ကျုံးထိပ်ရှိ ပရဲရား ကော်မာရှယ်ကောလိပ်၌ အင်္ဂလိပ် လက်ရေးတို လက်နှိပ်စက်သင်တန်း တက်ရောက်သည်။ ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အတွင်း မန္တလေး ဥပစာ ကောလိပ်၌ ပထမနှစ်မှ ဒုတိယနှစ်အထိ ပညာသင် ယူသည်။ ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို အလွတ်ဖြေဆို အောင်မြင်ပြီး ဝိဇ္ဇာဘွဲ့ရရှိသည်။ ဘီအယ်လ် ဒုတိယနှစ် အထိ တက်ရောက်ခဲ့ပြီး အထက်တန်းရှေ့နေ စာမေးပွဲ အောင်မြင်သည်။

ဦးအောင်ကျော်မြင့်သည် မန္တလေးဥပစာကောလိပ်၌ ပညာသင်ယူနေစဉ် မြန်မာပြည် အရန်တပ် အထက် မြန်မာပြည်တပ်ရင်းတွင် အပျော်တမ်းစစ်မှုထမ်းအဖြစ် စစ်ပညာသင်ယူသည်။ ၁၉၄၁ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ကာ တပ်သားအဆင့်ဖြင့် တပ်မတော်တာဝန်ကို စတင်ထမ်းဆောင်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ မြစ်ကြီးနား ခရိုင်ဝန်ရုံးတွင် အင်္ဂလိပ်လက်ရေးတို အထက်တန်းစာရေးအဖြစ် ဆောင်ရွက်သည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ရန်ကုန်မြို့၊ စစ်ဝန်ကြီးရုံး စစ်ဦးစီး ဌာနတွင် တပ်သားအဖြစ်ထမ်းဆောင်သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ မြစ်ကြီးနားမြို့၊ စိန့်ကိုလန်းဘန်း ကျောင်းတွင် ကျောင်းဆရာ၊ ကျောင်းအုပ်အဖြစ် လုပ်ကိုင်စဉ် မြစ်ကြီးနားခရိုင် ပြည်သူ့ရဲဘော်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်သည်။

ဦးအောင်ကျော်မြင့်သည် ၁၉၄၈ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မြစ်ကြီးနားမြို့ စစ်ရဲတပ်ရင်း ၁၀ တွင် ပညာရေးအရာရှိ၊ တပ်စုမှူး၊ အရန်တပ်ခွဲမှူး တာဝန်များကို လည်းကောင်း၊ ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်မြို့ စစ်ရဲဌာနချုပ်တွင် အထူးအရာရှိ၊ ဦးစီးအရာရှိ တာဝန်များကိုလည်းကောင်း၊ ၁၉၅၈ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ကလေးမြို့၊ တောင်တွင်းကြီးမြို့ စစ်ရဲတပ်ရင်း ၁၄ တွင် တပ်ရင်းမှူး (စစ်ရဲဗိုလ်မှူး) တာဝန်ကိုလည်းကောင်း၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျောက်ဖြူမြို့ စစ်ရဲတပ်ရင်း ၁၅ တွင် တပ်ရင်းမှူး (စစ်ရဲဗိုလ်မှူး) တာဝန်ကိုလည်းကောင်း ထမ်းဆောင်သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ကျောက်ဖြူမြို့ အမှတ် ၄၈ ခြေလျင်တပ်ရင်းတွင် ဒုတိယတပ်ရင်းမှူးနှင့် တပ်ရင်းမှူး တာဝန်များကိုလည်းကောင်း၊ ၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အမှတ် ၅၂ ခြေလျင်တပ်ရင်းတွင် ဒုတိယ တပ်ရင်းမှူး တာဝန်ကိုလည်းကောင်း၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ မှော်ဘီမြို့ ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်းတွင် တပ်ခွဲမှူး၊ ဌာနမှူး၊ ဒုတိယကျောင်းအုပ်ကြီး တာဝန်များကိုလည်းကောင်း ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူသည်။

ဦးအောင်ကျော်မြင့်သည် ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ တိုင်းကြီးကြပ်ရေးကော်မတီ ဟိုင်းခွဲ ၁၅ (ရန်ကုန်) ၌ အတွင်းရေးမှူးအဖြစ် တာဝန် ပေးအပ်ခြင်းခံရသည်။ ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းသော အဖွဲ့ဝင် ၉၇ ဦးပါဝင်သည့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် (မူကြမ်း) ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်သူများ၏ ဆန္ဒ

သဘောထားနှင့် အကြံပေးချက်များ ရယူရေးအဖွဲ့ခွဲ ၁၂ (မန္တလေးတိုင်း) အဖွဲ့ခွဲ အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၇၁ ခုနှစ် ပထမအကြိမ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရပြီး ဘဏ္ဍာရေးနှင့် အမျိုးသား စီမံကိန်းရေးရာ ကော်မတီ ၊ ကော်မတီ ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၃ ခုနှစ် ဒုတိယအကြိမ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရပြီး ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ သမဝါယမ၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောရေးရာကော်မတီဝင်အဖြစ် လည်းကောင်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကုန်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးရာကော်မတီ အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၇ ခုနှစ် တတိယအကြိမ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရပြီး ကုန်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးရာကော်မတီ အတွင်းရေးမှူးအဖြစ် ထပ်မံတာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို အထောက်အကူပြုသည့် အတွင်းရေးမှူး တာဝန်ထမ်းဆောင်သည်။ ၁၉၈၁ ခုနှစ်၊ စတုတ္ထအကြိမ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီဝင် အဖြစ် ရွေးချယ်ခြင်းခံရပြီး နိုင်ငံရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာကော်မတီ ကော်မတီဝင် (အချိန်ပိုင်း) အဖြစ် လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် သမဝါယမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောရေးရာကော်မတီ ကော်မတီဝင် (အချိန်ပိုင်း) အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၈၅ ခုနှစ် ပဥ္စမအကြိမ် ပါတီညီလာခံတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရပြီး နိုင်ငံရေး၊ ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာကော်မတီ ကော်မတီဝင် (အချိန်ပိုင်း) အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

ဦးအောင်ကျော်မြင့်သည် ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၊ ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၊ ၁၉၈၁ ခုနှစ် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲနှင့် ၁၉၈၅ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် ပုဂံ–ညောင်ဦးမြို့နယ်၊ မဲဆန္ဒနယ် အမှတ် ၂ မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး လွှတ်တော်ရေးရာ အတွင်းရေးမှူး တာဝန် ထမ်းဆောင်သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဝန်ကြီးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီးတာဝန် စတင် ထမ်းဆောင်သည်။ ၁၉၈၈ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးအောင်ကျော်မြင့်သည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ၁၉၇၄ ခုနှစ်တွင် လမ်းစဉ်ပါတီကိုယ်စားလှယ်အဖွဲ့၊ အဖွဲ့ဝင်အဖြစ် ရုရှားနိုင်ငံနှင့် အရှေ့ဂျာမနီနိုင်ငံများသို့လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော အဖွဲ့၊အဖွဲ့ဝင်အဖြစ် ဂျပန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ များသို့လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် မြန်မာ့ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့၊ အဖွဲ့ခေါင်းဆောင်အဖြစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံများ သို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဝန်ကြီးချုပ်ခေါင်းဆောင်သော အဖွဲ့၊ အဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ဝန်ကြီးချုပ်ခေါင်း ဆောင်သောအဖွဲ့၊ အဖွဲ့ဝင်အဖြစ် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့၊ အဖွဲ့ခေါင်းဆောင် အဖြစ် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ဝန်ကြီးချုပ် ခေါင်းဆောင်သောအဖွဲ့၊ အဖွဲ့ဝင်အဖြစ် ဘူးဂေးရီးယားနိုင်ငံသို့ လည်းကောင်း သွားရောက်သည်။

ဦးအောင်ကျော်မြင့်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ပေးအပ်သော လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ကို ရရှိသည်။ ဦးအောင်ကျော်မြင့်သည် မြစ်ကြီးနားမြို့၊

အထက်တန်းကျောင်း ပုံဆွဲနည်းပြဆရာ ဦးသန့်နှင့် ဒေါ်ရိပ်တို့၏သမီး ဒေါ်နှင်းလှနှင့်လက်ထပ်ခဲ့ပြီး သားငါးဦး၊ သမီးတစ်ဦး ထွန်းကားသည်။


မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့ပြီး နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး (အငြိမ်းစား) ဦးအောင်ကျော်မြင့်သည် ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်နှင်းလှ၊ သားငါးဦး၊ သမီးတစ်ဦးနှင့် မြေး ၁၂ ဦး ကျန်ရစ်သည်။

**ဥတ္တမသာရ၊ ဆရာတော် ဘဒ္ဒန္တ (တောင်တန်းသာသနာပြု ဆရာတော်) (မြန်မာ ၁၂၇၂–၁၃၅၇)။** ။တောင်တန်းသာသနာပြုဆရာတော်ကြီးဟု ထင်ရှားတော်မူသော အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တဥတ္တမသာရကို ဒီပဲယင်းမြို့နယ် နွေတွင်းကုန်းကျေးရွာတွင် ခမည်းတော် ဦးဘိုးညို၊ မယ်တော် ဒေါ်သေးတာတို့က ၁၂၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့၌ ဖွားမြင်သည်။

ဆရာတော်သည် ငယ်စဉ်ကပင် ရွာဦးကျောင်းဆရာတော်ထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၂ ခုနှစ်တွင် နွေတွင်းကုန်း ကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် မုံရွာမြို့ ရွှေသိမ်တော်တိုက်နှင့် မဟာလယ်တီတိုက်၊ စစ်ကိုင်းမြို့ မဟာသမယချောင်း၊ မန္တလေးမြို့ ချမ်းသာကြီးမြောက်တိုက်၊ အမရပူရမြို့ တူးမောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များထံတွင် ပိဋကတ်ကျမ်းစာများ သင်ယူတော်မူသည်။ အင်္ဂလိပ်စာနှင့် ချင်းစာပေ၊ ချင်းစကားတို့ကိုလည်း လေ့လာတတ်မြောက်တော်မူသည်။

ဆရာတော်သည် အသွားအလာခက်ခဲ၍ ဝေးလံသော နယ်ခြားဒေသနှင့် တောင်တန်းဒေသများတွင် နှစ်ပေါင်း ၅၀ ကျော် လှည့်လည်သီတင်းသုံးနေထိုင်ပြီး တောင်တန်းသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ အာသံ၊ မဏိပူရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း တောင်တန်းဒေသများသို့လည်းကောင်း၊ ဥရောပနိုင်ငံများသို့လည်းကောင်း လှည့်လည်ကြွရောက်တော်မူပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။




တောင်ဘန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ

ဆရာတော်သည် မေတ္တာစွမ်းအား၊ ချမ်းမြေ့စွာ ဘဝနေနည်း၊ ရဟန်းဘဝချမ်းသာ၊ ရိုးမတောင်ကြီးကိုသာ ဖြိုလိုက်ချင်တော့၊ ချင်းရာဇဝင်၊ ချင်းဖတ်စာ၊ ကိုယ်တွေ့မှတ်တမ်းစသည့် ကျမ်းစာအုပ်များနှင့် ဗဟုသုတဖြစ်ဖွယ်ရာ ဆောင်းပါးများကို ပြုစု ရေးသားတော်မူခဲ့သည်။

တောင်တန်းသာသနာပြု လုပ်ငန်းများကို နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်တော်မူသော ဆရာတော်သည် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၂ ခုနှစ်တွင် ရရှိတော်မူသည်။

ဖလမ်းမြို့နယ် လုံပီးတောရကျောင်း၌ သီတင်းသုံးတော်မူသော အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တ ဥတ္တမသာရသည် ဆေးဝါးကုသမှုခံယူနိုင်ရန် ဖလမ်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူလာစဉ် ၁၃၅၇ ခုနှစ် ပြာသိုလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ မိနစ် ၃၀ တွင် မန္တလေးလေဆိပ်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၉၇)

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ် များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်း ကိုးကားဖွယ် အကြောင်း အရာတို့ လွယ်လင့် တကူ အလျင်အမြန် ရှာဖွေ လိုပါကလည်းအက္ခရာ စဉ်အညွှန်းကို အသုံးပြု နိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာ စာမျက်နှာ အမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။


က

ကလင်တန်,ဘီလ် ၂၊၁၁၊၁၈၊၁၉၊ ၂၈၊၁၉၅၊၁၉၇၊ ၃၀၄၊၃၀၅။
ကာတာ,ဂျင်မီ ၁၅၁။
ကာပေါ့မ်, အနာတိုလီ ၁၉။
ကုလသမဂ္ဂ ၁၃၆–၁၅၇။
ကိုလံဘီယာ အာကာသ ၇။
လွန်းပျံယာဉ်
ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၁၈၇။
ကမ္ဘာ့ဂေဟစနစ်များ ၁၀၁။
ကမ္ဘာ့အကြီးဆုံး ၁၃။
ပတ္တမြားကြီး
ကမ္ဘောဒီးယားနိုင်ငံ ၂၁၊၁၁၀။
ကျော်ထင်၊ဦး (သူရ) ၁၅၈–၁၆၁၊ ၁၆၇။
ကျန်စီမင်း ၂၊၂၃၇။
ကြည်ကြည်၊ ဒေါ် (စိန် ၁၆၇။
ဘရားသား)
ကွယ်လွန်သူထင်ရှားသော ၁၆၂–၁၇၃။
ပုဂ္ဂိုလ်များ(၁၉၉၆)

ခ

ခါကာဘိုရာဇီ ၂၄။
ခါလီဒါဇီယာ, ဘီဂမ် ၅၊ ၁၆၊ ၂၁၄၊ ၂၁၆။

ခင်ညွန့်၊ ဒုတိယဗိုလ် ၅–၈၊ ၁၁–၁၄၊
ချုပ်ကြီး ၁၆–၁၉၊ ၂၁၊ ၂၂၊ ၂၄–၂၇၊ ၃၀၊ ၃၂၊ ၅၉၊ ၂၇၉၊ ၂၈၁–၂၈၃၊ ၃၀၈။
ခင်မောင်ကြည်၊ ဦး ၁၆၇။
ခင်မောင်လတ်၊ ဦး ၁၇၃–၁၇၄၊ ၁၆၇၊၁၉၁။
ခေတ်အဆက်ဆက်တိုး ၆၂–၇၇။
တက် လာသည့်
ဆည်မြောင်းလုပ်ငန်းများ
ချာဗာလစ်ယောင်ချိုင်ယုဒ်၊ ၁၉၂– ၁၉၆။
ဗိုလ်ချုပ်ကြီး
ချယ်၊ဆရာ ၁၇၄၊ ၁၇၅၊ ၁၆၇။

ဂ

ဂါလီ,ဘူထရိုစ် ၁၃၈၊ ၁၄၈၊ ၁၄၉၊ ၁၅၃၊ ၁၅၄၊ ၁၅၆၊ ၁၅၇။
ဂိုချုပ်တောင် ၂၃၇။
ဂုဏ်ထူးဆောင်ဘွဲ့များ ၁၇၅–၁၇၇။
ဂုဏ်ထူးဆောင်တံဆိပ်များ
ဂျပန်နိုင်ငံ ၇၊၁၇၇–၁၈၀။

င

ငြိမ်းကျော် ၁၈၀၊၁၈၁။

စ

စာတမ်းဖတ်ပွဲများ ၁၃၀။

စာပေဗိမာန်စာမူဆု ၁၂၉။
စာပေဗိမာန်အုပ်ချုပ်ရေး ၁၂၈။
အဖွဲ့
စာပေဗိမာန်အုပ်ချုပ်ရေး ၁၂၈။
အဖွဲ့ဥပဒေ
စိဒိုးနားဟိုတယ် ၂၇၈။
စံထွား၊ဦး(ဝဏ္ဏကျော်ထင်) ၁၆၇။
စံအေး၊ဦး ၁၆၇။
စိုးလှ၊ဦး ၁၆၇၊၁၈၁။
စိုးလှိုင်၊ ဦး (ဗေယျ ၁၆၇။
ကျော်ထင်၊ စည်သူ)
စန်းမောင်၊ ဦး (ရုပ်ရှင် ၁၆၇။
သရုပ်ဆောင် ဇော်လင်း)
စန်းယု၊ ဦး ၁၆၇၊ ၁၈၁–၁၈၅။
စိန်ပေတင်၊ဦး ၁၆၇။
စွယ်တော်မြတ် ၁၊ ၂၀၊ ၂၂၊
စေတီတော် ၂၅၊၂၉၊၃၀။

ဆ

ဆူဟာတို ၂၁၊၃၀၊၃၂၈၊ ၃၂၉။
ဆိုရန်တိုဗီလာ ၁၂၅။
ဆည်မြောင်းစီမံကိန်းများ ၇၅–၇၇။
ဆန်ဖရန်စစ္စကိုကွန်ဖရင့် ၁၃၆။
ဆီလ်ပါအာချာ,ဘန်ဟန်း ၈။

ဇ

ဇဝန၊ဆရာတော်ဘဒ္ဒန္တ ၁၆၃။
ဇူဂါနော့ဗ် ၁၇၊၁၈။
ဇောင်းတူရေလွှဲဆည် ၂၇၃။

# အက္ခရာစဉ်အညွှန်း


ည

ညီပု၊ဦး ၁၈၅၊ ၁၈၆။
ညီရေးရေး, ဂျူလိယပ်စ် ၂၀၆။
ညွန့်၊ဦး(စည်သူ) ၁၈၇၊၁၈၈။

တ

တီးတိုး,ဂျိုးဇက်ဘရော့ ၂၀၉၊၂၁၁။
တင်ထွန်း၊ဒုတိယဗိုလ်ချုပ်ကြီး ၁၁၊ ၂၈၂။
တင်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ၁၊ ၅၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၈၊ ၃၂၊ ၂၇၉၊ ၂၈၂။
တောင်အာဖရိကသမ္မတနိုင်ငံ ၁၈၈–၁၉၀။
တစ်သက်တာစာပေဆု ၁၂၉။

ထ

ထရေးဒါးဟိုတယ် ၂၇၉။
ထာဝရနဖျိုလှပရန်လိုအပ်သောအာဟာရများ ၁၂၁။
ထင်လင်း(စာရေးဆရာ) ၁၉၁၊၁၉၂။
ထိုင်းနိုင်ငံ ၃၀၊၁၉၂–၁၉၆။

ဒ

ဒိုမှိုင်း ၁၇၊၂၃၃–၂၃၅၊၂၃၇။
ဒတ်စမွန်တူးတူး ၁၉၀။

ဓ

ဓာတ်ဖျက်ပစ္စည်းများ ၁၂၃။
ဓမ္မသာရာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၁၆၄။

န

နေတန်ယာဟု,ဘင်ဂျမင် ၁၈။
နေ့စဉ်စားသုံးသောအစာတွင်ပါဝင်သည့်အာဟာရဓာတ်များ ၁၁၅။
နေ့စဉ်လိုအပ်ချက်အစား ၁၁၈၊ ၁၁၉။

အစာနှင့် အာဟာရ
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လမ်း တံတားများ ၄၄–၆၁။
နှစ် (၅၀) ပြည့်ရွှေရတုစာပေဗိမာန် ၁၂၄–၁၃၄။

ပ

ပခုက္ကူဦးအုံးဖေ စာပေဆု ၁၂၉။
ပီအယ်အို–အစ္စရေးငြိမ်းချမ်းရေး ပြဿနာ ၁၄၃၊၁၄၄။
ပဲရက်,ရှီမွန် ၄။
ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ၁၀၁။
ပန်းဆိုးတန်းခုံးကျော်တံတား ၁၈၊၂၇၀။
ပြင်သစ်သမ္မတနိုင်ငံ ၁၉၇–၂၀၀။
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၁၊ ၁၃၊၂၄၊ ၂၈၊ ၃၁။

ဖ

ဖရန့်ဖာဒီနန် ၂၀၉။
ဖိလစ်ပိုင်သမ္မတနိုင်ငံ ၂၃၊၂၀၀–၂၀၅။

ဗ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ၁၇၊၁၁၀၊၂၃၂၊၂၃၇။
ဗိုဗန်ကိယက် ၂၃၃–၂၃၇။
ဗိုက်တာမင်ပါသောအစားအစာများ ၁၆၆။
ဗုဒ္ဓမြတ်စွယ်တော် ၃၀၊၃၂။

ဘ

ဘရူတန်, ဂျွန် ၂၈၆၊ ၂၈၇။
ဘူတို, ဘနာဇီယာ ၂၈။
ဘူရွန်ဒီနိုင်ငံ ၂၀၅–၂၀၈။
ဘော့စနီးယား–ဟာဇီဂိုဗီးနားအခြေအနေ ၁၄၅၊၂၀၉–၂၁၂။
ဘိုးဘွားများစောင့်ရှောက်ရေးလုပ်ငန်း ၈၇။
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၅၊ ၁၆၊ ၁၉၊ ၂၁၂–၂၁၆။
ဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်မြတ်များ ၂၁၇–၂၃၂။

မ

မလေးရှားနိုင်ငံ ၂၃၇–၂၄၂။
မိဘမဲ့ကလေးများပြုစုစောင့်ရှောက်ရေး ၂၄၂–၂၄၅။
မီလိုဆီဗစ် ၂၁၂။
မီးရထားလမ်းတိုးချဲ့ဖောက်လုပ်မှုများ ၂၄၅–၂၅၀။
မူယာရာမ, တိုမီချီ ၁၇၇။
မူးယစ်ဆေးဝါးကော်မရှင်(စီအင်ဒီ) ၁၄၀။
မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ၁၃၉။
မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး(မြန်မာနိုင်ငံ) (၁၉၆၆) ၅၊ ၂၅၀–၂၅၈။
မေဂျာ,ဂျွန် ၂၈၅၊ ၂၈၇၊ ၂၈၉။
မိုဟာမက်,မဟာသီယာ ၁၂၊ ၂၃၈၊ ၂၃၉၊ ၂၄၁၊ ၂၄၂။
မင်ဒဲလား,နယ်လဆင် ၂၂၊ ၁၈၉၊ ၁၉၀။
မင်းအောင်၊စာရေးဆရာ ၂၅၈။
မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး ၂၈၂။
မောင်အေး၊ ဗိုလ်ချုပ်ကြီး ၅၊ ၆၊ ၇၊ ၉၊ ၁၂၊ ၁၃၊၁၉၊ ၂၂၊၂၅၊ ၂၆၊ ၂၇၊ ၂၉၊၃၀၊ ၃၁၊ ၂၇၉၊ ၂၈၂။
မြကန်ရေလှောင်တမံ ၂၇၂။
မြေကမ္ဘာထိပ်သီးညီလာခံ ၉၉၊ ၁၀၆။
မြောက်ပင်လယ် ၂၇၁။

# အက္ခရာစဉ်အညွှန်း


ရေလှောင်တမံ
မြောက်အတ္တလန္တိတ် ၁၉၈။
စာချုပ်ဝင်နိုင်ငံ(နေတိုး)
မြင့်ဆွေ၊ ဦး ၂၅၈–၂၅၉။
မြင့်မောင်၊ ဒါရိုက်တာ ၂၅၉–၂၆၁။
(စာရေးဆရာ)
မြင့်အောင်၊ ဦး(ရုပ်ရှင် ၂၆၁–၂၆၂။
မင်းသားကြီး)
မြောင်းမြမြစ်ကူး ၂၇၁။
ကြိုးတံတား
မြန်မာနိုင်ငံစာပေ ၃၁၊ ၂၆၂–
ဆုများ ၂၆၅။
မြန်မာနိုင်ငံတော် ၂၆၅–၂၇၉။
ပြည်ထောင်စု
မြန်မာနိုင်ငံနှင့်ပတ်ဝန်း ၉၆–၁၀၇။
ကျင်ထိန်းသိမ်းရေး
မြန်မာနိုင်ငံဘိုးဘွား ၈၆–၉၅။
ရိပ်သာများ
မြန်မာ့ကျောက်မျက် ၆၊ ၂၆။
ရတနာပြပွဲ
မြန်မာ့ရိုးရာယဉ်ကျေးမှု ၃၂၊ ၇၈–
ပန်း ၁၀ မျိုးပြပွဲပြိုင်ပွဲ ၈၅။
မြန်မာ့ရိုးရာယဉ်ကျေးမှု ၂၇၉–၂၈၃။
ပြိုင်ပွဲများ(၁၉၉၆)
မြန်မာ့ရုပ်ရှင် ၄၊ ၂၈၃–
ထူးချွန်ဆု ၂၈၄။
မြန်မာ့အကောင်းဆုံး ၇၊ ၂၈၄၊
အားကစားသမားဆု ၂၈၅။

ယ

ယူနိုက်တက် ၈၊ ၂၈၅–
ကင်းဒမ်းနိုင်ငံ ၂၉၀။
ယဉ်ကျေးမှုတက္ကသိုလ် ၅၄–၆၁။
ယဲ့လ်ဆင်,ဘောရစ် ၁၀၊ ၁၁၊
၁၇၊ ၁၈။

ရ

ရဝမ်ဒါ ၁၅၀၊ ၁၅၁။
ရာနာရစ်ဒ်, နိုရိုဒွန် ၃၊ ၁၃၊ ၂၃၇။
ရာပြည့်အိုလံပစ် ၁၉–၂၁။
အားကစားပွဲတော်
ရာဘာနီ,ဘာဟာနူဒင် ၃၁၀၊ ၃၁၁၊
၃၁၂၊ ၃၁၃။
ရာဘင်,ရစ်ဇတ် ၉၊ ၁၄၃။
ရာမို့စ်,ဖိဒယ် ၂၀၀။
ရုရှားဖက်ဒရေးရှင်း ၁၇၊ ၁၈။
ရောဂင်,ဂျော်နယ် ၃၀၄၊ ၃၀၅။
ရေနံရေလွှဲဆည် ၂၇၁။
ရောင်း, နာရာဆင်ယာ ၂၅။
ရှီရက်,ဂျက် ၃၊ ၁၉၇၊
၁၉၈၊ ၂၀၀။
ရှိတ်ဟာဆီနာဝါဇက် ၂၁၄၊ ၂၁၆။
ရွှေနတ်တောင် ၂၇၁။
ရေလှောင်တမံ
ရွှေပြည်(၃)ရေလှောင် ၂၇၁၊ ၂၇၂။
တမံ

လ

လီဒတ်အန် ၂၃၃၊ ၂၃၄၊
၂၃၆။
လီဖုန်း ၂။

ဝ

ဝါယာမိန္ဒာဘိဝံသ၊ ၂၉၀–၂၉၃။
ဆရာတော်ဘဒ္ဒန္တ
ဝါသေဋ္ဌာဘိဝံသ၊ ၂၉၃–၂၉၅။
ဆရာတော်ဘဒ္ဒန္တ
ဝမ်တုံဆည် ၂၇၁။

သ

သာသနာတော် ၂၉၅–၃၀၀။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ(၁၉၉၆)
သီရိလင်္ကာနိုင်ငံ ၃၊ ၁၇၊ ၂၇၊
၃၀၀–၃၀၁။
သီဟာနု,နိုရိုဒွန် ၂၃၇။
သန်းရွှေ၊ ဗိုလ်ချုပ်ကြီး ၁–၁၁၊ ၁၃–
၁၅၊ ၁၇၊ ၂၀–
၃၂၊ ၇၀၊ ၇၁၊
၈၁၊ ၂၆၆၊
၂၆၈၊ ၂၈၂။

ဟ

ဟာရှိမိုတို,ရူတာရို ၃၊ ၁၁၊ ၂၆၊
၂၈၊ ၁၇၈။
ဟူစိန်,ဆက်ဒမ် ၆။
ဟောင်ဟ ၂၃၃။
ဟွန်ဆန် ၁၉။

အ

အနာဂတ်ဖောင်ဒေးရှင်း ၂၄၅။
အပြည်ပြည်ဆိုင်ရာ ၃၀၂–၃၀၄။
မသန်စွမ်းသူများနေ့
အမေရိကန် ၂၈၊ ၃၀၄–
ပြည်ထောင်စု ၃၀၈။
အမျိုးသားပြတိုက် ၂၆၆။
အရှေ့တောင်အာရှကာယ ၃၀၈–၃၁၀။
ဗလတံခွန်စိုက်ပြိုင်ပွဲ
အရှေ့တောင်အာရှနိုင်ငံ ၁၉၊ ၃၀၊
များအသင်း(အာဆီယံ) ၃၄–၄၃။
အာဂျစ်ဆင်း,ဒါတို ၁၉၊ ၂၇၊ ၂၈။
အာဆီယံဒေသဆိုင်ရာ ၃၇။
အဖွဲ့အစည်း
အာဖဂန်နစ္စတန် ၁၄၈၊ ၃၁၀–
နိုင်ငံ ၃၁၆။
အာဟာရနှင့်ကျန်းမာရေး ၁၀၈–၁၂၃။
အာရာဖတ်,ယာဆာ ၄၊ ၅၊ ၁၄၄။
အာရှနှင့်ပစိဖိတ်ဆိုင်ရာ ၁၈၇။
စီးပွား ရေးနှင့် လူမှုရေး
ကော်မရှင်
အာရှနှင့် အရှေ့ဖျားဒေသ ၁၈၇။
ဆိုင်ရာစီးပွားရေးကော်မရှင်
အာရှဖွံ့ဖြိုးရေးဘဏ် ၁၈၇။
အီရတ်နိုင်ငံ ၁၄၆–၁၄၈၊
၁၉၈။
ဥရောပသမဂ္ဂ(အီးယူ) ၃၁၆–၃၂၇။
ဦးနွန်း၊ ဒေါ် ၈၉၊ ၉၀။
အိုဂါတာ,ဆာဒါကို ၂၀၈။
အိုဇာဝါ, အီချီရို ၁၇၈။
အင်ဒိုနီးရှားနိုင်ငံ ၂၁၊ ၃၂၇–
၃၂၉။
အောင်ကျော်မြင့်၊ ဦး ၃၂၉–၃၃၂။
ဥတ္တမသာရ၊ ဆရာတော် ၃၃၂။
ဘဒ္ဒန္တ
အန်နန်,ကိုဖီ ၃၂၊ ၁၅၆၊
၁၅၇။

## မြန်မာ့ ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

(က) ဦးသော်ကောင်း — ဥက္ကဋ္ဌ
စာကြည့်တိုက်မှူး
တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(ခ) ဒေါ်ကြန် — အဖွဲ့ဝင်
အငြိမ်းစားအထက်တန်းသုတေသနမှူး
နိုင်ငံသမိုင်းသုတေသနဦးစီးဌာန

(ဂ) ဒေါက်တာတင်ဦး — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး ဦးစီးဌာန

(ဃ) ဒေါက်တာမောင်မောင်ညို — အဖွဲ့ဝင်
ပါမောက္ခ
ဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)

(င) ဦးထွန်းတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာစာအဖွဲ့ဦးစီးဌာန

(စ) ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်) — အဖွဲ့ဝင်
အငြိမ်းစားငွေစာရင်းအရာရှိချုပ်
မြန်မာ့မီးရထား

(ဆ) ဦးသိဟ — အဖွဲ့ဝင်
အငြိမ်းစားပါမောက္ခ
အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်

(ဇ) ဦးမင်းနိုင် — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး
ယဉ်ကျေးမှုမိမာန်ဦးစီးဌာန

(ဈ) ဦးမျိုးသန့် (မောင်ဆုရှင်) — အဖွဲ့ဝင်
အကြံပေးအရာရှိ၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(ည) ဦးဝင်းဖေ (မုံရွာဝင်းဖေ)
စာတည်းမှူးချုပ်
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၇)
## စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဒေါ်မြမြသန်း (မနှင်းဖွေး) |
| စာတည်းများ | ဦးအုန်းလွင်၊ ဦးခင်မောင်လေး |
| စာပေလက်ထောက် | ဒေါ်မျိုးမျိုးကြည် |